www.burmeseclassic.com

# ငါ

## စောင့်နေမယ်လို့ မပြောလိုက်ဘူး။

BURMESE CLASSIC .com

လုံးချင်းဝတ္ထု၊

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂျူး

# တောင့်နေမယ်လို့ မပြောလိုက်ဘူး

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၅၈၀၆၀၆
မျက်နှာဖုံးခွင့်ပြုအမှတ် ၅၀၀၇၃၁၀၆၀၆

ပုံနှိပ်ခြင်း
ပထမအကြိမ် ၂၀၀၆ခုနှစ် ဩဂုတ်လ

မျက်နှာဖုံးပန်းချီ
ပိုပို

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း နေလရောင်ပုံနှိပ်တိုက်
၉၆၊ ၁၁လမ်း ရန်ကုန်မြို့

အတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်ဝင်း ဂျူးစာပေ
၈၅ အထက်ကြည့်မြင်တိုင်လမ်း ရန်ကုန်မြို့။

တန်ဖိုး
၁၈၀၀

BURMESE CLASSIC .com

အေသင်မိုး၏မှတ်စုစာအုပ်

အခွင့်မရှိ မကိုင်ရ။
ခိုးမဖတ်ရ

www.burmeseclassic.com

www.burmeseclassic.com



ညှောင်းလိုက်တာ။ ဒီကနေ့ အညှောင်းဆုံးပဲလားမသိ။

ကျွန်ုပ ဆက်တိုက်မတ်တတ်ရပ်နေခဲ့ရတာ ခြောက်နာရီလောက်များကြာသလား။

စက်ရုပ်တစ်ခုလိုပဲ။ ကျွန်မရှေ့ကိုရောက်လာတဲ့အရာတွေကလဲ တစ်မျိုးပြီးတစ်မျိုး ကုန်ပဲမကုန်နိုင်တော့ဘူး။ တချို့ပစ္စည်းတွေကလေးတယ်။ တချို့ကတော့ပေါ့ပါတယ်။ ဒါပေမဲ့ ဘယ်လို ပစ္စည်းမျိုးပဲဖြစ်ဖြစ် ကျွန်မလက်နဲ့ ကိုင်လိုက်၊ ဘားကုတ်ဖြတ်လိုက်၊ ပြန်ချလိုက်၊ စတိုးဆိုင်တံဆိပ်ပါတဲ့ကြွပ်ကြွပ် အိတ်နဲ့ထည့်ပေးလိုက်။ ငွေလက်ခံပြီး ကိုက်ပကိုက်ရေတွက်လိုက်။ တစ်နေ့တစ်နေ့ ကျွန်ုပ လက်လှုပ်ရှားရတဲ့အကြိမ်အရေအတွက်ဟာ သောင်းဂဏန်းတော့ ရှိမှာပါ။ ကျွန်ုပလက်တစ်ခါလှုပ်တိုင်း ပိုက်ဆံတစ်ကျပ် ရမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။

ဒါပေမဲ့ ပြောင်းပြန်ပါပဲ။ တစ်ခါတစ်ခါ လက်က သိပ်လှုပ်ရတာများရင် သိပ်ညှောင်းပြီးတော့ ပိုက်ဆံမဝင်တဲ့အပြင် ကိုယ့်အိတ်ထဲကပိုက်ဆံတောင် ပြန်ထွက်သွားသေးတယ်။ ဒီနေ့လိုမျိုးပေါ့။

ကျွန်မရှေ့ကို ရွှေရောင်အနားကွပ်နဲ့ အချိုပန်းကန်လေးလုံးတစ်စုံရောက်လာတယ်။ ကျွန်မ အကျင့်ပါနေကျအတိုင်း ပစ္စည်းကိုဘားကုတ်ဖြတ်လိုက်တယ်။ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ ပေါ်တဲ့အတိုင်း တွက်ပြလိုက်တယ်။

'ရှစ်ထောင့်ရှစ်ရာပါ'

'ဟာ ဘယ်လိုဖြစ်တာလဲ'

ဈေးဝယ်သူရဲ့ အံ့သြတဲ့အသံ။

တစ်လုံးကို နှစ်ထောင့်နှစ်ရာ။ လေးလုံးအစုံဆိုတော့ ရှစ်ထောင့်ရှစ်ရာပေါ့။ အဲဒါဘာဖြစ်ရမှာလဲ။ ကျွန်မ လူကို မော့ကြည့်လိုက်





ဘယ်။ ကောင်လေးတစ်ယောက်။ ကျွန်မနဲ့ရွယ်တူလောက်။ အရပ်ရှည်ရှည် ကိုင်းကိုင်း။

ကျွန်မ သူ့ကို မြင်ဖူးနေသလိုလိုပဲ။ ဆံပင်က တိုတို ထောင်ထောင်။ ကော်တွေနဲ့လိမ်းပြီး ထောင်နေတဲ့ ဆံပင်မျိုး။ အဲဒါ ဟာစ်ပေါ့ ဝတိုင်လားကျွန်ုပပသိ။ ဆွယ်တာခေါင်းစွပ်ပါးပါး လက်ရှည်နဲ့။ လက်က ရှည်လိုက်တာ လက်ဖမိုးတောင်ဖုံးနေပြီ။

'တစ်လုံးကိုနှစ်ထောင့်နှစ်ရာလေ လေးလုံးဆိုတော့'

'ဟာ အကုန်လုံး နှစ်ထောင့်နှစ်ရာမှတ်လို့။ ဒါဆိုရင် မယူတော့ဘူး။ ပြန်လဲပယ်နော်' တဲ့။

ဟော ကြည့်။ အရစ်ပဲ။

ကျွန်ုပလည်း တရင်းထဲထည့်ပြီးမှ ပြန်နုတ်လိုက်ရတော့တာပေါ့။ တစ်လုံးချင်းမှာ ဈေးနှုန်းလိုက်ကပ်ထားရက်နဲ့ ဘယ်လို ကောင်လေးလဲ။ ကျွန်ုပ နည်းနည်းတော့ စိတ်တိုသွားတယ်။ ဒါပေမဲ့ ဈေးဝယ်သူကို သည်းခံစိတ်ရှည်ရမယ်လို့ ပန်နေဂျာ အစ်ကိုကြီးက ခဏခဏသင်ပေးထားတယ်။ ဒီမှာအလုပ်ဝင်ခါစက မနက် အချိန်တို့သင်တန်းတွေမှာ ပြောနေကျစကားရှိတယ်လေ။

'Customer is always right.'

ဈေးဝယ်သူအမြဲမှန်၏ တဲ့။ စိတ်ကိုထိန်း။ စိတ်ကိုထိန်း။

'ရပါတယ်'

သူ့ အချိုပန်းကန်တွေကို ပြန်ကောက်အယူ၊ ကျွန်ုပက သူ့ကိုပြန်အပေး။ နှစ်ယောက်လက်ကနေ လွတ်ပြီး ပန်းကန်တစ်စုံ ပြုတ်ကျသွားပါလေရော။

'ဟောတော်'

ပြုတ်ကျသွားတဲ့ ပန်းကန်အစုံကို ကျွန်မ အချိန်မီလိုက်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ့် မမိလိုက်ပါဘူး။ ကောင်တာတားပွဲပြင်ပေါ် ကျသွားတဲ့အသံက တိုးတိုးလေး။ ဒါပေမဲ့ ခွပ်ခနဲပါပဲ။ ကွဲပြီ။

'ဆောရီး'

ထိပ်လေးပဲ့သွားတဲ့ ရွှေရေးပန်းကန်လုံးလေးကို ကြည့်ရင်း ကျွန်မရင်ထဲမှာ ပူလောင်ပြီး မျက်ရည်တွေဝဲလာပါတော့တယ်။ သွားပြီ။ ကျွန်မ နှစ်ထောင်နှစ်ရာလျော်ရတော့မယ်။

'တို့ပေးမယ်နော်။ အဲဒီတစ်စုံကို တရင်းထည့်လိုက်ပါ'

ကျွန်မ အချိုပန်းကန်စုံကို ကောက်ယူပြီး တားပွဲအောက် တွန်းထည့်ပစ်လိုက်တယ်။

'မလိုပါဘူး'

ကျွန်မခပ်တင်းတင်းပြောထည့်လိုက်တယ်။ သူ ခေါင်းကုတ်ပြီး အချိုပန်းကန်စုံသုံးခုကိုကိုင်ရင်း အတွင်းဘက်ပြန်ဝင်သွားတယ်။

သူ့နောက်မှာ တန်းစီနေတဲ့သူ ရှေ့ရောက်လာတယ်။

တွန်းလှည်းနဲ့ကို တင်ယူလာရတဲ့အိမ်ရှင်မတစ်ယောက်ပေါ့။ ဝယ်တာတွေက အများကြီး။ မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ ငါးဆုပ်လုံးတွေ၊ ချီးစ်ဘူးတွေရော၊ ကိုကာကိုလာဘူးကြီးက လေးလိုက်တာ။

'တစ်သောင်းနဲ့ ရှစ်ရာ့ငါးဆယ်ပါ'

အမျိုးအစားမတူတာတွေကို အိတ်လေးအိတ်နဲ့ ခွဲထည့်ပေးပြီးတော့ ခြေထောက်က တော်တော်ညောင်းနေတာကို သတိထားမိတယ်။ ခြေထောက်ကို ဟိုဘက်ဒီဘက် ပြောင်းရွှေ့ရပ်မလို့လုပ်တုန်း ကျွန်မရှေ့မှာ ကြွေပတ်ခွက်တစ်ခုရောက်လာတယ်။

Happy Birthday! 'ပျော်ရွှင်စရာမွေးနေ့ပါ'တာတမ်းနဲ့ ကြွေမတ်ခွက်လေး။

'နှစ်ထောင့်သုံးရာ'





ငွေရှင်းတဲ့လက်က အသားဖြူဖြူ။ ကြိုးမဲမဲနဲ့ လက်ကောက်ကွင်းသုံးလေးခုနဲ့ ယောကျ်ားလေးလက်။ တစ်ထောင်တန်လေးရွက်နဲ့ ငါးရာတန်တစ်ရွက်ပေးနေလို့ ကျွန်မမော့ကြည့်လိုက်တယ်။

သူ။ ပုံစံကိုက ခပ်ရင့်ရင့်။

'စောစောက အချိုပန်းကန်ဖိုးရောလေ'

'မလိုပါဘူး'

ကျွန်မ သူ့ပိုက်ဆံထဲက နှစ်ထောင့်သုံးရာပဲယူထားလိုက်ပြီး ပြန်တွန်းပေးလိုက်တယ်။

'လာ အန်တီ'

သူ့နောက်မှာရပ်နေတဲ့ အဒေါ်ကြီးကို လှမ်းခေါ်လိုက်မှ သူ ထွက်သွားတယ်။ ဒါပေမဲ့

'ရွှတ် ရွှတ်'

ကျွန်မဘေးဘက်ကနေ တရွှတ်ရွှတ်အသံကြားရပေမဲ့ ကျွန်မနဲ့မဆိုင်ဘူးလေ။ အန်တီကြီးယူမဲ့ ထီးနဲ့သွားတိုက်ဆေးကို အိတ်ထဲထည့်ပေးနေလိုက်တယ်။

'အေသင်'

ဩ။ ဆိုင်အဝင်ဘက်ကို လှည့်ကြည့်လိုက်တော့ စောစောက ကောင်လေး။ ငွေပြေတာဖြတ်ပိုင်းလေးကို ပြန်ပေးနေတယ်။ ဘာဖြစ်ပြန်ပြီလဲ။ ကျွန်မ ယောင်ပြီးလှမ်းယူလိုက်တော့ ငွေရှင်းဖြတ်ပိုင်းအတိုလေးပေါ်မှာ မင်အနက်ရောင်နဲ့လက်ရေးတွေ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အေသင်မိုး

စိတ်အနှောင့်အယှက်ဖြစ်သွားရင်
တို့တောင်းပန်တယ်။
အလေတကြီး ဖြစ်နေလို့
လွှတ်ကျသွားတာ။ တို့က
မင်းတို့ဆိုင်ကို အားပေးနေကျပါ။
ဈေးဝယ်သူသည် အမြဲမှန်၏ ဆိုပေမဲ့

Central Department store
10-01-04

Milk Mug #1 2300

အခုဟာက တို့အမှားပါ။
Paid 3000k
တို့တောင်းပန်ပါတယ်။
Changed 700k
ခွင့်လွှတ်နော်။
Thank you!





က= ကိုယ်ရေးရာဇဝင်အကျဉ်း

| | |
|---|---|
| အမည် | အေသင်မိုး |
| မွေးသက္ကရာဇ် | ၂၆-၆-၁၉၈၈ |
| ဖခင် | ဦးမိုးသူ |
| မိခင် | ဒေါ်ဝပ်းစမ်း |
| ပညာအရည်အချင်း | ပထမနှစ်အင်္ဂလိပ်အထူးပြု<br>(အဝေးသင်-ဒဂုန်တက္ကသိုလ်) |
| အလုပ်အကိုင် | ဝင်ထရယ်ဆူပါမားကက် ငွေသိမ်း |
| လတ | နှစ်သောင်းကျပ်<br>(ဘောနပ်စ် ခုနှစ်ထောင်) |
| ရည်မှန်းချက် | အစိုးရမဟုတ်သောအဖွဲ့အစည်း<br>တစ်ခုတွင် အဆင့်မြင့်အလုပ်ရရန်။ |
| အကြိုက်ဆုံးအစာ | ရေခဲမုန့်<br>(အထူး-ချောကလက်ရေခဲမုန့်) |
| အမုန်းဆုံးအစာ | ငပိရည် |
| အကြိုက်ဆုံးအဆိုတော် | နှစ်ကာတာ |
| ချစ်သူ | ပရှိ မရှိ |
| အားအကျဆုံးမိန်းကလေး | စင်ဒရဲလား |

ကျွန်မတို့မှာ မောင်နှမခြောက်ယောက်ရှိတယ်။ တစ်ယောက် တစ်မျိုးစီဝါသနာပါကြတယ်။ ကျွန်မက အဆိုတော်လုပ်ချင်တယ်။ ဒါလိုက ပန်းချီဆရာပလုပ်ချင်တယ်။ အဲ နေဦး။ ကြီးဝဉ်ရယ်လိုက် ရေးရင်ကောင်းမယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးက ကိုဇေယျာ။ ကိုဇေယျာဘာဝါသနာပါလဲ ဆိုတာ ကျွန်မ သိပ်မသိဘူး။ သူက သတင်းထောက်လဲဖြစ်ချင်၊ ဗွီဒီယို အငှားဆိုင်လဲဖွင့်ချင်၊ အဆိုတော်လဲဖြစ်ချင် ဘာမှန်းကိုမသိပါဘူး။ နိုင်ငံခြားလဲ သွားချင်လိုက်သေးသတဲ့။

ထားပါတော့ ကိုဇေယျာက သတင်းထောက်လုပ်ချင်တယ်။

မမယောမာက စီးပွားရေးပညာရှင်ကြီးဖြစ်ချင်သတဲ့။

မကြည်သာက ဆံပင်အလှပြင်ဆိုင်လဲဖွင့်ချင်တယ်။ အကျီဒီဇိုင်းပညာရှင်လဲဖြစ်ချင်တယ်။

ကျွန်မကတော့ အဆိုတော်ဖြစ်ချင်တယ်။ တကယ်ပဲဖြစ်ချင်တာ။ ကျောင်းကပွဲတွေမှာ ကျွန်မသီချင်းဆိုတာ ကောင်းတယ်လို့ သူငယ်ချင်းတွေက ပြောကြတယ်။ မနှစ်က ကျွန်မ အမ်တူးအမ်ရဲ့ The day you went away သီချင်းကိုဆိုခဲ့တာလေ။ မေမေကတော့ ငါ့သမီးကအဆိုကောင်းသားပဲ အဆိုတော်လုပ်ရင်ရမှာတဲ့။ ဒါပေမဲ့လေ ကျွန်မ တစ်ချိန်တည်းမှာပဲ ပညာနဲ့ အသက်မွေးဝမ်းကျောင်းတဲ့ လူလဲ ဖြစ်ချင်ပါတယ်။

ဒါလီက ပန်းချီဆွဲတာ ဝါသနာပါတယ်။ ဒါပေမဲ့ ဆရာဝန် ဖြစ်ချင်သတဲ့။

အိအိကတော့ ဆရာမလုပ်ချင်တယ်ထင်တယ်။ သူက သူများကို အားကြီးဆရာလုပ်တာပဲ။ ဒါပေမဲ့ သူ့ကို မေးလိုက်ရင် မသိဘူးလေ လို့ပဲ ဖြေတယ်။

'အိ နင် ကြီးလာရင် ဘာလုပ်ချင်လဲ'

'မသိဘူးလေ'

BURMESE CLASSIC .com



## ခ= ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ

မေမေ

မေမေ့ကို စဉ်းစားလိုက်ရင် အပ်ချုပ်စက်ကုလားထိုင်မှာထိုင်ပြီး စက်ချုပ်နေတဲ့ပုံကိုပဲ မြင်လိုက်တော့တာပဲ။ ဒါကြောင့် ညီမလေး ဒါလီက မေမေ့ပုံကိုဆွဲတဲ့အခါ အပ်ချုပ်စက်မှာထိုင်နေတဲ့ မိန်းမ တစ်ယောက်ရဲ့ပုံ ဖြစ်နေတာ။ အဲဒါ မေမေပေါ့။

ဒါလီက ပုံဆွဲသိပ်တော်တယ်။ ကျွန်မတို့ မိသားစုကို တစ်ယောက်ချင်း ပုံဆွဲထားတယ်။ ခဲတံနဲ့ဆွဲပြီး ရောင်စုံခြယ်ထားတာပေါ့။

ဒါလီဆွဲထားတဲ့ပုံလေးတွေကို ကျွန်မသိမ်းထားတယ်။ ရယ်ရလို့။

ဖေဖေ့ပုံကို ဆွဲတော့ ဘုရားရှိခိုးနေတဲ့ပုံပေါ့။ ဟုတ်တယ်လေ။ ဖေဖေက အိပ်မှာဆို ဘုရားချည်း ရှိခိုးနေတာကိုး။

ပြီးတော့ ကိုဇေယျာ့ပုံ၊ ကိုဇေယျာ့ပုံကျတော့ မျက်နှာမှန်ကုပ်ကုပ်နဲ့ ပါးစပ်စူစူမှာ စီးကရက်တပ်ထားတဲ့ကောင်လေးတစ်ယောက်ပုံပေါ့။ ကိုဇေယျာက ငါ အဲလောက်ရုပ်ဆိုးလို့လား တဲ့။ အိုး အဲဒါ ထက်တောင်ဆိုးသေး။

မယောမာရဲ့ပုံကို ကျွန်မက ဒါလီ့ကို ဆွဲခိုင်းတာ။

'သူ့ပုံက ခက်တယ်ဟ' လို့ ဒါလီက ပြောတယ်။ ဒါပေမဲ့ ဒါလီက ဆွဲပါတယ်။ တရင်းတအုပ်တစ်ခုနဲ့ ကုလားထိုင်မှာထိုင်နေတဲ့ မျက်နှာထားတင်းတင်းကောင်မလေးတစ်ယောက်ပေါ့။ ဒေါက်မြင့်ဖိနပ်စီးထားတဲ့ ခြေထောက်နဲ့လေ။

'ဒါလီ မယောမာရဲ့နောက်ဘက်က ဘာတွေလဲ'

ကျွန်မ မေးတော့ 'အဲဒါ ပျဉ်ပုံတွေလေ' တဲ့။ ကျွန်မတို့ ရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ။ မဟောမာက သစ်စက်တစ်ခုမှာ စာရေးပကိုး။

'ဒါလီ နင့်ပျဉ်တွေက ပျဉ်နဲ့မတူဘူး။ အမှိုက်ပုံနဲ့တူတယ်'

'ဂျူး တိုးတိုး မဟောမာမသိစေနဲ့ သူမြင်ရင် ဆုပ်ဖြဲပစ်လိမ့်မယ်'

မကြည်သာပုံကိုတော့ ဆွဲရတာသိပ်လွယ်တာပဲတဲ့။ ဒါလီက ပြောတယ်။

မျက်လုံးပြူးပြူး။ ဆံပင်အုပ်အုပ်မွှာမွှာ။ နားမှာ နားသံသီးနဲ့။ ထီးကြီးကြီးတစ်ခုအောက်မှာ စားပွဲတစ်ခု။ စားပွဲပေါ်မှာ တယ်လီဖုန်း နှစ်ခု တင်ထားတယ်။ ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ ကောင်မလေးက ပကြည်သာပေါ့။ အမယ်။ တတာမ်းရေးတောင် ပါလိုက်သေးတယ်။

'အများပြည်သူသုံး တယ်လီဖုန်း၊ တစ်မိနစ် ငါးကျပ်၊ နယ် အဝေးရသည်' တဲ့။

ကျွန်မပုံကို ပထမဆုံးဆွဲတော့ ဒါလီက မတ်တတ်ရပ်နေတဲ့ ကောင်မလေးပုံပဲ ဆွဲတတ်တယ်။ ကျွန်မတို့ ငွေသိပ်းကောင်တာကို ဒါလီမြင်မှ မမြင်ဖူးတာ။ ဟုတ်တယ်။ အဲဒီတုန်းက သူ ဝင်ထရယ်ကို တစ်ခါမှတောင် ဈေးမဝယ်ဖူးသေးဘူးလေ။

'ဒါလီတစ်ခါလောက် နင် မေမေနဲ့ ငါတို့ဝင်ထရယ်ကို ဈေးလာဝယ်ပါလား'

'ဟင် ဈေးကြီးမှာပေါ့'

'အို မကြီးပါဘူးဟယ်။ ဈေးကြီးတာတွေ မဝယ်နဲ့ပေါ့။ ဗလာစာအုပ် ဝယ်လို့ရတယ်။ ခရမ်းချဉ်သီးလည်း ဝယ်လို့ရတယ်။ မုန့်လာဥနီလည်းဝယ်လို့ရတယ်'

'အေး ငါ လာကြည့်ပယ်'

တစ်နေ့တော့ ပေမေမြို့ထဲထွက်တဲ့နေ့မှာ မေမေနဲ့ ဒါလီနဲ့ ဈေးလာဝယ်ပါတယ်။ သူတို့သုံးယောက်ဝင်လာကတည်းက ကျွန်မ



မြင်တယ်။ ကျွန်မ အငယ်နှစ်ယောက်ကိုပြုံးပြပြီး အလုပ်ဆက်လုပ်နေလိုက်တယ်။ ဘာတွေသွားရှာနေသလဲ ကျွန်မ မသိတော့ဘူး။ ကျွန်မ ငွေသိပ်းတဲ့ကောင်တာမှာ ငွေရှင်းဖို့တန်းစီရပ်တော့မှ မေမေ ဝယ်တာ ဟင်းသီးဟင်းရွက်တွေတင်မကဘူး အိအိအတွက် ဗလာ စာအုပ်လေးတွေနဲ့ ခဲတံလှလှလေးတွေပါ ပါတယ်ဆိုတာ သိလိုက်ရတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီနေ့က မေမေဝယ်တာ တစ်ထောင့် တစ်ရာဖိုးပဲရှိမေပယ့် မေမေ့ကို ကျွန်မကောင်တာကနေ ငွေရှင်းပြေစာလေး ထုတ်ပေးလိုက်ရတာ ကျွန်မ ကျေနပ်သွားတယ်။

အဲဒီနောက်မှာတော့ ဒါလီက ကျွန်မပုံကို ပိုပြီး ပိုပြင်ဖုံအောင် ဆွဲနိုင်သွားပါတော့တယ်။ ကွန်ပျူတာသေးသေးလေးနောက်မှာ မတ်တတ်ရပ်နေတဲ့ ဝင်ထရယ်ဝတ်စုံနဲ့ ပြုံးနေတဲ့ကောင်မလေး တစ်ယောက်ပေါ့။ ဒါလီဆွဲသမျှပုံတွေထဲက ကောင်မလေးတွေထဲမှာ ကျွန်မပုံက အလှဆုံးပဲ။

ရယ်ရတယ်။ သူ့ပုံတူကို ဆွဲတဲ့အခါကျတော့ ဒါလီက သိပ်လည်တာ။ ကျောင်းစိမ်းဝကတ်နဲ့ အထုပ်လေးတစ်ထုပ်ကို လက်က ပိုက်ထားတဲ့ကောင်မလေးပုံ။

'ဒါလီ ဒါ ဘာထုပ်လဲ' မေးတော့

'ဒါ အထုပ်မဟုတ်ဘူး။ ဆု။ ငါ စာမေးပွဲမှာ ပထမရလို့ ဆုရတဲ့ စာအုပ်တွေနဲ့ကျောင်းစိမ်းအဝတ်စလေ' တဲ့။ တွေ့လား။

အိအိပုံကျတော့ ခွေးကလေးတစ်ကောင်ကို ခေါင်းသပ်ပေးနေတဲ့ ဂါဝန်နဲ့ကောင်မလေး။ ပြုံးပြုံးလေး။ မျက်တောင်ကော့ပျံနေတဲ့ချာတိတ်မလေး။ ဟုတ်တယ်။ ကျွန်မတို့ ညီအစ်မတွေမှာ မျက်တောင်အကော့ဆုံးက အိအိ ပဲ။ အိအိရဲ့မျက်တောင်ပေါ်မှာ ကျွန်မတို့ ခဲတံတိုတိုလေးတစ်ချောင်း တင်ထားကြည့်ဖူးတယ်။ အောက်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်မကျဘူး။ အဲလောက်ထိပဲ။

ကျွန်မ ပျင်းရင် ကျွန်ပတို့ပုံလေးတွေ ထုတ်ထုတ်ကြည့်ပြီး ဒါလီနဲ့ ရယ်ကြတာ အပျင်းပြေတယ်။

မနေ့က ကျွန်မတို့ပုံတွေ ထုတ်ကြည့်တုန်း ကောင်လေးပေးခဲ့တဲ့ ပြေတာဖြတ်ပိုင်းပေါ်က စာလေးတွေကိုတွေ့တော့ အီအီက ဝပ်ရှုတယ်။

'မမအေသင် အဲဒါ ရည်းစားစာလား' တဲ့။

အဖယ် လှုကြည့်တော့ပိစိညှောက်လေးနဲ့ ဒါတွေကိုသိတယ်။

'အို မဟုတ်ပါဘူး'

ကျွန်မ အီမမြင်အောင် အဲဒီစာရွက်တိုလေးကို စာအုပ်ကြားထဲမှာ ညှပ်ပစ်လိုက်ရတယ်။

'နင်ကလဲ ရည်းစားစာဆိုရင် ဒီလို တိုတိုသေးသေးလေး ဘယ်ဖြစ်နိုင်ပါ့မလဲ။ အပြာရောင်တို့ ပန်းရောင်တို့ စာရေးစက္ကူ လှလှလေးတွေနဲ့ ဖြစ်မှာပေါ့။ သွားသွား ကိုယ့်တာကိုယ်ကျက်တာ မဟုတ်ဘူး'

ကျွန်မပြင့် အဲဒီကောင်လေးကို နာမည်တောင် မသိပါဘူး။ ချမ်းသာလိမ့်မယ်လို့တော့ တွေးမိပါတယ်။ သူ့ဟန်ပန် ဝတ်ပုံစားပုံကို ကြည့်ရင် သိတာပဲ။ ဟစ်ပေါ့ပ်လိုလို ဘာလိုလို။ ကျွန်ပသူ့ကို ဘယ်မှာ မြင်ဖူးမှန်းမသိဘူး။ အင်းလေ ကျွန်ပတို့ဆိုင်မှာ လာဝယ်နေကျနဲ့ တူပါရဲ့။

အီအီထွက်သွားတော့မှ ကျွန်မ ညနေကျရင် သင်တန်းမှာမေးလောက်မဲ့ အင်္ဂလိပ်စာတွေကို ရှာဖွေရပါတော့တယ်။

ဆရာမက ကျွန်ပတို့ကို သင်ပုံအက်ဆေးတစ်ပုဒ် ခေါင်းစဉ်ပေးလိုက်တယ်။ ကြိုပြီးစဉ်းစားရအောင်လို့တဲ့။



I CAN FLY TOMORROW

မနက်ဖြန်မှာ ကျွန်မ ပျံသန်းနိုင်လိမ့်မယ် တဲ့။

တာသင်တဲ့ဝိုက်ဘုတ်သင်ပုန်းကြီးပေါ် ဆရာမခက်က လက်ရေးကြီးကြီးနဲ့ ရေးထားပါတယ်။

'ရှင်တို့ ကိုယ့်ကိုယ်ကို ပျံသန်းနိုင်လိမ့်မယ်လို့ ထင်ဖူးသလား'

ဆရာမ ခက်က အင်္ဂလိပ်လို မေးပါတယ်။ ကျွန်ပနဲ့ ကျွန်မဘေးမှာထိုင်နေတဲ့ ဇီဇဝါ တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်လိုက်မိကြတယ်။ နောက်ပြီးတော့ ခေါင်းယမ်းလိုက်မိကြတယ်။

အဲဒီအချိန်မှာပဲ အတန်းသားအားလုံးက 'နိုး' လို့ ပြိုင်တူအော်ပြီး ဖြေလိုက်ကြတယ်။

ခက်က ပြုံးတယ်။

'ဘာကြောင့် ပျံသန်းနိုင်မှာယ်လို့ မထင်ကြတာလဲ'

ကျွန်မက လက်ညှိုးထောင်လိုက်တယ်။

'အတောင်ပံတွေမပါလို့'

အတန်းသားတွေက ရယ်ကြတယ်။ ကျွန်ပလည်း ရယ်မိတယ်။

'ကျွန်မကတော့ ကျွန်မတို့မှာ အတောင်ပံတွေ ပါတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်တယ်'

ဆရာမစကားကြောင့် ကျွန်မ ပျက်မှောင်ကြုတ်မိသွားတယ်။

'ကျွန်ပတို့ရဲ့အတောင်ပံတွေက ငှက်တွေရဲ့အတောင်ပံလို မြင်ရတဲ့ အရာတွေတော့ မဟုတ်ဘူးပေါ့'

ဆရာမ ဘာကိုပြောချင်တာလဲ။ ကျွန်မနဲ့ဇီဇဝါနဲ့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြပြန်ပါတယ်။

'ငှက်တွေဟာ အတောင်ပံကိုဖြန့်ပြီး ကောင်းကင်အမြင့်မှာ အဝေးကြီးထိ ပျံသန်းနိုင်ကြတယ်။ ကျွန်မလည်း ကောင်းကင်အမြင့်မှာ အဝေးကြီးထိပျံသန်းသွားချင်တယ်။ မြစ်တွေ ပင်လယ်သမုဒ္ဒရာတွေ တောင်တန်းကြီးတွေကိုကျော်ပြီး သွားချင်တယ်။ ရှင်တို့ရော မသွားချင်ဘူးလား'

ဆရာမက ကျွန်မတို့ကို မေးတယ်။

'သွားချင်တယ်'လို့ ဖြေတဲ့အထဲမှာ ကျွန်မပါတယ်။ ဟုတ်တယ်လေ။ အဝေးဆုံးနေရာတွေ တောင်တန်းတွေ၊ ပင်လယ်တွေဆီ ကျွန်မ သွားချင်ပါတယ်။

'ဘယ်လိုသွားကြမလဲ'

'လေယာဉ်ပျံနဲ့သွားမယ်'

အဲဒါ ကောင်လေးတစ်ယောက်ရဲ့အသံ။ အားလုံးရယ်ကြတယ်။ ဒါပေမဲ့ ဆရာမခက်က မရယ်ပါဘူး။ ပြုံးတောင်မပြုံးဘူး။ လက်ဖျောက်တစ်ချက် တီးလိုက်တယ်။

'ဟုတ်တယ်။ လူတွေဟာ ငှက်တွေလို မြင့်ရတဲ့ အတောင်ပံတွေမပါဘူး။ ဒါပေမဲ့ မမြင်ရတဲ့အတောင်ပံတွေပါတယ်။ အဲဒါက ဘာလဲ။ ဘာ လို့ ထင်လဲ'

'အင်ဂျင်'





တစ်ယောက်က အော်တယ်။

'နို'

တစ်ယောက်က နွဲကို အင်္ဂလိပ်လို ပပြောတတ်တော့ ဗမာလို အော်တယ်။

'နို နည်းနည်း ဆက်နွှယ်ပါတယ်။ နွဲကို အင်္ဂလိပ်လို Persistance လို့ ခေါ်တယ်'

'ဦးနှောက်'

အဲဒါက ကျွန်မနောက်ဘက်နားကလာတဲ့ ယုယရဲ့အသံ။

ဆရာပခက်က သူ့ခေါင်းသူ လက်ညှိုးလေးနဲ့ အသာခေါက်ပြီး ပြုံးလာတယ်။

'တော်တော်လေး ဟုတ်လာပြီ'

'ဉာဏ်ပညာ'

ကျွန်မ လက်ထောင်ပြီး အော်လိုက်တယ်။

'ဟုတ်တာပေါ့'

ဆရာပခက်က အားရပါးရ ထောက်ခံလိုက်တဲ့အခါ ကျွန်မ ရင်ထဲမှာ နွေးပြီးလှုပ်ခတ်သွားတယ်။ ပျော်လို့ပေါ့။

'တစ်ခါတုန်းက မြစ်ကမ်းနဘေးက မြို့သေးသေးလေးတစ်ခုမှာ မွေးဖွားလာတဲ့ ကမ္ဘာကျော်စာရေးဆရာမကြီးတစ်ယောက် ရှိတယ်။ ကလေးဘဝမှာတော့ မြစ်ဘေးမှာသွားသွားထိုင်ရင်း အဝေးကြီးကိုသွားချင်စိတ်နဲ့ အိပ်မက်တွေ အများကြီးမက်ခဲ့တဲ့သူပေါ့။ သူက ပြောဖူးတယ်။

"ကျောင်းနေလို့ စာတွေဖတ်လာတဲ့အခါမှာတော့ ကျွန်ပမှာ အတောင်ပံတွေပါလာခဲ့တယ်ဆိုတာ သိသွားပါတယ်"တဲ့။

'အဝေးတစ်နေရာ ကိုယ်ရောက်နိုင်လိမ့်မယ်လို့ မထင်ရဲတဲ့ အမြင့်တစ်နေရာကို ကျွန်မတို့ရောက်အောင်သွားဖို့ လိုအပ်တဲ့ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ပညာတွေ လေ့လာတတ်မြောက်အောင် ကျွန်မတို့မှာ တွေးခေါ်မျှော်မြင်တတ်တဲ့ ဦးနှောက်တွေ ပါလာပါတယ်'

တစ်ခန်းလုံး ငြိမ်သက်သွားတယ်။ ကျွန်မကတော့ သင်ပုန်းကြီးပေါ်မှာရေးထားတဲ့ ကျွန်မ မနက်ဖြန်မှာပျံသန်းနိုင်လိမ့်မယ် ဆိုတဲ့ တကြောင်းကို ငေးပြီး ရင်ခုန်နေမိပါတယ်။

ခက်က တစ်ချက်ရယ်တယ်။

'အင်း။ ငယ်ငယ်တုန်းကတော့ ကျွန်မ လေထဲမှာ ငှက်တွေလို တကယ်ပျံကြည့်ဖို့ ကြိုးစားခဲ့တာ'

'ပျံသန်းခြင်းအတတ်ဆိုတာ လျှို့ဝှက်ချက်တစ်ခုပဲ။ အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရင် ပျံဖို့လေ့ကျင့်တတ်မြောက်မှာပဲ လို့ ထင်ခဲ့တယ်။ အသက်ဂုနှစ်ဝနှစ်လောက်မှာ ယောနသံဇင်ယော် တအုပ်တစ်အုပ် လက်ကကိုင်၊ အိမ်ပေါ်ထပ်ပြတင်းပေါက်မှာထိုင်ပြီးတော့ ငှက်တွေရဲ့လျှို့ဝှက်ချက်ကို စောင့်ကြည့် ရှာဖွေနေခဲ့တာ ရက်ပေါင်း မနည်းပါဘူး။

'ကျွန်မအတွက် အတောင်ပံတွေကို ကတ်ထူစက္ကူနဲ့ စိတ်ရှည်လက်ရှည် ကိုက်ညှပ်ပေးတဲ့သူက ကျွန်မ အစ်ကို။ အစ်ကိုက ကျွန်မကို ပထမဆုံး စပျံတဲ့နေ့မှာတော့ နိမ့်နိမ့်လေးပဲပျံအုံး လို့ ပြောတယ်။ ကျွန်မက ဘာဖြစ်လို့နိမ့်နိမ့်ပျံရမှာလဲလို့ မေးတော့ သိပ်မြင့်ရင် ဘရိတ် မထိန်းနိုင်ဘဲ ဟိုး ကောင်းကင်အမြင့်ကြီးအထိ ရောက်သွားပြီး အိမ်ကို ဘယ်တော့မှပြန်လာလို့မရအောင် ဝေးသွားမှာပေါ့ တဲ့'

ကျွန်မတို့အားလုံး ရယ်လိုက်မိကြတယ်။

'ကျွန်မ အစမ်းလေ့ကျင့်ပျံသန်းကြည့်ဖို့ အချိန်ကျပြီလို့ ဆုံးဖြတ်လိုက်တဲ့နေ့က တနင်္ဂနွေနေ့ပါ။ ကျောင်းပိတ်ရက်ဖြစ်ဖို့ အရေးကြီးတယ် မဟုတ်ဘူးလား'





ကျွန်မကြိတ်ရယ်ပိတယ်။ ဒါမှ လိမ့်ကျလို့ ခါးနာသွားရင် အိပ်ရာပေါ်မှာနားနေနိုင်မှာ။

'တက်ကြွနေတဲ့ကျွန်မကို အစ်ကိုက ကောက်ရိုးပုံပေါ်မှာ အရင်စမ်းပြီး ပျံကြည့်ဦးလို့ အကြံပေးပါတယ်'

ရယ်ကြပြန်တယ်။

'ကျွန်မ သူ့အကြံပေးချက်ကို လိုက်နာလိုက်တယ်။ ဒီတော့ အကျ သိပ်မနာဘူးပေါ့'

ရယ်ကြပြန်ရော။

'ဒါနဲ့ မေးစမ်းပါရစေဦး ငှက်တွေ အတောင်ပံနဲ့ ပျံသန်းတဲ့အခါ ဘယ်ဖြစ်စဉ်နဲ့ပျံသွားလဲ သိကြလား'

ဘယ်သူမှမပြောနိုင်ပါဘူး။ ပျံသန်းတဲ့ဖြစ်စဉ်ကို မသိတာလား။ ဗဟုသုတရှိလို့သိတဲ့လူကလည်း အင်္ဂလိပ်စကားနဲ့ သရုပ်ဖော် မပြောတတ်လို့လား။ ဆရာမခက်ကပဲ ရှင်းပြတယ်။

'အတောင်ပံတွေက ငှက်ကို နည်းနှစ်မျိုးနဲ့ မတင်ပေးတယ်။ တောင်ပံခတ်ပြီးပျံလိုက်တဲ့အခါ အတောင်ပံတွေက လေကို အောက်ဘက် နောက်ဘက် ရောက်အောင်တွန်းထုတ်လိုက်တယ်'

ခက်က သူ့လက်နှစ်ဘက်ကို ဆန့်တန်းပြီး အတောင်ပံလို ဖြန့်၊ လေကို တွန်းထုတ်ပြပါတယ်။

'အဲဒီအခါ လေက ငှက်ကို အထက်ကို ရှေ့ကို တွန်းပို့လိုက်တာ။ အရှိန်ရသွားပြီဆိုရင်တော့ တောင်ပံက လေကိုမိသွားပြီမို့ ရွက်လှေတွေရဲ့ရွက်လိုပဲ သူ့အောက်ကလေဖိအားက သူ့ကို အထက် တွန်းပို့နေတော့တယ်'

ကျွန်မတို့ကျောင်းသားတွေ ခက်ပြောသမျှကို စိတ်ဝင်စားပြီး ငေး နားထောင်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသမျှအကြောင်းတွေ အကုန်လုံးကို ကျွန်မ လုံးစေ့ပတ်စေ့ နားမလည်ပါဘူး။ ဒါပေမဲ့ ဆရာမခက်က ကျောင်းသားတွေကို သူ့အက်ဆေး မိတ္တူဆွဲပြီး ဝေတယ်လေ။ ဖတ်တဲ့အခါ ကျွန်မ ပိုပြီး နားလည်ရလွယ်တာပေါ့။ ခက်ရေးထားတဲ့ အင်္ဂလိပ်စာတွေ ဖတ်ပြီး ခက်ကို ကျွန်မ အားကျလိုက်တာ။

ခက်က အရပ်ခပ်ပြင်ပြင့်၊ သွယ်သွယ်။ ဒါပေမဲ့ ပိန်တော့ မပိန်ဘူး။ လက်မောင်းတွေက ခပ်ပြည့်ပြည့်ပဲ။ အသားက မဖြူဘူး ဒါပေမဲ့ မညိုဘူး။ စိုပြီး ဝင်းနေတယ်။ ခက်ကို ကြည့်လိုက်ရင် လှတယ်လို့ ပြောလို့မရပါဘူး။ မျက်လုံး မျက်ခုံး နှာတံက ကြည့်ကောင်းရုံပါ။ ဒါပေမဲ့ အောက်နှုတ်ခမ်းက ထူထူပြည့်ပြည့်။ ကျွန်မ ကြိုက်တဲ့ နှုတ်ခမ်းပုံစံမျိုးပါ။ (ကျွန်မနှုတ်ခမ်းကတော့ ပါးတယ်လေ)

ကျွန်မတို့ကိုတသင်တဲ့အချိန်မှာ ကျွန်မတို့ လေးတားအောင် ဆိုပြီး ဆံထုံးထုံးတာတို့ ဘာတို့ မလုပ်ဘူး။ နောက်ဘက် ခပ်မြင့်မြင့်မှာစုစည်းပြီး ဒီအတိုင်းချထားတာပဲ။ ပဲကြိုးတောင် တစ်ခါတလေ ပချည်ပါဘူး။ ဆံပင်ချည်တဲ့သားရေကွင်းရောင်စုံလေးတွေပဲ ချည်လာတဲ့ရက်တွေရှိတယ်။ ဆံပင်ကို နောက်လှန်ပြီး ပြောင်သိမ်းထားတယ်။ နဖူးပေါ်မှာ ဆံပင်တစ်မျှင်မှတောင် ကျ မနေတတ်ဘူး။ ကြည့်ခါစက တော့ ဆရာမနယ် လူကြီးကျနေတာပဲ။ ဘာလို့ ဒီလောက် ရှင်းရှင်းကြီး ဖြစ်အောင်နေတာလဲ လို့ အားမလိုအားမရဖြစ်မိတယ်။ ဒါပေမဲ့ သုံးလေး လကြာလာတဲ့အခါ ကြည့်ရပြင်ရတာ ကြာလာတော့ မျက်နှာရှင်းရှင်းနဲ့ တည်တည်ငြိမ်ငြိမ်လေးမို့ ကြည့်လို့ကောင်းလိုက်တာလို့ တွေးမိတယ်လေ။

အဝတ်အစားကတော့ ခက်မှာသိပ်မရှိပါဘူး။ ကျွန်မတို့က ညီအစ်မများတော့ ညီအစ်မရွယ်တူ သုံးယောက်ဆိုတော့ တစ်ယောက်





အဝတ်ကို တစ်ယောက်ယူဝတ်တာမို့ တစ်ယောက် စီကိုပဲသိတဲ့လူက တစ်ယောက်စီကိုပဲ ပြင်ရရင် အဝတ်အစား နည်းတယ်လို့ မထင်တော့ဘူး။ တစ်ယောက်မှာ ငါးစုံစီရှိတယ်ထား သုံးယောက်ဆိုတော့ ဆယ့်ငါးစုံပေါ့နော်။ ဆရာမ ခက်ကတော့ အဝတ် ငါးစုံ ခြောက် စုံလောက်ပဲ ရှိတယ်လို့ ကျွန်မထင်တယ်။ တစ်ခါလာလည်း မရမ်း ရင့်ရောင်ပေါ်မှာ အဖြူပွင့်သေးသေးလေးတွေနဲ့ လုံချည်၊ တစ်ခါလာလည်း လည်ပင်း ဗိုပုံနဲ့ အဖြူရောင်တီရှတ် တိုတိုလေး။ ဒါပဲ ခဏ ခဏအဝတ်များဆုံး။

ဒါပေမဲ့ တသင်တဲ့နေရာမှာတော့ ရှယ်ပဲ။ ဆရာမခက် မသိဘူး ဆိုတာမရှိပါဘူး။

ကျွန်မတို့တက်နေတဲ့ ပညာဒါနဘုန်းကြီးကျောင်းနာမည်က စပယ်ရုံ တဲ့။ မြောက်ဥက္ကလာမှာပဲရှိတယ်။ ဒီကျောင်းမှာ ခက်က အချိန်ပိုင်းအင်္ဂလိပ်စာဆရာမပေါ့။

ကျွန်မတို့အတန်းထဲမှာ စာအလွန်ဖတ်တဲ့ကောင်လေး တစ်ယောက် နဲ့ ဉာဏ်စမ်းချင်တဲ့ကောင်လေးတစ်ယောက် ဆရာမခက်ကို မေးခွန်းတွေ ခဏခဏမေးကြတယ်။ စာအလွန်ဖတ်တဲ့ကောင်လေး (ကျွန်မရဲ့အိမ်နီးချင်း ယုယ)က တတိယနိုင်ငံ Third World လို့ ဘာဖြစ်လို့ ခေါ်တာလဲ။ ဆင်းရဲတဲ့နိုင်ငံဆိုတာနဲ့ တတိယကမ္ဘာနိုင်ငံ ဆိုတာနဲ့ အဓိပ္ပါယ် ဘယ်လိုကွာသလဲ ဆိုတဲ့ မေးခွန်းမျိုးကို မေးတတ်ပါတယ်။ ဘယ်သူက ဘယ်လိုမေးခွန်းမျိုးပဲမေးမေး ဆရာမ ခက်ဆီမှာ အဖြေကအဆင်သင့် ရှိနေတတ်တယ်။ ခပ်ပြုံးပြုံးပဲ ဖြေတတ်တယ်။ ပညာစမ်းတယ်လို့ မသိတာပဲလား။ သိရက်နဲ့ မသိချင်ယောင်ဆောင်တာလားတော့မသိပါဘူး။ မေးခွန်းတိုင်းကို ဆရာမခက် ဖြေတာချည်းပဲ။

ကျွန်မတို့အတန်းတသင်ချိန်က ညနေလေးနာရီခွဲကနေ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီခွဲထိပါ။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ။ ကျွန်မက ညနေတိုင်းမတက်နိုင်ဘူး။ စင်ထရယ်ဆူပါမားကက်မှာ အလုပ်ဝင်ကတည်းက ညနေဂျူတီမရှိတဲ့နေ့မျိုးမှာပဲ တက်နိုင်တယ်။ နေ့နှစ်နာရီ ပြန်ထွက်ရတဲ့ မနက်ဂျူတီနေ့တွေမှာ ခက်ရဲ့ အင်္ဂလိပ်စာသင်တန်းချိန်ကို တက်ဖြစ်တယ်။ ခက်အတန်းမှာ လူတွေမှ အများကြီးပဲ။ ပထမတော့ ခက်ကို သိပ်မကြိုက်ဘူး။ ဘာကြောင့်လဲဆိုတော့

၁။ ကျောင်းသားတွေကို စာသင်ရင်း ခဏခဏ မေးခွန်းထုတ်လို့။

၂။ သူ့ကိုယ်သူဆရာကြီးလုပ်ပြီး အထက်ဆီးက ပြောတယ်လို့ ခံစားရလို့။

၃။ စကားပြောရင် မချိုသာလို့။ ဟာရေကျောရေနဲ့။ အပြုံးအရယ်နည်းတယ်။

၄။ သူများပြောတဲ့စကားကို စိတ်မဝင်စားရင် ဟန်ဆောင်ပန်ဆောင် နားမထောင်ဘူး။ စကားဖြတ်ပြီး လှည့်ထွက်တယ်။

ဒါပေမဲ့ သူ့စာသင်တာ ကောင်းလွန်းတော့လည်း ကျန်တဲ့ မကြိုက်တာတွေကို မေ့ပစ်လိုက်လို့ရတယ်လေ။ သူ့ကို ကျွန်မ အကြိုက်ဆုံးကတော့ သူက ကျွန်မတို့ကို တစ်ချိန်ပြီးတစ်ချိန် တစ်မျိုးပြီးတစ်မျိုး စိတ်ဝင်စားအောင် တသင်သွားတတ်တာပဲ။ တနင်္လာမှာ သူ သင်တဲ့စာက အီရတ်စစ်ပွဲအကြောင်း သတင်းတစ်ပုဒ် ဖြစ်မယ်။ ဗုဒ္ဓဟူးကျရင် ဝတ္ထုတိုတစ်ပုဒ်အကြောင်း ဖြစ်ချင်ဖြစ်နေတယ်။ သောကြာကျရင် အင်တာနက်အကြောင်း ဖြစ်နေပြန်ရော။

ဟောတွေ့လား။ ဒီကနေ့တော့ *I can fly tomorrow* တဲ့။

လေထဲမှာ ငှက်တွေလို တကယ်မပျံနိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါကြောင့် ကျွန်မ စက်ဘီးပဲ စီးချင်တယ်။ လေထဲကို တရှိန်ထိုး တိုးဝင်သွားဖို့။



စ= စက်ဘီးရဲ့ဒုက္ခ

အတန်းပြီးလို့ ကျွန်မတို့အားလုံး စပယ်ရဲ့ ပညာဒါနဘုန်းကြီးကျောင်းကနေ ပြန်ထွက်လာတဲ့အချိန်မှာ ကျွန်မက ငှားလာတဲ့စက်ဘီးနဲ့။ အဲဒီတုန်းက ခက် သူ့အလုပ်ရှင်ဆီက ကားယူမလာဘူး။ ခက်နဲ့ဇီဇဝါက ခြေလျင်။

ကျွန်မ သူတို့ ဘေးကနေ ဖြတ်နင်းသွားတော့မှဲ အချိန်မှာ လမ်းဟိုဘက်ခြမ်းမှာ ရပ်ထားတဲ့ကားတစ်စီးကို သတိထားမိလိုက်တယ်။ မြင်နေကျမဟုတ်တဲ့ကား။ အရောင်လက်နေတဲ့ အပြာရောင်ဟန်ခ်တူးကားတစ်စီး။ အဲ နေပါဦး။ ကားဘေးမှာရပ်နေတဲ့ကောင်လေးကို ကျွန်မမြင်ဖူးပါတယ်။ ကော်သုတ်ထားတဲ့ ဆံပင်ထောင်ထောင်၊ အကျီက တီရှတ်လက်ရှည်ပွပွဖားဖား။ ဟိုကောင်လေးများလား။

'အေသင် ဖြည်းဖြည်း'

ခက်အသံ။ ကျွန်မ လှည့်ကြည့်ပြီး လက်ပြလိုက်ပါတယ်။

မျက်နှာကို ခပ်မော့မော့လေးထား။ ဟန်လေးနဲ့နင်း။ နင်း။ အရှိန်ပြင်းပြင်းလေးနင်း။ ဟိုကောင်လေးပါ။ သေချာပါတယ်။ ဟန်ပါပါလေးနင်းလိုက်စမ်း။

အမေရေ။

အဲဒီနောက်တော့ ဒုန်းခနဲ အသံတစ်ခုနဲ့အတူ ကျွန်မ လေထဲကို ပျံဝဲသွားတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## မိဘမေတ္တာစက်ဘီးပြင်ဆိုင်

| | |
|---|---|
| လက်ကိုင်ပြောင်း | ၃၀၀ကျပ် |
| စပုတ်တိုင်အသစ်လဲ | ၂၅၀ကျပ် |
| ခွေပြန်ပြင်ဆေးသုတ် | ၃၀၀ ကျပ် |
| လေထိုး | ၃၀ ကျပ် |

အေသင်

စက်ဘီးပြင်ခကို ငါစိုက်ထားတယ်။ စိတ်မပူနဲ့။

| | |
|---|---|
| စုစုပေါင်း | ၈၈၀ကျပ် |

စက်ဘီးလဲ ပြည့်ပြည့်ကို ငါ ပြန်ပေးထားလိုက်ပြီ။

နင်နေကောင်းအောင်သာနေ။

နင် ပျက်တဲ့ အင်္ဂလိပ်စာတွေကို ငါနဲ့ဗိုဗိ ကူးပေးမယ်။

နင့် သူငယ်ချင်း

ယုယ



## သုခဆေးကုခန်း

**၂၁ မြတ်ပါးရုံလမ်း၊ မြောက်ဥက္ကလာ။ ရန်ကုန်မြို့။**

လူနာမှတ်တမ်း

အမည် အေသင်မိုး။ အသက် ၁၈နှစ်

နေရပ်လိပ်စာ အမှတ် ၂၅ ရွှေစင်ဘဘလမ်း၊ ၄၄ရပ်ကွက် မ/ဒဂုံ။

*Bicycle accident* (စက်ဘီးလဲဒဏ်ရာရ)

သွေးဖိအား ၁၁၀/ ၇၀

သွေးခုန်နှုန်း ၈၂/ မိနစ်

နှလုံး၊ အသဲ၊ သရက်ရွက် အားလုံး ပုံမှန်

ဘယ်ဘက်လက်ဖဝါး ပွန်းပဲ့ဒဏ်ရာ

Rx/

Inj ATT (မေးခိုင်ရောဂါကာကွယ်ဆေး)

Tab Cephalexin 500mg bd (စီဖလက်ဇင် မနက်၁ ည၁ ၅ရက်)

Tab Cevit 100mg bd (စီဗစ် မနက်၁ ည၁ ၅ရက်)

Tab Diclofenac bd (ဒိုင်ကလိုဖနက် မနက်၁ ည၁ ၃ရက်)

Tab Alzolam 5 mg prn (အယ်လ်ဇိုလမ် လိုအပ်လျှင်ည ၁)

www.burmeseclassic.com

www.burmeseclassic.com

## ဆ=ဆေးခန်းပြတဲ့ပုံပြင်

ကျွန်မ အိအိနဲ့ဒါလီကို ပုံပြင်တွေ ခဏခဏပြောပြဖူးပါတယ်။ သူတို့ အကြိုက်ဆုံးပုံပြင်ကတော့ စင်ဒရဲလားပုံပြင်ပေါ့။ တကယ်တော့ စင်ဒရဲလားပုံပြင်မဟုတ်ပါဘူး။ စင်ဒရဲလား ကာတွန်းကား ပါ။ ဝေါ့လ်တ်ဒစ်စ်နေ ကုမ္ပဏီက ရိုက်တဲ့ ကာတွန်းကားပေါ့။ ကာတွန်းရုပ်လေးတွေက သိပ်ချစ်ဖို့ကောင်းတာ။ အထူးသဖြင့် ကြွက်လေးတွေနဲ့ ငှက်လေးတွေပေါ့။ ကျွန်မတို့အိမ်မှာ ဗွီစီဒီတို့ ဒီဗွီဒီတို့ ဖွင့်တဲ့စက် မရှိပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါ ပေပေက သူ့ သူငယ်ချင်းဆီကနေ စက်ငှားလာပြီး ကျွန်မတို့ကို ပြတယ်။ အဲဒီထဲမှာ ကာတွန်းကားတွေ ပါတာပေါ့။ ကျွန်မက ဗီဝေါတို့အိမ် သွားသွားကြည့်လို့ အလွတ်ရနေတဲ့ စင်ဒရဲလားကို အိအိနဲ့ဒါလီကို ပြောပြရတာ သူတို့က တစ်ခါပဲ ကြည့်ရတာကိုး။

'မမအေသင် ပြောပါအုံး။ လူစီဖာဆိုတဲ့ ကြောင်ကြီးက ကြွက်လေးကို လက်ကြီးနဲ့အုပ်ထားတာကို ပြောပါအုံး'

သူတို့အတွက် စင်ဒရဲလားက မရိုးနိုင်ဘူးဖြစ်နေတယ်။ ကြာတော့ ကျွန်မ ပါးစပ်တောင်ညောင်းလာတယ်လေ။ ပြောရလွန်းလို့။

ဒီတစ်ပတ်တော့ သူတို့ကို ကျွန်မ ပုံပြင်အသစ်ပြောပြတာ။ သူတို့ အဲဒီပုံပြင်အသစ်ကို တအားစိတ်ဝင်စားနေတယ်လေ။

ကျွန်မ စက်ဘီးလဲလို့ ဒဏ်ရာရသွားတဲ့အကြောင်းပေါ့။

'မမအေသင် ပြောပါဦး။ မမစက်ဘီးလဲတော့ စက်ဘီးက ဘယ်နားမှာလဲပြီးတော့ မမက ဘယ်နားမှာလဲတာလဲ'

စက်ဘီးကတစ်နေရာ၊ ကျွန်မက တစ်နေရာ နှစ်ပေသုံးပေ



လောက်ဝေးတယ်။ အဲဒါကို ကျွန်မက ဟန်နဲ့ပန်နဲ့ ပစ်လဲပြတော့ သူတို့ တခစ်ခစ်နဲ့ရယ်လိုက်ကြတာ။

'မရယ်နဲ့လေ။ ငါ့မှာနာလိုက်တာ သေတော့မယ်'

သူတို့က ရယ်ပြန်ရော။

'ပြောပြ မမစက်ဘီးလဲတဲ့အကြောင်း ပြောပြ'

ကျွန်မ လက်ပတ်တီးနဲ့ ခြေချင်းဝတ်ပတ်တီးကို လက်နဲ့ပွတ်သပ်ရင်း ပြောပြလိုက်ပါတယ်။

'ငါက မျက်နှာလေးကို မော့ပြီး ဟန်ပါပါလေးနင်းလာတာပေါ့ဟာ။ လေလေးကိုလွင့်လို့ ဒိုးဒိုးနဲ့ ဆံပင်တွေတောင်လွင့်တယ်။ နင်း နင်း ဟန်နဲ့ပန်နဲ့နင်း။ ဝှစ် ဝှစ် ဝှစ် အဲဒါက လေနဲ့ စက်ဘီးဘီးနဲ့ထိလို့ မြည်တဲ့လေသံ။ ဖလပ်ဖလပ်ဖလပ် အဲဒါက ဘာလဲ ပြော'

'အဲဒါက မမအေသင်ရဲ့ ထမီစ လေတိုးလို့ လွင့်တဲ့အသံ'

အိအိက သွက်သွက်လက်လက် ပြောတယ်။

'ဝှစ် ဝှစ် ဝှစ်နဲ့ စီးလို့ကောင်းနေတုန်း ဒုန်း။ ပြော အဲဒါဘာသံလဲ'

အိအိက ရယ်လိုက်တာလေ။

'စက်ဘီးလဲတဲ့အသံ'

'ဟုတ်ပါ့ဟယ်။ လမ်းချိုးကို ဟန်ကြီးပန်ကြီးနဲ့ အရှိန်ပြင်းပြင်းနဲ့ ကွေ့ထည့်လိုက်တာ ဘယ်လိုဖြစ်သွားတယ်မသိဘူး။ လဲပါလေရော။ မလဲခင်မှာ စက်ဘီးက အရှိန်နဲ့ဟိုးခပ်ဝေးဝေးထိ လျှောခနဲ့ဝဲပြီးမှ လဲကျသွားတာအိရဲ့။ ဒီလို ဒီလို'

ကျွန်မ ကြမ်းပြင်ပေါ်မှာ လဲပြလိုက်တယ်။ အဲဒါကို အိအိက သဘောကျတာပါ။

စက်ဘီးက လမ်းပေါ်ကို ပစ်အကျ၊ ငါကတော့ စက်ဘီးရဲ့အောက်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'မမအေးသင် မနာဘူးလား'

'အမလေး နာလွန်းလို့ သေတော့မယ်သေပြီမှတ်တာ။ အဲဒီ အချိန်တုန်းမှာပဲ အနားကို လူတွေဝိုင်းလာတယ်။ 'ဟေး ဘာ ဖြစ်သွားလဲ၊ ထနိုင်လား' လို့ ဝိုင်းမေးကြတယ်။ ထဖို့ ကြိုးစားကြည့် တယ်။ ထလို့မရဘူး။

'နင်တို့သိလား နာနေတဲ့ လက်ဖဝါးကို ဖွဖွလေးလေးမှုတ် ပေးရင် နာတာသက်သာသွားတယ်။ သွေးစွန်းနေတဲ့ လက်ဖဝါးကို လေနဲ့မှုတ်လိုက်တော့ အနာသက်သာသွားသလိုပဲ။ အေးအေးလေး'

'မမ ဆေးခန်းသွားတော့ ဆရာဝန်က ဆေးထိုးလား'

'ထိုးတာပေါ့ဟာ မေးနိုင်ရောဂါကာကွယ်ဆေးတဲ့'

အိအိက မျက်နှာလေးရှုံ့ပြတယ်။ သူက ဆေးထိုးဖို့ သိပ် ကြောက်တာကိုး။

ခါတိုင်းပြောနေကျလောက်နဲ့တင် အားမရဘဲ အိအိက စပ် စပ်စုစု သိချင်နေတာက ရုပ်ရှင်ဇာတ်ကားတွေထဲကလို ကျွန်မကို ကူညီတဲ့သူရဲကောင်းတစ်ယောက်ယောက် ပါရှိဘူးလားဆိုတာပါပဲ။

'မမ ဆေးခန်းကို ဘာနဲ့သွားတာလဲ'

'ကားနဲ့ပေါ့ဟာ'

'ဘယ်သူလိုက်ပို့တာလဲဟင်'

'ဘယ်သူက လိုက်ပို့မယ်ထင်လဲအိ'

'မသိဘူးလေ'

ထုံးစံအတိုင်းပါပဲ။ အိအိဟာ သူ့ကို ဘာပဲမေးလိုက်မေးလိုက် မသိဘူးလေ လို့ပဲ ပြောတတ်တယ်။

ဒါလီကတော့ စဉ်းစဉ်းစားစားပုံစံမျိုးနဲ့ မေးတယ်။

'အနားမှာဝိုင်းလာတဲ့အထဲမှာ အစ်ကိုယုယတို့ မပါဘူးလား'

'မပါဘူးလေ။ ငါက ကျောင်းနဲ့အဝေးကြီးကို ရောက်သွား





တာကိုး။ ငါဖြစ်သွားတာကို ကျောင်းကလူတွေ တော်တော်နဲ့မသိ ဘူး။ ဒါပေမဲ့ သူများတွေကို ကူညီပေးတတ်တဲ့ သဘောကောင်းတဲ့ အေးသင်ပဲကွယ်။ ကူညီတဲ့လူ အဆင်သင့်ရှိတာပေါ့'

ကျွန်မပြောနေကျ ပုံပြင်တွေထဲက သဘောကောင်းသူကို ကယ်ပယ့်သူရောက်ရောက်လာတတ်တဲ့ဇာတ်လမ်းအတိုင်း ပြောတော့ ညီမလေးနှစ်ယောက်လုံး စိတ်ဝင်စားသွားကြတယ်။

'ဘယ်သူလဲဟင် ဘယ်သူလဲ'

တွေ့လား။ သူတို့ စိတ်ဝင်စားကုန်ကြပြီ။

'ဘယ်သူလို့ထင်လဲပြော'

အိအိက မျက်လုံးဒေါင့်ကပ်ပြီး စဉ်းစားသလိုလုပ်တယ်။

'ညီမလေးသိတဲ့လူလား'

'အာ နင်က ဘယ်တုန်းက ဘယ်သူ့ကိုသိလို့တုန်းဟ'

ဒါလီက အိအိကို ခပ်ငေါက်ငေါက်သရော်တယ်။ ဒါပေမဲ့ အိအိက တကယ်ပဲ ပုတ်ပိနေခဲ့တဲ့ တစ်ယောက်ရှိတယ်လေ။

'မမအေးသင်ကို တသေးသေးလေး ပေးတဲ့ဒစ်ယောက်'

တသေးသေးလေး ဆိုတာ ဘာလဲလို့ ကျွန်မ တော်တော် စဉ်းစားယူရတယ်။

'ဟိုလေ ဒီလောက်လောက် ဖြတ်ပိုင်းလေးလေ'

'အော် အေးအေး'

ကျွန်မ ရယ်လိုက်မိတယ်။ နဲနဲလဲ မျက်နှာပူသွားတယ်။ ကြည့်စမ်း အိအိဟာ အဲဒီဖြတ်ပိုင်းလေးကို ခုထိ ရည်းစားစာလို့ ထင်နေတုန်း။

'ငါက ခြေထောက်ရော လက်ရော သွေးတွေနဲ့ မူးချင်သလို လို ဖြစ်နေတုန်း ငါ့နားကို ဘယ်သူရောက်လာတယ်ထင်လဲ။ ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကောင်လေးပေါ့'

ကျွန်မကို ပြတင်းပေါက်လေးထဲမှာ ကျေးဇူးတင်စကားပြောသွားတဲ့ ဟစ်ပေါ့ပ်စတိုင်လ်ကောင်လေးကို ဒါလီနဲ့အိအိကောင်းကောင်း အလွတ်ရနေပါပြီ။

'ဘယ်နားနာသွားလဲ။ ဆေးခန်းပြချင်လား။ ကျွန်တော် ပို့ပေးမယ်လေလို့ သူက ပြောတယ်။ ခြေထောက်မှာ ပွန်းပဲ့ဒဏ်ရာ တစ်ခု။ သွေးတွေပေနေတာကို သူမြင်သွားတယ်လေ။

"အေသင် လက်မှာရော ခြေထောက်မှာရော သွေးတွေနဲ့။ ဖုံတွေလဲပေသွားတယ်။ ပေးနိုင်ကာကွယ်ဆေးထိုးရင်ကောင်းမယ်" လို့ သူကပြောတာဟ။ "သွေးထွက်တဲ့အနာကို မယဉ်းအောင် ဆေးထားရမယ်။ ပတ်တီးစည်းရမယ်။ ဒါတွေကို ဆရာဝန်ကမှ လုပ်ပေးနိုင်တာ။ တို့ကားနဲ့ လိုက်ပို့ပေးမယ်"တဲ့။

'ဟယ် တကယ် အဲဒီတစ်ယောက် ရောက်လာတယ်'

'အေးလေ'

'သူက ပမတို့နားကို ဘယ်လိုလုပ်ရောက်နေတာလဲ'

အဲ ဟုတ်ပါ့။ ဟစ်ပေါ့ပ်ကောင်လေးက ကျွန်မတို့နားကို ဘာကြောင့်ရောက်လာတာပါလိမ့်။ ဝဉ်းတားဝပ်။ ဝဉ်းတားဝမ်း။

'အို ငါ ဒီမှာ ကျောင်းတက်တာကို သူ သိသွားလို့ပေါ့'

စိတ်ကူးနဲ့ ပြောပြီးတော့ ကျွန်မ ရယ်ချင်လိုက်တာလေ။

ကျွန်မသိပါတယ်။ အိအိရဲ့အတွေးကမ္ဘာထဲမှာ စင်ဒရဲလားရဲ့ကျွတ်ကျကျန်ခဲ့တဲ့ ဖိနပ်လေးတစ်ဘက်ကို ကောက်ပြီး ရင်မှာကပ်ထားလိုက်တဲ့ မင်းသားလေးကို မြင်ယောင်နေပါလိမ့်မယ်။





# မောင်ကို

ကားအမျိုးကိုင်း၊ ဘော်ဒီပြာ၊ ဆေးမှုတ်အလုပ်ရုံ

အမှတ်... ကြိုးတံတားလမ်း၊ ကန်သာယာလမ်းဆုံ၊

မြောက်ဥက္ကလာ။

နေ့စွဲ ၁၅-၁-၀၄

အေသင်

နင်ကြိုက်တဲ့ ဟစ်ပေါ့အခွေတစ်ခွေ ငါဝယ်လာတယ်။

ဒီနေ့မှ ထွက်တာလို့ပြောတာပဲ။

ဒါလီနဲ့ပေးလိုက်တယ်။ နင့်အတွက် လက်ဆောင်နော်။

အမေက ဟစ်ပေါ့ပ်ကို မကြိုက်လို့ ငါတို့မှင့်ရင် ဝေါက်ပြီး ပိတ်နိုင်းတယ်။

နင်တို့အိမ်ကမှင့်ရင်တော့ သူပိတ်နိုင်းလို့မှရဘူးလေ။

မှင့်ပါ ကျယ်ကျယ်လေး ငါတို့မောင်နှမ ကြားရအောင်။

ငွေလက်ခံသူ

ယုယ



www.burmeseclassic.com

www.burmeseclassic.com



အဲတော့။ အုံ့သြစရာမကောင်းဘူးလား။

ယုယပေးတဲ့ သီချင်းတိတ်ခွေပေါ်က ကောင်လေးက ကျွန်မ ပိုက်ဆံစိုက်လိုက်ရတဲ့ ကောင်လေးဖြစ်နေတယ်။ သိပ်ဟုတ်တာပေါ့။ ကော်တောင့်နေတဲ့ ဆံပင်တိုတိုထောင်ထောင်နဲ့လေ။ သူနဲ့ တခြား နှစ်ယောက်နဲ့။ ကားဝက်ပုံးတစ်ခုပေါ်မှာ ထိုင်နေကြတဲ့ ဓါတ်ပုံ။ သူမှ သူအစစ်ပါ။ ဒါကြောင့် သူ့ကို မြင်ဖူးပါတယ်လို့ ထင်နေတာ။ မြေနီကုန်း ပီးမွှိုင့်ထောင့်က ဘီးလ်ဘုတ်ကြီးထဲက ကောင်လေးပါလား။ သူတို့ အဖွဲ့နာမည်က အနားသား တဲ့။ 'တခြားသော' ဆိုတဲ့ အဓိပ္ပါယ် ပေါ့ နော်။

ကျွန်မ အခွေကို ချက်ချင်းဖွင့်ချင်လှပြီ။ ဒါပေမဲ့ ပီးက ည ကျမှ လာမှာလေ။ ဒါနဲ့ပဲ အခွေကိုပဲ လှည့်ပတ်ကြည့်နေမိတယ်။

ယုယက ကျွန်မနဲ့ဒီကောင်လေးနဲ့ ဆုံဖူးမှန်းမသိပါဘူး။ ပြော လည်း မပြောမိခဲ့ပါဘူး။ ဘာရယ်ပဟုတ်ဘူး။ ကျွန်မ ဟစ်ပေါ့ပ် သီချင်း တွေကြိုက်မှန်း ဟစ်ပေါ့ပ်သီချင်းတွေ တိတ်တိတ်လေးရေး နေမှန်းသိလို့ ဝယ်ပေးတာပါ။

ကြည့်စမ်း။ အခု ကျွန်မ ယုယကို ကြွားဖို့ အချက်ရသွားပြီ။ ဒီကောင်လေးက ငါတို့ဆိုင်မှာ လာဝယ်နေကျလို့။ အင်း သူ့နာမည်က ဘယ်သူပါလိမ့်။ ဒီအခွေပေါ်မှာပါတဲ့ နာမည်သုံးခုမှာ ဘယ်ဟာက သူ့နာမည်ဖြစ်နိုင်ပလဲ။

တီးတိုး

ဝင့်ထည်

ဉာဏ်သာ

ဝင့်ထည် ဆိုတာက သူနဲ့လိုက်တယ်။ သူပဲဖြစ်မှာ။





## ဆ=ဆွဲဆောင်မှုရှိတဲ့စရိုက်

'ယုယကို ငါ့စိတ်ထဲက တိတ်တိတ်လေး ကြိတ်ပေးထားတဲ့ နာမည်ရှိတယ် သိလားအေသင်'

ညနေက ကျွန်မတို့ ရေကန်ကြီးနားမှာ ဖြတ်သွားရင်း ဇီဇဝါက ပြောခဲ့ပါတယ်။ ဇီဇဝါ့မျက်နှာမှာ မလုံပလဲအပြုံးလေးနဲ့။

ဇီဇဝါဟာ ယုယကို လိုအပ်တာထက်ပိုသံယောဇဉ်ဖြစ်နေ သလိုပဲ လို့ ကျွန်မ တစ်ခါတစ်ခါ တွေးမိတယ်။ ယုယနဲ့စကားပြော နေတဲ့အချိန်မှာ ဇီဇဝါ့မျက်လုံးတွေဟာ တောက်ပနေတာပဲကိုး။

အိုး။ သူဘာဖြစ်လို့ အဲဒီစကားကို ရေကန်နားရောက်တဲ့အခါ ပြောဖြစ်သွားသလဲ ဆိုတာ ကျွန်မနားလည်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ရေကန်ကြီးကိုရေတွေ ထုတ်လဲပစ်ဖို့ ယုယက ခေါင်းဆောင်ပြီး စီမံကိန်းတစ်ခုလုပ်နေလို့ပေါ့။

'ဟောဒီရေကန်ကြီးတစ်ခုလုံးကို တပည့်တော်တို့ ရေတွေ ထုတ်လဲပစ်ရအောင် ဘုန်းဘုန်း'

အဲဒီလို ယုယက ပြောလိုက်တဲ့အချိန်တုန်းက ဗေဒါပင်တွေနဲ့ ရေညှိပင်တွေရောပြီး စိမ်းမှိုင်းနေတဲ့ရေကန်ကြီးဘေးမှာ ရပ်နေကြ သူတွေထဲမှာ ကျွန်မ ပါတယ်။

'ဟော ဖြစ်နိုင်ပါ့မလားကွ'

ဘုန်းဘုန်း ဦးကောဝိဒက ရေကန်ကြီးကို ငုံ့ကြည့်နေရာက



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားခဲ့ပါတယ်။

ဟုတ်တယ်လေ။ ဘုန်းကြီးကျောင်းအစပ်မှာ ဒီကန်ကြီးဖြစ်နေတာကြာပြီတဲ့။ ဆောက်လုပ်ရေးအတွက် မြေတူးကြတဲ့လူတွေက တူးပြီးတဲ့နောက် ဒီအတိုင်းထားလို့ ချိုင့်ကြီးဖြစ်ကျန်ခဲ့တော့ အဲဒီနေရာမှာ နှစ်နှစ်၊ သုံးနှစ်တာ မိုးရေတွေဝင်နေပြီး ကန်ကြီးဖြစ် သွားတာလို့ ဘုန်းဘုန်းကပြောဖူးတယ်။

'ဖြစ်နိုင်ပါတယ်ဘုရား တပည့်တော်တို့ ကျောင်းသားတွေ စုပြီးလုပ်ပေးပါ့မယ်'

'အေး လုပ်နိုင်ရင်တော့ ကောင်းပေါ့ကွာ။ အခုအတိုင်းသာဆိုရင် ငါ့ကလေးတွေ ဆေးရုံပေါ်ကနေတောင် ဆင်းရတော့မှာ မဟုတ်ဘူးဟ။ ငါလဲ ငါ့ကျောင်းမှာ သီတင်းပသုံးဘဲ ဆေးရုံပေါ်ရွှေ့နေရမယ့်သဘောရှိတယ်။ လုပ်ကြပါကွာ'

အဲဒီရေကန်ကြီးထဲက ရေတွေကိုပဲ ကိုရင်လေးတွေ၊ ဘုန်းကြီးကျောင်းသားလေးတွေက ရေချိုးလိုက် ရေဆင်းကူးလိုက် ကန်စွန်းရွက်ခူးလိုက် လုပ်နေကြတာ။ သောက်ချင်လည်း သောက်ပိမှာပေါ့လေ။ ဘုန်းကြီးကျောင်းမှာက မိဘမဲ့ကလေးတွေ ကျောင်းအိပ်ကျောင်းစားထားပေးပြီး စာသင်ပေးထားတာ နှစ်ရာလောက်ရှိတယ် မဟုတ်လား။ သိပ်မကြာသေးခင်က အဲဒီကလေးတွေ တော်တော်များများ တစ်ယောက်ပြီးတစ်ယောက် နေမကောင်းဖြစ်ပြီး ဆေးခန်းပြရ ဆေးရုံတင်ရနဲ့။

'ငါ အစကတော့ ငါ့ကောင်တွေ ဝလာပါလားလို့ ပီတိတွေဖြစ်နေတာဟ။ လက်စသတ်တော့ ဒင်းတို့က ကျောက်ကပ်တွေရောင်နေကြတာကိုး'

ဘုန်းကြီးက ပြောတော့ ကျွန်မတို့ ပရယ်ကောင်းပေမယ့် ရယ်မိကြသေးတယ်။ ကလေးတွေက ဖျားပြီး ဖောရောင်လာတာ လို့





ယုယက ပြောတယ်။ ကျွန်မတို့နဲ့ တိုက်ရိုက် မပတ်သက်ပေမယ့် ဘုန်းကြီးက ဆေးခန်းသွားပြခိုင်းရင် ယုယက ဝင်ပြီးကူညီပါတယ်။

ဘုန်းကြီးမှာ ဆေးဖိုးတွေကုန်။ ဆေးခန်းသွားဖို့ အငှားကားခတွေကုန်။ လူလည်း ဆင်းရဲဒုက္ခဖြစ်။ ကလေးတွေလည်း ဝေဒနာတွေနဲ့။ ကလေးတွေ ဘာဖြစ်လို့ ဒီလောက် ဆယ်ယောက် ဆယ့်ငါးယောက် စုပြုပြီးကျောက်ကပ်ရောဂါတွေဖြစ်သလဲ။

'မသန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့နီးသလား' လို့ဆရာဝန်က မေးရော။ ဘုန်းကြီး စဉ်းစားရကျပ်နေတယ်။ မနီးပါဘူး လို့ပဲ ဖြေရတယ်။ ဘုန်းကြီးနဲ့အတူ ကူညီပြီးလိုက်လိုက်ပို့ပေးတဲ့ ယုယက ဘုန်းကြီးအတွက် ကူစဉ်းစားပေးတာပေါ့။ ကလေးတွေရဲ့ အနေအထိုင် အစားအသောက်ကို ဂရုစိုက်ကြည့်တော့မှ အဲဒီ ရေကန်ကြီးက တရားခံပဲလို့ ထင်လို့ ဆရာဝန်ကို ပြောကြည့်တော့ ဟုတ်နေရော။

'ရေကန်ထဲကရေတွေမသန့်လို့ ကလေးတွေ ရောဂါဖြစ်တာဆိုပဲ'

ကျွန်မပြင့် လန့်တောင် လန့်သွားတယ်။

ရေကန်ကြီးထဲမှာ ဗေဒါတွေလည်း ပေါက်နေတော့ ကျွန်မတို့တောင် လှတယ် လှတယ်နဲ့ အားတဲ့အချိန် ရေကန်ဘေးမှာ သွားရပ်ကြသေးတာကိုး။ တော်သေးတယ်။ ရေကန်ထဲဆင်းပြီး ဗေဒါ တွေဘာတွေ မခူးမိလို့။

'ဘုန်းဘုန်းကျောင်းမှာ ကျောင်းသားလေးတွေလည်း ရှိတယ်။ တပည့်တော်တို့လို အင်္ဂလိပ်စာပြင်သစ်စာလာသင်နေတဲ့ အတန်း သားတွေလည်း ရှိတာပဲ။ အားလုံး တစ်ယောက်တစ်လက်ဝိုင်းကူ လုပ်ကြရင် ဒီရေကန်လောက်ကတော့ အသာလေးပဲ။ ဘုန်းဘုန်းက တပည့်တော်အတွက် အဲဒီအမိန့်သာထုတ်ပေးပါဘုရား'

အင် ယုယတဲ့။ နာမည်ကသာ ပျော့ခွဲ့ခွဲ့။ လူကအလကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူလာတာက ကိစ္စမရှိဘူး။ နေရင်းထိုင်ရင်း ကျွန်မတို့က လုပ်အားပေးရတော့တာပေါ့။

ဖြစ်နိုင်ပါ့မလား။ ဒီလောက်ကန်ကြီး အကြီးကြီး။ ရေတွေကလည်း အများကြီး။ ဒီရေတွေကို ဘယ်သွားသွန်ပစ်ရမှာလဲ။

'ငပိုးရိုပ်ချောင်းတစ်ခုလုံးရှိတာ။ အဲဒီချောင်းက ပင်လယ်ထဲစီးဝင်သွားလိမ့်မယ်။ ပိုက်ဆက်ပြီး စုပ်ထုတ်ပစ်မှာပေါ့'

ဟင် ဖြစ်နိုင်ပါ့မလာ။

'ရေကန်အောက်ခြေက မြေကြီးကိုကဖြစ်နေတာလား။ စီးဝင်တဲ့ရေတွေက ဖြစ်နေတာလား သိဖို့လိုတယ်'

ဆရာမခက်ကပြောပါတယ်။

'ဒီတော့ တို့တတွေ မြေဆီလွှာစစ်ဆေးဖို့ လုပ်ကြရမယ်'

ဒီရေကန်ဟာ ပိုးကျပြီးရင် အမြဲရေပြည့်ပြီးနေ့မှာ အမြဲလိုလို ရေနဲ့သွားတတ်တယ်။ ဒီတော့ ရေကန်လုယ်ဖို့ နေ့ကျမှလုပ်ပယ်တဲ့။ လောလောဆယ် မြေဆီလွှာစစ်ဆေးပယ်လို့ ပြောပါတယ်။

ယုယနဲ့ အပေါ်နှစ်ယောက် မြေကြီးရဲ့နမူနာတွေယူပြီး သွားစစ်ဆေးကြတယ်။ ဘယ်ကိုသွားရမယ်ဆိုတာကိုတော့ ဆရာမ ခက်က ညွှန်ကြားတာပေါ့။ တော်ပါသေးရဲ့။ မြေဆီလွှာကတော့ ကောင်းတယ်တဲ့။ စီးဝင်တဲ့ရေတွေ မသန့်တာတဲ့။

ဒီတော့ ကျွန်ပတို့က အဲဒီရေကန်ကို ရေလဲပြီးရင် အပြင်က ရေတွေ စီးဝင်မလာနိုင်အောင် ပိုပြင့်တဲ့ဘောင်တစ်ခု ဖို့ပေးရပယ် တဲ့။ ယုယကို ကုလသမဂ္ဂရေသန့်ဌာနက ပြောလိုက်တယ်။

'ကုန်ကျစရိတ်တော့ များပယ်တဲ့ဟာ။ ဒါပေမဲ့ ငါတို့လုပ်ရင် ဖြစ်နိုင်မှာပါ။ ငါတို့ ရန်ပုံငွေစုမှာပေါ့'

'ရံပုံငွေအများကြီးလိုမှာပေါ့'

'အေးပေါ့။ စည်းရုံးရေးဆင်းရမှာပေါ့။ ငွေရတာနဲ့ ရေကန်





ကြီးထဲက ရေတွေကို ရေစုပ်တဲ့မော်တာနဲ့ စုပ်ထုတ်မယ်။ ရေတွေကုန်သွားတဲ့အခါကျတော့ ကျောက်စရစ်ခဲတွေကို ကားတစ်စီးတာတိုက်ပြီး ဖြန့်ချပစ်မယ်။ ပြီးတော့ အဲဒီခြောက်သွေ့တဲ့ ချိုင့်ကြီးထဲကို ရေတွေထည့်ပယ်။ ကန်ဘောင်မြေဖို့ပယ်။ ပတ်လည်မှာ သစ်ပင်တွေစိုက်ကြရင်း နောက်တစ်ပိုး စောင့်လိုက်ရုံပဲပေါ့။ နောက်ဆိုရင် ရေကန်က စိမ်းလန်း ကြည်လင်လို့။ ပန်းရန့်လေးတွေကလည်း မွှေးလို့နေမယ်'

မဖြစ်နိုင်ဘူးလို့ ထင်ထားတာတစ်ခုကို ကျွန်မတို့ လုပ်ဖို့ အခု ကြိုးတားနေကြပါတယ်။ ယုယတစ်ယောက် အခုဆိုရင် ရေကန်ကို ပိုခိုနေတဲ့ ဘောပတ်ဝန်းကျင်အိမ်တွေကို စည်းရုံးနေပြီ။ ငွေစုနေပြီ။

'ဘာတဲ့လဲ နာမည်က'

'ဂွဲမာန်'

အိုးအို။ ဇီဇဝါမျက်နှာက ပလုံပလဲအပြုံးလေးနဲ့။ ဟင်း ငါသိတယ်နော်လို့ ကျွန်မပြောချင်လိုက်တာ။ ဒါပေမဲ့ ဇီဇဝါရှက်သွားမှာစိုးလို့ မပြောတော့ပါဘူး။

'ဟင် နင့်နာမည်ကလည်း ပေါ်တော်နာမည်ကြီး'

ဇီဇဝါပခံချင်အောင် ပြောရင်း ကျွန်မ ရယ်မိတယ်။

ဒါပေမဲ့ ယုယနဲ့လိုက်ပါတယ်။

ဟုတ်ပါရဲ့။ သူ့မိဘတွေကနော်၊ ဘာဖြစ်လို့များ ယုယ လို့ ပေးခဲ့ပါလိမ့်။ သူတို့လည်း ပယုယတတ်ဘဲနဲ့။ ပြီးတော့ ယုယဖို့ လဲသတိပရပါဘူး။ ကျွန်မသိသလောက်တော့ ယုယအမေရော အမေရော ဆူပူရန်ဖြစ် အော်ဟစ်နေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ည=ညညမှာအော်သံတွေကြားရတဲ့အိမ်

ဟိုဘက်အိမ်က ရန်ဖြစ်နေပြန်ပြီ။ ဗူးတွေခွက်တွေ ကျကွဲသံတွေလည်း ကြားတယ်။ စိတ်ညစ်စရာကြီးနော်။ စောစောကပဲ သူ့ညီလေးစာဖတ်နေတဲ့အသံနဲ့ စာသင်နေတဲ့ ယုယရဲ့အသံကို ကြားခဲ့ရသေးတယ်။ အခု သူ့အဖေက အော်ဟစ်နေပြီ။

အယ် ဆဲနေပြီ။

အဲတော် ကျွန်ပတို့အိမ်နံရံကိုတောင် အသံအကျယ်ကြီးနဲ့ လာ ထိတယ်။ ဘာနဲ့ကောက်ပေါက်လိုက်တာပါလိမ့်။

ဟော ယုယအမေအသံ။

ကျုပ်ကိုဆိုရင်လေ ရှင် သိပ်နိုင်တာပဲ တဲ့။ အသံကတော့ ညောင်နာနာပဲ။ ယုယအဖေက သာမန်အတိုင်းဆိုရင် အသံကျယ်ပါတယ်။ သူ့ယောက်ျားမူးတဲ့အချိန်ဆို အသံက ညောင်နာနာပဲ ကျန်တော့တယ်။

မင်းတို့ဆွေမျိုးတွေကို ငါက .... .... .... ဘုရား ဘုရား၊ အဲဒီစကားလုံးကို ကျွန်မပြင့် ပါးစပ်ကပပြောနဲ့။ လက်ရေးနဲ့တောင် မရေးရဲပါဘူး။ အင်္ဂလိပ်လိုရေးကြည့်ရင်ကော။

'ဟင်း ဒီအဒေါ်ကြီးမို့ ငြိမ်ခံနေတယ်။ ငါသာဆို အိမ်က ထွက်သွားမှာ ဖြစ်ချင်ရာဖြစ်'

မမဟောဟာက ပွစိပွစိနဲ့ ပြောတော့ ပေမေက ခေါင်းယမ်းတယ်။

'ဘယ်ပြေးလို့ရပါ့လဲ။ သူက ကိုပိုက်ထွေးလုပ်စာနဲ့ပဲ စားနေရတာ။ သားသမီးတွေကိုကျွေးဖို့မပြောနဲ့ သူ့ဟာသူတောင် ရှာစားတတ်ရဲ့လားမသိဘူး။ တွေ့လား သမီးတို့ အိမ်ထောင်ပြုတယ်ဆိုတာ



ဘယ်လောက် စဉ်းစားဖို့ကောင်းသလဲ တွေ့လား။'

အင်း ပေမေကတော့ သူ့ထုံးစံအတိုင်း အခွင့်အခါသင့်တုန်း သမီးတွေကို အိမ်ထောင်ရေးတရားဟောတော့မယ်။ မြန်မြန်ပြေးမှနဲ့တူတယ်။

'ဟာ နားညည်းလိုက်တာ။ တော်ကြပါတော့'

ပကြည်သာက နားနှစ်ဘက်ကိုပိတ်ရင်း ခပ်ကျယ်ကျယ်အော်ပြောလို့ ပေမေက မျက်လုံးပြူးသွားတယ်။

'ဟဲ့သမီး ဟိုက ကြားသွားရင် ဆဲလိမ့်မယ်။ တိုင်းပြီး ဆဲတဲ့စကားလုံးတွေကို သမီးကြားရဲ့သလား။ ကြားချင်သလား။ တိတ်တိတ်နေစမ်း'

ကျွန်ပတို့အားလုံး မှုဝပ်ပြီး ငြိမ်နေကြတယ်။

ပွဲကတော့ မပြီးသေးဘူး။ ရှေ့ဆက်ပြီး ကြာဖို့ပဲ ရှိတော့တယ်။ ငယ်သံပါအောင်အော်လိုက်တဲ့ အမျိုးသမီးအသံ။ တောက်ခေါက်တဲ့အသံ။ ကလေးနှစ်ယောက်လောက် ငိုင်းငိုလိုက်တဲ့အသံတွေက ကမ္ဘာပျက်သလား အောက်မေ့ရလောက်အောင် ဆူညံနေတော့တယ်။

'အဲဒါတွေအားလုံး ဝဋ်ကြွေးတွေ'

ပေပေက ကံ ကံ၏အကျိုးဆိုတာကို စတော့ပယ်။

တကယ်တော့လည်း ဒီအိမ်ထောင်စုမျိုးမှာ သားသမီး လာဖြစ်ရတာ ဝဋ်ကြွေးပါပဲ။ မိုးလင်းကနေ မိုးချုပ် တထိတ်ထိတ်နဲ့ နေရတာ။ ဘယ်အချိန်မှာများ အမှားလုပ်မိလို့ အဆူခံ အအော်ခံရမလဲ လို့။

ဦးပိုက်ထွေးက အရင်ကတော့ အင်ဂျင်နီယာလို့ ပြောတယ်။ အခုတော့ ကားစက်ပြင်ပေါ့။ အမလေး သောက်လိုက်တာအမူးပဲ။ မနက်ခင်းတွေမှာတောင်သောက်တယ်။ တစ်ခါတုန်းက မနက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီမှာ ကျွန်မမြို့ထဲသွားခါနီး ဘတ်စ်ကားဂိတ်မှာ တွေ့တယ်။ လူက ဆိုက်ကားပေါ်မှာ ယိုင်တောင်ယိုင်နေပြီ။ မျက်နှာကလည်း နီရဲ၊ မျက်လုံးတွေကလည်း နီနေပြီ။ ခေါင်းကလည်း ငိုက်စိုက်။ ဘယ်လိုလုပ်ပြီး ဝပ်ရှော့သွားနိုင်တော့မှာလဲ။ သူမသွားရင် ယုယပဲ သွားရမှာပေါ့။ သူတို့ဝပ်ရှော့အပိုင် ပဟုတ်ဘူး။ ဦးဟောင်ကို ဆိုတဲ့ ဦးလေးကြီးတစ်ယောက်က သူတို့ကို အလုပ်ပေးထားတာပေါ့။ ကန်သာယာလမ်းဆုံမှာ ဝပ်ရှော့က အကြီးကြီးပဲ။ ကျွန်မ မမခက် ကားပြင်တုန်းက လိုက်သွားတာမို့ ရောက်ဖူးတယ်။ သူတို့ဝပ်ရှော့မှာ ကားတွေ အများကြီးအပ်ထားတာတွေ့ရတယ်။

ယုယက စက်ဆီတွေမဲနေတဲ့ ဗွပ်ကျယ်အင်္ကျီလက်ပြတ်နဲ့ဆိုတော့ ကျောင်းတက်တဲ့ပုံစံနဲ့တခြားစီပဲ။

'အေသင် နင်တို့အိမ်မှာ ညက တဝါးဝါးနဲ့ရယ်မောနေလိုက်ကြတာ။ ဘာတွေ ပွဲကျနေတာလဲ'

ယုယက မေးတတ်တယ်။ ကျွန်မတို့အိပ်က အဲလိုပဲ ညညကျမှ လူစုံတာလေ။ ည ၇နာရီ ၈နာရီထိ လူမစုံသေးဘူး။ အလုပ်ဆင်းတဲ့အချိန်မှမတူတာ။ ထမင်းစားတဲ့အချိန်က အစောဆုံး ည ၈နာရီပါပဲ။ အဲဒီအချိန်ဆို ကျွန်မတို့ရယ်သံတွေ၊ တစ်ယောက်နဲ့တစ်ယောက် အတွေ့အကြုံကို လုပြီးပြောတဲ့အသံတွေနဲ့ ညံနေတာပဲ။ ပြီးရင်တော့ ယုယတို့အိမ်အလှည့်။ ယုယတို့အိပ်ကတော့ ရယ်သံမဟုတ်ဘူး။ အော်သံ ဆဲသံတွေပေါ့။

ကျွန်မမေမေနဲ့ပေပေကတော့ ပွစိပွစိ စကားများတာက လွဲရင် တစ်ခါမှ အကြီးအကျယ်အော်ဟစ်ဆူပူ ရန်ပဖြစ်ဘူးဘူး။ ယုယတို့အမေနဲ့အဖေကျတော့ အော်ပြီးရန်ဖြစ်တယ်။ အများဆုံး ကြားရတဲ့အသံက ယုယအဖေ့အသံ။

'ဟေ့ကောင် ယုယ ဘယ်တုန်း'







အဲ။ အကျယ်ကြီးအော်မေးလိုက်တဲ့ သူ့အဖေအသံကို ကြားရတယ်။ ကျွန်မ မှန်းလိုက်မယ်။ ယုယ အိပ်အပြင်ထွက်ဖို့ ခြေလှမ်းပြင်တာတွေ့လို့ဖြစ်မယ်။

ယုယက သူ့အဖေ မူးပြီးသောင်းကျန်းနေရင် တာအုပ်လေးတစ်အုပ်ဆွဲပြီး လပ်းထိပ်ကို ထွက်သွားနေကျလေ။ လမ်းထိပ်က လဘက် ရည်ဆိုင်မှာ သူ တာအုပ်တစ်အုပ် ပပြီးမချင်းထိုင်ဖတ်နေမှာ ကျွန်မသိတယ်။

'ကျွန်တော် အပြင်ခဏသွားမလို့အဖေ။ မကြာပါဘူး။ ခဏနေရင်ပြန်လာမှာပါ'

တွေ့လား။

ခဏနေရင်ဆိုတာ တစ်နာရီလောက်ကို ပြောတာ။ တစ်နာရီလောက်ကြာတဲ့အခါ သူ့အဖေ အော်ရတာမောသွားမယ်။ အရက်ကလည်း ပိုပိုမူးလာမယ်။ ပြီးတော့ ငြိမ်ပြီးအိပ်ပျော်သွားမယ်။

အဲဒီကျမှ ယုယက တာအုပ်လေးကို လိပ်ပြီးကိုင်လာရင်း အိမ်ထဲကို တိတ်တိတ်ဆိတ်ဆိတ် ပြန်ဝင်လာမှာပေါ့။ တာအုပ်ခပ်ပါးပါးတစ်အုပ်တောင် ကုန်အောင် ဖတ်ချင်ဖတ်ခဲ့မှာ။

မေမေကတော့ ယုယကို နိုင်ငံရေးစကားပြောလွန်းလို့တဲ့။ သိပ်မကြိုက်ဘူး။ ကိုယ့်ဒုက္ခ ကိုယ်ရှာနေတဲ့ကောင်လေးတဲ့။ ယုယက စကားပြောရင်လည်း စကားကြီးစကားကျယ်တွေ ပြောတတ်တာကိုး။ ပြောလိုက်ရင် စကားလုံးတွေက ပိုးပေါ်မှာ။

'လူသားတွေအတွက်တော့ ဒီဖြစ်ရပ်ဟာ သင်ခန်းစာအရဆုံးနဲ့ အနာကျင်ရဆုံး သမိုင်းအဖြစ်အပျက်ပဲ' ဆိုတဲ့စကားလုံးမျိုး။

'အပေရိုကန်ပြည်ထောင်စုသမ္မတတွေထဲမှာ ကျွန်တော် အလေးစားဆုံးက ဂျော့ဝါရှင်တန်'

ဆိုတဲ့စကားမျိုးပြောလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ဘယ်လောက်ကြောင်လိုက်သလဲ။

ယုယက ကိုယ် နဲ့တိုက်ရိုက်မသက်ဆိုင်တာတွေကိုပဲ ပြောတော့တာပဲ။ 'တကယ်လို့ ဒုတိယကမ္ဘာစစ်အတွင်းတုန်းက ဂျာမနီတွေဟာ အပြစ်ကျူးလွန်ခဲ့ တယ်ဆိုရင် အပြစ်ရှိတာက သူတို့ချည်းတော့မဟုတ်ဘူး။ ရုရှားတွေလည်း ပါတယ်'

အဲဒါမျိုးပေါ့။

မေမေကတော့ သူ့ကို မကြိုက်ဘူး။

'ဟိုကောင်လေးပြောတဲ့စကားလုံးတွေကို ငါမကြိုက်ဘူး။ အေသင်နော်။ ညည်း ပေါက်တတ်ကရတွေ လျှောက်လျှောက်မပေါင်းနဲ့' တဲ့။

'ဒီကောင်က စာတွေသိပ်ဖတ်လွန်းလို့ ရပ်ကွက်ထဲကလူတွေနဲ့ပေါင်းလို့ မရတော့တာ'လို့ ကိုဗေယျာကတော့ ပြောတယ်။

ဟုတ်တယ်။ ယုယက စာတော့ တအားဖတ်တာပဲ။ သူ့ကို ကြည့်လိုက်ရင် အမြဲတန်းစာအုပ်နဲ့။ လဘက်ရည်ဆိုင်သွားတာတောင် စာအုပ်ကို ကိုင်သွားတာ။ ဇီဝါအထင်ကြီးမယ်ဆိုလည်း ကြီးစရာ။ သူဖတ်တဲ့စာအုပ်တွေလည်း ကြည့်ဦးလေ။ နိုင်ငံတကာရေးရာကျွန်နယ်တွေ၊ အင်္ဂလိပ်စာစောင်တွေ။ တိုင်းမ်မဂ္ဂဇင်းတို့ နယူးစ်ဝိခ် မဂ္ဂဇင်းတို့ပေါ့။

သူက ဗြိတိသျှကောင်စီစာကြည့်တိုက်မှာတောင် စာကြည့်တိုက်အသင်းဝင်ပြီး စာအုပ်တွေငှားဖတ်တာ။ ကျွန်မတို့အုပ်စုထဲမှာတော့ သူကဆရာကြီးပေါ့။ သူကိုင်ကိုင်လာတဲ့ အင်္ဂလိပ်စာအုပ်တွေက လန့်တောင်လန့်စရာကောင်းတယ်။

ကျွန်မကတော့ အီးမေဂျာလို့သာပြောရတယ်။ အင်္ဂလိပ်စာအုပ်ဆိုရင် ပါးပါးပဲဖတ်ဖူးတယ်။ ဒါတောင် ခက်က ဌတ်ဖတ် နိုင်းလို့ ဖတ်ရတာ။

ဦးပိုက်ထွေးက သူ့သားတော်တာတော့ သိတယ်။





တစ်ခါတုန်းက ယုယတို့အိမ်ရှေ့မှာ ရေထည့်ပေးတဲ့ အန်တီကြီးကိုမြင်လို့ ရေထည့်ဖို့သွားပြောတာ သူနဲ့တည့်တည့်တိုးလို့ ကျွန်မကို ဦးပိုက်ထွေးက အင်တာဗျူးလုပ်တယ်လေ။

'သမီးက ဘယ်မှာတက်နေတာတုန်း'

'သမီးက အီးမေဂျာပါ။ ဒဂုန်မှာပဲတက်တယ်'

'ဟာ။ ယုယနဲ့အတူတူပေါ့ကွ။ ဒါဖြင့် ဦးနဲ့သမီးနဲ့ အင်္ဂလိပ်လို ပြောကြရအောင်လား'

ကျွန်မကို ဗိုလ်လိုတွေ ပူတ်နေတယ်။

'မင်းရဲ့ရည်မှန်းချက်က ဘာလဲ' တဲ့။

သူက အင်္ဂလိပ်လိုမေး။ ကျွန်မက ရည်မှန်းချက်မရှိပါဘူးလို့ မြန်မာလိုဖြေ။

သူက ဟားတယ်။

'ဟာ အီးမေဂျာသမားက မြန်မာလိုမဖြေနဲ့လေ။ အင်္ဂလိပ်လိုဖြေမှပေါ့။ ဘာလဲ ပဖြေတတ်ဘူးလား' တဲ့။

အိပ်မှပါ။ ဟိုဘက်ကအသံတွေကလည်း ပတိတ်သေးတော့ အိပ်ပျော်မှာတော့ပဟုတ်ဘူး။ စိတ်ညစ်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



## An Evening with Hip Hops

Union Day Stageshow

Strand Hotel Ball Room
Strand Road, Yangon

Time: 3p.m.
Day: 12-02-04
Ticket 4000 kyats

play list

**The Pioneer**
**&**
**The Another**

*အသင်မိုး* *၈-၀၂-၀၄*

*မှည်ထောင်ရနေ့ဓာတ်ပုံရိုက်ပွဲတစ်ခုမှာ တိုးအဖွဲ့ပါမှာမို့*

*အသင့်အတွက် လက်မှတ်ထည့်ပေးလိုက်တယ်။*

*ဟိုတစ်နေ့က ပိုက်ဆံရိုက်လိုက်တဲ့ အသင့်ကြင်နာမှု*

*အတွက် ကျေးဇူးဆပ်တာပါ။*

*ဉာဏ်သာ*



## ည=ညနေချိန်ခါ

လွဲလိုက်တာ။ သူ့နာမည်က ဝင့်ထည်ပဟုတ်ဘူး ဉာဏ်သာ ဆိုပါလား။ အို ဘာပဲဖြစ်ဖြစ် စတိတ်ရှိုးတစ်ခုကြည့်ရတော့မယ်။

ပပခက်က ဒီနေ့ညနေ ကျွန်မကို လမ်းထိပ်မှာတင် ချမပေးဘဲ အိမ်ရှေ့ထိလိုက်ပို့ပေးတယ်။

အိမ်ရှေ့လမ်းပေါ်မှာ ကြက်တောင်ရိုက်နေတဲ့ အိအိနဲ့ဒါလိကိုတွေ့သွားတော့ မမခက်ကပါ ခဏဝင်ကစားတယ်။ ကစားပြီးတော့ ကျွန်မက ကော်ဖီဖျော်တိုက်မယ်လုပ်တာ ပသောက်ဘူးတဲ့။ ရေပဲသောက်မယ် ဆိုလို့ ရေခပ်ပေးလိုက်ပါတယ်။ မမခက်က ကျွန်မရဲ့တအုပ်ဝင်ကို ကြည့်ချင်တယ်တဲ့။

ဟင် ဘယ်လိုလုပ်ရပါ့မလဲ။ ကျွန်မတို့အိပ်က မောင်နှမများတော့ နဲနဲရှုပ်ပွနေတယ်။ ကျွန်မစာအုပ်ဝင်က ညှိခန်းမှာမရှိဘူး။ အိပ်ခန်းထဲအထိသွားရမှာ။

အင်းလေ ဒါပေမဲ့ ပပခက်က ကြည့်ချင်တယ်ဆိုတော့ ပြရမှာပေါ့။ အိမ်ပေါ်ထပ်ကို ခေါ်သွားရတယ်။ တော်သေးတယ်။ ဒီအချိန်က ကိုဗေယျာရော ပေပေရောမလာသေးတဲ့အချိန်မို့။ မိန်းကလေးတွေချည်းပဲ ရှိနေတဲ့အချိန်လေ။

ကျွန်မစာအုပ်ဝင်လေးက အထပ်လေးနဲ့လာလာရောင်းတတ်တဲ့ သစ်သားပန်းကန်စင်လေးမျိုးပါပဲ။ နှစ်ဆင့်ပါတယ်။ စာအုပ်လေးတွေကိုတော့ ကျွန်မ သပ်သပ်ရပ်ရပ်စီပြီးထပ်ထားတာပါ။ ပမခက်က စာအုပ်တွေကို ကိုင်ကြည့်တယ်။ ကျွန်မစင်မှာ အများဆုံးက မြန်မာစာအုပ်တွေပါပဲ။ ဆရာဦးပေမြင့်စာအုပ်တွေ၊ ဆရာ ကြီတာရဲ့စာအုပ်တွေများပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ကံဆိုးချင်တော့ ဒစ်ရှင်နာရီတာအုပ်လေးကို မမခက်က ဆွဲထုတ်အကြည့်မှာ ကျွန်မရဲ့မှတ်တမ်းတာအုပ်လေးက တာအုပ်စင်ကနေ ပြုတ်ကျသွားတယ်။

ကျွန်မ ကမန်းကတန်းကောက်မယ်လုပ်တုန်း မမခက်က ကောက်ယူပေးတယ်။ တာအုပ်မျက်နှာဖုံးက တာတပ်းကို ဖတ်ပြီး ပြုံးနေတယ်လေ။

'အေသင်ပိုး၏မှတ်စုတာအုပ် အခွင့်မရှိမကိုင်ရ ခိုးမဖတ်ရ'

လို့ ကျွန်မ ရေးထားတာကို။

'ဘာလဲ ညီမလေးတွေက ဖဘ်ကြည့်ကြသလား' ပြောပြီး တာအုပ်စင်မှာ ပြန်ညှပ်ပေးပါတယ်။

'သမီးတို့မဖတ်ပါဘူး။ မမအေသင်က ခွင့်မပေးဘဲနဲ့ မဖတ်ပါဘူး'

'အို သိပ်လိမ်မာတဲ့ကလေးပါလား'

မမခက်က အိအိကို ပါးလေးလိမ်ဆွဲပျစ်တယ်လေ။ အိအိက သူ့ကို လိမ်မာတယ်ပြောလို့ ပျော်သွားပြီး အကုန် ဖော်ကောင်လုပ်တော့တာပဲ။

'အဲဒီမှတ်တမ်းတာအုပ်ထဲမှာ ဝတိတ်ရှိုးလက်မှတ်ရှိတယ်။ သမီးခိုးဖတ်တာမဟုတ်ဘူး။ မမအေသင်က ပြတာ'

'အော် အေးအေး'

'မမအေသင်ရဲ့သူငယ်ချင်းက ချမ်းသာတယ်။ ကိုယ်ပိုင်ကားကို ကိုယ့်ဟာကိုယ်မောင်းတာ။ သူက အဆိုတော်။ သူတို့ ဝတိတ်ရှိုးပွဲကို လက်မှတ်ပေးတာ။ မမတို့က သွားကြည့်မှာတဲ့'

'အိအိနော် အိအိ စကားသိပ်များတာပဲ'

ကျွန်မ အိအိကို ဆက်မပြောစေချင်လို့ မျက်နှာထားနဲ့ မာန်လိုက်ရတယ်။



'ဝတိတ်ရှိုးကြည့်တာလဲကြည့်ပေါ့လေ။ လူငယ်ပဲ။ ဂီတကို လိုအပ်တာပေါ့။ ဒါပေမဲ့ လူငယ်တွေအတွက် လိုအပ်တဲ့ ပတ်ဝန်းကျင်ဟာ ဂီတနဲ့ရုပ်ရှင်လောက်တင် မဟုတ်ဘူး။ ဒီ့ထက်ပိုလိုသေးတယ်'

ကျွန်မတာအုပ်စင်အောက်နားက သီချင်းတိတ်ခွေ အပုံလိုက်ကို ကြည့်ပြီး မမခက်က ကျွန်မကို တရားဟောပါတော့တယ်။

'လူငယ်တွေမှာ ကြွယ်ဝတဲ့ပတ်ဝန်းကျင်တစ်ခု လိုအပ်တယ် ညီမရဲ့။ Rich Environment လို့ခေါ်တာပေါ့။ ဘဝ အောင်မြင်မှုအတွက် အရေးကြီးတဲ့အရာတွေပေါ့။ တာအုပ်တွေ လိုမယ်၊ ခေတ်ကိုအမီလိုက်ဖို့ သင့်တင့်တဲ့နည်းပညာတွေလိုမယ်။ ပညာကို ကိုယ့်ကို လက်ဆင့်ကမ်းနိုင်မယ့်လူတွေ လိုမယ်။ အဲဒီ ပတ်ဝန်းကျင်ဆိုတာက တချို့အတွက် အလိုအလျောက်ရှိနေပြီးသားဖြစ်ပေမဲ့ တချို့အတွက်တော့ ကိုယ်တိုင်အားထုတ်ဖန်တီးမှ ဒီပတ်ဝန်းကျင်မျိုးလေး ရတယ်။ ပညာက ကိုယ့်အနားကိုမလာရင် ကိုယ်က ပညာဆီကိုသွား ရမှာပဲ။ ညနေခင်းတွေကို တီဗွီဇာတ်လမ်းတွေနဲ့ အချိန်ဖြုန်းနေပယ့်အစား ဘာသာရပ်ကျွမ်းကျင်အောင်လေ့ ကျင့်ကျက်မှတ်နေရင် ပိုအကျိုးရှိမယ်။ တန်ဖိုးရှိတဲ့အရာဆိုတာ လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ'

'အဲဒါ ဆရာမက သမီးတို့လို ဘတ်စ်ကားကြပ်ကြပ်တွေကို ဝေးဝေးမစီးရလို့ပြောတာ။ အိမ်ပြန်ရောက်ရင် သမီးတို့မှာ ဘာခွန်အားမှ မကျန်တော့ဘူး ဆရာမရဲ့။ တစ်နေကုန်လည်း ပတ်တာတ် ရပ်နေရတာ။ ဘတ်စ်ကားပေါ်ရောက်တော့လည်း ကြ[illegible]ကြပ်တည်းတည်းမှာ မတ်တတ်ရပ်'

မမခက် ခဏတော့ငြိမ်သွားတယ်။ ဒါပေမဲ့ သူ့မှာ အငြင်းပွားစရာစကားတွေက ရှိကိုရှိနေတယ်။

'ဆရာမကြီးရဲ့ကားကိုမောင်းမပေးရခင် မမခက်ဘတ်စ်ကား

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ရန်ကုန်တစ်မြို့လုံးကို သွားခဲ့တာပါပဲဟယ်။ ညီမကမှ မိဘတွေနဲ့ အတူနေတာမို့ မိဘကို မှီခိုလို့ရသေးတယ်။ မမက နယ်ကနေ တစ်ယောက်တည်း ရွှန့်တားပြီး ထွက်လာရတာ။ မိဘဆီမှီခိုနေလို့မရဘူး။ ကိုယ့်အတိုင်းအတာနဲ့ကိုယ် စိစိစစ်စစ် သုံးရတာ။ ဘတ်စ်ကားခ သက်သာအောင် တချို့လပ်းတွေကို ခြေလျင်တောင် အဝေးကြီး လျှောက်ခဲ့ရဖူးပါတယ်။ ဒီအခြေအနေတွေကိုညည်းညူပြီး ကိုယ့်ကိုယ်ကို သိပ်သနားငဲ့ညှာနေရင် ဒီလှေကားထစ်ကို ဘယ်လိုလုပ် တက်နိုင်မလဲ။ ပထမဆုံး လှေကားတစ်ထစ်က အရေးအကြီးဆုံး၊ အခက်ဆုံး။ ပထမအထစ်ပြီးရင် ဒုတိယလှေကားထစ်က လွယ်သွားပြီလေ'

'မမခက် ညနေတွေမှာ သီချင်းနားပထောင်ဘူးလား'

'နားထောင်တာပေါ့။ ဒါပေမဲ့စာတွေလဲအများကြီးဖတ်တယ်။ သူများကို စာမသင်ရရင် ကိုယ့်ကိုယ်ကို စာသင်တယ်'

'ကိုယ့်ကိုယ်ကို ဘယ်လိုသင်တာလဲဟင်'

'တချို့သင်တန်းတွေ သွားတက်တာပေါ့။ ဥပမာ အမေရိကန်စင်တာမှာလုပ်တဲ့ နိုင်ငံတကာရေးရာသင်တန်းတို့ စာနယ်ဇင်းပညာသင်တန်းတို့ ဘာတို့ပေါ့'

'အော်'

'တချို့ညနေတွေမှာတော့ အဲဒီမှာပဲ ဘာသာရပ်အသီးသီးနဲ့ ပတ်သက်ပြီး လက်ချာတွေရှိတတ်တယ်။ ဥပမာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ လူ့ယဉ်ကျေးမှုသမိုင်းတို့ ရှေးဟောင်းသုတေသနပညာတို့ပေါ့။ အဲဒီမှာသွားနားထောင်တဲ့အခါ ကိုယ့်အတွက် ဗဟုသုတရော ဘာသာစကားရော နှစ်မျိုးရတယ်လေ။ လက်ချာပေးသူတွေက နိုင်ငံခြားသားပညာရှင်တွေ များတာကိုး။

'သမီးတို့ကော သွားလို့ရလို့လား'





'အို ဘာလို့မရရမလဲ။ မမလိုက်ပို့ပေးမှာပေါ့။ အေသင် သွားချင်ရင် နောက်တစ်ပတ်မှာ စာကြည့်တိုက်ကို လိုက်ပို့ပေးမယ်'

'သွားချင်တယ်'

'မမက အေသင်တို့ကိုစာသင်နေတဲ့သူ၊ အေသင်တို့ တစ်ယောက် ချင်းရဲ့ အရည်အချင်းဘယ်ဟာလဲဆိုတာ သဘောပေါက်ပါတယ်။ အေသင့်ကို ဖြစ်စေချင်တယ်ဆိုရင် အဲဒါက အေသင် ဖြစ်နိုင်ချေရှိတဲ့ဘဝမို့ပဲ လို့ မှတ်ထားနော်'

'ဟုတ်ကဲ့ ဖြစ်အောင်လုပ်ပါမယ်'

'မမက အေသင့်ကို ဘာသာစကားနဲ့ပတ်သက်တဲ့ ပညာရှင်ဖြစ်စေချင်တယ်။ အင်္ဂလိပ်ဘာသာပေါ့။ အေသင်က ဘာသာ စကားတွေမှာ တဲလင့် ရှိတယ်။ တစ်ခါတုန်းက အေသင့်ကို ပြင်သစ် ဘာသာစကားလေးငါးလုံး ဆရာကျင်မီက သင်ပေးဖူးတယ်မဟုတ်လား။ အဲဒီစကားလုံးတွေကို အေသင် အသံထွက်ကောင်းကောင်းနဲ့လဲ ရွတ်နိုင်တယ်။ မေ့လဲ မမေ့တော့ဘူး။

ခက်က ကျွန်မကို အင်္ဂလိပ်စာဆရာမဖြစ်စေချင်တယ် လို့ ကျွန်မက သဘောပေါက်လိုက်တာ။ ဒါပေမဲ့ ခက်ဖြစ်စေချင်တာက အဲဒါထက်ပိုတယ်။

'အင်္ဂလိပ်ဘာသာကို သင်ကြားတဲ့သူရော ကျွမ်းကျင်တဲ့ ဘာသာပြန်ရော၊ လေ့ကျင့်သင်တန်း ပေးတဲ့ဆရာရော ဖြစ်စေချင်တာ'

ခက်ကို ကျွန်မ ငေးကြည့်မိတယ်။

'မမနဲ့အေသင်နဲ့က ဘာသာစကားကို စိတ်ဝင်စားတာတင်မကဘူး တချို့နေရာတွေမှာလည်း တူတယ်'

'ဘာတွေတူသေးလဲဟင်'

ခက်က မပြောချင်သလို အင်တင်တင်ဖြစ်နေပြီး ပြုံးရယ်ပြီး ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကူးယဉ်ဒဏ္ဍာရီတွေကို သဘောကျတာ'

'ဟင်'

'ဟုတ်တယ်အေသင်။ ငယ်ငယ်တုန်းက ဖတ်ခဲ့ရတဲ့ စင်ဒရဲလား ပုံပြင်လေးတွေ၊ အိပ်မျော်နေတဲ့အလှလေး ပုံပြင်တွေ ခင်နှင်းဖြူနဲ့လူပုလေးခုနစ်ယောက်ပုံပြင်တွေကိုသဘောကျပြီး အပြင်မှာ အဲဒီလို ပုံပြင်မျိုးရှိပလားလို့ စိတ်ကူးယဉ်တဲ့နေရာမှာတူတယ်။ မမ ခပ်ငယ်ငယ်က အဲဒီအဖြစ်မျိုး တကယ်ရှိပလားလို့ မျှော်လင့်ခဲ့ဖူးတယ်'

ကျွန်မ မျက်နှာငွေးခနဲဖြစ်သွားတယ်။ ကျွန်မစိတ်ကူးယဉ်တယ်လို့ သူက ဘာဖြစ်လို့ပြောနိုင်သလဲ။ အိအိ။ အိအိ ရှုပ်ပြန်ပြီ။

'အေသင် စိတ်သဘောကောင်းပြီး ဖြူစင်တဲ့မိန်းကလေးတွေကို အသက်ထက်ဆုံးပြတ်နိုးတတ်တဲ့ပင်းသားလေးတွေက ပုံပြင်ထဲမှာပဲရှိတယ်ညီမ။ အပြင်မှာတော့ ပင်းသားလေးတွေဟာ နန်းတော်ထဲက ရုပ်လည်းလှ ချမ်းလည်းချမ်းသာတဲ့ မိန်းကလေးတွေကိုပဲ သူတို့နဲ့တစ်တန်းတည်း ထားတယ်။ စိတ်ထားဖြူစင်ပေမယ့် ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးတွေကို သူတို့က အကန့်အသတ်နဲ့သာ ခင်တွယ်တာ'

ခက်က သက်ပြင်းချပြီး ကျွန်မကို ငေးကြည့်ပြုံးနေပါတယ်။

'လူတွေရဲ့ပည်းညစ်တဲ့စိတ်၊ တစ်ခါတစ်ခါ ဖြူမလိုနဲ့မည်းသွားတတ်တဲ့စိတ်တွေကို ညီမ ဘယ်သိဦးမလဲလေ'

ပည်းညစ်တဲ့စိတ်ဆိုတာ ဘယ်လိုဟာမျိုးလဲမသိဘူးနော်။





၇

# ညညတစ်ည

ဘတ်စ်ကားစောင့်ရတာကြာလို့ ကျွန်မတို့ရောက်သွားတဲ့အချိန်က နောက်တောင်ကျနေပြီ။ ဝတိတ်ရှိုးစနေပြီ။ ဂီတသံကတော့ မားကွဲမတတ်ပဲ။ ဒုန်းဒုန်းနဲ့ ဟိန်းနေတာပဲ။

ပိုင်အိုးနီးယားဆိုတဲ့အဖွဲ့က အရင် စင်ပေါ်တက်လာတယ်။ အဲဒီအဖွဲ့ကို ပရိသတ်က လက်ခုပ်တွေတီးလိုက်ကြတာ မပြောပါနဲ့တော့။

'မကြည်သာ ဟို ဝတုတ်တုတ်ကောင်လေးက သီချင်းလဲ မဆိုပဲနဲ့ စင်ပေါ်မှာ ဘာတက်လုပ်နေတာလဲ'

'ဟဲ့ ငတုံးမ အဲဒါ ဒီဂျေလို့ခေါ်တယ်ဟဲ့။'

'အော် ဒီဂျေဆိုတာ ဒါမျိုးလား၊ ကြားတော့ကြားဖူးပါတယ်'

'ဟင် စင်ထရယ်မှာအရောင်းတာရေးလုပ်ဖို့ ဒဂုန်စင်တာကို နေ့တိုင်းသွားနေတဲ့သူက ဒါလေးတောင် မသိဘူး'

'အို ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့။ အဲဒီ ဒဂုန်စင်တာပထမထပ်မှာ တီးဝိုင်းအဖွဲ့တွေ ခဏခဏ အရောင်းမြှင့်တင်ရေးပွဲတွေ လုပ်လုပ်နေတာ။ ဒီဂျေကို သိဖို့ကောင်းတာပေါ့။ ဒီဂျေဆိုတာက သီချင်းတွေကို ဖွင့်ပေးပြီးတော့ ကရာပေးတဲ့လူဟာ'

'ဒီဂျေ ဆိုတာ အရှည်က ဘယ်လိုတဲ့လဲ'

မေးတော့ မကြည်သာ မဖြေနိုင်ဘူး။

'အဲ ငါလည်း မသိဘူး'

အနားမှာရှိတဲ့ ပွဲကြည့်ပရိသတ်ထဲက အစ်ကိုကြီးတစ်ယောက်က လှည့်ကြည့်တယ်။ သူ့ကြည့်ရတာ ကျွန်မတို့ မစိမ့်ပွစိလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို နားညည်းနေပုံပဲ။ မျက်နှာထားခပ်တည်တည်နဲ့

ဒီဂျေ ဆိုတာ ဒစ်စ်ခ်ဂျော့ကီ လို့ခေါ်တယ်။ ဂျော့ကီဆိုတာကို သိလား'

'မသိဘူး'

'မြင်းစီးတဲ့ဂျော်ကီဆိုတာကို မကြားဖူးဘူးလား'

မကြည်သာက လျှာတစ်လစ်ထုတ်ပြီး ခေါင်းယမ်းတယ်။

'အော် သိပြီ။ စီဒီအချပ်တွေကို မြင်းစီးသလိုစီးတာမျိုးလား'

ကျွန်မပြောရင်းနဲ့ ရယ်ချင်သွားလို့ ရယ်ပစ်လိုက်တော့ အဲဒီ အစ်ကိုကြီးက မျက်နှာရှုံ့သွားတယ်။

'ဟဲ့'

မကြည်သာက တံတောင်နဲ့တွက်လိုက်လို့ ကျွန်မလည်း အသာလေးပုနေလိုက်ရတယ်။

'ငါမှ မသိတာကြီးကို'

'မသိရင် အသာနေပါလား'

ကျွန်မတို့နှစ်ယောက် ကြိတ်ကြိတ် ရန်ဖြစ်ရပြန်တယ်။

ကျွန်မတို့ဘေးမှာတော့ ကောင်မလေးတွေက ဆတ်ဆတ်လူး ကိုထနေတာပဲ။ အဖွဲ့ထဲက အရှည်ဆုံး ကောင်လေးတစ်ကောင်ကို ကြွေ နေကြတယ်။ သူ့နာမည်က မိုးယံ ဆိုလား။

သီချင်းတောင် ကောင်းကောင်းမဆိုရသေးဘူး။ ပန်းစည်း တွေပေးလိုက်၊ အမွေးပွရုပ်လေးတွေပေးလိုက်နဲ့။ သူချည်း ရနေ တော့တာပဲ။လေးယောက်အတူတူဆိုကြတာမှာ အဲဒီမိုးယံက ဆိုရတာ ပိုများတာတော့ ဟုတ်တယ်။ ဒါပေမဲ့ အဲလို မျက်နှာလိုက်တာတော့ ဘယ်ကောင်းမလဲ။ ကျွန်မမှာ ပိုက်ဆံမရှိလို့ပါ။ ရှိများရှိရင် ဟို အပုဆုံး ကောင်လေးကို အမွေးပွခွေးရုပ်လေး တစ်ရုပ်လောက်တော့ ဝယ်ပြီး





ပေးလိုက်ချင်သား။

အဲမယ် ဘာအကျင့်လည်းမသိဘူး။ မိုးယံက သူ့ဒူးမှာ ပတ် ထားတဲ့ စကော့ဖ်ပဝါအဝါရောင်လေးကို ဖြုတ်ပြီး ပရိသတ်ထဲကို ပစ် ပေးလိုက်တော့ အဲမယ်လေး ဖမ်းလိုက်ကြတဲ့ ကောင်မလေးတွေမှ မနည်းလိုက်ပါဘူး။ တစ်မျိုးကြီးပါလား။ သူများဒူးခေါင်းမှာ ပတ်ပြီး သားပဝါကိုရဖို့များကွယ် လုနေလိုက်ကြတာ။ ငါဖြင့် မလိုချင်ပေါင်။

ဂါဝန်ပန်းရောင်လေးနဲ့ နှစ်နှစ်သမီးအရွယ်လောက် ကလေး မလေးကလည်း စတိတ်ရှိုးအခန်းထဲကို ဝင်လာကတည်းက ပန်းစည်း ကိုကိုင်လို့ သူ့ အမေက သူ့ကို ချီထားရတယ်။ ဘယ်သူ့ကို ပေးမလဲလို့ စောင့်ကြည့်နေပိတာ။ နောက်ဆုံးတော့ မိုးယံကို ပေးတယ်တော့။ ဟင်း လှုကြည့်တော့ လမ်းတောင် အပေမတွဲဘဲ ဖြောင့်ဖြောင့်လျှောက်နိုင်ရဲ့ လား မသိ။ ပန်းစည်းကိုတော့ ပေးတတ်သားပဲ။ မလွယ်ဘူး။

လာကြည့်တဲ့ ပရိသတ်တွေမှာ အအေးဗိုးလည်း မနည်း ကုန် ပယ်။ ခဏခဏ အပြင်ထွက်ပြီး အအေးခွက်လေးတွေ ကိုင်ကိုင်ပြီး ပြန်ဝင်လာတာတွေ့တယ်။ မွေးပွအရုပ်ဖိုးလည်း မနည်းလောက်ပါဘူး။ တစ်ရုပ်ကို ဘယ်လောက်များပေးရမလဲမသိဘူး။ ဈေးတင်ထားဦး မှာပေါ့။ အပြင်မှာ တစ်ရုပ် ငါးထောင်ဆိုရင် ဒီရှေ့မှာ ရောင်းတော့ ခုနစ်ထောင်ဆိုတာ အနည်းဆုံးပဲ ဖြစ်မှာ။

'အခုတစ်ခါ ဖြေဖျော်ဖို့အလှည့်ကျတဲ့အဖွဲ့ကတော့ အနား သားပါ ခင်ဗျား'

အဲ အဲဒါမှ ဟိုကောင်လေးတို့အဖွဲ့။

ပရိသတ်က လက်ခုပ်သိပ်မတီးကြဘူး။ လက်ခုပ်သံကပြြိုး ပြိုး ဖျောက်ဖျောက်ပဲ။ သူတို့က စောစောကအဖွဲ့ကိုပဲ နားထောင် ချင်နေကြတာ။ ဒီလိုကျတော့ ကျွန်မ သူတို့အဖွဲ့ကို သနားသွားမိပြန်



www.burmeseclassic.com

www.burmeseclassic.com

ရော။ ဒါနဲ့ပဲ ကျွန်မ အားရပါးရ လက်ခုပ်တီးလိုက်မိပါတယ်။ မကြည်သာကိုလဲ တီးလေဟာ လို့ ပြောလိုက်ရတယ်။ ဟုတ်တယ်လေ။ အားပေးရမှာမဟုတ်လား။

'ကျွန်တော်တို့ အခုဆိုမဲ့သီချင်းလေးကတော့ 'အချစ်လား' လို့ အမည်ရပါတယ်။

သီချင်းက မြူးမြူးကြွကြွလေး။

ငေးကြည့်လို့မဝအောင် မင်းက သိပ်လှ။
တစ်နေ့မှ မေ့မရပါ မင်းဆိုပင်းမှ

မျက်စိစုံမှိတ်ပြီးညည်းလိုက်တဲ့ အပိုဒ်မှာ သူ့အသံက တော်တော်နားထောင်ကောင်းသားပါလား လို့ သတိထားလိုက်မိတယ်။

အချစ်ကြိုးတွေ ပြန်ပြည်ရင်းနဲ့ ရှုပ်မွှ
အိုး ငြိမ်းမရတဲ့မီးတွေ တစ်စတစ်စ ပြင်းပြ
တစ်ရေးမှအိပ်မရတဲ့ညတွေပဲ ကိုယ့်အတွက် နှိပ်စက်ကြ
မင်းပြုံးလိုက်တဲ့ အတွယ်တာတွေလည်း တိုဆီရောက်တော့
သောက

အမှန်ကတော့ သူ့သီချင်းက အသဲကွဲသီချင်းပေါ့။ ဒါပေမဲ့ ဂီတာက ပြူးနေတော့ သူ့သီချင်းက သနားစရာမကောင်းပါဘူး။ လူက နားထောင်ရင်းနဲ့ လက်လှုပ်ချင် ခြေထောက်လှုပ်ချင် ဖြစ်လာတယ်။

နှစ်နာရီခွဲ သုံးနာရီလောက်ကြာအောင် မတ်တတ်ရပ်ပြီး နားထောင်နေရပေမယ့် အချိန်ကုန်လို့ကုန်မှန်းမသိရဘူး။ ဝင်ထရယ်မှာ သုံး





နာရီလောက် ကောင်တာမှာရပ်ပြီး ပန္နည်းတွေရောင်း ပိုက်ဆံတွေသိမ်း လုပ်ရတာက ပင်ပန်းမှန်းသိတယ်။

အရေးထဲမှာ ပကြည်သာက သူ့ပီစီအိုဖုန်းနေရာလေးမှာ အစားထိုးခဲ့ရတဲ့ မယောမာကို စိတ်မချဘူးဖြစ်နေတယ်။ ငွေအပ်တဲ့ကိစ္စ အဆင်မှ ပြေပါ့မလား။ တယ်လီဖုန်းလေးတွေ သိမ်းတဲ့နေရာမှာရော စိတ်ချရပါ့မလား။ အို ပွစိပွစိနဲ့ တတွတ်တွတ် နားကို ညည်းလို့။

'မကြည်သာ။ နင်ကြည့်ချင်တယ်ဆိုလို့ ငါလာကြည့်တာနော်။ နင် ဒီကိုမှ လာခဲ့ပြီးရင် ဘာမှ ပွစိပွစိ လုပ်မနေနဲ့တော့။ ကြည့်မှာသာကြည့်'

အဲလို ပြောပစ်လိုက်တော့မှ ငြိမ်သွားတော့တယ်။ ဂီတ အရသာလည်း ဘယ်ရောက်သွားမှန်းမသိတော့ပါဘူး။

အနားမှာတော့ ကောင်လေးတွေကောင်မလေးတွေ ဘာမှ အမူအပင်မရှိဘဲ စည်းချက်လိုက်ပြီး ကိုယ်ကို ယိမ်းထိုးလှုပ်ခါလို့ တက်တက် ကြွကြွကြည့်နေကြတယ်။

ပွဲပြီးလို့ အိမ်ပြန်မယ်လုပ်တော့မှ ခန်းမထောင့်ကနေ ထွက်လာတဲ့ ယုယကို မြင်လိုက်ရတယ်။ အို သူလဲ လာကြည့်တာပါလား။ ယုယကို ဘာဖြစ်လို့ စောစောက မမြင်ရတာလဲ။

ယုယက ကျွန်မတို့ဆီကို လျှောက်လာတယ်။

'ယုယ နင့်ကို ငါတို့မမြင်ဘူး'

'ငါက ဟိုးဘက်က ဝင်ထောင့်မှာ ရပ်ကြည့်တာ။ နင်တို့ကိုတော့ ငါမြင်ပါတယ်။ ဘယ့်နှယ်လဲ ကောင်းလား'

'အင်း ကောင်းတယ်။ နင်ရော ကြိုက်လား'

'သိပ်မကြိုက်ဘူး။ ဟာစ်ယောပ်မစစ်ဘူးလို့ ထင်တယ်'

'အို ဟာစ်ပေါ့မှာ အစစ်တွေ အတုတွေရှိသေးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ နင်ကလဲ ရှိတာပေါ့။ ကောင်မလေးတွေကိုချစ်တဲ့ အကြောင်းတွေချည်း သီချင်းလုပ်ဆိုနေလို့ဖြစ်မလား။ ဘဝထဲက မွန်းကြပ်မှုတွေ ပေါက်ကွဲချက်တွေ ပြင်းပြင်းပြပြ ထုတ်ဖော်နိုင်ရမှာပေါ့။ နေအုံး ငါ နင့်ကို သီချင်းတိုတ်ခွေတွေ ပေးပါဦးမယ်။ နားထောင်ကြည့်ပါဦး'

ကျွန်မတို့သုံးယောက် ကားဂိတ်ကို အတူတူသွားကြတယ်။

၄၃က ကြပ်လိုက်တာ အသက်ရှူလို့တောင်မရဘူး။ အင်းအင်းနဲ့ ဖြစ်နေတယ်။

'ရပ်လို့ရလား။ ဒီဘက်ကိုလာခဲ့'

ယုယက ဒရိုက်ဘာနောက်ဘက်ကိုတိုးဝင်နေရင်းနဲ့ ကျွန်မတို့ကို ခေါ်တယ်။ ယုယဆီကို မရပက တိုးသွားမိတယ်။ ယောကျ်ားလေးအဖော်တစ်ယောက်ပါတာ၊ ပါတယ်လို့ ကားပေါ်ကယောကျ်ားတွေသိတာ။ ကျွန်မတို့အတွက် ကောင်းတယ်လေ။

မကြည်သာက ကားကြပ်ကြပ်ကို ပြန်နေကျမို့ထင်တယ်။ တစ်ချက်မှမညည်းဘူးတော့။ ကျွန်မမှာတော့ ညပိုင်း ကားကြပ်တဲ့အချိန်တွေမှာ ဖယ်ရီနဲ့ပြန်နေကျဆိုတော့ အခုလို ကားတစ်စီးလုံး ကြပ်ပြွတ်သိပ်နေတာကို မခံနိုင်ဘူး။ မှတ်တိုင်တစ်ခုမှာ အဆင်းအတက်လုပ်တိုင်းတိုးခံလိုက်ရတာ သေတော့ပယ်။

'ဒီကားကိုက ကြပ်နေတာနော်။ ငါတို့နောက်ကား စောင့်လိုက်ရင် ကောင်းသား'

မကြည်သာကို တိုးတိုးလေးပြောပိတယ်။ မကြည်သာက မျက်လုံးကြီး ပြူးပြီး

'အတူတူပဲ။ ကြပ်မှာပဲ။ စောစောတက်ရင် စောစောပြန်ရောက်မယ်။ စောစောနားရမယ်။ ဒါပဲ။ စကားမရှည်နဲ့' တဲ့။





ကားကြပ်တဲ့အထဲ သူက ကျွန်မကို ပိတ်ပောက်တော့ စိတ․တိုလိုက်တာ မပြောပါနဲ့တော့။ အသက်ကလည်း ရှူလို့မဝ။ ကားထဲမှာ တစ်ယောက်ယောက် အန်ထားသလိုပဲ။ ချဉ်စူးစူးအနံ့က ဆိုးလိုက်တာ။ ကားပြတင်းနားဆီ မရရအောင် တိုးဝင်ပြီး ပြတင်းဘက်ကို မျက်နှာလှည့်ထားလိုက်တော့မှ အသက်ရှူလို့ နည်းနည်း ရသွားတော့တယ်။ တော်ပါသေးရဲ့။

မယ်လမုမှတ်တိုင်ရောက်တော့ လူအဆင်းများလို့ ကားနည်းနည်း ချောင်မလားမျှော်လင့်မိပါတယ်။ ပြန်တက်တဲ့လူတွေက ဆင်းသွားတဲ့လူတွေ ထက်တောင်များသေး။ ဗိုက်ကလည်းဆာ။ ရေ ကလည်းငတ်။ ရှူးကလဲ ပေါက်ချင်။ အံမာလေး။ နောက်များတော့ အလကားရလည်း ဝတိတ်ရှိုး မကြည့်တော့ပါဘူး။

အဝိုင်းမှာ ကားပြောင်းစီးတဲ့အခါကျတော့ ပိုဆိုးနေတယ်။ ၄၉ကားက တက်လို့တောင်မရဘူး။ ယုယက ယောကျ်ားလေးပဲ။ တိုးတိုက်ပြီး နောက်ဘက်မှာတွယ်စီးရင်ရတယ်။ ဒါပေမဲ့ ကျွန်မတို့ နှစ်ယောက်ကို ငဲ့ပြီး ကျန်ကျန်နေခဲ့တယ်။

ကားမှတ်တိုင်မှာ လူတွေကြိတ်ကြိတ်တိုးနေတာပဲ။ ဒီညတော့ ကား ချောင်မှ ချောင်ပါတော့မလားလို့တောင် ထင်ရတယ်။

'အေသင် စင်ထရယ်မှာ အလုပ်လုပ်ရတာ အဆင်ပြေလား'

'ပြေပါတယ် ညနေတွေမှာ ဖယ်ရီလိုက်ပို့ပေးတယ်လေ'

'အေး သိပါတယ်။ ဒါပေမဲ့ နင့်ဖယ်ရီက ကျောင်းကွေ့မှာပဲ ချပေးတာမဟုတ်လား။ ရပ်ကွက်ထဲရောက်အောင် ဆိုက်ကားစီးရတာလေ။ ဆိုက်ကားနဲ့ မိန်းကလေးတစ်ယောက်တည်းပြန်ရတာ မကောင်းဘူး။ ဟိုတစ်ညက နင်တစ်ယောက်တည်း ဆိုက်ကားနဲ့ ပြန်လာတာ တွေ့လိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနေ့က မေမေ ဖျားနေလို့'

'အေသင် နှင့်အစ်ပတွေနဲ့ ချိန်းပြီးမှ ပြန်လာလို့မရဘူးလား'

'မရဘူး ပြီးတဲ့အချိန်တွေ မတူဘူးလေ။'

ယုယက ခေါင်းကဆံပင်တွေကို ဖွတယ်။ အဲဒီနောက်အကြာကြီး ငြိမ်သွားတော့တယ်။ ၄ဇတစ်စင်းပေါ် အပြေးအလွှား တက်ကြတဲ့အချိန်ထိပဲ။

၄ဇကားကျတော့ ဒုက္ခတစ်မျိုး။ ကားမောင်းကြမ်းတာ။ လူက တီရှပ်ကြောင့်ဝင် တာ ကြက်စုံကတားကွင်းက ရှိလာကိုဝတာ စီးနေရတဲ့အတိုင်းပဲ။

၄ဇကားဂိတ်ဆုံးမရောက်ခင် နှစ်မှတ်တိုင်အလိုမှာ နေရာရတယ်။ ပင်လုံကွေ့ပေါ့။ ယုယက ကျွန်မတို့အနားမှာ ရပ်ရင်းကနေ စကားအဆက်အစပ်မရှိဘဲ ပြောလိုက်တယ်။

'အေသင် အီးဗနင်းရှစ်ပ်တ်တွေမှာ ငါ ကျောင်းကွေ့က လဘက်ရည်ဆိုင်မှာစောင့်ပေးဖို့လိုရင် ပြောနော်။ ငါ့ကို အားမနာနဲ့။ ညဦးပိုင်းတွေမှာ အိမ်မှာ ငါမရှိလေ ကောင်းလေပဲ'

ကျွန်မ ဘာပြန်ပြောရမှန်းမသိလို့ ရပါတယ်လို့ပဲ ပြန်ပြောလိုက်ရတယ်။

အိပ်ရာထဲရောက်လို့ မျက်လုံးပိတ်လိုက်တဲ့အခါ ညနေက ဂီတက အာရုံထဲပြန်ဝင်လာတယ်။ ဒုန်းဒုန်းဒုန်းဒုန်းနဲ့ ဘေ့စ်သံလား ဘင်သံလား မသိ။ ကျွန်မ နှလုံးကို ဆောင့်တိုးနေတုန်းပဲ။

'ငေးကြည့်လို့မဝအောင် မင်းက သိပ်လှ' တဲ့။

ကျွန်မကို ကောင်လေးတစ်ယောက်ယောက်က လှတယ်လို့ တစ်ခါမှမပြောဖူးသေးပါဘူး။





## ဝန်ထမ်းအလိုရှိသည်

စီမံးလန်းသောအမွေအနှစ် ကုမ္ပဏီမှ အောက်ဖော်ပြပါ ရာထူးဖြင့် ဝန်ထမ်းများ အလိုရှိသည်။

၁။ လက်ထောက်စီမံခန့်ခွဲရေးမှူး ၁ နေရာ

အရည်အချင်း တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူ၊

အသက် ၂၅နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။

ဘာသာစကား အင်္ဂလိပ်စာ၊ အရေးအပြော ကျွမ်းကျင်သူ ဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ လုပ်သက် အနည်းဆုံး နှစ်နှစ်ရှိသူ ဖြစ်ရမည်။

၂။ ရုံးအကူ ၂ နေရာ

အရည်အချင်း ဆယ်တန်းအောင်မြင်ပြီးသူ၊

အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်းဖြစ်ရမည်။

ဘာသာစကား အင်္ဂလိပ်စာ ပိုင်နိုင်ကောင်းမွန်ရမည်။

နယ်ရုံးခွဲများသို့ စေလွှတ်လျှင် သွားနိုင်သူဖြစ်ရမည်။

၂၃၊၀၂၊၂၀၀၄ နောက်ဆုံးထား၍ လျှောက်ထားရန်။

အမှတ် ၁၆။ ကုက္ကိုလမ်း။ စမ်းချောင်း။

ဖုန်း ... ... ...



www.burmeseclassic.com

## တ=တက်လမ်းရှာရမယ်

ကျွန်မတို့ အင်္ဂလိပ်စာသင်တန်းသားတွေအပေါ် မမခက်က ဘာဖြစ်လို့ လိုအပ်တာထက် ပိုဂရုစိုက်နေတယ်ဆိုတာ ကျွန်မ မသိဘူး။ စာသင်ပေးရုံ သက်သက်ထက်အများကြီးပိုတာ အံ့ဩဖို့ကောင်းတယ်။

အလုပ်ကြော်ငြာတစ်ခုတွေ့ထားလို့တဲ့။ မပခက်က လာခဲ့ဖို့ ခေါ်ထားတာနဲ့ မနက်ခင်းတစ်ခုမှာ ကျွန်မ သွားခဲ့တယ်။

ခြောက်ထပ်ကို တက်ရတာ မပင်ပန်းပါဘူး။ အထူးသဖြင့် အဲဒီလှေကားတွေရဲ့အပေါ်ဆုံးကိုရောက်ရင် ကိုယ့်ရဲ့သီးသန့် နားခိုရာ လေးတစ်ခုကို ရောက်ရတော့မယ်ဆိုတဲ့အတွေးနဲ့ဆိုရင် ပိုပြီးတော့တောင် သက်သက်သာသာ ရှိဦးမယ်။

'ဆရာမ ဘာဖြစ်လို့ ခြောက်ထပ်မှာနေတာလဲ'

တစ်ခါတုန်းက ဇီဇဝါက ခက်ကို မေးဖူးတယ်။ ဇီဇဝါတို့က သုံးထပ်မှာ နေတယ်။ ကျွန်မက ဇီဇဝါ့မေးခွန်းကို မကြိုက်ဘူး။ ကျွန်မ တောင် နားလည်နိုင်တယ်။ ဓါတ်လှေကားမရှိတဲ့အလွှာတွေမှာ အပေါ် မြင့်လေ ဈေးသက်သာလေပဲ ဆိုတာလေ။

ဒါပေမဲ့ ပပခက် ပြန်ဖြေလိုက်တာက ကျွန်မရော ဇီဇဝါရော အင်းလေ ဘယ်သူမှ မျှော်လင့်မထားတဲ့အဖြေ။

'အထပ်မြင့်တော့ ပျင်းပျင်းရှိတဲ့အခါ လေထဲကိုပျံသန်းဖို့ လှေကျင့်ချင်ရင် လွယ်တာပေါ့ မဟုတ်ဘူးလား'

ပြောပြီးတော့ မပခက် ရယ်နေတယ်။ ကျွန်မတို့လည်း အသံထွက် ရယ်လိုက်မိကြပါတယ်။





ပပခက်အခန်းက ခန်းဆီးလေးကလည်း အဝါနုရောင်၊ အိပ်ရာခင်းလေးကလည်း အဝါနုရောင်။ စားပွဲခင်းလေးကလည်း အဝါနုရောင်၊ စားပွဲပေါ်ကပန်းအိုးထဲက နှင်းဆီတွေကအစ အဝါနုရောင်။ သိပ်လှတာ။ တစ်ယောက်တည်းနေတဲ့အခန်းမို့ သပ်ရပ် သန့်ရှင်းပြီး ကျွန်မ သိပ်ချစ်တာပဲ။ ကျွန်မ ခဏခဏ သွားလည်ချင်တယ်။ မမခက်က ပချိန်းဘဲနဲ့ ဖြုန်းခနဲရောက် လာတာမျိုးကို မကြိုက်တတ်ဘူး။ ဒါကြောင့် ပသွားရဘူးလေ။

ကျွန်ပရောက်သွားတော့ ခုနစ်နာရီတောင် မထိုးသေးဘူး။

'လာ အေသင် အစောကြီးထလာရသလား'

'ဟုတ်ကဲ့'

'ကော်ဖီသောက်မယ်မဟုတ်လား။ မမ သွားနှပ်လိုက်မယ်။ အော် အဲဒီစားပွဲပေါ်မှာ မြန်မာတိုင်းပ်ရှိတယ်။ ပတ်ကြည့်။ အဲဒီမှာ ကြော်ငြာ'

ပမခက် မီးဖိုချောင်ထဲဝင်သွားတော့ ကျွန်ပ စားပွဲကို မသွားသေးဘဲ အခန်းပတ်လည်ကို လှည့်ပတ်ကြည့်နေမိတယ်။ ➝

အဲတော့။ စားပွဲပေါ်မှာ ခရိုးဆောင်ကွန်ပျူတာလေးဖွင့် လျက်သား။

စာအုပ်ဝင်တွေကလည်း အများကြီးပါလား။ စာအုပ်တွေ စာအုပ်တွေ။ အိုး ဒီလောက်များတဲ့စာအုပ်တွေကို မမခက် ဘယ်လိုများ ဖတ်နိုင်ပါလိမ့်။

'ပထပတုန်းကတော့ မပတစ်ယောက်တည်း မငှားနိုင်ပါဘူး။ သူငယ်ချင်းသုံးယောက်စုငှားရတာ။ တစ်ယောက်တစ်သောင်း ကျ ဘယ်။ နောက်တော့ စာအုပ်တွေများများလာတော့ တစ်ယောက်တည်း သီးသန့်နေနိုင်ဖို့ ငွေကို ပိုစုဆောင်းရတာပေါ့'

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှာ မမခက်က ပိုက်ဆံမယူဘဲသင်ပေးတာ ကျွန်မသိတယ်။ မမခက်အလုပ်က ကိုယ်ပိုင်ကျောင်းတစ်ခုမှာ ကလေးတွေကို အချိန်ပိုင်းစာသင်တဲ့ဆရာမတဲ့။

'ငွေကို ဘယ်လို ပိုစုဆောင်းတာလဲဟင်'

'အသုံးနဲ့အစားလျှော့တယ်။ အလုပ်ပိုလုပ်တယ်။ အချိန်ပိုတွေမှာ စကားပြန်အလုပ်လည်း လုပ်တယ်။ အပိုဝင်ငွေရတာပေါ့'

'ဆရာမတစ်ခါစကားပြန်လုပ်ပေးရင် ဘယ်လောက်ရလဲဟင်'

မမခက်က ကျွန်မကို မျက်မှောင်ကြုတ်ကြည့်ပြီး ပြုံးလိုက်ပါတယ်။

'တစ်ရက်ကို ဒေါ်လာနှစ်ဆယ်'

အို။ အများကြီးပါလား။ ကျွန်မ စိတ်ထဲကနေ မြန်မာငွေနဲ့ မြှောက်ကြည့်လိုက်ပါတော့ ရင်တောင်ခုန်သွားတယ်။

'ဆရာမကလဲ အဲဒါဆို တစ်လလုံး စကားပြန်ပဲလုပ်ရင် အများကြီးရမှာ'

မမခက်က ရယ်လိုက်တာ။

'အဲဒါဆို ကလေးတွေကို ညီပတို့ကို စာတွေသင်ပေးဖို့ ကိုယ့်ဟာကိုယ်စာပြန်သင်ဖို့ ဘယ်လိုလုပ်ပြီး အားတော့မလဲ။ မမအတွက်က တလေ့လာဖို့လဲ အချိန်လိုတယ်။ ဒါကြောင့် ဘယ်အလုပ်ကိုမှ အချိန်ပြည့်မယူနိုင်ဘူး။ တကယ်သာ ကျောင်းမှာ အချိန်ပြည့်လုပ်နိုင်ရင် တစ်လကို နှစ်သိန်းရမှာလေ'

အော်။ တစ်လနှစ်သိန်းဆိုတာ အများကြီးပဲ။ ကလေးတွေကို စာသင်ရင်း တစ်လနှစ်သိန်းရတာကောင်းတာပေါ့။

'သမီးတောင် လုပ်ချင်လာပြီ'

'ညီမကြိုးစားလေ။ ညီမအရည်အချင်းမီတဲ့တစ်နေ့မှာ





အလုပ်တွေကို မမရှာပေးမယ်။ အရေးကြီးတာက ကိုယ့်ကိုယ်ကို အမြဲသင်ယူနေဖို့ပဲ။ လေ့လာမှတ်သားဖို့ ဘယ်တော့မှ မပျင်းနဲ့'

ကျွန်မ မမခက်ရဲ့အခန်းအပြင်အဆင်ကို အကဲခတ်ကြည့်မိတော့ သိပ်အကောင်းစားကြီးတွေတော့မဟုတ်ဘူး။ သူက သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်တတ်လို့သာ။

စားပွဲပေါ်က မြန်မာကိုင်းပ် အင်္ဂလိပ်ဂျာနယ်တစ်စောင်ကို ဟိုလှန်ဒီလှန်ဖတ်ကြည့်နေရင်းက ကြော်ငြာတစ်ခုကို ပုင်အနက်နဲ့ ဝိုင်းထားတာတွေ့လို့ ကြည့်မိတယ်။ ကြော်ငြာက ခပ်ကြီးကြီး။

'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သက်ဆိုင်တဲ့ အလုပ်ဖြစ်နိုင်တယ်ညီမရဲ့'

ခက်က အနားရောက်လာတယ်။ အို ကော်ဖီနံ့က မွှေးလိုက်တာ။ ခက်လက်ထဲမှာ အငွေ့တထောင်းထောင်း ကော်ဖီနှစ်ခွက်။

'နာမည်က အစိမ်းရောင်အမွေအနှစ်ဆိုတော့လေ။ အေသင်သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားလား'

'ဟုတ်ကဲ့'

စိတ်မဝင်စားဘဲနေမလား။ အင်္ဂလိပ်စာသင်တန်းမှာ မမခက်ခဏခဏသင်တဲ့သင်ခန်းစာတွေထဲမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေပါတယ်လေ။ အမှိုက်တွေကို ပြန်သုံးလို့ရအောင် စည်းရုံးတဲ့ဟာတို့ သစ်တောထိန်းသိမ်းရေးတို့ ရှားပါးတိရစ္ဆာန် ထိန်းသိမ်းရေးတို့။

'ဒါဖြင့် လျှောက်ကြည့်ပါ။ ယုယကိုလဲပြောထားတယ်'

ယုယနဲ့အတူတူ ယှဉ်ပြိုင်ပြီး လျှောက်ရရင်တော့ ဒီအလုပ်ကို ကျွန်မရနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မက ယုယလောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နားမလည်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



## Green Inheritence Foundation

(စိမ်းလန်းသောအမွေအနှစ်ဖောင်ဒေးရှင်း)

Application Form (အလုပ်လျှောက်လွှာ)
Name... ... ....Maung Yu Ya (အမည်... မောင်ယုယ)
Age... ... .........19 (25/12/1987)
အသက် ... ... .....၁၉နှစ် (မွေးသက္ကရာဇ် ၁၉၈၇ ဒီဇင်ဘာ ၂၅)
Education... ... ...First Year English
ပညာအရည်အချင်း ပထမနှစ် အင်္ဂလိပ်စာ(တက်နေဆဲ)
Father's Name... ... ...U Peik Htwe
အဖအမည် ... ... ... ... ဦးပိုက်ထွေး
Father's Occupation... ..Mechanic, Automobile Workshop (အဖ၏အလုပ်အကိုင် စက်ပြင် အင်ဂျင်နီယာ)
Nationality... ... ...Myanmar (နိုင်ငံသား... မြန်မာ)
Sex... ... .... Male (လိင်... ... ... အမျိုးသား)
Marital Status... ... ...Single
(အိမ်ထောင်ရေးအခြေအနေ လူလွတ်)
Address... ...
နေရပ်လိပ်စာ အမှတ်၂၃ ရွှေစင်ဥသလမ်း၊ ၄၄ရပ်ကွက် ဒဂုန်မြောက်မြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန် ဖုန်းနံပါတ် တဆင့် ... ... ... ...
ဘာသာစကားကျွမ်းကျင်မှု မြန်မာ၊ အင်္ဂလိပ်
လုပ်ငန်းအတွေ့အကြုံ ကားစက်ပြင်အလုပ်ရုံ အလုပ်သင်စက်ပြင်
ခန့်မှန်းလစာငွေ ... ... ..... .....





မေးသူ ဒေါက်တာသိဂ္ဂါအောင်။
ဖြေသူ ယုယ

သိဂ္ဂါ– မောင်ယုယ နော်။

ယုယ– ဟုတ်ပါတယ်ခင်ဗျာ။

သိဂ္ဂါ– ခန့်မှန်းလစာငွေကို ဘာဖြစ်လို့ ဖြည့်မထားတာလဲ။

ယုယ– ကျွန်တော် ခန့်မှန်းတာများသွားရင် ကျွန်တော် အလုပ်မရမှာ စိုးလို့ပါ။ နောက်ပြီး (ရယ်မောလျက်) အမှန်အတိုင်းပြောရရင် ခန့်မှန်းတာနည်းသွားရင်လည်း အလုပ်ခန့် လိုက်ပေမယ့် လစာကနည်းနည်းလေး ဖြစ်သွားမှာစိုးလို့ပါ။

သိဂ္ဂါ– မင်း အရင်အလုပ်က အခုအလုပ်နဲ့ တခြားစီဖြစ်မနေဘူးလား။ ဘာဖြစ်လို့ လာလျှောက်သလဲ။

ယုယ– ဟုတ်ကဲ့။ တခြားစီတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်နည်းနည်းနဲ့တော့ အထောက်အပံ့ဖြစ်မှာလို့ ကျွန်တော်ထင်တယ်။

သိဂ္ဂါ– ဘယ်လိုနည်းနဲ့ အထောက်အပံ့ဖြစ်နိုင်မှာလဲ။

ယုယ– အဲ။ ဒီမှာ ကာဘရိုက်တာတွေဘာတွေ မဆေးရဘူး။ ဘရိတ်ရှူးလည်း မပြင်ရ မညှိရဘူး။ ဒါပေမဲ့ လူတွေကို အန္တရာယ်ကင်းအောင် ဘာလုပ်သင့်သလဲလို့ စဉ်းစားဆုံးဖြတ်တဲ့အခါမှာတော့ သိပ်မကွာလောက် ဘူးထင်ပါတယ်။

သိဂ္ဂါ– ဒီအဖွဲ့ကို ဘယ်လိုဖောင်ဒေးရှင်းမျိုးဖြစ်မယ်လို့ ခန့်မှန်းလဲ။ စိတ်အထင်ကို ပြောနိုင်တယ်နော်။

ယုယ– စိမ်းလန်းသော လို့ နာမည်တပ်ထားတာဆိုတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်မလားလို့။



www.burmeseclassic.com

www.burmeseclassic.com



သိဂ်ါ– ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာကို ဘယ်လိုမြင်သလဲ။

ယုယ– ကျွန်တော်တို့နေတဲ့ မြို့ ရပ်ကွက်ကို လူတွေကြောင့် ပို ဆိုးဝါးမသွားအောင် ဂရုတစိုက် ထိန်းသိမ်းပေးတဲ့ လုပ်ရပ်တွေလို့ ထင်ပါတယ်။

သိဂ်ါ– ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မင်းအနေနဲ့ ဘယ်လောက်ထိ ရင်းနှီးကျွမ်းဝင်သလဲ။ ဘာအတွေ့အကြုံတွေရှိသလဲ။

ယုယ– အခုလောလောဆယ်တော့ ကျွန်တော်တို့ သူငယ်ချင်းတွေကို ရေတွေညစ်ပတ်ပြီးရောဂါဖြစ်စေတဲ့ ရေကန်ကြီးတစ်ကန် ရေလှယ်ထုတ်ပြီး အသစ်လဲဖို့ စည်းရုံးရေးတစ်ခုလုပ်နေပါတယ်။ ကျွန်တော်တို့စာသင်တဲ့ ဘုန်းကြီးကျောင်းမှာပါ။

သိဂ်ါ– ရေကန်လှယ်ဖို့ ဟုတ်လား။ ဘယ်အဆင့်ရောက်နေပြီလဲ။

ယုယ– ဆွားလ်တက်စ်တ်လုပ်ပြီးပါပြီ။ မြေက ကောင်းတယ်။ ဝင်လာတဲ့ ရေက မသန့်တာ။ အခုကျွန်တော်တို့ ရံပုံငွေကောက်နေပါတယ်။ နွေမှာ ရေကန်ကြီးလှယ်နိုင်တော့မှာခင်ဗျ။

သိဂ်ါ– မောင်နမ ဘယ်နှယောက်ရှိလဲ။

ယုယ– လေးယောက်ပါ။

သိဂ်ါ– မင်းက ဘယ်နှယောက်မြောက်လဲ

ယုယ– ကျွန်တော်က အကြီးဆုံးပါ။

သိဂ်ါ– သစ်ပင်တစ်ပင်ကို မြင်လိုက်တဲ့အခါ မင်းမှာ ပေါ်လာတဲ့ အတွေး တစ်ခုကို ပြောပြစမ်းပါ။

ယုယ– ခင်ဗျာ။ သစ်ပင်... ကျွန်တော်...

သိဂ်ါ– သစ်ပင်တွေကို မင်း မြင်မှာပေါ့။ ဘေးပတ်ဝန်းကျင်မှာ

ယုယ– ဟုတ်ကဲ့ မြင်ပါတယ်။

သိဂ်ါ– သစ်ပင်တွေကို မြင်တော့ ပထမဆုံးဖြစ်သွားတဲ့ စိတ်က ဘာလဲ။



ယုယ– အေးသွားတယ်ခင်ဗျ။ သူတို့က အရိပ်ပေးတာကိုး။

သိဂ်ါ– အင်း။ ပြောပါဦး။

ယုယ– နောက်ပြီး ကျွန်တော်တို့အတွက် အောက်ဆီဂျင်တွေကို သစ်ပင်တွေက ထုတ်ပေးတာလို့ ကြားဖူးတယ်။ သစ်ပင်တွေက လူတွေကို အကျိုးပြုပါတယ်။

သိဂ်ါ– ဘယ်လိုနည်းတွေနဲ့ အကျိုးပြုလဲ။

ယုယ– အဲ။ အဟာရ။ ကျွန်တော်တို့မှာလိုအပ်တဲ့ စွမ်းအင်ကို ကလိုရိုဖီးလ်က ဖြည့်ပေးတာ။ ကလိုရိုဖီးလ်ကို သစ်ပင်တွေက ပေးတာ တိရစ္ဆာန်တွေက သစ်ရွက်သစ်ခက်တွေကိုစားလို့ စွမ်းအင်ရ ကျွန်တော်တို့က တိရစ္ဆာန်တွေအသားကို စားလို့ ဒုတိယဆင့် စွမ်းအင်ကို ရတာပါ။

သိဂ်ါ–နောက်ထပ်အသုံးဝင်ပုံတွေပြောပါဦး။

ယုယ–ကမ္ဘာကြီးတစ်ခုလုံး လူတွေဟာ သစ်ပင်တွေနဲ့ကင်းပြီး ဘာကိုမှ မလုပ်နိုင်ပါဘူး။ အစားအစာသာမကဘူး။ အဝတ်အထည်ကလည်း သစ်ပင်တွေဆီကပဲ။ ဝါကနေ ချည်ရတယ်လေ။ နောက်ပြီး ဆေးဝါးတွေကလည်း သစ်ပင်တွေသစ်မြစ်တွေကနေပဲရတာ။

သိဂ်ါ–ဒါဖြင့် သစ်ပင်ကရတယ်လို့ မင်းသိတဲ့ ဆေးဝါးတစ်ခုကို ပြောပါဦး။

ယုယ–အဲ ကလိုရိုကွင်း၊ တက်ထရာဆိုက်ကလင်း။

သိဂ်ါ– တကယ်လို့ မင်းကို တစ်ယောက်ယောက်က သစ်စေ့ တစ်စေ့ပေးပြီး အပင်တစ်ပင် စိုက်ခိုင်းမယ်ဆိုရင် မင်း ဘာပင်ကို ရွေးစိုက်မလဲ။ ဘယ်နေရာမှာ စိုက်မလဲ။

ယုယ– ကျွန်တော်... တစ်ပင်တည်းလား

သိဂ်ါ– အေး တစ်ပင်တည်းပဲ။

ယုယ– မန်ကျည်းပင်စိုက်မယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



သိဂ်ီ– ဘယ်နေရာမှာစိုက်မလဲ။

ယုယ– ကျွန်တော့်မှာသာ အိမ်ပိုင်ရှိမယ်ဆိုရင် ကျွန်တော့်အိမ်ခြံဝိုင်းအစပ်မှာ စိုက်ချင်တယ်။ အခုတော့ အိမ်က ငှားထားတဲ့အိမ်မို့ ကျွန်တော် သစ်ပင်စိုက်လို့မရဘူးဗျ။ အဖေက ဘာပင်မှ မစိုက်ရဘူးတဲ့။

သိဂ်ီ– ဘာဖြစ်လို့ မကျည်းပင်စိုက်ချင်တာလဲ။

ယုယ– မန်ကျည်းရိပ်က သိပ်အေးတယ်။ နောက်ပြီး မန်ကျည်းရွက်နုချိန်ဆို အပင်ပေါ်တက်ပြီး ခူးလိုက်ရုံပဲ။ မန်ကျည်းရွက် အကြွေတွေကလဲ မြေဩဇာကောင်းတယ်လို့ အမေက ပြောတယ်။ အမေတို့ငယ်ငယ်က ရွာမှာ မန်ကျည်းရွက်ကြွေတွေကို ခြံစည်းရိုးအစပ်မှာ တံမြက်စည်းလှဲပြီး ပုံထားလိုက်ရင် လတွေနှစ်တွေကြာတဲ့အခါ ဆွေးပြီးတော့ မြေဩဇာဖြစ်သွားသတဲ့၊ အဲဒီမြေဆွေးတွေကို ကျုံးပြီး နှင်းဆီပင်တို့ စပယ်ပင်တို့ ခရမ်းချဉ်သီးပင်တို့ စိုက်တယ်တဲ့၊ ပြီးတော့ မန်ကျည်းသီးမှည့်က အမေ ဟင်းချက်ရင် ထည့်နေကျလေ၊ တစ်ခါတစ်ခါ ပုဇွန်ခြောက်နဲ့ငပိနဲ့ ငပိလိမ်မာချက် ချက်ပေးရင် ခရမ်းချဉ်သီးအစား မန်ကျည်းသီးသုံးလို့ရတယ်။ မန်ကျည်းသီးက ချဉ်ရည်ချက်လို့ရသလို မန်ကျည်းမှည့်ဖျော်ရည်လဲ လုပ်သောက်လို့ရတယ်လေ။ ကျွန်တော်တို့အိမ်မှာဆို

သိဂ်ီ– အိုကေ တော်ပြီ။ ရပြီ။ တကယ်လို့ ကျွန်းပင်ပေါက်တစ်ပင်နဲ့ မန်ကျည်းပင်ပေါက်တစ်ပင်မှာ တစ်ခုကို ရွေးခွင့်ရှိမယ်ဆိုရင် မင်း ဘယ်အပင်ကို ရွေးမလဲ။

ယုယ– ကျွန်တော် စိုက်ဖို့လား။

သိဂ်ီ– အေး။

ယုယ– အာ ကျွန်တော် မန်ကျည်းပင်ပဲ ရွေးမယ်ဗျ။





သိဂ်ီ– ကျွန်းပင်က အဖိုးတန်တယ်လို့ မထင်ဘူးလား။

ယုယ– အဖိုးတန်လို့ပဲ မစိုက်ချင်တာပါ။ ကျွန်တော့်အိမ်ထဲက ကျွန်းပင်ကို ခုတ်မိရင် ထောင်ဒဏ်နှစ်ရှည်ကျမှာဗျ။ မန်ကျည်းပင်တို့ တမာပင်တို့ ခုတ်မိရင် ကျွန်းပင်ခုတ်သလောက်တော့ အပြစ်မကြီးဘူးပေါ့။

သိဂ်ီ– ဆယ်တန်းအောင်တုန်းက အင်္ဂလိပ်စာ ဘယ်နှမှတ်ရလဲ။

ယုယ– ကျွန်တော် ၈၄မှတ် ရတယ်။

သိဂ်ီ– ဂုဏ်ထူးရတယ်ပေါ့။

ယုယ– ဟုတ်ကဲ့။

သိဂ်ီ– အင်္ဂလိပ်စာနဲ့ ပတ်သက်လို့ အရေး၊ အဖတ်နဲ့ အပြောမှာ မင်း ဘယ်ဟာကို ပိုပြီး အားသန်သလဲ။

ယုယ– ဖတ်တာကို ပိုအားသန်ပါတယ်။

သိဂ်ီ– ကဲ ရော့၊ ဒါဆို ဒီစာပိုဒ်လေးဖတ်ပြီး အဓိပ္ပါယ်ကို နားလည်သလို ပြောပြစမ်းပါဦး။

Human society has overshot its limits...we believe that a correction is possible and that it would lead to a desirable, suficient, equitable and sustainable future. We also believe that if a correction is not made, a collapse of some sort is not only possible but certain, and that it could occur within the lifetimes of many who are alive today.

ယုယ– အား။ ဟုတ်ကဲ့ လူ့မှုဝန်းကျင်ကြီးသည် ၄င်း၏အကန့်အသတ်များကို ကျော်လွန်လျက် သုံးဖြုန်းပြီးသွားပြီ။ ထို အခြေအနေကို ပြန်လည်တည့်မတ်ထိန်းသိမ်း၍ရနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ထိုသို့ထိန်းသိမ်းခြင်းအားဖြင့် နှစ်လိုဖွယ်ရှိသော၊



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်ပြည့်စုံသော၊ ညီညွတ်မျှတသော၊ တည်မြဲကြံ့ခိုင်သော အနာဂတ်ဆီသို့ ချီတက်နိုင်လိမ့်မည်။ တည့်မတ်ထိန်းသိမ်းမှု မပြုလုပ်ခဲ့ဘူးဆိုလျှင် အခြေပျက်ယွင်းဆုံးရှုံးမှုသည် သေချာပေါက် ရလဒ်ဖြစ်လိမ့်မည်၊ ထို့ပြင် ယခုလောလောဆယ် အသက် ထင်ရှားရှိနေသည့်လူသားတို့ဘဝမှာပင် ထိုပျက်ယွင်းဆုံးရှုံးမှု ဖြစ်ပေါ်လိမ့်မည်' တဲ့။ အဲဒီအဓိပ္ပါယ်ပါ။

သိဂ်ါ- အိုကေ။ နောက်တစ်ခုမေးမယ်။ မင်းကို ဒီရာထူးနဲ့ရွေးချယ်ခံရမယ်ဆိုရင် မင်းဘာတွေလုပ်ရဖို့ မျှော်လင့်ထားလဲ။

ယုယ- ကျွန်တော်လျှောက်တဲ့ရာထူးက ရုံးအကူဆိုတော့ ဟိုရုံးဒီရုံးဆက်သွယ်ပြေးရလွှားရမယ်၊ စာရွက်စာတမ်းတွေပြင်ဆင်ပေးရမယ်လို့ ထင်ပါတယ်။

သိဂ်ါ- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ရုံးတွေ ဒီရန်ကုန်မှာ ဘယ်နှခုလောက်ရှိနေမယ်ထင်လဲ။

ယုယ- ရေအရင်းအမြစ်ဌာနဆိုတာ ကျွန်တော်သိတယ်။ သစ်တောရုံးကို သိတယ်။ စည်ပင်သာယာရုံးကို သိတယ်။ နောက်ပြီးတော့ တိရစ္ဆာန်ဥယျာဉ်ကို သိတယ်။

သိဂ်ါ- အဲဒါက အစိုးရရုံးတွေလေ။ တခြား အစိုးရမဟုတ်တဲ့ရုံးတွေ၊ ဘာတွေ ရှိသေးမလဲ။

ယုယ- အဲ တောရိုင်းတိရစ္ဆာန်တွေနဲ့ ပတ်သက်တဲ့ရုံးတွေ ဒဗလျူဒဗလျူအက်ဖ်တို့ ဒဗလျူစီအက်စ်တို့ ကြားဖူးတယ်။

သိဂ်ါ- အိုကေ။ ကောင်းပြီ။ ဒါလောက်ဆိုရပါပြီ။ လဆန်းရက်မှာ အလုပ်ခန့်ရင် အကြောင်းကြားမယ်။





ဒီနေ့ ယုယအင်တာဗျူးဖြေပြီးသွားပြီ။

ကျွန်မနဲ့ဇီဇဝါက ယုယရဲ့ ဖွန့်စားခန်းအတွေ့အကြုံကို သိချင်တယ်။ ဒီတော့ ကျွန်မတို့အိမ်နားက လဘက်ရည်ဆိုင်မှာ ဆုံပြီးမေးကြတာပေါ့။ လဘက်ရည်ကို ကျွန်မတို့က တိုက်ရမှာ ဒါပေမဲ့ ယုယက သူပဲတိုက်မယ်တဲ့။ ဒီနေ့ ကားဘော်ဒီရုံကနေ သူ့ အတွက် နှစ်ထောင်တောင် ဘောနပ်စ်ရသတဲ့။ ကြိုက်တဲ့မုန့် စား တဲ့။ ဒါပေမဲ့ ကျွန်မတို့ မုန့်မစားပါဘူး။ လဘက်ရည်ပဲ သောက်ကြတယ်။

ယုယက ကျွန်မတို့ဝင်မဖြေလို့ အားမလိုအားမရပေါ့။

'လာဖြေတဲ့လူတွေထဲမှာ နင်တို့ထက်ညံ့တဲ့လူတွေတောင် ပါတယ်။ ကောင်မလေးတစ်ယောက် ဆိုရင် သူ့ကို အစိမ်းရောင်ဆိုတာကို ဘယ်လိုနားလည်သလဲဆိုတာတောင် မဖြေနိုင်ဘူး။ အစိမ်းရောင်ဆိုတာ ပတ်ဝန်းကျင် စိမ်းလန်း စိုပြေပြီး ကမ္ဘာကြီးသာယာကြွယ်ဝခြင်းဆိုတဲ့ အဓိပ္ပါယ်လေ။ အဲဒါတောင်မသိဘူး။ နင်တို့ မသိဘူးလား ကဲ'

အင်းလေ green ဆိုတာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေဖို့ဆိုတာတော့ ကျွန်မတို့ သိတာပေါ့။ ဒါပေမဲ့ အဲဒါသိရုံနဲ့ ရနိုင်ပါ့မလား။

'ယုယ ဘာတွေမေးလဲဟင်'

'အာ မေးတာတွေကတော့ အများကြီးပဲ။ ငါလဲ မမှတ်မိတော့ဘူး။ မေးသမျှတော့ အကုန်ဖြေခဲ့တာပဲဟာ'

'နင် အလုပ်ရမယ်ထင်လား' ဇီဇဝါက မေးတယ်။

'မသိဘူးလေ။ သူကြိုက်ရင် ခန့်မှာပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



## ၇= တစ်နေ့ရွှေတစ်နေ့ငွေ

အောသင်မိုးတို့တော့ ကွဲပြီနဲ့တူတယ်။

ဒီနေ့ သူ့ကိုတွေ့တယ်။ ဟင့်အင်း။ ဝပ်းသာစရာမဟုတ်ဘူး။ ဝင်ထရယ်ကိုရှေးလာဝယ်လို့ တွေ့တာမှမဟုတ်ဘဲ။ ကောင်မလေး တစ်ယောက်နဲ့ နှစ်ယောက်တည်း ကပေးအရိုးမားမှာ အတူတွဲထိုင်နေ တာ။ ကျွန်မရင်ထဲမှာ ပီးရထားတစ်စင်း ဖြတ်ပြေးသွားသလိုပဲ ဆူညံ ကျယ်လောင်ပြီး တုန်ခါသွားတယ်။

အဲဒါ ကျွန်မ ဘာဖြစ်သွားတာလဲ။

ဝမ်းနည်းသလိုလို ဒေါသထွက်သလိုလို အားငယ်သလိုလို နာကျင်သလိုလို အို ကျွန်မ ဘယ်လိုခံစားရတယ်ဆိုတာ မပြောတတ် ပါဘူး။ ခံစားချက်တစ်ခုအကြောင်း ပြန်ပြောပြဖို့ ဒီလောက်ထိ ခက်ခဲ လိမ့်မယ်လို့ ကျွန်မ မထင်ထားဘူး။

ဟစ်ပေါ့ပ်ကောင်လေး ကျွန်မတို့ဝင်ထရယ်ကို မလာတာ ကြာပြီလို့တော့ တွေးတွေးနေမိတယ်။ ဒါပေမဲ့ ဒါ ကျွန်မ သူ့ကို စိတ်ဝင် စားနေတယ်ဆိုတဲ့ အဓိပ္ပါယ်မှ မဟုတ်ဘဲနော်။

သူ မလာဘူး။(သူ လာခဲ့ရင်လဲ ကျွန်မကောင်တာရှေ့ကို ရောက်မလာဘူး။) အဲဒါဘာဖြစ်သေးလဲ။ သူ့ဝတီတ်ရှိုးကို ဖိတ်လို့ ကျွန်မသွားကြည့်တယ်။ ဝင်ပေါက်ကနေ သူ ကျွန်မကို မြင်ချင်မှမြင်မယ်။ ပွဲပြီးလို့ ကျွန်မပြန်တဲ့အခါ သူ့ကို နှုတ်ဆက်ဖို့လိုလို့လား။ အဆိုတော် တို့ဘာတို့ကို ဝိုင်းဝိုင်းလည် နှုတ်ဆက်တတ်တဲ့လူတွေထဲမှာ ကျွန်မမှ မပါချင်ဘဲ။

ကျွန်မက ဝင်ဒရဲလားမဟုတ်သလို သူကလဲ ကျွန်မရဲ့ မင်းသားလေးမဟုတ်ဘူး။ ဒီစကားကို ကျွန်မ ကိုယ့်ကိုယ်ကို အမြဲတမ်း ပြောနေမိခဲ့တာပါ။





တော်ပါသေးရဲ့။ အဲဒီအချိန်မှာ ကျွန်မဘေးမှာ ယုယပါနေ တာ ဘုရားမတာပါပဲ။ ကျွန်မတစ်ယောက်တည်းသာဆိုရင် ကျွန်မ ရှုံးသွားသလိုခံစားလိုက်ရမှာ အမှန်ပဲ။

ကျွန်မတို့ ဝင်ထရယ်ကို ယုယရောက်လာတယ်။ အပေါ်ထပ် မှာ အင်တာနက်သွားသုံးပလို့တဲ့။ ကျွန်မ ဂျူတီပြီးခါနီးမှာ ကပ်ပြီး လာတာ။ ကျွန်မကိုပါ ခေါ်လို့ရအောင် အစီအစဉ်လုပ်ထားတာပေါ့။ ကျွန်မကို အီးမေးလ်အကောင့်တစ်ခု ဖွင့်ပေးဖို့ သူ ရည်ရွယ်နေတာ ကြာပြီတဲ့။

ကျွန်မစိတ်ထဲမှာ ဟစ်ပေါ့ပ်ကောင်လေး အမြဲတမ်းရှိမနေ ပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါတော့ သူ့အကြောင်း ဒါလီတို့နဲ့ပြောဖြစ် ပြီးရင် သူက စိတ်ထဲက တော်တော်နဲ့ ပြန်မထွက်ဘူးပေါ့။

ကျွန်မနဲ့ယုယက အင်တာနက်ကောင်တာကို အသွားမှာ ကပေးအရိုးမားကုလားထိုင်တွေကြားကနေ ဖြတ်သွားရတာကိုး။ အဲဒီမှာ အစွန်ဆုံးစားပွဲမှာထိုင်နေတဲ့ ဟစ်ပေါ့ပ်ကောင်လေးကို မြင်လိုက် ရတာပဲ။

သူနဲ့ ကောင်မလေးတစ်ယောက်နဲ့ တွတ်တွတ်တွတ်တွတ်နဲ့ စကားတွေပြောနေတာကို ကျွန်မမျက်စိက တန်းမြင်လိုက်ရတာ။ သူ မှန်းလဲ တန်းသိလိုက်တာ။ သူကလဲ ကျွန်မကို မှတ်မိနေတယ်။ မှတ်မိ မှန်းဘာလို့သိလဲလို့မေးရင် ကျွန်မ မဖြေတတ်ဘူး။ ဒါပေမဲ့ ကျွန်မသိနေ တယ်။ ကျွန်မကို တစ်ချက်ပဲကြည့်လိုက်ပြီး စားပွဲပေါ်က ကော်ဖီခွက် ဆီ ခေါင်းပြန်ငုံ့သွားတယ်။ ကျွန်မကို သူ ပြုံးမပြဘူး။ ကျွန်မရဲ့ ဘယ် ဘက်ရင်ဘတ်ဆီက ကျင်ခနဲနာသွားတာ ဘာကြောင့်လဲ။ ကျွန်မ အံ့သြလိုက်တာ။ သူ့ကြောင့် ကျွန်မခံစားသွားရတဲ့ သဘောလား။

ကျွန်မမျက်နှာကိုမော့ထားလိုက်ပြီး သူ့ရှေ့က ကော်ကပ်လေး ဖြတ်လျှောက်သွားလိုက်တယ်။ နောက်ပြီး ယုယကို စကား မရှိ



www.burmeseclassic.com

www.burmeseclassic.com



စကားရှာပြီး ပြောလိုက်တယ်လေ။ ပြောတဲ့အကြောင်းအရာကလည်း ဟာကြောင်းသာကြောင်းပဖြစ်ရဘူးလေ။ သိတယ်မဟုတ်လား။

'ကျောင်းတွေ သိပ်ပပျက်ပါနဲ့ ယုယရယ်'

ကောင်မလေးတွေက သူ့ကောင်လေးတွေကို ပြောလေ့ရှိတဲ့ အိစိကလီအသံမျိုးကို တုပြီး ပြောပစ်လိုက်တယ်။ အယ် အကျင့် မရှိလို့ ထင်တယ်။ ကျွန်မအသံက လိပ်တွန့်တွန့်ကြီး ဖြစ်သွားတယ်။ တော် သေးတယ်။ ယုယက သတိထားပိတဲ့ပုံမပေါ်ဘူး။ ကျွန်မကို ပုံမှန်ပဲပြန် ပြောတယ်။

'အေးပါဟာ'တဲ့။ ကျွန်ပလေ ရယ်ချင်လိုက်တာ။ ကျွန်မရဲ့ နည်းဗျူဟာ မှန်သွားတယ်လို့ ပြောရပယ်။

ကျွန်မတို့နှစ်ယောက်ကို ဟာစ်ပေါ့်ပ်က ဖော့ကြည့်လိုက် တယ်။ သူ့မျက်လုံးတွေက ပဲနက်ပြီး စူးရှနေတာကို ကျွန်မမျက်စိဒေါင့် ကနေ မြင်လိုက်ရပါတယ်။ ကျွန်မ မမြင်ချင်ယောင်ဆောင်လိုက်တယ်။ သူ ပြုံးပြရင် ကျွန်မက ပြန်ပြုံးပလို့ပါ။ သူက မျက်နှာလွှဲလိုက်လို့ ကျွန်မက မကြည့်တော့တာပါ။

ကျွန်မတို့ကို ပေးလိုက်တဲ့ ကွန်ပျူတာက နံပါတ် ၇ တဲ့။ ကျွန်မ ဂဏန်းတွေကို အယုံအကြည်မရှိပါဘူး။ ဒါပေမဲ့ ကံကောင်းတဲ့ ဂဏန်းပဲလို့ ချက်ချင်းတွေးလိုက်မိတယ်။

ကျွန်မစိတ်ထဲမှာ အီး မေးလ်ဆိုတော့ ကြီးကြီးကျယ်ကျယ် ကိုယ်နဲ့ မအပ်မစပ်လို့ပဲ တွေးပိတယ်။ ဒါကြောင့် ဘာမှပလုပ်ဖြစ် ပါဘူး။ အလုပ်ကြီးအကိုင်ကြီး၊ ကုမ္ပဏီဝန်ထမ်း၊ နိုင်ငံတကာနဲ့ ဆက်သွယ်နေ ရတဲ့လုပ်ငန်းတွေ၊ ဒါတွေသာ အီးမေးလ်လိပ်စာ လိုပယ်လို့ ထင်ခဲ့တာ။



# Cartooners

(ကာတွန်းနားစ် ဝက်ဘ်ဆိုက်တ်)

Free mail အခမဲ့စာပို့နိုင်သည်။

သင်ဟာ ကာတွန်းနားစ်ကို အသုံးပြုသူအသစ်လား။ အောက်ပါ ပုံစံကို ဖြည့်ပါ။

အသုံးပြုသူ၏နာမည် .....User's Name..

အီးမေးလ်လိပ်စာနာမည်က အနည်းဆုံး သုံးလုံးရှိရမယ်လို့ ယုယကပြောပါတယ်။ ဒါကြောင့် ကျွန်မလိပ်စာနာမည်ကို အေသင်လို့ပဲ ရေးလိုက်တယ်။ အေ တီ အိပ်ချ် အိုင် အန်

ကိုယ်တစ်ယောက်တည်းသိတဲ့ လျှို့ဝှက်စကားလုံးကျတော့ လည်း အနည်းဆုံး ၆လုံးရှိရမယ်တဲ့။ တစ်နှစ်သုံးလေး ဂဏန်းတွေ လည်း ရတယ်။ တလုံးတွေလည်း ရတယ်တဲ့။ ကျွန်မလေ ဘာရွေးရ မှန်း မသိဘဲ အကြာကြီး စဉ်းစားနေရသေးတယ်။ ယုယက အေသင့် စိတ်ထဲမှာ စွဲနေတဲ့ တလုံးတစ်လုံးရှိရင် အဲဒါ လုပ်လိုက်ပါလား လို့ ပြောတယ်။

စွဲနေတဲ့ စကားလုံး၊ ကျွန်မမှာ မရှိဘူး။

မရှိလည်း တစ်ခုခုကိုရွေး။

အဲဒီအချိန်မှာ ကျွန်မမျက်စိက ကော်ပီဆိုင်တီဗွီမှာပေါ်နေတဲ့ ဂီတအဖွဲ့ဆီ ရောက်သွားတယ်။ ဝက်စ်တ်လိုက်ဖ်အဖွဲ့ရဲ့သီချင်း ဖွင့်နေ တယ်။ ဘာရိုင်ယန်က သီချင်းဆိုနေတယ်။ ဒါပေမဲ့ ကျွန်မအာရုံမှာ မြင် သွားတာက ဟိုကောင်လေး သီချင်းဆိုနေတဲ့ပုံစံ။

'ဟာစ်ပေါ့ပ်ဆိုရင်ကော'လို့ မေးလိုက်ပိတယ်။

'Hip Hop က လွယ်လွန်းတယ်' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



'စဉ်းစား။ ပြီးရင် လာ ကိုယ်တိုင်ရိုက် ငါ မကြည့်ဘူး'

'အို နင့်ဟာနင်ပဲလုပ်ပါ ငါမလုပ်တတ်ဘူး'

'ဘာမှ မလုပ်တတ်စရာမရှိဘူး။ မမခက်အိမ်ရောက်ရင် နင်တို့ငါတို့ ကွန်ပျူတာကိုင်ကြည့်ဖူးသားပဲ။ အင်္ဂလိပ်စာလုံးလေး ခြောက်လုံး ခုနစ်လုံးနှိပ်ရတာပဲဟာ'

'ရပါတယ်။ နင်ပဲလုပ်ပါ။'

'ကဲ ကဲ ပြော ဘာစာလုံးတွေ လုပ်မလဲ'

'ရပြီ I can fly.

'အိုကေ ဗွတ်ဒ် ကောင်းတယ်'

ယုယက icanfly လို့ တစ်ဆက်တည်း ရိုက်ထည့်လိုက်ပါတယ်။

'အေသင် ပူးလ်စတော့ပ် ထည့်ထားတယ်နော်'

'အင်း'

နင့် အီးမေးလ်လိပ်စာမှာရော ပါ့စ်ဝါ့ဒ်က ဘာလဲဟင်။ ယုယက ပခုံးတွန့်ပြီးတယ်။

'ဘာလို့ပြောရမှာလဲ'

'ဟင်' ကျွန်မ စိတ်တိုသွားတော့ သူက ရယ်တယ်။

'ပတ်စ်ဝါ့ဒ်ဆိုတာ လျှို့ဝှက်စကားလုံးလေဟာ'

'ဟင့်အင်း ဘာဖြစ်ဖြစ်'

'အေး နောက်တော့ ပြောပြမယ်'

နာမည် .... .... Athin

လျှို့ဝှက်စကားလုံး .... icanfly

အသက်/ မွေးသက္ကရာဇ်၊ နှစ်၊ လ၊ ရက်၊ ကိုယ့်နိုင်ငံ၊ မြို့တော်လားနယ်ဘက်လား မေးခွန်းကို ဖြေရတယ်။ လိပ်စာကို ရေးရတယ်။





'ဟင် ရွှေစင်ဘဝလမ်းလေ'

'ဘာဖြစ်လဲ။ ကွန်ပျူတာက အတိအကျမလိုပါဘူး'

ပုန်းနံပါတ်ဆိုတဲ့ မေးခွန်း

'ငါတို့ ဘုန်းကြီးကျောင်းက ပုန်းနံပတ်ထည့်လိုက်မယ်နော်။ အရေးကြီးတာက နောက်တစ်ကြိမ် လျှို့ဝှက်စကားလုံး ပြန်ရိုက်တဲ့ အခါ တစ်ခုမှမလွဲဖို့ပဲ။ လွဲရင် ကိုယ့်အီးမေးလ်ကို ကိုယ် ဖွင့်လို့ မရတော့ဘူးလေ'

အို အဲဒီလိုလဲ ရသလား။

'အေသင် ဝင်ငွေက ဒေါ်လာ၁၅၀၀၀အောက်လို့ ထည့်လိုက်မယ်နော်'

'ဘာ ဒေါ်လာ ၁၅၀၀၀ ဟုတ်လား။ ခစ်ခစ်'

ကျွန်မ သဘောကျလွန်းလို့ အသံထွက်ရယ်လိုက်မိတယ်။

ပြီးတော့ အင်္ဂလိပ်စာလုံးတစ်ခုပေါ်လာတယ်။ အဲဒီစာလုံးအတိုင်း ကျွန်မက အောက်က နေရာကွက်လပ်မှာ ရိုက်ထည့်ရတယ်။

Story

'အိုကေ။ ဒါပဲပေါ့။ အခု နင့်မှာ အီးမေးလ်လိပ်စာ တစ်ခု ရှိသွားပြီ'

ဟုတ်ပါရဲ့ ကျွန်မလိပ်စာက athin@cartooners.com တဲ့။ စိတ်ထဲမှာကျေနပ်သွားတယ်။

'ကဲ အီးမေးလ် စပ်းပို့ကြည့်ရအောင် ဘယ်ကို ပို့မလဲ'

'ပပခက်ဆီပေါ့'

'ငါ့ဆီကိုလဲ ပို့လေဟာ ဒါမှ အခု ငါဖွင့်ကြည့်ပြီး စစ်လို့ရမယ်'

မမခက်ရဲ့ အီးမေးလ်က ksn@mail4U.com.mm မို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပို့တယ်။ ပြီးတော့ ယုယရဲ့ လိပ်စာကိုပါ တွဲထည့်ပေးတယ်။

'နှင် စာတစ်စောင်တည်းရေးပြီး လူတွေအများကြီးဆီပို့ပေးလို့ရတယ်။ စီစီဆိုတဲ့နေရာမှာ နှင်ပို့ချင်တဲ့ လိပ်စာတွေထည့်လိုက် ဒါပဲ'

ကျွန်မရဲ့ပထမဆုံးအီးမေးလ်က ခက်ဆီလို့ ပြောလို့ရသလို ယုယဆီကိုလို့လဲ ပြောလို့ရတယ်။

✉သို့-ခက် ksn@mail4U.com.mm
မှ-အေသင် athin@cartooners.com
Cc: yuya@cartooners.com
**အကြောင်းအရာ-အီးမေးလ်စမ်းခြင်း**

**ဆရာမ**
**ဒါ စာစမ်းရေးကြည့်တာပါ။**
**စိတ်မှန်သော**
**အေသင်**

.............................................................................................

ကျွန်မတို့နှစ်ယောက် ပြန်ထွက်လာတဲ့အချိန်မှာ ကော်ပီဆိုင်မှာ ဟိုအတွဲ မရှိတော့ဘူး။ ရင်ထဲမှာ ဟာခနဲဖြစ်သွားတယ်။ ကျွန်မ တစ်ခုခုကို ချန်ထားရစ်ခဲ့ရသလိုလိုကြီးပါလား။

အဲတော့ လစ်ဟာနေသလိုခံစားရတာ ဘာကြောင့်လဲလို့ အိမ်ရောက်မှ ကျွန်မသိတော့တယ်။ ကျွန်မပိုက်ဆံထည့်နေကျ အိတ်ရှူ့မရန်းဝေ့ရောင်အကွက်လေး ဘယ်နေရာမှာ ကျန်ရစ်ခဲ့မှန်းမသိဘူး။ သွားပြီ။ အဲဒါ ဇီဇဝါက ကျွန်မကို မနှစ်တုန်းက မွေးနေ့လက်ဆောင်ပေးထားတဲ့အိတ်လေး။ ကျွန်မ နှမြောလိုက်တာ။





အချစ်ဆိုတာ အတောင်ပံပါသလား။ ကျွန်မဆီကို အချစ်က အတောင်ပံနဲ့ပျံသန်းလာတာလား။ ဒါဆိုရင်တော့ အချစ်ရဲ့တောင် ပံက ဟုခ်တူးကားအပြူရောင်ကြီးပေါ့။

ဒီကနေ့ ကျွန်မ ညနေခြောက်နာရီ ပြန်ရတဲ့နေ့။ ကျွန်မတို့ ပယ်ရီက နောက်ဘက်မှာရပ်တာမို့ ဝတ်စုံတွေလဲပြီးတဲ့အခါ နောက်ဘက်ကို သွားစီးရတယ်။ ကျွန်မက ပိုက်ဆံအိတ်လေးကို နှမြောလို့ အင်တာနက်ကဖေးမှာ သွားမေးကြည့်နေလို့ နောက်ကျသွားတယ်။ ဘယ်တွေ့မလဲ။ မသိဘူးလို့ပဲ ပြောတယ်လေ။ ကျွန်မ စိတ်ညစ်ညစ်နဲ့ ကားဆီကို ထွက်လာခဲ့တာ။ ကားဆီရောက်တော့ ကျွန်မကလွဲလို့ အားလုံးစုံနေပြီလေ။

ကျွန်မ ဖယ်ရီပေါ်တက်တော့ပယ့်ဆဲဆဲမှာ တစ်ခုခု ထူးခြားနေသလိုပဲလို့ ခံစားမိလို့ ဟိုဟိုဒီဒီကြည့်မိတယ်။ အဲတော့။ သူ။ အနားက အပြူရောင်ကားတစ်စီးအနားမှာ ရပ်နေတာ။ ကျွန်မခြေလှမ်းတွေ တုန့်သွားတယ်။

ဥာဏ်သာ။

သူက ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ။

ကျွန်မကို ကြည့်နေတာလဲမဟုတ်။ ကြည့်မနေဘူးလို့လဲ ပြောလို့မရ။ မကြည့်သလိုကြည့်သလို။ ကားကိုမှီပြီး ရပ်နေလိုက်တဲ့ ပုံက ပိုက်ဂိုက်နဲ့။ဘောင်းဘီက ဖိနပ်ခြေဖမိုးပေါ်မှာ ပုံကျလှ မတတ်ပဲ ရှည်ရှည်မွမွ။ ဒရိုက်ဘာဘက်က ကားတံခါးက မပွင့်တပွင့်ဟတ်ထားတာမို့ ကားထဲကသီချင်းသံကို ကြားနေရတယ်။ သူ့အသံပဲ။

'ငါ့ဖိနပ်ကို ခဏလောက်တော့ မင်းစီးကြည့်ဘူး တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရယ်ချင်သွားတယ်။

ကိုင်း ဖိနပ်နဲ့တော်တော်ပတော်တော် ငါနဲ့ဘာမှမဆိုင်ဘူး။ ကျွန်မ ကားပေါ်ကိုတက်မယ်ပြင်တော့ သူ့အသံကို ကြားလိုက်ရတယ်။

'ရွှတ်ရွှတ် ခဏလေး'

အို။ အဲဒီအသံကြောင့် ကျွန်မ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောမျှင်တွေ အကုန်လုံး ပွန်းဆွေးယိမ်းခါကုန်တော့တယ်။

အဲဒါ သူ့ဆီကလာတဲ့အသံလေ။ သူ့အသံက ခပ်အက်အက်။ တိုးတိုး။ ဒါပေမဲ့ ကျွန်မဆီကို အကျယ်ကြီးရောက်လာတာ။

ကျွန်မ တအံ့တသြလှမ်းကြည့်လိုက်မိတယ်။ ကားခြေနင်းပေါ်ရောက်နေတဲ့ ဘယ်ဘက်ခြေထောက်ကို ပြန်ချပြီးကို ကြည့်မိတာ။ သူကျွန်မကိုခေါ်တာပဲ။ ဘယ်လိုလုပ်သိလဲ မမေးနဲ့။ သိကို သိတယ်။ ကျွန်မနာမည်မပါဘဲ ခေါ်လိုက်တာပေမဲ့ ကျွန်မသိတယ်။

သူ ပြုံးမနေပါဘူး။ ကားကို မှီနေတဲ့ဟန်လဲမပျက်ပါဘူး။ ဟန်ပျက်သွားတာက ကျွန်မ။

ကားပေါ်ပဲ တက်ရတော့မလို။ သူ့ရှိရာပဲ လျှောက်သွားလိုက်ရတော့မလို။ ခဏတော့ ယောင်နေတယ်။ ဒါပေမဲ့ ကျွန်မဆီကို သူဘာဖြစ်လို့ လှမ်းမလာဘဲ သူ့ကားနားကနေ ခေါ်နေရတာလဲ။ နောက်ပြီး ရွှတ်ရွှတ်ဆိုတာက ကျွန်မကို ခေါ်တာလို့ မသေချာဘူး လေ။ သူက ကျွန်မဆီကို ကြည့်နေတာပေမဲ့ လှမ်းမလာဘူး။ အဲဒါ ဘာသဘောလဲ။ ကျွန်မက သူ့ဆီကိုသွားရမှာလား။ ဝေးသေးတယ်။ သူ့ဆီက လက်မှတ်လေးတစ်ခါရထားရုံနဲ့ပဲ သူက ကျွန်မကို အထက်ဆီးကနေ ခေါ်လို့ရရောတဲ့လား။

ကျွန်မ ကားဆီကို ပြန်လှည့်လိုက်တယ်။

'အေသင်'





ပေါ့။

ဒီတစ်ခါတော့ ကျွန်မနာမည်ကို ခေါ်တာ။ မနေသာတော့လို့ ကျွန်မ လှည့်ကြည့်လိုက်ရပြန်ရော။

'ဘာလဲ'

အဲဒီအခါ သူက လက်ထဲမှာကိုင်ထားတဲ့ အိတ်လေးတစ်ခုကို မြှောက်ပြတယ်။ ပရန်းရောင်အိတ်လေး။

ဟယ်တော့။ အဲဒါ ကျွန်မအိတ်လေးပါလား။ ကြည့်စမ်း။

ကျွန်မ ဘာမှ စဉ်းစားမနေတော့ဘဲနဲ့ သူ့ဆီကို အပြေးသွားလိုက်မိတော့တယ်။ ဟန်မဆောင်နိုင်တော့ဘူးလေ။ အဲဒီထဲမှာပါတဲ့ ပိုက်ဆံက မများပါဘူး။ အရေးကြီးတာက ကျွန်မသီ ချင်းရေးထားတဲ့ စာရွက်လေးတစ်ရွက် ပါနေခဲ့တာ။

'ဟယ် အဲဒါ ငါ့အိတ်လေး နင် ဘယ်ကရလဲ'

ကျွန်မ သူ့လက်ထဲကအိတ်ကို လှမ်းဆွဲလိုက်မိတယ်။ သူက မပြုံးပရယ်နဲ့ အိတ်ကိုင်ထားတဲ့လက်ကို အပေါ်မြှောက်ပစ်လိုက်တယ်။ ကျွန်မ မမီအောင်လို့လေ။ ဟင် ကောင်စုတ်။

'ဒီအတိုင်းတော့ ဘယ်ရမလဲ။ ရွေးယူရမယ်လေ'

အပ်။ ကျွန်မ နည်းနည်းရှက်သွားတယ်။ စိတ်လဲတိုသွားပါတယ်။

'အကျင့်ယုတ်တယ်တော့။ ဘာနဲ့ရွေးရမလဲပြော'

'အီးမေးလ် အက်ဒရက်စ်နဲ့'

ဟင်။

အဲဒီအချိန်မှာပဲ ကားဟွန်းသံကို ကြားလိုက်ရတယ်။ ဘယ်ကဖြစ်ရမလဲ။ ကျွန်မတို့ဖယ်ရီက ဟွန်းသံပေါ့။

'အေသင် မြန်မြန်လုပ်'



www.burmeseclassic.com

www.burmeseclassic.com



ဇာပြုန့်ပိုးကောသွယ်တို့က လှမ်းအော်နေပြီ။

'အေး အေး ပေးပယ်ဟာ ငါ့အိတ်ပေးတော့'

အိတ်ကိုလက်လှမ်းတော့ သူက ကျွန်မပါအောင် ချပေးတယ်။

'ပြောလေ လိပ်စာ'

'အေသင် အက်ထ် ကာတွန်းနားစ်'

'ဟော့ တလုံးပေါင်းပြောဦး'

'ဟင့်အင်း အချိန်မရှိတော့ဘူး'

ကျွန်မလက်ထဲမှာ အိတ်ပြန်ရပြီလေ။ ဒါနဲ့ အသားကုန်ပြေးတော့တာပေါ့။

'အိတ်ထဲမှာ တို့လိပ်စာပါတယ်။ တို့ဆီကို စာထည့်ပေး'

ကြည့်စမ်း။ တော်တော်ဆိုးတဲ့ကောင်လေး။ အကျယ်ကြီးလှမ်းအော်ပြောရသလားဟဲ့။

'နိုး'

ကျွန်မ ရယ်ရင်းနဲ့ သူ့ကို ပြန်လှည့်မကြည့်ဘဲ အကျယ်ကြီးငြင်းပစ်ခဲ့တယ်။

ဟုတ်တယ်လေ။ အေး လို့ ဘယ်ပြောလို့ဖြစ်မလဲ။ ကားပေါ်က မိန်းမတွေရှေ့မှာ။ ဒီလိုပဲ ပြောရမှာပေါ့။ နောက်မှ ကျွန်မ စာပြန်တယ်ဆိုရင်လဲ သူတို့ သိမှာမှမဟုတ်ဘဲ။

ကျွန်မလဲ ကားပေါ်ထိုင်မိရော စိတ်မရှည်တော့တဲ့ကားသမားက ဂူးခနဲမောင်းထွက်လိုက်တာ။ ကျွန်မတောင် ယိုင်သွားတယ်။ လှည့်မကြည့်တော့ဘူးလို့ အားတင်းပေမဲ့ မနေနိုင်ဘူး။ တစ်ချက်တော့ လှည့်ကြည့်ခဲ့ပါတယ်။ ကားဘေးမှာ သူရပ်ကျန်နေခဲ့တုန်းပဲ။

ကျွန်မကို တစ်လမ်းလုံးဝနောက်နေတဲ့ ဇာပြုတို့ မိုးကောသွယ်တို့အသံတွေက ဆူညံနေတာပဲ။ ကျွန်မလဲ ပြောချင်ရာသာ ပြောကြ





တော့လို့ အသာငြိမ်ပြီး ပြုံးနေလိုက်တယ်။

အိပ်ပြန်ရောက်တော့မှ ကိုယ့်အိတ်လေးကိုယ် ဖွင့်ကြည့်မိတယ်။ ကျွန်မထည့်ထားတဲ့အသေးအမွှားလေးတွေကို ဉာဏ်သာ ဖွင့်ကြည့်မှာပဲ။ တွေ့မှာပဲ။ ကျွန်မ ဘာတွေများ ထည့်ထားမိပါလိမ့်။

ခေါင်းညှပ်တဲ့ကလစ်လေးတစ်ခု။ တယ်လီဖုန်းနံပတ်မှတ်တဲ့ စာအုပ်ပေါက်စနလေးတစ်ခု။ ပိုက်ဆံ နှစ်ရာတန်နှစ်ရွက်၊ ငါးရာတန်ကတစ်ရွက်။ ငါးဆယ်တန်တစ်ရွက် နှစ်ဆယ်တန်သုံးရွက်။ အို ငါးကျပ်တန်နဲ့ဆယ်တန်တွေက ပါလိုက်သေးတယ်။ သစ်သားဆွဲအုပ် သေးသေးလေးနဲ့ လုပ်ထားတဲ့ သော့တွဲလေးတစ်ခု။ အဲဒါက ကျွန်မတို့ဝန်ထမ်းတစ်ယောက်ချင်းရဲ့ ကိုယ်ပိုင်သော့ခတ်သိမ်းဖို့ ဘီဒိုသေးသေးလေးတွေရဲ့သော့ပါ။ အရေးအကြီးဆုံးက ကျွန်မရဲ့သီချင်းစာရွက်လေး။

တော်ပါသေးရဲ့။ မပျောက်ဘူး။ အို ဒီစာရွက်လေးကို သူဖွင့်ကြည့်မှာပဲ။ ကျွန်မသီချင်းလေးကို သူဖတ်ပါမှာပဲ။ သူ ဘယ်လိုထင်မလဲသိချင်လိုက်တာ။ နေဦး။

သီချင်းစာရွက်ခေါက်လေးက ဟာဟာလေးဖြစ်နေတယ်။ အထဲမှာ ကျွန်မပိုင်တာမဟုတ်တဲ့ ပစ္စည်းလေးတစ်ခုပါလာတယ်။ လိပ်စာကဒ်ပြားထည့်တဲ့ ကဒ်ပြားတစ်ခုစာအရွယ် အသေးစားအဝတ်အိတ်ပြားလေးတစ်ခု အဲဒီထဲက လိပ်စာကဒ်လေးတစ်ခု။ အို မွှေးလိုက်တာ။

ကျွန်မ အပွတ်မထင် နမ်းမိသွားတယ်။ မွှေးလို့ပါနော်။

ဉာဏ်သာထင်လင်း (Another)

အပွတ်... ...အင်းယားမြိုင်လမ်း။ ရန်ကုန်။

ဖုန်း ...............

nthar@eagle.com.mm



www.burmeseclassic.com

www.burmeseclassic.com



✉သို့-ဉာဏ်သာ nthar@eagle.com.mm
မှ-အေသင် athin@cartooners.com
အကြောင်းအရာ-လိပ်စာ

ဉာဏ်သာ
ငါ့လိပ်စာသိအောင်လို့ နင့်ဆီ စာထည့်လိုက်တာ။ အိတ်လေးရလို့ ကျေးဇူးတင်ပါတယ်။
နင် ဘယ်ကနေ ရလာတာလဲဟင်

ရိုးသားသော
အေသင်

..............................................................................................

အိတ်လေးပြန်ပေးတဲ့ကျေးဇူးကြောင့် ကျွန်မ သူ့ကို အီးမေး လိပ်စာပေးမှ ကောင်းပယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တာပါ။

ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ကျွန်မ သူ့ဆီရေးထားပြီးသား အီးမေးလ်ကို ပြန်ပယ်ဖျက်ပစ်လိုက်ချင်တယ်။ ရုပ်ရှင်ဖလင်ကို ပြောင်းပြန်ရစ်ပြီး ပြန်ပြတဲ့ဇာတ်ကွက်တွေလိုလေ။ လက်ထဲကနေ လွှင့် ပစ်လိုက်တဲ့ပန်းလေးတစ်ပွင့် နောက်ပြန်ပြကွက်နဲ့ လက်ထဲကို ပြန် ရောက်လာသလိုမျိုး၊ ကျွန်မပို့လိုက်တဲ့ စာက ဟိုကိုမရောက်ဘဲ ကျွန်မ ဆီပြန်ရောက်လာ။ ဘယ်လောက်ကောင်းလဲ။ ခုတော့ လူ့ဘဝကြီးမှာ ဘာအဖြစ်အပျက်ကိုမှ နောက်ပြန်ရစ်လို့လဲမရ။ ကွန်ပျူတာလိုလဲ မှား သွားလို့ ဆိုပြီး undo ပြန်လုပ်ချင်လို့မရ နော်။

သေလိုက် ပိအေသင်။ သေလိုက်။





ကျွန်မ ဘာကြောင့်များ ဆတ်ဆတ်ဆော့ဆော့ သွားစာရေး လိုက်မိပါလိမ့်။ သူ့ဆီစာရေးလိုက်မိတာ မှားသွားပြီထင်တယ်။ သူ့ ကြည့်ရတာ ဘာကိုမှ အလေးအနက်ထားတဲ့ရုပ်မဟုတ်ဘူး။ ကျွန်မ သိခဲ့ဖို့ကောင်းတာပေါ့။

ကြည့်ပါလား။ ကျွန်မ ဒီကနေ့ အလုပ်ပဝင်ခင်တစ်ခါ အလုပ် ဆင်းတော့တစ်ခါ အင်တာနက်ကဖေးကိုသွားပြီး အီးမေးလ် ဖွင့်ကြည့် ခဲ့ပါတယ်။ ကျွန်မဆီကို ဉာဏ်သာ စာမပြန်ထားသေးဘူး။ ဘာဖြစ်လို့ မပြန်သေးတာလဲ။ နှစ်ရက်တောင်ရှိနေပြီ။

သူ့ကောင်မနဲ့သူ အလုပ်များနေမှာပေါ့။ မှန်းလိုက်တာ။

ငါကလဲ နင့်ကို နဲနဲမှ ဂရုမစိုက်ပါဘူး။ အိပ်မက်ထဲတောင် ထည့်မမက်ဘူး နားလည်လား။



www.burmeseclassic.com

www.burmeseclassic.com



၁၁=ဒဏ်ရာတွေနဲ့မိသားစု

## My Father

ဒီနေ့ ကျွန်မ ကျောင်းနောက်ကျပါတယ်။ ကျွန်မရောက်တော့ ယုယတောင်စတီဖင်ချဲပေါ်မှာ စကားပြောနေပြီ။ ကျောက်သင်ပုန်းပေါ်မှာ ယုယလက်ရေးနဲ့ ကျွန်တော့်ဖေဖေလို့ ခေါင်းစဉ် ရေးထားတာတွေ့တယ်။ ကျွန်မ ဗိုဇေါ်ဘောက လွတ်နေတဲ့နေရာဆီ ခေါင်းငုံ့ ကိုယ်ကိုင်းပြီး ဝင်သွားထိုင်လိုက်ရပါတယ်။

'ကျွန်တော့်အဖေက ညတိုင်း အိပ်ပြန်လာရင် အရက်မူး မူးလာတယ်'

ယုယအသံက ကျွန်မတို့လို အိုးတိုးအမ်းတမ်းမရှိဘူး။ ပြတ်ပြတ်သားသားပဲ။ ယုယက လူတွေကို မကြောက်ဘူး။ ဟုတ်တယ်။

'အမှန်တိုင်းပြောရရင် ကျွန်တော် အဖေ့အိမ်မှာ မနေချင်ဘူး။ ဒါပေမဲ့ အဖေ့အိမ်ဟာ အမေ့အိမ်လည်း ဖြစ်နေတယ်။ အမေ့အနားမှာ ကျွန်တော်နေချင်တယ်'

ကျွန်မထိုင်လိုက်တော့ ယုယနဲ့ တည့်တည့်ပဲ။

ခက်က ဝင်အောက်မှာ ကျွန်မတို့ကျောင်းသားတွေနဲ့ရောထိုင်ပြီး နားထောင်နေတယ်။

'ဝပ်ရှော့မှာအလုပ်လုပ်ရတာ ကောင်းပါတယ်။ ဒါပေမဲ့





ကျွန်တော်က ပညာနဲ့ ဉာဏ်ရည်နဲ့လုပ်ရတဲ့အလုပ်မျိုးကို ကြိုက်တယ်။ ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့အောင်အောင် ကြိုးစားခဲ့တာဟာ ဝပ်ရှော့မှာ ကားအဟောင်း အနွံ့တွေကို ထုနက် ပြင်ဆင်ဖို့ မဟုတ်ဘူးလေ။ ကျွန်တော်က ကမ္ဘာကြီးကို ကိုယ့်မျက်စိအောက်မှာချထားသလို တွေ့မြင်သိချင်တာ။ အခုတော့ အမေ့အရက်ပုလင်းတွေကိုပဲ တွေ့နေရတယ်။

'အမေ့လက်အောက်မှာအလုပ်လုပ်တဲ့အခါ စိတ်ညစ်ရတယ်။ အဆူပူခံရလို့။ ညညဆို အမေ့ကို အော်ဟစ်ဆူပူရင်း ကျွန်တော့်ကိုပါ အော်တယ်'

ကျွန်မသာ ကျွန်မဖေဖေဆိုတဲ့ခေါင်းစဉ်နဲ့ပြောဖို့ ပဲကျခဲ့ရင် မေမေ့အပေါ်အားပရတာတွေကို သူ့လိုအမှန်အတိုင်း ပြောနိုင်ပါ့မလားလို့ ကျွန်မ ဝဦးစားကြည့်နေမိတယ်။

ယုယရဲ့အင်္ဂလိပ်အသံထွက်က သိပ်အကောင်းကြီး မဟုတ်ဘူး။ တချို့အသံထွက်တွေက မမှန်ဘူး။ ဒါပေမဲ့ ယုယက ဝါကျဖွဲ့တာ သိပ်ကောင်းတယ်။ စကားပြောသွက်တယ်။ စိတ်ကူးကောင်းတယ်။ ဒါကြောင့် သူ့အင်္ဂလိပ်စကားပြောရင် နားထောင်လို့ ကောင်းပါတယ်။

"နိုင်ငံခြားတိုင်းပြည်မှာသာဆိုရင် အော်ကြီးဟစ်ကျယ်ဆူပူနေရင် ရဲက ဖမ်းချုပ်လို့ရသတဲ့။ ဟုတ်မှာပဲ။ ကျွန်တော် ကြည့်ဖူးတဲ့ LA Confidential ဇာတ်ကားထဲမှာ ရုပ်ဆဲလ်ခရိုးက ရဲအရာရှိပေါ့။ လင်မယားရန်ဖြစ်တာကို ပတ်တရောင်လှည့်ရင်းကနေ မြင်ရလို့ယောက်ျားကို သွားဖမ်းတာ။ အချုပ်ခန်းထဲတောင် ထည့်လိုက်သေးတယ်ဗျာ။ ကောင်းလိုက်တာ။

အဲ အဲဒါလည်း မဖြစ်သေးဘူးထင်တယ်။ အဲဒါဆို အမေ့ကိုအချုပ်ထဲ နေ့တိုင်းထည့်နေရတော့မှာပေါ့။ အရက်မူးပြီးဆူပူ သောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမှု၊ အစိမ့်ပါယ်မဲ့ မယားနဲ့သားသမီးတွေကို ဆဲဆိုမှု။ ဟား အမှုတွေကတော့ အများကြီးပဲ'

ကောင်လေးတွေက ဝိုင်းရယ်ကြတယ်။ ကျွန်မ မရယ်နိုင်ဘူး။ ယုယ ဒီစကားတွေကို မပြောကောင်းဘူးလို့ ထင်တယ်။ အဖေဆိုတာ အနန္တောအနန္တငါးပါးထဲမှာပါတယ်လေ။ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး လေးစားကိုးကွယ်ရမှာပဟုတ်လား။

'သူများတွေများ အဖေပြန်လာရင် ပျော်နေကြမယ်။ ကျွန်တော်ကတော့ အဖေပြန်လာတဲ့ ခြေသံကြားရရင် ဒါမှမဟုတ် အိမ်ရှေ့ကတ္တရာလမ်းပေါ်ကို ဆိုက်ကား ကျွိခနဲရပ်လိုက်တဲ့အသံကြားရင် ရင်က ထိတ်ခနဲ တုန်လှုပ်သွားတာ။ အဲဒီခံစားချက်ကို ကျွန်တော် မလိုချင်တော့ပါဘူး။ ညီလေးနဲ့ညီမလေးဆိုရင် ဝင်လာတဲ့ အမေ့ခြေလှမ်းကို စောင့်ကြည့်နေရင်း မှတ်စုစာအုပ်လေးတွေ လှန်ပြီး တကျက်ချင်ယောင်ဆောင်နေကြရတာ။

ကျွန်တော့်အဖေက ပညာတတ်ပါတယ်။ ဂျီတီအိုင်ကနေ ကျောင်းပြီးထားတာပါ။ အဖေတတ်ထားတဲ့ပညာတွေက အမေ့ကို လူတော်လူလိမ္မာတစ်ယောက် ဖြစ်အောင်လုပ်မပေးနိုင်ဘဲ အရက်ကသာ အမေ့ကို လူဆိုးကြီးဖြစ်အောင် လုပ်ပေးလိုက်နိုင်ခဲ့တယ်။ အရက်ပမူးရင် အဖေက သိပ်သဘောကောင်းတယ်။ ကျွန်တော်က အမေ့ကို မမုန်းချင်ဘူး။ ဒါကြောင့် ကျွန်တော် အရက်ကိုပဲ မုန်းပါတယ်'

ယုယပြောပြီးသွားတဲ့အခါ ကျွန်မတို့ကျောင်းသားတွေက မေးခွန်းတွေ မေးရပါတယ်။ ကျွန်မ မမေးချင်ဘူး။ ယုယရဲ့အဖေအကြောင်း ကျွန်မ အသိဆုံး။ ယုယ ဘယ်လောက် စိတ်ဆင်းရဲရတယ်ဆိုတာလည်း ကျွန်မအသိဆုံး။ ဒါကြောင့် ဘာမှမေးစရာမရှိဘူး။

ဇီဇဝါက တစ်ခုမေးတယ်။





'တကယ်လို့သာ တန်ခိုးရှင်တစ်ယောက်က နင့်အဖေကို ပြောင်းပေးမယ်ဆိုရင် နင် ဘယ်လိုအဖေမျိုးလိုချင်လဲ'

ယုယက ခဏစဉ်းစားပြီးမှ ဖြေတယ်။

'အေးအေးချမ်းချမ်းနဲ့ မိသားစုကို ပြန်လည်ဆွေးနွေးခွင့် ပေးတဲ့ နားလည်တတ်တဲ့အဖေမျိုးကို လိုချင်တယ်'

စိုးအောင်ဆိုတဲ့ကောင်လေးက ထမေးတယ်။

'မင်းအဖေကို တွေးရင် မင်းသတိရဆုံးအမြင်က ဘာလဲ'

'အမေ့ကို အိမ်တံခါးဖွင့်မပေးလို့ အဖေ အိမ်ပြင်မှာထိုင်နေရတဲ့အမြင်'

ကျွန်မ ယုယကို ငေးကြည့်နေမိတယ်။

ခက်က ထိုင်ရာကနေ ထရပ်လိုက်ပါတယ်။

'ငါမေးချင်တာတွေ ရှိတယ်' လို့ပြောရင်း ဝင်မြင့်ဆီကို လျှောက်သွားတယ်။

'မင်းအဖေ အရက်သောက်တာ ဘယ်လောက်ကြာပြီလဲ'

'ခြောက်နှစ်လောက်ရှိပြီ'

'ဝပ်ရှော့မှာ မင်းအဖေအလုပ်လုပ်တာရော ဘယ်လောက်ကြာပြီလဲ'

'ခြောက်နှစ်လောက်ထင်တယ်။ အဖေ မလေးရှားကပြန်လာပြီးကတည်းက ဝပ်ရှော့မှာလုပ်တာ'

'သူ မလေးရှားကိုသွားနေတဲ့အချိန်က မင်း ဘယ် နှတန်းလဲ'

'လေးတန်း ငါးတန်း ခြောက်တန်း'

'မင်းအဖေက အမေ့ဆီပိုက်ဆံတွေပို့သလား'

'အများကြီးပို့ပါတယ်'

'အဖေက မင်းဆီကို စာတွေရေးခဲ့သလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတစ်ခါ စာရေးတယ်'

'စာထဲမှာ ဘယ်လိုရေးလဲ မှတ်မိတာတွေပြောပြပါလား'

'ကာယနဲ့အလုပ်လုပ်ရတာ သိပ်ပင်ပန်းတယ်တဲ့။ သူများတိုင်းပြည်မှာ အလုပ်လုပ်ရတာလည်း ကျွန်လိုပဲခံစားရတယ်တဲ့။ ကျွန်တော့်ကို ပညာတတ်အောင်ကြိုးစားလို့ စာရေးဖူးပါတယ်'

'နိုင်ငံခြားကနေ အမေက ငွေတွေပစ္စည်းတွေ ပို့တဲ့အခါ မင်းအတွက် ဘာတွေပါလာဖူးသလဲ'

'ကျွန်တော်ဖတ်ချင်တယ်ဆိုလို့ ရောင်စုံပုံတွေပါတဲ့ရုပ်ပြ ရွှယ်စုံကျမ်းစာအုပ်တွေ ဝယ်လာပါတယ်'

'အဲဒီစာအုပ်တွေ မင်း သဘောကျသလား'

'ကျွန်တော် သိပ်ကြိုက်ပါတယ်။ အခုထိကျွန်တော် ပြန်ပြန်ဖတ်တယ်။ သိမ်းထားတုန်းပါပဲ'

ယုယရဲ့အသံက စောစောကလို ဟာပြီးပြတ်သား မနေတော့ဘဲ စဉ်းစဉ်းစားစား အေးအေးငြိမ်ငြိမ်ဖြစ်သွားတယ်။

'အမေနဲ့ပတ်သက်လို့ မင်းအတွက် ကြည်နူးစရာ အကောင်းဆုံးဖြစ်ရပ်တစ်ခုကို ပြောပြစမ်းပါ'

ယုယ အခန်းအပြင်ဘက်က သစ်ပင်တွေဆီကို လှမ်းကြည့်ပြီး စဉ်းစားနေလိုက်တယ်။ ပြီးတော့မှ ပြောပါတယ်။

'ကျွန်တော့်ကို တိရစ္ဆာန်ဥယျာဉ်ကိုလိုက်ပို့တုန်းက သဘာဝသမိုင်းပြတိုက်မှာ အမေက ကျွန်တော့်ကို ဝေလငါးကြီးရဲ့အရိုးကိုပြရင်း ဝေလငါးတွေအကြောင်း ရှင်းပြတဲ့အဖြစ်။ အဲဒီတုန်းက အမေက သိပ်စိတ်ရှည်ပါတယ်'

'မင်းအမေ ပို့လိုက်တဲ့ပိုက်ဆံတွေကို မင်းအမေက ပမာဏတိုးပွားအောင် စုထားပေးနိုင်ခဲ့သလား'





ယုယ ချက်ချင်းမဖြေနိုင်ပါဘူး။ ခက်ကို ငေးကြည့်နေပြီးမှ

'မစုနိုင်ခဲ့ဘူး။ အမေက ငွေကို မစီမံတတ်ဘူးလို့ အမေက ခဏခဏပြောတယ်။ အဘွားက အသုံးအစွဲကြီးတယ်။ အဘွားနဲ့ အဒေါ်တွေချယ်လှယ်သမျှ အမေကခံရတာ။ ကျွန်တော့်အဒေါ် အမေ့အစ်မကလည်း အများကြီးယူတယ်။ ချဲထိုးတာ လျော်လိုက်ရတယ်လို့ အဘွားကပြောဖူးတယ်'

အတန်းသားအားလုံး ငြိမ်သက်နေကြပါတယ်။

'မင်းအမေပြန်လာတဲ့အချိန်မှာ သူပို့ထားတဲ့ ပိုက်ဆံတွေ မရှိတော့ဘူးလို့ သိသွားရောလား'

'အဲဒါ ကျွန်တော်မသိဘူး'

'အေးပေါ့ မင်းက ငယ်သေးတာကိုး။ သူသုံးလေးနှစ် အလုပ်လုပ်ပြီး လှမ်းပို့တဲ့ပိုက်ဆံတွေကို တိုးပွားအောင်မလုပ်နိုင်တဲ့အပြင် တစ်ပြားမှမကျန်အောင် ဖြုန်းပစ်တဲ့အတွက် မင်းအမေ စိတ်ထိခိုက်မှာပဲ။ မင်း စောစောကသိချင်တဲ့ အမေ ဘာကြောင့်အရက်သောက်တာလဲ ဆိုတဲ့အမေးပြဿနာ အဲဒါပဲ'

ယုယက ကျွန်မတို့ဘက်ကို မကြည့်ဘဲ သူရေးထားတဲ့ ကျွန်တော့်မေမေ ဆိုတဲ့စာလုံးကိုပဲ လှမ်းငေးနေပါတယ်။

'လူတွေမှာ မျှော်လင့်ချက်တွေပျောက်ဆုံးတဲ့အခါ တုန့်ပြန်တဲ့အနေအထား အမျိုးမျိုးရှိကြတယ်။ မင်းအမေ အရက်သောက်တာဟာ ဘဝကိုစိတ်နာကျည်းလို့။ သူ့ဘဝမှာ တခြားနည်းလမ်း မရှိတော့ဘူးလို့ သတ်မှတ်လိုက်လို့။ တကယ်တော့ သူ့မှာ တခြားနည်းလမ်း ရှိသေးတယ်'

ယုယက ခက်ကို လှမ်းကြည့်ပါတယ်။

'အဲဒါက မင်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



ယုယရဲ့ မျက်လုံးက အံ့သြနေသလိုပဲ။

'မင်းဟာ သူ့ရဲ့မျှော်လင့်ချက်ပဲ'

ယုယက ခက်ခက်ကားကို စဉ်းစားသလို ငြိမ်နားထောင်နေတယ်။

'မင်းအမေကို အရက်သံသရာထဲကနေ ဆွဲထုတ်ပေးနိုင်တဲ့သူက မင်းအမေလည်းမဟုတ်ဘူး။ အဘွားလည်းမဟုတ်ဘူး။ အဒေါ်လည်းမဟုတ်ဘူး။ မင်း။ မင်းကြိုးစားကြည့်ပြီးပြီလား'

'ကျွန်တော်ကြိုးစားကြည့်ပါမယ်ဆရာမ'

ခက်က မေးခွန်းတွေကို ဘာ့ဂအစီပွါယ်နဲ့မေးတယ်ဆိုတာ အခုမှပဲ ကျွန်မ ရိပ်မိပါတော့တယ်။

အတန်းပြီးသွားတဲ့အခါ ကျွန်မရယ်၊ ဇီဝဂါရယ်၊ ခက်ရယ် မေသွင် ဆိုတဲ့ အတန်းမော်မလေးရယ် ကျောင်းအပြင်ကို တူတူ ထွက်လာခဲ့ကြတယ်။ ယုယကို ခပ်လှမ်းလှမ်းမှာ တစ်ယောက်တည်း လျှောက်သွားနေတာ တွေ့ရတယ်။

'ဆရာမ ကားယူလာတယ်။ ညီမတို့ လမ်းကြုံလိုက်ခဲ့'

ရေတမာပင်ကြီးအောက်မှာ မမခက် မောင်းလာတဲ့ ဆန်နီပစ်ကပ်အပြာနုရောင်လေး ရပ်ထားတယ်။ အဲဒါက မမခက်အချိန်ပိုင်းအလုပ်လုပ်တဲ့ ပုဂ္ဂလိကမူကြိုကျောင်းက ကျောင်းအုပ်ရဲ့ကားလို့ပြောတယ်။ အဲဒီ ကျောင်းအုပ်ဆရာမကြီးရဲ့ကားကို မမခက်က ခဏခဏ မောင်းပေးရတယ်။ ဆရာမကြီးမှာ ဒရိုက်ဘာမရှိဘူးတဲ့။ ကိုယ်တိုင်မောင်းတာတဲ့။ ကျွန်မလေ ကားသိပ်မောင်းချင်တာပဲ။





✉သို့-အေသင် athin@cartooners.com
မှ-ဥာဏ်သာ nthar@eagle.com.mm
ပြန်စာ-လိပ်စာ
အေသင်

အခုမှစာပြန်ရတာ စိတ်မဆိုးပါနဲ့။ တို့ နယ်စပ်တိုင်းရင်းတစ်ပွဲလိုက်သွားတာ ဒီနေ့မှ ပြန်ရောက်တာ။ အခု အေသင့်စာကို တွေ့တော့ အရမ်းပျော်သွားတယ်။

ပိုက်ဆံအိတ်လေးက အေသင် ထိုင်သွားတဲ့ ကွန်ပျူတာခုံပေါ်မှာကျန်ခဲ့လို့ တို့ကောက်ထားတာ။ သီချင်းစာရွက်လေးတစ်ခုတွေ့လို့ တို့ဖတ်လိုက်တယ်။ ဘယ်သူ့လက်ရာလဲ သိချင်တယ်။ အဲဒါအေသင့်လက်ရေး မဟုတ်လား။ တချို့စကားလုံးတွေကို နဲနဲပြင်လိုက်ရင် သီချင်းဖြစ်သွားမှာ။

ဒါနဲ့ အဲဒီနေ့က အေသင်နဲ့အတူတွဲလာတဲ့ကောင်က အေသင်နဲ့ ဘာပတ်သက်လဲ။ တို့သိချင်တယ်။

မြတ်ဆုမွန်ဖြင့်
ဥာဏ်သာ

..........................................................................................

သွား အခုမှ လာပြီးမေးမနေနဲ့။ ဘယ်လောက်တောင်ကြာပြီလဲ အင်တာနက်ဆိုင်ကို သွားသွားပြီး နေ့တိုင်း စာတိုက်ပုံးလေးသွားသွားမွှင့်ရတာ။ ပိုက်ဆံလဲ ကုန်လှပြီ။ ဒီနေ့မှပဲ သူ့စာကို ဖတ်ရတော့တယ်။ ကျွန်မ စာမပြန်သေးဘဲ ဖတ်ရုံပဲဖတ်ထားလိုက်တယ်။

ဟုတ်တယ်လေ။ ချက်ချင်းပြန်လို့ ဘယ်ဖြစ်မလဲ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လည်း အလုပ်တွေသိပ်ရှုပ်ချင်ယောင်ဆောင်ရဦးမှာပေါ့။ မဟုတ်ဘူးလား။ ဘာရမလဲ နှစ်ရက်လောက် ဒီအတိုင်း ပစ်ထားလိုက်ဦးမယ်။

အော် ဒါပေမဲ့ သူတာပြန်ချင်လို့မှမဟုတ်ဘဲ။ သူ နယ်ရောက်နေတာလေ။ သူ့မှာ အပြစ်မရှိပါဘူး။ သူ့ကို ကျွန်မ လက်စားမချေသင့်ဘူး။

အယ် မဖြစ်ဘူး။ စာမပြန်နဲ့ဦး။

သူ ကျွန်မကို မေးခွန်းတစ်ခုမေးထားတာလေ။ ယုယနဲ့ ဘယ်လိုပတ်သက်လဲတဲ့။ အဲဒါကို ကျွန်မ ဘယ်လိုဖြေရမှာလဲ။ မဟုတ်ပါဘူးလို့ ဖြေလိုက်ရင်လဲ သူ့ကို အခွင့်အရေးပေးချင်သလို ဖြစ်သွားမယ်။ မဖြေပြန်ရင်လဲ ရည်းစားဖြစ်နေတာကို သူ့ကို မသိစေချင်လို့ မဖြေဘူးလို့ ထင်သွားမယ်။ ခက်တာပဲ။

အို သူထင်ချင်သလို ထင်စမ်းပါစေ။ ရည်းစားလို့ထင်သွားရင် ပိုတောင်ကောင်းသေးတယ်။ ဒါမှ သူ မနာလိုဖြစ်သွားမှာ။

ဒါပေမဲ့ ခက်တာလေး။ သူ တကယ်ပဲ ကျွန်မနဲ့ယုယကိုတစ်ခုခု ထင်နေသလား။ ယုယနဲ့ ကျွန်မက တကယ်ပဲ သူထင်ရလောက်အောင် နီးကပ်သွားခဲ့တာလား။

ကျွန်မတော့ တစ်ခါမှ ယုယကို အိစီကလီတစ်ယောက်လို သဘောမထားမိပါဘူး။ ဉာဏ်သာမေးမှပဲ စဉ်းစားကြည့်မိတော့တယ်။ အဲဒီလိုထင်စရာများဖြစ်သွားသလား။

ယုယ ကျွန်မအပေါ်မှာ သံယောဇဉ်ရှိတာကိုတော့ ကျွန်မ သိပါတယ်။ ဒါပေမဲ့ အဲဒီ သံယောဇဉ်က အဖြူရောင်သက်သက်ပါပဲ။ အင်းလေ။ ကျွန်မ မသိဘူး။



## နှ=နီးနီးကပ်ကပ်လေး

လန့်တောင်လန့်တယ်။ မထင်မှတ်တဲ့အချိန်မှာ သူ ကျွန်မရှေ့ကနေ ဖြုန်းဆိုရောက်လာတော့လေ။ ကျွန်မက စင်ထရယ်ကနေ အဝတ်အစားလဲပြီးလို့အထွက်ပေါ့။

သူ ကျွန်မ အလုပ်အဆင်းကို လာစောင့်နေတာ။

'အေသင်'

ကျွန်မလေ ဉာဏ်သာ့ကို တစ်ခါမှ ဒီလောက် နီးနီးကပ်ကပ် မမြင်ဖူးပါဘူး။

'ဘာဖြစ်လို့ စာမပြန်တာလဲ'

သူက ကျွန်မနဲ့အတူ ကပ်ကပ်လေး လိုက်လျှောက်ရင်းမေးတယ်။

'မအားလို့'

ပြောပြီးမှ မှားသွားပြီလို့ သိလိုက်တယ်။ အီးမေးလ်ကို ဖွင့်တော့ ဖတ်ပြီးသွားပြီလို့ ဝန်ခံတဲ့သဘောကိုး။ ဟင် ဘာစာလဲ ဘာစာပြန်ရမှာလဲ လို့ အကြောင်ရိုက်လိုက်ရမှာနော။ ကိုယ့်ကိုယ်ကို မကျေပနပ်နဲ့ မြေကြီးကို ဖိနင်းလျှောက်ပစ်လိုက်ရတယ်။ ဖိနပ်က နဲနဲ ပြင့်တော့ ခြေထောက်ကို နာသွားတာပဲ။ အခုထိ ခြေထောက်က နာနေတုန်း။

'တို့မေးတဲ့မေးခွန်းကို ဖြေပါ'

'အို ဘာလဲ'

'ဟိုတစ်နေ့က ဘဲက အေသင်နဲ့ ဘယ်လိုပတ်သက်လဲ ဆိုတာလေ။ ပြော'

'ထင်ချင်သလိုထင်ပေါ့'

'ထင်ချင်သလိုထင်ရမလား'

www.burmeseclassic.com

www.burmeseclassic.com



'ထင်မယ်'

'အိုကော။ ဒါဆို အေသင်နဲ့ အဲဒီကောင်နဲ့ သူငယ်ချင်းပဲ'

'ဒါဖြင့် ပြီးရောမယ်။ ဘာလို့မေးနေသေးလဲ'

ဒါပေမဲ့ ယုယကို အဲဒီကောင်လို့ ပြောလိုက်တာကို ကျွန်မ မကြိုက်ပါဘူး။

'အေသင် ဘယ်ပြန်မှာလဲ တို့လိုက်ပို့ပေးမယ်'

သူ့လက်ထဲမှာ ကားသော့လေးနဲ့။ ကားသော့လေးကလဲ ထူးထူးဆန်းဆန်း အင်္ဂလိပ်ဖြူဟာသားမျက်နှာနဲ့ အစိမ်းရောင်ရာဘာတုံးလေးပါလား။ ဘဲဥပုံသွယ်သွယ်။ မေးစေ့ရှည်ရှည်။ မျက်လုံးတွေက ဖာဒန်စေ့လိုမျိုးလေ။ ကြောက်စရာလေး။ သူ့နှယ်နော်။ ဘာစိတ်ကူးနဲ့များ ဒီကြောက်စရာ ကြောင်တောင်တောင်ဖြူဟာသားမျက်နှာပုံကို သော့တွဲလုပ်ထားပါလိမ့်။

'ဟင့်အင်း တို့ ဖယ်ရီနဲ့ပဲ ပြန်မှာ'

'ဟာ အေသင်ကလဲ အစောကြီးရှိသေးတယ်'

တကယ်တော့ မစောတော့ပါဘူး။ နေ့လည်နှစ်နာရီထိုးနေပြီ။ ကျွန်မ ဒီနေ့ အဝတ်တွေလျှော်ရဦးမှာ။ မလျှော်ဘဲပစ်ထားရတဲ့ အဝတ်တွေက ပုံနေပြီလေ။

'လာပါအေသင်ရာ မပြန်ပါနဲ့ဦး။ တို့နဲ့ အေသင်နဲ့ ခင်မင်တဲ့အထိမ်းအမှတ်နဲ့ တစ်ခုခုသွားစားရအောင်ပါ'

ကျွန်မလဲ နဲနဲတော့ဆာနေတယ်။ ဒါပေမဲ့ သူက ကျွေးနေခဲ့ရင် ခက်လိမ့်မယ်။ ကျွန်မက ကျွေးဖို့ကျတော့လဲ သူရွေးတဲ့ဆိုင်က ကျွန်မမှာပါတဲ့ ပိုက်ဆံနှစ်ထောင်နဲ့မလောက်ပဲ့ဆိုင်မျိုးဆို ရှေရှေလည်လည် အရှက်ကွဲရမှာ။ ဒါကြောင့် ငြင်းပစ်လိုက်တယ်။

'ဟင့်အင်း မဆာဘူး။ မစားချင်ဘူး။ တို့ ပြန်မှဖြစ်မယ်'

'အအေးလေးဖြစ်ဖြစ်သောက်ပါကွာ'





နောက်ဆုံးမှာတော့ ပြေနီကုန်းမှာပဲ ခပ်သန့်သန့် အအေးဆိုင်ကြီးတစ်ဆိုင်မှာ ထိုင်ဖြစ်ကြရော။ ကျွန်မလေ ဉာဏ်သာနဲ့ အခုလို အတူတွဲထိုင်ပြီး အအေးသောက်နေရလိမ့်မယ်လို့ နဲနဲမှ ထင်မထားခဲ့ပါဘူး။ အအေးဆိုင်က ကောင်မလေးတွေက ဉာဏ်သာ့ကို သိနေကြတယ်တော့။ အမယ် အော်တိုရေးခိုင်းတဲ့သူနဲ့ဘာနဲ့။

ဉာဏ်သာက အော်တိုရေးနေရတော့ မြောက်ကြွမြောက်ကြွဖြစ်နေသလိုပဲ။ အေးပေါ့။ သူ့အသက်က ကျွန်မနဲ့ရွယ်တူလောက်ပဲရှိမှာ။ အသက် ၁၈နှစ် ၁၉နှစ်ပေါ့။ ဒီအရွယ်နဲ့ ကြယ်ပွင့်တစ်ပွင့် (သေးသေးလေးပဲဖြစ်ဖြစ်) ဖြစ်နေပြီကိုး။ သူ မြောက်ကြွမှာပေါ့။ ကျွန်မသာ သူ့နေရာမှာဆိုရင် ကျွန်မလဲ မြောက်မှာပဲ။ ဟစ်ပေါ့ပ်ဂီတကြယ်ပွင့်လေး။ အင် ဒါပေမဲ့ ကျွန်မသာဆိုရင်တော့ သူ့လို ကုလားထိုင်မှာ ခြေချိတ်ထိုင်ပြီး ခပ်ကြွားကြွားဟန်နဲ့ အထက်ဆီးက ရေးမှာ မဟုတ်ပါဘူး။ ကျွန်မဆိုရင်ဘယ်လိုရေးမလဲဆိုတော့ သဘောကောင်းတဲ့ အပြုံးလေးနဲ့ ခပ်ရိုးရိုးမျက်နှာထားနဲ့ ရေးမယ်လေ။ အခုမှ သတိထားမိတယ်။ သူ့ လက်ကောက်ဝတ်မှာ ပတ်ထားတဲ့နာရီက မီးခိုးရောင် ပလတ်စတစ်လိုအပြားကြီးတစ်ခုမှာ ထည့်ထားတဲ့ နာရီ။ ဟိုဘက်လက်မှာက ကြိုးမျှင်မျှင်တွေနဲ့ ရက်ထားတဲ့ လက်ကောက်လိုလက်ပတ်မျိုးနှစ်ခုနဲ့။ ဉာဏ်သာ့ကို ကြည့်လိုက်ရင် အပြံပဲ တစ်ခုခုတော့

ပေါ့ဒီကလေးတွေဟာတကယ်ပဲ ရှုပ်တယ်။ စောစောက ကျွန်မ မှတ်တမ်းရေးနေတုန်း ဒါလီနဲ့အိအိက ဝင်လာတယ်။ ခြေဖျားလေးတွေထောက်ပြီး ဝင်လာမှာပေါ့။ ဘာသံမှ မကြားလိုက်ရဘူး။ ကျွန်မ အလျှားမှောက်ပြီးရေးနေတုန်း စာကြောင်းတွေကို လိုက်ဖတ်ကြည့်နေကြမှာပေါ့။ ရေးရင်းကနေ စိတ်ထဲ ဘာလိုလိုကြီး ခံစားရလာလို့ လှည့်ကြည့်လိုက်တော့ သူတို့နှစ်ယောက်လေ။

ဉာဏ်သာ့အကြောင်း ဘာဆက်ရေးရမလဲ မမှတ်မိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှ=နယ်နမိတ်စည်း ပဟေဠိ

'အချစ်ဆိုတာအရူးတွေရဲ့ဉာဏ်ပညာ၊ ဒါပေမဲ့ ပညာရှိတွေ ရူးသွပ်မှု'

အဲဒီစကားက ယုယခဏခဏ ရေရွတ်တတ်တဲ့စကား။

သူ့ကိုယ်သူပညာရှိမယ်ပေါ့လေ။ အချစ်ဆိုတာ ရူးသွပ်တာပဲတဲ့ ဘာ ခဏခဏပြောတတ်တယ်မဟုတ်လား။

အင်း ဒီကနေ့တော့ ပညာရှိကြီး ရူးသွပ်သွားဖို့ နီးလာပြီ။

ဇီဇဝါဆိုတဲ့ ပန်းကလေးတစ်ပွင့်ကြောင့်ပေါ့။ တချို့ပန်းပွင့်တွေ အနံ့ကို ရှူမိရုံနဲ့ ရူးတတ်သတဲ့။

ဒီနေ့ ဇီဇဝါတစ်ယောက် ဝတီးချိုင့်နှစ်ဆင့်ချိုင့်လေးတစ်ခုဆွဲပြီ ကျွန်မတို့အိမ်ကို အစောကြီးရောက်လာပါတယ်။ ဘုန်းနို့ခေါက်ဆွဲတွေ တဲ့

'ဟယ် ပွတာပဲ။ နင်တို့အိမ် ဘာလုပ်ကြတာလဲ'

'ငါမွေးနေ့'

'ဟယ်တော်'

ဇီဇဝါမွေးနေ့ဆိုရင် ကျွန်မ လက်ဆောင်ပေးရမယ်။ အဲဒါမှခက် ကျွန်မလက်ထဲမှာ ပိုက်ဆံက နည်းနည်းလေးပဲ။ နေဦး ဈေး ခပ်ပေါပေါ ချစ်စရာကောင်းတဲ့ ပစ္စည်းတစ်ခုခု ဆိုင်မှာ လိုက်ရှာကြည့်ဦးမှ။

ကျွန်မက အိပ်မှာရှိတဲ့ ကော်ဖီပစ်ထုပ်ကို ဖျော်တိုက်ပလို့လုပ်တော့ ဇီဇဝါက ငြင်းတယ်။

'နေပါစေ မသောက်တော့ဘူး။ ပြန်မယ်'

'အို သောက်သွားပါ'

'မဟုတ်ဘူး။ ငါ ကော်ဖီမစ်မသောက်ဘူး'

ကျွန်မ သိပြီ။ ခက်က ကော်ဖီမစ်ပကောင်းကြောင်း ကျွန်မတို့

ပြဲတရားဟောတတ်တယ်။ ဇီဇဝါက ခက်စကားကို နားထောင်တယ်ပေါ့။

'အေသင် ယုယ အလုပ်သွားပြီလား'

'သွားတာမမြင်သေးဘူး ဘာဖြစ်လို့လဲ'

'အော် သူ့ကိုလဲ မွေးနေ့အထိမ်းအမှတ်နဲ့ မုန့်ကျွေးချင်လို့ပါ'

ကျွန်မနဲ့ဇီဇဝါနဲ့ ယုယအကြောင်းတွေကို ပြောနေကြတဲ့အချိန်မှာ ပဲ ဘက်အိမ်က ယုယရဲ့အသံကို ကြားရတယ်။

'မဟုတ်ဘူးအမေ။ ကျွန်တော် လုပ်ချင်တာ စက်ပြင်လည်းမဟုတ် ဘူး။ ဘော်ဒီထုတာလည်းမဟုတ်ဘူး။ ကျွန်တော့်ရည်မှန်းချက်ကို အမေနား လည်ပေးပါ။'

သူ့အမေနဲ့သူ အငြင်းအခုန်တွေတော့ ဝနေပြီ။ သိပ်မကြီးလာ ခင်မှာ ထုတ်လိုက်ရင်ကောင်းပယ် လို့ ကျွန်မ ဆုံးဖြတ်တယ်။ မဟုတ် ရင် ရှိတွေတက်လာမယ်လေ။

'ငါတို့ သွားခေါ်လို့ ရတာပဲ'

ကျွန်မ သူ့ရဲ့ကောင်းလုပ်ပြီး ဦးဆောင်လိုက်ပါတယ်။

သွားခေါ်တော့ ယုယက ခပ်တည်တည်ပဲ ထွက်လိုက်လာတယ်။ လက်ထဲမှာ တအုပ်တစ်အုပ်နဲ့။ သူ့ကြည့်ရတာ အပြင်ထွက်ဖို့ တေတေ တည်းက အဆင်သင့်ဖြစ်နေတဲ့ပုံပါ။

ကျွန်မတို့သုံးယောက် ၄ဇကားဂိတ်ဘက်ကို လျှောက်လာကြတဲ့ ခါ ဇီဇဝါက ယုယကို မော့ကြည့်ရင်း မေးတယ်။

'ယုယ နင် မမောဘူးလား ဟင် ငါတို့ နင့်အတွက် ဘာလုပ်ပေးရ မလဲ'

အို ဇီဇဝါ့အသံက နူးနူးညံ့ညံ့။ ကြင်ကြင်နာနာလေးမို့ ကျွန်မ ညြသွားပါတယ်။ ယုယကို ခွေကြည့်လိုက်တော့ ယုယနဲ့နဲ ပြုံးတော တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးရူးတင်တယ်ဇီဇဝါ ရပါတယ်။ ငါ့အတွက် နင့်လို သူငယ်ချင်းတွေရှိနေရင် ပြည့်စုံနေပါပြီ'

အိုး အို သူတို့က ဒီလို ဒီလို ကြင်နာကြတာပါလား။ ကျွန်မ ရင်ထဲမှာ နွေးထွေးသွားပါတယ်။

'ယုယ ဒီနေ့ ငါ နင်တို့ကိုမုန့်ကျွေးချင်လို့ လာတာ။ ဘာစား မလဲပြော'

လမ်းလျှောက်ရင်းကမှကြည့်မိတယ်။ ဇီဇဝါဒီနေ့ သိပ်လှနေပါလား။ ဆံပင်ကို နဖူးကနေ ခပ်ဖွဖွနောက်ပြန်သိမ်းပြီး ငယ်ထိပ်မှာ ပိုးပုဝါလေးနဲ့ ထိန်းစည်းထားတယ်။ ဖားလျားဖြန့်ချထားတဲ့ဆံပင်တွေက မနက်ခင်းလေနဲ့ လွင့်လို့။ ဇီဇဝါ့လည်ပင်းမှာ ငွေရောင်လက်နေတဲ့ ဆွဲကြိုးမျှင်မျှင်လေးနဲ့။

'ယုယ ဒီနေ့ ဇီဇဝါ့မွေးနေ့လေ'

ကျွန်မ ဝင်ပြောတော့ ယုယက ခြေလှမ်းကို ပိုနှေးပစ်လိုက်တယ်။

'ဟာ ဟုတ်လား။ ဇီဇဝါ ဟက်ပီးဘာ့သ်ဒေး'

ယုယက သွက်သွက်လက်လက်နဲ့ မွေးနေ့ဆုတောင်း နှုတ်ခွန်းဆက်လိုက်တယ်။ ဟင်း သွက်လိုက်တာနော်။ ဇီဇဝါက ပြုံးနေတယ်။

'အဲ ဒါကြောင့်လားမသိဘူး။ ဇီဇဝါ နင့်အတွက် ဖြစ်လိမ့်မယ်။ ပန်းတွေက ခါတိုင်းနေ့တွေထက် ပိုပွင့်နေပါလား။ မလှဘူး လား'

ယုယကပြောတော့ ကျွန်မမနေနိုင်တော့ဘဲ ရယ်လိုက်မိတယ်။

'အိုး အို ပေါတင်ကြီးပါလား ယုယရေ'

ကျွန်မ ပြောပစ်လိုက်တယ်။ ဒါပေမဲ့ သူပြောတာတကယ် မှန်ပါတယ်။



ဒီနေ့မနက်ခင်းဟာ ခါတိုင်းမနက်ခင်းထက်ပိုလှပါတယ်။ ကျွန်မတို့ ကားဂိတ်က စွယ်တော်ပင်ကြီးက ပွင့်နေလိုက်တာ။ မရန်းရောင်အပွင့်တွေနဲ့ တစ်ပင်လုံးကို ဝေနေတာပဲ။

'မြောက်ဥက္ကလာအဝိုင်းဆိုင်မှာ သွားထိုင်ကြမလား'

'အေး ကောင်းသားပဲ'

လေးဆယ့်ကိုးကားပေါ် တက်လိုက်ကြတယ်။ ယုယက ယောကျ်ားလေးဆိုတော့ ပြန်ပြန်တက်ပြီး မြန်မြန်နေရာဦးနိုင်လို့ ထိုင်ခုံရာနေရာရတယ်။ ကျွန်မနဲ့ဇီဇဝါက မရဘူး။ ယုယက သူထိုင်မိသွားတဲ့နေရာကို ကျွန်မတို့အတွက် ထပေးတယ်။

'လာ ထိုင်လေ'

နှစ်ယောက်လုံးထိုင်လို့မရတာ သူသိသားပဲ။ တစ်ယောက်တာပဲရမယ့်နေရာကို ကျွန်မတို့နှစ်ယောက်လုံးကို ကြည့်ပြီးထိုင်လေ လို့ ပေးတော့ ဘယ့်နှယ်လုပ်ရမလဲနော်။

'ဟဲ့ နေပါစေ။ မထနဲ့ ကိုယ့်ဟာကိုယ်ထိုင်'

ကျွန်မက ယုယ ပခုံးကို ယောင်ပြီးတွန်းမိတယ့်။

'ငါကယောကျ်ားလေးပဲ။ မတ်တတ်ရပ်မှာပေါ့။ နင်တို့ထိုင်'

ယုယ.က ခွတ်ပဲ။ ထိုင်ခုံနေရာလေးက တစ်ခု။ ကျွန်မတို့က နှစ်ယောက်။ ဘေးမှာက အဒေါ်ကြီးတစ်ယောက် ကောင်မလေး တစ်ယောက်။

'ဇီဇဝါထိုင်'

'အေသင်ထိုင်'

တွေ့လား။ ပြဿနာဖြစ်သွားပြီ။ ယုယထိုင်လိုက်ရင် ရှင်းသွားမယ့်ကိစ္စ။ အခုတော့ တစ်ယောက်ကိုတစ်ယောက် ပြန်ငြင်းပြီးအနစ်နာခံပြိုင်နေကြရပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



**နောက်ဆုံးမှာတော့** ဇီဇဝါပဲထိုင်လိုက်ပါတယ်။ သူ့လက် **ထဲမှာက ဝတီးချိုင့်ကို** ကိုင်ထားရသေးတာမဟုတ်လား။ သူပဲ ထိုင်သင့် **ပါတယ်။**

အင်း ဘယ်လောက်မှတော့ မစီးလိုက်ရပါဘူးလေ။ ငါးမှတ် တိုင် ခြောက်မှတ်တိုင်လောက်ပေါ့။ ယုယက ကားနောက်နားမှာရပ် နေတာမို့ လူတက်လာတိုင်း ရှေ့တိုးတိုးပေးနေရတယ်။ နေရာရွှေ့ရင်းနဲ့ သူ့လက်ထဲက စာအုပ်က လက်ကနေချော်ကျသွားတယ်။ ဇီဇဝါ ထိုင်နေတဲ့ပေါင်ပေါ်မှာ ကျသွားတာတော့။ ယုယက ဆောရီးလို့ပြော တော့ ဇီဇဝါက ရတယ်။ ငါကိုင်ထားပေးမယ်တဲ့။

ယုယစာအုပ်ကို ဇီဇဝါက ကိုင်ထားရင်းကနေ လှန်ကြည့်နေ တယ်။ အကောင်းဆုံးအမေရိကန်ကဗျာဆိုတဲ့စာအုပ်။

'ဟယ် ယုယက အင်္ဂလိပ်လိုဖတ်နိုင်တယ်တော့ တော်လိုက် တာ'

ဇီဇဝါရဲ့ချီးကျူးစကား။

'ငါ့အကုန်တော့ ဘယ်နားလည်မလဲဟာ တချို့ကဗျာတွေကို တော့ သိပ်ကြိုက်တယ်။ တချို့ဟာတွေကို အဓိပ္ပါယ်တောင်မသိဘူး'

'နင်ကြိုက်တယ်ဆိုတဲ့ကဗျာက ဘယ်ဟာလဲဟင်'

'ဆိုင်ရောက်တော့ပြမယ်လေ'

အဲဒီအချိန်မှာ ယုယရဲ့စာအုပ်ကြားကနေ စာအုပ်ညှပ်တဲ့ အပြားလေးတစ်ခုကို ဇီဇဝါက မြင်သွားတယ်။

'အယ် ဒါလေး အခုထိရှိသေးတယ်ဟုတ်လား'

ကြည့်လိုက်တော့ စာအုပ်ညှပ်တဲ့ Book Marker လေးက ပန်းခြောက်လေးတွေနဲ့ ကပ်ထားတဲ့ စက္ကူပြားလေးဖြစ်နေတာကို ကျွန်မ တွေ့လိုက်ရပါတယ်။ စက္ကူပေါ်မှာ ပန်းခြောက်သေးသေးလေးတွေဟာ





ပြားကပ်နေတာပဲ။ မရန်းရောင်၊ ပန်းရောင်၊ ခပ်ညိုညိုဝါဝါအရောင် လှလိုက် တာ။ ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး။

'ရှိတာပေါ့ဟာ နင်ကလဲ ပေးတဲ့သူက အမှတ်တရပေးထား တာ ငါက ပစ်စလက်ခတ်ထားပါ့မလား'

'ဘယ်သူက ပေးတာလဲ'

ကျွန်မ မနေနိုင်တော့လို့ ဝင်မေးလိုက်တယ်။ ယုယက ဇီဇဝါ ကို လှမ်းကြည့်တယ်။ ဇီဇဝါ မျက်လွှာချပြီး ပြုံးနေတယ်။

'ဩော်'

သူတို့က ဒီလိုလား။

'အော် ယုယက စာအရမ်းဖတ်တယ်မဟုတ်လား။ စာဖတ် ရင်လဲ ဟိုနေရာစာအုပ်ချ ဒီနေရာစာအုပ်ချ လုပ်တတ်တော့ စာမျက်နှာ မှတ်မိုလွယ်အောင်လို့ ပေးထားတာ'

ကျွန်မ တောင်းယူကြည့်လိုက်တယ်။

'လှတယ် ဘာပန်းလေးတွေဖြစ်မလဲ'

'မရန်းက ဘိုကတော်မျက်ခုံး၊ အဖြူက ပန်းအိ၊ ပန်းရောင် က တိုက်ပန်းလေ'

'ဘယ်မှာလဲအဖြူ အညိုပဲတွေ့တယ်'

'အဲဒါ အဖြူပေါ့ အဲဒါ ပန်းအိပန်းလေ'

'ဟင် မဖြစ်နိုင်ပါဘူး။ ဒါက ဒါန်းပန်းမဟုတ်လား'

'အော် အေသင်ကလဲ ကိုယ်တိုင်လုပ်တဲ့လူထက်တော့ မသိ ချင်နဲ့လေဟာ သူကိုယ်တိုင်လုပ်ထားတာကို'

ယုယက ဝင်ပြောလိုက်တော့မှ ကျွန်မ အံ့သြလွန်းလို့ ဇီဇဝါ ကို စိတ်လွတ်လက်လွတ်ငေးကြည့်မိတော့တယ်။

'ဟင် ဇီဇဝါ'



www.burmeseclassic.com

www.burmeseclassic.com



ဇီဝေါက ရှက်ရင် ခေါင်းကို ငုံ့ထားတတ်တယ်။ အခုလဲ သူရှက်လို့ဖြစ်မှာပေါ့။ ခေါင်းငုံ့ထားလိုက်တာ အကြာကြီး။ ကျွန်မ သူ့လက်ထဲကို စက္ကူပြားအရှည်လေး ပြန်ထည့်ပေးလိုက်တဲ့အထိ ပါပဲ။

အော် ယုယအတွက် ဇီဝေါက သူ့လက်နဲ့ သူကိုယ်တိုင်လုပ်တဲ့ မှာကာလေးပေးထားတာပေါ့။ သူတို့နှစ်ယောက်ကို စနောက်လိုက်ရမလား။ မသိချင်ယောင်ပဲ ဆက်ဆောင်နေလိုက်ရမလား။ အေးလေ။ မသိချင်ယောင်ဆောင်တာပဲကောင်းပါတယ်။

ဆိုင်ရောက်တော့ ကျွန်မက ဇီဝေါ့အုန်းနို့ခေါက်ဆွဲတွေ စားလာခဲ့တာမို့ လဘက်ရည်ပဲမှာတယ်။ ယုယက နန်းကြီးသုပ်တဲ့။

'လူတစ်ယောက်အတွက် သူ့အိမ်ဆီကိုနီးဖို့ထက် သူ့အိမ်ဆီကနေ ဝေးဖို့က ပိုလွယ်တယ်တဲ့။ ဒါကြောင့်သာ လူတွေအကုန်လုံးဟာ ခရီးသွားတွေဖြစ်နေကြတာပဲ တဲ့'

ယုယက နန်းကြီးသုပ်စားရင်းကနေ ပြောတော့ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။

'ဟင် ဘာပြောတာလဲ'

'ယောဇျာ နင်တို့ပဲ ဒီကဗျာထဲက ကောင်းတာကိုပြောပြ ဆိုငါကြိုက်တဲ့ကဗျာကို ပြောပြတာလေ'

'ဟင် ကဗျာကြီးကလဲ'

ကျွန်မတော့ ယုယရဲ့ကဗျာကို မကြိုက်နိုင်ပါဘူး။

'ကောင်းတယ်နော်။ အဲဒါလည်း မှန်တာပဲ။ ငါတို့တွေက အိမ်ကို ခင်တယ်ခင်တယ်နဲ့ အိမ်ကနေအပြင်ကို ခရီးထွက်ဖို့ကိုပဲ မှန်းနေကြတာလေ'

အမယ် သူတို့ချင်းက အတွေးအခေါ်တူနေပါလား။

'အေသင် ကြိုက်လောက်မဲ့ စာပိုဒ်တစ်ခုလဲရှိတယ်ဟာ'

ယုယက ကျွန်မကို ပြုံးကြည့်ရင်းပြောတယ်။ ကျွန်မ ရင်ထဲ



မှာ နွေးနွေးလေး။ အော် ယုယက ကျွန်မကိုလဲ အရေးပေးတာပါပဲနော်။

'နားထောင် အေသင်။ မင်းမလျှောက်ဖြစ်တဲ့လမ်းဟာ အဲဒီလမ်းကို မလျှောက်ဖြစ်တဲ့ မင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ် တဲ့'

'ဪ'

ကျွန်မ ချက်ချင်းအဓိပ္ပါယ်မပေါက်လို့ တွေဝေသွားသေးတယ်။ နောက်တော့ ကျွန်မ သိသွားတယ်။ ဟုတ်တယ်။ ကျွန်မ မလျှောက်ဖြစ်တဲ့လမ်းဟာ အဲဒီလမ်းကို လျှောက်ဖို့ ငြင်းပယ်ခဲ့တဲ့ ကျွန်မကိုယ်တိုင်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်။ မှန်တယ်။

'အေး ကောင်းတယ်ဟာ'

'ကြိုက်တယ်မဟုတ်လားအေသင်'

'ကြိုက်တယ်။ ကောင်းတယ်။ အဲဒါ ဘယ်ကဗျာလဲ ငါ့ကို ပြပါလားဟယ်'

ယုယက ပြုံ့ရုံတွင်မကပါဘူး။ သူ့လက်ရေးနဲ့ ကျွန်မကို အဲဒီစာပိုဒ်လေးတစ်ခု ကူးပေးလိုက်သေးတယ်။

အဲဒီတော့ ဇီဝေါကလဲ သူ့ကိုလဲကူးပေးပါတဲ့။ သူလဲ လိုချင်တယ် တဲ့။

'ဘယ်ဟာကို လိုချင်တာလဲ စောစောက အိမ်နဲ့ဝေးတဲ့ အပိုဒ်လား မလျှောက်ဖြစ်တဲ့လမ်း အပိုဒ်လား'

'မလျှောက်ဖြစ်တဲ့လမ်း'

'အိုကေ'

ဇီဝေါက ကျွန်မကို မနာလိုတာလားမသိဘူးနော်။ ကျွန်မကတော့ ဇီဝေါ့အတွက် ယုယက ကဗျာတစ်ပုဒ်ရေးပေးရင် ကျွန်မကိုလဲရေးပေးပါလို့ ပြောမှာမဟုတ်ဘူး။ ပြီးမှ ကျွန်မဟာကျွန်မ တစ်နေရာရာကနေ ပြန်ရှာမယ်။ ဒါမှမဟုတ် တခြားကဗျာပိုဒ်တစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ်ရေးမယ်လေ။

ဒါပေမဲ့လေ။ ကျွန်မအတွက်လို့ ယုယ ရွတ်ပြတဲ့ကဗျာကို ဆောင်းတာ တခြားလူမှမဟုတ်ဘဲ ကျွန်မ သူငယ်ချင်းဇီဇဝါပဲ။ သူ့အတွက်ဆို ကျွန်မက ဘာပဲပေးရပေးရ ပေးနိုင်ပယ်ထင်ပါရဲ့။ အင်း ပြောသာပြောရတာ။ ဒါက ကဗျာမို့လေ နော်။ တခြားတစ်ခုခုကို သူပါ လိုချင်တယ်ဆိုရင် ကျွန်မ ပေးမလား။

စွန့်လွှတ်အနစ်နာခံတယ်ဆိုတာ နာမည်သာကောင်းတာ။ ခံရတာကျ သက်သာမှာမဟုတ်ဘူး။

ကိုရီးယားဇာတ်ကားတွေထဲမှာ ကြည့်ပါလား။ စိတ်ထားကောင်းတဲ့ ဇာတ်လိုက်ကောင်မလေးက သူ့သူငယ်ချင်းအတွက် ချစ်သူကို စွန့်လွှတ်အနစ်နာခံပေးတာ။ သူ ဘယ်လောက် ခံစားရလဲ။ ဟင်း ကျွန်မဆိုရင်တော့ တစ်ယောက်ယောက်အတွက် ချစ်သူကို စွန့်လွှတ်အနစ်နာခံမပေးနိုင်ပါဘူး။ ဝေးသေးတယ်။ ကိုယ်ချစ်တဲ့သူ ကိုယ့်ကိုလည်း ချစ်တဲ့သူဆိုရင် ဘာဖြစ်လို့ သူများအတွက်ပေးမလဲ နော်။ သူလည်း စိတ်ဆင်းရဲမယ်။ ကိုယ်လည်း စိတ်ဆင်းရဲမယ်။ တစ်ယောက်ပျော်ပြီး နောက်ထပ်နှစ်ယောက် စိတ်ဆင်းရဲရမှာနဲ့တာရင် အဲဒီ တစ်ယောက် စိတ်ဆင်းရဲရပြီး တခြားနှစ်ယောက်ပျော်ရတာက ပိုပြီး ယုတ္တိကျတာပေါ့။ ပဟုတ်ဘူးလား။

တစ်ခုတော့ရှိတယ်။ ကျွန်မချစ်နေတဲ့သူက ဇီဇဝါ့ကိုပဲ ကြိုက်သွားတယ်ဆိုရင်ကော။ အဲတော့။

ဒါနဲ့ နေပါဦး။ ဇီဇဝါနဲ့ ကျွန်မ ဘယ်သူက ပိုလှသလဲ။

အရေးကြီးတယ်။ အရေးကြီးတယ်။ တစ်ယောက်ယောက် ကျွန်မကို အမှန်အတိုင်းပြောပါ။

ဘာရမလဲ။ အဝိုင်းကနေ အိမ်ပြန်ရောက်တော့ ညီမလေး





ဒါလီကို မေးကြည့်လိုက်တာပေါ့။

'ဒါလီ ငါနဲ့ ဇီဇဝါနဲ့ ဘယ်သူက ပိုလှလဲ'

'မပအေသင်ကလဲ မမက ပိုလှတာပေါ့။ ပမရဲ့နှုတ်ခမ်းလေးက ပါးလှပ်နေတာ။ မျက်တောင်လေးတွေကလည်း ကော့လို့။ မမက ပိုလှတာပေါ့'

တော်ပါသေးရဲ့။

နေ့လည်မှာ ယုယ ကျွန်မတို့ ဝင်ထရယ်ကို ရျေးလာဝယ်တယ်။ သူဝယ်တာ ဘာပစ္စည်းမှတ်လဲ။ ရင်ထိုးလေးတစ်ခု။ ငွေရောင်နဲ့ကျောက်ကလေးတွေနဲ့ရောထားတဲ့ ပဲကြိုးပုံရင်ထိုးလေး။ ချစ်စရာလေးတော့။ အဲဒါ ဘယ်သူ့အတွက်ဖြစ်ရမလဲ။ ဇီဇဝါ့ အတွက်ပဲပေါ့။ ဒါပေမဲ့ ကျွန်မ ပမေးပါဘူး။

ကျွန်မမွေးနေ့က ဇွန်လကျမှ။ ဟွန်း ကျွန်မမွေးနေ့ကျရင် သူ ကျွန်မကို မွေးနေ့လက်ဆောင်ပေးမလား စောင့်ကြည့်ရသေးတာပေါ့။

သူငယ်ချင်းတစ်ယောက်ရဲ့နယ်နမိတ် ဘယ်နေရာမှာဆုံးပြီးတော့ ချစ်ခြင်းရဲ့နယ်နမိတ် ဘယ်နေရာမှာစမှာလဲမသိဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



# ပ=ပညာရဲ့အစွမ်းသတ္တိ

ပညာဆိုတာ အခြေအနေချင်းမတူတဲ့လူသားတွေကို တန်းတူ
ဖြစ်အောင် ညှိပေးနိုင်တဲ့ အကြီးမြင့်ဆုံးကိရိယာတစ်ခု

အလုပ်သွားဖို့ ရေချိုးနေတုန်းမှာ ဟိုဘက်အိမ်ကို တယ်လီဖုန်းအိမ်က လာအော်တယ်။ ယုယ တယ်လီဖုန်းတဲ့။

ချက်ချင်းပဲ တွေးကြည့်လိုက်မိတယ်။ အလုပ်က လှမ်းခေါ်တာလား။ အင်တာဗျူးဝင်ရပယ်ဆိုတုန်းကလည်း ယုယဆီအဲလိုပဲ တယ်လီဖုန်းနဲ့ လှမ်း အကြောင်းကြားတယ် တဲ့။

အိမ်နောက်ပေးကနေ တစ်ခုခုပလုပ်ပလောင်း ဝါးလက်စ အသံနဲ့ 'လာပြီ' လို့ ယုယ လှမ်းအော်သံကြားရတယ်။ ပြီးတော့ ဟိုခလုပ်တိုက် ဒီခလုပ်တိုက် အသံဗလံမျိုးစုံနဲ့ အိမ်ရှေ့ဆီ ယုယ ထွက်ပြေးသွားတာတွေ့လိုက်တယ်။

အိမ်ရှေ့အုတ်ကန်မှာ ရေချိုးရတာမို့ စိတ်မလုံဘူး။ ယုယ ပြန်မလာခင်မှာ အိမ်ပေါ်ပြန်တက်နိုင်မှဖြစ်မယ်။ ထမီရေစိုကို ထမီအခြောက်နဲ့ လဲပြီးတော့ မျက်နှာသုတ်ပဝါလေးကို ခြုံလိုက်တုန်း တဘုန်းဘုန်း ခြေသံနဲ့ လမ်းပေါ်မှာ ပြေးလာသံကြားလို့ လန့်ပြီး လှမ်းကြည့်လိုက်မိတယ်။

ယုယ။

ယုယမျက်နှာ ဒီလောက် တစ်ခါမှ မပြုံးနေဖူးပါဘူး။ သူက ပြေးလာရင်း ကျွန်ပဆီကိုတစ်ချက်လှမ်းကြည့်ပြီး လက်မ ထောင်ပြသွားတယ်။ အဲ။

'ဟဲ့ ယုယ။ အမောတကော'



'အမေ ကျွန်တော် အလုပ်ရပြီ'

'ဟေ'

'ကျွန်တော့်ကို ခန့်လိုက်ပြီတဲ့အမေ။ မနက်ဖြန်ကစပြီး အလုပ်ဝင်ရမတဲ့'

ကျွန်မရင်ထဲမှာ ဒိန်းခနဲ မြည်အောင် ခုန်သွားတယ်။ ယုယ အလုပ်ရပြီ။

'ဟယ် ဘုရားမတာပဲ'လို့ သူ့အမေက ဝမ်းသာအားရ အော်လိုက်တဲ့အသံကို ကြားရတယ်။

ကျွန်မလေ သူအလုပ်ရတာကို ပျော်သွားတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ကုမ္ပဏီ တဲ့။ နိုင်ငံခြား သင်တန်းတွေဘာတွေလည်း မျှော်လင့်ချက်ရှိတယ်လို့ ယုယကို ခက်က ပြောသတဲ့။

အိမ်ပေါ်ကို အားရဝမ်းသာနဲ့ပြေးတက်လာရင်း အပေါ်ဆုံးလှေကားထစ်ကိုရောက်တော့ ကျွန်ပ ခြေလှမ်းတွေတုန့်နေးသွားပါတယ်။

ခြော် ကျွန်မမှာတော့ တစ်နေ့တစ်နေ့ လူသုံးကုန်တွေကို စာရင်းမှတ်လိုက်၊ ငွေတွက်ယူလိုက်နဲ့ ငွေသိမ်းကောင်တာမှာ လုပ် ရတာ ဘာတိုးတက်မှုမှလည်း မရှိသလိုပဲ။ အင်္ဂလိပ်စာသင်တန်း တက်နေပေမယ့် ဘယ်သွားပြီး အင်္ဂလိပ်လို ပြောရမလဲ။ ဖောက်သည်တွေထဲမှာ နိုင်ငံခြားသားတွေ တစ်ခါတစ်ခါပါတတ်ပါရဲ့။ စကားပြောရတော့ မှတ်လုံးတစ်ပိုဒ်ပဲ။ ဒါတောင်မှ ကိုယ့်ကောင်တာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါဦးမှ။

ကျွန်မက ဘာသာရပ်တွေအကြောင်း လေ့လာတဲ့သူ ဖြစ်ချင်တာ။ ဥပမာ ဒိုင်နိုဆောတွေ ဘာကြောင့် မျိုးတုံးကုန်တာရဲ့။ ကျွန်မ

www.burmeseclassic.com



တကယ်သိချင်တယ်။ ဥက္ကာပျံ အကြီးကြီးတစ်ခု ကမ္ဘာမြေပေါ်ကို က
လာလို့ဆိုတာ တကယ်လား။ ဒိုင်နိုဆောရုပ်ပုံတွေဟာ သိပ်စိတ်ဝင်စ
စရာကောင်းတာပဲ။ ထမင်းပေါင်းအိုးတွေ၊ မျက်နှာသုပ်ပဝါတွေ၊ ကော်
ဖျော်စက်တွေ ငပိဆီကြော်ထုပ်တွေ၊ ခေါင်းလျှော်ရည်ပုလင်းတွေက
စာရင်းမှတ်ပြီး ပိုက်ဆံကောက်ရတာ ငြီးငွေ့စရာကြီး။ တစ်ခါလာလ
ဒီကုန်တွေပဲ။ တစ်ခါလာလဲ ဒီ အမျိုးအစားတွေပဲ။

ကိုဖေယျာ့အလုပ်ကမှ ကောင်းဦးမယ်နော်။ ဆေးရုံသုံ
ကိရိယာတွေ အရောင်းကိုယ်စားလှယ်မို့ အသစ်အဆန်းတွေ တွေ့
သေးတယ်။ တစ်နေ့တစ်နေ့ အီးမေးလ်တွေပြေ၊ နိုင်ငံခြားသား ပွဲတ
တွေ၊ ကုမ္ပဏီပိုင်ရှင်တွေ၊ ပညာရှင်တွေနဲ့ တယ်လီဖုန်း ပြောရတယ်
အင်တာနက်လည်း သူတို့ရုံးမှာတပ်ထားပြီတဲ့။ အားအားရှိရင် အင်တ
နက်ပဲ ကြည့်နေတာပဲတဲ့။ ပညာရသတဲ့။ တစ်နေ့လောက် ကျွန်
အလုပ်အားတဲ့ရက်မှာ သူ့ရုံးကို လိုက်သွားချင်လိုက်တာ။ အင်တာန
ကို နာရီသတ်မှတ်ချက်နဲ့မဟုတ်ဘဲ၊ ဘေးမှာလည်း လူတွေမရှိဘဲ စိတ
အေး လက်အေးကြည့်ချင်တယ်။

အေးလေ။ ကျွန်မအလုပ်ကမှ မကြည်သာတို့ ပဟေ
တို့နဲ့စာရင် တော်ပါသေးတယ်။ မကြည်သာဆို ငါးနှစ်ခြောက်နှစ် ရှိပြ
တစ်လတစ်ကြိမ် တယ်လီဖုန်းတားပွဲလေးတွေ တစ်နေ့ကုန်ပြီးတစ်နေ
လိုက်ရွှေ့နေရတာ။ တစ်ချိန်လုံး ကလင်ကလင်နဲ့ လူတွေပြောသ
အချိန်လိုက်မှတ်ပြီး ပိုက်ဆံတောင်းရတာ။ တစ်နေ့လာလဲ ဖုန်းနံပါ
လေးတွေနဲ့ အချိန်နဲ့ ကျသင့်ငွေနဲ့မှတ်။ ညနေမှာ ဖုန်းရုံးကို ပိုက်ဆံအပ
အိမ်ပြန်။ နောက်တစ်နေ့ အလုပ်ပြန်သွား။ အင်း ဒီလိုနဲ့ပဲ အသက်
တစ်နှစ်ပြီးတစ်နှစ်ကြီးလာ။

ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ။ ဒီထက်မြင့်တဲ့ဘဝရောက်အော
ကြိုးစားရမှာပေါ့။ အခု ယုယကိုကြည့်။ သူ လှေကားတစ်ထ





တက်လိုက်တာပဲ။ အဲဒီလှေကားထစ်ကိုရောက်ရင် ရှေ့မှာ လွယ်သွားပြီ
လို့ မမခက်က ပြောတယ်။

ယုယကတော်လိုက်တာနော်။ သူ့ကို မေးတဲ့မေးခွန်းတွေ
အကြောင်း သူ ပြန်ပြောတာကတော့ ခက်လိုက်တာ။ သစ်ပင်ကနေ
ရတဲ့ ဆေးဝါးတစ်ခုခုတဲ့။ ဟင့်အင်း ကျွန်မဖြင့် ဘယ်ဆေးကို ဘယ်
ဓာရသလဲလို့ မသိပါဘူး။ နောက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး
နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေတဲ့။ ကျွန်မ ဘယ်လိုလုပ်သိမလဲ။
ယုယကပြောတယ်။ စာဖတ်ရင်သိတာပဲတဲ့။ ကျွန်မစာဖတ်တာ တော်
တော်နဲ့သေးသတဲ့။ ဟုတ်ပါတယ်။ သူ့လို စာအုပ်အများကြီးမှ မဖတ်
ဖြစ်ဘဲ။ သူကတော့ စာတွေ အများကြီးဖတ်တာကိုး။ သူ့ကို အင်္ဂလိပ်
စာပိုဒ် တစ်ခုပြပြီး ဘာသာပြန်ခိုင်းသတဲ့။ အမလေးနော်။ ကျွန်မကိုသာ
အခုနေ ဘာသာပြန်ခိုင်းရင် ဘယ်လိုပြန်ရပါ့မလဲ။

မဖြစ်ပါဘူး။ ကျွန်မ စာများများဖတ်မှပါ။

ကျွန်မ ယုယလို အလုပ်မျိုးရချင်တယ်။ ယုယလို တော် မှ
ဖြစ်မယ်။ ယုယလို လေ့လာအားထုတ်မှ ဖြစ်မယ်။

ကျွန်မ ဘာတွေ လေ့လာခဲ့ပြီးပြီလဲ။ မဖြစ်ဝလောက်လေး။

ကျွန်မမှာ ဘာအရည်အချင်းတွေရှိသလဲ။ အို ကျွန်မမှာ
အကောင်းဆုံးအရည်အချင်းတစ်ခုရှိတာတော့ သေချာကယ်။

အဲဒါက ဇွဲပေါ့။

၁၊ စာများများဖတ်မို့ ဈေးသက်သာတဲ့ စာကြည့်တိုက်မှာ
အသင်းဝင်မယ်။ အမေရိကန်စင်တာပေါ့။

၂၊ အင်္ဂလိပ်စာတွေဖတ်ပြီးရင် ဘာသာပြန်ကြည့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



✉သို့-ခက် ksn@mail4U.com.mm
မှ-ယုယ<green@mptmail.net.mm
အကြောင်းအရာ-ကျေးဇူးတင်ပါတယ်

ဆရာမ
ကျေးဇူးတင်ပါတယ်။ ကျွန်တော်အလုပ်ဝင်နေရပြီ။ အခုရုံးကနေ အီးမေးလ် ပို့နေတာပါ။ ဆရာမကို ကျွန်တော် ပထမဆုံးလစာနဲ့ ကျေးဇူးဆပ်ပါရစေခင်ဗျား။
စိတ်မှန်သော
ယုယ

.........................................................................................................

✉သို့-ယုယ<green@mptmail.net.mm
မှ-ခက် ksn@mail4U.com.mm
ပြန်စာ-ကျေးဇူးတင်ပါတယ်

ယုယ
ဒီအလုပ်က မင်းဘဝအတွက်အရေးကြီးတဲ့လှေကားတစ်ခုရဲ့ အောက်ဆုံးအထစ်ပဲရှိသေးတယ်၊ မင်း ဒီ့ထက် ဆက်တက်ဦးမယ်။ ဒီတော့ ဆက်ကြိုးစားပါ။ ဆရာမအတွက် ဘာမှမပေးရဘူးနော်။ ဆရာမ အကြံတစ်ခုပေးမယ်။ ပထမဆုံးလခထဲက အဖေ့အတွက် တစ်ခုခု လက်ဆောင်ဝယ်ပေးလိုက်ရင် မကောင်းဘူးလား။
မင်းရဲ့စိတ်မှန်သော
ခက်





✉သို့-athin@cartooners.com
မှ ယုယ <green@mptmail.net.mm
အကြောင်းအရာ-ပထမဆုံး

အသေင်နဲ့ဇီဇဝါ
ငါ့ရဲ့ ပထမဆုံးအလုပ်ဝင်တဲ့နေ့မှာ ဆရာမခက်နဲ့ နင်တို့ဆီကို ပထမဆုံး အီးမေးလ်ရေးလိုက်တယ်။ ဇီဇဝါ့မှာ အီးမေးလ်လိပ်စာ မရှိသေးလို့ အသေင်ကပဲ ဒီစာကို ဖတ်ပြပေးလိုက်ပါ။ ငါနောက်တစ်ခါ သူနဲ့တွေ့မှ သူ့အတွက် အီးမေးလ်လိပ်စာတစ်ခုလုပ်ပေးမယ်လို့ ပြောပါ။
ငါ့အလုပ်စားပွဲလေးက ချစ်စရာလေး။ သစ်သားဖြူဖြူလေးနဲ့။ ငါတို့ စတပ်ဖ်နှစ်ယောက်အတွက် ကွန်ပျူတာတစ်လုံးထားပေးတယ်ဟ။ ငါ့လိုပဲ အသစ်ခန့်ထားတဲ့ကောင်မလေးတစ်ယောက်နဲ့ ငါနဲ့ စားပွဲချင်းကပ်လျက်ပေါ့။
ငါ့အီးမေးလ်ကို အခုလိပ်စာနဲ့စာပြန်လို့ရတယ်နော်။
နင်တို့လဲ ဒီလိုမျိုး အလုပ်လေးတစ်ခုလောက် ရစေချင်လိုက်တာ။ နောက်ပြီး အင်တာနက်လဲ ကြည့်လို့ရတဲ့အလုပ်ပေါ့။ ကိုယ့် ပတ်ဝန်းကျင်နဲ့ ပြီးတော့ ကမ္ဘာနဲ့ အဆက်မပြတ်တော့ဘူးလေ။ ငါတို့ ကွန်ပျူတာမှာ အင်တာနက်ပါချိတ်ထားပေးတယ်။ ရယ်ပဲ။
နင်တို့လဲ ကွန်ပျူတာလေးတွေ ရှိရင်ကောင်းမယ်နော်။ ဒါနဲ့ အခု ကွန်ပျူတာပြပွဲကို ငါရောက်ပြီးပြီ။ နင်တို့သွားကြည့်သင့်တယ်။

စိတ်မှန်သော
ယုယ



www.burmeseclassic.com

www.burmeseclassic.com



သို့-ယုယ<green@mptmail.net.mm
မှ-အေသင်@cartooners.com
ပြန်စာ-ပထမဆုံး

ယုယ
ငါ ဇီဇဝါကို ဒီနေ့ပဲ အီးမေးလ်လိပ်စာတစ်ခုလုပ်ပေးလိုက်တယ်။ ဇီဇဝါက နင့်ဆီကို ချက်ချင်းစာပြန်ချင်နေလို့လေ။ ငါတို့နှစ်ယောက်လုံး နင့်ကို အရမ်းအားကျနေကြတယ်။ စာတွေ များများဖတ်မှ ဖြစ်မယ်လို့ တို့ပြောနေကြတယ်။
သူငယ်ချင်း ဒီ့ထက်မက အောင်မြင်ထူးချွန်ပါစေ။
စစ်မှန်သော
အေသင်

..............................................................................................

သို့-ယုယ<green@mptmail.net.mm
မှ-ဇီဇဝါzzw@cartooners.com
အကြောင်းအရာ-အားကျတယ်

ယုယရေ
နင့်ကို သိပ်အားကျတာပဲ။
ငါလည်း ကြိုးစားမယ်။ ကလေးတွေကိုလည်း စာသင်ရင်း စာတွေလဲ ဒီ့ထက်ပိုဖတ်မယ်။ နင်နဲ့ဆရာမခက် [illegible]တွေငှားငှားဖတ်တဲ့ စာကြည့်တိုက်တွေကို ငါ ဝင်မယ်လေ။ [illegible]စုနေပြီ။
ထာဝရ
ဇီဇဝါ





ပ=ပျံသန်းချင်တယ်

အိုင်စီတီပါ့ခ်(Information and Communication Technology Park)သတင်းနဲ့ဆက်သွယ်မှုနည်းပညာပြခန်းကနေ ပြန်လာတဲ့အချိန်ကတည်းက ကျွန်ပ မျက်လုံးထဲမှာ ကွန်ပျူတာလေးတွေကိုပဲ အစီအရီပြင်ယောင်နေမိတော့တာပဲ။ ထုံးစံအတိုင်း ဒါလီနဲ့ အီအီကိုပဲ ပြောပြနေမိတာပေါ့။

အိုး အထူးအဆန်းတွေပဲ။ ဖလက် ကွန်ပျူတာအပြားလေးတွေကလဲ လှလိုက်တာ။ ကျွန်မလဲ အဲလို ကွန်ပျူတာလေး တစ်လုံးနဲ့ အလုပ်လုပ်ချင်လုပ်၊ တာကျက်ချင်ကျက် ဘယ်လောက် ကောင်းလိုက်မလဲ။

'အဲဒီမှာ ကာ့ဝမ်းပဲအစီအစဉ်တွေလည်း ရှိတယ်။ အဲဒီမှာ လေဆာပရင့်တာတစ်ခု ဝယ်သူတိုင်းကို ကာ့ဝမ်းမဲပေးနေတယ်လို့ ပြောတယ်။ အဲဒီကာ့ဝမ်းပဲထဲမှာ ကွန်ပျူတာတစ်လုံးတောင် ပါသတဲ့။ ကွန်ပျူတာတစ်ခုကနေ တစ်ခုကို အချက်အလက်တွေ အများကြီး ကူးနိုင်တဲ့ ယူအက်စ်ဘီ မှတ်ဉာဏ်အတောင့်လေးတွေလဲ ကာ့ဝမ်းပဲထဲမှာပါတယ်လို့ ပြောတယ်'

'မှတ်ဉာဏ်အတောင့်ဆိုတာဘာလဲ မမ'

ကွန်ပျူတာတစ်ခုလုံးက အချက်အလက်တွေကိုတောင် ကူးနိုင်တဲ့အတောင့်သေးသေးလေး။ ငါတစ်ခါလောက် နင်တို့ကို ပြဦးမယ်။ ယောလောက်လောက်ကလေးပဲရှိတယ်'

အနားမှာရှိတဲ့ ခဲတံဘောလ်ပင်အတွက် ခဲဆံထည့်တဲ့ဗူးသေး သေးပြားပြားရှည်ရှည်လေးကို ပြလိုက်ရတယ်။

'မမ ဘယ်သူနဲ့သွားလဲ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကြောင့် ကျွန်မ ဒေါ်သနဲ့နဲ့ပြန်ထွက်သွားတယ်။ ဟုတ်တယ်လေ။ ဉာဏ်သာနဲ့ သွားတော့မလို့ ချိန်းထားပြီးသား။ သူ့ ဟာမ ဝင်ရှုပ်လို့ ပျက်သွားတာ။

ကျွန်မ ကောင်တာရှေ့မှာ အထုပ်တွေအများကြီး ပစ်ချပစ်လိုက်တဲ့ ဈေးဝယ်သူကို ရိုင်းလိုက်တာနော်ဆိုတဲ့ ခံစားချက်နဲ့ မော့ကြည့်လိုက်မိတော့ ကျွန်မရှေ့မှာရောက်နေတာက ကျွန်မထက် နဲနဲကြီးနိုင်တဲ့ မိန်းမတစ်ယောက်။ စကတ်က တော်တော်လှတယ်။ ချည်ထည် မီးခိုးပြာ ခပ်မှိန်မှိန်အပွင့်တွေနဲ့ ဒါပေမဲ့မြင်လိုက်တာနဲ့ တော်တော် တန်ဖိုးကြီးမဲ့ ဝတ်စုံမှန်းသိသာတယ်။ အပေါ်က ဝတ်ထားတာက ချည်ထည်ပဲ မီးခိုးပြာဖျော့ဖျော့လေး။ ခပ်တိုတိုပွပွ။ လည်ပင်းမှာဆွဲထားတဲ့ ပလက်တီနမ်ကြိုးမျှင်မျှင်လေးမှာ ဂီတာပုံ ဖော်ထားတဲ့ ကျောက်လား ဖိနပ်လား ကျွန်ပ မသိတဲ့ လက်လက် တောက်တောက် လော့ကက်လေးနဲ့။

ကျွန်မ ထုံးစံအတိုင်း သူ ယူလာတာတွေကို တရင်းလုပ်ပြီး ငွေတွက်နေတဲ့ အချိန်မှာ သူ့ဆီက စကားသံထွက်လာတာပါပဲ။

'အေသင်မိုး ဆိုတာ မင်းကိုး'

ဟာ ဘယ်လိုလဲ။ ပေါ်တင်ကြီးပါလား။ ကျွန်မ ကွန်ပျူတာ မျက်နှာပြင်ကို ကြည့်ရာက သူ့ကို မော့ကြည့်လိုက်မိတယ်။ အဲဒီအချိန်ကျမှပဲ သူ့ကို မှတ်မိသွားတယ်။ ဟိုတစ်ခါ ကလေးအေရိုးမားမှာ ဉာဏ်သာနဲ့ အတူတွဲထိုင်တဲ့တစ်ယောက်ပဲ။ သိသိချင်းပဲ ကျွန်ပ ရင်ထဲမှာ တစ်ခုခုနဲ့ ဆုပ်ဆွဲခံလိုက်ရသလို တင်းသွားတယ်။

ကျွန်မ ဘာပြန်ပြောရမလဲ။ ဟုတ်ပါတယ်လို့ ပြောရမလား။ မပြောပါဘူး။ သူပြောတဲ့လေသံက မမိုက်ဘူးလေ။ ကျွန်မ ခေါင်းလျှော်ရည်ဘူးကို ဘားကုတ်ဒ်ဖြတ်နေလိုက်တယ်။





'တို့နာမည်က နဒီတဲ့။ ဉာဏ်သာတို့နဲ့ ခြံချင်းကပ်ရက် နေတာ။ တို့နဲ့ ဉာဏ်သာ့အကြောင်း သိတယ်မဟုတ်လား'

ဟင် ဘယ်လိုကြီးပါလိမ့်။

'ဘာဆိုင်လို့ပြောရမှာလဲ။ ဘာပြောစရာလို့လို့လဲ'

'လိုတာပေါ့ကွဲ့။ တို့နဲ့ဉာဏ်သာက အင်္ဂလန်ကို ကျောင်းသွားတက်ဖို့ အကုန်ပြင်ဆင်ထားပြီးသား။ စာမေးပွဲတွေတောင် ဖြေကြတော့မှာ'

ကျွန်မဒေါ်သလည်းထွက် ဝမ်းလည်းနည်းသွားတယ်။

'အဲဒါ တို့နဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့။ အခု ဉာဏ်သာက စိတ်ပြောင်းသွားပြီ။ စာမေးပွဲလည်း မဖြေချင်တော့ဘူးတဲ့။ ကျောင်းလည်း သွားမတက်တော့ဘူးတဲ့ ဒီမှာပဲ နေမယ်တဲ့'

သူ့နောက်မှာ ဈေးဝယ်သူတစ်ယောက် ရောက်နေပြီ။ သူက ပြောလို့ မပြီးသေးဘူး။

'တစ်သောင်းနဲ့ နှစ်ထောင့်ငါးဆယ်ကျပါတယ်'

ကျွန်မ သူ့စကားကို ဘာမှ အသိအမှတ်မပြုဘဲ ကျသင့်ငွေကို တွက်ပေးလိုက်တယ်။ သူက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ပိုက်ဆံထုတ်ပေးတယ်။

'မင်း ဉာဏ်သာ့ကို သိမ်းသွင်းတာ သိပ်မြန်တာပဲ။ ဘာနည်းတွေသုံးတာလဲ။ လျှို့ဝှက်တဲ့ နည်းတွေလား'

ဟင် ကြည့်စမ်း။ သူ့မျက်နှာထားက ရှုတ်ချချင်တဲ့မျက်နှာပေးပါလား။ ကျွန်မ ပိုက်ဆံအံဆွဲလေးကို ဆောင့်ပိတ်ချပစ်လိုက်တယ်။ တော်ကား ရင်ထဲမှာလည်း လှုပ်လှုပ် လှုပ်လှုပ်နဲ့ တုန်ခိုက်လာတယ်။ ကျွန်မလေ စိတ်ထဲကနေ သူ့ကို ပြုံးရိုက်ချပစ်လိုက်တာပါလား။



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ အသံတောင် အကျယ်ကြီးထွက်သွားတယ်။ နင် အခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း လို့ အော်ဟစ်မောင်းထုတ်ပစ်လိုက်တယ်။

ဒါပေမဲ့ တကယ်လက်တွေ့ဖြစ်ရပ်မှာတော့ ကျွန်မက လက်ဖျားတွေ ခြေဖျားတွေ အေးစက်တုန်ခိုက်ပြီး ဆွံ့အပြီးကျန်ရစ်ခဲ့တာပါ။

'ဉာဏ်သာနဲ့သွားဖို့ ချိန်းထားပြီးသားပါဟာ။ ကမျက်ယမျက် လုပ်တဲ့တစ်ယောက်ကြောင့် ငါ ပြန်ဖျက်ပစ်လိုက်တယ်'

ဘယ်တစ်ယောက်လဲ လို့ ဒါလီက မေးပေမဲ့ ကျွန်မ မပြောတော့ပါဘူး။ ကျွန်မ အိုင်စီတီပါ့ခ်ကို ဉာဏ်သာနဲ့မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီးတော့ တစ်ယောက်တည်းပဲ သွားလိုက်တယ်။

'ဟယ် မမအေသင်က တစ်ယောက်တည်း သွားတယ်'

'အိုး တစ်ယောက်တည်းပေါ့ဟာ။ ဝင်ထရယ်မှာရှိတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို စည်းရုံးကြည့်သေးတယ်။ မရဘူး။ ဒီတော့ ငါ့ဟာငါပဲ သွားရတာပေါ့'

ကျွန်မက ဟိုမှာတွေ့ရတဲ့ ကွန်ပျူတာတွေအကြောင်းကို သူတို့ကို တစ်ဝကြီးပြန်ပုံဖော်ပြောပြနေလိုက်မိတယ်။ ပြန်အထွက်မှာ ကားဂိတ်ထိအောင် အဝေးကြီး ခြေလျင်လျှောက်ရတဲ့အကြောင်းတော့ မပြောလိုက်တော့ပါဘူး။ နောက်ပြီး အိုင်စီတီပါ့ခ်မှာ မြင်ရတဲ့ အရာဝတ္ထုတွေ လူတွေဟာ သိပ္ပံကားကို ကြည့်နေရသလိုပဲ။ ကျွန်မနဲ့ အလှမ်းဝေးနေသလိုခံစားရတာကိုလည်း သူတို့ကို ပြောမပြလိုက်တော့ပါဘူး။

ကျွန်မ အိုင်စီတီပါ့ခ်မှာ ယောင်လည်လည်နဲ့ ဟိုငေးဒီငေး တောသားမြို့ရောက်ပုံစံမျိုးဖြစ်နေတဲ့အချိန်မှာ ဉာဏ်သာတစ်ယောက်တော့ ကျွန်မနဲ့ချိန်းထားတဲ့ အပေါ်ထပ်ကကော်ဖီဆိုင်မှာ ငေါင်လို့တဲ့။



နောက်တစ်နေ့ ကျွန်မထင်တဲ့အတိုင်း ဉာဏ်သာ ဝင်ထရယ်ကို ဈေးလာဝယ်တယ်။ သူဝယ်တဲ့ပစ္စည်းက တစ်မျိုးတည်း။ ကျောက်ပိုးအိတ်မှာချိတ်တဲ့ သံကွင်းနဲ့အရုပ်လေးတစ်ခု။

'နှစ်ကျပ်ငါးဆယ်'

'အေသင် မနေ့က ဘာဖြစ်တာလဲ'

ဉာဏ်သာက ငွေတံပေးတယ်။ ဒါပေမဲ့ ကျွန်မ မဖြေပါဘူး။ သူ့ကို ပိုက်ဆံပြန်အမ်းပြီးတော့ နောက်ဈေးဝယ်ကိုမျှော်သလို နောက်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ ဉာဏ်သာ့နောက်မှာ တန်းစီပုံသူ လုံးဝမရှိဘူး။

'တို့ ကော်ဖီဆိုင်မှာ တစ်နာရီလောက်ကြာအောင် ထိုင်စောင့်နေတာ။ အေသင်မလာတာနဲ့ အောက်ဆင်းလာပြီးမေးတော့ နေ့လည်နှစ်နာရီကတည်းက ပြန်ထွက်သွားပြီတဲ့။ ဘာဖြစ်တာလဲ'

'ဘာမှမဖြစ်ပါဘူး။ မသွားချင်တော့တာနဲ့'

'မသွားချင်ရင်လည်း မသွားပါဘူး။ ဒါပေမဲ့ တို့နဲ့တွေ့ဖို့ ချိန်းထားပြီးသားကို အဲဒီလိုကြီး ပစ်လက်ခတ် မလုပ်သင့်ဘူးလား လို့။ ပြော အေသင် တစ်ခုခုဖြစ်သွားတယ်မဟုတ်လား'

ကျွန်မ မပြောချင်ဘူးလေ။

'တစ်ခုခုတော့မှားနေပြီကွ။ မျက်နှာ ကြည့်ရုံနဲ့သိတယ်'

ကျွန်မမျက်နှာက ပုပ်သိုးနေမှာပေါ့။ ကျွန်မမှ ဟန်မဆောင်တတ်တာ။

'ပြောပါအေသင်ရယ် ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ စိတ်ပြောင်းသွားတာလဲ'

ကဲ။ ကျွန်မ စိတ်ကို ထိန်းမထားနိုင်တော့ဘူး။

'ဘာဖြစ်လို့ ပြောင်းရမလဲ။ နင့် ဟာပကြောင့်ပေါ့။ နှင်းဒီဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တို့ကိုလာပြီးတော့ စော်ကားသွားတာ'

ကျွန်မ ဉာဏ်သာ့ကို အကုန်ပြောပစ်လိုက်တယ်။ ဉာဏ်သာက ခေါင်းကုတ်တယ်လေ။

'အဲဒါ ဉာဏ်သာ့ရည်းစားလား။ သူက ဘာဖြစ်လို့ တို့ကို တစ်ဖက်သတ်ဖွတ်ဖွဲ့ရတာလဲ။ ဘာဖြစ်လို့ အဲဒီလောက် အောက်တန်းကျရတာလဲ' ဘေးလူတွေ မကြားအောင် တိုးတိုးမေးလိုက်တယ်။

'အဲဒါ တို့ရည်းစားမဟုတ်ဘူး။ တို့မှာ ရည်းစားမရှိဘူး'

ကျွန်မ သူ့ကို မော့ကြည့်တော့ သူက ပြုံးစစနဲ့။

'ဟုတ်တယ်လေ။ အိစီကလီတွေပဲ ရှိတာ။ အခု အဲဒီ အိစီကလီတွေတောင် မရှိတော့ဘူး၊ အားလုံးကို ရှင်းပစ်လိုက်ပြီ'တဲ့။

သူ့စကားအရိပ်အယောင်က တစ်မျိုးပဲ။ သူ့မျက်နှာထားက လဲ တစ်မျိုးပဲ။ ကျွန်မ ရည်းစားမထားဖူးပေမဲ့ ဒီလောက်တော့ အရိပ်အကဲ ဖမ်းတတ်ပါတယ်။ မမေးနဲ့ ဘာလို့လဲလို့ မမေးနဲ့။

'ဘာလို့လဲ သိလား'

လာပြီ တွေ့လား။ ရေလာအောင် မြောင်းမဖောက်မပေးဘဲနဲ့ကို ရေက စီးလာတယ်။ ကျွန်မ ခေါင်းခါယမ်းပစ်လိုက်တယ်။

'စိတ်မဝင်စားဘူး'

'အိုကေ အိုကေ။ ဒါပေမဲ့ အေသင် ဒါကိုတော့ စိတ်ဝင်စားမှာပါ'

သူ့ဘောင်းဘီအိတ်ထဲမှာ ထိုးထည့်ထားတဲ့ ဂျာနယ်တစ်စောင်ကို ထုတ်ပြီး ကျွန်မရှေ့မှာ ချပေးလိုက်တယ်။

'ဒါဘာလဲ'

'အလုပ်ခေါ်တာ'

ပြောပြီးတော့ ချာခနဲ လှည့်ထွက်သွားပါတော့တယ်။



HIV/AIDS MEDIA INITIATIVE

**ရုံးအကူဝန်ထမ်း အလိုရှိသည်**

နေ့စွဲ ၂၆-၀၂-၀၄

ရုံးအကူရာထူးအတွက် ၂နေရာ လစ်လပ်

အသက်၁၈နှစ်မှ ၂၅နှစ်အတွင်း

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ

အင်္ဂလိပ်စာအခြေခံကောင်းသူ

လူမှုရေးလုပ်ငန်းများတွင်

အားတက်သရောပါဝင်ကူညီနိုင်မည့်သူ

၂၃-၀၃-၀၄ နောက်ဆုံးထား၍

HIV/AIDS media initiative

အမှတ်.....ကမ္ဘာအေးဘုရားလမ်း ဖုန်း...သို့

လူကိုယ်တိုင် လာရောက်လျှောက်ထားရန်။

www.burmeseclassic.com

www.burmeseclassic.com



*HIV/AIDS Media Initiative*

အိတ်ချ်အိုင်ဗွီ အိတ်ဒ်စ် မီဒီယာအင်နီရှေးတစ်ဗ်

အလုပ်လျှောက်လွှာ

| | | |
|---|---|---|
| Name... | ... | Aethin Moe |
| အမည်... | ... | အေသင်မိုး |
| Age... | ... | 18 (26/09/86) |
| အသက်... | ... | ၁၈နှစ် (၂၆/၀၉/၈၆) |
| Education... ... ... | | First Yr English |
| ပညာအရည်အချင်း ... | | ပထမနှစ် အင်္ဂလိပ်စာ |
| Father's Name... ... | | ..U Moe Thu |
| အဖအမည် ... ... ... | | ဦးမိုးသူ |
| Father's Occupation... | | .Photographer |
| အဖ၏အလုပ်အကိုင် ... ... | | ဓါတ်ပုံဆရာ |
| Nationality... ... ... | | Myanmar |
| နိုင်ငံသား... ... ... | | မြန်မာ |
| Sex (လိင်)... ... | | ...female(အမျိုးသမီး) |

Address (လိပ်စာ) ... ၂၅ ရွှေစင်ဘုလမ်း၊

၄၄ရပ်ကွက် ဒဂုန်/မ ရန်ကုန်။ ဖုန်း–.........

ဘာသာစကားကျွမ်းကျင်မှု ... မြန်မာ၊ အင်္ဂလိပ်

လုပ်ငန်းအတွေ့အကြုံ ... ... အရောင်းစာရေး။

စင်ထရယ်စတိုး ၆လ။

ခန့်မှန်းလစာငွေ ... ... ... ...

ဖ=ဖြေကြည့်ရအောင်။

အမလေး ဖတ်လိုက်ရတဲ့စာတွေကလဲများလိုက်တာ။ အခု မှ ဝဖတ်တာဆိုတော့ ဦးနှောက်တွေတောင် ချောင်ချင်နေပြီ။

မေးနိုင်တဲ့ မေးခွန်းတွေတဲ့။ ကြိုတင်ပြင်ဆင်ပေးတဲ့ မမ ခက်တော့ အနီးကပ်သုံးရက်မှာ ဘယ်လောက် စိတ်မောပလဲပသိ။ ကျွန်မမှာတော့ စိတ်ဓါတ်တွေကျလိုက် ပြန်တက်လိုက်နဲ့။ ရိုလာ ကို့စတာစီးနေရသလိုပဲ။ ရင်တွေကို ခုန်လို့။

ကိန်းဂဏန်းတွေကိုတော့ အလွတ်ရစရာမလိုဘူးလို့ မမ ခက်က ပြောတာပဲ။ အလွတ်လဲ မကျက်နိုင်ပါဘူး။ ပြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရသူပေါင်းအရေအတွက် တဲ့။ ကျွန်မ ဘယ့်နှယ်လုပ်မှတ်ပါမလဲနော်။ ခက်ပြောသလို သုံးသိန်းကျော်လို့ပဲ မှတ်ထားလိုက်မယ်။

အိပ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်တဲ့နည်းလမ်းတွေကိုတော့ အလွတ်ရမှဖြစ်မယ်လို့ မမခက်က ပြောတယ်။ အခုနေ ညမအိပ်ခင် ချရေးကြည့်ရင်ကောင်းမလား။ စာအုပ်ထဲ ပြန်မကြည့်ဘဲနဲ့လေ။

ကိုယ်ခန္ဓာလိင်အင်္ဂါများမှ ထွက်သောအရည်မှတစ်ဆင့် ကူးစက်တယ်။

သွေးမှတစ်ဆင့်ကူးစက်တယ်။

ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် ပိခင်နို့တိုက်ကျွေးနေစဉ် မိခင်မှကလေးသို့ ကူးစက်တယ်။

အဲဒီလိုနဲ့တူတယ်။ ဟုတ်မှာပါ။ ပြီးမှ မှတ်စုစာအုပ်နဲ့ ပြန် တိုက်ကြည့်ဦးမယ်။ အဲဒီသုံးနည်းကလွဲရင် ကျန်တာတွေက မကူး နိုင်ဘူးပေါ့။ မကူးနိုင်တဲ့နည်းတွေကို အသေအချာသိမှ [illegible] စောင့်

www.burmeseclassic.com

ရှောက်ဖို့ စိတ်ပါလာမယ်။ ပြုစုရဲလာမယ်။

မီဒီယာအင်နီရှေးတစ်ခ်ဆိုတော့ တာနယ်ဇင်းတွေနဲ့ ဗွီဒီယို တယ်လီဗီးရှင်း ရုပ်ရှင်တွေကို အိပ်ချ်အိုင်ဗွီနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားလာအောင်စည်းရုံးဖို့ ရည်ရွယ်ချက်ဖြစ်လိမ့်မယ် တဲ့။ မမခက်က ပြောတယ်။

အဲဒီနယ်ပယ်တွေမှာ ဒီရောဂါပိုးနဲ့ပတ်သက်ပြီး ဘာတွေလှုပ်ရှားဆောင်ရွက်နေတယ်ဆိုတာ ကျွန်မ လေ့လာထားရမတဲ့။ ကျွန်မအရင်က တယ်လီဗွီးရှင်းကိုတော့ ကြည့်ပါရဲ့။ ဒါပေမဲ့ သိပ် သတိမထားမိဘူး။ အခုမှ ဒီနေ့က စပြီး ဂရုစိုက်ကြည့်မိတယ်။

ဟုတ်တယ်။ မြန်မာ့ရုပ်မြင်သံကြားမှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုနဲ့ ပတ်သက်ပြီးပြတဲ့ သတင်းတိုလေးတစ်ခုပါတယ်လေ။ ကောင်းတယ်။ ဗဟုသုတရတယ်။ အဲဒါက ယူနီဆက်ဖ်နဲ့ ကျန်းမာရေးဝန်ကြီးဌာန ပူးပေါင်းပြီး ထည့်တာတဲ့။ အဲဒါကို မေးရင်တော့ အပိုင်ပဲ။ ကျွန်မ အခုည သေသေချာချာကို ကြည့်ထားတယ်။

နောက်တော့ ဘာရှိသေးလဲ။ သတင်းစာကို ကျွန်မ မဖတ်ဘူး။ ကျွန်မ မသိဘူး။ ဒါပေမဲ့ ခက်ပြောပြတော့မှ ဂျာနယ်တွေထဲမှာ တစ်ခါတစ်ခါပါတဲ့ ကာတွန်းကြော်ငြာလေးတွေကို မှတ်မိတယ်။ အဲဒီကာတွန်းတွေရဲ့ ဦးတည်ချက်ကို ပြောနိုင်ရမတဲ့။ ကိုယ့်အလှည့်ကျရင် ဒီ့ထက်ကောင်းတဲ့သတင်းကို ဘယ်လိုပေးနိုင်မယ်ဆိုတာ စိတ်ကူးပြန့်ကျက်ပြီး ပြောပြဖို့လိုမလားမသိဘူး တဲ့။

မမခက်သင်တာတွေ လိုက်မှတ်ရင်း မှတ်ရင်းကနေ ကျွန်မ စိတ်ဓါတ်ကျသွားတယ်။ ဆရာမရယ် သမီးကိုယ်စား ဆရာမပဲ ဖြေပေးလို့ရရင် ဘယ်လောက်ကောင်းမလဲနော်။



မ=မေးခွန်းများကို ဖြေဆိုခြင်း

မေးမြန်းသူ - ဒေါက်တာဟန်သာ
ဖြေဆိုသူ - အေသင်မိုး

မေးသူ- မီဒီယာဆိုတဲ့စကားကို ဘယ်လိုနားလည်လဲ
အေသင်- မီဒီယာဆိုတာလေ သတင်းစာတို့ မဂ္ဂဇင်းတို့ကိုပြောတာ။
မေးသူ- မြန်မာလို ဘာအဓိပ္ပါယ်လဲ သိလား။
အေသင်- ဟိုလေ တစ်ခုခုကို ကြားခံပေးတဲ့ဟာပေါ့
မေးသူ- ဒီမှာအလုပ်လုပ်ရင် ဘာတွေကိုလုပ်ရမယ်လို့ ထင်ထားလဲ
အေသင်- မီဒီယာတွေနဲ့ ဆက်သွယ်ပြီး မီဒီယာကလူတွေကို အေအိုင်ဒီအက်စ်အကြောင်း စိတ်ဝင်စားလာအောင် လုပ်ပေးရမယ်လို့ ထင်ပါတယ်။
မေးသူ- မီဒီယာအပေါ်မှာ မင်း ဘယ်လောက် ယုံကြည်အားထားသလဲ။
အေသင်- အဲ မီဒီယာဆိုတာက လူတွေကို သိသင့်တာတွေသိအောင် သတင်းပေးနေတဲ့အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုပါ။
မေးသူ- မီဒီယာတွေထဲမှာ ဘယ်မီဒီယာကို အကြိုက်ဆုံးလဲ
အေသင်- အဲ။ အဲဒါမှ ဒုက္ခ
မေးသူ- ဘာဖြစ်လို့ ဒုက္ခလဲ။

www.burmeseclassic.com



အေသင်– ဟို သမီးသိတာက ရုပ်မြင်သံကြားရယ်၊ ရုပ်ရှင်ရယ်။ မဂ္ဂဇင်းတို့ဘာတို့ပဲ သိတယ်။

မေးသူ– သိတဲ့အထဲက ဘယ်ဟာကို ပိုကြိုက်လဲ။

အေသင်– ရုပ်မြင်သံကြား

မေးသူ– ဘာကြောင့်လဲ။

အေသင်– အရုပ်တွေက လူကို ပိုဆွဲဆောင်တယ်လေ။

မေးသူ– မင်း လူတွေကို တစ်ခုခုပြောချင်ရင် ဘယ်မီဒီယာကနေပြောမလဲ။

အေသင်– တီဗွီကနေပြောမယ်။

မေးသူ– တီဗွီမှာ ကြော်ငြာဝင်ရင် တစ်စက္ကန့်ကို ဘယ်လောက်ပေးရလဲမင်းသိလား

အေသင်– အယ် မသိဘူး။

မေးသူ– အိုကေ။ မင်ဒဲလားဆိုတဲ့နာမည်ကို ညည်းကြားဖူးလား။

အေသင်– မင်ဒဲလား။ ကြားဖူးတယ်။

မေးသူ– ဘယ်သူလဲ။

အေသင်– အဲ… သမီးကြားတော့ ကြားဖူးတယ်။ မမှတ်မိဘူး။

မေးသူ– အာဖရိကနိုင်ငံတစ်ခုခုနဲ့ ဆက်စပ်နေတယ် ဆိုရင်ကော

အေသင်– အော် ဟုတ်တယ်။ ထောင်အကြာကြီး ကျနေဖူးတဲ့ ခေါင်းဆောင်တစ်ယောက်ပဲ။

မေးသူ– ဟုတ်ပြီ။ သူ့မှာ သားတစ်ယောက်ရှိတာကို သိလား။





အေသင်– အို ။ ဟင့်အင်း။ မသိပါဘူး။

မေးသူ– သူ့သားက အသက် ၅၀ပတ်ဝန်းကျင်ရှိနေပြီ။ သူ့သားမှာ အိပ်ချ်အိုင်ဗွီပိုး ရှိနေတယ်လို့ မနှစ်က သူက ဖွင့်ပြောတယ်တဲ့။ ညည်းသတင်းစာတွေ ဘာတွေ မဖတ်ဖူးလား။

အေသင်– သမီးတို့အိမ်မှာ သတင်းစာမယူဘူး။

မေးသူ– သေရော။ အလုပ်မှာရော မဖတ်ဘူးလား။

အေသင်– အလုပ်မှာ သမီးတို့ ထိုင်တောင်မထိုင်ရဘူး။ မနက်အဆိုင်းဆိုရင် မနက်ရှစ်နာရီအရောက်သွား။ နေ့လည် ၂နာရီပြန်။ ညနေအဆိုင်းဆိုရင် ၂နာရီဝင် ည၉နာရီမှ ပြန်ထွက်ရတယ်။

မေးသူ– မင်း ဆယ်တန်းအောင်တုန်းက ဂုဏ်ထူး ဘယ်နှခုပါလဲ။

အေသင်– နှစ်ခုပါ။ အင်္ဂလိပ်နဲ့ သင်္ချာ

မေးသူ– ဒါဖြင့် ကျောင်းစာမဟုတ်တဲ့ အင်္ဂလိပ်စာတွေကို ဗဟုသုတအဖြစ် ဖတ်ဖူးလား။

အေသင်– နဲနဲပါးပါး ဖတ်ဖူးပါတယ်။

မေးသူ– ဒါဖြင့် မင်းဖတ်ပြီးတော့ မှတ်မိနေတဲ့ စာစောင်တစ်ခုထဲက အကြောင်းအရာတစ်ခုကို ပြောပြစမ်းပါ။

အေသင်– အေအိုင်ဒီအက်စ်နဲ့ ပတ်သက်တာလား။

မေးသူ– ဘာအကြောင်းအရာပဲဖြစ်ဖြစ်

အေသင်– ခဏလေးနော်။ သမီးစဉ်းစားလိုက်ဦးမယ်။ အဲဟိုညစ္စာ၊ ဟိုတစ်နေ့တုန်းက သမီးဖတ်ခဲ့တဲ့ ဟဲလိုမဂ္ဂဇင်းထဲမှာ လက်ဆောင်ပစ္စည်းထုပ်ပိုးပြီး ဆေးချယ်တဲ့နည်းသစ်တစ်ခု အကြောင်းပါတယ်။ သမီးတို့အတွက် စိတ်ဝင်စားစရာကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေရောင်စက္ကူပြောင်ပြောင်လက်လက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေက မလှဘူး။ လှတဲ့ တကယ့်စက္ကူတွေကျတော့ ဈေးကြီးတယ်။ ဒီတော့ ဈေးသက်သက်သာသာနဲ့ ထုပ်ပိုးလို့ရ။ လှအောင်လည်း ဆေးချယ်ဖို့ အဲဒီစာအုပ်ထဲမှာ ပြောထားတယ်။ အိမ်မှာရှိတဲ့ အက်ခရဲလစ်ရေဆေး၊ ဒါမှမဟုတ် ဝါတာကာလာရေဆေးနဲ့ ချယ်လို့ရတယ်။ ပန်းချီဆွဲတတ်စရာလည်းမလိုဘူး။

မေးသူ- ဘယ်လိုလုပ်ရမတဲ့လဲ။

အေသင်- မိုင်းကိုင်စက္ကူလည်းထုပ်လို့ရတယ်။ ဘီလပ်မြေစက္ကူ ခပ်ဝါညိုညိုတွေလည်း ရတယ်။ စက္ကူနဲ့သေသေသပ်သပ် ထုတ်ပိုးပြီးရင် ဆေးချယ်ဖို့ ဆေးဖျော်မယ်။ အိမ်မှာ နံနံပင် အရွက်လေးတွေရှိရင် အဲဒါလေးတွေကိုဆေးနဲ့ချယ်ပြီး အဲဒီအရွက်လေးတွေကို ထုပ်ပြီးသားစက္ကူပေါ်မှာ သူ့နေရာနဲ့သူ စိတ်ကြိုက် လိုက်ကပ်ပေးသွားရုံပဲတဲ့။ နံနံရွက်မရှိရင် ရှိတဲ့အရွက်နဲ့ ဆေးချယ်ပြီး ကပ် တဲ့။ ဇီးရွက်လည်းရတယ်။ မန်ကျည်းရွက်လည်း ရတယ်။ ချဉ်ပေါင်ရွက် ခပ်နုနုသေးသေးလေးတွေလည်း ရတယ်။ အနီရောင် အပြာရောင် အစိမ်းရောင် ချယ်လို့ရတယ်တဲ့။

မေးသူ- မင်း စမ်းကြည့်ပြီးပြီလား။

အေသင်- မစမ်းရသေးဘူးရှင့်။ အလုပ်အားတဲ့ရက်ကျမှ စမ်းမယ်။

မေးသူ- လူတွေကို သူတို့ရဲ့အမူအကျင့်တွေ ပြောင်းလဲဖို့ တရားဟော မဲဆွယ်ရင် အောင်မြင်မယ်ထင်လား။

အေသင်- ရှင်။

မေးသူ- ညည်းအိမ်သာတက်ပြီးရင် လက်ဆေးလား။

အေသင်- အို။ ဟုတ်ကဲ့ ဆေးတယ်။

မေးသူ- ဘယ်သူက ဆေးခိုင်းလဲ။





အေသင်- မေမေက။ ရောဂါပိုးတွေက လက်သဲထဲမှာ ကျန်နေခဲ့တတ်တယ်တဲ့။ အညစ်အကြေးတွေက ရှုံစရာလဲကောင်းပါတယ်။ တစ်ခါတုန်းက တယ်လီဗီးရှင်းကနေ ဒစ်စ်ကာဗာရီကဏ္ဍမှာ ပိုးမွှားတွေ အကြောင်းပါတယ်။ ကြောက်စရာကြီး။ သမီးက ရှုံလဲ ရှုံတတ်တယ်။

မေးသူ- ဆေးလိပ်သောက်တဲ့လူတစ်ယောက်ကို ဆေးလိပ်မသောက်အောင် တားမြစ်တဲ့နေရာမှာ ဘယ်လိုနည်းသုံးရင် ထိရောက်မယ်ထင်လဲ။

အေသင်- သမီးထင်တာတော့ ဒဏ်ပေးတဲ့နည်းက ကောင်း မယ်ထင်တယ်။ သမီးအစ်ကိုက အိမ်မှာဆေးလိပ်ခိုးခိုးသောက်တယ်။ သမီးမြင်ရင် မေမေ့ကိုတိုင်တာပဲ။ မေမေက ဆူရုံပဲဆူတယ်။ မရိုက်ဘူး။ ဒီတော့ ကိုဗေယျာက ဘယ်ဖြတ်မလဲ။

မေးသူ- ဆေးလိပ်ထက်ပိုကောင်းတဲ့ ပိုအန္တရာယ်ကင်းတဲ့ တစ်ခုခု တီထွင်ပြီး အစားထိုးနိုင်းရင်ဘယ့်နှယ်နေမလဲ။

အေသင်- အချိန်ကြာမှာပေါ့။ အဲဒီလို တီထွင်နေတဲ့အချိန်မှာ ရောဂါဖြစ်တဲ့သူက ဖြစ်ပြီးပြီ။

မေးသူ- ဟေဟုတ်လား။ ထားလိုက်ပါတော့ နောက်တစ်ခု မေးဦးမယ်။ ညည်းဘဝမှာ သူများတွေက ညည်းလုပ်ရင် မဖြစ်နိုင်ဘူးလို့ထင်နေတဲ့အလုပ်တစ်ခုကို ဖြစ်အောင်လုပ်ပြလိုက်နိုင်တဲ့ အတွေ့အကြုံတစ်ခုခုရှိလား။ အဲဒါကို ပြောပြစမ်းပါဦး။

အေသင်- အင်း။ လုပ်ပြနိုင်လိုက်တဲ့အတွေ့အကြုံ။ ဘာများဖြစ်မလဲ။ အဲ တစ်ခုတော့ရှိတယ်။ ပြောလို့ရလား မရလားတော့ မသိဘူး။ သမီးကျောင်းမှာ စာကြည့်တိုက်ရှိတယ်လေ။ စာအုပ် တစ်ခါမှ ငှားမဖတ်ဖူးဘူး။ အဲဒီတော့ သမီးက စာအုပ်ငှားဖတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်။ ဆရာကြီးကို ပြောပေးပါလို့ပြောတော့ ဆရာမက သူ ပြောပြီးပြီ။ မရဘူးတဲ့။ စာအုပ်တွေငှားရင် ပျောက်မှာစိုးလို့ရယ်။ နောက်ပြီး သမီးတို့ အပြင်စာတွေဖတ်ဖို့အချိန်မတန်သေးလို့ရယ်တဲ့။ အဲဒါနဲ့ သမီးက ဆရာကြီးကိုသွားပြောတာပေါ့။ မြန်မာစာ ထူးချွန် စာမေးပွဲဖြေခါနီးတော့လေ။ အလိမ်မာစာမှာရှိဆိုတဲ့စာစီစာကုံး ရေး ချင်လို့ စာကြည့်တိုက်ကနေ စာအုပ်ငှားခွင့်ပေးပါလို့။ အဲဒီတော့ ဆရာကြီးက ပေးလိုက်တယ်လေ။ သူတို့က ဆရာကြီးကို သွား မပြောရဲလို့ သမီးသွားပြောရတာ'

မေးသူ- အိုကေ။ ကွန်ပျူတာကိုင်တတ်လား။

အေသင်- ဟုတ်ကဲ့။ သမီးအိမ်မေးလ် အကောင့်တစ်ခုဖွင့် ထားတယ်။ အင်တာနက်စင်တာမှာ ဖရီးမေးလ်နဲ့လေ။ နဲနဲပါးပါး တော့ အတွေ့အကြုံရှိပါတယ်။

မေးသူ- အိပ်ချ်အိုင်ဗွီပိုးဆိုတာတော့ ကြားဖူးလား.

အေသင်- ကြားဖူးပါတယ်။ ဂျာနယ်တွေမှာပါတယ်။ တီဗွီ မှာပါတယ်။

မေးသူ- လူတစ်ယောက်ကို အိပ်ချ်အိုင်ဗွီပိုးရှိတဲ့လူလို့ မင်းသိရင် မင်း သူ့ကို ဘာစကားပြောမလဲ။

အေသင်- ကိုယ့်ဆီက ရောဂါပိုးသူများဆီမကူးဖို့ သတိ ထားရမယ်။ အနေအစားဆင်ခြင်ရင် ကိုယ်လဲ ကိုယ်ခံ အားတော် တော်နဲ့မကျဘဲ သာမန်လူတွေလို အလုပ်လုပ်နိုင်တယ်လို့ ပြောမယ်။

မေးသူ- မင်းကို ဘယ်သူကပြောလဲ

အေသင်- ဟင် သမီးပြောတာမှားသွားလားဟင်

မေးသူ- မမှားပါဘူး။ မင်း ဒါတွေကို ဘယ်ကနေသိလာ လဲ။

အေသင်- ဟို သမီးတို့ဆရာမက သင်ပေးတာ။





မေးသူ- ဆရာမ ဘာဆရာမလဲ

အေသင်- အင်္ဂလိပ်စာဆရာမ

မေးသူ- အင်္ဂလိပ်စာဆရာမက အိပ်ချ်အိုင်ဗွီအကြောင်း သင်ပေးသလား။

အေသင်- အတန်းထဲမှာ တစ်ခါတုန်းက အက်ဆေးရေး သင်ပေးတော့ အေအိုင်ဒီအက်စ်အကြောင်းလဲပါတယ်။

မေးသူ- ပြောပါဦး ဘာအကြောင်းတွေလဲ

အေသင်- ဟိုလေ အာဖရိကနိုင်ငံမှာ သူကိုယ်သူ အေအိုင် ဒီအက်စ်ဖြစ်တယ်ဆိုတာ ဖွင့်ပြောတဲ့ မိန်းမကို ရွာကလူတွေက ဝိုင်းရိုက်သတ်ပစ်လိုက်ကြတဲ့အကြောင်း။

မေးသူ- ပြော

အေသင်- ပြီးတော့ နိုင်ငံခြားအဆိုတော်တစ်ယောက် သူ ကိုယ်သူ အေအိုင်ဒီအက်စ်ဖြစ်တာကို ဝန်ခံတဲ့အကြောင်း

မေးသူ- အဲဒီအဆိုတော်က ဘယ်သူတဲ့လဲ

အေသင်- ကွင်းအဖွဲ့ကလေ သမီး သူနာမည်မေ့သွားပြီ။

မေးသူ- မင်းဆရာမက နာမည် ဘယ်သူတဲ့လဲ။

အေသင်- ဆရာမနာမည်လား။ ခက်စိမ်းနွယ်

မေးသူ- ခက်စိမ်းနွယ် ?

အေသင်- ဟုတ်။ ခက် စိမ်း နွယ်

မေးသူ- - - - - -

အေသင်- - - - - -

မေးသူ- အိုကေ

(စာရွက်လှန်သံများ)

မေးသူ- အိပ်ချ်အိုင်ဗွီ ဒါမှမဟုတ် အိတ်ဒ်စ်ပေါ့။ အဲဒီ စကားလုံးတွေကို ကြားတဲ့အခါ မင်း ဘယ်လို ခံစားရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အေသင်- သမီး ကြောက်တယ်။ သနားလဲသနားတယ်။

မေးသူ- ကြောက်တာက ဘာကို ကြောက်တာလဲ။

အေသင်- သမီးကို အဲဒီပိုးကူးမှာကြောက်တာ။

မေးသူ- ဘယ်လိုနည်းနဲ့ ကူးသလဲ သိလား။

အေသင်- ဟုတ်ကဲ့။ သိပါတယ်။ သွေးကနေတစ်ဆင့် ပြီးတော့ ကိုယ်ခန္ဓာထဲကအရည်တွေရယ် ပြီးတော့ အဲ ဘာပါလိမ့်

မေးသူ- ပြီးတော့ ဘယ်နည်းလဲ။

အေသင်- အဲတော့ သမီးမေ့သွားပြီ။

မေးသူ- မင်း ဒီမလာခင် စာကျက်ခဲ့သေးလား။

အေသင်- မနေ့က ကျက်တယ်။

မေးသူ- ကျက်ရမဲ့စာတွေ ဘယ်ကရလဲ။ ဘယ်သူက ပေးလဲ။

အေသင်- သမီးဆရာမက ပေးတာ။

မေးသူ- ခက်စိမ်းနွယ်ကလား။

အေသင်- ဟုတ်

မေးသူ- ဒီရုံးခွဲတွေ မော်လမြိုင်တို့ လားရှိုးတို့မှာ ရှိတယ်။ ညည်း ခရီးတွေဘာတွေ ထွက်ရမယ်ဆိုရင် ဖြစ်မလား။

အေသင်- ဟုတ်ကဲ့။ ဖြစ်ပါတယ်။ အဖော်တော့ပါမှာ မဟုတ်လားဟင်။

မေးသူ- ပါမှာပေါ့။

အေသင်- ဟုတ်ကဲ့ ရပါတယ်။

မေးသူ- ကောင်းပြီ။ ဒါလောက်ပါပဲ။ နှစ်ရက်အတွင်း အကြောင်းပြန်ပေးပါလိမ့်မယ်။





ကျွန်မကို အင်တာဗျူးမေးတဲ့အစ်ကိုကြီးက ချစ်စရာကောင်းလိုက်တာနော်။ ရုပ်ကလည်း အပျံစား။ မျက်ခုံးကဆို ပဲနက်နေတာပဲ။ သူမျက်ခုံးပင့်ကြည့်လိုက်ရင် ခိုက်ချင်စရာ။ မပခက်သင်ထားတဲ့ စာတွေကို မေ့သွားရလောက်အောင်ပဲ။ သူ့ ဒီဇိုင်းကလည်း အပျံစား။ သူတို့ရုံးကလဲ အပျံစား။ လေအေးစက်နဲ့၊ ကွန်ပျူတာစားပွဲလေးတွေကလဲ ချစ်စရာ။ မှန်နံရံတွေမှာ တပ်ထားတဲ့ ခန်းဆီးတွေကလဲ သိပ်လှတာပဲ။

ဟယ်တော့။ အဲဒီမှာအလုပ်ရရင် ဘယ်လောက်ကောင်းမလဲ။ ဘုရားသိကြားမလို့ရပါစေ။ မေးတာတွေအကုန်လုံးကို မသိပေမဲ့ ဖြေတော့ဖြေခဲ့တာပဲ။

ဖြေတဲ့သူတွေက အများကြီး။ ကျွန်မရှေ့က ဖြေသွားတဲ့ အစ်မကြီးရဲ့ဝတ်ိုင်က ပိုက်တယ်။ ဆံပင်အရှည်ကြီး ဖြောင့်စင်းနေတာပဲ။ တပင်ဖြောင့်ယူထားတဲ့အဖြောင့်မျိုး။ လှလိုက်တာ။ ဝတ်ထားတဲ့အကျီကလည်း အကောင်းစားနော်။ ကျွန်မကတော့ သူ့လို အဝတ်အစား မတောက်ပဘူး။ ဒါပေမဲ့ တတ်နိုင်သမျှ မြန်မာဆန်ဆန်ပေါ့နော်။ ချင်း ရိုးရာ ဝတ်စုံလေးလေ။ ဒီဝတ်စုံက မီးပူတိုက်စရာ မလိုဘူး။ သေသေသပ်သပ်လေး။

ကျွန်မပြန်အထမှာ မေးတဲ့အစ်ကိုကြီးက ကျွန်မကို မော့ကြည့်လိုက်တဲ့မျက်လုံးကို ကျွန်မ မမေ့ဘူး။ ရင်ထဲမှာ နွေးထွေးသွားစေတဲ့ မျက်လုံးပါ။ အဲဒီ မျက်လုံးမျိုး မြင်ဖူးပါတယ်။ ဘယ်မှာမြင်ဖူးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သို့-ဉာဏ်သာ nthar@eagle.com.mm
မှ-အေသင် athin @cartooners.com
အကြောင်းအရာ-ကျေးဇူးတင်တယ်။

ဉာဏ်သာ
ဉာဏ်သာပေးတဲ့ဂျာနယ်ထဲက အလုပ်ခေါ်စာကို တို့သွားလျှောက်တာ။ အင်တာဗျူးဖြေပြီးသွားပြီ။ အခုမှပဲ အားသွားလို့ အီးမေးလ်ပို့ပေးလိုက်တာပါ။ ဉာဏ်သာ့ကို ကျေးဇူးတင်ပါတယ်။ အလုပ်ရရင် ဘာစားမလဲ။

ရိုးသားတဲ့
အေသင်

..............................................................................................

သို့-အေသင် athin@cartooners.com
မှ-ဉာဏ်သာ nthar@eagle.com.mm
ပြန်စာ-ကျေးဇူးတင်တယ်။
အေသင်
ဘာမှ မစားချင်ပါဘူး။ တစ်ခုပဲ တို့ကို ကတိပေးပါ။ အဲဒီအလုပ်ရသွားခဲ့ရင် အဲဒီက ဘော့စ်ကို နင် မကြွေရဘူး။ ဘယ့်နှယ်လဲ ကတိပေးလား။

မြတ်ဆုမွန်ဖြင့်
ဉာဏ်သာ

..............................................................................................





မ=မိုးကောင်းကင်ထိရောက်အောင်တက်မယ်။

ပျော်လိုက်တာ။ ဒီနေ့ ကျွန်မအတွက် အပျော်ဆုံးနေ့ပါပဲ။

ခါတိုင်းလိုပဲ ဈေးဝယ်တွေရဲ့ ပစ္စည်းတွေကို ဘားကုတ်ဖြတ်လိုက် ကြွပ်ကြွပ်အိတ်ထဲ ခွဲထည့်ပေးလိုက် လုပ်နေရင်းကပဲ ကျွန်မရဲ့ နေ့လည်ခင်းဟာ အလွန်ကို အဓိပ္ပါယ်ရှိနေတော့တယ်။

ကျွန်မမှာ နိုင်ငံတကာအရေးအရာတွေနဲ့ထိတွေ့ဖို့ အခွင့်အရေးတစ်ခုကို ရလိုက်ပြီ။ အန်ဂျီအိုအဖွဲ့အစည်းတစ်ခုမှာ ကြပ်းခင်းအုတ်ခဲလေးတစ်ခုပဲဖြစ်ဖြစ် ကျွန်မ ပါဝင်ခွင့်ရပြီ။

ဒီနေ့ ဈေးဝယ်သမျှလူတွေကို ကျွန်မ ခါတိုင်းထက်ပိုပြီး စိတ်ရှည်နိုင်နေခဲ့ပါတယ်။

'ငါးဆယ်တန်တစ်ရွက်လောက်များ ပါလားဟင် အန်တီ'

'မပါဘူးကွဲ့'

ပိုက်ဆံအိတ်ကို တစ်ချက်မှဖွင့်မကြည့်ဘဲငြင်းလိုက်တဲ့ မျက်နှာကြောတင်းတင်း အဘွားကြီးကလည်း ချစ်စရာ။

'အို ဟုတ်ကဲ့ ရပါတယ်ရှင်'

ကျွန်မ ပိုက်ဆံအိတ်ထဲက ငါးဆယ်တန်တစ်ရွက်ကို စိုက်ပြီး အမ်းပေးလိုက်တယ်။

'ခဏစောင့်ပါနော် မမ။ ဒီပစ္စည်းတန်ဖိုးက ဒီမှာကပ်မထားလို့' ကျွန်မ စားသောက်ကုန်မဟုတ်တဲ့ ကုန်တာဝန်ခံ အရောင်းအကူတစ်ယောက်ကို လှမ်းမေးလိုက်ရတယ်။ အဲဒီအဖြစ်ကို ဈေးဝယ်သူက စိတ်မရှည်ဘူး။

'မြန်မြန်လုပ်ပါ အချိန်မရှိဘူး။ မင်းတို့က ဘယ်ပစ္စည်းဘယ်ဈေးလဲဆိုတာတောင် မသိဘူးလား။ ကွန်ပျူတာထဲမှာ မပါဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ မကြာပါဘူးရှင့် ခဏလေးစောင့်ပါနော်'

ပစ္စည်းတွေကို ပွစိတက်အောင်ရွေးထားပြီး ကောင်တာကို ချတော့မှ ဟိုဟာကိုလျှော့ ဒီဟာကိုလျှော့ မပြီးနိုင်မပြီးနိုင် စိတ်ပြောင်းနေတဲ့ ဦးလေးကြီးတစ်ယောက်ကလည်း ကျွန်မမျက်စိထဲတော့ ကိုယ်ချင်းစာစရာ ဖြစ်နေပြန်တယ်။ အော် သူပါလာတဲ့ပိုက်ဆံနဲ့ ကိုက်အောင် အရေးအကြီးဆုံးကိုပြန်ရွေးထုတ်နေတာဖြစ်မှာပါ လို့ တွေးလိုက်မိလို့လေ။ သူ့ကို ကျွန်မ ပြုံးတောင်ပြုံးပြလိုက်သေးတယ်။

ဘာကိုပဆို ကျွန်မ သည်းညည်းခံစိတ်မွေးနိုင်နေတယ်။ ဘာကိုမဆို ကျွန်မ နားလည်ပေးနိုင်နေတယ်။ ကျွန်ပစိတ်ကိုက ကြည်နူးချမ်းမြေ့နေတာကိုး။

ကျွန်မ အလွန်လုပ်ချင်တဲ့ အလုပ်ကို ရလိုက်ပြီလေ။

ဒီအလုပ်ကို ကျွန်ပရတဲ့အတွက် အပျော်ဆုံးက ကျွန်မ ဆိုရင် ဒုတိယအပျော်ဆုံးက မေမေပေါ့။ မေမေ့မျက်နှာဆို တစ်ညနေခင်းလုံး ပြုံးရွှင်နေတာပဲ။ မေမေ့ရဲ့ အဲဒီလို ပြုံးချိုတဲ့ မျက်နှာကို မမြင်တွေ့ရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။

ကျွန်မ ညမှာ တော်တော်နဲ့ အိပ်လို့မပျော်ဘူး။

အိပ်ရာဘေးပြတင်းပေါက်ကနေ မိုးကောင်းကင်ကြီးကို လှမ်းကြည့်နေတာ။ အဲဒီမှာ ကြယ်တွေအများကြီး မြင်ရတယ်။ ကျွန်မလည်း တစ်နေ့နေ့မှာ အဲဒီကြယ်လေးတွေလိုပဲ လူတွေကို အလင်းရောင်ပေးနိုင်တဲ့ ကြယ်ကလေးတစ်လုံး (ခပ်မှိန်မှိန်ခပ်သေးသေးပဲဖြစ်ဖြစ်ပေါ့) ဖြစ်လာမှာလို့ ကျွန်မ ယုံကြည်နေမိတယ်။

တတိယအပျော်ဆုံးက ဉာဏ်သာဖြစ်မှာပါ။

ကျွန်မ အလုပ်ရသွားခဲ့ရင် ဘော့စ်ကို မကြေရဘူးတဲ့။





ဘာမှ မဟုတ်ဘူး။ မနာလိုတာ။ နောက်မှ ဉာဏ်သာပြောပြလို့သိတာက ကျွန်မကို အင်တာဗျူးမေးလိုက်တဲ့ ခပ်ချောချော အစ်ကိုကြီးက ဉာဏ်သာ့အစ်ကို တဲ့။

'စိတ်ချပါ ဉာဏ်သာရယ် အလုပ်သာရစမ်းပါစေ။ ငါ မကြေပါဘူး'

အင်း ပြောသာပြောရတာ။ သူ့အစ်ကိုဆိုတဲ့ အစ်ကိုကြီးက သူ့ထက်တောင် ချောမောပြေပြစ်တယ်။ နောက်ပြီး မျက်လုံးတွေက သူ့ထက်ပိုပြီး ကြင်နာပုံရတယ်။ အားကိုးချင်စရာပေါ့နော်။

စတုတ္ထအပျော်ဆုံးက မမခက်ပေါ့။

မမခက်က ကျွန်မကို ဂုဏ်ပြုတာတဲ့။ ဆလင်းဘက်အိတ်လေးတစ်လုံးလက်ဆောင်ပေးတယ်။ အရောင်က ပန်းရောင်နုနုနဲ့ အညိုရောင်နဲ့ဝပ်ထားတာ။ ချစ်စရာလေး။

'ညီမအလုပ်သွားတဲ့အခါ ဒီအိတ်လေးကိုလွယ်ပေါ့'

တန်ဖိုးက မနဲဘူးရှိမှာ။ တံဆိပ်က ပရာဒါတဲ့။

'ညီမ အခု တိုးတက်မှုအတွက်လှေကားထစ်ကို စတက်နိုင်လိုက်ပြီ။ အောက်ဆုံးလှေကားထစ်ပေါ့။ အထက်ကိုဆက်တက်သွားဖို့ ညီမ မနားမနေ လှေလှာမှတ်သားနေရတော့မယ်'

'ကျွန်မ လှေကားကို တစ်ထစ်ပြီးတစ်ထစ်တက်ပယ် ဆရာမ။ မိုးကောင်းကင်အထိရောက်အောင်တက်မယ်'

ကျွန်မ အားရပါးရပြောတော့ ပမခက်က ပြုံးပြီးခေါင်းညိတ်တယ်။

'တက်ရမှာပေါ့ ညီမ။ တစ်ခုတော့ မှတ်ထား။ လှေကားထစ်အောက်ခြေနားမှာ လူတွေက အများကြီး။ လှေကားထစ် မြင့်လာလေ။ လှေကားပေါ်မှာ လူနဲလာလေ။ အထူးသဖြင့် ဟိုးအထက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ နဲနဲလာတယ်။ အထက်ဆုံးအပိုင်းလဲရောက်ရော ယောကျ်ားတွေချည်းဖြစ်နေတတ်တယ်'

ပထမတော့ ပပခက်ပြောတာကို ကျွန်မ နားမလည်ဘူး။

'ဘာဖြစ်လို့ ယောကျ်ားတွေချည်းရှိနေတာလဲဆရာမ'

'မြင့်တဲ့ရာထူးတွေမှာ မိန်းမတွေ သိပ်မရှိဘူးလို့ပြောတာ'

'အို'

'အဲဒါက ဖြစ်စဉ်တစ်ခုပဲ။ အထက်ရောက်လေ မိန်းမတွေ နေရာမရလေပဲ။ အဲဒါ ဘာဖြစ်လို့လို့ထင်လဲ'

ကျွန်မလဲ ဉာဏ်မီသလောက်စဉ်းစားကြည့်တာပေါ့။

'မိန်းမတွေက မတော်လို့လားဟင်'

မမခက်ရဲ့မျက်လုံးတွေ လက်ခနဲတောက်သွားတယ်။ အဲ ကျွန်မပြောတာကို မမခက်မကြိုက်ဘူး။ ကျွန်မ ရိပ်မိလိုက်တယ်။ ဒါပေမဲ့ လွန်သွားပြီလေ။

'မတော်ဘူးလို့ အေသင်ထင်ရင် တော်အောင်လုပ်ပေါ့။ တော်ကြည့်တဲ့အခါမှာ မတော်လို့နေရာမရတာလား။ တော်ရဲ့သားနဲ့ နေရာမရတာလား သိသွားလိမ့်မယ်လေ'

မမခက်က နှုတ်ခမ်းကိုတင်းနေအောင်စေ့ပြီး ပြုံးနေတယ်။

'တော်သည်ဖြစ်စေ့ညံ့သည်ဖြစ်စေ အဲဒီဖြစ်စဉ်ကို မမတို့ ညီမတို့ ချိုးပစ်လိုက်နိုင်မှဖြစ်မယ်'

မမခက်ပြောတဲ့အဓိပ္ပါယ်ကို ကျွန်မ ရေရေရာရာမသိပေမဲ့ ကျွန်မခေါင်းညိတ်လိုက်တယ်။





သို့-ဇီဇဝါzzw@cartooners.com
မှ-အေသင်<hami@mptmail.net.mm
အကြောင်းအရာ-မတွေ့ရတာကြာပြီ
ဇီဇဝါ

နင်နဲ့မတွေ့ရတာကြာပြီ။ ညနေအင်္ဂလိပ်စာသင်တန်းလဲ မတက်ဖြစ်ဘူး။ နင်နေကောင်းရဲ့လား။ ကလေးတွေကို စာသင်ရတာရော အဆင်ပြေရဲ့လား။

နင့်ကို ငါ့အလုပ်သစ်အကြောင်း ပြောပြချင်လိုက်တာ။ ငါ့ဘော့စ်က ဉာဏ်သော့အစ်ကို ဒေါက်တာဟန်သာထင်လင်းတဲ့။ ချောတယ်။ နဲနဲကြီးကျယ်တာတစ်ခုပဲ။

ငါ့ဆီ အခုလိပ်စာအသစ်နဲ့ ထည့်လို့ရတယ်နော်။

ချစ်သော
အေသင်

..................................................................................................

သို့-ယုယ <green@mptmail.net.mm
မှ-အေသင်<hami@mptmail.net.mm
အကြောင်းအရာ-အဆင်ပြေတယ်
ယုယ

ငါ အလုပ်သစ်စဝင်ကတည်းက သင်တန်းမတက်ဖြစ်တာ။ နင်တို့ တက်ဖြစ်လား။ မမခက်နဲ့တွေ့ဖြစ်လား။ ငါလဲ ဒီမှာ အစစအရာရာ အဆင်ပြေတယ်။ ဇီဇဝါ့ဆီလဲ ငါ စာထည့်ထားတယ်။

စိတ်မှန်သော
အေသင်



www.burmeseclassic.com

www.burmeseclassic.com



✉သို့-အောင် <hami@mptmail.net.mm
မှ-ယုယ<green@mptmail.net.mm
ပြန်စာ-အဆင်ပြေတယ်

အောင်
အဆင်ပြေတယ်သာ နင်ကပြောတာ။ ညက ဆယ်နာရီခွဲလောက်
နင် အိမ်ပြန်ရောက်တာတွေ့တယ်။ ဆိုက်ကားနဲ့။ ကိုအောင်ကြီး
ဆိုက်ကားလဲမဟုတ်ဘူး။ နောက်ပြီး တစ်ယောက်တည်း။ အိမ်က
လာမကြိုဘူးလား။ နင့်ရုံးက ဖယ်ရီနဲ့ပို့မပေးဘူးလား။ နောက်ပြီး
အဲဒီလောက်မိုးချုပ်စရာလိုလို့လား။ ငါစောင့်ကြိုစရာလိုရင် စောင့်ပေး
မယ်လေ။
ဗီဇဝါ မန္တလေးသွားတယ်လို့ သူ့အမေက ပြောတယ်။ ငါလဲ ကျောင်း
မတက်ဖြစ်ဘူး။
ရိုးသားသော
ယုယ

..........................................................................................

✉သို့-ယုယ<green@mptmail.net.mm
မှ-အောင်<hami@mptmail.net.mm
ပြန်စာ-အဆင်ပြေတယ်

ယုယ
ငါက စင်ထရယ်ကနေ ထွက်လို့မရသေးဘူးလေ။ ထွက်စာတင်
ထားတုန်းရှိသေးတယ်။ တစ်လကြိုပြီး ထွက်စာတင်ရတာမို့ လော





လောဆယ်မှာ အလုပ်ကနေ ချက်ချင်းထွက်လို့ မရသေးဘူးလေ။
ဒါပေမဲ့ မန်နေဂျာက သဘောကောင်းပါတယ်။ တို့ကို အီးဗနင်း
ချူတီတွေချည်း နေ့တိုင်း စီစဉ် ပေးထားတယ်။ ဒီတော့ အလုပ်နှစ်ခု
တစ်ပြိုင်တည်း လုပ်လို့ရတာပေါ့။ နားချိန်တော့ လုံးဝမရှိဘူး။ ဒီရုံး
ကအပြန် စင်ထရယ်ကို အသွားမှာတော့ တော်တော် ပြေးရတယ်။
ဒါပေမဲ့ ငါလုပ်နိုင်ပါတယ်ဟ။ ပျော်တောင်ပျော်သေးတယ်။ အပြန်
နောက်ကျတာ တစ်ခုပဲ။ မနေ့ညက မေမေလာကြိုပါတယ်။ ငါနဲ့
လွဲသွားလို့။ ကျေးဇူးတင်တယ်နော်။
လေးစားလျက်

အောင်

..........................................................................................



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်လိုက်တာနော်။

ဒီလောက်ဆိုးရွားတဲ့လက်ရေး တစ်ခါမှ မဖတ်ဖူးပါဘူး။

ဆရာ့လက်ရေးကို ကျွန်မပမှ သေသေချာချာမဖတ်တတ်တာ ဘယ်လိုလုပ် ရိုက်မလဲ။ လက်ရေးကလည်း သော့လိုက်တာ လွန်ရော အန်(န်)လားမသိ။ အမ်(မ်)လားမသိ။ အာရ်လားမသိ။

မှန်းပြီးရိုက်မိတော့မှားရော။ မှားတော့ ဆရာ့မျက်မှောင်က တပြည်းပြည်းနဲ့ ကုတ်ကုတ်လာတယ်။

'ဟာ ဘာတွေလုပ်ထားတာလဲ။ ဒါ Integrety လေ'

'အို အဲဒီတလုံး သမီး မသိလို့ဆရာ'

'မသိလဲ မှန်းယူလို့ရပါတယ်။ Integretyလို့ပဲ ရှိတယ်လေ။ Integretyလို့ ညည်းကြားဖူးလို့လား'

အို ကျွန်မဘယ်သိပါ့မလဲနော်။

နောက်တစ်ခါ တရိုက်မှို့ နှုတ်တိုက်ခေါ်ပေးပြန်တော့လဲ လိုက် ရိုက်ရတာ တစ်ခုမှအဆင်မပြေဘူး။ သူပြောတဲ့ အင်္ဂလိပ်စကားလုံးတွေ ကို ကျွန်မမှမသိတာ။ သူ့အသံထွက်ကို ကျွန်မ သိပ် မလိုက်နိုင်သေး ဘူးလေ။ နောက်ပြီးသူပြောတဲ့တလုံးက ကျွန်မ မပေါင်းတတ်တဲ့ တလုံး ဖြစ်နေပြန်ရော။

'ဆရာ ခဏလေး ခဏလေး။ အင်ဆီးဒင့်ဆိုတာက ဘယ်လို တလုံးပေါင်းရတာလဲဟင်'

လျှာတစ်လစ်လေးနဲ့ ပြုံးစပ်စပ်နဲ့မေးရတယ်။ သူက လိုက် မပြုံးဘူး။ မျက်မှောင်ကြီးကုတ်ပြီးတော့ Incidenceလို့ ပေါင်းပြတယ်။

'တပည့်မကောင်းဆရာ့ခေါင်းဆိုတဲ့ စကားပုံကြားဖူးလား'



ဆရာက မျက်နှာတည်တည်ကြီးနဲ့မေးတယ်။ ကျွန်မ ခေါင်းညိတ်လိုက် တယ်။

'အေး ညည်းကြောင့် ညည်းဆရာမတော့ နာမည်ပျက်တော့ မယ်'

'ဟင် သမီးဆရာမလား ဘယ်ဆရာမလဲ'

'ဟ ဘယ်ဆရာမရှိသေးလို့လဲ အင်္ဂလိပ်စာဆရာမလေ'

ပြောပြီးတော့ နောက်ထပ်တရိုက်မှို့ ထပ်ခေါ်ပေးနေတာနဲ့ ကျွန်မ စကားမပြန်လိုက်ရပါဘူး။ ကျွန်မစိတ်ထဲမှာတော့ မမခက်ကို တိုးတိုးလေးတောင်းပန်နေမိတယ်။

တတစ်တောင်ပြီးသွားတော့ ခဏစောင့်လို့ပြောပြီး ဗိုင်တွဲတစ်ခု ကို သူ့စားပွဲအံဆွဲထဲကနေထုတ်တယ်။ ကျွန်မရှေ့သူ့စားပွဲပေါ် ဘုတ်ခနဲ မြည်အောင် ပစ်ချပေးပါတယ်။

'ချာတိတ် ရော့ အဲဒီထဲက စာရွက်စာတမ်းတွေကို ဖတ်။ ဝေါဟာရတွေကို မှတ်မိအောင်ဖတ်'

ပြောပြီးတော့ ကျွန်မကို ပြန်လို့ရပြီတဲ့။

ကျွန်မ ဗိုင်တွဲကိုလက်ကမွှေ့ပြီး အပြင်ပြန်ထွက်လာတာကို အပြင်ကလူတွေ အကုန်မြင်တာပေါ့။ ဒေါ်သေးမျှင်ကအစ နွယ်နီလွင်နဲ့ မန်းမြမှုန်အထိ။ ဟိုဘက်ခန်းထဲက မမသက်ထားဝေတောင် မြင်တယ်။ အားလုံးက သဘောပေါက်နေတဲ့အပြုံးနဲ့ လှမ်းကြည့်ကြတယ်။ မန်း မြမှုန်ဆိုတဲ့ တရေးမလေးကတော့ ကျွန်မ စားပွဲအထိ လျှောက်လာတယ်။

'အေသင် ဆရာက ဆူလွှတ်လိုက်တာလား'

တိုးတိုးလေးမေးတယ်။

'အင်း'

'စိတ်မညစ်နဲ့ တို့ စဝင်တုန်းကလဲ အဲလိုပဲ အဆူခံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက အပေါက်ဆိုးပေမဲ့ စိတ်ထားသိပ်ကောင်းပါတယ်။ အဲဒီဖိုင်တွဲနဲ့ တို့ကို ပေးဖတ်ဖူးတဲ့ဖိုင်တွဲ အတူတူပဲလို့ တို့လောင်းရဲတယ်'

'ပွန့်ကို ပေးဖတ်တာ ဘာတွေလဲ'

'ဝေါဟာရတွေအများကြီးပါတဲ့ စာဝင်စာထွက်တွေပေါ့'

ကျွန်မ ဖိုင်ကို ဖွင့်ကြည့်လိုက်တော့ ရုံးတစ်ခုနဲ့တစ်ခုလှမ်းအကြောင်းကြားတဲ့စာတွေ၊ ခွင့်တောင်းတဲ့စာတွေ၊ အလှူရှင်တွေနဲ့ ဆက်သွယ်တဲ့စာတွေ ဖြစ်နေတယ်။ စာတွေထဲမှာ ကျွန်မနဲ့မရင်းနှီးသေးတဲ့ စာလုံးတွေကို ထပ်တလဲလဲ တွေ့နေရပါတယ်။

အဲဒီတော့မှ အင်န်ဂျီအိုအဖွဲ့အစည်းတွေရဲ့ အမြဲတမ်း သုံးစွဲနေကျစကားလုံးတွေကို သတိထားမိလာပါတော့တယ်။

Awareness raising တို့ Implementationတို့ပေါ့။ အို ကျွန်မ မသိတဲ့စာလုံးတွေ အများကြီးပါပဲ။ ကျွန်မလေ အင်္ဂလိပ်စာအုပ်တွေအများကြီးကို တစ်နေကုန် မနားမနေထိုင်ဖတ်ချင်တဲ့ စိတ်တွေပေါက်နေတယ်။ မဖြစ်ပါဘူး။ ဉာဏ်သာ့အကူအညီကို တစ်ခါယူပြီးပြီဆိုတော့ နောက်တစ်ခုထပ်ယူလဲ မထူးတော့ဘူးထင်ပါရဲ့။ လခ ထုတ်တဲ့ရက်မတိုင်မီ ဒေါ်လာနှစ်ဆယ်ပြည့်မှာမဟုတ်ဘူး။

ဒါနဲ့ပဲ တိုက်တိုက်ဆိုင်ဆိုင် ဉာဏ်သာ ဖုန်းဆက်တော့ ဘီစီလိုက်ပို့ဖို့ ပြောလိုက်မိတယ်။

'အေး အခုဝနေမှာတို့လိုက်ပို့မယ်။ ရုံးက နေ့တစ်ဝက်မဟုတ်လား။ အေသင် စင်ထရယ်ကို မဝင်ခင် အချိန်ရတယ်လေ'

'ဉာဏ်သာ တို့ဆီမှာ ဒေါ်လာမရှိဘူးနော် စိုက်ထားပေး'

'အော် စိုက်ထားမှာပေါ့ အေသင်ကလဲ ပြောစရာတောင် မလိုပါဘူးဟာ'

ကျွန်မ စိတ်ထဲမှာ လေးလံနေတဲ့အလုပ်တစ်ခု ပြီးသွားသလို





ခံစားလိုက်ရတယ်။

ကျွန်မဖုန်းချပြီးပြန်အထွက်မှာ ကျွန်မကို တစ်ယောက်ယောက်က စိုက်ကြည့်နေသလိုခံစားရလို့ နောက်ပြန်လှည့်ကြည့်လိုက်တယ်။ အမလေးနော် ရင်တောင်တုန်သွားတယ်။

ဒေါ်သေးမျှင်ပေါ့။ ကျွန်မကို စူးစိုက်ကြည့်နေလိုက်တာ။ သူကြည့်ပုံက သူ့ခိုးဖမ်းတဲ့မျက်လုံးတွေနဲ့လေ။

ဟင် ငါလဲ ရုံးဖုန်းကို အကြာကြီး သုံးတာမဟုတ်ဘူး။ ငါက စဆက်တာလဲ မဟုတ်ဘဲနဲ့။ သူ ဘာဖြစ်လို့ အဲလိုကြီးကြည့်တာလဲ။ ဒါပေမဲ့လေ ဉာဏ်သာ့ကို မှာထားရဦးမယ်။ အရေးအကြောင်းမရှိရင် မဆက်နဲ့လို့။

ဒေါ်သေးမျှင် ကျွန်မကို ခဏခဏ အကဲခတ်နေတယ် ဆိုတာ တစ်နေကုန်အလုပ်လုပ်ရင်းနဲ့ သတိထားမိနေတယ်။ ကျွန်မနဲ့ မျက်လုံးချင်းဆုံမိသွားရင် သူက ကမန်းကတန်းပြုံးပြတတ်တယ်။ သူပြုံးတဲ့အခါ သူ့မျက်လုံးက မပြုံးဘဲကျန်ကျန်နေခဲ့တယ်။ သူ့ကြည့်ရတာ အရုပ်တစ်ခုပြုံးသလိုပဲလို့တော့ ကျွန်မထင်သား။ နောက်တော့မှ သတိရတယ်။ ကျွန်မတို့ငယ်ငယ်က ဆောင်းနေကျ ဘုရားပွဲဈေးက ဝယ်တဲ့မျက်နှာဖုံးစွပ်တွေလိုပဲ။ ပြုံးနေလိုက်တာမှ ပါးစပ်က နားရွက်တောင်ချိတ်တော့မယ်။ ဒါပေမဲ့ မျက်လုံးက မျက်နှာဖုံးနဲ့ မလိုက်ဘူးလေ။ ဟုတ်တယ်။ အဲဒီလိုမျိုးကြီးပဲ။

အိုး စိတ်ကျဉ်းကြပ်လိုက်တာနော်။ ဘာတွေလဲမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝန်ထမ်းများ<hami@mptmail .net.mm
မှ–တင်လေးနိုင်<hami@mptmail.net.com
CC:အေသင်မိုး၊ နွယ်နီလွင်၊ ပန်းမြမှုန်
အကြောင်းအရာ–အမ်ဒီဆီတိုက်ရိုက်မသွားရ။

ဝန်ထမ်းများသိစေရန်။
နိုင်းထားသည့် အလုပ်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုပါက မန်နေဂျင်း ဒါရိုက်တာနှင့် တိုက်ရိုက်သွားမတွေ့မီ ဆူပါဗိုက်ဇာနှင့် တွေ့ဆုံမေးမြန်းရမည်။
တင်လေးနိုင်
ဆူပါဗိုက်ဇာ

..............................................................................................

သို့–ပန်းမြမှုန်<hami@mptmail.net.mm
မှ–အေသင်<hami@mptmail.net.mm
အကြောင်းအရာ–ဘာပေါက်တာလဲ။

မှုန်ရေ
ဒေါ်သေးမျှင်က ဘာပေါက်တာလဲ။ ငါတို့ ဆရာ့အခန်းထဲကို မလိုအပ်ဘဲ ခဏခဏဝင်နေတယ်လို့များ သူထင်နေလားမသိဘူး။ စာရွက်တွေလက်မှတ်ထိုးဖို့ကို အမ်ဒီဆီကို ငါတို့ ဝင်မပေးလို့ ဘယ်လို လုပ်ဖြစ်နိုင်မလဲ။ သူ ဝင်ပေးမှာလား။
ငါနားမလည်ဘူး။
အေသင်



သို့ အေသင်<hami@mptmail.net.mm
မှ–ပန်းမြမှုန်<hami@mptmail.net.mm
ပြန်စာ–ဘာပေါက်တာလဲ
အေသင်
ရှူး တိုးတိုး
နင်က ခုမှရောက်တဲ့သူမို့ မသိတာ။ ငါတို့အားလုံးက ဒေါ်သေးမျှင်ဘာဖြစ်နေတယ်ဆိုတာ သိကြတယ်။ ငါရုံးဆင်းတဲ့အချိန်ကျရင် နင့်ကို ပြောပြမယ်လေ။ ရယ်ရတယ်။ ဒါပေမဲ့ အခုငါတို့စာတွေကို ဒီရုံးမှာရှိတဲ့ အီလက်ထရွန်းနစ်တာဝန်ခံက ဖတ်နိုင်တယ်နော်။ နောက်တစ်ခါစာထည့်ရင် သတိထားပါ။
ခင်တဲ့
မှုန်

..............................................................................................

သို့–မှုန်<hami@mptmail.net.mm
မှ–အေသင်<hami@mptmail.net.mm
ပြန်စာ–ဘာပေါက်တာလဲ။

မှုန်
နင်နဲ့ငါနဲ့ပဲ သိပြီး နင်နဲ့ငါနဲ့ပဲဖွင့်ဖတ်လို့ရတဲ့ အီးမေးလ်လိပ်စာလေးတွေလုပ်ကြရအောင်ဟာ နော်။ ဖရီးမေးလ်ကနေ ယူလို့ရတယ်လေ။ ငါ့လိပ်စာကရှိပြီးသား။
အေသင်@cartooners.com တဲ့။
နင့်လိပ်စာနောက်တစ်ခု ငါ့ကိုပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သေးမျှင်အကြောင်း ငါက သိချင်လှပြီနော။
ခင်တဲ့
အေသင်

................................................................................................

✉သို့-အေသင်@cartooners.com
မှ-ပန်းမြမှုန် flower@sailermoon.com
အကြောင်းအရာ-ဒေါ်သေးမျှင်

အေသင်
ဒေါ်သေးမျှင်က ဆရာ့ကို ကြောင်နေတယ်။ ဟားဟား။
**ကြောင်နေတယ်။**
လေးငါးလရှိပြီ။ ငါတို့ သတိထားမိနေတာ။
ဆရာ့အနားကိုကပ်တဲ့သူမှန်သမျှ သူက **ကြောင်သားကလေး တွေရဲ့အမေ ကြောင်မကြီးလို မာန်ဖီပြီး** ကြည့်နေတာ။
နင်က ဆရာ့အခန်းထဲကို ခဏခဏဝင်ရတော့ နင့်ကို ဆရာနဲ့နီးစပ်သွားမှာစိုးမှာပေါ့။ နင်က ချောချောသွက်သွက်လေ။ သူလိုရှည်မြောမြောညောင်နာနာမှမဟုတ်ဘဲ။
အမလေး အားရပါးရပြောရတာ အရသာရှိလိုက်တာနော်။
ခင်တဲ့
မှုန်



မ=မြင့်မြင့်တက်မှ ဝေးဝေးထိအောင်မြင်ရမှာ။

ယောက်ျားတွေဟာ တစ်စီတရိုက် ပကျွမ်းကြဘူးနော်။

ဒါကြောင့်သာ သူက ကျွန်မတို့ကို တစ်စီဖို့ နှုတ်ကနေ ခေါ်ပေးချင်တာပေါ့။

ဆယ်နာရီလောက်မှာ လက်မှတ်ထိုးစရာစာရွက်တစ်ခု ဝင်လာလို့ ဆရာ့အခန်းထဲကို ဝင်သွားတော့ ဆရာ တရိုက်နေတာ တွေ့တယ်။ ရိုက်လက်စ စာလုံးမပြတ်သေးလို့ ကျွန်မ ပတ်တတ်ရပ်စောင့်နေရတယ်။ သူတရိုက်နေတာက ရယ်ရတယ်။ လက်ညှိုးလေး နှစ်ချောင်းနဲ့ပဲ ရိုက်နေတာလေ။ လက်နှိပ်စက်မရိုက်တတ်တဲ့ လူတွေ လုပ်သလိုမျိုးပေါ့။ ဘာစာလုံးပဲ ရိုက်ရိုက် လက်ညှိုးလေးနဲ့ပဲ။ အဲဒီ လက်ညှိုးနှစ်ချောင်းနဲ့ပဲ အလုပ်ဖြစ်နေတာ ကြာပြီထင်တယ်။ သွက်တော့သွက်တယ်။

ကျွန်မ သူတရိုက်တာကို ကြည့်နေရင်း ရယ်ချင်လာလို့ မနည်း ထိန်းထားရတယ်။

'ညည်းက ဘာပြုံးတာလဲ'

သူမေးတော့မှ လန့်သွားတယ်။

'ဆရာ တရိုက်တာက ရယ်စရာကောင်းတယ်'

'ဘာ'

'လက်အနေအထားက မမှန်ဘူးလေဆရာ။ အဲဒါနဲ့အကျင့်ပါသွားရင် တစ်သက်လုံး လက်ညှိုးနဲ့ချည်း ရိုက်မိနေတော့မှာပေါ့။ အဲဒါဆိုရင် ဘယ်လောက်ပဲမြန်မြန် မြန်သင့်သလောက် မမြန်ဘူးလေ'

သူ ကျွန်မကို မပြုံးမရယ် စိုက်ကြည့်နေတယ်။ ဘာမှ မပြောဘူး။ ကျွန်မလေ ပြောပြီးမှ နောင်တရသွားတယ်။ သူက ဘုန်းကြီးသာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ။ ဉာဏ်သာ့ကိုပြောသလို ရှင်းရှင်းနှီးနှီးသွားပြောလို့ မရဘူးလေ။

'အို ဆောရီးဆရာ။ သမီးက ဆရာစာရိုက်တာကို ကြည့်ရှင်းအားမရလို့ ပြောမိတာပါ'

'အေး ငါ တိုက်ပင်ကျူတာစီဒီနဲ့ အိမ်မှာ ကျင့်ကြည့်ဦး မယ်'

ခပ်တည်တည်ပဲ ပြောပါတယ်။ အဲဒါက ကျွန်မဝေဖန်တာကို လက်ခံတာပဲ ဖြစ်မှာပေါ့နော်။ အင်း တစ်မျိုးတော့ တစ်မျိုးကြီးပဲ။ ကျွန်မ သူ့လက်မှတ်ထိုးပြီးတဲ့စာကို ပြန်ယူပြီး ပြန်လှည့်ထွက်မယ်လုပ်တော့ လှမ်းပြောတယ်။

'ညည်း တလုံးသစ်တွေနဲ့ရှင်းနီးပြီဆိုရင် ငါ့ကို တရိုက်ပေး။ မြန်မာစာရော'

'ဟုတ်ကဲ့ဆရာ'

တော်ပါသေးရဲ့။ ကျွန်မ မြန်မာစာကိုပါရိုက်တဲ့အကျင့် ရနေလို့။ အဲဒါ မမခက်ရဲ့ကျေးဇူးပါပဲ။ မပခက်က ကျွန်မကို သူ့ဆီ ရောက်တိုင်း ကွန်ပျူတာကို ပေးသုံးတာ။ မပခက် ကွန်ပျူတာက လက်ပ်တော့ပ်လေး။ ပြားပြားလေး။ သိပ်ချစ်စရာကောင်းတာပဲ။ အပေါင်းပြန်ဝယ်ထားတာတဲ့။ အံမာလေး အပေါင်းတောင် ငါးသိန်း ပေးရသတဲ့လေ။ ဈေးကြီးလိုက်တာနော်။ မမခက် တစ်နှစ်ခွဲ စုတာလို့ ပြောတယ်။ ကျွန်မလည်းလိုချင်တယ်။ စုဦးမှပါ။

မြင့်မြင့်တက်နိုင်မှ ဓေးဓေးထိအောင်မြင်ရတာတဲ့။ မမခက်က ပြောဖူးတယ်။ ကျွန်မလည်း မြင့်မြင့်တက်နိုင်မှဖြစ်မယ်။



www.burmeseclassic.com



မ=မှန်မြတ်တဲ့စိတ်ထား

မီးဖိုခန်းအသုံးအဆောင်များကို
သုံးပြီးလျှင် နေရာတကျပြန်ထားပါ။
HIV/AIDS Media Initiative

နေ့လည်စာစားချိန်မှာ ဒီရုံးက ပျော်စရာကောင်းတယ်။

ဝန်ထမ်းအားလုံး ထမင်းစားခန်းထဲမှာ အတူ စုစားကြတာကိုး။

ဆရာကကျွန်မတို့နဲ့အတူ တစ်ဝိုင်းတည်း ထိုင်စားတယ်။ မိသားစုလိုပဲ။

ဆရာ့အနားမှာ ကပ်ပြီးထိုင်တာက ဒေါ်သေးမျှင်ပေါ့။ မမဓေက ဆရာ့လိုပဲဆရာဝန်။ ဒါပေမဲ့ ဆရာနဲ့ခင်သာခင်တာ အရောတဝင်မနေဘူး။ ထမင်းစားပွဲမှာ စကားတွေပြောနေတာကတော့ ဒေါ်သေးမျှင်ပဲ။

ကျွန်မ သူများတွေနဲ့ထမင်းအတူတူ စားဖို့ ဝန်လေးတယ်။ ကျွန်မက သီးသီးသန့်သန့်ပဲ နေချင် စားချင်တာလေ။ ကိုယ့်ဟင်းကို သူများမြင်မှာကိုရှက်တာလဲ ပါမှာပေါ့။ ဟင်းက မကောင်းမှ မကောင်းတတ်တာ။ ဒီနေ့လဲ ဟင်းမကောင်းဘူး။ ငါးနုသန်းလေး နှစ်ကောင်တည်း။ ဆီလေးပါလို့တော်သေးရဲ့။ ဒါတောင် စားအုန်းဆီ။ မန်ကျည်းရွက်သနပ်က ပုဇွန်ခြောက်တောင်ပပါဘူး။ အချိုမှုန့်နဲ့ပဲ အချဉ်ပြေတာ။ ဒါပေမဲ့ မေမေ့လက်ရာကို အားလုံးက ချီးကျူးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



‘ညီမ ညီပ မန်ကျည်းရွက်က တော်တော်ကောင်းတာပဲ။ ဘယ်လိုလုပ်ထားတာလဲ’

‘အဲဒါ မန်ကျည်းရွက်သနပ်လို့ ခေါ်သတဲ့ မမဝေ’

‘အေး ဟုတ်တယ်။ စားလို့ကောင်းတယ်နော်။ ဘယ်လိုလုပ်လဲ’

ဒေါ်သေးမျှင်က မေးတယ်။ ကျွန်မ ဒေါ်တင်လေးခိုင်ကို ဒေါ်သေးမျှင်လို့ပဲ ပြောပါနေတယ်။ နေ့လည်ထမင်းစားတုန်းကလဲ ယောင်ပြီး ဒေါ်သေးမျှင်ခေါ်ပါတော့မလို့။ ဒေါ်သေးမျှင်ဆိုတာက မြို့ရာဇာတွတ်ပီရဲ့ပိန်းပနာပည်။ ဒါပေမဲ့ တွတ်ပီမိန်းမနဲ့တော့ ပတူဘူး။ သူက သေးသေးပိန်ပိန်ရှည်ရှည်။ မျက်နှာကလဲရှည်ရှည်။ သူ့ကိုကြည့်လိုက်ရင် အရှည်လိုက်ချည်းပဲမြင်ရတယ်။

‘မန်ကျည်းရွက်ကို ဆားနဲ့နယ်ပြီး သကြားလေး နဲနဲထည့်။ ကြက်သွန်ဆီချက်လေးလောင်းထည့်ပြီး အိုးထဲမှာ အကြာကြီး ဖိသိပ်ထားတာ။ အဲဒါ ပန်ကျည်းရွက်သနပ်ပေါ့။ အဲဒီပေါ်မှာ ပုဇွန်ခြောက်မှုန့်လေးတွေ ဖြူးရင် ပိုတောင်ကောင်းသေးတယ်’

‘ဟုတ်လား။ မန်ကျည်းရွက်ဘယ်နဆယ်သားကို ဆီဘယ်လောက်သားနဲ့ ကြက်သွန်ဆီသတ်ရမလဲ’

‘အဲ။ အဲဒါကျတော့ မသိတော့ဘူး။ ပပခိုင်သိချင်ရင် သမီးမေမေ့ကို မေးခဲ့ပယ်လေ’

‘အို လုပ်နည်းတွေဘာတွေ ပြောနေတော့ အေသင်များ ချက်ခဲ့တာလားလို့ အမေကချက်ပေးတာကိုး ဟင်းဟင်းဟင်း’

ဟင် ဘယ်လိုလဲ။ သူ့လေသံက နှိပ်ပေါက်နဲ့ပါလား။

သူများတွေပြောနေတော့ ဆရာက ကျွန်မဟင်းကို စိတ်ဝင်စားသွားတယ်။ နဲနဲယူစားကြည့်တယ်။





‘အေး ဟုတ်သားပဲ။ ချာတိတ်ရဲ့မန်ကျည်းရွက်က ကောင်းတယ်ဟ’

သူ့ပုဇွန်ဟင်းတစ်ဝက်နဲ့ အတင်းကိုလဲစားတယ်။ မဖြစ်နိုင်ပါဘူး။ မန်ကျည်းရွက်ကို ပုဇွန်ထက်တော့ ဘယ်သူမှ မကြိုက်ဘူး။ အထူးသဖြင့် ယောက်ျားလေးတွေက အချဉ်မှမကြိုက်တာ။ အိမ်မှာကိုလေးကျော်ရော၊ မေမေရော အချဉ်ဟင်းဆို သိပ်မှမစားဘဲ။ ကျွန်မ ဆရာ့ကို ငေးကြည့်မိတယ်။ ဒါ စေတနာနဲ့လုပ်ပေးတာပဲ။ ကျွန်မ သူ ထည့်ပေးတဲ့ပုဇွန်ကို လက်ခံပြီး စားလိုက်ပါတယ်။

‘ချာတိတ် အင်္ဂလိပ်စာကို ဘယ်မှာသင်ခဲ့တာလဲ’

ဆရာက ထမင်းစားရင်း မေးတယ်။

‘သမီးတို့သင်တာက ဘုန်းကြီးကျောင်းမှာပါ’

‘အို ဘုန်းကြီးကျောင်းမှာ ဟုတ်လား။ ဘုန်းကြီးက သင်ပေးတာလား။ ကောင်းဦးတော့မှာပဲ’

ဆရာဘာမှ မှတ်ချက်မချရသေးခင် ဒေါ်သေးမျှင်က စကားထဲကို ဝင်ပြောတယ်။ ဘုန်းကြီးတွေကိုလဲ နှိပ်တဲ့လေသံ။ ကျွန်မ မခံချင်ဖြစ်သွားမိတယ်။

‘မမခိုင်ကလဲ ဘုန်းဘုန်းက ဘာစာမှ သင်မပေးပါဘူး။ စာသင် တဲ့ဆရာတွေ ဆရာမတွေရှိပါတယ်။ နိုင်ငံခြားသားတွေတောင် တစ်ခါတစ်ခါလာသင်ပေးတာ။ ဘုန်းဘုန်းက အဲဒါတွေကို စီစဉ်ပေးတာ။ နေရာပေးတာ’

‘ဘယ်က ဘုန်းကြီးကျောင်းလဲ ချာတိတ်’

ဒေါ်သေးမျှင်ဝင်ပြောခဲ့တဲ့စကားကို ဆရာက ကောင်းတယ်ဆိုးတယ် ဘာမှ ပဝေဖန်နေဘဲ ကျွန်မကိုသာ ဆက်မေးပါတယ်။

‘စပယ်ရုံပညာဒါနကျောင်းပါဆရာ။ မြောက်ဥက္ကလာကပါ’



www.burmeseclassic.com

www.burmeseclassic.com



'အော် သိပြီ။ နာမည်ကြီးပါတယ်။ ညည်းကို စာသင်ပေးတဲ့ ဆရာမဆိုတာက အဲဒီမှာသင်ပေးတာလား'

'ဟုတ်ကဲ့ဆရာ'

'သူက တော်လား'

'အိုး အရမ်းတော်တာပဲဆရာ။ သမီး အားအကျဆုံးမိန်းမပေါ့။ သမီး ဆရာမလို သိပ်ဖြစ်ချင်တာပဲ'

ဆရာက ထမင်းကိုဆက်စားရင်း ခဏ တိတ်ဆိတ်နေတယ်။ ကျွန်မက ထမင်းကို မြန်မြန်စားတတ်တာမို့ လက်စသတ်နေပြီ။ ဒါပေမဲ့ သူ့စကားမပြတ်သေးဘူးထင်တယ်လို့ စောင့်ရင်းနဲ့ ထမင်းစေ့လေးတွေကို ဟိုရွှေ့ဒီပြောင်းလုပ်နေရတယ်။ ဒေါ်သေးမျှင်ကတော့ ဆရာ မပြီးမချင်း ထိုင်ရာကထပုံ့ပုံပမပေါ်ဘူး။ ပန်းမြပွန်က သူ့ချိုင့်နဲ့ ရုံးက ပန်းကန်ပြားကို သွားဆေးနေပြီ။

တော်တော်ကြာတဲ့အထိ ဆရာ ဘာမှ မပြောတော့ စကားဆက်စရာမရှိတော့ဘူးထင်လို့ ကျွန်မ ထိုင်ရာကနေ ထလိုက်တယ်။ အဲဒီတော့မှ ဆရာက စကားပြောတယ်။ ကျွန်မ ပြန်ထိုင်လိုက်ရတာပေါ့။

'အဲဒီပညာဒါနကျောင်းမှာ အလှူငွေတွေဘာတွေ လက်ခံလား'

'လက်ခံတယ်ဆရာ။ သမီးတို့တောင် ပိုက်ဆံစုစုပြီး ဘုန်းဘုန်းကို လှူသေးတယ်။ သူက မိဘမဲ့ကလေးတွေကိုလဲ ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားခေါ်ထားပြီး ပညာသင်ပေးတာ ဆရာရဲ့။ နိုင်ငံခြားကအဖွဲ့အစည်းတွေလဲ ခဏခဏ လာလှူတယ်'

'အေး တစ်ခါလောက် ငါလဲ ညည်းတို့ကျောင်းကို အလှူငွေ လာထည့်ပါဦးမယ်'

'အို သိပ်ကောင်းတာပေါ့ဆရာ'





ကျွန်မက ဒါလောက်ပဲ ပြောတတ်တယ်။ ဒေါ်သေးမျှင်က ကျွန်မထက်ပိုပြီး ဆရာ့ကို ချီးကျူးနေတော့တယ်။

'သာဓုခေါ်ပါတယ်ဆရာရယ်။ ဆရာက ပညာနဲ့ပတ်သက်ရင် သိပ်သဒ္ဒါတရားကြီးတာပဲနော်'

သူက ပေါ်တင်ကြီးမြှောက်ပင့်တော့ ကျွန်မတို့ဆရာမှာ မျက်နှာတွေနီသွားတော့တာပေါ့။

'အဲဒီလောက်မဟုတ်ပါဘူး မခိုင်'

'အို ဘယ့်နှယ်အဲဒီလောက်မဟုတ်ရမှာလဲ။ ဆရာက ပညာကိုတန်ဖိုးထားတာ ခိုင်တို့သိနေတာပဲ။ ဒါကြောင့်သာ လူတကာ မရနိုင်တဲ့ ယူကေကဘွဲ့ကို ရလာတာပေါ့။ ဆရာလှူရင် ခိုင်တို့လဲ ဒါန ဆုံချင်ပါတယ်။ စပ်တူလှူခွင့်ပေးနော်'

'ကျွန်တော်တို့ရုံးအနေနဲ့ လှူတာပေါ့ဗျာ'

ပြောပြီးတော့ ဆရာက ပြုံးနေတယ်။ သူ့အပြုံးက လှို့လှို့ဝှက်ဝှက် နိုင်လိုက်တာ။ ပီတိအပြုံးလား။ မဟုတ်ဘူး။ ရှက်ပြုံးလား။ အဲဒီလိုလဲ မဟုတ်ဘူးထင်တယ်။ ကျွန်မ မသိပါဘူး။

ကျွန်မ သိလိုက်တာကတော့ ဆရာဟာ အင်္ဂလန်ကနေ ဘွဲ့ရလာတယ်ဆိုတာပဲ။ အော် ဟုတ်တာပေါ့။ ဒါကြောင့် သူ့လက်မှတ်ထိုးတဲ့အခါ လက်မှတ်အောက်က တံဆိပ်တုံးမှာ အမ်ဘီအိပ်ချ် ကာဒစ်ဖ်လို့ ပါတာကိုး။ ကာဒစ်ဖ်ဆိုတာ အင်္ဂလန်က တက္ကသိုလ်တစ်ခုခု ဖြစ်မှာပေါ့။

တော်လိုက်တာနော်။ ကျွန်မလဲ နိုင်ငံခြားကို ကျောင်းသွားတက်ချင်တယ်။ ပိုက်ဆံမရှိဘူး။ မမခက်ပြောတာတော့ စာတော်ရင် ကောလားရှစ်ပညာသင်ဆုရသတဲ့။

ကျွန်မ အဲဒီလောက် တော်နိုင်ပါ့မလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်နှင့်သတင်းဌာန
အဖွဲ့ဝင်ကဒ်ပြား

**အမည်** ... ... ... အေသင်မိုး

**မှတ်ပုံတင်အမှတ်**... ....၈/ရနခ(နိုင်) ၀၂၈၁၅၅

**လိပ်စာ** ၂၅၊ ရွှေစင် ၁၁လမ်း၊ ၄၄ရပ်ကွက်
ဒဂုံမြောက်၊ ရန်ကုန်မြို့။

**အမျိုးအစား** W သက်တမ်းကုန်နေ့ ၂၃ ဧပြီ၂၀၀၅

*Date..24-04-04*

| | | |
|---|---|---|
| *Chicken Burger* | *1#* | *650.00* |
| *Cheese Sandwich* | *1#* | *650.00* |
| *Coffee* | *2#* | *500.00* |
| *Sub Total* | | *2300.00* |
| *Total* | | *2300.00* |
| *Paid* | | *2500.00* |
| *Change* | | *200.00* |

Thank you!





မ=မှတ်မှတ်ရရနေ့

ဒီနေ့က တကယ့်မှတ်မှတ်ရရနေ့ပါပဲ။

မမခက်ရဲ့စကားနဲ့ပြောရရင် ပြတင်းပေါက်ကို ဖွင့်လိုက်တဲ့နေ့ပေါ့။ စာအုပ်တွေဟာ လောကကြီးကိုလှမ်းကြည့်ဖို့ ပြတင်းပေါက်တွေလို့ မမခက်ကပြောတယ် မဟုတ်လား။

'အေသင် ကော်ဖီက ဘယ်သူနဲ့အတူသောက်တာလဲ။ နင်တစ်ယောက်တည်းမဟုတ်ဘူး။ ဒီမှာ ပြတ်ပိုင်းမှာ နှစ်ခွက်တဲ့'

မဟောမာကလေ သူ့ပဲ ရှာရှာဖွေဖွေ မြင်တတ်တယ်။ ဒီလောက် ပြတ်ပိုင်းသေးသေးလေးက မှုန်မှုန်မွှားမွှားတလုံးလေးတွေကို။

'ဟုတ်တယ် မမ။ သူငယ်ချင်းနဲ့နှစ်ယောက်မို့'

'ဘယ်သူလဲဟ'

စစ်ဆေးတဲ့လေသံမဟုတ်။ စပ်စုတဲ့လေသံပါ။

ကျွန်မ မပြေသေးဘဲ ပြုံးစပ်စပ်လုပ်နေတုန်း ဒါလီက ဝင်ပြောတယ်။

'မမဟောမာကလဲ မေးနေရသေးတယ်။ ဘယ်သူရှိမလဲ။ သူ့ဥာဏ်သာပေါ့။ ဟစ်ပ်ဟော့ပ်အဆိုတော်လေဟာ'

ဒါလီကမှ အဲလိုပြောပြီဆိုတော့ ကျွန်မ ဘာမှပြောစရာမလိုတော့ဘူးလေ။ ရယ်ပဲ ရယ်နေလိုက်တာပေါ့။

'အင်း ငါလဲ ထင်ပြီးသားပါနော်။ သေချာအောင်မေးကြည့်တာ'

'မမ မေမေကိုသွားမပြောနဲ့နော် မေမေစိတ်ပူနေလိမ့်မယ်'

'ပြောမှာပဲ'

'မပြောပါနဲ့ဟာ ရှိကြီးခိုးပါရဲ့။ မဖြစ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမိသားစုအားလုံးက ကျွန်မငှားလာတဲ့စာအုပ်တွေကို ဝိုင်းကြည့်ပြီး စိတ်ဝင်စားနေကြပါတယ်။ အင်္ဂလိပ်လိုတွေချည်းဆို တော့ ညီမတွေက ကျွန်မကို အထင်တွေကြီးကုန်တာပေါ့။

'မမ ဒီဟာတွေကို အကုန်နားလည်လား'

အင်း။ တနဲ့ပတ်သက်ရင်တော့ သူတို့တွေကို ကြိုးစားချင် စိတ်ရှိအောင် အမှန်အတိုင်းပြောမှ။

'ဘယ်အကုန်နားလည်နိုင်ပါ့မလဲ။ တချို့စကားလုံးတွေကို မသိဘူး။ ငါက ဒစ်ရှင်နာရီနဲ့ ကြည့်မှာပေါ့။ ဒါပေမဲ့ ဒါလီ နင်တို့ လည်းဖတ်လို့ရတဲ့ စာအုပ်တွေ အများကြီးပဲ။ နောက်တစ်ခါကျမှ နင်တို့အတွက် ငါ ငှားလာပေးမယ်။ စာအုပ်တွေကို နင်တို့မြင်ရင် ချစ်သွားမှာ။

စာကြည့်တိုက်ထဲမှာ ကျွန်မတို့နဲ့ရွယ်တူကောင်လေးတွေ ကောင်မလေးတွေ အများကြီးကို တွေ့လိုက်ရတော့ အံ့သြသွားတယ်။ အင်္ဂလိပ်ဘာသာစာအုပ်တွေပဲရှိတဲ့ စာကြည့်တိုက်ဆိုတော့ လူကြီး တွေပဲများမယ်ထင်နေတာ။ ဘယ်ဟုတ်မလဲ။ လူငယ်တွေက ပိုများ တယ်။ လူကြီးဆိုလို့ နှစ်ယောက်သုံးယောက်ပဲ။ အကုန်လုံးက အငယ် လေးတွေချည်းပဲ။ ဒါလီတို့အိတို့ အရွယ်တွေတောင်လာကြတယ်။

'အဲဒီမှာက ကလေးတွေအတွက် ဒေါင့်တစ်နေရာ ထားပေး တာဟ။ ကလေးစာအုပ်လေးတွေနဲ့ ကလေးထိုင်ခုံလေးတွေနဲ့။ ချစ်စရာ။ နင်တို့သာ လာရရင် နင်တို့ပျော်မှာပဲ'

သူတို့ မျက်လုံးလေးတွေ တောက်ပသွားတယ်။ ကျွန်မ ပိုက်ဆံတွေအများကြီးရရင် ဒါလီနဲ့အိအိကို စာကြည့်တိုက်မှာ ငှားနိုင် အောင် ပိုက်ဆံစိုက်ပေးမယ်။

'အဲဒီမှာ အင်တာနက်တို့အီးမေးလ်တို့လဲ သုံးလို့ရတယ်တဲ့။





အပေါ်ထပ်က ကက်ဆက်နားထောင်တဲ့အခန်း ။ ကျောင်းသားတွေ တမေးပွဲဖြေဖို့ လာလာကျင့်တာ အဲဒီအပေါ်ထပ်ပေါ့။ ငါတက်ကြည့်ခဲ့ သေးတယ်'

'စာအုပ်တွေအများကြီးလား'

'အိုး များလိုက်တဲ့စာအုပ်တွေ'

ဟုတ်တယ်။ ကျွန်မပြင့် မျက်တောင်တစ်ချက်မှတောင် မခတ် မိသလိုပဲ။ ခက်ခေါ်သွားဖူးတဲ့ စာကြည့်တိုက်တုန်းကလဲ အခုလိုပဲ စာအုပ်စင်တွေ အများကြီး။ စာအုပ်စင်တွေထဲကို ကိုယ်ကိုယ် တိုင်ဝင် စာအုပ်ကို ကိုယ့်လက်နဲ့ကိုင် ပြည်းပြီးတော့ လိုချင်တယ်ဆိုမှ ငှားဖို့ယူ။ သိပ်ကောင်းတာပဲ။

'တစ်ခါငှားရင် စာအုပ်လေးအုပ်ငှားလို့ရတယ်။ တန်တယ်'

ဘာပဲဖြစ်ဖြစ် ပထပဆုံးနေ့မှာ ကျွန်မ ငှားတဲ့စာအုပ်တွေက ဒိုင်နိုဆောတွေပါတဲ့စာအုပ်၊ အီစတာကျွန်းအကြောင်းရေးထားတဲ့ စာအုပ်၊ နောက်ပြီးတော့ အင်္ဂလိပ်စာစသင်တဲ့သူတွေ အလွယ်ဖတ်နိုင်ဖို့ အကျဉ်းချုပ်ပြန်ရေးထားတဲ့ ကာ့စတာဘရစ်ချ်မြို့တော်ဝန် နဲ့ မိုးလူသား ဆိုတဲ့စာအုပ်လေးတွေပါ။

အိအိဆွဲယူပြီးကြည့်နေတဲ့စာအုပ်က ဒိုင်နိုဆောတွေ အ ကြောင်း။

'မမအေသင် ဒိုင်နိုဆောတွေ ဘာဖြစ်လို့ ပျောက်သွားတာလဲ ဟင်'

အဲဒါက အိအိမေးနေကျမေးခွန်းပါ။

'ကမ္ဘာကြီးက တဖြည်းဖြည်းပြောင်းလာတာ ဒိုင်နိုဆောတွေ နဲ့ မကိုက်ညီတော့လို့တဲ့။ တချို့ကတော့ ဥက္ကာပျံတွေ ကမ္ဘာကြီးပေါ်ကို ကျလို့ ဒိုင်နိုဆောတွေ ပျောက်တယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



မ=မှန်နံ့ရဲ့ ခြားထားပါတယ်။

ဒီကနေ့ ကျွန်မ ပုံနှိပ်စက်တစ်ခုကို ပထမဆုံးအကြိမ် မြင်ဖူးသွားပါတယ်။ မမခက်ရှိရာ စာအုပ်တိုက်ကို ကျွန်မ လိုက်သွားရတာမို့ပါ။ ပပခက်အလုပ်လုပ်တဲ့ စာပေတိုက်က သိတဂူလမ်းထဲမှာ ရှိတယ်။ အဲဒီမှာပဲ ပုံနှိပ်စက်တွေရှိတယ်။ နှစ်လုံးတောင်ပဲ။

ကျွန်မတို့ ဖတ်နေတဲ့စာအုပ်တွေကို တစ်အုပ်ချင်း ဘယ်လိုဖြစ်လာသလဲ လို့ စိတ်ထဲကနေ မှန်းဆ ကြည့်နေခဲ့ရာက စာရွက်ကြီးတွေကို တစ်ရွက်ချင်း ဂျိုင်းခနဲ ဂျိုင်းခနဲ ဖိနှိပ်သွားတဲ့အချပ်ကြီးကို မြင်ရတော့ တအားပျော်သွားတယ်။

'စာရွက်ကြီးတွေက အကြီးကြီးတွေပဲ ဂျာနယ်တွေကျနေတာပဲနော်'

အဲဒီစာရွက်ကြီးတွေကို စာအုပ်ပုံစံဖြစ်အောင် ခေါက်ရတာလို့ မမခက်က ပြောပါတယ်။

'ခေါက်တော့ရော စက်နဲ့ပဲခေါက်တာလား'

'ဘယ်ဟုတ်ပလဲ ညီမရဲ့ လက်နဲ့ပဲခေါက်ရတာပေါ့။ နေဦး တစ်ခါလောက် ညီမကို စာအုပ်ချုပ်တဲ့ ဘိုင်းဒင်းနေရာကို မမခေါ်သွားမယ်။ ဒါမှ မြင်ဖူးမယ်'

မမခက်က ကျွန်မရဲ့လာရင်းအကြောင်းကိုမေးတယ်။

'သမီးတို့ရုံးက စာနယ်ဇင်းတွေကို မိတ်ဆက်ချင်လို့ အဲဒါမမတို့ စာအုပ်တိုက်ကိုလည်း ဖိတ်စာပို့ရင်း တခြားဂျာနယ်တိုက်တွေမဂ္ဂဇင်းတိုက်တွေ ဘာတွေကို ဖိတ်ရမလဲလို့ လာမေးတာ'

'ဖိတ်စာပြပါဦး'

ဖိတ်စာကတော့ တကယ့်အပြစ်ပါပဲ။ ရုံးမှာပဲ ကျွန်မနဲ့





ပန်းမြမှုန်နဲ့ကွန်ပျူတာစာစီပြီး ပရင့်ထုတ်။ မိတ္တူဆိုင်မှာ ကူးထားတဲ့ဖိတ်စာ။

'ဘယ်နှယောက်ဖိတ်မှာလဲ'

'အင်း ဆရာပြောတာတော့ သုံးဆယ်လောက်တဲ့ ဘယ် ဂျာနယ်တွေဖိတ်သင့်သလဲ ဆရာမ'

'တတ်နိုင်ရင်တော့ ဂျာနယ်အစုံကို ဖိတ်သင့်တာပေါ့။ ဂျာနယ်အားလုံး အဲဒီအိပ်ချ်အိုင်ဗွီဘာသာရပ်ကို အသိတရားရှိရင် ညီမတို့လုပ်ငန်းအောင်မြင်မှာ။ ဒီတော့ မမ စာရင်းလုပ်ပေးမယ်လေ'

ပြောရင်းဆိုရင်းပဲ မမခက်က စားပွဲပေါ်က မဂ္ဂဇင်းတိုက်နာမည်ခေါင်းစီးနဲ့ စာရွက်လွတ်တစ်ရွက်ကို ဆွဲဖြုတ်ပြီး ဂျာနယ် မဂ္ဂဇင်းနာမည်တွေကို ရေးပါတယ်။

'ရောင်းအကောင်းဆုံးနဲ့ လူအဖတ်ဆုံးဂျာနယ်ဆိုရင် ပိုပြီးကျယ်ပြန့်တာပေါ့။ အဲဒီဂျာနယ်တွေ မဂ္ဂဇင်းတွေ ပါမှဖြစ်မယ်'

'ဆရာပ လာပယ်ပဟုတ်လားဟင်။ သမီး အားရှိအောင်ဆရာမ လာခဲ့ပါနော်'

မမခက်က နာမည်တွေချရေးနေရင်းက ပြုံးပြီး ခေါင်းရမ်းတယ်။

'ဆောရီးညီမရယ် မမ မလာနိုင်ဘူး။ ဒါက ပဂ္ဂဇင်းမဟုတ်ဘူး။ စာအုပ်တိုက်သပ်သပ်ပဲလေ။ နောက်ပြီး မမက အချိန်ပိုင်း ကူညီလုပ်ပေးရုံပဲ။ ဒီစာအုပ်တိုက်ကိုတောင် ကိုယ်စားပြုနိုင်တဲ့သူ မဟုတ်ဘူး။ မမက အလွတ်သဘောမျိုးပဲ။ မမလာလို့ ညီမတို့အဖွဲ့အတွက် ဘာမှအကျိုးအမြတ်မရနိုင်ဘူး'

'ဟင် ဆရာမကလဲ အဲဒီလိုမပြောပါနဲ့။ အကျိုးအမြတ်ဆိုတာက'

'အကျိုးအမြတ်ဆိုတာက ညီမတို့အဖွဲ့လုပ်မယ့်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် အထောက်အကူပြုမှာကို ပြောတာပါ။ ဂျာနယ်တွေ မဂ္ဂဇင်းတွေက ညီမတို့ပြောချင်တာတွေကို ကြားခံနယ်အဖြစ်နဲ့ တစ်ဆင့်ဖော်ပြပေးကြမှာ။ ဒီတိုက်က စာအုပ်တွေပဲ ထုတ်တာလေ’

မမခက်မလာနိုင်ဘူးဆိုလို့ ကျွန်မ တော်တော်စိတ်ဓါတ်ကျသွားပါတယ်။

‘သမီးရဲ့ဆရာမအဖြစ်နဲ့ရော မလာနိုင်ဘူးလား ဟင်’

မမခက်က ကျွန်မကို သနားသွားပုံရတယ်။ ကျွန်မကို ပြုံးပြရင်း သက်ပြင်းချပါတယ်။

‘မမလာလို့မဖြစ်လို့ပါ အောသင်ရယ်။ မမ အောသင့်ကို တွေ့ခြားနေရာတွေမှာ ပြန်ပြီးလိုက်ကျေပေးပါ့မယ်နော်။ မမကို ညီမတို့စာရင်းထဲမှာ ထည့်မထားနဲ့’

မမခက်ကို ကျွန်မ ဘယ်လိုမှ ပြောလို့ရတော့မှာမဟုတ်ဘူးဆိုတာ သိလိုက်ရပြီမို့ ခပ်လေးလေးပဲ ကျွန်မ ခေါင်းညိတ်ပစ်လိုက်ရပါတယ်။

‘ဟုတ်ကဲ့ပါဆရာမ။ အော်ဒါနဲ့ စနေနေ့ကျရင်သမီးဆရာက ဘုန်းကြီးကျောင်းကို လိုက်လာချင်လို့တဲ့ ခေါ်ခဲ့မယ်နော်ဆရာမ ဘုန်းကြီးကိုလဲ ငွေလှူရင်း သမီးတို့သင်တန်းကိုလဲ လေ့လာချင်လို့ တဲ့’

‘အို ဟုတ်လား ကောင်းတာပေါ့။ ဘုန်းဘုန်းနဲ့တွေ့ပေးလိုက်လေ။ ညီမတို့ဆရာက အိပ်ချ်အိုင်ဗွီသာမကဘူး။ ပညာရေးကိစ္စကိုပါ စိတ်ဝင်စားပုံရတယ်’

‘ဟုတ်တယ်။ ဆရာက သိပ်လည်းတော်တာပဲ။ သူက ယူကေကားဒစ်ဖ်တက္ကသိုလ်ကနေ ဘွဲ့ယူလာတာတဲ့’

‘ကားဒစ်ဖ်’

‘ဟုတ်တယ် ဆရာမ’

မမခက်ရေးနေ့ ။ လက်က ရပ်သွားပြီး ကျွန်မကို မော့ကြည့်တယ်။ မမခက်မျက်လုံးတွေက စိမ်းမှောင်နေတာပဲလို့ ကျွန်မ တအံ့တသြသတိထားမိလိုက်ပါတယ်။





‘ညီမတို့ ဆရာက ဆရာဝန်လား’

‘ဟုတ်တယ်ဆရာမ’

‘နာမည် ဘယ်သူတဲ့လဲ’

‘ဒေါက်တာဟာန်သာထင်လင်း တဲ့’

မမခက်က ရေးလက်စ ဘောလ်ပင်ကို ပစ်ချလိုက်ပြီးတော့ စားပွဲကနေ ထသွားတယ်။ ပုံနှိပ်စက်ထားတဲ့ အခန်းထဲကို ဝင်သွားတာပါ။ တော်တော်နဲ့ ပြန်ဝင်မလာဘူး။ ပုံနှိပ်စက်သံ တဂျိုင်းဂျိုင်းကို နားထောင်နေရင်း ကျွန်မ ဟိုဟိုသည်သည် ငေးကြည့်နေမိတယ်။ နံရံမှာ ချိတ်ထားတဲ့ အမြူရောင်ဘုတ်ပြားပေါ်မှာ ပုန်းနံပါတ်တချို့နဲ့ နေ့စွဲတချို့ကို မြင်ရတယ်။ စားပွဲပေါ်မှာတော့ မမခက်ရေးလက်စ ဂျာနယ် နဲ့မဂ္ဂဇင်းနာမည်တွေ။ သုံးဆယ်မပြည့်သေးဘူး။ နှစ်ဆယ့်သုံးစောင်ပဲ ရှိသေးတယ်။

အပြင်မှာ ကားတွေ ဖြတ်မောင်းသွားတဲ့အသံ၊ အထဲက ပုံနှိပ်စက်သံနဲ့ အလုပ်သမားတွေစကားပြောနေတဲ့အသံက ကျွန်မနားမှာ ရောထွေးနေတယ်။ မမခက်ပြန်မဝင်လာသေးလို့ ပျင်းလာလို့ ကျွန်မ စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကောက်ကိုင်လိုက်မိသေးတယ်။ ဂီတဂျာနယ်တစ်ခုပါ။ အမယ် အထဲမှာ မြင်ဖူးတဲ့လူ တစ်ယောက်ရဲ့ ဓါတ်ပုံလို့ ထင်မိတာ။ လက်စသတ်တော့ ဉာဏ်သာ့ ပုံကြီးပါလား။

‘နောက်ထပ်’ ဂီတအဖွဲ့ရဲ့ နောက်ထပ် ကြယ်ပွင့်တဲ့၊ ဉာဏ်သာ့ကို အင်တာဗျူးလုပ်ထားတာပေါ့။

‘မြန်မာနိုင်ငံမှာ ဟာ့စ်မေ့ပ်ရေစီးကြောင်းကို ဘယ်သူက စဆောက်ခဲ့တယ်လို့ ယူဆသလဲ’ တဲ့။ မေးတဲ့မေးခွန်းကို ဉာဏ်သာက ဖြေလိုက်တာက အက်ဝစ်အဖွဲ့လို့ ယူဆပါတယ် တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ညီမရေ ပျင်းနေပြီလား။ ဆောရီးနော် မမ စက်ဆရာကို မှာစရာတစ်ခု မေ့နေလို့ သွားပြောတာ'

မမခက် ပြန်ရောက်လာတော့ ကျွန်မ ဂျာနယ်ကနေ မျက်လုံးအကြည့်ကို မမခက်ဆီ ပြန်ရွှေ့လိုက်ရတယ်။

'အို ဟုတ်ကဲ့ဆရာမ ရပါတယ် သမီးမပျင်းပါဘူး။ ဒီမှာ ဂျာ နယ်ဖတ်နေတာ။ သမီးသူငယ်ချင်းတစ်ယောက်ရဲ့ အင်တာဗျူး ပါလာတယ်လေ'

'ညီမဖတ်ချင်ရင် ယူသွားလေ'

'ဟယ် တကယ်လား။ သမီးယူသွားမယ်နော်'

မမခက်က ပြုံးပြီးခေါင်းညိတ်ပြတယ်။ နောက်တော့ သူရေး လက်စ စာရွက်ကို ကျွန်မဆီ တွန်းပို့တယ်။

'ရော့ ညီမ ဒါလေးကို ကူးလိုက်ဦး။ လိုတဲ့ နာမည်တွေကို မမထပ်ပြောမယ် လိုက်မှတ်နော်'

ကျွန်မ မှတ်စုစာအုပ်လေးထဲမှာ မမခက်ရေးထားတဲ့နာမည် တွေကို ကူးရပါတယ်။ နှစ်ဆယ့်သုံးခုပြီးသွားတော့ မမခက်က ထပ် ရွတ်တဲ့ နာမည်တွေကို လိုက်ရေးရတယ်။

'ဒါနဲ့ ညီမကို မေးပါရစေဦး။ ညီမတို့ဘော့စ်က မီဒီယာအင် နီရှေးတစ်ဗ်အဖွဲ့ကို ဦးဆောင်နေပြီးတော့ ဘယ်ဂျာနယ်က ဘယ်လို ဆိုတာမျိုးကို မသိဘူးလား။ ညီမကို ဘာဖြစ်လို့ ခိုင်းရတာလဲ။ ဒါက သူလုပ်ရမဲ့တာရင်းလေ။ ညီမတို့မှာ မီဒီယာနဲ့ပတ်သက်တဲ့ ကြိုတင် လေ့လာထားပြီးသား တာရင်းဇယားတွေရှိရမယ်။ မီဒီယာနဲ့ ပတ် သက်တဲ့ အကြံပေးပုဂ္ဂိုလ်လဲ ရှိရမယ်။ မရှိဘူးလား'

'ရှိတော့ရှိတယ် မမ။ ဒေါ်တင်လေးခိုင်တဲ့ သူက လူ့အရင်း အမြစ်နဲ့ဆိုင်တဲ့အလုပ်တွေကို လုပ်တာ။ ဒါပေမဲ့ ဂျာနယ်တွေကို သိပ်





မသိဘူး။ သူက ကျွမ်းကျင်ပညာရှင်တွေကိုပဲ သိတာဆိုလား။ ဂျာနယ် လစ်စ်တ်တွေကိုလည်း မသိဘူးတဲ့'

'ကောင်းရော'

မမခက်က နှုတ်ခမ်းတောင် မဲ့သွားတယ်။ အေးလေ မဲ့လဲ မဲ့ချင်စရာကိုး။ ဒါပေမဲ့ ကျွန်မကိုခိုင်းတဲ့ကိစ္စကို ပြီးအောင်တော့ လုပ် ရဦးမှာပါ။

'ဒါဖြင့် ဖိတ်စာတွေ ဖိတ်တော့ရော ညီမပဲ လိုက်ဖိတ်ရမှာ လား။ ယောကျ်ားလေးတွေကို လုပ်ခိုင်းပေါ့'

'သမီးနဲ့ပန်းမြမွှန်နဲ့ နှစ်ယောက်ပဲတာရေးမရှိတာ။ ယောကျ်ား လေးမရှိဘူးဆရာမရဲ့. ယောကျ်ားလေးဆိုလို့ ကားမောင်းတဲ့လူပဲ ရှိ တယ်။ သမီးတို့ပဲ သွားရမှာပေါ့။ ဆရာမ ဂျာနယ်တွေရဲ့လိပ်စာရော သိလားဟင်'

'တယ် ဒီကလေးမ'

မမခက်စိတ်ဆိုးမယ်ဆိုလဲ ဆိုးစရာပဲနော်။

ဟုတ်တယ်။ မီဒီယာနဲ့ပတ်သက်တဲ့ တိုင်ပင်ရမဲ့ပုဂ္ဂိုလ်တစ် ယောက်တော့ လိုတယ်။

'မပသိတဲ့ ဂျာနယ်လိပ်စာတွေတော့ ပြောလိုက်မယ်လေ။ ကျန်တာတွေတော့ မေးယူပေါ့။ ဟုတ်လား'

'ဒါနဲ့ ဘုန်းကြီးကျောင်းကို ဆရာလေ့လာချင်တာ ခေါ်ခဲ့ရ မလားဟင်'

'အို ရှုပ်ရှုပ်ယှက်ယှက် ဘာလေ့လာစရာလိုလို့လဲ။ စာသင် တာ စာသင်တာပဲပေါ့။ ကမ္ဘာဦးခေတ်ကတည်းက စာသင်တဲ့နည်း အခုလဲ ဒီစာသင်နည်းပဲ ဆရာနဲ့ကျောင်းသားပဲ ကွာတယ်လေ'

မမခက်ရဲ့မျက်နှာက တော်တော်ကထက်ပိုတည်သွားတယ်။ မမခက်ကို ကျွန်မ ဘာပြောရမှန်းမသိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ငွေလျှော်တာက လျှော်လို့ရတယ်လေ ဒါပေမဲ့တသင်တာကို ကြည့်မယ်ဆိုတာကတော့ ဘောင်မဝင်ပါဘူး။ အေသင် မမကို မှန်မှန် ပြောစမ်း။ ညီမ ဘာတွေများ ပြောထားသလဲ'

မမခက်က မေမေမေးနေကျ မျက်နှာထားမျိုးနဲ့မေးတယ်။ ဒီနေ့ညနေ သမီးအိမ်အပြန်မှာ ဘယ်သူကလိုက်ပို့ပေးတာလဲ မေမေ့ ကို မှန်မှန်ပြောစပ်း ဆိုတဲ့မျက်နှာထားမျိုးပေါ့။

'သမီးဘာမှ မပြောပါဘူး'

'ညီမ မပြောဘဲနဲ့ ဘုန်းကြီးကျောင်းအကြောင်းသိမလား'

'ဟို ဆရာက အင်တာဗျူးအတွက် တကျက်လာသလားလို့ မေးခဲ့တုန်းက ဆရာမက အင်တာဗျူးပြေပို့ ပြင်ဆင်ပေးတာလို့ ပြော လိုက်တာ။ အဲဒါပါပဲ'

အင်း အဲဒါတော့မကဘူးထင်တယ်။ နောက်ထပ် ကျွန်မ ပြောမိထားတာတွေရှိသေးတယ်။ အို ကိစ္စမရှိပါဘူး။ ဘာမှထူးထူး ခြားခြားပြောမိတာမဟုတ်ဘဲနဲ့။ အံမယ် ဒါလောက်လေးပါလို့ပြောတာ တောင်မှ မမခက်မျက်နှာထားတင်းတင်းကြီးဖြစ်သွားတယ်။

'ဟော လုပ်ပြီ။ မမ နာမည်ရော ပြောပြထားသလား'

'ဟုတ် ပြောမိတယ်ထင်တယ်'

'အေသင် စကားဆိုတာ လိုတာထက်ပိုမပြောရဘူး'

မမခက်မျက်မှောင်ကြုတ်ရင် ကျွန်မ သိပ်စိတ်ညစ်တာပဲ။ အဲဒီမျက်မှောင်က တော်တော်နဲ့ ပြန်မပြေတတ်ဘူးလေ။

မမခက်ရဲ့မျက်နှာက အသက်အစိတ်လို့မထင်ရအောင်ပဲ နုပူး ပြောင်သိမ်းပြီး ဆံပင်ကို စည်းထားတာ။ တကယ်ဆို ကျွန်မ အမြင် နော်။ ဆံပင်ကို ဖြောင့်စင်းနေအောင် ပုံသွင်းလိုက်ပြီး ဖြန့် ချထားလိုက်။ မျက်လုံးမဲမဲနက်နက်တောက်တောက်နဲ့။ တအားကို လှသွားမှာ။ အခု





တော့ အသက်သုံးဆယ်ကျော်မိန်းမကြီးကျနေတာပဲ။ အသေအချာပါပဲ။ ကျွန်မရဲ့အလုပ်နဲ့ပတ်သက်လို့ စစ်စစ်ပေါက်ပေါက် မေးနေတယ်။

'အလုပ်မှာ ဝန်ထမ်း ဘယ်နှယောက်ရှိလဲ'

'ဘာအလုပ် တွေလုပ်ရတာလဲ'

'ဘယ်တွေကို သွားရသလဲ။ ဘာအစည်းအဝေးတွေတက်ရ တာလဲ'

ကျွန်မနဲ့အတူတူတိုင်ပင်ဖော် ဘယ်နှယောက်ရှိသလဲ။ ရှယ် တူမိန်းကလေး ဘယ်နှယောက်ရှိသလဲ။

ပြီးတော့ ဘော့စ်ရဲ့အခန်းထဲကို ခဏခဏ ဝင်ရသလားလို့ မေးသေးတယ်။

အခန်းက အလုံပိတ်လား။ နံရံရဲ့အထက်မှာ လွတ်နေတာ လား။ အခန်းထဲကို အပြင်ကနေ လှမ်းမြင်နိုင်တဲ့မှန်နံရံဒါမှမဟုတ် မှန်တံခါးရှိလား။

'မှန်နံရံနဲ့ပါ ဆရာမရဲ့ နောက်ပြီး သမီးဆရာက နာမူး မဟုတ်ပါဘူး'

အဲလိုပြောလိုက်တော့ မမခက်က ကျွန်မကို မျက်မှောင်ကုတ် ကြည့်ပြန်ရော။

'ညီမ ယောကျ်ားတွေကို သိပ် အထင်မကြီးထားနဲ့။ သံသယ နဲ့ အမြဲ သတိထားနေနော်'

ဟင် ဆရာမကလဲ။ ဘယ်လိုကြီးမှန်းမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

မ=မှန်းထားတဲ့သူ ရှိတယ်။

ရောကန်ကြီးက အကျင့်ယုတ်တယ်တော့။ ခါတိုင်းနေ့တွေတုန်းက ဒီလောက်မနံဘူး။ ဆရာလိုက်လာတဲ့နေ့ကျမှပဲ ပိုနံနေတော့တယ်။ ဘုန်းကြီးကျောင်းကလဲ ခါတိုင်းထက်ပိုပြီး ခြောက်သွေ့နေသလိုပဲ။

ကျွန်မက ဘုန်းဘုန်းဆီ ဆရာ့ကို တိုက်ရိုက်ခေါ်သွားလိုက်တယ်။ ဒေါ်သေးမျှင်က လိုက်ချင်နေသေးတာ။ ဆရာက မွေးနေ့ကျမှ ဘုန်းကြီးကျောင်းမှာ ငွေလှူမှာ။ အဲဒီကျမှလိုက်။ အခုဟာက လေ့လာရုံပဲလို့ ပြောလိုက်လို့။ အံမယ်။ ဒေါ်သေးမျှင်က မကြည်ဘူးတော့။

'ခိုင်တို့လဲ ကုသိုလ်ယူချင်လို့' တဲ့။ ဒါနဲ့ကျွန်မလဲ ပြောလိုက်တယ်။

'မမခိုင်ကုသိုလ်ယူချင်ရင် ငွေလှူဖို့နေရာတွေ သမီးတို့ ဘုန်းကြီးကျောင်းမှာ အများကြီးပဲ။ အခုကိုပဲ ရောကန်ကြီးဆေးမလို့ လုပ်နေကြတာ။ မမခိုင်လှူပါနော်။ သဒ္ဒါတတ်အားနည်းများမဆိုပေါ့'

ကြားဖူးနေကျ အလှူခံတွေရဲ့စကားလုံးကိုငှားပြီး ပြော လိုက်တယ်။

'ရောကန်ဆေးမယ်ဟုတ်လား ပြောစမ်းပါဦးချာတိတ်။ ဘယ်က ရောကန်ကို ဘယ်လိုဆေးမှာလဲ'

ဒါနဲ့ပဲ ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီးမောင်ယုယလုပ်နေတဲ့ ပရောဂျက်ကို ပြောပြလိုက်တယ်။ ဆရာက ရောကန်ဆေးတဲ့နေရာမှာတော့ အလှူငွေထည့်ချင်ပုံမရဘူး။ ခေါင်းတညိတ်ညိတ်နဲ့ ဝဦးတားပြုံးပြုံးနေတယ်။

ဟုတ်တယ်။ ရောကန်ဆေးဖို့ဆိုတာ ယုယ တက်ကြွသ

www.burmeseclassic.com



လောက်တော့ မလွယ်နိုင်ဘူး။ ဘောပတ်ဝန်းကျင်က အိမ်တွေ စက်ရုံတွေ အတူပူးပေါင်းမှ ပိုကောင်းမယ်။

ကျွန်မတို့ ဘုန်းကြီးကျောင်းကိုရောက်သွားတော့ လေးနာရီမထိုးသေးပါဘူး။ ဘုန်းကြီးနဲ့မိတ်ဆက်ပေးဖို့ ယုယကိုတမ်းတလိုက်မိပေမဲ့ ယုယက ဒီအချိန်နဲ့မရောက်တတ်သေးဘူးလေ။ ဒီတော့ ကျွန်မပဲ မတတ်တတတ်နဲ့ ပြောရတော့တာပေါ့။ ကျွန်မ ဘုန်းကြီးနဲ့စကားပြောဖို့ သိပ်ကြောက်ပါတယ်။ ဘုန်းကြီးတွေအတွက် သုံးရတဲ့နာမ်တွေ၊ ကြိယာတွေကို မှန်မှန်ကန်ကန် မသုံးတတ်တော့ တစ်ခါတလေ တောပြောတောင်ပြော၊ အမြီးအမောက်မတည့်တော့ဘူး။

ဒီကနေ့တော့ အဆင်ပြေပါတယ်။ ဆရာကလဲ ကျွန်မထက်တော့ အများကြီးပိုမတော်ပါဘူး။

'ကျွန်တော့်မွေးနေ့ကျရင်'လို့ ပြောပြီးမှ တစ်ချက် ရှက်ရယ်ရယ်ပြီး 'တပည့်တော်မွေးနေ့ကျရင်'လို့ ပြင်ပြောတယ်။ တွေ့လား။ ဘုန်းကြီးနဲ့စကားပြောဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ။ အလေ့အကျင့်လိုတယ်လေ။

ကျွန်မကတော့ ဘုန်းဘုန်းလို့ခေါ်တာရယ်၊ ကိုယ်ပြောလိုက်သမျှစကားတွေရဲ့နောက်မှာ ဘုရား အပိုတစ်လုံးထည့်တာရယ် အဲဒါပဲ ကောင်းကောင်းတတ်တယ်။

ဘုန်းဘုန်းကတော့ ဆရာ့ကို သိချင်တာတွေမေးနေတာပေါ့။ အိပ်ချ်အိုင်ဗွီပိုးက ဘာနဲ့တူသလဲတို့ လူနာတွေပြင်ဖူးသလားတို့ စုံနေတာပဲ။ ဆရာကလဲ စိတ်ရှည်ရှည်ရှင်းပြတယ်။ ကျွန်မတို့နောက်မှရောက်လာတဲ့ နိုင်ငံခြားသူအမျိုးသမီးတစ်ယောက်နဲ့လဲ ဆရာ့ကို မိတ်ဆက်ပေးလိုက်သေးတယ်။ ဆရာနဲ့ အဲဒီအမျိုးသမီးနဲ့ရယ်ရယ်မောမောစကားပြောနေလိုက်ကြတာ ဟိုရှေးရှေးတုန်းကတည်းက သိလာခဲ့တဲ့

www.burmeseclassic.com



မိတ်ဆွေတွေ ကျနေတာပဲ။ ကျွန်မတို့အတန်းတက်ရမဲ့အချိန်နီးတော့ ဘုန်းဘုန်းကို နှုတ်ဆက်ပြီး ထိုင်ရာက ထကြတယ်။

'ဘုန်းဘုန်း သမီးတို့ အတန်းသွားတက်ပါဦးမယ်ဘုရား။ ဆရာက သမီးတို့စာသင်တာကို လေ့လာချင်လို့တဲ့ဘုရား'

'အေး ကောင်းတယ်။ ကောင်းတယ်။ ဒါပေမဲ့ ဒီကနေ့ ညည်းတို့ဆရာမ မလာနိုင်တော့ ဆရာလေးကျော်အောင်ပဲ သင်လိမ့်မယ်။ ခက်စီမ်းနွယ်ကပ အသင်ကောင်းကွဲ့'

'ဟင် ဆရာမ မလာဘူးတဲ့လား'

ကျွန်မရင်ထဲမှာ ဟာခနဲဖြစ်သွားတယ်။

'အေး အရေးပေါ်အလုပ်တစ်ခုအတွက် ဒီညနေခရီး ထွက်ရမယ်ဆိုလားပဲ။ ငါ့ဆီကို ဖုန်းလှမ်းဆက်တယ်'

အဲဒီမမခက်ကတော့ လုပ်ပြီ။ ကျွန်မ ရှုအောင့်အောင့်နဲ့ပဲ ဘုန်းကြီးအဆောင်ကနေပြန်ထွက်လာတော့ ဆရာက အသံတိတ်တိတ် ဆိတ်ဆိတ်နဲ့ လိုက်လာတယ်။ ဘုန်းကြီးကျောင်းထဲက စွယ်တော်ပင်တွေက လှလိုက်တာ။ ခရမ်းရောင်များတဲ့ပန်းရယ် အပြာရောင် များတဲ့ပန်းရယ်။ မြေပြင်ပေါ်မှာ ကြွေနေတဲ့ပန်းတွေကိုက လှနေတယ်။ လှပေမဲ့ မြေပြင်တစ်ခုလုံးက ပန်းတွေနဲ့ ပြန့်ကျဲနေတာ သူတို့အပေါ် နင်းမလျှောက်ဘဲနဲ့ ဘယ်လိုလုပ် ရှေ့ကိုရောက်ပါ့မလဲ နော်။ ဒါပေမဲ့ ကျွန်မရဲ့ဆရာကတော့ ပန်းတွေကိုများ နာကျင်မှာကျနေတာပဲ။ ပန်းအပွင့်လိုက်တွေဆိုရင် တက်မနင်းဘူး။ ရှောင်တိမ်းပြီး ဟိုယိမ်း ဒီယိမ်း လျှောက်နေတယ်။

ပောတော်။ ဖြစ်မှဖြစ်ရလေ။

ဆရာ့ကို ကျွန်မ ရယ်ချင်သွားတယ်။





'ညည်းဆရာမကို ငါတို့ဒီလာမဲ့အကြောင်းပြောထားသလား'

'ပြောထားတာပေါ့ဆရာ ဆရာက စာသင်တာကို ကြည့်ချင်လို့လို့တောင် သပြီးပြောပါသေးတယ်'

'သြော်'

ဆရာက အသံပထွက်ဘဲရယ်တယ်။ အဲဒီနောက်တော့ ဆရာ ထူးထူးခြားခြား ငြိမ်သွားတယ်။ အတန်းထဲထိလိုက်ဝင်လာပါတယ်။ ဒါပေမဲ့ စကားသိပ်မပြောဘူး။ ဇီဇဝါဆီ ကျွန်မ လျှောက်သွားမယ် လုပ်တော့မှ

'ချာတိတ် ငါ ဒီနားမှာပဲ ခဏရပ်ကြည့်မယ်။ ပြီးရင် ပြန်မယ်။ ဝင်မထိုင်တော့ဘူး' လို့ ပြောတယ်။

အေးလေ။ သူက ကျောင်းသားတွေနဲ့အတူ ဘယ်တွဲထိုင်ချင်ပါ့မလဲ။ ကျွန်မ သိပါတယ်။ ဟုတ်ကဲ့ လို့ပဲ ကျွန်မပြောလိုက်တယ်။ စာသင်တဲ့ကျောက်သင်ပုန်းကြီးနဲ့ ဆရာတွေမတ်တတ်ရပ်တဲ့ ဝင်မြင့်လေးနားမှာ ဆရာရပ်ပြီး အခန်းပတ်ပတ်လည်ကို လှမ်းကြည့်နေတာ။ ဆရာလေးကိုကျော်အောင် ဝင်လာတဲ့အထိပဲ။

'ဇီဇဝါ ဟိုးမှာမတ်တတ်ရပ်နေတဲ့လူကိုကြည့်။ အဲဒါ ငါ့ဆောင့်'

'ဟင်ဟုတ်လား'

ဇီဇဝါက လှမ်းကြည့်တယ်။ ဆရာက ကျွန်မတို့ဘက် လှမ်းကြည့်နေတာနဲ့ဆုံတာမို့ ကျွန်မက ဆရာ့ကိုလက်မြှောက်ပြ နှုတ်ဆက်လိုက်တယ်။ ဆရာကလဲ ကျွန်မကို အသာလက်ပြတယ်လေ။

'နင့်ဘောစ်က အပျံစားပါလား။ ချောတယ်နော်'

ဆရာချောတယ်ဆိုလို့ ကျွန်မ ပျော်သွားတယ်။

'မိန်းမရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'မရှိ'

'ငါ့ကိုပေးမလား'

ဇီဇဝါပိုဘက်မှာထိုင်နေတဲ့ လုလုက စပ်ဖြဲဖြဲနဲ့လှမ်းတောင်းနေတယ်။

'မပေးဘူး။ ငါ ပေးမလို့ ရည်မှန်းထားပြီးသားတစ်ယောက်ရှိတယ်'

'ဘယ်သူလဲ'

ဇီဇဝါက တိုးတိုးပေးတယ်။ ကျွန်မ ရယ်ရင်း ခေါင်းခါလိုက်ရတယ်။ ဘယ်ပြောလို့ဖြစ်မလဲနော်။

ဆရာထွက်သွားတဲ့အချိန်မှာ ကျွန်မတို့မသိလိုက်တော့ပါဘူး။ အခုခဏ ဆရာရပ်နေသေးတယ်။ နောက်တစ်ခဏမှာ လှမ်းကြည့်တော့ မရှိတော့ဘူး။

ဆရာ့ကိုမမြင်ရတော့ ကျွန်မရင်ထဲမှာ ဟာသွားတယ်။ ဘာဖြစ်လို့လစ်ဟာသွားသလဲဆိုတာတော့ မသိဘူး။ ဆရာက စာသင်တာကို ကြည့်ချင်တယ်ဆို။ အခု စာမှ မသင်ရသေးဘဲ။ ဆရာလေးကျော်အောင်က ကျောက်သင်ပုန်းရှေ့တောင် မရောက်သေးဘူး။

စာသင်ခန်းထဲမှာထိုင်နေရတာ တစ်ခုခုလိုနေသလိုပဲ။

မမခက်သင်တာမဟုတ်လို့လား။ ဒါမှမဟုတ် ဆရာပြန်သွားလို့လား။





✉သို့-အောင်<hami@mptmail.net.com

မှ-ဉာဏ်သာ nthar@eagle.com.mm

အကြောင်းအရာ-လာကြိုမယ်

အောင်

ဝင်ထရယ်မှာ ညနေဂျူတီမဟုတ်လား။ တို့ လိုက်ပို့ပေးမယ်။ ညနေတို့ လာကြိုပေးမယ်။ ငါးနာရီအတိမှာ ခြံပိုင်းအပြင်ဘက်ကို ထွက်လာခဲ့နော်။ တို့ ဟိုဘက်လမ်းကြားထဲမှာ ကားရပ်ပြီးစောင့်နေမယ်။ တို့အစ်ကို မသိစေနဲ့။ သိလား။ အောင့်ကို သီချင်းစာသားတွေ တိုင်ပင်စရာရှိလို့။

မြတ်ဆုမွန်ဖြင့်

ဉာဏ်သာ

..............................................................................................

✉သို့-ဉာဏ်သာnthar@eagle.com.mm

မှ-အောင် athin<hami@mptmail.net.mm

ပြန်စာ-လာကြိုမယ်

ဉာဏ်သာ

ဟင့်အင်း လာမကြိုနဲ့။ နင့်ကားကို ငါမစီးဘူး။ ငါ့ဟာငါ ဘတ်စ်ကားနဲ့ပဲ သွားမှာ။ အလိုလိုမှ နင့် မြစ်မိန်းမက ငါ့ကိုလာပြီး စော်ကားချင်နေတာ။ ဒီတစ်ခါ ငါ့ဆီ သူရောက်လာရင် ငါ့အဆိုး မဆိုနဲ့နော်။ ဒါပဲ။

မလာရဘူးနော်။ ဒါပဲ။

နိုးသားစွာ

အောင်



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ချင်းဟာ အမှောင်ဘက်ခြမ်းရှိနေတဲ့ လတစ်စင်းစီပဲ။

မာ့ခ်တွိန်း

မနေ့ညနေကတည်းက ယုယက ပြောထားတယ်။ မမခက်ကို လက်ဆောင်တစ်ခုပေးစရာရှိလို့ မမခက်အိမ်ကို သွားချင်လို့ ကျွန်မ လိုက်ခဲ့ပေးပါတဲ့။

လိုက်သွားရမှာပေါ့။ ယုယ တစ်ယောက်တည်းသွားလို့ မကောင်းဘူးလေ။ မိန်းကလေးတစ်ယောက်တည်းနေတဲ့အိမ်မဟုတ်လား။

ယုယက ခက်အတွက် မိန်းမပတ်လက်ပတ်နာရီလေးဝယ်ထားတယ်။ သိပ်တော့ အဖိုးမတန်ဘူးတဲ့။ တစ်သောင်းခွဲပေးရတယ်ဆိုလား။ အင် အဖိုးမတန်တာကလည်း တစ်သောင်းခွဲလား။ ကျွန်မပြင် နာရီလေးကို ချစ်သွားတာပဲ။ ယုယက ရွေးတတ်တယ်။ ဘယ်ကရှာဝယ်ထားလဲမသိဘူး။ ဘူးရှည်ရှည်လေးနဲ့။ ဘူးကလည်း အနီရောင် ပဲကြိုးလေးကလည်း အနီရောင်။

'မပခက်က စိတ်ဓါတ်မာကျောတယ်လေ။ တမင်အနီရောင်ဘူးကို ရွေးထားတာ'

လို့ ယုယကပြောတယ်။

'ယုယ ငါတော့ သူ တစ်ခါမှ နာရီပတ်တာမတွေ့ဖူးဘူး'



'ဟာ ဟုတ်လား ငါပြင် သတိမထားမိပါဘူး။ နာရီမကြိုက်လို့များ ဖြစ်နေမလား အဲဒါဆိုရင်တော့ သွားပြီ။'

ကျွန်မတို့ရောက်သွားတော့ ခုနစ်နာရီခွဲနေပြီ။ ဒါတောင် ကျွန်မတို့ ကမန်းကတန်းပြေးရတာ။ တော်ပါသေးရဲ့ မမခက် အပြင်မထွက်သေးလို့။

မပခက်တံခါးကို ကျွန်မ ခေါက်လိုက်တယ်။

ဖိနပ်ရှပ်တိုက်ပြေးလာသံနဲ့အတူ ကျွန်းတံခါးက ချက်ချင်းပွင့်သွားတယ်။

'အော'

အဲဒါ မမခက်အသံအတိုင်း အတိအကျပါပဲ။ အော ဆိုတာ အံ့သြသွားလို့လား။ စိတ်ညစ်သွားတာလား။

ခက်အသံက သိပ်နွေးနွေးထွေးထွေးမရှိသလိုပဲ။ တကယ်ဆို ဟန်ဆောင်ပြုံးလေးနဲ့ဖြစ်ဖြစ် ကြိုဆိုဖို့မကောင်းဘူးလား။

'နေကောင်းတယ်နော် မမခက်'

'အေး ကောင်းပါတယ်။ လာ ဝင်'

ဒီတစ်ခါ ခက်ရဲ့တဲပွဲက ရှုပ်ပွလို့ပါလား။ ရေးလက်စစာရွက်တွေ ဖတ်လက်စစာရွက်တွေ။ အင်္ဂလိပ်ဘာသာစာအုပ်တွေ။ ခဲတံနဲ့ရေးနေတာ ထင်တယ်။ ခဲတံနှစ်ချောင်း တင်ထားတာတွေ့တယ်။ အဝါရောင်မှာ ပြုံးနေတဲ့စမိုင်းလီးရုပ်လေးတွေနဲ့ ခဲတံ။

'ထိုင်ကြ ဘယ်လိုဖြစ်ပြီး မပြောမဆိုနဲ့ လာကြတာလဲ'

'မမခက်ရဲ့ကူညီမှုကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ အဖိုးတော့မတန်ဘူး။ ဒါပေမဲ့ ကျွန်တော် မမကို အမှတ်တရလက်ဆောင်လေးတစ်ခု... ...'

'အို ဘာမှမပေးရဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ပေးပါရစေမပရယ် ကျွန်တော့်ဘဝကို တိုးတက်အောင် မမကာ'

ယုယပြောနေတုန်း ကျွန်မ ခက်လက်ကို လှမ်းကြည့်လိုက်တယ်။ လက်မှာ နာရီပတ်မထားဘူး။ ခက်က နာရီပကြိုက်ပုံးလား။

'တို့က ဘာမှလုပ်မပေးရပါဘူး။ မင်းအရည်အချင်းနဲ့ မင်းရတာ'

'ပဟုတ်ပါဘူးမမရယ်။ နေပူထဲမှာထိုင်နေတဲ့လူတစ်ယောက်ကို ဆွဲခေါ်လာပြီး အရိပ်အောက်ကိုပို့ပေးတာ အဲဒါတစ်ခုခုလုပ်ပေးတာပဲ'

'ဘာပဲဖြစ်ဖြစ်ကွယ် ဘာမှ မပေးရဘူး။ တို့ လက်မခံဘူး။ ပြန်တော့'

ယုယက နာရီဘူးလေးကို ခက်ကို ကမ်းပေးနေရာကနေ စားပွဲပေါ်ကို တင်လိုက်တယ်။ ပြီးတော့ ကြမ်းခင်းပေါ်မှာ ဆောင့်ဆောင့်ထိုင်ချလိုက်ပြီးတော့ လက်အုပ်ချီလိုက်တယ်။

'ဟဲ့ ယုယ'

ခက်က မျက်လုံးပြူးသွားပြီး ယုယကို ပခုံးကနေ ဆွဲထူဖို့ ကြိုးစားပါတယ်။

'ဒီကလေး ဘာလုပ်တာလဲ။ ထ ထ ထစမ်း'

'မမက လက်ဆောင်အဖြစ်လက်မခံရင် ကန်တော့တဲ့ပစ္စည်းအဖြစ်'

'အို မလုပ်ရဘူး'

'လုပ်မှာပဲ'

ပြောပြောဆိုဆို ယုယက လက်အုပ်ချီထားရာကနေ ကြမ်းပြင်ကို နဖူးနဲ့ထိလုမတတ် ငုံ့ကိုင်းကန်တော့လိုက်တဲ့အခါ ခက် ပျာယာ





ခပ်သွားတော့တယ်။

'အမလေးတော် ခက်နေပါပြီ။ ကဲ ကဲ ကန်တော့တော့ မကန်တော့လိုက်ပါနဲ့ ပမယူထားလိုက်ပါမယ်။ ထတော့'

ခက် တအားဆွဲထူလို့ ယုယထရပ်ရင်း ရယ်လိုက်တဲ့အခါ သူ့မျက်နှာက လန်းဆန်းတောက်ပသွားတယ်။

'ဘာပစ္စည်းလဲ'

'ဖွင့်ကြည့်ပါမမ'

ခက်က ယုယ ကမ်းပေးတဲ့ဘူးလေးကို ကြည့်ပြီးမျက်လုံးတွေပြူးသွားတယ်။ ဘူးကို ဖွင့်ကြည့်လိုက်တဲ့ ခက်ရဲ့ မျက်လုံးမှာ ကြည်နူးတဲ့အရိပ်လေးတစ်ခု လှစ်ခနဲပေါ်သွားတယ်။ တော်ပါသေး ရဲ့။ ကျွန်မမှာ သူတို့နှစ်ယောက်ကို ဘေးကနေကြည့်ရင်း စိတ်ချမ်းသာသွားပါတယ်။

'အို နာရီလေးပါလား'

'မမ နာရီမပတ်ဘူးလားဟင်'

'ပတ်ပါတယ်။ ရှုပ်လို့ ချျချထားတာ'

အဲဒီအချိန်မှာပေါ့။ အဲဒီအချိန်မှာ ကျွန်မက မမခက်စားပွဲပေါ်ကရေးလက်စစာရွက်ထပ်ကို ငုံ့ကြည့်လိုက်မိတယ်။ ခက်လက်ရေးက လှတယ်။ ဒါပေမဲ့ ဖတ်ရတာခက်တယ်။ စာလုံးတစ်ခုနဲ့တစ်ခု ဆက်နေအောင် ရေးတတ်တယ်လေ။

လူတစ်ယောက်ချင်းဟာ အမှောင်ဘက်ခြမ်းတွဲလျက် ပါနေတဲ့ လတစ်စင်းစီပဲ' တဲ့။ မာ့ခ်တွိန်း ဆိုတာ ဘာပါလိမ့်။

အင် ဝတ္ထုရေးနေတာလားမသိ။ ကျွန်မ အဲဒီအစိပ္ပါယ်ကို စဉ်းစားနေတုန်း ကျွန်မလက်ထဲက စာရွက်ကို ဖျတ်ခနဲ ဆွဲယူတာ ခံလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ကလေးမ။ သူများစာကို ခွင့်မတောင်းဘဲမဖတ်ရဘူး'

ခက်။ မျက်နှာထားတည်တည်နဲ့ ပြောလိုက်တာမို့ ကျွန်မ လန့်သွားပါတယ်။

'မှတ်ထားနော် အေသင်။ ကိုယ့်မောင်နှမချင်းချင်းတောင် အသိပမေးဘဲ သူ့စာကို မဖတ်ရဘူး။ အဲဒါ စပ်စုတာ။ တစ်နည်းပြောရရင် သူများ အခွင့်အရေးကို ဖောက်ဖျက်တာ။ တစ်ဦးချင်း လွတ်လပ်ခွင့်ကို အလေးမထားတာ'

ဒါပေမဲ့ သိပ်တော့ အပြစ်မကြီးလောက်ပါဘူးလေ။

ကျွန်မ ခက်စကားကိုနားထောင်ရင်း ယောင်တောင်တောင်သာ ပြုံးနေရတာ။ မျက်နှာပူလာတယ်။

'ဒီအတိုင်းထားထားတာမို့ ဖတ်လို့ရတယ်ထင်လို့ ယူကြည့်တာပါ ဆရာမရဲ့။ သမီးက အိမ်မှာဆို စည်းကမ်းအရှိဆုံး'

'အလို'

ခက်က မယုံသလို မျက်ခုံးပင့်တယ်။ ဒါပေမဲ့ နဲနဲပြုံးတယ်။

'သမီးတို့ ညီအမတွေက တစ်ယောက်စာအုပ်တစ်ယောက် ခွင့်မတောင်းဘဲ ယူဖတ်ကြတယ်။ သမီးရဲ့ဒိုင်ယာရီဆို မကြည်သာ ယူယူဖတ်လို့ အခုဆို ဖွက်ထားရတယ်။ စာလည်းရေးထားရတယ်။ အခွင့်မရှိမကိုင်ရလို့'

'ဟောတော်။ သူတို့ကိုလည်းပြောလေ။ အဲဒီလိုပလုပ်မို့။ ညီမလည်း ပလုပ်နဲ့။ အဲဒါကို အခုကတည်းက ကျင့်ယူမှ'

'ဟုတ်ကဲ့။ ဆရာမ လူတစ်ယောက်ချင်းဟာ လတစ်စင်းစီ ဆိုတာ ဘာကို ပြောတာလဲဟင်'

ကျွန်မစွတ်မေးတော့ ခက်က မျက်မှောင်ကြုတ်ပြီးတော့ ပြေတယ်။





'လဟာ နေဆီကအရောင်ရတဲ့အခြမ်းက လင်းနေပေမယ့် မရတဲ့အပိုင်းက မှောင်နေတယ်မဟုတ်လား။ လမှာ အမှောင်ဘက်ခြမ်းရှိသလို မမတို့ လူတွေမှာလည်း မြင်သာတဲ့အပိုင်းက လင်းနေပေမယ့် မမြင်သာတဲ့ အမှောင်ခြမ်းတွေလည်း ရှိနေတယ်။ ဖုံးကွယ်ထားတဲ့ ကဏ္ဍတွေ လူတိုင်းမှာရှိတယ်။ အဲဒါကိုပြောတာ'

'အော်'

ဟုတ်တာပေါ့။ ကျွန်မမှာလည်း ဖုံးကွယ်ထားတဲ့ဟာတွေ ရှိတာပဲ။ ကိုယ့်စိတ်ထဲမှာ ဖြစ်နေတာတွေကို လူတိုင်းကို ဘယ်ပြောလို့ကောင်းမလဲနော်။ ကမ္ဘာကြီးကတော့ လည်နေတာမို့ အမှောင်ခြမ်းဟာ နေ့တစ်ဝက်ကြာရင် အလင်းဘက်ခြမ်းပြန်ဖြစ်လာတယ်။ လ ကတော့ မလည်ဘူးမဟုတ်လား။ အမှောင်ဟာ အပြတ်မှောင်နေမှာပေါ့။

'အဲဒီ ကိုတေးရှင်းကို ပြောခဲ့တဲ့လူက ကမ္ဘာကျော်စာရေးဆရာကြီး မာ့ခ်တွိန်းလေ'

'အော်'

မာ့ခ်တွိန်းကို ကျွန်မ မသိပါဘူး။

'အော် ကျွန်တော်သိတယ်ဆရာမ။ မစ်စစ်စပီမြစ်အကြောင်းရေးတဲ့စာရေးဆရာ'

ကျွန်မ ယုယကို လှမ်းကြည့်လိုက်မိတယ်။ သူတော်တယ်ဆိုတဲ့ မျက်နှာထားမျိုး။ တွေ့လား။ သိပ် ချဉ်ဖို့ကောင်းတာပဲ။

'အေး ဟုတ်တယ် အမေရိကန်စာရေးဆရာပေါ့။ ယုယက တယ်ဟုတ်ပါလား'

မမခက်က ယုယကို သဘောကျသွားပုံရတယ်။

ကျွန်မ ချက်ချင်းကြီးပဲ အားငယ်စိတ်တွေဝင်သွားပါတယ်။ ကျွန်မကို ဆရာမခက်က တယ်ဟုတ်ပါလားလို့ တစ်ခါမှ မပြောဖူးဘူး။ ကျွန်မ ယုယလို ဘာဖြစ်လို့များ စာတွေ မဖတ်နိုင်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



နေဦး။ ဘီစီမှာ ကျွန်မတစ်အုပ်ငှားရင် အဲဒီတစ်အုပ်ရှာကြည့်လို့ရမလား မသိဘူး။ အင်း အမေရိကန်ဆိုတော့ ဘီစီမှာ ရှိချင်မှရှိမှာပါ။

ကျွန်မတို့ကို မမခက်က မနက်စာကျွေးပါတယ်။ ဆိုင်မှာ ကျွေးတာမဟုတ်ဘူး။ အိမ်မှာတင် ကော်ဖီနဲ့ပေါင်မုန့်ကျွေးတာ။ စားရင်းနဲ့စကားတွေပြောနေတာက ယုယ။ ကျွန်မက ပမခက်ကို မေးချင်တာတွေနဲ့ ပြောချင်တာတွေများပြီး ဘာမှ မမေးရဲဘူး။

ကျွန်မ ဟိုတစ်နေ့က မမခက်စာသင်တာကို ကြည့်ဖို့ဆရာလာတဲ့အကြောင်း ပြောလိုက်ရင်ကောင်းမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ မပြောတော့ပါဘူးလေ။

'ညီမ စားလေ။ စကားနဲ့လှချည်လား။ နေကောင်းရဲ့လား'

'ဟုတ်ကဲ့'

'ညီမ စောစောကပတ်ကြည့်နေတာက ပမရဲ့ မှတ်တမ်းဖြစ်နေလို့ ပေးမပတ်တာ။ စိတ်ကောက်မသွားနဲ့'

'အို သမီး စိတ်မကောက်ပါဘူး။ ဆရာမကိုတောင် သမီးက တောင်းပန်ရဦးမှာ ခွင့်မတောင်းဘဲ ကိုင်ကြည့်မိလို့ တောင်းပန်ပါတယ်နော် ဆရာမ'

မမခက်က ကျွန်မကို ပြုံးကြည့်နေတယ်။



မ=မျှင်မျှင်လေးနဲ့ခိုင်တဲ့ကြိုးလား။

ကျွန်မအမှားတွေ များနေပြီလား။

ကျွန်မက မျက်နှာတွေကို မပတ်တတ်ဘူး။ မျက်လုံးတွေကို မပတ်တတ်ဘူး။

မျက်လုံးတွေကိုပတ်တတ်ဖို့ ကျွန်မ အများကြီး ကြိုးစားရဦးမယ်ဆိုတာ ကျွန်မ သိပါတယ်။

ကျွန်မ ဘာမှမလုပ်ချင်လို့ အခန်းထဲမှာလှဲအိပ်နေတဲ့အချိန်တွေက ကြာနေပြီ။ ဒါနဲ့ပဲ မှတ်တမ်းလေးရေးပါမယ်လို့ စာအုပ်နဲ့ ဘောလ်ပင်ကိုယူပြီး အိမ်ရှေ့ဝရံတာမှာ ထွက်ထိုင်နေမိတယ်။ ကျွန်မ မနေ့ကညနေအကြောင်းကို ရေးရမှာ။ ဒါပေမဲ့ မရေးနိုင်သေးဘူး။

ပမခက်ရဲ့ မျက်လုံးတွေကို ပြန်မြင်နေမိတယ်။

'ညီမ ညီမဘာလုပ်လိုက်မိတယ်ဆိုတာ ကိုယ့်ကိုယ်ကို သိရဲ့လား'

မမခက်ရဲ့ရှုးရှုးရှုရှု စကားသံကို ကျွန်မ အခုထိ ပြန်ကြားနေတုန်းပါပဲ။

ဟင့်အင်း။ ကျွန်မ ဘာမှမလုပ်မိပါဘူး။

ဘာလုပ်မိလို့လဲ။

ဆရာ ဘုန်းကြီးကျောင်းကို နောက်ထပ် တစ်ခေါက်ထပ် လာမယ်လို့ ကျွန်မ ဘယ်လိုလုပ်သိမှာလဲ။ ဆရာက လာခဲ့မယ်လို့ တစ်ခွန်းတစ်စမှ မပြောခဲ့ဘူးလေ။

ကျွန်မတို့ စာသင်ခန်းထဲကနေ ထွက်လာတော့ အေးအေးဆေးဆေးပဲ။ စွယ်တော်ပွင့်တွေကို တက်မနင်းချင်လို့ ခြေဖဝါးချရမဲ့နေရာကို ရွေးပြီး ဟိုခုန်သည်ပေါက်လုပ်လာခဲ့တာ။ ကျောင်းဝင်းအပြင်ထွက်ဖို့ ရေကန်ကြီးနားကို ရောက်တော့မှ ရပ်ထားတဲ့ မီးခိုးရောင်



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကို မြင်လိုက်ရတာ။ အဲဒါဆရာ့ကားပဲ။ ကျွန်မ မှတ်မိတာပေါ့။ အဲဒီအချိန်မှာပဲ ကားတံခါးဖွင့်ပြီး ဆင်းလိုက်တဲ့ ဆရာ့ကို မြင်ရတယ်။

'ဆရာ'

ကျွန်မ ခြေလှမ်းသွက်သွက်နဲ့ ဆရာ့ဆီကို လျှောက်သွားတဲ့ အခါ ဆရာကလဲ ကျွန်မတို့ဆီကို လျှောက်လာတယ်။

'ဆရာ သမီးဆီလာတာလားဟင်'

ဆရာနဲ့ကျွန်မ မျက်နှာချင်းဆိုင်မိတော့မှ ဆရာဟာ ကျွန်မကို ကြည့်မနေဘူးဆိုတာ သိသွားတယ်။

ဟင် ဆရာ့မျက်နှာကတည်တည်ကြီး။ ဆရာက ကျွန်မကို ကျော်ပြီး နောက်ဘက်ကို ကြည့်နေတာ။ ကျွန်မ ခြေစုံရပ်လိုက်ပြီး နောက်ပြန်လှည့်ကြည့်လိုက်တယ်။

မမခက်။

မမခက်ရဲ့မျက်နှာက ကျွန်မ တစ်ခါမှမမြင်ဖူးတဲ့ အမူအရာနဲ့။ တင်းမာနေတာလား။ တုန်လှုပ်နေတာလား။ စိုးရိမ်ပူပန်နေတာလား။ ခါတိုင်းနဲ့မတူဘဲ တောင့်တောင့်ကြီးဖြစ်နေတာတော့ အမှန်ပဲ။

ဒါပေမဲ့ အဲဒီအမူအရာက ခဏလေးပါ။ ခဏလေးအတွင်း မမခက်က ခေါင်းတစ်ချက်ခါယမ်းပစ်လိုက်တယ်။ ပြီးတော့ ဘယ်သူ့မှ မကြည့်ဘဲ ကျွန်မဘေးနားကနေ ခပ်သွက်သွက်လျှောက်ပြီး ကျော်ဖြတ် သွားတယ်။

'စိမ်း'

ဆရာ့အသံ။

စိမ်း ဆိုတာ မမခက်ကို ခေါ်တာမဟုတ်လို့ ဘယ်သူ့ကို ခေါ်တာဖြစ်မှာလဲ။ ခက် စိမ်း နွယ် ဆိုတဲ့ မမခက်ပါပဲ။

ကျွန်မဆီကိုရောက်လာတဲ့ ဇီဇဝါနဲ့ လုလုက ကျွန်မနဲ့





အတူတူ ခြေစုံရပ်သွားပြန်တယ်။ ကျွန်မတို့သုံးယောက်လုံးက မမခက်နဲ့ ဆရာ့ကိုပဲ တစ်လှည့်စီငေးမောကြည့်နေကြပါတယ်။ ဆရာက မမခက် နဲ့အတူလျှောက်ဖို့ ခြေလှမ်းပြင်တော့ မမခက်က မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်တယ်။ သူလျှောက်နေတဲ့ခြေလှမ်းကိုတော့ မရပ်ဘူး။

'စိမ်း ကျွန်တော်တို့ ခဏလောက် စကားပြောကြရအောင် လေ'

ဆရာ့အသံက တည်တည်ငြိမ်ငြိမ်။ ဒါပေမဲ့ တိုးတိုးလေး။

'ကျွန်မတို့ဘယ်တုန်းက သိခဲ့ကြဖူးလို့လဲ'

မမခက်ရဲ့အသံက မငြိမ်မသက် လှုပ်ခတ်တင်းမာနေတာမို့ အသံထဲမှာတင် ကျွန်မ နားလည်လိုက်တယ်။ မမခက်နဲ့ဆရာနဲ့ သိခဲ့ ကြဖူးလိမ့်မယ်။ ရင်းရင်းနှီးနှီး သိခဲ့ကြဖူးလိမ့်မယ်။

'စိမ်း'

မမခက်က လှည့်မကြည့်ဘဲ ဆက်လျှောက်သွားတော့ ဆရာ က အပြေးလိုက်သွားတယ်။

အဲ။ ကျွန်မတို့သုံးယောက် ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ရပ်ကျန်နေခဲ့ကြရတာပေါ့။

'စိမ်း ကျွန်တော်မေးစရာလေးတစ်ခုရှိလို့ပါ။ ငါးမိနစ်ပဲ အချိန်ကြာပဲ့မေးခွန်းလေးပါ'

မမခက်က လုံးဝမရပ်ဘဲ ဆက်လျှောက်တော့ ဆရာက ဘေး ကနေ လိုက်လျှောက်သွားတယ်။ ကျွန်မတို့နဲ့ ဝေးသွားတော့ စကား သံတွေကို သဲ့သဲ့ပဲ ကြားရတော့တယ်။

'ကျွန်တော့်ဘဝမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုချရ တော့မှာမို့ ကျွန်တော်သိချင်တာတစ်ခုကို မေးချင်တယ်စိမ်း။ မေးခွန်း တစ်ခုတည်းပါ'

မမခက်က ဖြန်းခနဲ ခြေစုံရပ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မမခက်ကို မီအောင် ခြေလှမ်းသွက်သွက်လိုက်နေတဲ့ ဆရာက မမခက်ရပ်လိုက်တော့ မမခက်နဲ့ ထိကပ်မလိုဖြစ်သွားတာကို ကျွန်မမြင်လိုက်ရပါတယ်။ မမခက်က ဆရာ့မျက်နှာကို စူးစူးရှရှ စိုက်ကြည့်နေတဲ့ မျက်လုံးတွေဟာ မီးတောက်နေသလိုပဲ။ ဒေါသတွေ အမုန်းတွေ နာကျည်းချက်တွေ ဘုရားဘုရား အဲဒါတွေကို ကျွန်မ မမခက်ဆီမှာ တစ်ခါမှ မမြင်ဖူးပါလား။ ကျွန်မ ရင်တွေ တလှပ်လှပ်တုန်လာလို့ ဇီဇဝါ့လက်ကို လှမ်းဆုပ်ကိုင်လိုက်ရတယ်။ အဲဒီတော့မှ ကျွန်မ လက်ဖျားတွေ ရေခဲကိုင်ထားသလိုပဲ အေးစက်တုန်ခဲနေတာကို သတိထားမိသွားပါတော့တယ်။ ဇီဇဝါက ကျွန်မလက်တွေကို သူ့လက်တွေနဲ့ ထွေးဆုပ် ညှစ်ပေးတယ်။

'ရှင်နဲ့ကျွန်မနဲ့ကြားမှာ ဘာအဖြေမှမရှိနိုင်ဘူး'

မမခက်က ကျွန်မတို့ဘက်ကိုလှည့်ကြည့်ပြီး လှမ်းခေါ်ပါတယ်။ ကျွန်မတို့ လိုက်သွားရမလား။ ဆရာ့ကို ကြည့်တော့ ဆရာက တင်းကျပ်မှုန်မှိုင်းနေတဲ့မျက်နှာနဲ့ ကျွန်မတို့ကို စိတ်ပျက်လက်ပျက် ကြည့်နေသလိုပဲ။

'ဇိမ်း ကျွန်တော် ဒီမှာ မနေချင်ပါဘူး။ ဇိမ်းရဲ့အိမ်ကို လာခဲ့မယ်။ ဘယ်ကိုလာရမလဲ'

မမခက်က လုံးဝမဖြေဘဲ သူ့ကားရပ်ထားတဲ့ ကွက်လပ်ဆီကို ခပ်သွက်သွက်လျှောက်သွားနေတယ်။ ဆရာက အပြေးလိုက်တော့မလို လုပ်ပြီးမှ ရပ်ပြီးကျန်ခဲ့ပါတယ်။

ကျွန်မတို့သုံးယောက်မှာ ဆရာ့ကို ပြုံးပြရမလား။ မမြင်ချင်ယောင်ပဲ ဆောင်လိုက်ရမလား။ ဆရာ့ကို ဘယ်လိုကြည့်ရမှန်း မသိတော့တာနဲ့ ဆရာ့ရှေ့က ခေါင်းလေးတွေငုံ့ပြီး လျှောက်လာခဲ့ကြတယ်။ မျက်စိထောင့်ကနေ ဆရာ့ကို ခပ်ရှန်းရှန်းမြင်ရသလောက်တော့ ဆရာနေရာမှာခြေစုံရပ်ပြီး ကျန်နေခဲ့ပါတယ်။



'တက်ကြ မြန်မြန် ငါ ဒီမှာ ကြာကြာမနေချင်ဘူး'

မမခက်ရဲ့ ပစ်ကပ်ကားပေါ် ကျွန်မတို့တက်လိုက်ကြတယ်။ ထုံးစံအတိုင်း ဇီဇဝါက ရှေ့ခန်းမှာ။ ကျွန်မနဲ့လုလုက နောက်ခန်း။

ကားထွက်လာတော့ ဆရာရှိရာကို မသိမသာလှည့်ကြည့်လိုက်တယ်။ ဆရာက ကျွန်မတို့ဘက်ကို ငေးမကြည့်နေပါဘူး။ မြေပြင်ကိုပဲ စိုက်ကြည့်နေတယ်။ မြေပြင်ပေါ်မှာ သူသိချင်တဲ့ အဖြေရှိနေသလိုလို။ ပန်းပွင့်ကြွေတွေကနေပဲ ပော်တန်ခိုးနဲ့ တစ်ခုခုဖြစ်လာတော့မလို။ အကြာကြီးပဲ။

ကျွန်မ ဆရာ့ကို သနားစိတ်ဝင်သွားတယ်။ အော် ဆရာရယ်။

ကျွန်မတို့လမ်းထိပ်ကိုရောက်တော့ မမခက်က ကားရပ်တယ်။ ကျွန်မ ဆင်းပြီးသွားတော့ 'အေသင် ရှေ့ခဏ လာဦး' လို့ အော်ပြောတယ်။

မမခက်နားကို လျှောက်သွားတဲ့အချိန်မှာ ကျွန်မ ခြေလှမ်းတွေ တရွတ်တိုက်နေတယ်။

'ညီမ ဘာလုပ်လိုက်ပြီတယ်ဆိုတာ ကိုယ့်ဟာကိုယ်သိရဲ့လား' မမခက်ရဲ့ မျက်နှာထားကြောင့် ကျွန်မ ဝမ်းနည်းလိုက်တာ။

'ဟုတ်ကဲ့ သမီး မှားသွားပါတယ်'

တကယ်တော့ ကျွန်မဘာလုပ်လိုက်မိမှန်း ဘာဖြစ်သွားမှန်း ကျွန်မဟာကျွန်မ မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သို့-ခက်ksn@mail4U.com.mm
မှ-အေသင်<hami@mptmail.net.mm
အကြောင်းအရာ-ခွင့်လွှတ်ပါ
ဆရာမ
ဆရာကျောင်းကိုလိုက်လာလိမ့်မယ်လို့ သမီးတကယ်မသိပါဘူး။
ဆရာ့ကို သမီးခေါ်လာတာလုံးဝမဟုတ်ပါဘူး။ အရင်တစ်ခါတုန်းက
တော့ ကျောင်းကို ခေါ်လာဖူးပါတယ်။ အခုတော့ သမီးလုံးဝ မသိ
လိုက်ပါဘူး။
ဒါပေမဲ့ သမီးပြောလို့ ဆရာမဒီမှာစာသင်တာကို ဆရာသိသွားတာမို့
သမီးကိုခွင့်လွှတ်ပါနော်။ အဲဒီလိုကြီးဖြစ်နေလိမ့်မယ်လို့ မသိခဲ့လို့ပါ။
သမီးမှားပါတယ်။
လေးစားစွာ
အေသင်

........................................................................

သို့-အေသင်<hami@mptmail.net.mm
မှ-ယုယ<green@mptmail.net.mm
အကြောင်းအရာ-မနေ့က
အေသင်
မနေ့က ညနေမှာ နင်တို့အိမ်ကို ငါလာသေးတယ်။ ဒါလီပြောလား
နင်အိပ်နေတယ်ဆိုလို့ ငါပြန်သွားတာ။ အကြောင်းထူးထူးခြားခြား
တော့မရှိပါဘူး။ မနေ့က ငါကျောင်းမတက်ဖြစ်လို့ နင့်ကိုစာမေးဖို့
လာတာပါ။
နင်နေမကောင်းဘူးလား။ ညနေအချိန်ဆိုတာ နင် ဘယ်တုန်းကမှ





အိပ်မနေခဲ့ဖူးတဲ့အချိန်။ နင် ဘာဖြစ်နေလဲ။ အဆင်ပြေရဲ့လား။
စိတ်မှန်သော
ယုယ

........................................................................

သို့-ယုယ<green@mptmail.net.mm
မှ-အေသင်<hami@mptmail.net.mm
ပြန်စာ-မနေ့က
ယုယ
ငါနေကောင်းပါတယ်။ စိတ်နဲနဲညစ်နေလို့။ အလုပ်နဲ့မဆိုင်ပါဘူး။
အင်းလေ ဆိုင်တယ်လို့လဲ ပြောလို့ရတယ်။
ငါလေ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို မကြိုက်ဘူးဟာ။ ငါ အတယ်။
မအချင်ဘူး။ ရှေ့ကို ဘာဖြစ်မယ်လို့ ကြိုမြင်ချင်တယ်။ မမြင်တော့
ခံရတယ်။
စိတ်မှန်သော
အေသင်

........................................................................

သို့-အေသင်<hami@mptmail.net.mm
မှ-ယုယ<green@mptmail.net.mm
ပြန်စာ-မနေ့က
အေသင်
ငါတို့အားလုံး ကိုယ့်ကိုယ်ကို တစ်ခါတစ်ခါ မကြိုက်ကြပါဘူး။ မပြော
ချင်ပေမဲ့ ပြောလိုက်မိသွားတဲ့စကားတွေ၊ မလုပ်ချင်ပေမဲ့လုပ်လိုက်
မိပြီးသွားတာတွေ အများကြီးပဲ။ ငါတို့ပညာတွေ ပိုတတ်လာတဲ့အခါ
အတွေ့အကြုံတွေများလာတဲ့အခါ ငါတို့ စမတ်ကျကျ နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါ။ စိတ်မညစ်ပါနဲ့ဟာ။
ညနေရုံးဆင်းရင် နှင်တို့ဆိုင်ကို ငါလာခဲ့ဦးမယ်။ ငါ့ဆရာမက သိမ်
ဆင်းလောင်းဖို့ လှူဖွယ်ပစ္စည်းတွေလာဝယ်မလို့တဲ့။
စစ်မှန်သော
ယုယ

---

အေသင်
နေမကောင်းဘူးလား။ နှင့်မျက်နှာညှိုးနေတယ်။
နှင်စောစောတုန်းက ကွန်ပျူတာမှာ
သဲကြီးမဲကြီးလုပ်နေတုန်း နောက်ကနေ ဒေါ်သေးမျှင်
ဖြတ်လျှောက်ပြီး ကြည့်သွားတယ်။
အားတဲ့အချိန်မဟုတ်ရင် အီးမေးလ်တွေမသုံးနဲ့လေ။
အပြောခံနေရဦးမယ်။
သူခိုင်းထားတာပြီးပြီလား။ ငါ ဘာကူလုပ်ပေးရမလဲ
အခုလိုပဲ စာလေးရေးပြီး ငါ့စားပွဲကို
လှမ်းပစ်ပေးလိုက် နော်။
ချစ်တဲ့
မှုန်

---



---

မှုန်
ငါနေကောင်းပါတယ်။ ငါ့ကိုယ်ငါမကြိုက်လို့
စိတ်ညစ်နေတာ။ တစ်ချိန်ချိန်ကျရင်တော့
နှင့်ကို ပြောပြမယ်။ အခုတော့ပြောလို့ မရသေးဘူး။
ဒေါ်သေးမျှင်ဘာပဲထင်ထင်
ငါဂရုမစိုက်နိုင်သေးဘူး။ အဲဒါထက်စိတ်ညစ်စရာ
ရှိနေတာကိုး။
ချစ်တဲ့
အေသင်

---

✉သို့-အေသင်<hami@mptmail.net.mm
မှ-ခက် ksn@mail4U.com.mm
ပြန်စာ–ခွင့်လွှတ်ပါ
အေသင်
ညီမကို မမအပြစ်မတင်ခဲ့သင့်ဘူး။ အဲဒီတုန်းက စိတ်လှုပ်ရှားသွားလို့
ဆူလိုက်မိတာ။ တကယ်တော့ ဒါညီမအပြစ်မဟုတ်ဘူးလေ။ ညီမမှ
မသိတာ။ စိတ်လဲမဆိုးပါဘူး။ ခွင့်လွှတ်ပါတယ်။ စိတ်မညစ်နဲ့နော်။
အားလဲမငယ်နဲ့။ မမတို့အတွက်နဲ့ အေသင့်အလုပ်လဲ ထိခိုက်မခံပါနဲ့။
ဝမ်းနည်းစရာကောင်းတာက မမ ဘုန်းကြီးကျောင်းကနေထွက်လိုက်
ရတော့မယ်။
စစ်မှန်သော
ခက်



www.burmeseclassic.com

www.burmeseclassic.com



မိဒီယာအင်နီရှေးတစ်ဗ် အဆိုဆီယေးရှင်း
တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအားလုံးသိစေရန်။

မိဒီယာအင်နီရှေးတစ်ဗ်အဆိုဆီယေးရှင်းအနေဖြင့် ဝန်ထမ်းများ အလုပ်လုပ်ရာတွင် လွယ်ကူချောမွေ့စေရန်လည်းကောင်း၊

ကမ္ဘာအရပ်ရပ်နှင့် ဆက်သွယ်သတင်းယူသည့်နေရာတွင် မြန်ဆန်ခေတ်မီစေရန်လည်းကောင်း၊

ဝန်ထမ်းတိုင်းအား အင်တာနက်နှင့် အီးမေးလ်ကိုလွတ်လပ်စွာ အချိန်ပြည့် ကိုင်တွယ်အသုံးပြုခွင့် ပေးထားခဲ့သည်။

ထိုခွင့်ပြုမှုကို အလွဲသုံးစားပြုလုပ်လျက် ရုံးချိန်တွင် ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် အင်တာနက်နှင့်အီးမေးလ်ကို အသုံးပြုနေသည်ကို မကြာခဏ တွေ့ရှိရသည်။ ထို့ကြောင့် နောက်နောင်တွင် အင်တာနက်နှင့်အီးမေးလ်ကို ကိုယ်ရေးကိုယ်တာအတွက် ရုံးချိန်တွင် အသုံးမပြုကြရန်နှင့် တွေ့ရှိပါက ထိရောက်ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အလေးအနက်သတိပေးလိုက်သည်။

တင်လေးနိုင် (ဝန်ထမ်းကြီးကြပ်)
လူအရင်းအမြစ်ကွပ်ကဲရေးအပိုင်း
မိဒီယာအင်နီရှေးတစ်ဗ် အဆိုဆီယေးရှင်း

မိတ္တူ
၁။ ဒေါက်တာဟန်သာ အုပ်ချုပ်ရေးမှူး
၂။ ဒေါက်တာလှသက်ဝေ ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲရေးမှူး
၃။ ဝန်ထမ်းများ





ရ=ရှင်းရှင်းလေးပါနော်

ဒေါ်သေးမျှင်က ကျွန်မကို ဘာဖြစ်လို့မကြည်လင်တာလဲ လို့ အရင်တုန်းက ကျွန်မတွေးကြည့်ဖူးတယ်။ အခုတော့ လုံးဝမတွေးတော့ပါဘူး။ သူ့ဟာသူ မွန်ပြီးဖြစ်နေတာ ဖြစ်စမ်းပါစေ။ ကျွန်မ ရုံးရဲ့ ပျက်စီးမဲ့ဟာကို မလုပ်ဘူး။ တစ်ခါတစ်ခါလေး အီးမေးလ် ပို့တာကို သူက မနာလိုတိုရှည်ဖြစ်နေတာ။ သူ့မှာ အဲဒီလို အီးမေးလ် ပို့ရမဲ့ သူငယ်ချင်းမရှိလို့ ဖြစ်မှာပေါ့။

နောက်တစ်ခါ သူ့အရိပ်အခြည်ကြည့်ပြီးမှ အီးမေးလ်သုံးမယ်လေ။

ဒီကနေ့ ကျွန်မရယ်၊ ယုယရယ်၊ ဇီဇဝါရယ် ဘုန်းဘုန်းဆီမှာ အလှူငွေတွေအပ်ကြတယ်။ ဘာရမလဲ။ စင်ထရယ်ဝန်ထမ်းတွေဆီကလဲ အလှူငွေကောက်ထားတာပေါ့။ ကျွန်မတို့ ဒဂုန်စင်တာ ဘရန့်ချ်က မန်နေဂျာမမက သုံးထောင်ထည့်ထားတယ်။ ပျော်လိုက်တာ။

ယုယအလုပ်ရှင်ဆရာမက အလှူငွေငါးထောင်ထည့်လိုက်တယ်။ ယုယအလုပ်ရှင်အစ်မကြီးကို ကျွန်မ မှတ်မိနေတယ်။ ကျွန်မတို့ စင်ထရယ်ကို ခဏခဏဈေးလာဝယ်တာလေ။ သူ့ကို ဘာဖြစ်လို့ ကျွန်မမှတ်မိနေလဲဆိုတော့ ဈေးဝယ်လာတိုင်း သူ့အဝတ်အိတ်လေးကိုပဲ သယ်သယ်လာတယ်။ ကျွန်မတို့ဆီကထည့်ပေးတဲ့ ကြွပ်ကြွပ်အိတ်ကို မယူဘူး။

'နေပါစေညီမ ဒီအိတ်ထဲပဲ ထည့်ပေးနော်' လို့ အမြဲပြောတာ။ ပထမတော့ ကျွန်မ အံ့သြမိတယ်။ ဒါပေမဲ့ ဘာမှ မမေးဘဲ သူပြောတဲ့အတိုင်းထည့်ထည့်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လောတုန်းကတော့ ယုယနဲ့နှစ်ယောက်အတူ ဈေးလာ ဝယ်ကြတယ်။ အဲဒီတော့မှ အလုပ်ရှင်ဖြစ်နေမှန်း သိရတော့တယ်။ ကျွန်မ မအံ့သြတော့ဘူး။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ အစည်းကလူပဲ။ ကျွန်မပကိုတောင် ဒေါ်သိဂ်ါက တရားတွေဟောသွား သေးတယ်။ ကြွပ်ကြွပ်အိတ်ရဲ့ဆိုးကျိုးတွေပေါ့။

'အေသင် နင့်ဘော့စ်က ငွေမလှူဘူးလား'

'မလှူဘူး'

'ဟား ကတ်စေးကုပ်တယ်'

ကျွန်မတို့ရတဲ့ ပိုက်ဆံက အခုဆိုရင် တစ်သိန်းလေးသောင်း ခြောက်ထောင့်ငါးရာရှိနေပြီ။ မိုးမရွာခင်ရေမြန်မြန်စုပ်ထုတ်မှဖြစ်မယ်။ ဒါတောင် သင်္ကြန်တွင်းတုန်းက သင်္ကြန်မိုးရွာလိုက်တာ တော်တော် များသွားတယ်။

နောက်လထဲမှာပဲ ကျွန်မတို့ ရေကန်ကြီးထဲကရေတွေကို စုပ်ထုတ်ကြတော့မယ်။ လာမဲ့တနင်္ဂနွေနေ့မှာစလုပ်ဖို့ ရွေးထားပါတယ်။ တနင်္ဂနွေနေ့သုံးရက်လောက်တော့လုပ်ရမယ်လို့ ထင်တယ်။

'အဲဒီနေ့ကျရင် မိန်းကလေးရယ်လို့ ခေါင်းရှောင်လို့ မရဘူး နော်။ နင်တို့ နေရာတကာ ဂျင်ဒါညီမျှရေး-ဂျင်ဒါညီမျှရေးနဲ့ အော်နေ တာ။ အလုပ်လုပ်တဲ့အခါလဲ ဂျင်ဒါညီညီမျှမျှပဲ ဒါပဲ။ ငါတို့နဲ့အတူတူ အလုပ်လုပ်ရမယ်။ ရေကန်အောက်ထဲထိဆင်းရမယ်။

'ပြီးရင် ရေကန်ကြီးပတ်လည်မှာ စိုက်ရမဲ့သစ်ပင်တွေရွေး မယ်။ မဲနဲ့ရွေးမယ်နော်။ မဲများတဲ့အပင်ကို စိုက်မယ်။ ပေါက်တတ်ကရ အကြံတွေကို လက်မခံဘူး'

ကျွန်မက နှင်းဆီပင်တွေစိုက်ဖို့ အကြံပေးဖူးတာကိုး။ အိုး ရေကန်မွေးပွဲ့လုပအောင်လို့လဲ အကြံပေးရသေးတယ်။ နေပေါ့။





## ကျန်းမာပျော်ရွှင်ဂျာနယ်

အတွဲ ၁ အမှတ် ၃၉ စာမျက်နှာ ၂ ကော်လံ ၁

**မီဒီယာအင်နီရှေးတစ်စ်၏ အိပ်ချ်အိုင်ဗွီ အိတ်ဒ်စ်အလုပ်ရုံ သင်တန်း**

စာနယ်ဇင်းနှင့်အခြားမီဒီယာများကို လှုံ့ဆော်စည်းရုံးရေး တွင် ရှေ့ဆုံးမှပါဝင်နေသည့် မီဒီယာအင်နီရှေးတစ်စ် အဖွဲ့ အစည်းသည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် အိပ်ချ် အိုင်ဗွီ/အိတ်ဒ်စ်အကြောင်း သိကောင်းစရာများအား အလုပ်ရုံ သင်တန်းတစ်ခု ဖွင့်လှစ်ပို့ချခဲ့ရာ လူမှုရေးစိတ်ဓါတ်ထက် သန်သူ လူငယ်ဆယ့်ငါးဦးခန့် တက်ရောက်ခဲ့ကြသည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် သွေးထဲ၌ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံ နေရသူ လူဦးရေ ၃၃၈၉၁၁ဦးခန့် ရှိသည့်အနက် အဓိက ကူးစက်နည်းလမ်းမှာ လိင်မှုတစ်ဆင့်ဖြစ်ကြောင်း၊ နယ်စပ်သို့ တရားမဝင်အလုပ်သွားလုပ်ခဲ့ဖူးသူများ၊ လူကုန်ကူး အမြတ် ထုတ်ခံခဲ့ရသူများတွင် ကူးစက်မှုနှုန်းများပြားနေကြောင်း သိရသည်။

အိပ်ချ်အိုင်ဗွီပိုးကို မပွားအောင် တားဆီးကုသနိုင်သည့် ဆေးဝါး အေအာရ်ဗွီဆေး (Anti Retro Viral)Drugကို လူနာများ လက်ခံရယူနိုင်ခြင်း ရှိမရှိမေးမြန်းရာ လူဦးရေ ၁၀၀၀ ခန့်ကိုသာ ဆေးမျှဝေပေးနိုင်ကြောင်း၊ ဆေးဝါးမရရှိ နိုင်သည့် လူဦးရေအချိုးအဆမှာ တရားဝင်စာရင်းအရ ပိုးရှိသူ ၃၃၀၀၀တွင် ၁ယောက်သာ ဖြစ်နေကြောင်း။

ရ ကော်လံ ၂သို့



www.burmeseclassic.com

www.burmeseclassic.com



**HIV/AIDS MEDIA INITIATIVE ASSOCIATION**
**No..... Kabaraye Pagoda Road, Bahan Township, Yangon**

ဝန်ထမ်းအားလုံး သိစေရန်

ရက်စွဲ- ၁၄မေ၊ ၂၀၀၄ ခုနှစ်

နံနက်၁၀နာရီအချိန်တွင် အရေးပေါ်ဆွေးနွေးစည်းဝေးမည်ဖြစ်သဖြင့် အစည်းအဝေးခန်းမသို့ မပျက်မကွက် အရောက်လာကြရန်။

ဒေါက်တာဟန်သာထင်လင်း
အထွေထွေအုပ်ချုပ်ရေးမှူး

**HIV/AIDS MEDIA INITIATIVE ASSOCIATION**
**No....Kabaraye Pagoda Road, Bahan Township, Yangon**

အစည်းအဝေးမှတ်တမ်း။ ရေးမှတ်သူ ပန်းမြမှုန်

ဆရာဒေါက်တာဟန်သာထင်လင်းက ထိုနေ့က အင်တာဗျူး လက်ခံဖြေဆိုသူများကို သူမှတ်စုစာအုပ်မှ ပြန်ကြည့်ပြီး တိုက်ဆိုင် စစ်ဆေးသည်။ ဒေါက်တာဟန်သာက ချိန်းဆိုမှု



တစ်ခုရှိသဖြင့် အင်တာဗျူးမေးချိန်တွင် မရှိ။

အင်တာဗျူးဖြေဆိုသူများမှာ ဒေါက်တာလှသက်ဝေ၊ ဒေါ်တင်လေးခိုင်၊ မနွယ်နီလှိုင်တို့ ဖြစ်သည်။ ဖြေဆိုသူများကလည်း ဟုတ်ပါသည်ဟု ဝန်ခံသည်။

နယ်စပ်တွင် သွားရောက်အလုပ်လုပ်နေသူများ၊ လူကုန်ကူး အမြတ်ထုတ်ခံရသူများတွင် ကူးစက်နှုန်းများပြားသည် ဟူသည့် အချက်ကို မည်သူက ဖြေလိုက်မိသည်ဟု စစ်ဆေးသည့်အခါ မည်သူမှု မဖြေပါဟု အဖြေရရှိသည်။

ဒေါက်တာဟန်သာထင်လင်းက ဘယ်သူမှ မဖြေဘဲ ဘာကြောင့် ထိုကောက်ချက်က ပါဝင်နေရသလဲ ဟု မေးသည်။

ထိုနေ့က အင်တာဗျူး အမေးနှင့်အဖြေတွေကို အတိအကျ သိချင်သည်ဟု ဒေါက်တာဟန်သာက တောင်းဆိုသည်။

၁။ ဆွေးနွေးပွဲမှတ်တမ်းကို ပြန်ရှာခိုင်းသည်။

သင်တန်းပို့ချချက်များနှင့် ဆွေးနွေးချက်များကို မှတ်တမ်းပြုစု ထားသော်လည်း ဂျာနယ်အင်တာဗျူးဖြေဆိုမှုများကို မှတ်တမ်းတင်ထား ခြင်းမရှိ။

ဒေါက်တာဟန်သာက နောက်တစ်ကြိမ် အစည်းအဝေးပြုလုပ်သည် ဖြစ်စေ၊ အလုပ်ရုံသင်တန်းဆွေးနွေးပွဲပြုလုပ်သည်ဖြစ်စေ မှတ်တမ်းပြုစုရန် အသေင်မိုး တာဝန်ယူရမည် ဟု အမိန့်ချသည်။

ဒေါ်တင်လေးခိုင်က အေသင်မိုးသည် အခုမှနှစ်လ အစမ်းခန့်အဖြစ် အလုပ်လုပ်နေဆဲဖြစ်သောကြောင့် နောက်တစ်ကြိမ် အစည်းအဝေးတွင် အေသင်မိုး ရှိမရှိ မသေချာကြောင်း၊ ထို့ကြောင့် အမြဲတန်းခန့်ထားပြီးသူ တစ်ယောက်ယောက်ကိုသာ ထိုတာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



မေးသင့်ကြောင်း ထောက်ပြဆွေးနွေးသည်။

ဒေါက်တာဟန်သာက ဒါဖြင့် လောလောဆယ် ပန်းမြမှုန်

၂။ တိတ်ခွေကူးထားတာရှိသလား ဟု မေးသည်။

တိတ်ခွေကူးမထားပါ။ အင်တာဗျူးမေးသူကလည်း တိတ်ရီကော်ဒါ မသုံးဘဲ မှတ်စုစာအုပ်တွင် လက်ရေးဖြင့်သာ ရေးမှတ်သွားကြောင်းသိရ သည်။ ထိုအခါ ဒေါက်တာဟန်သာက ထိုအချက်ကို မိမိသာဆိုလျှင် လုံးဝသဘောမတူနိုင်ဟု ဆိုသည်။

အင်တာဗျူးအမေးအဖြေတစ်ခုပြုလုပ်လျှင် ဖြေဆိုသူဘက်ကရော မေးသူဘက်ကပါ သက်သေအတိအကျ ပြဖို့လိုသည်။ ထို့ကြောင့် မေးသူက အသံဖမ်းယူမှတ်တမ်းတင်ရမည်။ အကယ်၍ မေးသူဘက်က အသံဖမ်းယူခြင်းမပြုခဲ့လျှင် ဖြေဆိုသူဘက်မှ အသံဖမ်းယူရမည်။ သို့မှသာ မိမိပြောခဲ့သော စကားကို မိမိသက်သေပြနိုင်ပြီး မိမိမပြောသောစကားများကို မိမိ မပြောပါဟု အခိုင်အမာငြင်းဆိုနိုင်မည်ဟု ရှင်းပြသည်။

ထို့နောက် အေသင်မိုးအား ထိုကိစ္စများကို အလုပ်စဝင်ကတည်းက ရှင်းလင်းမှာကြားခဲ့ပြီးသားဖြစ်သည်။ မှာကြားချက်ကို မလိုက်နာဘဲ အေသင်မိုး ပေါ့လျော့သည်ဟု အပြစ်တင်သည်။

နောက်တစ်ကြိမ် အင်တာဗျူးတစ်ခု လက်ခံပြီးလျှင် အသံဖမ်းစက်ဖြင့် မေးမြန်းဖြေကြားရန် အေသင်မိုးက သတိပေးရမည်ဟု တာဝန်ပေးသည်။

ဒေါ်တင်လေးနိုင်က အေသင်မိုးသည် အစမ်းခန့်ဝန်ထမ်းသာဖြစ်နေသေးသဖြင့် ထိုတာဝန်ကို အမြဲတန်းဝန်ထမ်းတစ်ယောက်ယောက်အား အစားထိုးပေးပါရန် ထောက်ပြတောင်းဆိုသည်။

ထိုအခါ ဒေါက်တာဟန်သာက ဒါဖြင့် လောလောဆယ်





ပန်းမြမှုန် တာဝန်ယူဟု ပြောသည်။

၃။ အမေးအဖြေစာမူကြမ်းကို ဂျာနယ်မှလာရောက်ပြသရန် သတိပေးတောင်းဆိုခဲ့သေးသလား ဟု မေးသည်။

တောင်းဆိုခဲ့ပါသည် သို့သော် လာမပြဖြစ်ဘူးထင်သည်ဟု ဒေါ်တင်လေးနိုင်က ဖြေသည်။

'ထင်သည်' ဟူသောစကားလုံးကို သဘောမကျကြောင်း၊ ပြတယ်မပြဘူး ဘာကြောင့် သေချာမပြောနိုင်ရသလဲဟု မေးသည်။

ပြင်ပမှစာအဝင်အထွက်ကို တာဝန်ယူထားသူက အေသင်မိုးဖြစ်ပြီး အေသင်မိုးက မိမိအားအစီရင်မခံသည့်အတွက် မိမိမသိကြောင်း ဒေါ်တင်လေးနိုင်က ဖြေရှင်းသည်။

အေသင်မိုးကို ဒေါက်တာဟန်သာက မေးသည်။

အမ်ဒီ – စာမူကြမ်း လာမပြဘူးလား

အေသင်မိုး – လာမပြပါဘူး

အမ်ဒီ – လာမပြရင်သွားတောင်းပြီး ငါ့ကို လာပြရမယ်။ မီဒီယာတွေနဲ့ဆက်ဆံရတဲ့ကိစ္စမျိုးမှာ ကိုယ်က ပေါ့လျော့ရင် ပြဿနာဖြစ်တဲ့အခါ ကိုယ့်ဘက်က သက်သေမရှိတော့ဘူးပေါ့။ နောက်တစ်ကြိမ်အင်တာဗျူးလုပ်ရင် စာမူကြမ်းကို ပြခိုင်းပါ။ သူတို့လာမပြရင် ကိုယ်က သွားယူပါ။ မိတ္တူတစ်စောင်သိမ်းထားပါ။ ကြားလား။

ဒေါ်တင်လေးနိုင် – ဆရာ အေသင်မိုးက

အမ်ဒီ – (လက်ကာပြလျက်) ကျွန်တော်သိပြီ၊ အေသင်မိုးက အစမ်းခန့်ဝန်ထမ်းဖြစ်နေလို့ အမြဲတန်းဝန်ထမ်း ပန်းမြမှုန်က တာဝန်ယူ။

ထို့နောက် အစည်းအဝေးကို နေ့လည် ၁၁နာရီဆယ့်ငါးမိနစ်တွင် ရုတ်သိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



✉သို့-ဉာဏ်သာnthar @eagle.com.mm
မှ-အေသင်athin@cartooners.com
အကြောင်းအရာ-ကံဆိုးတယ်။
ဉာဏ်သာရေ
ငါအခုတလော ကံတော်တော်ဆိုးနေပါလား။
ဟိုနေ့က ကျွန်းမာပျော်ရွှင်ဂျာနယ်အင်တာဗျူးမှာ ထည့်မပြောသင့်တဲ့စကားတချို့ကို ဘယ်သူထည့်ပြောလိုက်သလဲမသိဘူး။ ဟိုက ဖော်ပြလိုက်တယ်။ အဲဒီကျမှ ဆရာက သိသွားပြီး ငါတို့အားလုံးကို ခေါ်ဆူတယ်။
ဘယ်သူပြောတာလဲလို့ စစ်တယ်။ ပြောတဲ့သူ မပေါ်ဘူး။ ကိုယ့်တက်ကပြောသလားမပြောဘူးလား သေချာအောင် ကက်ဆက်နဲ့ မှတ်တမ်းမှတ်မထားလို့တဲ့ အားလုံးကို ဆူတယ်။
အသံဖမ်းစက်နဲ့မဖမ်းဘဲ မှတ်စုနဲ့မှတ်သွားတာကို ဒီအတိုင်း လက်ခံလိုက်လို့တဲ့ ငါ့ကို ဆူတယ်။
ဂျာနယ်က စာမူကြမ်းကို လာမပြတာကို ဒီအတိုင်း ကြည့်နေလို့တဲ့။ ငါ့ကိုပဲ ဆူတယ်။
ဝန်ကြီးဌာနတစ်ခုခုနဲ့မီဒီယာ အင်နီရေးတစ်ပ်ရဲ့ကြားမှာ တင်းမာမှုတွေ မယုံသင်္ကာတွေ မဖြစ်ချင်ဘူးတဲ့။ ဖြစ်လာခဲ့ရင် တာဝန်ရှိတဲ့သူ သွားတောင်းပန်ရမယ်တဲ့။ ငါကြောက်လိုက်တာ။
အရေးထဲမှာ ဒေါ်သေးမျှင်က ငါ့ကို အမြဲတန်းဝန်ထမ်းမဖြစ်စေချင်ဘူးလား မသိဘူး။ ကိုဟန်သာက ငါ့ကို နောက်တစ်ကြိမ် မဖြစ်စေနဲ့လို့ဆူတိုင်း သူက ဝင်ဝင်ပြီး ငါအစမ်းခန့်ဖြစ်ကြောင်း သတိပေးပေးနေတယ်။
သူ့ကြောင့်ကိုပဲ ငါနှစ်လပြည့်ရင် ထွက်ရတော့မယ်ထင်တယ်။





✉သို့-ယုယ<green@mptmail.net.mm
မှ-အေသင်@cartooners.com
အကြောင်းအရာ-ငါမကျေနပ်ဘူး
ယုယ
တစ်လောကလုံးကို ငါမကျေနပ်ဘူး။ လူတွေဟာ ဒီလိုပဲလား။ သူတို့မှားတဲ့ကိစ္စကို လက်အောက်ငယ်သားကို အပြစ်ပုံချတတ် သလား။ အောက်ကလူက ဘာမှငြင်းပိုင်ခွင့်မရှိတော့ဘူး။ ငါတို့ရုံးကလူကြီးတွေက မမိုက်ပါဘူးဟာ။
စိတ်ညစ်တယ်။ အော်ပစ်လိုက်ချင်တယ်။
အေသင်

..............................................................................................

✉သို့-အေသင်@cartooners.com
မှ-ယုယ@cartooners.com
ပြန်စာ-မကျေနပ်ဘူး
အေသင်
ပြဿနာတစ်ခုပေါ်လာရင် ဗိုက်အငှားနဲ့ခါးထိုးခံပေးမယ့်လူ လက်ညှိုးထိုးခံရမယ့်လူ လိုတယ်အေသင်။ အဲဒီလူကလည်း အငယ်ပိုင်းထဲကဖြစ်မှ အဖွဲ့အစည်းရဲ့ မူဝါဒPolicy နဲ့ Imageကို မထိခိုက်မှာပေါ့။ မူဝါဒချမှတ်တဲ့ လူရဲ့အမှား မဟုတ်ဘဲ လက်အောက်ငယ်သားရဲ့အမှားဖြစ်မှ အဖွဲ့သက်သာမယ်လေဟာ။
ဒီကိစ္စမှာတော့ ကိုဟန်သာက သူ့အမှားအဖြစ် ဝန်ခံလိုက်ပြီးပါပြီ။ သက်ဆိုင်ရာကိုလည်း သူတောင်းပန်လိုက်ရတာပေါ့။
စိတ်မညစ်ပါနဲ့။ အစစအရာရာ ပြေလည်သွားမှာပါ။
ယုယ

..............................................................................................



www.burmeseclassic.com

www.burmeseclassic.com



✉သို့–ယုယ@cartooners.com
မှ–အေသင်@cartooners.com
ပြန်စာ–မကျေနပ်ဘူး

ယုယ

နင်ပြောမှပဲငါသိတော့တယ်။ ကိုဟန်သာက တောင်းပန်လိုက်ရတာကို ငါမသိဘူး။ ဖြေရှင်းစရာရှိရင် ငါသွားရမှာလို့ ထင်ပြီး ကြောက်လည်း ကြောက်တယ်။ တစ်ခါမှလည်း ဘာဝန်ကြီးဌာနကိုမှ မရောက်ဖူးဘူးလေ။ ကိုဟန်သာတောင်းပန်ပြီးသွားပြီလို့ နင် ဘယ်လိုလုပ်သိလဲ။

စစ်မှန်သော
အေသင်

..........................................................................................................

✉သို့–အေသင်@cartooners.com
မှ–ယုယ@cartooners.com
ပြန်စာ–မကျေနပ်ဘူး

အေသင်

ဒီသတင်းက ချက်ချင်းပြန့်သွားတယ်။ ဂျာနယ်မှာ အဲဒီလိုပါကတည်းက နင်တို့အဖွဲ့တော့ ထောင်းခံရတော့မယ်ဆိုတာ ငါတို့ ခန့်မှန်းလိုက်မိပြီးသား။ ကိုဟန်သာတောင်းပန်တယ်ဆိုတာလည်း စာတင်ရတာကိုးဟ။ အဲဒီစာအကြောင်းက အခုဆိုရင် အန်ဂျီအိုတွေကြားမှာ ရေပန်းစားဆုံး ဘာသာရပ်ဖြစ်နေပြီပေါ့။

စစ်မှန်သော
ယုယ



ရ=ရှုပ်ထွေးလွန်းလှတယ်။

**HIV/AIDS MEDIA INITIATIVE ASSOCIATION**
**No.....Kabaraye Pagoda Road, Bahan Township, Yangon**

14-05-04

အေသင်
ညနေ အားရင် ငါ့အခန်းကို ခဏလာခဲ့ဦး။

ဟန်သာ
၄နာရီ၁၅မိနစ်

လောကကြီးဟာ ကျွန်မထင်ထားတာထက် ပိုရှုပ်ထွေးပါလားနော်။ ကျွန်မလေ ဒီမှာအလုပ်ဝင်တာ တစ်လတောင်မပြည့်သေးဘူး။ လူတွေမှာလျှို့ဝှက်မှုတွေကိုယ်စီနဲ့ဆိုတာ သိလာပြီ။ မမခက်ရေးထားတဲ့ အမှောင်ဘက်ခြမ်းရှိနေတဲ့ လတစ်စင်းစီဆိုတာ အခုမှပဲ နားလည်တော့တယ်။ ဆရာကလဲ လတစ်စင်းပဲ။ ဆရာ့မှာ အမှောင်ဘက်ခြမ်း ရှိမှာပဲ။ ကျွန်မပြင်ရတာက အလင်းဘက်ခြမ်းပဲ မြင်ရတာ။ ဆရာက သိပ်လျှို့ဝှက်တာပဲ။

ဆရာ စာလေးရေးပြီး ကျွန်မစားပွဲပေါ်လာတင်ထားတာက ခိုးကြောင်ခိုးဝှက်နိုင်လိုက်တာနော်။ ကျွန်မကို ဆူစရာရှိရင် လူရှေ့သူရှေ့

www.burmeseclassic.com

www.burmeseclassic.com



လဲ မရှောင်ပါဘူး။ အခုလို ဘယ်သူမှမသိအောင် တလေး လှစ်ခနဲ လာတင်ပေးတာ ဆူဖို့မဟုတ်ဘူးလို့ ကျွန်မ သိတယ်။

ဆူတော့ ဆူတာပေါ့လေ။ ဆူတာက အဓိကမဟုတ်ဘူး။

'ညည်းကို ငါက အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ဖို့ စိတ်ကူးထားပြီးသား။ ညည်းဘာဖြစ်လို့ အလုပ်ပေါ့လျော့ရတာလဲ'

ကျွန်မ အလုပ်ပြုတ်မှာကိုကြောက်တယ်။ ဒီအလုပ်ကို ကျွန်မ သဘောကျတယ်လေ။ ငွေသိမ်းဝန်ထမ်းလုပ်ရတာထက် စိတ်ဝင်စားစရာကောင်းတယ်။ တက်လမ်းတွေလဲ အများကြီးရှိ တယ်။ ဒါကြောင့် ကျွန်မ တောင်းပန်ရတာပေါ့။

'သမီး မှားသွားပါတယ်ဆရာ။ ဂျာနယ်တွေက အများကြီး လာကြတာ။ ဖြေတဲ့လူတွေထဲမှာလည်း သမီးမပါတော့ ပေါ့ပေါ့လေး ဖြစ်သွားမိတာ။ နောက်ကို အဲဒီလို မဖြစ်စေရပါဘူးဆရာ'

'တကယ်တန်းလူခန့်တဲ့ကိစ္စမှာ ငါသိပ်ဝင်ပါလို့ မကောင်းဘူး။ မနိုင်ကို ငါလွှဲထားတာ။ ဒါပေမဲ့ ညည်းကိုတော့ ငါ့ဆုံးဖြတ်ချက်နဲ့ အဝမ်းခန့်ပြည့်တဲ့အချိန်မှာ ပြန်မလွှတ်ဘဲ ဆွဲခေါ်ထားမယ် လို့ ငါ စဉ်းစားနေတာ'

အဲဒီလိုအဓိပ္ပါယ်နဲ့ ဆရာပြောတော့ ကျွန်မ ဆရာ့ကို ကျေးဇူးတင်မိပါတယ်။ ကျွန်မတို့အိမ်က နွမ်းပါးတယ်ဆိုတာလဲ ဆရာသိနေပြီးပြီပဲ။ သိပ်အပြစ်မကြီးဘဲနဲ့တော့ ကျွန်မကို အလုပ်ပထုတ်လောက်ပါဘူး။

'ငါတို့နှစ်ယောက်ကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့ အရေးကြီးနေပြီ။ ညည်းကို ငါယုံရမှဖြစ်မယ်။ ဘယ့်နှယ်လဲ'

'ဟုတ်ကဲ့ သမီးကို ယုံကြည်ပါဆရာ။ သမီးနောက်ကို ဆရာသင်တဲ့အတိုင်း အတိအကျနားထောင်ပါ့မယ်'



'အေး ဒါဆိုရင် ငါ ညည်းကို အလုပ်ဖြုတ်မပစ်ဘူး။ ဆက်ခန့်မယ်'

'သမီး ကျေးဇူးတင်ပါတယ်ဆရာရယ်။ သမီး ဆရာ့ကျေးဇူးကို မမေ့ပါဘူး။ ပြန်ဆပ်ပါ့မယ်'

'ဘယ်လိုဆပ်မှာလဲ'

ဆရာ့ကို မော့ကြည့်လိုက်တော့ ဆရာက ပြုံးစစနဲ့ကြည့်နေတယ်။ အို ကျွန်မ ဘာပြောရမှန်းမသိတော့ပါဘူး။ ဆရာ့ကိုပဲ ငေးကြည့်နေမိတော့တာပေါ့။

'ပြောလေ ဘယ်လိုကျေးဇူးဆပ်မလဲလို့'

'သမီး ဆရာ့အတွက် အလုပ်တွေအများကြီးလုပ်ပေးမယ်။ နောက်ပြီး'

ဆရာက ကျွန်မကို လက်ကာပြတယ်။

'အလကားနောက်တာပါကွာ။ မလိုပါဘူး။ ဒါပေမဲ့ ညည်းအပေါ်မှာ ငါသိတတ်သလို ညည်းငါ့အပေါ်မှာ ပြန်ကူညီခွင့်ရမှာပါ။ အခုတော့မဟုတ်သေးဘူး။ တစ်ချိန်ချိန်ပေါ့။ အပေးအယူလုပ်ကြမယ်လေ'

အပေးအယူဆိုတဲ့စကားကို ကျွန်မ နားမလည်ဘူး။

'ဘယ်လိုအပေးအယူလဲဆရာ'

'မေ့ထားလိုက်ပါ။ သွားသွား'

ကျွန်မ ဆရာ့အခန်းထဲက ထွက်သာလာရတာ စိတ်ကမရှင်းဘူး။ ဆရာ ကျွန်မဆီက ဘာတောင်းမှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



✉သို့-ယုယ<green@mptmail.net.mm
မှ-အေသင်@cartooners.com
အကြောင်းအရာ-ပန်းချီဆရာ
ယုယရေ
အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်အတွက် တို့ ရုံးကနေ ဂျာနယ်တွေ မဂ္ဂဇင်း တွေထဲမှာ ထည့်ဖို့ ကြော်ငြာသတင်းမက်ဆေ့ချ်ကလေးတွေ ပေးဖို့ဟာ။ ဒီဖိုင်းလုလုလေးနဲ့ ဆွဲဆောင်မှု ရှိရှိလေး လိုချင်တယ်တဲ့ အဲဒါ ဌါကို နင်ကူညီပါဦး။ ဘယ်ပန်းချီဆရာဆီ အပ်ရမလဲ။ နင်က အဲဒီဘက်မှာ ဗဟုသုတရှိလို့ မေးကြည့်ရတာ။
စစ်မှန်သော
အေသင်

.................................................................................

✉သို့-အေသင်@cartooners.com
မှ-ယုယ<green@mptmail.net.mm
ပြန်စာ-ပန်းချီဆရာ
အေသင်

အဲဒါ နင့် အထက်က လူတွေလုပ်ရမယ့်ကိစ္စလေ။ မီဒီယာ အင်နီရှေးတစ်ပ်လို့ နာမည်ခံထားရင် မြန်မာပြည်ရဲ့ မီဒီယာလောက မှာ ဘယ်ပန်းချီဆရာ၊ ဘယ်ဒီဖိုင်းဆရာက ယုံကြည်အားကိုးလို့ရ တယ်ဆိုတာ သိနေရမှာပေါ့။ နင့်လို ချွတ်လေးက သိမလား။ ငါလဲဒီဘက်မှာ မကျွမ်းဘူး။ ဆရာမခက်ကို မေးကြည့်ပါလား။
စစ်မှန်သော
ယုယ

.................................................................................





✉သို့-ခက် ksn@mail4U.com.mm
မှ-အေသင်@cartooners.com
အကြောင်းအရာ-ပန်းချီဆရာ
ဆရာမ
သမီးတို့ ရုံးက အိပ်ချ်အိုင်ဗွီအိတ်ဒ်စ် နဲ့ပတ်သက်တဲ့ ကြော်ငြာလေး တစ်ခုထည့်ချင်လို့ ဘယ်ဒီဖိုင်းဆရာနဲ့ အဆင်ပြေမလဲ သမီးကို အကြံပေးစေချင်ပါတယ်။ ဆရာမကို အကူအညီတောင်းဖို့ သမီး အကြာကြီးစဉ်းစားပါတယ်။ ဒါပေမဲ့ ဆရာမပဲ ကူညီနိုင်မှာမို့ပါ။ ဒီနှစ် အကြောင်းအရာက အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီး များဘာဝ မြင့်တင်စို့ တဲ့။ ဒီနှစ်ဆောင်ပုဒ်က Have you heard me today? တဲ့။ အဲဒီဆိုလိုရင်းကို ပါအောင် ဒီဖိုင်းလေးတစ်ခု လုပ်ချင်လို့ပါ။ သမီးကို ကူညီမလားဟင်။
စစ်မှန်သော
အေသင်

.................................................................................

✉သို့-အေသင်@cartooners.com
မှ-ခက်ksn@mail4U.com.mm
ပြန်စာ-ပန်းချီဆရာ
အေသင်
မမအကြိုက်ဆုံးဒီဖိုင်းဆရာကတော့ ကျော်မြင့်မောင်ပဲ။ သူက ဒီဖိုင်းလောကမှာ ဆရာကြီးပေါ့။ ကြေးလည်းသိပ်ကြီးတယ်၊ ဒါပေမဲ့ ဒါက အိပ်ချ်အိုင်ဗွီ အိတ်ဒ်စ်ကိစ္စ ဖြစ်တယ်။ ညီမတို့အဖွဲ့အစည်း ကလည်း စေတနာရှင်လူမှု ဝန်ထမ်းအဖွဲ့အစည်းဆိုတော့ သူက ဈေး လျှော့ပေးပါလိမ့်မယ်။ သူ့လိပ်စာကို မမ အတိအကျမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူငယ်ချင်းအယ်ဒီတာဆီကနေမေးပြီး ညီမကို ပြောပြမယ်။ မမကိုအားနာစရာမလိုပါဘူး။ ညီမတိုးတက်ဖို့အတွက်ဆိုရင် မမ ကူညီဖို့အဆင်သင့်ပါပဲ။ ဟန်သာရဲ့တပည့်ဖြစ်နေပေစေဦးတော့ ညီမ နာမည်ရဖို့အတွက် မမကူညီမှာပါ။

စစ်မှန်သော
ခက်

အောင်စာပေ
အမှတ် ၁၉၂ သီတဂူလမ်း။ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Email eden@myanmar.com.mm

ကောသင်
ညီမ ကျောင်းမလာတာနဲ့ ယုယနဲ့ပဲ စာရေးပေးခဲ့တယ်။
ပန်းချီဆရာရဲ့ လိပ်စာ။
အလုပ်အကိုင်လိုရင် ပြောပါ။
မမ လိုက်ပို့ပေးမယ်။
(ညနေ ၅နာရီ၃၀မိနစ်)
ပန်းချီဆရာရဲ့ လိပ်စာ
ကျော်မြင့်မောင်
အမှတ်... မော်လမြိုင်လမ်း
ကန်တော်လေးရပ်ကွက်
မှန်း.....





ငြင်းဆန်နိုင်ခွင့်နည်းပါးတဲ့ မိန်းမသားတွေရဲ့ဘဝမှာ
အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရဖို့ အခြေအနေတွေက
များပြားလှပါတယ်။

မိမိနှင့်တစ်ပါးသူ ဒုက္ခမရောက်စေဖို့
ကွန်ဒွန်သုံးရမယ့်တာဝန်ဟာ
အမျိုးသားတိုင်းမှာ ရှိပါတယ်။

ကျွန်မ အပ်လိုက်တဲ့ဒီဇိုင်းလေးရပြီးသွားလို့ ဂျာနယ်တွေထဲမှာထည့်လိုက်တာ ဒီနေ့ပဲ ပါလာတယ်။ ဆရာက ဂျာနယ် သုံးဆယ့်ငါးစောင်ဝယ်တာ။ ကျွန်မတို့ကိုလည်း တစ်ယောက်တစ်စောင်ပေးသေးတယ်။ ကျွန်မတော့ မေမေ့ကို ကိုယ့်အင်အား စိုက်ထုတ်မှုရဲ့ အသီးအပွင့်လေး ပထပဆုံးပြလိုက်နိုင်တဲ့အတွက် အရမ်း ဝမ်းသာတာပဲ။

ဒီဇိုင်းလေးက တကယ်လှတယ်။ ဆူးခက်တွေဝိုင်းရံထားတဲ့ နေကြာပန်းလေး။ နောက်ပြီး မိန်းကလေးတစ်ယောက်ရဲ့ ရိုးစင်း ဖြူစင်တဲ့မျက်နှာလေးနဲ့။

မမခက်ကို ကျွန်မ သိပ်ကျေးဇူးတင်တာပဲ။

ဆရာ့ရုံးအတွက်မှန်းသိရက်သားနဲ့ စေတနာနဲ့လုပ်ပေးတာ။ ကိုယ်ရေးကိုယ်တာနာကျည်းမှုနဲ့ စေတနာနဲ့မရောထွေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



✉သို့–အေသင်@cartooners.com
မှ–ပန်းမြမှုန်@cartooners.com
အကြောင်းအရာ–မနာလိုဘူး။

အေသင်
နင့်ကို ဆရာက အပြတ်ချီးကျူးနေပါလား။ ဒီကောင်မလေး အလုပ်ကို စိတ်ပါလက်ပါလုပ်တယ်တဲ့။ ငါတောင် မနာလိုချင်တော့ဘူးနော။ နင်သွားအပ်တဲ့ဒီဖိုင်းလေးကလည်း သိပ်ကောင်းတာကိုး အေသင်ရဲ့။ ငါတို့ ဒီမှာအလုပ်လုပ်လာတာ ကြာလှပြီ။ အခုလို ဆရာစိတ်တိုင်းကျတဲ့ မျက်နှာမျိုး တစ်ခါမှမတွေ့ရဘူး။ နင်တော်တယ်။
ချစ်တဲ့
မှုန်
ပိအက်စ်– ဒါနဲ့ ဆရာ လက်ထပ်တော့မှာလို့ ကြားတယ်။ ဟုတ်လား။

..............................................................................................................

✉သို့–ပန်းမြမှုန်@cartooners.com
မှ–အေသင်@cartooners.com
ပြန်စာ–မနာလိုဘူး
မှုန်
ကျေးဇူးတင်ပါတယ်။ ငါပြောဖူးတဲ့ ငါ့ဆရာမရဲ့ ကျေးဇူးပေါ့။ ဆရာမရွေးပေးတဲ့ဒီဖိုင်းဆရာလေ။
ဆရာလက်ထပ်မှာတွေဘာတွေ ငါမသိဘူးလေ။ မေးပေးရမလား။ ဆရာက ငါ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ဒီညစာအပြင်မှာလိုက်ကျွေးမှာတဲ့။
အေသင်



*Donna Italian Style Restaurant*
Date 25 May, 2004
ကျွန်မမပြောချင်ဘူး။ ကျွန်မမပြောချင်ဘူး။ မမခက်ကြိုက်မှာမဟုတ်ဘူး။
Table No. 3

ကျွန်မမပြောချင်ဘူး။ လုံးဝမပြောဘူး။ ဒါပဲ။
Spagatti #2 4800kyat
မမခက်က ကျွန်မကို ဘာမှမပြောလို့ ကျွန်မဘာမှမသိဘူး။
Caeser Salad #1 2900kyat
ကျွန်မကလဲ မမခက်ကို ဘာမှ မမေးပါဘူး။
Blue Mauntain Coffee #2 2800kyat
မမခက်က လူတစ်ယောက်ရဲ့ကိုယ်ပိုင်သီးသန့်လုံခြုံမှုကိုတအားအလေးထားတာ။ မပြောပါဘူး။မပြောဘူး။
Total 10500kyat
Tax 1050
ကျွန်မ မကြိုက်ဘူး။ ဆရာ့လုပ်ရပ်က တစ်မျိုးပဲ။
Grand Total 11550kyat
မမေးနဲ့ မမေးပါနဲ့။ မဖြေနိုင်ဘူး။
မမခက်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို မပြောချင်ဘူး။
မပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com

ရ=ရှေ့တိုးရမလားနောက်ဆုတ်ရမလား။

မကောင်းဘူး ပကောင်းဘူး။ ဆရာမကောင်းဘူး။

ဂုဏ်ပြုတယ်ဆိုတာ အလကား ကြားကောင်းအောင် ပြောတာပါ။ တကယ်တော့ ဟိုတစ်ခါ သူ့အခန်းထဲမှာတုန်းကပြောတဲ့ အပေးအယူကို ဒီကနေ့မှ ဆရာက ပွင့်ပြောတာ။

'ချာတိတ် ခေါက်ဆွဲကို အဲဒီလိုပပြတ်နဲ့။ ခက်ရင်းနဲ့ ရစ်ပြီး ပတ်ယူလိုက်လေ။ ပေး ငါပြမယ်'

ဆရာက ကျွန်မကို သိပ်ဂရုစိုက်နေခဲ့ပါတယ်။ ခေါက်ဆွဲကော်ယူနည်းကို သူကိုယ်တိုင် ခက်ရင်း နဲ့ ကျွန်မခေါက်ဆွဲထဲကို မွှေပြီး ရစ်ကော်ယူပြပေးတယ်။ ပြီးတော့ အဲဒီခက်ရင်းကို ကျွန်မကို လက်ကမ်းပေးပြီး စားခိုင်းတယ်။ ကျွန်မ ရင်ထဲမှာ လှပ်ခနဲနွေးသွားတယ်။ အို ဆရာက ကျွန်မကို ကလေးတစ်ယောက်လို ပြုစုနေတာပေါ့နော် ဆိုတဲ့အတွေးနဲ့။

ဒါပေမဲ့ မကြာပါဘူး။ ဆရာကျွေးတဲ့ အီတာလျံခေါက်ဆွဲက ကျွန်မလည်ပင်းမှာနင်သွားတယ်။ ဆရာ့မေးခွန်းကြောင့်ပါ။

'ချာတိတ် ခက်စိမ်းနွယ်နဲ့ တွေ့သေးလား'

'ဟုတ် တွေ့တယ်'

'သူ ဘာတွေ ပြောသေးလဲ'

ကျွန်မ ဆရာ့ကို မော့ကြည့်လိုက်မိတယ်။ ဆရာက ကျွန်မ ပန်းကန်ထဲကခေါက်ဆွဲတွေကိုပဲ ငုံ့ကြည့်နေတယ်။ ကျွန်မကို မကြည့်ဘူး။

'ဟင့်အင်း ဘာမှ မပြောပါဘူးဆရာ'



'ငါ့အကြောင်းကို ဘာမှ မပြောဘူးလား'

'ဟုတ် မပြောပါဘူး'

ဆရာက ကျွန်မကို မော့မကြည့်ဘဲ အသံထွက်ပြီးရယ်ပါတယ်။ ဆရာစိတ်ညစ်သွားတာ။ ကျွန်မသိလိုက်တယ်။

'အေး သူမပြောပေမဲ့ ငါကတော့ ပြောမယ်။ သူ့ကို ငါတွေ့ရမှ ဖြစ်မယ်။ အေသင် ညည်းငါ့ကို သူ့အိမ် ခေါ်သွားပေးမလား'

'ဟင်'

ကျွန်မ စားနေတဲ့ခေါက်ဆွဲက လည်ပင်းမှာဆို့နင်သွားပါတယ်။

'မဖြစ်ဘူးထင်တယ်ဆရာ။ မမခက်က သီးသန့်နေတာတယ်။ ခွင့်မတောင်းဘဲနဲ့ သူ့အိမ်ကိုလာလည်ရင် မကြိုက်ဘူး။ သူမသိဘဲ ဆရာ့ကို သူ့လိပ်စာပေးလိုက်ဖို့ သမီးမလုပ်ရဲဘူး'

ဆရာက မျက်မှောင်ကြုတ်ပြီး ကျွန်မကို ကြည့်တယ်။ ဆရာ မကျေနပ်ဘူး။ ကျွန်မ သိပါတယ်။

'ညည်း ငါ့ကို သူ့ဆီရောက်အောင် ပို့ပေးမလား။ ဘယ့်နှယ်လဲ သူနဲ့တွေ့ရုံလေးပဲလေ'

ကျွန်မအံ့သြတကြီးပဲ ဆရာ့ကို ငေးမောနေမိပါတယ်။ ဟင့်အင်း အဲလိုမလုပ်ပါနဲ့ဆရာ။ သမီး မကြိုက်ဘူး။ မမခက်ကိုလဲ သမီး ကြောက်တယ်။ မပြောရဲဘူး။

'ဟိုနေ့က ငါကျောင်းကို လာသေးတယ်။ ဘုန်းကြီးနဲ့ပဲ နှုတ်ဆက်ခဲ့ရတယ်။ သူ့ကို မတွေ့ရဘူး'

'မမခက် တာမသင်တော့ဘူးဆရာ။ နုတ်ပတ်ရှိသွားပြီ'

ပြောပြီးမှ ဒါဟာ သတင်းပေးတဲ့သဘောများရောက်သွားသလားလို့ ထိတ်ခနဲ စိုးရိမ်သွားတယ်။ အို မဟုတ်ပါဘူးလေ။

www.burmeseclassic.com



'သူဘာလို့ မလုပ်တော့တာလဲ။ ငါလာမှာစိုးလို့လား'

ဆရာ့အသံက စူးစူးရှရှမာမာကြော်ကြော်။

'သမီး မသိပါဘူး'

ကျွန်မတားရင်းနဲ့ ရင်ထဲမှာပြည့်လာတယ်။ တော်ပါသေးရဲ့။ ဆရာက ဆက်မပြောဘဲ ငြိမ်သွားလို့။

ကျွန်မရင်ထဲမှာလဲ အတွေးတွေနဲ့ပူလောင်နေခဲ့တယ်။ ဘယ်တုန်းကမှ မစဉ်းစားမိခဲ့တဲ့ အချက်တစ်ချက်ကို စဉ်းစားမိလိုက်လို့ပါ။

ဆရာ ကျွန်မကို ဘာဖြစ်လို့ အလုပ်ခန့်ခဲ့တာလဲ။

ကျွန်မအရည်အချင်းကိုသဘောကျလို့ အစမ်းခန့် ခန့်ခဲ့တာလို့ ကျွန်မထင်နေခဲ့တာ။ အခုတော့ ကျွန်မရင်ထဲမှာ ဒက်ရာတစ်ခုလို နာကျင်သွားရပါပြီ။

ကျွန်မကို အလုပ်ခန့်လိုက်တာ မမခက်ကြောင့်လား။ မမခက်ရဲ့ တပည့်မှန်းသိနေလို့လား။

ကျွန်မအရည်အချင်းကို ကြိုက်လို့ ခန့်တာမဟုတ်ဘူးလား။ အလုပ်အင်တာဗျူးဖြေတဲ့နေ့တုန်းက ကျွန်မ မမခက်အကြောင်း ပြောခဲ့မိလို့လား။ ကျွန်မ ဆရာမှာပေးတဲ့ ကော်ဖီခါးခါးကို ရှုံ့မဲ့ပြီး သောက်နေတုန်း တစ်ဘက်ကလည်း အသဲအသန်စဉ်းစားယူနေရပါတယ်။

ကျွန်မ မမခက်နာမည်ကို ပြောမိသွားသလား။ ပြောမိတာပေါ့။

ခက်ဝိပ်းနွယ် ဆိုတဲ့နာမည်ကို ကျွန်မပြောလိုက်မိတယ်။ သေချာပါတယ်။ ဟုတ်တယ်။ အဲဒီကတည်းက ကျွန်မကို ဆရာက ခန့်ဖို့ စီစဉ်လိုက်တာဖြစ်မှာပေါ့။ ဒါဆိုရင်တော့ သွားပြီပေါ့။

ကျွန်မက ကိုယ့်ကိုယ်ကို အန်ဂျီအိုတစ်ခုမှာ အလုပ်ခန့်ခံရတယ်ဆိုတော့ ဟုတ်လှပြီထင်နေတာ။ လက်စသတ်တော့ ကျွန်မ





အရည်အချင်းနဲ့ ကျွန်မရတာမှ မဟုတ်ဘဲ။ ဘုရားရေ။

ကျွန်မ ရင်ထဲမှာလေးပင်သွားတယ်။

'အေသင် ညည်းမမခက်နဲ့ ငါနဲ့ အကြောင်းကို ညည်းရိပ်မိရောပေါ့'

ကျွန်မ မဖြေဘူး။ စကားလဲ မပြောချင်လို့ပါ။

မမခက်ကြောင့် အလုပ်ခန့်တာ။ မမခက်သတင်းကို ကျွန်မဆီကနေစုံစမ်းချင်လို့ အလုပ်ခန့်တာ။ အဲဒီအတွေးကိုပဲ ထပ်ခါထပ်ခါ တွေးနေမိတယ်။ အော်ငိုပစ်လိုက်ချင်တယ်။

'ငါ လက်မထပ်ခင်မှာ အပြုအမဲသဲသဲကွဲကွဲသိဖို့လိုတဲ့ အရာတစ်ခုရှိတယ်။ အဲဒါ ငါ့ဘဝအတွက်ရော ညည်းမပခက်ဘဝအတွက်ပါ အရေးကြီးတယ်။ ဒီတော့ ငါ တွေ့ရမှ ဖြစ်မယ်။ ငါ့ကို သူ့လိပ်စာပြောပါ'

'ဟင့်အင်း ဟင့်အင်း သမီး မပြောရဲဘူး သမီးမမခက်ကို ကြောက်တယ်'

ဇွတ်အကြောက်အကန်ပြောတော့ ဆရာက သက်ပြင်းချတယ်။

'ငါနားလည်ပြီ။ မမခက်က ညည်းကို အပြစ်တင်မှာ စိုးတယ်မဟုတ်လား။ ဒါဖြင့် အိမ်လိပ်စာမပြောနဲ့။ ဒီလိုလုပ်။ ငါနဲ့သူနဲ့ တစ်နေရာရာမှာ တွေ့လို့ရအောင် ချိန်းပေး'

'ဟင် ဘယ်လိုချိန်းမလဲ မမခက်က လာမှာမဟုတ်ဘူးဗျ'

'အော် ချာတိတ်ကလဲ ငါကချိန်းခိုင်းတယ်ဆိုရင်တော့ သူဘယ်လာမလဲ။ မသိမသာပေါ့'

'သမီး သမီးနားမလည်ဘူး'

'ဥပမာ ကော်ဖီဆိုင်လိုမျိုး အင်းယားကန်လိုမျိုးနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းမမခက်ကို ညည်းကချိန်းတဲ့အနေနဲ့ချိန်း။ ပြီးတော့ အဲဒီနေရာကို ငါသွားမယ်။ ဒါဆိုရင် သူနဲ့ငါနဲ့တွေ့ရမှာပေါ့'

'ဘယ်ဖြစ်မလဲဆရာ မမခက်က သမီးကို ဆူမှာပေါ့။ သမီး ချိန်းခိုင်းတာမှန်းသိမှာပေါ့'

'မဟုတ်ဘူးလေ။ ညည်းလဲ လာပေါ့။ နဲနဲနောက်ကျသွား တယ်ပေါ့'

'ဟင့်အင်း မဖြစ်ပါဘူး။ မမခက်က သမီးလုပ်ပေးတယ်ဆို တာ သိမှာပဲ'

ကျွန်မ မပခက်အထင်မှားမှာကို တကယ်ကြောက်ပါတယ်။ ဒါပေမဲ့ ဆရာကလဲ သမီးရဲ့အလုပ်ရှင်ဖြစ်နေတယ်။ ကျေးဇူးရှင်ဖြစ် နေတယ်။ နောက်ပြီး ဆရာက အာဏာနဲ့ခိုင်းတာမျိုးမဟုတ်ဘဲ အကူ အညီတောင်းတာမျိုးပုံစံနဲ့ပြောတာ။ ငြင်းရတာ သိပ်အားမရှိဘူး။ ကျွန်မ ငြင်းရင်း ငြင်းရင်းကနေ အားပျော့လာတယ်။

စားထားတဲ့ခေါက်ဆွဲလေးလဲ ဘယ်ရောက်သွားမှန်း မသိ တော့ပါဘူး။

'ဒီလိုတွေ့ပေးတဲ့အတွက် ညည်းဆရာမမှာလဲ ဘာမှ မထိ ခိုက်ပါဘူး။ ငါကလဲ သူ့ကို လက်ဖျားနဲ့တောင်မထိပါဘူး။ စိတ်ချ။ ငါကတိပေးတယ်။ သူ့ဆီက အဖြေစကားတစ်ခုပဲ ကြားချင်တာ။ ကြားပြီးရင် ငါ အေးအေးဆေးဆေးပြန်သွားပါ့မယ်အေသင် ပလိစ် ငါ့ကို ထောက်ထားတဲ့အနေနဲ့ ကူညီပါ'

နောက်ဆုံးမှာတော့ ကျွန်မ ဆရာ့ကို ခေါင်းညိတ်လိုက်ပါ တော့တယ်။



## ရ=ရှုံးနိမ့်ခြင်းနဲ့လက်တစ်ကမ်းအကွာ

ကန်တော်ကြီးပတ်လမ်းကနေ တော်ဝင်စားသောက်ဆိုင် ခြံဝန်းထဲကို ဝင်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်တည်း ကျွန်မခြေလှမ်းတွေ ကတုန်ကယင်ဖြစ်လာပါတော့တယ်။ မြေပြင်မှာ ကြွေနေတဲ့ သစ်ရွက် ခြောက်တွေကိုနင်းမိတော့ အသံက အကျယ်ကြီးပါလား။ သစ်ရွက် ကျိုးကြေသံကြောင့် ကျွန်မနှလုံးတောင် တုန်ရီလာတယ်။ အဲဒီအသံဟာ ရှေ့ခပ်လှမ်းလှမ်းက သစ်သားအဆောက်အဦဆိုင်ထဲမှာရောက်နေမဲ့ မပခက်တို့ဆီထိ ရောက်သွားလိမ့်မယ်လို့ ထင်မိလို့ပေါ့။

တကယ်ဆို ကျွန်မ ဒီလိုမလုပ်သင့်ဘူး။ ဆရာဘာပဲပြော ပြော မမခက်ကို ကျွန်မ ငဲ့ညှာရမယ်လေ။

ဒါပေမဲ့ အခုတော့ နောက်ကျသွားပြီ။ ညနေခြောက်နာရီ ဆိုတဲ့ အချိန်ကိုလွန်ခဲ့တာ ဆယ်မိနစ်တောင် ရှိသွားပြီ။

ကျွန်မလေ တဒိန်းဒိန်းခုန်နေတဲ့ နှလုံးကို အေးစက်နေတဲ့ လက်ဖဝါးနဲ့တအားဖိထားရင်း ဆိုင်အတက် ဒုတ်လှေကားထစ်တွေ ကို တစ်လှမ်းချင်းနင်းတက်လာခဲ့တယ်။ အင်အားမရှိသလို ယိုင်နဲ့ နေတဲ့ ခြေထောက်တွေကို အားတင်းနင်းရင်း ဒုတ်လှေကားထစ်ကို တက်လာတဲ့အခါ ကျွန်မ ဖိနပ်သံက လိုတာထက်ပိုကျယ်လောင် နေတော့သလိုပဲ။

ဆယ်မိနစ် ဆယ်မိနစ်။ ဆရာမှာတဲ့အတိုင်း ဆယ်မိနစ်အတိ အကျ နောက်ကျပြီး ကျွန်မလာခဲ့ပြီ။ ဘုရားသိကြားမလို့ ဆရာမလာ ပါစေနဲ့။ နောက်ဆုံးအချိန်ကျမှ ဆရာစိတ်ပြောင်းသွားပြီး ဒီကိုမလာ တော့ဘဲနေမလား။ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တစ်ခုနဲ့ ဆိုင်ထဲကို တစ်လှမ်းချင်း ဝင်သွားခဲ့ပါတယ်။

ဆရာ မလာပါစေနဲ့ဦး။

www.burmeseclassic.com

www.burmeseclassic.com



မပခက်ရေ သမီးကို ခွင့်လွှတ်ပါ။

နောက်ဆုံးလှေကားထစ်ကိုတက်ပြီးတဲ့အခါ ကျွန်မ ထပ်တက်စရာမရှိတော့ဘူး။ ကြမ်းပြင်ပေါ်ကိုရောက်သွားတယ်။ ကျွန်မ မြင်လိုက်ရတာကတော့ ကျယ်ဝန်းတဲ့အဆောက်အဦထဲက ရောပ ပန်းအိုးကြီးတွေ။ ဝါးပင်တွေ၊ အုန်းပင်တွေ၊ စိမ်းစိမ်းစိုစို။ ကျွန်မ ရင်တဒိတ်ဒိတ်ခုန်ရင်း စားပွဲတွေဆီကို ကြည့်မိတယ်။ တော်ပါသေးရဲ့ ဘယ်သူမှ မရှိဘူး။

မမခက်ရော ဆရာရော မရောက်ကြသေးဘူးထင်တယ်။

ကျွန်မရဲ့ ပူလောင်နေတဲ့ရင်က နဲနဲပြန်သက်သာသွားတယ်။ ဒါပေမဲ့ အဲဒါက ခဏပါ။ ခဏဆိုမှ ခဏလေးပါ။

ကျွန်မဟိုကြည့်ဒီကြည့်လုပ်နေတာကို မြင်သွားတဲ့ ညှော်ကြို အမျိုးသမီးလေးက ကျွန်မဆီကို ရောက်လာတယ်။

'ဘာစားမလဲညီမ'

သူ့ကိုလှမ်းကြည့်လိုက်တဲ့အချိန်မှာပဲ အားလုံးက ကျွန်မ မဖြစ်စေချင်ပေမဲ့ ဖြစ်သွားခဲ့ပြီးပြီဆိုတာ သိလိုက်ပါပြီ။ အဆောက်အဦရဲ့ အပြင်ဘက် ခြံဝန်းထဲမှာ မမခက်။ ဘုရားရေ။ မမခက်ဘေးမှာ ဆရာရောက်နေပြီ။ သွားပြီပေါ့။ ကျွန်မ ကြောက်လိုက်တာ။

သူတို့စားပွဲခင်းအဖြူရောင်က လေနဲ့တဖျတ်ဖျတ်လွင့်နေတယ်။ သူတို့နှစ်ယောက်က ခပ်ခွာခွာမတ်တတ်ရပ်နေတာမို့ မြင်လိုက်ရုံနဲ့ စကားများနေကြပြီဆိုတာ သိသာပါတယ်။

ကျွန်မ ဘာလုပ်ရမလဲ။ သူတို့ဆီ ဆင်းသွားလိုက်ရမလား။ ဟင့်အင်း ကျွန်မ မသွားရဲသေးဘူး။

မမခက်အသံက ဒေါသတကြီး ကြပ်ကြမ်းတမ်းတမ်း။

'အရေးကြီးတဲ့ဆုံးဖြတ်ချက် ဟုတ်လား ဟန်သာ။ နင့်ဘဝမှာ အရေးကြီးဆုံး ဆုံးဖြတ်ချက်ကို နင်ချခဲ့ပြီးပြီလေ။ အားလုံးလွန်





သွားပြီ။ ခုမှ ဘာတွေ လာပြောနေတာလဲ'

အသံက ထိန်းချုပ်ထားတာမို့ သိပ်မကျယ်ပါဘူး။ ဒါပေမဲ့ ကျွန်မ ကောင်းကောင်းကြားရတယ်။

'လွန်သွားပြီ ဟုတ်လား'

ဆရာ့အသံက ပိုတိုးတယ်။ တိုးတိုးလေး။ ငြင်ငြင်သာသာ သိမ်သိမ်မွေ့မွေ့။ ဆရာ ရှေ့ကို တစ်လှမ်းတိုးလိုက်တဲ့အခါ မမခက်က နောက်ကို တစ်လှမ်းဆုတ်ပစ်လိုက်ပါတယ်။

'နင်သိချင်လဲ အဲဒီအဖြေကို နင်ဘယ်တော့မှ သိရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်တော့မှ ငါမဖြေမှာမို့ပဲ'

'ဘာ စိမ်း စိမ်းအဲလိုမလုပ်နဲ့လေ။ ကိုယ့်မှာ သိခွင့်ရှိတယ်။ ကိုယ်နဲ့လဲဆိုင်တယ်လေ'

'ဆိုင်သလားဟန်သာ။ အဲဒီသန္ဓေသားလေးက နင်နဲ့ဆိုင်သလား။ ငါ့ဝမ်းထဲမှာတည်ခဲ့တဲ့ နင်တာဝန်မယူချင်တဲ့သားလေးလေ'

'စိမ်း'

ရက်စက်လွန်းလှတဲ့စကားလုံးတွေကို ကျွန်မ မကြားရဲပါဘူး။ မပြောပါနဲ့တော့ မမခက်ရယ်။ ကျွန်မ ခြေထောက်တွေ တဆတ်ဆတ်တုန်လာတာမို့ အနားမှာရှိတဲ့ သစ်သားတိုင်ကို အား ပြုလိုက်ရတယ်။

'စိမ်း ဘာလုပ်လိုက်လဲဟင်'

မမခက်ရဲ့ရယ်သံကိုကြားလိုက်ရတယ်။ ခါးခါးသီးသီးအသံ။

'အခုမှသိပ်သိချင်နေသလားဟန်သာ။ အဲဒီတုန်းကတော့ နင် ဘာဖြစ်လို့ ပြန်လှည့်မကြည့်ခဲ့တာလဲ။ အခုမှ သုံးလေးနှစ်ကြာပြီးမှ ဘာဖြစ်လို့ အသဲအသန် သိချင်နေရတာလဲ။ အဖြေကိုသိရတော့ ဘာထူးခြားသွားမှာမို့လဲ'

'စိမ်း ကိုယ့်ညီ့ကိုလက်ထပ်ရမလား လက်မထပ်ရဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဆုံးဖြတ်ချက်အတွက် မေးတာပါ။ တကယ်လို့ အဲဒီကိုယ်ဝန်ကို စိမ်းမပျက်ပစ်ခဲ့ဘူးဆိုရင် စိမ်းကိုပဲ ကိုယ်လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်'

'လက်ထပ်ဖို့ ဟုတ်လား'

အဲဒီနောက်တော့ ကျွန်မ မမျှော်လင့်ဆုံးအဖြစ်အပျက်ကို မြင်လိုက်ရတော့တာပဲ။

'အဲဒီမေးခွန်းရဲ့အဖြေကို နင်တစ်သက်လုံး မသိစေရဘူး'

ပမခက်က ဆရာ့မျက်နှာကို လက်ဝါးနဲ့တအားလွှဲရိုက်ချပစ်လိုက်တော့တယ်။ အဲလိုရိုက်လိုက်လိမ့်မယ်လို့ ကျွန်မမထင်ထားဘူး။ ဆရာလဲ ထင်ထားမှာပဟုတ်ဘူး။ ဆရာကြောင်အပြီး မရှောင်လိုက်နိုင်ဘဲ အရိုက်ခံလိုက်ရတော့တယ်။

အသားနဲ့လက်ဖဝါးထိတဲ့အသံက ကျွန်မရင်ထဲကို ရူးရူးရှရှမောက်ထွင်း ဝင်ရောက်သွားပါတယ်။

ကျွန်မလေ ကျွန်မ အရိုက်ခံလိုက်ရသလိုပဲ။ ရူးနင့်နေအောင်နာပြီး တုန်ရီသွားပါတယ်။

ဟင့်အင်း မလုပ်ပါနဲ့ မပခက်ရယ်။ မလုပ်ပါနဲ့။

ကျွန်မ တစ်ကိုယ်လုံးတုန်ယင်ပြီး ထုံကျင်နေပေမဲ့ လှေကားထစ်တွေကို အပြေးဆင်းသွားပြီး မမခက်ကို သွားဖက်လိုက်ပါတယ်။

'ဆရာမ'

ကျွန်မဖက်လိုက်တာကို မမခက်က ရုန်းထွက်လိုက်ပါတယ်။

'ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးနဲ့ဟန်သာ။ ငါ့ဘဝမှာ နင်က တံတားအောက်က ဖြတ်ဆင်းသွားတဲ့ရေပဲ သွားပြီ။ ဘယ်တော့မှ ပြန်မဝင်လာတော့ဘူး။ ဘယ်လိုအခြေအနေမျိုးနဲ့မှ ပြန်ဝင်မလာတော့ဘူး'



ဆရာ့မျက်နှာနီရဲနေတယ်။ ဆရာရှက်သွားမှာပေါ့။ ကျွန်မရှေ့မှာ ဖြစ်သွားတာကိုး။ ကျွန်မတို့နဲ့စေးရာကို တစ်လှမ်းချင်း ဆုတ်သွားနေတဲ့ ဆရာ့ကိုကျွန်မ မကြည့်ရက်ဘူး။ မျက်နှာခပ်လွှဲလွှဲထားလိုက်မိတယ်။

'အဲဒီအဖြေကို နင်ဘယ်တော့မှမသိစေရဘူး။ ငါသစ္စာဆိုလိုက်တယ်။ နင့်ကို ဖြေလိုက်မိရင် ငါ့ဘဝ ဒီ့ထက်မက လောင်မီးကျပါစေ'

ပြီးတော့ မမခက်က ခြေလှမ်းကြမ်းကြမ်းနင်းပြီး ပြန်အထွက်ကျွန်မကို လှည့်ကြည့်တယ်။

ကျွန်မကို စိုက်ကြည့်လိုက်တဲ့ မျက်လုံးတွေက မီးတောက်မီးလျှံတွေလိုပဲ ရူးရူးရဲရဲပူပြင်းလှတယ်။ အဲဒီမျက်လုံးတွေအောက်မှာ ကျွန်မတစ်ကိုယ်လုံး သစ်ရွက်လိုပဲ နွမ်းဖတ်ခွေပျော့သွားပါတယ်။

'ဆရာမ' သမီးကို ခွင့်လွှတ်ပါလို့ တောင်းပန်လိုက်ချင်ပေမဲ့ ကျွန်မပါးစပ်က လှုပ်လို့ပရတာနဲ့ တစ်ပိုင်းတစ်စနဲ့ အသံကပြတ်တောက်သွားတယ်။

မမခက်က ကျွန်မကို တစ်ချက်ပဲကြည့်တာ။ တစ်ချက်မှ တစ်ချက်တည်း တစ်စက္ကန့်လောက်ပဲ ကြည့်တာ။ ဘာမှလဲမပြောဘူး။ တစ်ခွန်းမှ မပြောဘူး။ စကားတစ်ခွန်းမှ မပြောတဲ့အခါ ကျွန်မကို အပ်ချွန်ချွန်တွေနဲ့ နှလုံးသားတစ်ခုလုံး ထိုးဆွနေသလိုပဲ နာကျင်လှပါတယ်။

မမခက် တစ်ဘက်ကိုလှည့်သွားလိုက်တဲ့အခါ ဆံပင်တွေလေမှာလွင့်ပြီး ခါသွားတဲ့မျက်နှာက အနေးပြကွက်တစ်ခုလိုပဲ ကျွန်မမှတ်ဉာဏ်ထဲမှာ စွဲထင်ကျန်ရစ်ခဲ့တယ်။

မပခက်ရဲ့ခြေလှမ်းတွေက ကျွန်မရင်ထဲကို နင့်သွားအောင်နင်းချေသွားတာပါ။ မျက်စိအောက်ကနေ မမခက် ပျောက်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ ကျွန်မ ကြောင်အပြီး ငေးကြည့်နေမိတယ်။

ပမခက်က ဆရာ့ကို သူ့ဘဝထဲကနေထုတ်ပယ်ထားလိုက်ပြီးပြီ။ အဲဒီလိုပဲ အခုအချိန်ကစပြီး ကျွန်မလဲ မမခက်ဘဝထဲမှာ မရှိတော့ဘူးဆိုတာ သိလိုက်ရပါပြီ။

ကျွန်မ မှားသွားပြန်ပြီလား။

မပခက်ဆီလှမ်းမျှော်ကြည့်နေရာက ဒီဘက်ကိုပြန်လှည့်လိုက်တဲ့အချိန်မှာ ကျွန်မမျက်လုံးကနေ မျက်ရည်တစ်စက်နှစ်စက်လွင့်စင်ကျသွားတာ သတိထားမိလိုက်တယ်။ ကျွန်မပခုံးကို လက်တစ်ဘက်က လာထိကိုင်လိုက်လို့ မော့ကြည့်လိုက်တဲ့အခါ ဆရာ့ကို မြင်ရပါတယ်။

ဒီတစ်ခါလောက် ထိခိုက်နာကျင်တဲ့မျက်လုံးတွေကို ဆရာ့ဆီမှာ တစ်ခါမှ မပြင်ခဲ့ရဖူးပါဘူး။

'ချာတိတ် မငိုနဲ့လေ မငိုနဲ့'

တိုးတိုးလေး တယုတယ ပြောလိုက်တဲ့စကားသံကြောင့် ကျွန်မ ပိုဝမ်းနည်းသွားတယ်။

'သပိုးကို မမခက် မုန်းသွားပြီ' လို့ ဝမ်းပမ်းတနည်းပြောလိုက်တော့ ဆရာက ကျွန်မပခုံးကို ဖက်လိုက်တယ်။ ပြီးတော့ ကျွန်မခေါင်းကိုလက်နဲ့သပ်ပေးပြီး ကျွန်မကို သူနဲ့ထိကပ်သွားအောင် ဆွဲမှေ့လိုက်ပါတယ်။

'ဆောရီး ချာတိတ်ကို ငါတို့ဒုက္ခတွေထဲ ဆွဲနှစ်သလိုဖြစ်သွားပြီ။ ငါ စိတ်မကောင်းပါဘူးဟာ'

ဆရာ့ရဲ့ နူးညံ့လှုပ်ခတ်တဲ့ တောင်းပန်စကားကို ကြားလိုက်ရတဲ့အချိန်မှာပဲ မပခက်ရဲ့ အမုန်းတွေနာကျည်းမှုတွေကို ဆရာနဲ့ အတူမျှဝေခံစားဖို့ ကျွန်မ အဆင်သင့်ဖြစ်သွားပါပြီ။ ဒါကြောင့် ဆရာ့ကို ကျွန်မ အားကိုးတကြီးပြန်ဖက်လိုက်မိတယ်။





ဆရာနဲ့ကျွန်မ အဲဒီဆိုင်ကနေ အတူတူပြန်ထွက်လာခဲ့ကြတယ်။ ဆရာက သူ့ကားကို ဆိုင်နဲ့တော်တော်အလှမ်းဝေးတဲ့ ကန်တော်ကြီးတစ်နေရာ သစ်ပင်တွေအောက်မှာ ရပ်ထားခဲ့တာမို့ အဲဒီကို အဝေးကြီးလျှောက်ရတယ်။ ကျွန်မတို့နှစ်ယောက်လျှောက်လာတဲ့အချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မဲနေပြီ။ ကန်တော်ကြီးပတ်လမ်းမှာ တသိတတန်းဖြတ်သွားနေတဲ့ ကားမီးရောင်တွေက လင်းထိန်ရှုရှနေတယ်။

ဆရာ့ကားဆီရောက်တော့ ဆရာက မောင်းသူဘေးက ရှေ့ခန်းကားတံခါးကို အရင်သော့ဖွင့်ပေးတယ်။ ကျွန်မတက်ဖို့ပေါ့။ ကျွန်မခေါင်းယမ်းလိုက်တယ်။

'နေပါစေဆရာ သမီး မလိုက်တော့ဘူး'

'ဝင်လေ'

ခပ်တိုးတိုး ဒါပေမဲ့ ပြတ်ပြတ်သားသားအသံမို့ ကျွန်မနောက်တစ်ခါပငြင်းနိုင်တော့ဘဲ ကားထဲကို ဝင်ထိုင်လိုက်ရတယ်။ ပြီးမှ ဆရာက သူ့ဘက်သူဝင်ထိုင်ပါတယ်။

'ငါပြန်ပို့ပေးမယ်။ ဘယ်ကိုမောင်းရမလဲ'

'နီးရာဘတ်စ်ကားဂိတ်တစ်ခုခု'

'မိုးချုပ်နေပြီ ဘယ်မှာနေတာလဲ'

'ဝေးတယ်ဆရာ သမီးက ဒဂုန်မြောက်ပိုင်းမှာနေတာ'

ကျွန်မကို ဆရာက အိပ်ထိအောင်လိုက်ပို့ပေးပါတယ်။

ကျွန်မကိုနှစ်သိမ့်ဖို့ပဲ ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုနှစ်သိမ့်ဖို့ပဲဖြစ်ဖြစ် ဆရာ စကားတွေပြောလိမ့်မယ်လို့ ကျွန်မထင်ခဲ့တယ်။ မှားတယ်။

လမ်းတစ်လျှောက်လုံးမှာ ဆရာကစကားတစ်ခွန်းမှမပြောတော့ဘူး။ ကျွန်မတို့ကားထဲမှာ တိတ်ဆိတ်ငြိမ်သက်နေလွန်းတော့ ကျွန်မ မနေတတ်တော့တာနဲ့ ဆရာ့ကို ခဏခဏလှည့်ကြည့်ပြီး စကားပြောဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ဘယ်ကစပြီး ဘာစကား ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မဲလဲပသိဘူး။

ကျွန်မဘက်က ကျွန်မနဲ့ကပ်ရက် ဆရာ့ပါးပြင်ကို ခပ်မှောင်မှောင်မှာသိပ်မသဲကွဲပေမဲ့ ဒါ မမခက်ရိုက်ခဲ့တဲ့ပါးပဲလို့ ကျွန်မ တစ်ခိုးလုံးသတိရနေတယ်။

အသားနာကျင်တာထက် စိတ်ထိခိုက်နာကျင်တာက ပိုမှာပါ။ ကိုယ့်လက်အောက်ငယ်သားတစ်ယောက်ရဲ့ရှေ့မှာ အရှက်ကွဲသွားခဲ့တဲ့အပြစ်ပဟုတ်လား။ ဆရာ ဘာစကားများ ပြောနိုင်ပါ့မလဲ။

အင်းလေ ဆရာ့ကို ကြည့်ရတာ ရှက်ရွံ့စိတ်နဲ့ စကားတိတ်နေတာမျိုးထက် အတွေးတစ်ခုခုထဲ ကိုနှပ်ဝင်နေတာမျိုးနဲ့ ပိုတူပါတယ်။ ဘေးမှာ ကျွန်မပါနေတာကိုလည်း သတိမထားမိတော့သလိုပဲ။ သူ့လက်ကိုင်ဖုန်းလေးက မြည်နေတော့လဲ ဆရာကောက်မကိုင်ဘူး။ မြည်နေတာမှ အကြာကြီး။ ကျွန်ပက ဆရာ့ကိုမသိမသာ စောင့်ကြည့်နေတာ။ လိုအပ်ရင် ကားဒက်ရှ်ဘုတ်ပေါ်ကနေယူပေးဖို့။ ဒါပေမဲ့ ဆရာက ဖုန်းကို တစ်ချက်ပဲကြည့်ပြီး ကောက်ပကိုင်ဘူးလေ။

ကျွန်ပက စကားပြောချင်တယ်။

ပမခက်ကို ကျွန်ပ ဘယ်လိုပျက်နှာချင်းဆိုင်ရမလဲဆိုတာ ဆရာ့ကို ပြောချင်တယ်။ ဘာလုပ်ရမှန်းမသိတာနဲ့ ဂီယာထိုးတဲ့နေရာ အခွက်လေးထဲက ပိုးလိုးပက်လက်ကျနေတဲ့ ကက်ဆက်တိတ် ခွေလေးတွေကိုပဲ ကောက်ယူပြီး ကြည့်လိုက်တယ်။ နိုင်ငံခြားအဆို တော်တွေရဲ့ သီချင်းတွေပါ။ လမ်းဘေးမီးတိုင်တွေနဲ့ ကားပီးတွေရဲ့ ခပ်မှိန်မှိန် အလင်းရောင်အောက်မှာ ကျွန်ပ သီချင်းခေါင်းစဉ်တွေကို ဖတ်ကြည့်နေမိတယ်။ အဲဒီတော့မှ ဆရာ့စကားသံထွက်လာတော့တယ်။

'ချာတိတ် သီချင်းနားထောင်ချင်လား'

ကျွန်မလဲ ဟုတ်ကဲ့လို့ ဖြေလိုက်တယ်။ ဟုတ်တယ်လေ။



ကျွန်မတို့ကားထဲမှာ အသံတစ်ခုခုတော့လိုနေတယ်မဟုတ်လား။

'ဘယ်အခွေနားထောင်မလဲ ရွေး'

ကျွန်မ ဘာမှန်းမသိတဲ့ ကားဘီးလိုအဝိုင်းကြီးပုံနဲ့ အခွေကို ဆရာ့ကို ရွေးပေးလိုက်တယ်။ စန္ဒယားသံနဲ့ဝတဲ့အဲဒီသီချင်းက လွမ်းစရာကြီးပါ။ သီချင်းဆိုရင် မြူးမြူးကြွကြွနဲ့ ဟစ်ပေါ့ပ်ဟန်ပန်ကိုသာ စွဲမက်နှစ်သက်တဲ့ ကျွန်မဟာ ဆရာတို့အရွယ်နှစ်သက်တဲ့ သီချင်းအမျိုးအစားကို မြည်းစမ်းမိလိုက်တယ်လို့ ပြောနိုင်ပါတယ်။

သီချင်းထဲမှာပါတာကိုက ကျေးဇူးပြုပြီး ကိုယ့်ကိုခွင့်လွှတ်ပါတဲ့။

တို့နှစ်ယောက်အတူရှိခဲ့ကြတဲ့အချိန်တွေကို ပြန်အောက်မေ့မိတယ်။ မင်းကို ပထမဆုံးအကြိမ်နမ်းလိုက်ရတဲ့ အနမ်း၊ ပထမဆုံးအကြိမ်ထိတွေ့လိုက်ရတဲ့အခိုက် ကိုယ်မမေ့နိုင်ဘူး။

အို သီချင်းကို နားထောင်နေရင်း ကျွန်ပ မျက်နှာပူသွားလို့ ဆရာ့ကိုမျက်လုံးဒေါင့်ကနေ အကဲခတ်ကြည့်လိုက်မိတယ်။ ဆရာက ကျွန်မကို လှည့်မကြည့်ပါဘူး။ သီချင်းသံကို နားထောင်နေရင်း မှဲ့ပြုံးပြုံးနေတယ်။ ဆရာဆွေးနေပြီလား။ မဟုတ်ဘူး ဆွေးနေတာ မဟုတ်ဘူး။ သူ့ကလေးအကြောင်းစဉ်းစားနေတာဖြစ်မယ်။ သူ့ ကလေးကို တာဝန်ယူဖို့လား။

ဒါပေမဲ့ ဘာဖြစ်လို့ အခုမှတာဝန်ယူချင်နေတာလဲ။

အို။ ကျွန်မ ယောကျ်ားတွေကို နားပလည်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

လ=လေတံခွန်လေးလို ကောင်းကင်ပေါ်မှာပေါ့။

ညတုန်းက ကျွန်မ အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ ကျွန်မ ကောင်းကင်ကကြယ်တွေအများကြီးကို မြင်ရတယ်။ တချို့ကြယ်တွေက လှုပ်ခတ်ပြီး တချို့ကြယ်တွေက အပြေးရွေ့သွားတယ်။ ကျွန်မလေ တစ်ခါမှ ကြယ်တွေပြေးတာကို မမြင်ဖူးပါဘူး။ အိပ်မက်ထဲမှာ တစ်နေရာကနေ တခြားတစ်နေရာကို ပြေးသွားတဲ့ကြယ်လေးတွေက ရင်ခုန်စရာကောင်းလိုက်တာ။

ဒီအိပ်မက်ကကောင်းတယ်လို့ ကျွန်မ တွေးရင်း အိပ်ရာက မထသေးဘဲ အိပ်မက်ကို ပြန်တွေးပုံဖော်ကြည့်နေမိတယ်။ ဒါပေမဲ့ အိပ်ရာထတဲ့အချိန်ကျတော့ မျက်ခပ်တွေက လှုပ်လိုက်တာ။ မျက်ခပ် လှုပ်ရင် ရန်ဖြစ်ရတတ်တယ်။ ငိုရတတ်တယ်တဲ့။

ပနေ့က မပခက်စိတ်ဆိုးသွားတာကို ဖြေရှင်းတောင်းပန်ခွင့် မရဘဲ ငိုပဲငိုနေရမှာလား။

တထင့်ထင့်နဲ့ ရုံးကို သွားလိုက်ရတယ်။

ဆယ်နာရီထိုးတော့ ကားတစ်စီး အကြပ်းပတမ်း တရှိန်ထိုး မောင်းဝင်လာပြီး ရုံးရှေ့ဆင်ဝင်အောက်ကို ကျွီခနဲ ဘရိတ်အုပ်ပစ်လိုက်တဲ့အသံကိုကြားရတယ်။ အကျယ်ကြီးပဲ။ ကျွန်မနဲ့ပန်းမြမှုန် အမလေးလို့တောင် အော်လိုက်မိတယ်။

ပန်းအိုးနဲ့လား အုတ်တိုင်လုံးကြီးနဲ့လား တစ်ခုခုနဲ့တော့ တိုက်ပစ်လိုက်ပြီ။ ဘယ်သူများလဲ။ ကျွန်မနဲ့ ပန်းမြမှုန် အပြင်ဘက် ထွက်ကြည့်စပ်စုဖို့ ထိုင်ရာကအထ။

တံခါးကို ဝုန်းခနဲတွန်းဖွင့်ပြီး ဝင်လာတာက ဉာဏ်သာ။

ဘုရားရေ။ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်မ ချက်ချင်း





သိလိုက်ပါတယ်။

ဉာဏ်သာ့မျက်နှာက ဟာတင်းနေတာပဲ။ တစ်ခါမှ ကျွန်မတို့ ရုံးကို မလာဖူးတဲ့ ဉာဏ်သာ။ အံ့သြစရာ။

ဖြုန်းခနဲဝင်လာတဲ့ မျက်နှာထားကိုလဲ ကြည့်ဦးလေ။

'အေသင် တို့ စကားပြောစရာရှိတယ်။ ခဏလိုက်ခဲ့ပါ'

ကျွန်မစားပွဲမှာ လာရပ်ပြီး ကျွန်မကို ခေါ်တယ်လေ။

'ဘာတုန်း ဘယ်ကိုလိုက်ရမှာတုန်း။ ဒါ အလုပ်လုပ်တဲ့ နေရာလေ ဉာဏ်သာ။ အခုမှ ဆယ်နာရီပဲရှိသေးတယ်'

ကျွန်မ ရှက်ရှက်နဲ့ ခပ်တိုးတိုးဆောင့်ပြောလိုက်တယ်။ ဟုတ်တယ်လေ။ ဟိုမှာက ဒေါ်သေးမျှင်က မျက်လုံးကျွတ်ကျတော့မလိုပဲ ကြည့်နေလိုက်တာ။ ပြူးလို့။

'အေသင်နဲ့တို့နဲ့ တာရင်းရှင်းစရာရှိတယ်။ အပြင်ခဏလိုက်ခဲ့ပါ'

ကျွန်မလေ တစ်ခါမှ ဉာဏ်သာ့ကို ဒီလောက်စိတ်မဆိုးဖူးပါဘူး။ ပိုင်စိုးပိုင်နင်း သူက ဘာအချိုးချိုးတာလဲ။

'ဘာကိစ္စလိုက်ရမှာလဲ'

ဆောင့်အော်ပစ်လိုက်တယ်။

'ဘာကိစ္စလိုက်ရမှာလဲဆိုတော့ နင်တို့နှစ်ယောက် တော်ဝင်မှာ အကြီးအကျယ်ဖြစ်သွားတဲ့ကိစ္စပေါ့၊ အပြင်ကိုမလိုက်ရင် တို့က ဒီနေရာမှာပဲ လူအားလုံးကြားအောင် ပြောပစ်လိုက်မှာ'

ဘုရား ဘုရား။

ကျွန်မ ဆရာ့အခန်းဆီကို ကပန်းကတန်းလှမ်းကြည့်လိုက်မိတယ်။ မှန်နံရံနောက်ကွယ်မှာ ဆရာ့အရိပ်ကို မြင်ရတယ်။

'ဉာဏ်သာ နင် ဘာဖြစ်လာတာလဲ'

'လာပါ အေသင် လာပါ ဟိုဘက်သွားပြောမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာပြောလို့မဖြစ်ဘူးဆိုတာ အခုမှပဲ ကျွန်မ သဘော ပေါက်သွားတယ်လေ။ ဆရာနဲ့ကျွန်မကို တစ်နေ့ရာရာကနေ သူ မြင် သွားပြီ။ သေချာတာပေါ့။ ဘယ်လိုအနေအထားနဲ့ မြင်သွားခဲ့တာလဲ နေဦး။ ကျွန်မတို့နှစ်ယောက် ဘယ်လိုအနေအထားနဲ့ စကားပြောမိခဲ့ကြ ပါလိမ့်။ ကျွန်မဆရာ့ကို ဖက်ပြီးငိုခဲ့မိတယ်ထင်တယ်။ သွားပါပြီ။ ကျွန်မ ဘာပြောပြော သူ ယုံမှာ မဟုတ်တော့ဘူး။

ကျွန်မ သူနဲ့လိုက်သွားဖို့ စားပွဲကနေ ထွက်လိုက်တဲ့အချိန် မှာပဲ ဆရာ့အခန်းတံခါး ပွင့်သွားတယ်။

'ဥက္ကာသာ ဘယ်လာတာလဲ လာလေ အခန်းထဲကို'

ဆရာက ကျွန်မတို့ဆီကို လှမ်းကြည့်နေတယ်။

'မလာဘူး။ ဥက္ကာသာ အေသင်နဲ့အရင် တရင်းရှင်းမယ်။ ညကျမှ ကိုကိုနဲ့ရှင်းမယ်'

'ဘာပြောတယ်'

ဆရာစိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်မတို့ဆီ လျှောက်လာတယ်။

ကျွန်မ ဥက္ကာသာ့ကို အတင်း လက်ဆွဲပြီး ဆရာ့ရှေ့ကနေ ခေါ်သွားလိုက်ရတယ်။

ဆရာက ကျွန်မတို့ကို ပါးစပ်ဟပြီးကျန်ရစ်ခဲ့တယ်။

ခြံဝန်းအစပ်ထိ ဥက္ကာသာ့ကို ဆွဲခေါ်လာခဲ့တော့ ဥက္ကာသာ က တောင့်တောင့်တင်းတင်းကြီး ပါလာတယ်။

'ဟောဒီ ဥက္ကာသာဟာလေ။ လုပ်လိုက်ရင် တလွဲချည်းပဲ။ ဘာတွေမှန်းမသိဘူး'

သူ့လက်ကို လွှတ်လိုက်ပြီး ကျွန်မ သူ့ကို ခပ်တိုးတိုး ဆူမိပါတယ်။

ဥက္ကာသာက ရုံးဘက်ကို စောင်းငန်းစောင်းငန်းနဲ့ လှမ်း





ကြည့်နေတယ်။

'အေသင်ဘာသိလို့လဲ။ ညက တစ်ညလုံး တို့ အိပ်လို့မပျော် ဘူး။ အေသင့်ကို တို့ ကြိုပြောထားခဲ့ရက်သားနဲ့ ကိုကို့ကို မကြွေရဘူး။ ကတိပေးပါ ဆိုတာ။ အေသင် အဲဒီကတိကို ဖျက်တယ်'

'ဟာ နေစမ်းပါဦး ဥက္ကာသာရယ် ဒီမှာစိတ်ညစ်ရတဲ့အထဲ။ ဘယ်သူက ဘာလုပ်လို့လဲ။ တော်ဝင်မှာ ဆရာနဲ့တို့နဲ့တွေ့တာက ရိုးရိုး သားသားပဲ'

'ဘာမှ လာရှင်းပြမနေနဲ့ ရိုးသားရင် နင် သူ့ရင်ခွင်ထဲကို ရောက်မလား။ လူကိုကြည့်တော့ ရိုးအပလိုလို ဘာလိုလိုနဲ့ နင်က ကိုကို့ကို'

'ဟာ နင်ထင်တာတွေ စွတ်တင်မနေနဲ့ ဥက္ကာသာရဲ့။ ဆရာနဲ့ ငါနဲ့ဘာမှမဖြစ်ဘူး။ ငါက ကြားထဲကနေအမှန်းခံပြီး ဆရာနဲ့ သူ့ ရည်းစားဟောင်းကြားမှာ'

အယ် ပြောရင်းဆိုရင်းကနေ ကျွန်မ စကားလွန်သွားပြီ။ အဲဒီစကားကို ကျွန်မ မပြောသင့်ဘူးနော်။ အဲဒီအသိဝင်ဝင်ချင်း ကျွန်မ စကားကို ဖြတ်ပစ်လိုက်တယ်။

'အေသင် ဘာပြောလိုက်တယ်'

'ဘာမှ မဟုတ်ဘူး'

'အေသင်က ကိုကိုနဲ့ ဘာမှမဖြစ်ဘဲနဲ့ ဘာဖြစ်လို့ ကိုကို့ရင် ခွင်ထဲကို ရောက်နေတာလဲ'

မမခက်ကို ပထိခိုက်အောင် ကျွန်မ ပြောဖို့ ကြိုးစားကြည့် လိုက်ပါတယ်။

'တို့က ဝမ်းနည်းသွားလို့ မျက်ရည်ကျသွားတာ ဆရာက ချော့လိုက်တာပါ။ ရင်ခွင်ထဲရောက်တာမဟုတ်ပါဘူး။ ဆရာက တို့ ကို အသာလေး ကျောပုတ်ပြီး နှစ်သိမ့်တာ။ ဘာမှ လွဲမထင်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောပြီးမှ ကျွန်မ အူကြောင်ကြောင်ဖြစ်သွားတယ်။ ဟင် မဟုတ်သေးပါဘူး။ ကျွန်မနဲ့ဆရာနဲ့ ရည်းစားဖြစ်တော့ရော သူနဲ့ဘာဆိုင်လို့လဲနော်။ ကျွန်မက ဆရာ့ကို မကြွေရဘူးလို့ သူ ကတိတောင်းခဲ့တယ်။ အဲဒါ ဘာဖြစ်လို့လဲ။ ကြွေတော့ ဘာဖြစ်လဲ။

တွေးရင်းနဲ့ နည်းနည်းတောင် ဒေါသထွက်သွားသလိုပဲ။

ဒါကြောင့် ကျွန်မ သူ့ကို ခပ်တင်းတင်းမော့ကြည့်လိုက်တယ်။

'နေဦးပါဦး။ တို့က ဆရာ့ကို မကြွေရဘူး ဆိုတဲ့ ကတိကို ဥက္ကာသာ ဘာဖြစ်လို့ တို့ဆီက တောင်းတာလဲ'

သူ့ကို ခပ်ဆတ်ဆတ်မေးလိုက်မိတယ်။

တေတေက မာထန်နေတဲ့ ဥက္ကာသာ့မျက်နှာက တိရစ္ဆာန်ရုံထဲက ပူးပြူးပြူးလေးတစ်ကောင်လိုပဲ သေးသေးလေး ကုပ်ကုပ်လေးဖြစ်သွားတယ်။

'ဘာဖြစ်လို့တောင်းရမလဲ ကိုကို့ကို နင် ကြိုက်သွားရင် ငါ ခံစားရမှာပေါ့'

အဲဒီနောက်တော့ ဘယ်လိုမှ မမျှော်လင့်ဘဲ ကျွန်မလက်ကို သူက လှမ်းဆွဲယူပြီး ဖျစ်ညှစ်ဆုပ်ကိုင်လိုက်တော့တယ်။

ဘုရားရေ။

လက်ဖဝါးမှာ ခံစားချက်တစ်ခုခု ရှိတတ်မလားလို့ ကျွန်မ တစ်ခါမှ တွေးမကြည့်ခဲ့မိဘူး။

တကယ်တော့ ကျွန်မလက်ဖဝါးမှာ ခံစားချက်တစ်ခုရှိနေခဲ့တာပါလား။

ကျွန်မလက်က အရာဝတ္ထုတော်တော်များများကို ကိုင်ဖူးတယ်။ ထိဖူးတယ်။ သူငယ်ချင်းတွေအများကြီးကို လက်တွဲဖူးခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါ ကျွန်မလက်ဖဝါးမှာ ထိခံလိုက်ရတဲ့ အရသာက



ထူးဆန်းလိုက်တာ။ အဲဒီခံစားချက်ဟာ လှုပ်ခတ်မှုလား။ ယားကျိကျိ နွေးထွေးမှုနဲ့ တုန်ခိုက်ခိုက် မောနွမ်းလိုက်ဟာမှုကို တပြိုင်တည်းမှာ ရလိုက်တာ။ အဲဒီ ယစ်မူးဝေရာထိတွေ့မှုကလေ ကျွန်မ တစ်ကိုယ်လုံးကို မှုန်းခနဲ ပြန့်နှံ့သွားတာမှ အို မြန်လိုက်တာ။ ဒူးတွေတောင်ညွှတ်လာတယ်။ ချက်ချင်းပဲ သူ့ရှေ့မှာ တဆတ်ဆတ်တုန်ရာက ခွေပြီး ပုံလျက်သား လဲကျတော့မလား။

ထုံထုံယစ်ယစ်နဲ့ ပူနွေးလာတဲ့နှုတ်ခမ်းတွေကနေ ကျွန်မ စကားတစ်ခွန်းပြောလိုက်တယ်။ ဘာပြောလိုက်မိမှန်း သေသေချာချာ မမှတ်မိဘူး။

'ဟင့်အင်း မလုပ်ပါနဲ့'

အဲဒီစကားပဲဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ဥက္ကာသာ့ကို ကျွန်မ ကြောက်နေခဲ့လို့ပေါ့။

စကားလေးတိုတိုလေးကို ပြောလိုက်ဖို့ စိုက်ထုတ်ရတဲ့ ခွန်အားက အကြီးအကျယ်ပဲ။ ပြောလဲပြီးရော ကျွန်မ နုန်းခွေသွားလို့ မျက်လုံးတောင် မှေးဝင်းသွားသလိုပဲ။

'အို တို့လက်ကို လွှတ်ပါဟယ်'

နှုတ်ခမ်းနွေးနွေးကနေ စကားတိုးတိုးထွက်သွားတယ်ထင်တယ်။ ဒါပေမဲ့ တကယ့်စိတ်ထဲမှာတော့ ကျွန်မတောင်းပန်နေတာက အဲဒီအတိုင်းဟုတ်ရဲ့လား။ ကျွန်မ မသိဘူး။

ရင်ထဲမှာ လှုပ်ခနဲတုန်ခါသွားတာ မောလိုက်တာ။

'အေသင် နင် မသိဘူးလား။ နင့်ကို ငါ တအားချစ်တာ'

ပြောပြီး ကျွန်မလက်ကို သူ့နှုတ်ခမ်းမှာ ကပ်ပစ်လိုက်တာ။

ကျွန်မလေ အဲဒီအချိန်မှာ တစ်လောကလုံး ဘာသံကိုမှ မကြားတော့ဘူး။ ဘာကိုမှလည်း မမြင်ရတော့ဘူး။ ဥက္ကာသာ့ကိုတောင် မမြင်ရတော့ဘူး။ ကျွန်မ မြင်ရတာက တိမ်တွေလိုပဲ အငွေ့

www.burmeseclassic.com



ပြုံးပြုံးပိတ်ပိတ်။ ကျွန်မရဲ့ခြေထောက်ကနေ သိမ်းကျုံးဆွဲမ ယူပစ်လိုက်တာကို ခံလိုက်ရသလို မြောက်ခနဲကြွသွားတယ်။ ဟုတ်တယ်။ ကျွန်မ ခြေဖဝါးက မြေနဲ့မထိတော့ဘူး။ ကျွန်မ လေထဲမှာ မျောလွင့်သွားတော့တယ်။

လေထဲမှာ တငြိမ့်ငြိမ့်မျောနေပေမဲ့ တစ်ကိုယ်လုံးမှာ သွေးကြောမျှင်လေးတွေ ဖြာခနဲဖြာခနဲ စီးဆင်းနေတာကို နွေးနွေးလေး ယားကျိကျိလေး ခံစားနေရတာတော့ သိတယ်။

ကျွန်မ ထိုင်ချင်တယ်။ တစ်နေရာရာမှာ ထိုင်မှဖြစ်မယ်။

အဲဒါကို ဉာဏ်သာကလဲ သိတယ်။

'လာ ကားထဲမှာ ထိုင်။ ခဏထိုင်လိုက်'

သူ ကားတံခါးကို ဖွင့်ပေးတယ်။

ကျွန်မ သူ့ကားထိုင်ခုံမှာ ခဏထိုင်လိုက်မိတယ်။ ထိုင်ကျသွားတယ်လို့ ပြောရင်ပိုမှန်ပါလိမ့်မယ်။ ကျွန်မ အာရုံထဲမှာ ရှိနေတာက စကားလေးတစ်ခုပဲ။

နင်ကိုငါ တအားချစ်တာ တဲ့။

ဟယ် ဉာဏ်သာရယ်။

အဲဒီအချိန်ကလေးမှာတော့ ကျွန်မ ဆရာဆူမှာလဲ မကြောက်တော့ဘူး။ ဒေါ်သေးမျှင် အတင်းပြောကဲ့ရဲ့မှာကိုလဲ မကြောက်တော့ဘူး။ မမခက် ကျွန်မကို စိတ်ဆိုးနေတာကိုတောင် ကျွန်မ နားကျင်နင့်သည်း မနေတော့ဘူး။ တစ်လောကလုံးကို မကြောက်တော့ပါဘူး။

အချစ်ဆိုတာ ဒါပဲလားမသိဘူးနော်။ ဘာကိုမဆိုရင်ဆိုင်ဖို့ အဆင်သင့်ပဲ။

ကျွန်မ သူ့ကို ချစ်သလား။

ဘုရားရေ ဉာဏ်သာက ချစ်လားလို့ ပေးလိုက်ရင်တော့



ခုက္ခပဲ။ ဘယ်လိုဖြေရပါ့။

တော်ပါသေးရဲ့။ ဉာဏ်သာက ကျွန်မကို အဖြေမတောင်းပါဘူး။

ကားထဲမှာ ထိုင်မိကြတဲ့ အချိန်မှာ ဉာဏ်သာက ကျွန်မကို စကားတစ်ခွန်းမှ မပြောဘဲ ပြုံးကြည့်နေခဲ့တယ်။ သူ့မျက်လုံးတွေဟာ အရင်တုန်းက ဒီလောက် ခွန်အား မပြင်းဘူးလားလို့။ အခုတော့ ကျွန်မ ရှေ့ကနေ အားလုံးကို ရင်ဆိုင်ပစ်တော့မဲ့ မျက်လုံးတွေပါ။

အဲဒီမျက်လုံးတွေအောက်မှာ ကျွန်မ ဘယ်လောက်ကြာအောင် ရင်ခုန်မောဟိုက်နေမိသလဲမသိ။ တံခါးဖွင့်သံတစ်ခုကို အနီးကပ်ကြားလိုက်ရတော့မှ လန့်သွားတယ်။ အဝင်တံခါးပေါက်ဖွင့်လာပြီး ဆရာ ထွက်လာပါတယ်။

ဆရာ။

ကျွန်မတို့ဆီကိုလျှောက်လာနေတဲ့ ဆရာ့မျက်နှာက တင်းမာတာလည်းမဟုတ်။ မှုပန်တာလည်းမဟုတ်။ ဆရာ့ကို ကျွန်မ အကဲမခတ်တတ်ဘူး။

ကျွန်မတို့ကားဆီကို ဆရာလာနေတော့ ကျွန်မလေ မျက်နှာပူလိုက်တာ။ နှစ်ယောက်သား ကားထဲက ထွက်ဖို့ ပြင်ရတာပေါ့။

'ဉာဏ်သာ မင်း ညက အိမ်ပြန်မအိပ်ဘူး'

ဆရာ့အသံက အပြစ်တင်တဲ့ အရိပ်အငွေ့တွေမပါပါလားလို့ ကျွန်မ တအံ့တသြငေးမိသွားတယ်။

အခုမှ ကျွန်မ သတိထားမိတယ်။ ဉာဏ်သာနဲ့ ဆရာနဲ့ မျက်လုံးချင်း တော်တော်တူတာပဲ။ ဆရာ့မျက်လုံးက ပိုပြီး နူးညံ့သိမ်မွေ့တယ်။

'ဟုတ်တယ်ကိုကို'

ဉာဏ်သာကလဲ စိုးရိမ်မှုပန်တဲ့အရိပ်အငွေ့မပါဘဲ ခပ်တည်

www.burmeseclassic.com

www.burmeseclassic.com



တည်ပဲ ဖြေတယ်။ တစ်မျိုးပါလား။

‘ဘာဖြစ်လို့ ပြန်မအိပ်တာလဲ’

စစ်ဆေးတဲ့လေသံမဟုတ်ဘဲ သိချင်လို့ မေးတာမျိုး။

‘ဉာဏ်သာ ပြန်မအိပ်ဖြစ်တဲ့အကြောင်း မေမေ့ကို ဖုန်းဆက်ပါတယ်’

မေးတာက တခြား။ ဖြေတာက တခြား။

‘ဉာဏ်သာ ဘာဖြစ်လို့ ပြန်မအိပ်တာလဲ’

ဆရာက ထပ်မေးတော့မှ ဉာဏ်သာက မဖြေချင်ဖြေချင် ပုံစံနဲ့ ဖြေတယ်။ မလုံမလဲ ရှက်ကိုးရှက်ကန်းအသံနဲ့လေ။

‘အသဲကွဲနေလို့’

‘အသဲကွဲရင် အိမ်မပြန်နိုင်တော့ဘူးလား’

‘မဟုတ်ဘူးလေ။ အသဲကွဲတာက ကိုကို့ကြောင့်လို့ ထင်ခဲ့တော့ ကိုကိုနဲ့မတွေ့ချင်ဘူး။ အဲဒါကြောင့်’

‘ဘာပြောတယ်’

‘မဟုတ်ဘူး အခု အဲဒီလိုမဟုတ်မှန်းသိသွားပြီ’

‘မဟုတ်သေးဘူး။ ဘာဖြစ်လို့ မင်းအသဲကွဲတဲ့ ကိစ္စမှာ ငါက ပါရတာလဲ’

‘ကိုကို ညကျ ဉာဏ်သာ ရှင်းပြမယ်လေ’

ဆရာက မျက်မှောင်ကြုတ်ရင်း ခေါင်းညိတ်တယ်။ ပြီးတော့ ကျွန်မကို လှမ်းကြည့်တယ်။

‘အေသင် ညည်းကို ခိုင်းထားတဲ့ ပြန်စာတွေ ပြီးသွားပြီလား’

‘မပြီးသေးဘူးဆရာ။ သမီး အခု ရိုက်လိုက်ပါ့မယ်’

ကျွန်မ ဆရာ့ရှေ့ကနေ ခေါင်းလေးငုံ့ပြီး ရိုရိုကျိုးကျိုးလေး ပြန်ဝင်လာခဲ့ပါတယ်။ ဒါပေမဲ့ မြေနဲ့ခြေဖဝါးမထိပါဘူး။



✉သို့-အေသင် athin@cartooners.com

မှ-ဉာဏ်သာ nthar@eagle.com.mm

အကြောင်းအရာ-တို့ကို ဖြေပါ။

အေသင်

တို့ကို အေသင် ချစ်တယ်လို့ မဖြေရသေးဘူးနော်။ အေသင် မေ့နေမှာစိုးလို့ သတိပေးတာ။ အခုဖြေနော်။

ချစ်တဲ့

ဉာဏ်သာ

..............................................................................................

✉သို့-ဉာဏ်သာ nthar@eagle.com.mm

မှ-အေသင် athin@cartooners.com

ပြန်စာ-တို့ကိုဖြေပါ။

ဉာဏ်သာ

တို့ မဖြေတတ်တဲ့မေးခွန်းတွေကို ဘယ်တော့မှမမေးပါနဲ့နော်။ အခုလောလောဆယ် တို့ သိပ်စိတ်ညစ်နေတယ်။ ဉာဏ်သာ့အစ်ကိုနဲ့ သူ့ချစ်သူဟောင်းရဲ့ကြားမှာ တို့က အမုန်းခံနေရတယ်။

နှိုးသားသော

အေသင်

..............................................................................................

www.burmeseclassic.com

www.burmeseclassic.com



✉သို့-အေသင်athin@cartooners.com
မှ-ဉာဏ်သာnthar@eagle.com.mm
ပြန်စာ-တို့ကိုဖြေပါ။

အေသင်

တို့ အခုမူးနေတယ်။ စိတ်မဆိုးပါနဲ့ ကိုကို့ကို တော်ဝင်အကြောင်း မေးရဲဖို့က ကိုကို့အရက်ကို ကပ်သောက်မှ ဖြစ်မှာမို့ပါ။

အခုပဲ တို့ ကိုကို့အခန်းကနေ ပြန်လာတာ။ သူက တို့ကို အေသင်နဲ့ အေသင့်ဆရာမအကြောင်း ပြောပြတယ်၊ အေသင့်ကိုလဲ သူတောင်းပန်ဦးမယ်တဲ့။ အေသင့်ရဲ့ ရုံးလိပ်စာမဟုတ်တဲ့ သီးသန့် အီးမေးလ် လိပ်စာကိုတောင်းလို့ တို့ ပေးခဲ့တယ်။ အခုတော့ သူ ပုလင်းကို ဆက်ဖြိုရင်းကျန်ရစ်ခဲ့တယ်။

တို့ ကိုကို့ကို ဘယ်လိုအကြံဉာဏ်ပေးခဲ့သလဲ သိချင်လား။ အေသင့် ဆရာမကို ကားတင်နိုးပြေးလို့၊ ဘယ့်နှယ်လဲ ဒီအကြံကောင်းလား

ချစ်တဲ့

ဉာဏ်သာ

ပီအက်စ်၊ ။ဘယ်တော့တွေ့ရမှာလဲဟင်။

..............................................................................................

✉သို့-အေသင် athin@cartooners.com
မှ-ဟန်သာ hthar@gmail.com
အကြောင်းအရာ-ဝမ်းနည်းပါတယ်။

အေသင်

ညည်းကို ငါတို့ကိစ္စမှာ အခုလို အသုံးချမိတာ ငါစိတ်မကောင်းပါဘူး





အခုပြန်တွေးကြည့်တော့ ငါတော်တော်မှားတာပဲလို့ ယူကျုံးမရဖြစ်မိတယ်။ ငါတောင်းပန်ပါတယ်။ နောက်တစ်ခါ ချာတိတ်ကို အသုံးမချမိအောင် ငါကြိုးစားမယ်။ ကျေနပ်ပါ။

ချာတိတ်၊ စိမ်းကို တောင်းပန်လိုက်ပါဦး။

စစ်မှန်သော

ဟန်သာ

..............................................................................................

✉သို့-ဟန်သာ hthar@gmail.com
မှ-အေသင် athin@cartooners.com
ပြန်စာ-ဝမ်းနည်းပါတယ်။

ဆရာ

သမီးကို ဆရာတောင်းပန်စရာမလိုပါဘူး။ ဒီလိုချိန်းပေးရင် မမခက် စိတ်ဆိုးမယ်ဆိုတာ သမီးသိရက်သားနဲ့ လုပ်လိုက်မိတာပါ။ သမီး ကျေနပ်ပါတယ်။ ဆရာနဲ့မမခက် အမြန်ဆုံးပြေလည်ပါစေလို့ သမီး ဆုတောင်းပေးပါတယ်။ သမီးမမခက်ကို တောင်းပန်မှာပါ။ ဘယ်က စပြီး ဘယ်လိုတောင်းပန်ရမှန်းမသိဘူး။ သမီးကြောက်တယ်။

ရိုးသားသော

အေသင်

..............................................................................................



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဆရာက ကျွန်မကို အခန်းထဲခေါ်ပြီး အကြာကြီးပဲ စကားပြောတယ်။ မမခက်ကို တောင်းပန်ဖို့အကြောင်းပေါ့။

ဆရာ့မျက်နှာ အခုတလော တော်တော်နွမ်းပါတယ်။

ဆရာစိတ်တော်တော်ညစ်နေတာ အသိသာကြီးပဲ။ ဒါပေမဲ့ ကျွန်မနဲ့ တော်တော် အဆင်ပြေပါတယ်။ ဉာဏ်သာ့အကြောင်းလဲ ဆရာက မသိချင်ယောင်ဆောင်ပြီး တစ်ခွန်းမှ မပေးဘူး။

ဒီကနေ့ရုံးမှာလဲ အဆင်ပြေတယ်။ အိမ်မှာလဲ မေမေက အထည်ချုပ်ခတွေ အများကြီးရလို့တဲ့ ထမင်းချိုင့်မှာ ဟင်းကောင်းတယ်။ ညနေကျတော့လဲ ဝင်ထရယ်မှာ ကျွန်မကို မန်နေဂျာက အလုပ်ထွက်ခါနီးပေမဲ့ တကယ်ကြိုးကြိုးစားစားလုပ်တယ်ဆိုပြီး လာချီးကျူးသွားသေးတယ်။ ဘယ်လောက်ကောင်းလဲ။ တကယ်ဆိုရင် လောကကြီးက သာယာချမ်းမြေ့နေရတော့မှာ။ ဒါပေမဲ့ ပမခက်ရဲ့ အဲဒီအကြည့်ကို ကျွန်မ ဘယ်လိုမှ မေ့ပျောက်လို့ မရဘူး။

မမခက်က သူ့ကို ချောင်ပိတ်ပြီး ဆရာနဲ့ဆုံပေးတယ်လို့ ထင်သွားမှာပေါ့။ သူ့ကို သစ္စာဖောက်တယ်လို့ ထင်သွားမှာနော်။ အဲဒါဆိုးတယ်။ သိပ်ကို ဆိုးပါတယ်။

ကျွန်မ ဝင်ထရယ်ကနေအလုပ်ပြီးလို့ ပြန်ထွက်လာတဲ့အချိန်က ညကိုးနာရီ။ ဖယ်ရီပေါ်ကပန်းကတန်းတက်ပြီးတော့မှ မမခက်ကို တောင်းပန်စရာ နည်းတစ်နည်းရှိသားပဲလို့ သတိရသွားတာ။ အီးမေးလ်နဲ့ အရင်တောင်းပန်ဖို့လေ။ ဟုတ်တယ်။ အီးမေးလ်ပို့ရမယ်။ ဒါပေမဲ့ ဒီကနေ့ညတော့ မဟုတ်ဘူး။ ဖယ်ရီပေါ်ကနေ ပြန်ဆင်းဖို့ ဝဉ်းစားသေးတယ်။ ဒါပေမဲ့ ညကြီးမိုးချုပ်အချိန်ဆိုတော့ ဖယ်ရီနဲ့ပဲ ပြန်တာကောင်းတယ်။ အေးလေ နောက်တစ်နေ့ပေါ့။





✉သို့-ခက် ksn@mail4U.com.mm
မှ-အေသင် athin<hami@mptmail.net.mm
အကြောင်းအရာ-တောင်းပန်ပါတယ်။

ဆရာမ
သမီး ဆရာမအပေါ် မကောင်းကြံတဲ့စိတ်လုံးဝမရှိပါဘူးဆရာမရယ်။ ဆရာမကို ဆရာက တွေ့ချင်လွန်းလို့ ချိန်းပေးပါဆိုလို့ ဆရာမကိုလဲ မထိခိုက်စေရပါဘူးလို့ ကတိပေးလို့ သမီး စွန့်စားပြီး ဆရာမကို ချိန်းလိုက်မိတာပါ။ သမီးဆရာမကို သစ္စာဖောက်တာမဟုတ်ပါဘူး။ ဆရာမ အထင်မလွဲပါနဲ့နော်။ ဒီလိုဖြစ်သွားလိမ့်မယ်လဲမထင်လို့ သမီး ဝင်ပါမိတာပါ။
ဆရာမရဲ့ကျေးဇူးတွေကို မထောက်ထားဘဲ ဆရာမကို မကောင်းကြံတယ် လို့မထင်လိုက်ပါနဲ့နော်။
သမီးကို ဆရာမပေးချင်တဲ့အပြစ်ပေးပါ။ သမီးခံပါ့မယ်။ အဲဒီအပြစ်တွေကို ခံယူဖို့ သမီး ဆရာမဆီလာ တောင်းပန်ပါရစေနော်။

လေးစားစွာဖြင့်
အေသင်

..............................................................................................

✉သို့-ခက် ksn@mail4U.com.mm
မှ-အေသင် athin <hami@mptmail.net.mm
အကြောင်းအရာ-နှင်းဆီဝပွင့်

ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမအတွက် အင်တာနက်ကရတဲ့ ဆန္ဒ၁၀ခုရဲ့အထိမ်းအမှတ် နှင်းဆီ၁၀ ပွင့်ကို ဖော်ဝပ်ဒ်လုပ်ပြီး ထည့်ပေးလိုက်ပါတယ်။ ဆရာမ စိတ်ရွှင်လန်းပါစေ။

ပထမနှင်းဆီပွင့်က ခင်မင်ရင်းနှီးမှုများဆရာမအတွက်ဖြစ်စေဖို့
ဒုတိယနှင်းဆီပွင့်က ချစ်ခြင်းမေတ္တာ ဆရာမအတွက် ဖြစ်စေဖို့
တတိယနှင်းဆီပွင့်က ခနကြွယ်ဝမှုများ ဆရာမအတွက်ဖြစ်စေဖို့
စတုတ္ထနှင်းဆီပွင့်က ပျော်ရွှင်မှုများ ဆရာမအတွက်ဖြစ်စေဖို့
ငါးပွင့်မြောက်နှင်းဆီက အောင်မြင်မှုများ ဆရာမအတွက်ဖြစ်စေဖို့
ဆဋ္ဌမမြောက်နှင်းဆီက အသိပညာများ ဆရာမအတွက်ဖြစ်စေဖို့
သတ္တမမြောက်နှင်းဆီက အလှတရားများ ဆရာမအတွက်ဖြစ်စေဖို့
အဋ္ဌမမြောက်နှင်းဆီက မိသားစုချစ်ခြင်းများ ဆရာမအတွက်ဖြစ်စေဖို့
နဝမမြောက်နှင်းဆီက ရိုးသားဖြူစင်မှုများ ဆရာမအတွက်ဖြစ်စေဖို့
ဆယ်ပွင့်မြောက်နှင်းဆီက ကျန်းမာစွာအသက်ရှည်လျက် ကြွယ်ဝပြည့်စုံတဲ့ဘဝ ဆရာမအတွက် ဖြစ်စေဖို့ပါဆရာမ

ချစ်ခင်လေးစားစွာ
အေသင်

........................................................................................................





လ=လောကကြီးက မတရားဘူး။

ကျွန်မ မမခက်ရဲ့တိုက်ခန်းကို ညနေဖြနောရီလောက် သွားနိုင်ဖို့ စင်ထရယ်ကနေ တစ်ရက်ခွင့်ယူလိုက်ရပါတယ်။

လှည်းတန်းဈေးကနေ အံ့သြရလောက်အောင်လှတဲ့ နှင်းဆီရောင်စုံ ဆယ်ပွင့်ဝယ်လိုက်တယ်။ အစိမ်းဘက်ကိုနဲနဲလေးပြေးနေတဲ့အဖြူရောင်နှင်းဆီက လှလွန်းလို့သုံးပွင့်၊ အဝါနုနုပတ်ပတ်တစ်ပွင့်၊ အဝါရင့်ရင့်တစ်ပွင့်၊ ပန်းနုရောင်တစ်ပွင့်၊ ပန်းရောင်ရင့်ရင့်တစ်ပွင့်၊ အနီရောင်ရဲရဲတောက်တောက်က နှစ်ပွင့်၊ အဖြူဆွတ်ဆွတ်ကတစ်ပွင့် သိပ်လှတဲ့နှင်းဆီပန်းတွေ တမွေ့တစ်ပိုက်နဲ့ မမခက်ရဲ့ တိုက်ခန်း ရှိရာကို လျှောက်လာခဲ့တယ်။

စိုးရိပ်သောကတွေ၊ တွန့်ဆုတ်မှုတွေ၊ စိတ်ရှုပ်ထွေးမရေရာမှုတွေနဲ့ ရင်ထဲမှာလေးလံနေပေမဲ့ တစ်ချိန်တည်းမှာ ကိုယ့်အပြစ် ကိုယ်ရယ်လဲရယ်ချင်ပါတယ်။

အော် ငါ့နယ် ဆရာတောင် မမခက်ကို ဒီလို နှင်းဆီပန်းတွေနဲ့ ကဗျာဆန်ဆန် တောင်းပန်ချော့မော့ခဲ့ပူးမှာမဟုတ်ဘူးလို့။

တိုက်ခန်းကို မတက်ခင် မော့ကြည့်လိုက်သေးတယ်။ ဝရံတာ တံခါးပွင့်ထားတယ်။ ဒါနဲ့ မမခက်ရှိမှန်းသိသွားတယ်။ မရှိခဲ့ဘူးဆိုရင်လဲ ကျွန်မ လှေကားထိပ် အခန်းတံခါးရှေ့မှာ မမခက်လာတဲ့အထိ ဇွဲကောင်းကောင်းနဲ့စောင့်မယ်လို့ ဆုံးဖြတ်ထားပါတယ်။

သံပန်းတံခါးပိတ်ပြီး အတွင်းကသော့ခတ်ထားတယ်။ အတွင်းက ကျွန်းတံခါးလဲ ပိတ်လို့။ ကျွန်မ တံခါးမခေါက်ခင် အသက်အောင့်ပြီး တစ်နှစ်သုံးလေး တစ်ဆယ်အထိ စိတ်ထဲကရွတ်နေခဲ့သေးတယ်။ ပြီးမှ ကျွန်းတံခါးကို ခေါက်လိုက်တယ်။

တံခါးခေါက်လိုက်တဲ့အသံက ကျယ်လွန်းလှသလို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုယ်ပြန်လန့်သွားမိတယ်။

ခါတိုင်းလို ခပ်သွက်သွက်လျှောက်လာတဲ့ခြေသံကို ချက်ချင်း မကြားရပါဘူး။ စက္ကန့်သုံးဆယ်လောက် ကျွန်မ စောင့်ပြီးတော့ ထပ်ခေါက်လိုက်တယ်။

အဲဒီအခါမှာတော့ ခပ်ဆဆခြေသံတစ်ခုကို ကြားလိုက်ရပါတယ်။ ခြေသံက ကျွန်းတံခါးနောက်မှာ ရပ်သွားတယ်။ ချောင်းကြည့်ပေါက်ကနေ မမခက်လှမ်းကြည့်နေပြီဆိုတာ ကျွန်မ သိလိုက်တယ်။

ချောင်းကြည့်ပေါက်နေရာကို ကျွန်မ လှမ်းကြည့်ပြီး ဆရာမလို့ အသံမထွက်ဘဲ ပါးစပ်လှုပ်ရှေ့ရွတ်မိတယ်။

ကျွန်မမျှော်လင့်သလို တံခါးပွင့်မလာပါဘူး။ ခြေသံက ပြန်ဝေးသွားတယ်။

ပြန်ဝေးသွားတဲ့ခြေသံကိုကြားလိုက်တော့ ကျွန်မ အံ့လဲအံ့သြ ဝမ်းလည်းနည်းပြီး ရှက်လဲရှက်သွားတယ်။ တစ်ကိုယ်လုံးမှ ထူသွားရာက ချက်ချင်းပဲ နွမ်းခွေပျော့ပတ်သွားပြန်တယ်။

'ဆရာမ'

အသံကျယ်ကျယ်အော်ခေါ်လိုက်မိတယ်ထင်ပေမဲ့ တကယ်တော့ ကျွန်မအသံက တိုးတိုးတိမ်တိမ်လေးပါ။ အခန်းထဲမှာရှိနေတဲ့ ခက် ကြားတောင်ကြားရရဲ့လားမသိဘူး။

'ဆရာမ သမီးပါ အေသင်ပါ'

တံခါးကိုတဒုန်းဒုန်းထုရင် ရပ်ပျက်မှာ။ ဆရာမလဲ ကျွန်မကို ချောင်းကြည့်ပေါက်ကနေပြင်ပြီးသားမို့ တံခါးခေါက်စရာမလိုတော့ဘူးလေ။ ဖွင့်မပေးချင်လို့ပဲ ပြန်လှည့်ထွက်သွားတာမဟုတ်လား။ မကြားလို့မှမဟုတ်ဘဲ။

ကျွန်မလေ ကိုယ့်ကို ဖွင့်မပေးတဲ့တံခါးတစ်ချပ်ရှေ့မှာ ဘယ်





လိုမျက်နှာမျိုးနဲ့ ဆက်ရပ်နေရမလဲဆိုတာ တစ်ခါမှတွေးမကြည့်မိခဲ့ပါဘူး။ ညာဘက်ခြေထောက်ကို အားပြုရပ်လိုက်၊ ဘယ်ဘက်ခြေထောက်ကို အားပြုရပ်လိုက်နဲ့ ဟိုဘက်လှည့်ကြည့်သလို ဒီဘက်လှည့်ကြည့်သလို ရပ်နေခဲ့ရတာ ဘယ်လောက်များ အားငယ်ရှက်ရွံ့ဖို့ကောင်းလဲ။

ဒါပေမဲ့ကျွန်မအပြစ်နဲ့ကျွန်မပါ။

ဒီလိုလစ်လျူရှုခံရတာ ထိုက်တန်ပါတယ်။ စိတ်ဓါတ်ခက်မာတဲ့မမခက်ဆီကနေ ဒီလောက်တော့ အပြစ်ဒဏ်ကိုရမှာပဲ။ အံ့သြစရာမဟုတ်။ ကျွန်မ ဒီအပြစ်မျိုးကို မျှော်လင့်ပြီးသားပါ။ တစ်ခုပဲ ရှိတယ်။ ကျွန်မ ဒီအခြေအနေကို ဘယ်လောက်အချိန်ကာလအထိ ခံနိုင်ရည်ရှိမလဲ။

'မမခက်'

နောက်တစ်ကြိမ် ခပ်တိုးတိုးခေါ်လိုက်မိတယ်။ အခန်းတွင်းမှာ တိတ်ဆိတ်နေတယ်။ ကျွန်မရပ်နေရတာနဲနဲကြာလာတော့ ခြေထောက်တွေတုန်လာတယ်။ ညောင်းလဲညောင်းလာတယ်။ ခြေထောက်တွေထဲမှာလဲ အင်အားမရှိတော့ဘူး။ ဒါကြောင့် အုတ်ကြမ်းခင်းပေါ်မှာပဲ ဖုံတွေသဲတွေကြားထဲ ခွေတိခွေခေါက် ထိုင်ချပစ်လိုက်မိတယ်။ တော်သေးတယ်။ ဝတ်လာတဲ့စကတ်က ချည်ထည်အထူစားမို့။

နှင်းဆီရိုးတံတွေကို ဆုပ်ကိုင်ထားလို့ ရူးသွားတဲ့ဒဏ်ရာကလဲနာ၊ ရုံးအဆင်းမှာဘာမှ ထပ်မစားခဲ့ရလို့ ဆာနေတဲ့ဗိုက်ကလဲ လှိမ့်နာ။ အော် ငါ့ဘဝဟာ တော်တော်ဆိုးပါလားလို့ နာနာကျည်းကျည်းတွေးမိတယ်။

ဘယ်အချိန်ကကိုယ့်မျက်လုံးထဲစုလာမှန်းမသိတဲ့ မျက်ရည်တွေက စိုရွှတ်ပြည့်လျှံ မျက်တောင်ဖျားကနေ ပါးပြင်ပေါ်ထိလိမ့်ဆင်းကျလာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဥက္ကာသာ့ကိုပဲ တမ်းတမိတယ်။

ဥက္ကာသာရယ် နင်သာ လိုက်လာခဲ့ရင် ငါဘယ်လောက် အပျော်ရမလဲ။ နင်သာ ငါ့ဘေးမှာရှိရင် ငါဘာကိုမဆိုရင်ဆိုင်ရဲပါတယ်။ နင်ဘာဖြစ်လို့ ငါ့အနားမှာမရှိတာလဲ။ ငါ့အနားမှာနင်ရှိရင် နင်က သီချင်းတွေဆိုပြနေမှာပဲ။ စိတ်ညစ်ရင်လဲ သီချင်းနဲ့ဖြေဖျောက်။ ဒေါသထွက်ရင်လဲ သီချင်းနဲ့ဖောက်ထုတ်။ ဘယ်လောက်ကောင်းလဲ။

ဥက္ကာသာသာ ကျွန်မဘေးမှာပါလာခဲ့မယ်ဆိုရင် သူ ကျွန်မကို သီချင်းတစ်ပုဒ်တော့ ဆိုပြပေးနေမှာပဲ။

သံပန်းတံခါးကို ကျောဆန့်မှီလိုက်တဲ့အချိန်မှာပဲ တံခါးနောက် ဘက်ကို လျှောက်လာတဲ့ခြေသံကို ကြားလိုက်ရပြန်တယ်။

ကျွန်မ ဆတ်ခနဲပြန်မတ်လိုက်ပြီး တံခါးကိုလှည့်ကြည့်လိုက် တယ်။ ပွင့်လာမလား။

'အေသင် ဆရာမ ခေါင်းတွေကိုက်လို့ အိပ်တော့မလို့ ပြန် တော့'

မမခက်ရဲ့အသံကို တံခါးနောက်ကနေ ကြားရတော့ ကျွန်မ ခုန်ထပစ်လိုက်တယ်။

'သမီးပြန်ပါ့ပယ်ဆရာမ ပန်းတွေတော့ယူလိုက်ပါဦးနော်'

ကျွန်းတံခါးဟာဟာလေး ပွင့်လာတယ်။ ဟား ကျွန်မပျော် လိုက်တာ။ မမခက်ရဲ့မျက်နှာကို ဘောင်ရှည်ရှည်ကျဉ်းကျဉ်းလေးခတ် လို့ မြင်လိုက်ရတာကိုး။ မမခက်မျက်နှာတင်းမာမနေပါဘူး။ ခပ်လျော့ လျော့။ ခပ်နွမ်းနွမ်းတောင်ဖြစ်နေသလိုပဲ။

ကျွန်မ နှင်းဆီပန်းတွေကိုရင်မှာပွေ့ပိုက်ထားရာကနေ မမ ခက်ဆီကမ်းပေးလိုက်ပါတယ်။ မမခက်က ကျွန်းတံခါးကို ခပ်ကျယ် ကျယ်ဆွဲဖွင့်လိုက်ပြီး ကျွန်မကို တွေတွေကြီးကြည့်နေတယ်။ တော်



တော်ကြာတယ်။ တစ်ပွင့်ကို ရှစ်ဆယ်ကိုးဆယ်ပေးခဲ့ရတဲ့ အလှဆုံး ပန်းတွေဆီကို ကြည့်တာမဟုတ်ဘူး။ ကျွန်မကို ကြည့်တာ။

ကျွန်မ မမခက်ကို ပြုံးပြလိုက်တယ်။

အဲဒီအချိန်မှာပဲ မမခက်က သံပန်းတံခါးကို သော့ဖွင့်လိုက် ပါတယ်။ ကျွန်မနှင်းဆီပန်းတွေကို လက်ကနေကမ်းပေးလိုက်တော့ မမခက်က သံပန်းတံခါးကို အကျယ်ကြီးဖွင့်ပေးတယ်။

အို ဒါ ကျွန်မ ဝင်လို့ရတယ်ဆိုတဲ့သဘောလား။ ကျွန်မ မယုံမရဲမော့ကြည့်တော့ မမခက်က ခေါင်းညိတ်တယ်။

'လာ'တဲ့။

အဲဒီနောက်တော့ မမခက်အခန်းထဲကို ကျွန်မရောက်သွား တော့တာပါပဲ။ အဲဒီအချိန်ကျတော့ ကျွန်မပါးစပ်ကနေ စကားတွေ တတွတ်တွတ်၊ ဘယ်ကနေဘယ်လို ထွက်လာမှန်းမသိဘူး။

'သမီးစင်ထရယ်ကနေ ခွင့်ယူထားတာ'

'နှင်းဆီပန်းတွေကို ပန်းအိုးထဲထည့်လိုက်မယ်နော်'

'ဆရာမ ထမင်းစားပြီးပြီလားဟင်'

'ဟယ်ဆရာမရဲ့ အိပ်ရာခင်းလဲလိုက်တာလား။ လှလိုက်တာ နော်'

တကယ်တော့ ကျွန်မပြောချင်တဲ့စကားတွေက အဲဒါတွေ တစ်ခုမှမဟုတ်ဘူး။ တခြားစကားတွေပါ။ အဲဒါကို မမခက်ကလဲ သိတယ်ထင်တယ်။ မီးဖိုစားပွဲမှာ ဂေါ်ဖီပန်းပွင့်ကို ဓါးနဲ့လှီးဖြတ်ရင်း ကျွန်မသွားလေရာကို ပရုယ်မပြုံးလိုက်ကြည့်နေတယ်။

'ညီမတကယ်ပြောချင်တဲ့စကားကို ပြောပါ။ မမနားထောင် ပေးဖို့ တံခါးဖွင့်ပေးလိုက်တာ'

'ဆရာမကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဖန်တီးမိလိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် သမီးလာကန်တော့တာပါ'

ပြောပြီးနောက် မီးပိုကြမ်းပြင်ပေါ်မှာ ဒူးထောက်ထိုင်ချရာကနေ မမခက်ကို ကန်တော့လိုက်ပါတယ်။

စိတ်ထဲကနေလဲ နောက်မလုပ်တော့ဘူး။ နောက်မလုပ်တော့ဘူးလို့ သုံးကြိမ်ကန်တော့တုန်း သုံးကြိမ်လုံး ရေရွတ်နေမိတယ်။ ဆရာမက ဆွဲမထူဘူး။ လှည့်လည်းမကြည့်ဘဲ စားပွဲကို ငုံ့စိုက် ကြည့်နေခဲ့တယ်။ ကျွန်မနဖူးနဲ့ကြမ်းပြင်ထိရာကနေ မျက်နှာကို ပြန်မော့လိုက်တဲ့အချိန်မှာပဲ မမခက်ဆီက စကားသံတိုးတိုးကို ကြားလိုက်ရတယ်။

'ဒီကလေးကိုမမမွေးချင်တယ်။ လက်ထပ်လိုက်ရအောင်ပါလို့ သူ့ကို ဒူးထောက်ပြီးတောင်းပန်နေတဲ့အချိန်တွေတုန်းက သူ့အာရုံထဲမှာ ရှိနေတာက ကာဒစ်ဖ်တက္ကသိုလ်မှာ ဘွဲ့လွန်တက်ဖို့ပါ'

မမခက်က မလှုပ်မယှက်ထိုင်နေရာကနေ တစ်လုံးချင်းခပ်တိုးတိုးပြောလိုက်တဲ့စကားတွေဟာ စိတ်ဆိုးနေတဲ့လေသံလုံးဝမပါဘူး။ နာကျင်ထိခိုက်မှုတွေတော့ ပါမှာပေါ့။ ဒါကြောင့်သာ အသံက တိုးပြီး လေးပင်နေတာပေါ့။

'ကိုယ်ဝန်ကိုရှင်းပစ်လိုက်ဖို့သူပဲ ဆုံးဖြတ်ချက်ချတယ်။ သူပဲ ဆေးခန်းတစ်ခုကိုလိုက် ပို့ပေးတယ်။ ဆေးခန်းထဲမှာ မမ အလှည့်စောင့်ရင်း ထိုင်နေတဲ့အချိန်မှာပဲ ရင်ထဲက တဒိတ်ဒိတ်ခုန်ပြီး အသက်ရှူမရအောင် မောလာပြီး မျက်ရည်တွေ ထိန်းမနိုင်သိမ်းမရ ကျလာတယ်။ မမဆက်မနေနိုင်တော့ဘူး။ ဆေးခန်းထဲကနေ ထွက်ပြေးခဲ့ရတယ်'

ကျွန်မ ကြမ်းပြင်ပေါ်မှာပဲ ကျုံ့ကျုံ့ထိုင်နေရာက မမခက်ရဲ့စကားတွေကိုပဲ နားထောင်နေလိုက်ပါတယ်။ ကျွန်မ တစ်ခွန်းမှ ဝင်မပြောဘူး။ ပြောစရာလဲ မလိုတော့ပါဘူး။

'သူက မမကို စားသောက်ဆိုင်တစ်ခုကိုခေါ်သွားပြီး အေးအေးဆေးဆေးပျောင်းဖျတယ်။ ဒီအခြေအနေအတိုင်း လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့ကင်းနေဖို့က မမတို့နှစ်ယောက်ရဲ့အနာဂတ်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ မမကို ပြောပြနေခဲ့တယ်။

'အမှန်ကို အဲဒီတုန်းကတည်းက မမမြင်သွားခဲ့တာ။ ဟာန်သာဆိုတာတစ်ကိုယ်ကောင်းသမား။ ကိုယ့်ကြောင့် ကိုယ့်သွေးကနေဖြစ်တဲ့ရင်သွေးလေးကို အလွယ်တကူသတ်မိန့်ပေးခဲ့တဲ့လူ။ အပေါ်ယံက ရွှေမှုန်ကြဲပြီးအထဲမှာ နောက်ချေးတွေနဲ့ ရွံစရာကောင်းတဲ့လူ။ အဲဒါ ညီမဆရာရဲ့တကယ့်အဖြစ်မှန်ပဲ'

အဲဒီနောက်တော့ ကျွန်မ တစ်ညနေလုံး မမခက်ရဲ့လှုပ်ရှားမှုနောက်ကိုလိုက်၊ မမခက်ရဲ့စကားတွေကိုပဲ နားထောင်နေခဲ့တာ။ ထမင်းစားကြတယ်။ ကော်ဖီသောက်ကြတယ်။ မမခက်ကဆေးသောက်တယ်။ ပြီးတော့ စကားတွေ ထပ်ပြောပြန်တယ်။

'အခုချိန်မှာသူက အိပ်ချ်အိုင်ဗွီ/ အိတ်ဒ်စ်ရောဂါအတွက် လူတွေအများကြီးအသက်အန္တရာယ်ကနေ လျော့ပါးလွတ်မြောက်ဖို့ ကူညီပေးနေတဲ့ မီဒီယာအင်နီရှေးတစ်ဖ်အဖွဲ့ရဲ့ ခေါင်းဆောင်ကြီးပေါ့။ ကယ်တင်ရှင်ကြီးပေါ့။ သားလားသမီးလား သူမသိရတဲ့ ရင်သွေးလေးတစ်ယောက်ကို သူ့ပညာနဲ့လဲရက်တဲ့သူ၊ ရက်စက်တဲ့ဆုံး ဖြတ်ချက်တွေကို သူ့ပါးစပ်ကနေ တကယ်ပြောထွက်ခဲ့တာ။ အဲဒါကို တော့ ဘယ်သူမှ မသိလိုက်ကြဘူး'

မမခက်နဲ့သက်ဆိုင်လိမ့်မယ်လို့ ကျွန်မ တစ်ခါမှထင်မထားခဲ့တဲ့ ဖြစ်စဉ်တွေပါ။ မမခက်ဟာ စိတ်ဓါတ်ခိုင်မာတယ်။ ရဲရင့်တယ်။ ပြတ်သားတယ်။ အချစ်ထဲမှာနစ်နေဖို့ ကိုယ့်ကိုယ်ကို ခွင့်မပြုဘူး။ အဲဒီလို ထင်ထားခဲ့တာ။ ဒါပေမဲ့ အခုတော့ မမခက်ဟာ အချစ်ထဲမှာ ပက်ပက်စက်စက်ကြီးကို နစ်ခဲ့တဲ့ မိန်းမတစ်ယောက်ပေါ့။ ဟောင့်အင်း ကျွန်မ အဲဒါကို လက်မခံချင်ဘူး။







www.burmeseclassic.com

www.burmeseclassic.com



'သူဆရာဝန်ပဲ။ မျိုးပွားကျန်းမာရေးဆိုင်ရာအသိမရှိဘူးလား။ ရှိခဲ့တာပေါ့။ ဒါပေမဲ့ အသိပညာက အလိုဆန္ဒနောက်မှာ ကျန်ရစ်ခဲ့တယ်။ အလိုဆန္ဒကို ဆင်ခြင်တုံတရားက မလွှမ်းဆန်နိုင်တဲ့အဖြစ်တွေ လူ့ဘဝမှာ အများကြီးရှိတယ်ညီမ'

ကျွန်မအဲဒီစကားတွေကို နားထောင်နေရင်းက ရင်ထဲက ထုံကျင်လာတော့တယ်။ ဆရာ့ကို ကျွန်မလေးစားတယ်။ ဆရာက သိမ်မွေ့တယ်။ နူးညံ့တယ်။ လူတွေကိုကူညီချင်တယ်။ လက်အောက် ငယ်သားတွေအပေါ်မှာ နိုင်လိုမင်းထက်မရှိဘူး။ အိပ်ချ်အိုင်ဗွီ/အိတ်စ်ကိစ္စတွေကို အားတက်သရော ဆောင်ရွက်ချင်တဲ့စိတ်ရှိတယ်။ သူ့ စီးပွားရေးကိုတောင် မီဒီယာအင်နီရှေးတစ်ဗ်အပွဲ့လောက် အရေးထားတာမဟုတ်ဘူး။

အဲဒီဆရာက တစ်ခါတုန်းက မမခက်အပေါ်မှာ

အိုး ကျွန်မတွေးလိုက်ရုံနဲ့ ရင်ထဲမှာဆို့နစ် တင်းကြပ်ပြီး မျက်နှာတွေလဲ ပူရှိန်းလာခဲ့တယ်။ ဆိုးလိုက်တာနော်။

မမခက်ငြိမ်သက်တိတ်ဆိတ်သွားတဲ့အချိန်မှာ ကျွန်မ နှင်းဆီပန်းတွေကို အခက်အရွက်တွေ သင်လိုက်တယ်။

ဘုရားဝင်ပေါ်ကပန်းတွေက ညှိုးနွမ်းနေပြီ။ မမခက်ရဲ့ပန်းအိုးဟာ ဘယ်တုန်းကမှ ညှိုးခဲ့တာမဟုတ်ဘူး။ အခုဟာက မမခက် စိတ်တွေတော်တော် ညှိုးနွမ်းနေတယ်ဆိုတာ အသိသာကြီးပဲ။ အဲဒီလို စိတ်ညှိုးနွမ်းအောင်ပြုလုပ်ခဲ့တဲ့ တရားခံက ကျွန်မလို့ တွေးလိုက်ရင် နောင်တတွေနဲ့ ကြေကွဲရတော့တာပဲ။

'ညီမ ဂနာရီထိုးတော့မယ်။ ညီမ အိမ်ပြန်ဖို့နောက်ကျနေမလား။ ဒီမှာအိပ်မယ်ဆိုရင် အိမ်ကို ပြောပေးဖို့ ဖုန်းဆက်လိုက်မလား'

'သမီးက ညတွေ ပြန်နေကျပါဆရာမ။ သမီးပြန်မယ်လေ'



'မမက စိတ်မချဘူး'

ကျွန်မ မမခက်ရဲ့လက်ဖျားလေးတစ်ဘက်ကို ဆုပ်ကိုင်လိုက်မိတယ်။

'စိတ်ချပါဆရာမ သမီးငှာ စီးသွားမယ်။ ပြီးတော့အဝိုင်းမှာဆင်းမယ်။ အဝိုင်းကနေ ငှဇထပ်စီးမယ်။ အိမ်ကို ညကိုးနာရီခွဲလောက် ရောက်သွားမှာပဲ'

မမခက်က အင်တင်တင်ဖြစ်နေတယ်။

'ဒီမှာအိပ်ဖို့ မမကို အားပနာနဲ့နော်'

'ဟုတ်ကဲ့ ရတယ်ဆရာမ သမီး ပြန်နေကျမို့ပါ'

ဘုရားပန်းအိုးလေးဟာ ရောင်စုံနှင်းဆီတွေနဲ့ လန်းဆန်း လှပမွှေးကြိုင်နေပြီ။ ကျွန်မ ဘုရားစင်ပေါ်ပန်းအိုးပြန်တင်ဖို့ ခုံနဲ့တက်ရပ်ဖို့ ပြင်နေတုန်း မမခက်ကလှမ်းယူပြီး ခြေဖျားထောက် တင်ပေးလိုက်ပါတယ်။

'လှလိုက်တာညီမရယ် သိပ်လှတဲ့ပန်းတွေ။ ပပစိတ်ထဲမှာ လန်းဆန်းသွားတာပဲ။ ကျေးဇူးတင်လိုက်တာ'

ကျွန်မသယ်လာတဲ့ပန်းတွေကို မမခက်က ကြိုက်တယ်ဆိုလို့ ကျွန်မ သိပ်ကျေနပ်သွားပါတယ်။

မပနဲ့ကျွန်မ ဘုရားကို အတူ ရှိခိုးပန်းကပ်ကြတယ်။

အခုချိန်ဆို ဆရာဘာလုပ်နေမလဲလို့ တွေးမိတယ်။ ကားပဲမောင်းနေမလား။ သူလက်ထပ်ပယ်ဆိုတဲ့ မိန်းမနဲ့ ပလိပလာတွေ အီစီကလီတွေပြောနေမလား။

ဘာပဲဖြစ်ဖြစ် သူ့ဘဝမှာ မသေချာမှုတွေ နောင်တတွေ တနင့်တပိုးနဲ့ အသက်ရှင်နေရတော့မှာ။ တစ်ချိန်တုန်းက သူ့သွေးနဲ့တည်ခဲ့တဲ့ သန္ဓေသားလေးဟာ အခုဘာဖြစ်သွားသလဲ သူမသိဘူး။ သူ့ချစ်သူဟာ ဘယ်လိုဆုံးဖြတ်ခဲ့သလဲ သူမသိဘူး။ ဒီကလေးကို သူမွေးခဲ့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အခုကလေးအသက် လေးနှစ်လောက်ရှိနေလောက်ပြီ။ တစ်နေရာရာမှာ လေးငါးနှစ်အရွယ်ကလေးလေးတွေကို တွေ့တိုင်း သူ့ကလေးများ ဖြစ်နေမလားလို့ သူ တွေးနေမိမယ်။ ကျွန်မ ကြည့်ဖူးတဲ့ဇာတ်ကားတွေထဲကလို သူ့မှာ သားကလေး(ဒါမှမဟုတ် သမီးကလေး) ရှိတယ်ဆိုတာကိုမသိဘဲအသက်တွေကြီးသွားမယ်။ သိချင်လို့ရှာနေတဲ့ အချိန်တုန်းက မသိလိုက်ရဘဲ မသိချင်တော့တဲ့ အချိန်ကျမှ သိသွားတာမျိုးလဲ ဖြစ်နိုင်တယ်။

အဲဒီလိုမဖြစ်အောင် အစကတည်းက မမခက်ကိုပဲ ယူလိုက်ရင်ပြီးရော။

သူတို့လူကြီးတွေကနော် လွယ်နေတာကို ခက်အောင်လုပ်တတ်ကြတယ်။



လ=လက်ထပ်မယ်လဲပြောသေးရဲ့။

နေ့လည်။

ကျွန်မက ကံကိုဆိုးပါတယ်။

မနေ့က ကျွန်မ ဆရာ့အခန်းထဲကို သွားပြီး ဆရာတိုင်ပေးတဲ့စာသုံးစောင်ကို ရိုက်ရတယ်။ သုံးစောင်မှာ တစ်စောင်က မြန်မာလို။ နှစ်စောင်က အင်္ဂလိပ်လို။

မြန်မာလိုက အမျိုးသားအိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးဌာနကို ရေးရတာ။

ဆရာက မြန်မာလိုတစ်ခါရင် သိပ်မချောတတ်ဘူး။ အဲဒါကြောင့် အမြဲတမ်း နှစ်ခါသုံးခါ ပြန်ပြန်ပြင်ရတယ်လေ။ မနေ့ကလည်း တစ်ခါတာကို သူ့ဟာသူမကြိုက်ဘူး။ ပြန်ပြန်ပြင်နေတာ။ ကြာတာပေါ့။

နောက်ပြီး စာရေးနေကြတဲ့အချိန်မှာပဲ ဆရာက ကျွန်မကို မမခက်အကြောင်း မေးပြန်တယ်။

‘ညည်း မမနဲ့တွေ့သေးလား’

ပထမတော့ မတွေ့ဘူးလို့ ညာပြောဦးမလို့ပဲ။ တရင်းရှုပ်လာမှာ စိုးလို့လေ။ ဒါပေမဲ့ ကျွန်မ မညာတတ်ဘူး။

‘ဟုတ်ကဲ့ တွေ့တယ်ဆရာ’

‘ညည်းကို ဒေါသတကြီးအပြစ်တင်သေးလား’

‘မတင်ပါဘူးဆရာ။ မမခက်က သမီးကို ညာပါတယ်။ သမီးကို ညတာထမင်းတောင် ကျွေးလိုက်သေးတယ်’

ဆရာဘာမှ ဆက်မမေးပါစေနဲ့လို့ ဆုတောင်းနေခဲ့တာ။ ကျွန်မဆုတောင်းပြည့်ပါတယ်။ ဘာမှ ဆက်မမေးဘူး။ ဒါပေမဲ့ပြောစရာတွေတော့ ရှိသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ညည်းကို ဒီနေ့ငါလိုက်ပို့ပေးမယ်။ မပြန်ခင် တစ်နေရာရာကို သွားကြရအောင် အေးအေးဆေးဆေးစားလို့ရမဲ့နေရာ၊ စကားပြောလို့ကောင်းမဲ့နေရာ'

'ဆရာ သပြီး ဒီကပြန်ရင် ဝင်ထရယ်မှာ အလုပ်ဝင်ရဦးမှာ'

'ဝင်ထရယ်က ဘယ်အချိန်လဲ'

'ခြောက်နာရီ'

ဆရာတစ်ခုခုပြောမလို့လုပ်တုန်းမှာ တံခါးပေါက်ဝဆီမှာ လူရိပ်တစ်ခုမြင်လိုက်ပါတယ်။ ဝင်လာတဲ့သူဟာ ကျွန်မတို့ရုံးထဲကလူ မဟုတ်ဘူးဆိုတာ ကျွန်မရိပ်မိသွားတယ်။ ဘာကြောင့်လဲဆိုတော့ ဒေါက်မြင့်ဖိနပ်သံတခွပ်ခွပ်ကြားလိုက်ရလို့ပေါ့။ ကျွန်မတို့ရုံးမှာ ကျွန်မကလွဲပြီး ဘယ်သူမှ ဒေါက်မြင့်ဖိနပ်မစီးကြဘူးလေ။

ကျွန်မက ဝင်ပေါက်ကို နောက်ကျောပေးထားတာမို့ လှည့်မကြည့်ရင် မမြင်ရဘူး။ ဆရာကတော့ လှမ်းမြင်နေရတာပေါ့။ ဆရာ့မျက်နှာအံ့သြတကြီးဖြစ်သွားတာကို ကျွန်မပမြင်လိုက်ရတယ်။

သူအံ့သြသွားပုံက တစ်မျိုးကြီးမို့ မဖြစ်နိုင်ပေမဲ့ မမခက်များလိုက် လာသလားလို့ စိတ်ကူးယဉ်လိုက်မိတယ်။ ဒါပေမဲ့ မမခက်ဆိုရင် ဒီလောက်မွှေးကြိုင်နေမှာမဟုတ်ဘူး။

အဲဒီအချိန်မှာပဲ ဝင်လာတဲ့သူဟာ ကျွန်မတို့စားပွဲဆီရောက်လာတယ်။ ကျွန်မ တစ်ခါမှ မမြင်ဖူးတဲ့အမျိုးသမီးတစ်ယောက်။ အဖြူနဲ့အနက်ဒီဇိုင်းအထက်အောက်နဲ့။ မျက်နှာထားတင်းတင်း။ ချောတယ်။ ချောပေမဲ့ မျက်နှာက မိတ်ကပ်လိမ်းထားလို့ ချောတာ။ နှုတ်ခမ်းကလဲ နီရဲရဲလက်နေအောင် ဆိုးထားတယ်။ ခါးလေးက သေးသေးလေး။ လက်ကိုင်အိတ်က အနက်ရောင်အကြီးကြီး။

'အို ညီပြပါလား။ ဖုန်းမဆက်ဘာမဆက်'

ဆရာ့စကားသံက ခပ်ခြောက်ခြောက်။ နွေးနွေးထွေးထွေး





မရှိဘူး။

'အို ကိုကလဲ ကို့ဆီလာတာ ညီက ဖုန်းဆက်ပြီး အပွိုင့်မင့်တောင်းရမှာလား'

အင်း။ သူတို့စကားတွေက ဘယ်လိုပါလိမ့်။ ကျွန်မ မအပါဘူး။ အမျိုးသမီးရဲ့မျက်နှာထားနဲ့စကားလုံးကို ကြည့်ရင် ကျွန်မသိပါပြီ။ ကျွန်မရှောင်တတ်မှလွတ်မှာ။

'ကဲပြော ဘာအရေးကြီးလို့လဲ'

ဆရာက သက်ပြင်းချပြီး မေးတယ်။

'ပြောမယ်လေ'

အဲဒီစကားပြောအပြီးမှာ အမျိုးသမီးက ကျွန်မကို တစ်ချက်ကြည့်တယ်။ ကျွန်မနားလည်တယ်။ ကျွန်မကို မရှိစေချင်ဘူးဆိုတာ။ ဒါနဲ့ပဲ ကျွန်မ ဆရာ့မျက်နှာကိုမော့ကြည့်လိုက်တယ်။ ဆရာ သမီးသွားရမလားဆိုတဲ့အကြည့်နဲ့ပေါ့။

ဆရာက ခေါင်းညိတ်တယ်။

'အေသင် ညည်းသွားတော့ ခဏနေမှ ငါပြန်ခေါ်လိုက်မယ်'

'ဟုတ်ကဲ့ဆရာ'

ကျွန်မခေါင်းငုံ့ပြီး ဆရာ့အခန်းထဲကနေ ထွက်လာပါတယ်။ အခန်းပြင်မရောက်ခင်မှာပဲ စကားတစ်ခွန်းကို သဲ့သဲ့ကြားလိုက်ရတယ်။

'ကို့အလုပ်က တယ်ငြိမ့်ပါလား။ တရေးပလေးတွေနဲ့'

အခန်းတံခါးကိုပိတ်ပစ်ခဲ့တာမို့ ဆက်တော့မကြားရပါဘူး။ ဒါပေမဲ့ ဘာတွေဆက်ပြောကျန်ရစ်ခဲ့မယ်ဆိုတာ သိပ်ဦးနှောက်ခြောက်အောင်တွေးနေစရာမလိုဘူး။ သိသာပါတယ်။

ဆရာလက်ထပ်တော့မယ်ဆိုတဲ့သတင်းကို ကျွန်မဆီ ပထမဆုံးသယ်လာတာက ပန်းမြမှုန်။ ဒုတိယသယ်လာတာက ဆရာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်။ မသိမသာပြောလိုက်တာလေ။ သူလက်ထပ်ရတော့မှာမို့ မမ ခက်ကို ကိုယ်တိုင်တွေ့ပြီး မေးချင်တာလေးရှိလို့ပါတဲ့။

ဆရာလက်ထပ်မဲ့သူက ပုဂ္ဂလိကဆေးရုံကြီးတစ်ခုပိုင်ရှင်ရဲ့ သမီးဆိုတာကိုတော့ ဒေါ်သေးမျှင် ထမင်းစားပွဲမှာတုန်းက ပြောလို့ သိထားပြီးသား။ ဒေါ်သေးမျှင်က ဆရာတို့နဲ့ အိမ်ချင်းနီးတယ်။ မိဘ ချင်းလဲ ရင်းနှီးတယ်တဲ့။ ဒါကြောင့် ဒီလောက် ပိုင်စိုးပိုင်နင်း လုပ်ချင်နေ တာလေ။ အခု ဒေါ်သေးမျှင်ဘာတတ်နိုင်သေးလဲ။ သူ့ ထက်ပိုပြီး ပိုင်မဲ့သူရောက်လာပြီ။

ကျွန်မထွက်လာတာကို လှမ်းကြည့်လိုက်တဲ့ ဒေါ်သေးမျှင်ရဲ့ မျက်လုံးတွေက တစ်မျိုးပဲ။ သာမန်မဟုတ်ဘူး။ ဘာမှန်းလဲမသိဘူး။ အားရကျေနပ်နေတာလား။ အဲဒီဒေါ်သေးမျှင်ဟာ ကျွန်မကိုပဲ ကြည့် မရတာဖြစ်ပယ်။ ကျွန်မလဲ သူ့ကို ဘာမှ မလုပ်ဘဲနဲ့။

ဆရာ့အခန်းထဲမှာ အဲဒီအမျိုးသမီးအကြာကြီးပဲ။ ဘာတွေ များပြောနေလဲမသိဘူး။

ကျွန်မနေရာက တံခါးပေါက်နဲ့မတဲ့လို့ မမြင်ရဘူး။ အင်းလေ ဘယ်သူ့နေရာကမှ ဆရာ့အခန်းတံခါးပေါက်နဲ့မတည့်ပါဘူး။ သူတို့ ဘာပြောပြောလေ။ ကျွန်မနဲ့မဆိုင်ပါဘူး။ ကျွန်မနဲ့ဆိုင်တာက ဆရာ ခိုင်းထားတဲ့ တီဗွီကြော်ငြာဇာတ်ညွှန်းကိစ္စပဲ။

ကျွန်မတို့ မီဒီယာအင်နီရေးတစ်ဖ်အဖွဲ့က အိပ်ချ်အိုင်ဗွီ/ အေ အိုင်ဒီအက်စ် ပညာပေးကြော်ငြာလေးတွေ ရိုက်မယ်။ ဇာတ်ညွှန်းရေး ဆရာတစ်ယောက်က ရေးပေးထားတယ်။ ဒါရိုက်တာကတော့ ဆရာ့ သူငယ်ချင်းတဲ့။ အဲဒီဇာတ်ညွှန်းကို ကျွန်မက ကွန်ပျူတာစာစီနေရပါ တယ်။

မေးချင်တဲ့သတင်းက





"တစ်ခါမှားရုံနဲ့ရောဂါရနိုင်တယ်။ ကွန်ဒုံးသုံးပါ။" တဲ့။

ကြော်ငြာအပြီးမှာ တတမ်းလေးပေါ်လာမှာပေါ့။ ကြော်ငြာ ရိုက်တဲ့အခါ ကျွန်မတို့ လိုက်ကြည့်ရရင်ကောင်းမှာ။ ကျွန်မလေ ရုပ်ရှင် ရိုက်တာကို တစ်ခါမှ လိုက်မကြည့်ဖူးဘူး။

ခဏကြာတော့ ဆရာ့အခန်းဆီကနေ နှစ်ယောက်သား ထွက်လာကြတယ်။ ဆရာက မျက်နှာထားတည်တည်ငြိမ်ငြိမ်။ အမျိုး သမီးက ခေါင်းကိုငုံ့ငုံ့ပြီး စကားတွေပြောလာလိုက်တာ။ ပြီးတော့ ရယ် တာကလဲ နှာခေါင်းသံနဲ့။

ဆရာက အမျိုးသမီးကို ကားဆီအထိ လိုက်ပို့ပေးမယ်နဲ့ တူတယ်။ အပြင်ထိအောင် ပါသွားလေရဲ့။

ကျွန်မပခုံးကို တစ်ခုခုလာထိပြီး ကျွန်မစားပွဲပေါ်ကို ကျလာ တယ်။ စက္ကူလုံးလေးတစ်ခု။ ကျွန်မ ဖျတ်ခနဲကောက်ယူပြီး ဖွင့် ကြည့်လိုက်တယ်။

| |
|---|
| အေသင်<br>တွေ့လိုက်လား။ ခါနေတာပဲနော်။ |

ပန်းမြမှုန်ရဲ့လက်ရေးတွေပါ။ ကျွန်မကို လုံးထားတဲ့စာလေး နဲ့လှမ်းပေါက်တာ။

ကျွန်မအမြင်နဲ့ ပန်းမြမှုန်အမြင်နဲ့ တစ်ထပ်တည်းပဲ။

ကျွန်မ မှုန့်ဘက်လှည့်ကြည့်ပြီး ရယ်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာပြန်ဝင်လာတော့ ဘာတွေဒေါပွလာလဲ မသိဘူး။ မျက်နှာကြောတင်းနေတယ်။ ကျွန်မကိုလဲ မခေါ်တော့ဘူး။ အခန်းထဲကို တန်းဝင်သွားတယ်။ ကျွန်မကတော့ စာတ်ညွှန်းကို ပြီးအောင် ဆက်ရိုက်နေလိုက်ပါတယ်။ မကြာပါဘူး။ ဆရာပြန်ထွက်လာပြန်တယ်။

'အေသင် စာတ်ညွှန်းပြီးပြီလား'

'မပြီးသေးဘူးဆရာ'

'ဟာ လုပ်လေ လုပ်လေ။ ဒီညနေပေးရမှာပါဆိုမှ'

ချပ်ငေါက်ငေါက်ပြောပြီး ကျွန်မစားပွဲမှာ ရပ်နေတယ်။ အခု ချက်ချင်းပဲ စောင့်ယူတော့မယ့်မျက်နှာထားမျိုး။

ဟောတော်။ ဆရာ ဘယ့်နှယ်ချက်ချင်း အချိုးပြောင်းသွားတာလဲ။ စောစောက တစ်မျိုး၊ အခုတစ်မျိုး။

ကျွန်မလဲ စောစောက မှန့်စာလေးကို ဆရာမြင်သွားမှာစိုးလို့ အသာလေးယူပြီး ကျွန်မပေါင်ပေါ်တင်ထားလိုက်ရတယ်။ ဆရာက ကျွန်မစားပွဲပေါ်ကို စာရွက်ခေါက်လေးတစ်ခုလာတင်ပါတယ်။

စာရွက်ခေါက်ကအသေးလေးပို့ စာရိုက်နိုင်းတာတော့ မဖြစ်နိုင်ဘူး။ ကျွန်မ ကွန်ပျူတာရိုက်နေရာကနေ ဆရာ့ကိုမော့ကြည့်တယ်။ ဆရာက အဲဒီစာရွက်ခေါက်ကို လက်နဲ့ပုတ်ပြပြီး သူ့အခန်းဆီ ပြန်ဝင်သွားတယ်။ အို ဒါ တစ်ခုခုတော့ တစ်ခုခုပဲ။

ကျွန်မ ဘာရယ်လို့မဟုတ်ဘူး။ ဒေါ်သေးမျှင်ဆီကို လှမ်းကြည့်အကဲခတ်ပိတယ်။ ဒေါ်သေးမျှင်က အံဆွဲထဲက တစ်ခုခု ထုတ်ယူနေတယ်။ ကျွန်မ အသာပြန့်ဖတ်လိုက်တော့ ဆရာ့လက်ရေးနဲ့ စာတစ်စောင်ပါ။

ကျွန်မ ရယ်လဲရယ်ချင် စိတ်လဲညစ် ဆရာ့ကိုလဲ သနားသွားတယ်။





**HIV/AIDS MEDIA INITIATIVE ASSOCIATION**

**No...Kabaraye Pagoda Road, Bahan Township, Yangon**

ချာတိတ်

ငါ မြေနီကုန်းဘက် သွားစရာရှိတယ်။

ငါနဲ့ လမ်းကြုံလိုက်ခဲ့။

စင်ထရယ်ကို ငါလိုက်ပို့ပေးမယ်။

ဇာတ်ညွှန်းပြတ်ရင် ငါ့ဆီကိုလာပြော။

ဟန်သာ

အော် ဖြစ်မှဖြစ်ရလေ။ ကျွန်မလဲ အခုမှ ဆရာနဲ့မမခက်အကြားက သတင်းထုတ်ပြန်ရေးဝန်ထမ်းဖြစ်နေပါလား။

ကျွန်မလေ စောစောကအမျိုးသမီးနဲ့တာရင် မမခက်နဲ့ပဲ ဆရာ့ကို သဘောတူတယ်။

ဆရာတို့ အဆင်ပြေသွားရင်သိပ်ကောင်းမှာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီဟာ ပန်းတွေ အလှဆုံးရောင်စုံပွင့်တဲ့အချိန်လား မသိဘူး။ ငုဝါပန်းခိုင်တွေက အပင်လုံးကျွတ် ပွင့်ကြတာ။ ယော ပြီး တော့ မရမ်းရောင် ပျဉ်းမပန်းတွေ။ လှလိုက်တာ။ ခရမ်းတစ်လှည့် အဝါနုတစ်လှည့်။ သစ်ပင်တွေက အရွက်ဟောင်းတွေကြွေပြီး ရွက်သစ် လဲထားပြီးပြီဆိုတော့ စိမ်းမြလို့။

ကျွန်မထိုင်နေတဲ့ဆိုဖာမှာ စာအုပ်နှစ်အုပ်တွေ့တယ်။ စာအုပ် တွေက အင်္ဂလိပ်စာအုပ်တွေ။ အပေါ်ကတစ်ခုကတော့ ကဗျာ လို့ စာလုံး အကြီးကြီးနဲ့ ရေးထားတယ်။ အောက်က ဘာပါလိမ့်။ အောက်စာအုပ် ကို သေချာမမြင်ရဘူး။

'စာအုပ်တွေ ကြည့်ချင် ယူကြည့်လေ'

ကားမောင်းနေရင်းကနေ ဆရာက ခွင့်ပေးတယ်။ အိုး။ ကျွန်မ ကို သူအကဲခတ်နေလို့ မြင်တာပေါ့။ ကျွန်မရယ်လိုက်မိပြီး အောက်က စာအုပ်ကိုယူကြည့်လိုက်မိတယ်။ စီမံခန့်ခွဲမှုအတတ်ပညာတဲ့။

ကမ္ဘာအေးဘုရားလမ်းတစ်ခုလုံးမှာ ဖြတ်ကျော်လာခဲ့သမျှ ငုဝါပန်းကလေးတွေကို ချစ်လိုက်တာ။ တွဲလောင်းလေးတွေကျနေပုံက မျက်နှာကျက် မီးပန်းဆိုင်းလေးတွေ ကျနေတာပဲ။ ခါတိုင်း ဒီလောက် ပန်းတွေမလှဘူးလား လို့။

အေးလေ။ ခါတိုင်းက ဘတ်စ်ကားကြပ်ကြပ်ကို အသက်ရှူ ကျပ်နေအောင် မွန်းနေအောင် စီးရတာ။ ငုဝါပန်းတွေကို မပြောနဲ့ အပြင်က လမ်းဘေးတိုက်တွေ ဆိုင်တွေကိုတောင် မြင်ရတာမဟုတ်ဘူး။ အခုမှ လေအေးစက်တပ်ထားတဲ့ ကားအကောင်းစားလေးနဲ့မို့ ပန်းလှ လှတွေကို ခံစားနိုင်တာလေ။

'ညည်းရဲ့ရည်မှန်းချက်က ဘာလဲ'

'သမီးရဲ့ရည်မှန်းချက်လား။ အင်း ဘာပြောရမလဲ'



ဆရာက ကားမောင်းရင်းကနေ ကျွန်မကို မျက်မှောင်ကြုတ် ပြီးလှည့်ကြည့်တယ်။

'ရည်မှန်းချက်မရှိဘူးလား'

'အိုး မရှိဘဲ ဘယ်နေပါ့မလဲဆရာရဲ့။ ရှိတာပေါ့'

'အေးလေ။ ဘာလဲ'

'မေမေ့ကို အိမ်အပိုင်တစ်လုံးလောက်ဝယ်ပေးချင်တယ်'

'အို ညည်းရည်မှန်းချက်က ရိုးစင်းလှချည်လား။ ညည်း မမခက်နဲ့ ဒီလောက်ပေါင်းနေတာ။ အိပ်မက်ကြီးကြီးမက်ရောပေါ့'

ဆရာမသိလို့ပါ။ ကျွန်မအတွက် အခုအိပ်မက်ကကို ကြီးလှ ပါပြီ။

'ချာတိတ်။ ကြိုးစားရင်ဘာမဆိုရနိုင်ပါတယ်။ ညည်း အ သက် အငယ်လေးရှိသေးတယ်။ ညည်းဘဝမှာ ညည်းမိဘကို အိမ်နဲ့ခြံ နဲ့ ထားနိုင်အောင်ကြိုးစားပေါ့။ အလွယ်တကူတော့ရချင်မှရမယ်။ ပညာ နဲ့တက်ရင် ကောင်းကင်ထိတောင် တက်နိုင်တယ်။ ပညာနဲ့ပွင့်ရင် တံခါးတော်တော်များများပွင့်တယ်'

ဆရာက ကားမောင်းလာရင်း အလေးအနက် ကျွန်မကို အားပေးတယ်။

'ဟုတ်ပါတယ်။ ပညာနဲ့ပွင့်ရင် တံခါးတော်တော်များများ ပွင့်တယ်။ ဒါပေမဲ့ အဲဒီပညာစစ်စစ်ကိုရဖို့ တံခါးဘယ်နှထပ်ပွင့်ရဦး မလဲ ဆရာသိပါတယ်'

စိတ်ထဲမှာ နည်းနည်းနာကျင်လာတာနဲ့ ခပ်စွာစွာ ပြောလိုက် မိတယ်။

'နိုင်ငံခြားမှာကျောင်းသွားတက်ဖို့က လူချမ်းသာတွေပဲ တတ် နိုင်တယ်လို့ ညည်းထင်လား'

www.burmeseclassic.com

ကားက ဦးဝိစာရမီးပွိုင့်ကို ရောက်လာတယ်။

ကားထဲက နာရီကို လှမ်းကြည့်လိုက်တယ်။ ငါးနာရီခွဲ။

'ချာတိတ် နာရီဝက်လိုသေးတယ်။ အအေးတစ်ခုခု သောက်ရအောင်'

သူက ဒဂုန်စင်တာရှေ့ ယာဉ်ရပ်နားစခန်းမှာပဲ ကားကို ရပ်လိုက်တယ်။ ပြီးတော့'လာ' ဆိုပြီး ရှေ့ကလျှောက်သွားတော့ ကျွန်မလဲ ဘာမှန်းညာမှန်းမသိဘဲ လိုက်သွားရတော့တာပေါ့။

အက်တာကော်နာဆိုတဲ့ဆိုင်။

ဟား အပျံစားပါလား။ ဆိုင်က သပ်ရပ်ပြီး အေးမြနေတာပဲ။ အပြင်ကနေပဲ ခဏခဏ ရပ်ကြည့်ဖူးတာ။ အထဲတော့ တစ်ခါမှတောင် မဝင်ဘူးပါဘူး။ မှန်တားပွဲလေးတွေနဲ့ ကြိမ်ထိုင်ခုံကြီးတွေမှာ အဝတ်မှိုအုံးတွေနဲ့။ အား။ စန္ဒယားကြီးကလည်း လှလိုက်တာ။

'ထိုင်'

အပေါ်ဘက်ထိတက်သွားပြီး ဒေါင့်စွန်းက နှစ်ယောက်တားပွဲဆီ ဆရာကလျှောက်သွားတယ်။ ဆရာက ကော်ဖီတစ်ခွက်မှာတယ်။ ကျွန်မအတွက် အအေးတစ်ခွက်မှာပေးတယ်။

'ငါ အင်္ဂလန်မှာ ကျောင်းသွားတက်တာ ညည်းကိုပြောဖူးတယ်နော်'

ကျွန်မခေါင်းညိတ်လိုက်တယ်။

'ဟုတ်ကဲ့'

'နှစ်နှစ်ကြာတယ်။ အဲဒါ ငါ့မိဘ ပိုက်ဆံချမ်းသာလို့ သွားတက်နိုင်တာမဟုတ်ဘူး'

ကျွန်မကို စူးစူးစိုက်စိုက်ကြည့်ပြီး ဆရာက ပြောတယ်။

'ပညာသင်ဆုရလို့ သွားတက်နိုင်တာ။ စကောလားရှစ်ပ်လေ'



'အော်'

ဒါပေမဲ့ ဆရာ အဲဒီပညာသင်ဆုအတွက် ဆရာလဲလိုက်ရတဲ့ဘဝက နှစ်ခုလေ။ တန်တယ်ထင်သလား။ အခုထိ တန်တယ်လို့ ဆရာထင်နေတုန်းလား။ ကျွန်မ ဆရာ့ကိုမေးလိုက်ချင်ပါတယ်။

'ညည်းလည်း ကြိုးစားရင် ပညာသင်ဆုမရဘူးလို့ ဘယ်သူပြောမလဲ'

'သမီးနဲ့ ဖြစ်မှာမဟုတ်ပါဘူး'

'နိုင်ငံခြားမှာ ပညာသင်ဆုရဖို့ဆိုတာ ဂုဏ်ထူးတွေအများကြီးရအောင်ကျက်နိုင်တဲ့အရည်အချင်းထက် လေ့လာမှတ်သားတဲ့ဉာဏ်၊ တွေးခေါ်ချင့်ချိန်နိုင်တဲ့ဉာဏ်က ပိုလိုတယ်။ စကောလားရှစ်လျှောက်ဖို့ ငါကူညီပေးနိုင်ပါတယ်။'

ဆရာ ကျွန်မဘဝကို ဘာဖြစ်လို့ ချက်ချင်းကြီး စိတ်ဝင်စားလာရတာလဲ။ ဉာဏ်သာနဲ့ကျွန်မကို သဘောတူချင်လို့ ပညာတတ်စေချင်တာလား။ ဒါမှမဟုတ် ဉာဏ်သာနဲ့ ဘာမှမပတ်သက်ဘဲ သူ့တပည့်အေးသင်မိုးအဖြစ် တာတော်စေချင်တာလား။

ကျွန်မခေါင်းငုံ့ပြီး ပလတ်စတစ်ကောက်ရိုးလေးနဲ့ မွှေစရာမလိုတဲ့အအေးကို မွှေနေမိတော့တယ်။ သီချင်းဖွင့်ထားတာက တိုးတိုးလေး။ အဲဒီသီချင်းကို ကျွန်မသိတယ်။

ချစ်ဖူးပြီးတော့ စွန့်လွှတ်ဖူးပြီလားတဲ့။ အက်စ်ကလပ်ဆဲဗင်းရဲ့ သီချင်း။

တစ်ယောက်ယောက်နဲ့ချစ်ခဲ့ပြီးတော့ စွန့်လွှတ်ဖူးပြီလား။

သီချင်းကို ဆရာလဲ သတိထားမိတယ်ထင်တယ်။ ဆရာ့မျက်နှာက တွေတွေဝေဝေဖြစ်နေတယ်။

'ချာတိတ် ညည်းဆရာမက ကလေးကိစ္စကို ဘာပြောလဲ'

www.burmeseclassic.com



အို။ မျှော်လင့်ထားပေမဲ့ အခုလိုတဲ့တိုးမေးချလိုက်တော့ သောက်လက်စ သခွားမွှေးဖျော်ရည်တောင် သီးသွားတယ်။

'သမီး ဆရာသိတာထက် ပိုမသိပါဘူး'

'ညည်းဒီလိုပဲ ဖြေမယ်လို့ ငါသိသားပဲ'

'ဆရာ'

ကျွန်မ ဆရာ့ကို မမေးသင့်ဘူးထင်တဲ့မေးခွန်းကို မေးချင်လာတယ်။ ဆရာက ကျွန်မကို မေးဆတ်ပြတယ်။

'တကယ်လို့လေ'

အင် ငါမေးလို့ကောင်းပါ့မလား။ ပမေးဘဲနေတာပိုကောင်းပါတယ်။ တော်ကြာ ကလေးက ကလေးလိုမနေဘဲ လူကြီးစကားပြောတယ်လို့ အမုန်းခံနေရမှဖြင့်

'ပြောလေ'

'ဘာမှ မဟုတ်တော့ပါဘူး'

'ဘာ ဘာမှ မဟုတ်တော့ရမှာလဲ ပြောစရာရှိတာကို ပြောတာမဟုတ်ဘူး။ ပြော'

ကျွန်မ မျက်စိမှိတ်ပြီး မေးချပစ်လိုက်တယ်။

'တကယ်လို့ အခုချိန်မှာ ဆရာ့ဘဝထဲက တစ်ခုခုကို ပြန်ပြင်လို့ရမယ်ဆိုရင် ပြန်ပြင်ချင်လိုက်တာဆိုတဲ့အဖြစ်အပျက် ရှိလားဟင်'

'ဟား ရှိတာပေါ့ ချာတိတ်ရာ အဲဒါမျိုးက လူတိုင်းမှာရှိတာပေါ့'

'ဒါဆိုရင် စကောလားရှစ်ပ်နဲ့ မမခက်နဲ့ လဲပစ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို အခု ပြင်ချင်နေလား'

ကျွန်မစကားကြောင့် ဆရာဆတ်ခနဲတုန်သွားတယ်။ မျက်လုံးတွေက စိမ်းစိမ်းတောက်တောက် ဖြစ်သွားတယ်။





'ချာတိတ် ညည်းဘာနားလည်လို့ ငါ့ကို အဲလိုစွပ်စွဲရတာလဲ။ ငါက စိမ်းကို စကောလားရှစ်ပ်နဲ့လဲခဲ့တာမှမဟုတ်ဘဲ။ စိမ်းကို ငါပြန်လာမယ်လို့ ပြောထားခဲ့တာပဲ။ ငါသွားတဲ့အချိန်မှာ လေယာဉ်ကွင်းကို စိမ်းလိုက်ပို့ခဲ့တာလေ။

'သူ ဒါကို လက်မခံနိုင်ဘူးဆိုရင် အစကတည်းက ရှင်းရှင်းပြတ်ပြတ်ပြောခဲ့ဖို့ကောင်းတယ်။ အခုတော့ ငါ ဟိုကို ရောက်သွားပြီးတဲ့နောက်ကျမှ ငါ့ကို လုံးဝအဆက်အသွယ်ဖြတ်ပစ်လိုက်တာ။ ငါ့မှာ ဟိုကနေ ဘာသတင်းမှမရ။ စိတ်တွေပူ။ ဒါနဲ့ တစ်နှစ်ကြာ တော့ ငါ ခဏပြန်လာခဲ့သေးတယ်။ ညည်းဆရာမက လုံးဝခြေရာပျောက်သွားခဲ့တာ'

ကျွန်မ ဆရာ့ကို ငေးမောကြည့်မိတယ်။ အေးလေ။ ဆရာ့ဘက်ကကြည့်တော့လဲ ဆရာမမှားခဲ့ဘူးလို့ ထင်မှာပေါ့။

'တစ်ခုနဲ့တစ်ခု အလဲအထပ်တွေ ရွေးချယ်တာတွေ ငါ့လာမမေးနဲ့အေသင် ငါက အရီအရာအတွက် ဘယ်အရာကိုစတေးမယ်ဆိုတဲ့စိတ်နဲ့ လုပ်ခဲ့တာမဟုတ်ဘူး။ နှစ်ခုလုံးအဆင်ပြေမလားလို့ လုပ်ခဲ့တာ။ စိမ်းကိုဆုံးရှုံးရမယ်ဆိုတာကြိုသိခဲ့ရင် ငါ ကျောင်းသွားမတက်ပါဘူး။ ငါ့စိတ်ကို ဒီလောက်တော့ စိမ်းနားလည်မယ် လို့ထင်ခဲ့တာ'

ကော်ဖီပန်းကန်ကို ဆရာက လက်သဲလေးနဲ့ထိခေါက်နေရင်း အတွေးထဲမှာနစ်နေတယ်။

'ညည်းမမခက်ကို ငါ နောက် တွေ့ဖို့ မကြိုးစားတော့ဘူး။ ဒါပေမဲ့ ညည်း ငါ့ကို သဲလွန်စတွေ ရှာပေးပါ။ အချိန်က တစ်လပဲ ရတော့တယ်။ ဇွန်လမှာ ငါ လက်ထပ်ဖို့ စီစဉ်ထားတာ'

ကျွန်မသောက်နေတဲ့ အအေးကချက်ချင်းကြီး ပူလောင်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

✉သို့-အေသင်<hami@mptmail.net.mm

မှ-ယုယ<green@mptmail.net.mm

အကြောင်းအရာ-နှင့်ကို တွေ့ချင်တယ်

အေသင်

နှင် သင်တန်းမတက်တာလဲ ကြာပြီ။ နှင့်အိမ်ကို ညညမှာ မှော်တူး ကားကြီးကလိုက်ပို့ပေးတာလဲ ခဏခဏပဲ။ နှင်ဘာလုပ်နေလဲ။ နှင်ဘာတွေဖြစ်နေလဲ။ ငါသိချင်တယ်။

ဒီနေ့ညနေ စင်ထရယ်ကို ငါလာစောင့်မယ်။

စစ်မှန်သော

ယုယ

........................................................................................................

✉သို့-အေသင်<hami@mptmail.net.mm

မှ-ဇီဇဝါzzw@cartooners.com

အကြောင်းအရာ-ရေကန်

အေသင်

ပြီးခဲ့တဲ့တနင်္ဂနွေက နှင်မလာဘူး။ ရေကန်ထဲက ရေတွေစုပ်ထုတ်ကြတာ သိပ်ပျော်စရာကောင်းတယ်။ ဘုန်းဘုန်းက ငါတို့ကို သံပရာရည်တွေ ဖျော်တိုက်တယ်လေ။

နှင့်အိမ်ကို ငါတို့လာသေးတယ်။ နှင် အိမ်မှာမရှိဘူး။ တနင်္ဂနွေဖြစ်ပြီးတော့ နှင်အိမ်မှာ ဘာဖြစ်လို့ မရှိတာလဲ။ ယုယက နှင့်ကို မတွေ့ရတာကြာလို့တဲ့ ဒေါကန်နေတယ်။

ယုယက နှင့်အတွက်ဆို တော်တော်စိတ်ပူတတ်တာနော်။

နှင် သိပ်ကံကောင်းပါတယ်။

ချစ်တဲ့

ဇီဇဝါ

---

**Green Inheritence Foundation**

16 Kokko Street, Sanchaung

Email green@mptmail.net.mm

အေသင်

နှင့်ကို ပြောစရာတစ်ခုရှိလို့လာတာ။ ဒါပေမဲ့ နှင်နဲ့တွေ့လိုက်တော့ ဘာမှ မပြောရက်တော့လို့။ ရပ်ကွက်ထဲမှာ နှင့်သတင်းတွေ ကြီးနေပါလား။

'မှော်တူးစီးတဲ့ ဘဲတစ်ပွေနဲ့ အလုပ်ဖြစ်နေတာ' တဲ့။

အေသင်

နှင်တို့ငါတို့က မိဘတွေက ဆင်းရဲတယ်။ နေတော့ ဒုက္ခမြို့သစ်လိုနေရာမျိုးမှာတောင် အိမ်ငှားနဲ့နေရတာ။ ချမ်းသာတဲ့လူအချင်းချင်း တွဲကြရင် ပတ်ဝန်းကျင်က ဘာမှ အတင်းပြောမှာ မဟုတ်။ တို့လိုကောင်မျိုးက ချမ်းသာတဲ့လူကို တွဲမိရင် ရိုးရိုးသား သား ပဲတွဲတွဲ ဆန်းဆန်းပြားပြားပဲတွဲတွဲ အပြောခံရမယ်။ တွဲရုံလို့ ထင်ကြမှာမဟုတ်ဘူး။ ဒီ့ထက်ပိုပြီးတွေးယူကြလိမ့်မယ်။ ဘယ် လောက်ထိတွေး ယူနိုင်လဲ နှင်သိပါတယ်။

ဟုတ်နေခဲ့ရင် ထင်ခံရတာတန်တယ်။ မဟုတ်ခဲ့ရင်တော့ မတန်ပါဘူး

နှင်အနေအထိုင်ဆင်ခြင်ပါ။

နှင့်ကို မိထက်နဲ့ထပ်တူခင်လို့ ဒီစကားကိုငါပြောတာ။

ယုံပါ။

ယုယ

www.burmeseclassic.com

www.burmeseclassic.com



လ=လျှို့ဝှက်ချက်တစ်ခုပါ။

ဟုတ်တယ်။ ကျွန်မဘာဖြစ်နေသလဲ။

ဆရာနဲ့မမခက်ကြားက ကျူးပစ်ပြားနတ်မောင်လေးလဲ ဖြစ်နိုင်တယ်။ ဆရာနဲ့သူ့ဇနီးလောင်းကြားက ကဖျက်ယဖျက်လုပ်တဲ့ အဖျက်သမားလဲဖြစ်နိုင်တယ်။ တစ်လ တစ်လ တစ်လ လို့ ရေတွက်ရင်းကနေ သုံးပတ် သုံးပတ် သုံးပတ်လို့ ပြောင်းလာတယ်။ ကျွန်မ ဘာမှလဲ မလုပ်နိုင်ဘူး။

အတိအကျပြောနိုင်တာကတော့ ကျွန်မ မပျော်တော့ဘူး။

ကျွန်မအရင်ကလို ဒါလီတို့အီအီတို့နဲ့ ပေါက်ကရတွေပြောရယ်မောမနေနိုင်တော့ဘူး။

မနေ့က ဒါလီက မပအေသင် ကိုဉာဏ်သာနဲ့တွေ့သေးလားလို့ မေးတယ်။

ကျွန်မ ဘာပြန်ပြောရမလဲ။

ဟော့အေး မတွေ့ဘူး လို့ပဲ ပြောရတာပေါ့။

ကျွန်မမှာ ဉာဏ်သာနဲ့ ပတွေ့နိုင်လောက်အောင် စိတ်တွေမနားမနေ အလုပ်ရှုပ်နေတာ။

လုပ်လိုက်သမျှတွေကလဲ အယောင်ယောင်အမှားမှား။

ဒီကနေ့လဲ ကျွန်မ တော်တော်ကို ဆိုးဆိုးဝါးဝါးယောင်သွားတယ်။

အိပ်ချ်အိုင်ဗွီ/ အိတ်ဒ်စ်ပညာပေးကြော်ငြာအတွက် ဓာတ်ညွှန်းကို ကျွန်မ ကွန်ပျူတာစာစီပြီးသွားပြီ။ ပုံနှိပ်ဝက်လေးနဲ့လဲ ထုတ်ပေးပြီးလို့ ဒါရိုက်တာကိုလဲ ပေးလိုက်ပြီးတာ တစ်ပတ်တောင်ရှိတော့မယ်။ အဲဒါဆရာက ရှူးရှူးရှားရှားနဲ့ရောက်လာပြီး ကျွန်မကို လူတွေ အားလုံးရှေ့မှာ ဆူပါတယ်။

'ညည်း ဘာလုပ်လိုက်တာလဲ။ ဘယ်လိုလုပ်လိုက်တာလဲ'

ကျန်းမာရေးဂျာနယ်တစ်စောင်က မေးထားတဲ့ အင်တာဗျူးကို မမစေပြေထားတဲ့ တာမှုမူကြမ်းကို ကျွန်မ ကက်ဆက်နဲ့တိုက် ဝစ်နေတုန်း ဆရာက ကျွန်မစားပွဲပေါ်ကို လုံးချေဆုပ်မွထားတဲ့ စာရွက်တစ်ရွက်ပစ်ချပေးရင်း ဒေါသတကြီးမေးတယ်။

'သမီး ဘာလုပ်လို့လဲ'

'ဘာလုပ်လိုက်လဲသိချင်ရင် အဲဒီစာရွက်ဖတ်လေ'

ကျွန်မစာရွက်ကို ဖြန့်ပြီးဖတ်လိုက်တယ်။ ကွန်ပျူတာစာလုံးတွေ။ ဒါ ကျွန်မ စာစီပြီးထုတ်ပေးလိုက်တဲ့ ဓာတ်ညွှန်းပဲ။ နှစ်မျက်နှာပဲရှိတဲ့ ဓာတ်ညွှန်းရဲ့ ဒုတိယစာမျက်နှာ။

ကျွန်မ နားမလည်သလို ဆရာ့ကိုမော့ကြည့်မိတယ်။

ဆရာ ကျွန်မကို ကြည့်တဲ့ မျက်လုံးက တော်တော်စိမ်းကားတယ်။ မယုံကြည်သလိုလို၊ ခါးသီးမုန်းတီးသလိုလို။

'ဘာကြည့်တာလဲ ဖတ်လေ'

ကျွန်မရိုက်ထားတဲ့စာကို ဘာများဖတ်ရမလဲ။ ဒါပေမဲ့ ဖတ်ဆိုတော့ အစအဆုံးဖတ်လိုက်ပါတယ်။

ဟောတော့။ အဲဒီတော့မှ ဆရာဘာဖြစ်လို့ မျက်နှာတွေနီရဲနေလောက်အောင် ဒေါသထွက်လာရသလဲဆိုတာ သိသွားပါတယ်။

သွားပြီ။ သွားပါပြီ။

ကျွန်မလက်ကတုန်နေတော့ ကိုင်ထားတဲ့ဓာတ်ညွှန်းစာရွက်ကလဲတုန်နေတယ်။

'တစ်ခါမှားရုံနဲ့ ရောဂါရနိုင်တယ်၊ ကွန်ဒုံးသုံးပါ' လို့ ပြော ရမဲ့အစား





www.burmeseclassic.com

www.burmeseclassic.com

'တစ်ခါမှားရုံနဲ့ ကိုယ်ဝန်ရနိုင်တယ်၊ ကွန်ဒုံးသုံးပါ' လို့ ရိုက်မိသွားခဲ့တာပါရော။

'ဆရာ သမီး ဟို'

'ညည်း တမင်လုပ်လိုက်တာလား။ ငါ့ကို တမင်စော်ကားလိုက်တာလား'

'မဟုတ်ပါဘူးဆရာ။ သမီး မှားသွားတာပါ'

မပြုံးမိစေနဲ့။ နဲနဲမှ ပြုံးပြီးမပြနဲ့။ ဆရာအထင်လွဲသွားနိုင်တယ်။

ဆရာက သူ့ ကျွန်မကို ဒီ့ထက်ဆူဖို့ မကောင်းဘူးလို့ သူ့ဟာသူ ရိပ်မိသွားသလားမသိဘူး။ ဆက်မပြောတော့ဘဲ သူ့အခန်းဆီကို လျှောက်သွားတယ်။

'အခု ပြန်ပြင်လိုက်ပါ့မယ်ဆရာ။ အခု ထုတ်ပေးရမလား'

'မလိုတော့ဘူး။ ငါ လက်ရေးနဲ့ပြင်ပေးခဲ့ပြီ'

အခုဖြစ်သွားတဲ့အမှားဟာ ဟာသလုပ်ပြီးရယ်နိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ဒါပေမဲ့ဟာသဆိုရင်တောင် အဲဒီဟာသကို ရယ်ဖို့ အကြောင်းသိတဲ့လူက ကျွန်မနဲ့မမခက်ပဲ ရှိမှာ။

အော် ကျွန်မအဖြစ်က ဘုရင်ကြီးရဲ့လျှို့ဝှက်ချက်ကိုသိထားတဲ့ ဆံပင်ညှပ်ဆရာလိုပါပဲလား။

ဆရာ့ဇနီးလောင်းနဲ့ကျွန်မနဲ့ ဘယ်လိုမှဖြစ်မှာမဟုတ်ဘူးဆိုတာ တဖြည်းဖြည်းနဲ့သဘောပေါက်လာတယ်။ အဲဒီမိန်းမဟာ တော်တော်အဆင့်အတန်းခွဲခြားတာပဲ။

ညနေက သူ ကျွန်မတို့ရုံးခန်းကို ရောက်လာတယ်။ အခန်းထဲကို ကျော့နေတာပဲ ဝင်လာတာ။ ပြီးတော့ စားပွဲရှေ့ကနေဖြတ်သွားရင်း ကျွန်မကိုခေါ်တယ်။



'ကလေးမ ကားထဲမှာ ခြင်းတောင်းတစ်ခုပါတယ်။ သွားယူလိုက်စမ်းကွယ်'

'ကားက ဘယ်မှာလဲ မသိဘူး'

'ဟဲ့ ကား ဘယ်မှာရှိမလဲ ကားပါကင်နေရာမှာပေါ့။ နင်တို့အဲဒါကြောင့် စာရေးမဖြစ်နေတာ။ နဲနဲပါးပါးများဦးနှောက်လေး ဘာလေးသုံးကြပါဦး'

ကျွန်မလေ ထောင်းခနဲဒေါသပွသွားတယ်။ ဆရာ့မျက်နှာနဲ့မို့ ကျွန်မ သူ့ကိုလုပ်ပေးရမှာ။ မဟုတ်ရင်တော့လား။ သူ့လိုမိန်းမမျိုးကို လုံးဝပဲ။

'အေးလေ အေသင်တို့ကတော့ ထုံတဲ့နေရာမှာ နှစ်ယောက်မရှိဘူး'

ဒေါ်သေးမျှင်က ဟိုမိန်းမကို မျက်နှာလုပ်ပြီး ကျွန်မကို ဝင်တွန်းပြန်ရော။ ကျွန်မ တစ်ကိုယ်လုံးပူထူသွားတာပဲ။ မျက်နှာထားတင်းတင်းနဲ့ သူတို့နှစ်ယောက်လုံးကို ကြည့်ပစ်လိုက်မိတယ်။

'ကျွန်မ ဒေါ်ညိုရဲ့ကားကို ဘယ်ကားမှန်းမှ မသိဘဲ'

'အမလေး ကိုယ့်ဆရာကတော်ရဲ့ကားကိုတောင် မသိရအောင် အရူသလားကွယ်။ အေသင်တို့ကတော့ ဖင်ကောက်ဗင်လေးလေ ဥခွေးလေဟာယ်။ အပြူရောင်'

အို ဘယ်လိုလုပ်သိနိုင်ပါ့မလဲ။ ကျွန်မက သူ့ကားကို လိုက်ကြည့်နေတာမှ မဟုတ်တာ။ ကျွန်မလဲ ဆောင့်ဆောင့်ဆောင့်နဲ့ ထွက်သွားလိုက်တော့တယ်။

ကျွန်မ ဒီမှာ အလုပ်လာလုပ်တာ ရုံးကိစ္စပဲလုပ်ဖို့လာတာ၊ အခုလို သူ့ခိုင်းချင်ရာခိုင်းတာကိုလုပ်ပေးဖို့ မဟုတ်ဘူးလေ။

ဆရာတို့အိမ်အတွက်ခြင်းတောင်းတဲ့။ သူ့မှာ ကားပါတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဟား။ သူ့ကားနဲ့သူ ဆရာတို့အိမ်ကို သွားပေးလိုက်ပြီးရော။ အခုတော့ ကျွန်မက ကားပါကင် နေရာထိသွား။ ပြီးတော့ သူ့ကားကိုလိုက်ရှာ။ သူ့ဒရိုက်ဘာကို ခြင်းတောင်းတောင်း။ အိုး။ သူပြောတဲ့ခြင်းတောင်း ဆိုတာက သေးသေးမှတ်လို့ အားပါး။ အကြီးကြီးပါ။ လေးလိုက်တာ လဲလွန်ရော။ ဘာတွေများထည့်ထားလဲ။ ပုလင်းတွေ၊ ဗူးတွေ အသီးတွေ။

ကျွန်မ အပေါ်ထပ်ကို မနိုင်မနင်းသယ်လာတော့ မှန်က တရင်းတွေလုပ်နေရာက ပြာပြာသလဲရောက်လာပြီး ကျွန်မကို ကူသယ်ပေးပါတယ်။

'အို ခြင်းတောင်းကလဲ လေးလှချည့်လား'

မှန်က အသံကျယ်ကျယ်နဲ့ ပြောတော့ ကျွန်မက ရှူး လို့ တားလိုက်ရတယ်။ အခန်းထဲကနေ ဆရာနဲ့ဒေါ်ညိုနဲ့ထွက်လာတာ မြင်လိုက်လို့လေ။

'အို ချာတိတ်တွေ သယ်နေရတာလား။ ညိုကလဲ အလကား ဒုက္ခရှာတယ်။ လေးကလေးနဲ့'

'အို တားစေချင်လို့ပေါ့ကွယ် ဒါကို ဒုက္ခလို့ မပြောပါနဲ့'

တွေ့လား။ အသံကိုက နှာခေါင်းသံနဲ့။ တားစေချင်ရင် သူကိုယ်တိုင် သယ်ပေးပြီး ကျွေးလိုက်ပါလား။ သူများကို သယ်ခိုင်းပြီး မင်္ဂလာယူရသလား။ ရှားတယ်။

ကျွန်မ ဒီအကြောင်းတွေကို ညီမလေးတွေကို ပြန်ပြောတော့ ဒေါသနဲ့မေတ္တာပို့လိုက်ကြတာပေါ့။

အဲဒီလို သူများကို စီးစီးပိုးပိုးခိုင်းတဲ့အတွက် ယောက်ျားမရပါစေနဲ့ တဲ့။

ဟား။ ဒီကနေ့ ကြားရသမျှထဲမှာ အကြိုက်ဆုံးစကားပဲ။



✉သို့-ယုယ<green@mptmail.net.mm
မှ-အေသင်athin<hami@mptmail.net.mm
အကြောင်းအရာ-အလုပ်အသမားအခွင့်အရေး
ယုယ
လူတစ်ယောက်ဟာ သူ့အလုပ်ရှင်အတွက် ဘယ်အတိုင်းအတာထိ အလုပ်လုပ်ပေးရလဲ။ အလုပ်ရှင်ရဲ့မိန်းမကိုရော လုပ်ပေးဖို့ လိုသလား။ ငါဒီနေ့ ငါ့ဘော့စ်ရဲ့ မိန်းမမဖြစ်သေးတဲ့ အလောင်းအလျာအတွက် အစေခံလိုပဲလုပ်ပေးရတယ်။ နှိမ်လဲနှိမ်ခံရတယ်။ ငါ မကြိုက်ဘူး။ အဲဒါ ဝန်ထမ်းဥပဒေမှာပါသလား။
နင်ရော နင့်အလုပ်ရှင်ရဲ့ယောက်ျားအတွက် ဘာတွေလုပ်ပေးရလဲ။
ငါတအားစိတ်ညစ်တယ်။
စိတ်မှန်သော
အေသင်

..........................................................................

✉သို့-အေသင်athin<hami@mptmail.net.mm
မှ-ယုယ<green@mptmail.net.mm
ပြန်စာ-အလုပ်သမားအခွင့်အရေး
အေသင်
ဒီကိစ္စက အလုပ်သမားအခွင့်အရေးနဲ့မဆိုင်ဘူး။ ငါတို့မြန်မာရဲ့ ဂါရဝတရားနဲ့ပဲ ဆိုင်တယ်။ အလုပ်ရှင်နဲ့ပတ်သက်လို့ ဆောင်ရွက်ပေးတဲ့သဘောပါပဲ။ ဒါလဲ အတိုင်းအတာတစ်ခုအထိပါပဲ။ သူ့ဘက်က လိုအပ်တာထက်ပိုပြီး အမြတ်ထုတ်လိုက်မိပြီဆိုတာကို အလုပ်ရှင်က သိရမယ်။ သူ့ရဲ့ဇနီးခင်ပွန်း သားသမီး သူတို့ရဲ့အနှိမ်အတာကို ခံရလောက်တဲ့အထိတော့ ရိုကျိုးစရာမလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့အေသင်

ဘယ်အလုပ်ရှင်မှ ဝန်ထမ်းတစ်ယောက်ကို ဒဂုန်မြို့သစ်ထိအိမ်ပြန်ဖို့ မာ့ခ်တူးကားနဲ့ ကိုယ်တိုင်မောင်းပြီး ခဏခဏလိုက်ပို့မပေးဘူး။ နင်ရတဲ့အခွင့်အရေးက(အဲဒါကို အခွင့်အရေးလို့သတ်မှတ်ရင်ပေါ့) ထူးဆန်းတယ်။ အခုနင်ပြန်ပေးရတာကိုလဲ အဲဒီအတွက်တန်ရာတန်ကြေးထူးဆန်းမှုအဖြစ် မှတ်လိုက်ပေါ့။

ငါ့အလုပ်ရှင်က ငါ့ကို တစ်ခါမှ ကားနဲ့လိုက်ပို့မပေးဘူး။ ငါ့အလုပ်ရှင်မှာ အိမ်ထောင်လဲမရှိဘူး။

စစ်မှန်သော

ယုယ

..............................................................................................................................

✉ သို့-ယုယ<green@mptmail.net.mm

မှ-အေသင်athin<hami@mptmail.net.mm

ပြန်စာ-အလုပ်သမားအခွင့်အရေး

ယုယ

နင်ဒီလို လူတစ်ဘက်သားကို ရိတတ်မယ်လို့ ငါမထင်ထားဘူး။ ငါက တကယ်ခံစားရလို့ နင့်ကို ရင်ဖွင့်တာ။ နင်တုန့်ပြန်တာက ငါ့မျက်နှာကို ခြေထောက်နဲ့ကန်လိုက်သလိုပဲ။

ငါ့အလုပ်ရှင်နဲ့ငါ့ကြားမှာ နင်တို့ထင်နေတာတွေမဟုတ်တဲ့ ထူးဆန်းတဲ့ဆက်စပ်မှုတစ်ခုရှိနေတယ်။ ဒါကို နင်ဘယ်သိမလဲ။ ဘယ်သူမှလဲမသိဘူး။ ကာယကံရှင်နှစ်ယောက်နဲ့ငါကလွဲလို့ ဘယ်သူမှမသိဘူး။ ငါ့ကို သူများတွေ ဘယ်လိုပဲထင်ထင် ငါဂရုမစိုက်ပါဘူး။ ဒါပေမဲ့ နင်က အဲလိုထင်တာတော့ ငါဝမ်းနည်းတယ်။

အေသင်

..............................................................................................................................





ဉာဏ်သာ

နင့်အစ်ကိုတော့ ဒီမိန်းမနဲ့ရရင် ဘဝပျက်မှာ။ ဒီမိန်းမက အရမ်းကို စီးပိုးတာ။ ဒီမိန်းမ အခုလိုသာ ရုံးကိုခဏခဏ လာလာရှုပ်နေမယ်ဆိုရင် ငါတို့ ဘယ့်နှယ်လုပ်ရမလဲ။ ငါ ဒီမိန်းမလက်အောက်မှာတော့ အလုပ်မလုပ်နိုင်ဘူးဟာ။ ဆရာက ဘာဖြစ်လို့ ဒီမိန်းမကို အလိုလိုက်ထားရတာလဲ။ ကြာရင် ဆရာ့ခေါင်းပေါ်တက်သွားလိမ့်မယ်။

ခါတိုင်းလဲ ဆရာ့ကို သူ့အမေက ထမင်းချိုင့်ထည့်ပေးလိုက်တာ ဟင်းတွေက ကောင်းပါတယ်။ အခု သူက ဝင်ဝင်ပြီးနှမ်းဖြူးနေတာ။ ဟိုအသုပ်ကလေးလာပို့ရတာနဲ့ ဒီအသုပ်ကလေးလာပို့ရတာနဲ့။ ဟိုတစ်နေ့ကလေ ဆရာ့အတွက်တဲ့ နေ့လည်နေ့ခင်းစားဖို့တဲ့ ယိုးဒယားသဘော်သီးထောင်းလာပို့တယ်။ အမယ် ပို့ရုံတွင် ဘယ်ကမလဲ။ ဆရာနဲ့အတူ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ပြီး စားချင်သေးတာ။ ဆရာက သူတစ်ယောက်တည်း ဘယ်တော့မှမစားဘူး။ ငါတို့ကို ခွတ်ခေါ်တာ။ ငါတို့က ရှောင်ပေးရတာပေါ့ဟဲ့။ အလိုက်သိသိ‿နော်။

ငါနဲ့ ပန်းမြပုန်နဲ့ ကွယ်ရာမှာ ကြိတ်ပြီးရယ်နေကြတာ။

101 Dalmatian ကာတွန်းကားထဲက အဖြူပေါ်မှာ အနက်ပြောက်လေးတွေပါတဲ့ ခွေးလေးတွေကိုသတ်ပြီး ခွေးမွေးကုတ်အကျႌချုပ်ဝတ်ဖို့လုပ်တဲ့ စုန်းမကြီးလိုပဲ။ မျက်နှာရှည်ရှည်နဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



✉သို့-အေသင်athin<hami@mptmail.net.mm
မှ-ယုယ<green@mptmail.net.mm
ပြန်စာ–အလုပ်သမားအခွင့်အရေး

အေသင်

ဆောရီးဟာ။ နင့်ကို ငါရိုသလိုဖြစ်သွားတာ။ အရင်က ဒေါသထွက်ထားတဲ့အရှိန်လေး ကျန်နေသေးလို့ပါ။ နင့်ကို သူများတွေအတင်းပြောတာကို ငါက ခံမှ မခံနိုင်တာ။ အေသင်မိုးဆိုတဲ့မိန်းကလေးကို လူတိုင်းက အလေးထားချီးကျူးစေချင်တာ။

နင်တို့ရုံးက ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကိစ္စတွေနဲ့ရောထွေးနေတယ်လို့ ငါထင်တယ်။ အဲဒါ မကောင်းဘူး။ တချို့ဟာတွေကို ရှောင်တတ်အောင်ရှောင်။ မရှောင်တတ်ရင် ငြိမယ်။

ငါ နင့်ကို ငါတို့ရုံးကို အလည်ခေါ်ဦးမယ်။ နင်တစ်ခါမှ မရောက်ဖူးဘူးနော်။ ဗီဇဝါတောင် တစ်ခါလာဖူးတယ်။ အော် ဒါနဲ့ ဗီဇဝါကို ငါတို့ရုံးမှာ တစ်နေရာလွတ်နေလို့ လျှောက်ခိုင်းထားတယ်။ အစ်မက သဘောလဲကောင်းတယ်၊ ဒါပေမဲ့ တိကျတယ်။ အစ်မလက်အောက်မှာလုပ်ရတာ ငါတော့ ပျော်တယ်။

နင့်ဘော့စ်နဲ့နင်နဲ့ကြားထဲက ဆက်စပ်မှုဆိုတာကိုငါနားမလည်ဘူး။ အလုပ်ကလွဲပြီး ဘာမှ ဆက်စပ်စရာမလိုဘူးမဟုတ်လား။ နင်ငါ့ကို မပြောဘဲထားတဲ့ လျှို့ဝှက်ချက်တွေရှိသလား။ ငါ့မှာတော့နင်မသိတဲ့ ငါ့ဘဝဆိုတာမရှိဘူးအေသင်။

စိတ်မှန်သော

ယုယ

ပီအက်စ် နင်ကြိုက်တဲ့ အနားသားအဖွဲ့ဟစ်ပေါ့သီချင်းစီဒီထွက်လို့ နင့်အတွက် ငါ ဝယ်ထားပြီးပြီ။





**သစ်ပင်တွေဟာ**
**ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုရှူသွင်း**
**အောက်ဆီဂျင်ကို ပြန်ထုတ်ပေးတဲ့**
**ကမ္ဘာမြေကြီးရဲ့အဆုပ်တွေပဲ။**

နေ့ခင်းထမင်းစားချိန်မှာကျွန်မ ထမင်းချိုင့်လေးယူပြီး ယုယတို့ရုံးကိုသွားတယ်။ သူတို့ ရုံးက စမ်းချောင်းမှာ။ ယုယက ဘတ်စ်ကားဂိတ်မှာ လာစောင့်နေပါတယ်။

ယုယတို့ရုံးက ကျွန်မတို့ရုံးလောက် မသားနားဘူး။ ဝန်ထမ်းတွေအတွက် သီးသန့်ကန့်ထားတဲ့ နံရံလေးတွေက အနိမ့်လေးတွေ။ ဝက်ပါလိုပဲ။ ဒါပေမဲ့ လှတယ်။ ကျွန်မကြိုက်တယ်။ အကြိုက်ဆုံးကတော့ အဝင်ညှော်ခန်းနံရံမှာကပ်ထားတဲ့ သစ်တောအုပ်တစ်ခုပုံ ပိုစတာကြီးပဲ။

သစ်ပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ရှူသွင်းပြီး အောက်ဆီဂျင်ကို ပြန်ထုတ်ပေးတဲ့ ကမ္ဘာမြေကြီးရဲ့အဆုတ်တွေပဲ။

ကျွန်မဖြင့် အဲလို တစ်ခါမှ မတွေးမိဖူးပါဘူး။ ဟုတ်တယ်နော်။ သစ်ပင်တွေက ကမ္ဘာကြီးရဲ့အဆုတ်တွေပေါ့။

သူတို့အဖွဲ့ သစ်ပင်ကို အဓိကထားပြီးစောင့်ရှောက်သလား

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ အခန်းတစ်ခုလုံး ပတ်ပတ်လည်မှာ သစ်ပင်တွေရဲ့ပုံတွေချည်းပဲ။ အားလုံးက မြန်မာပြည်က ဓါတ်ပုံတွေလို့ ယုယက ပြောတယ်။ အနှစ်တစ်ရာကျော်ကျွန်းပင်ကြီး။ လမုပင်တွေ။ ဆေးဘက်ဝင်တဲ့ သစ်ပင်တွေ။ အဝတ်အထည်ရက်လုပ်ရာမှာ အသုံးဝင်တဲ့ အပင်တွေ။

အို သိပ်လှတာပါပဲ။ ဝင်လိုက်တာနဲ့ လူက သစ်ပင်စိမ်းစိမ်းစိုစို တောအုပ်တစ်ခုထဲကို ရောက်သွားသလိုပဲ။ အေးချမ်းလိုက်တာ။

ထပင်းစားချိန်မို့ ဝန်ထမ်းတွေအားလုံး ထမင်းစားခန်းထဲမှာ စားနေကြတယ်။ သူ့ဘော့စ်မရှိဘူး။ သစ်တောဌာနကို သွားသတဲ့။ ကျွန်မကို ထမင်းစားခန်းထဲခေါ်သွားပြီး သူတို့နဲ့အတူရောစားခိုင်းတယ်။ ကျွန်မက သူတို့နားက မုန့်ဆိုင်မှာစားဖို့ စဉ်းစားထားတာ။ ယုယက ခွတ်စားခိုင်းတာနဲ့ သူတို့ဆီမှာပဲ စားရတာပေါ့။

သူတို့က ထမင်းချိုင့်မယူရဘူး။ ရုံးမှာပဲ ချက်ကျွေးတယ်။ အားလုံးအတူတူပဲ စားကြတာ။ ဟင်းကတော့အသီးအရွက်၊ ငါးနဲ့ ပဲလို့ ပြောတယ်။ ကျွန်မက ဒီနေ့ ဝက်သားဟင်းပါတယ်။ ခါတိုင်းဆိုရင် ငါး ဒါမှမဟုတ် ငါးခြောက်။ အခုတော့ မေမေအလုပ်များနေတာနဲ့ ဝက်သားပြုတ်ကြော်ပဲပါတာ။ ယုယက ကျွန်မရဲ့ဝက်သားဟင်းကို ကြည့်ပြီး ရယ်တယ်။

'ငါတို့ရုံးက အသားမချက်ဘူးဟ။ *red meat* မစားဘူးဆိုပါတော့။ ငါတို့ဘော့စ်က *red meat* ကိုဆန့်ကျင်တာကိုး'

'ဟင် ရက်ဒ်မိ(တ်)ဆိုတာက ဘာလဲ'

'အော် ငါးတို့ ပုဇွန်တို့မဟုတ်တဲ့ ခြေလေးချောင်းအသားတွေပေါ့။ သစ်တောမြေတွေရှင်းလင်း ခုတ်ထွင်ပြီး မွေးမြူရေးခြံတွေဆောက်ရတာမဟုတ်လား။ သစ်တောပြုန်း မြေဆီလွှာပြုန်း ရေလအမျိုးကြီးကုန် အဲဒီဖြစ်စဉ်တွေကို ငါတို့ ဘော့စ်က ဆန့်ကျင်တယ်'



ယုယက ကျွန်မကို ရှင်းပြတယ်။

ဟင် ဘာဆိုင်လို့လဲ။ ကြောင်တယ်နော်။ မွေးမြူရေးကို ဆန့်ကျင်တယ်ဆိုရင် ကျွန်မတို့အားလုံး နွားနို့တွေဘာတွေ မသောက်ရတော့ဘူးလား။ တစ်မျိုးပဲ။ ဒါပေမဲ့ သူတို့ရှေ့မှာ ကျွန်မ မပြောပါဘူး။ သူတို့ဘော့စ်ကို ပြန်ပြောရင် ဘယ့်နှယ်လုပ်မလဲ။

ဒါပေမဲ့ ကျွန်မ ဝက်သားဟင်းကို ခပ်စားဖို့ လက်တွန့်သွားတာပေါ့။ ဟား ကျွန်မတို့ဆရာမှပဲကောင်းတယ်။ အသားမျိုးစုံ စားတယ်။ တစ်ခါတစ်ခါ ဆတ်သားတို့ဘာတို့ရရင် ဒေါ်သေးမျှင်က ဆရာ့အတွက်ဆိုပြီး ထည့်ထည့်ယူလာတတ်တယ်။

'ဆရာရေ ဒါ ကျွန်မမောင်လေး နယ်က ရလာတာ။ တကယ့်ဆတ်သားနော်။ သူတို့အဖွဲ့ကိုယ်တိုင် ဖျက်ပြီးယူလာတာ။ အတုမဟုတ်ဘူး ဆရာကြိုက်တတ်လို့'

ဆရာက ကျေးဇူးတွေတင်လို့။

တိရစ္ဆာန်ဆိုတာက လူတွေစားဖို့ဖြစ်လာတာမဟုတ်လား။ မွေးတဲ့လူကမွေး စားတဲ့လူက စား။ ဒါမှ လူတွေစားနပ်ရိက္ခာတိုးပွားမှာပေါ့။ အဲဒီလိုမမွေးရဘူးဆိုရင် လူသားသန်းပေါင်းခြောက်ထောင်က ဘာတွေစားနေရမလဲ။ သစ်ပင်တွေနဲ့ငါးတွေချည်းစားရင် ငါးတွေမျိုးပြုန်းမကုန်တော့ဘူးလား။

'နင်တို့ အိမ်မှာရော အဲဒီအသားတွေ မချက်စားဘူးလား'

'ရှူးတိုးတိုး အစ်မပြန်လာရင်ကြားသွားမယ်။ စားတာပေါ့။ အမေချက်ကျွေးသမျှစားရတာကို'

ယုယက ရယ်ပြီးပြောတယ်။ ယုယ ရယ်နေတာကို ငေးကြည့်နေတဲ့မျက်လုံးတစ်စုံကို ကျွန်မ တစ်ခါတည်း မိသွားတယ်။ ယုယဘေးမှာထိုင်တဲ့ ကောင်မလေးတစ်ယောက်။ အဲလေ။ အစ်မ တစ်ယောက်။ သူက ကျွန်မတို့ထက် နဲနဲကြီးမယ်။ သူက ယုယကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့မျက်လုံးက တစ်မျိုးပဲ။ ယုယထမင်းပန်းကန်ထဲကို ကိုက်လန်ကြော်တွေထည့်ပေးတာလဲ သူပဲလေ။ ကျွန်မ မမြင်ချင်ယောင်ဆောင်နေလိုက်ပါတယ်။ ယုယက မနေတတ်သလို အူလည်လည်ကြီး ဖြစ်နေတယ်။ အင်း ဇီဇဝါသာ ဒီမှာအလုပ်ရရင် မောင်ယုယတို့ ဘယ်လိုနေပါ့မလဲ။ ဇီဇဝါကလဲ ယုယကိုဆိုရင် သိပ်အရေးပေးတာပဲ။

ကျွန်မမပြန်ခင်မှာ ယုယရဲ့ဘော့စ် ရောက်လာတယ်။ ချည်ထည်အထက်အောက် အညိုရောင်နုနုနဲ့။ မပိန်မဝဆိုတော့ သူ့ကိုယ်လုံးနဲ့ သူ့ဝတ်စုံနဲ့ သိပ်လိုက်တာပဲ။ အော် သူက အပျိုကြီးတဲ့။

'အစ်မ ဒါ ကျွန်တော့်သူငယ်ချင်းလေ။ မှတ်မိတယ် မဟုတ်လား။ ဝင်ထရယ်မှာလုပ်တဲ့တစ်ယောက်'

'အော် အေး အေး'

ကျွန်မကို သူမမှတ်မိပါဘူး။ ဒါပေမဲ့ မှတ်မိသလိုလိုနဲ့ နှုတ်ဆက်တယ်။

'သမီးကတော့ ဟိုတုန်းကတည်းက အစ်မကို မှတ်မိပါတယ်။ ဈေးဝယ်တိုင်း ကြွပ်ကြွပ်အိတ်နဲ့မယူဘဲ ပါလာတဲ့ အဝတ်အိတ်ထဲကိုပဲ ထည့်ခိုင်းတာကိုး။ ဟိုတစ်ခါ ယုယနဲ့ အစ်မနဲ့ ဈေးလာဝယ်ကြသေးတယ်လေ'

'အေး ဟုတ်တယ်'

ကျွန်မတို့ထမင်းစားပွဲမှာ သူ ခဏဝင်ထိုင်ပါတယ်။

'အစ်မတို့အမေတွေခေတ်က ဈေးဝယ်ရင် ကြိမ်ခြင်းလေးတွေနဲ့ ဝယ်ကြတာ။ တစ်ခြင်းဆိုရင် လေးငါးဆယ်နှစ်သုံး ဘာမှ မဖြစ်ဘူး။ အခုလို ကြွပ်ကြွပ်အိတ်တွေနဲ့ဆိုတော့ အမှိုက်တွေသိပ်များလာတာပေါ့။ နောက်ပြီး ကြွပ်ကြွပ်အိတ်က ရီဆိုက်ကယ်လ် ပြန်လုပ်ဖို့ သိပ်ခက် သိပ်ဈေးကြီးတာ'





ကျွန်မကို ပြောရင်းကနေ ယုယဘက်ကို လှမ်းကြည့်တယ်။

'မမတို့ ကြွပ်ကြွပ်အိတ်အသုံးကို ဆန့်ကျင်ဖို့စည်းရုံးတဲ့နေရာမှာ လူတွေထဲကိုရောက်အောင် ဘယ်နည်းသုံးနိုင်သေးလဲ'

'ချည်ထည်စစ်စစ် အဝတ်အိတ်လေးတွေချုပ်ပြီး အမြတ်နည်းနည်း ဈေးပေါပေါနဲ့ရောင်းလို့ရတယ်။ ဒီဇိုင်းကို သစ်ပင်နဲ့ ပတ်သက်တဲ့ သတင်းလေးတွေ စိတ်ကူးဆန်းဆန်းလေးနဲ့ ရိုက်သွားရင် ဒီဇိုင်းကလည်းဆွဲဆောင်မှုရှိပယ်ဆိုရင် စားသုံးသူအပေါ် သက်ရောက်မှုရှိမလား'

'အေး။ မင်းပြောတာလဲ မဆိုးဘူး။ အခု ပြန်မာဖြစ် ချည်ထည်လေးတွေနဲ့ မိန်းကလေးကိုင်တဲ့အိတ်တွေ ချုပ်ရောင်းနေကြတာလဲ ဈေးကွက်ဝင်နေသား'

'ကျွန်တော်တို့က မိန်းမအိတ်မဟုတ်ဘဲ ယောကျ်ားရောမိန်းမရောကိုင်လို့ရတဲ့ ဈေးဝယ်အိတ်သက်သက်ကိုပါ ထုတ်ရင်ကောင်းမယ်။ ဟို ထိုင်းနိုင်ငံကနေ မမ ဟိုတစ်ခေါက်က ဝယ်လာတဲ့ ဘုန်းကြီးအိတ်လိုမျိုးပေါ့။ အဲဒီထက် နည်းနည်းကြီးလို့ရတယ်။ မပဈေးဝယ်တဲ့အိတ်လေ။ အဲဒီအိုင်ဒီယာကို နည်းနည်းထပ်ချဲ့လိုက်ရုံပါပဲ။

'ဒီဇိုင်းတွေကိုရော'

'သစ်ပင်ပုံမျိုးစုံကို သုံးနိုင်မလား။ သစ်ပင်ဆိုတော့ အစိမ်းရောင်။ ဆေးဆိုးမထားတဲ့ ပုလချည်ထည် ဝါကျန့်ကျန့်အပေါ်မှာ အစိမ်းရောင်ခပ်ရင့်ရင့် သစ်ပင်တစ်မျိုးစီဆိုရင် ဆွဲဆောင်မလား မသိဘူး။ အဲဒီမှာ စိမ်းလန်းသောအမွေအနှစ် ဆိုတဲ့ ကျွန်တော်တို့ ယောင်ဒေးရှုင်းအမည်ကို ထည့်လို့ရတယ်။

'ကောင်းတယ်။ အေသင်မိုးတို့ စတိုးဆိုင်မှာ လာတင်ရမယ် ဒါမှ လူလတ်တန်းစားလက်ထဲရောက်မှာ။ အေသင် ဘယ့်နှယ်လဲ



www.burmeseclassic.com

www.burmeseclassic.com



မမတို့အိတ်တွေကို ရောင်းပေးနော်'

'အို သမီးတို့မန်နေဂျာကို ပြောရမှာမမ။ တစ်လ ခရက်ဒစ် ပေးရတဲ့ ထုံးစံရှိတယ်။ တစ်လကြာမှ ငွေရှင်းတာ'

'အို ပေးမှာပေါ့'

အစ်မကြီးစကားပြောနေတာကို ပြတ်အောင်စောင့်ရလို့ ကျွန်မ အပြန်နဲနဲနောက်ကျသွားပါတယ်။

'မမတို့တကြည့်တိုက်ကို ပြလိုက်ပါဦးယုယ။ အေသင် လိုက်ကြည့် လိုချင်တာတွေ ငှားသွားနော်။ ဖတ်ပြီးရင်ပြန်ပေးပေါ့'

တကြည့်ခန်းချင်းအတူတူ ယုယတို့တကြည့်ခန်းမှာရှိတဲ့ တအုပ်တွေက စိတ်ရွှင်လန်းစရာကောင်းတယ်။ ကျွန်မတို့တကြည့်ခန်းက တအုပ်တွေက စိတ်ဓါတ်တက်ကြွစရာမကောင်းဘူး။

ယုယက ကျွန်မကိုကားဂိတ်လိုက်ပို့တယ်။

ယုယတို့ ဘော့စ်က ယုယကို လက်အောက်ငယ်သားလို ဆက်ဆံတာမဟုတ်ဘူးနော်။ တိုင်ပင်ဖော်တစ်ယောက်လိုပဲ။ ယုယ ပျော်မယ်ဆိုရင်လဲ ပျော်စရာ။ ကျွန်မလဲ ယုယလိုပဲ ဘော့စ်ကို အကြံဉာဏ်တွေပေးနိုင်ချင်လိုက်တာနော်။

'အေသင် အခုဝတ်ထားတဲ့အင်္ကျီနဲ့ အေသင်နဲ့ လိုက်တယ်။ သိပ်လှတာပဲ။ ဒါမျိုးလေးတွေပဲဝတ် သိလား'

ကားစောင့်နေတုန်း ယုယက ကျွန်မကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးပြောတော့ ကျွန်မရင်ထဲမှာ နွေးသွားတယ်။ မေမေကိုယ်တိုင် ချုပ်ပေးတဲ့ ဝတ်စုံလေးပါ။ မြန်မာဆန်ဆန် ချည်ထည်စစ်စစ်။

ကျွန်မကို လှတယ်လို့ တစ်ခါမှမပြောဖူးတဲ့ယုယက ပြောတာမို့ ကျွန်မ အရပ်းကို ကျေနပ်သွားတယ်။



ချစ်သူတွေအတွက်
အကြံဉာဏ်က အသုံးမဝင်ပါဘူး။
သူတို့ဟာ
မင်း ပိတ်ပြီး ရေကာတာတည်ဆောက်လို့ ရတဲ့
တောင်ကျစမ်းရေမဟုတ်ဘူး။

ယုယရဲ့ကဗျာလေးက လှလိုက်တာ။ သူဘယ်ကရှာထားလဲ မသိဘူး။

ဒါပေမဲ့ အဲဒါ ဘာအဓိပ္ပါယ်လဲ။ ဘာအတွက်နဲ့ ကျွန်မကို ဒီကဗျာလေးရေးပေးတာလဲ။ ယုယက ပမခက်နဲ့ ဆရာဇော်လမ်းကို သိနေလို့လား။

ကျွန်မက မမခက်တို့ကိုပိတ်ပြီး ရေကာတာတည်ဆောက်မှာ မှမဟုတ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com

**HIV/AIDS MEDIA INITIATIVE ASSOCIATION**
**No....Kabaraye Pagoda Road, Bahan Township,**
**Yangon**

သို့
ဒုတိယညွှန်ကြားရေးမှူး
လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ
အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

နေ့စွဲ ၄-၆-၀၄

အကြောင်းအရာ၊ ချိန်းဆိုထားပြီး ပျက်ကွက်မှုကို တောင်းပန်ခြင်း။

ကျွန်တော်ဒေါက်တာဟန်သာထင်လင်းသည် ယနေ့ နံနက် ၁၀နာရီတိတိတွင် ဒုညွှန်မှူးဒေါက်တာစိုးလွင်နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီးသော်လည်း ရုတ်တရက်ဖြစ်ပေါ်လာသော ကျန်းမာရေးချို့ယွင်းမှုကြောင့် ချိန်းဆိုသည့်အချိန်တွင် မလာရောက်နိုင်ခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်တော့်အားနားလည်ပေးပါရန်နှင့် နောက်တစ်ကြိမ်အခွင့်အရေးထပ်မံပေးနိုင်ပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျွန်တော် ဆရာ့အား နေ့လည်၁၂နာရီတိတိခန့်က ဖုန်းဆက်သည့်အခါ ဆရာအပြင်သို့ ထွက်သွားကြောင်း ပြောပါသည်။

လေးစားစွာဖြင့်

ဟန်သာထင်လင်း



လ=လျှောက်လဲချက် ပေးခွင့်မရှိ။

ဘာဖြစ်လို့ ရန်သူကို မိတ်ဆွေလို့ စိတ်ချလက်ချ ယုံကြည်မိရပါလိမ့်။

တကယ်တော့ မနေ့က ညနေ ၄နာရီ၁၅တုန်းကသာ ဆရာ့အခန်းတံခါးကို ဖွင့်ပြီး ဗိုက်ဘုတ်ပေါ်မှာ အမှိုင့်မင့်ကို ရေးပစ်ခဲ့မိရင် ဘယ်လောက်ကောင်း မလဲ။ ဒေါ်သေးမျှင်က မဝင်နဲ့ဆိုလို့။

'ပမခိုင် ဆရာ့ကို Occupational Health ရုံးက အမ်ဒီက မနက်ဖြန်မနက် ဆယ်နာရီမှာ တွေ့မယ်လို့ အကြောင်းပြန်တယ်' လို့ ပြောလိုက်တော့ သူက အေးအေး တဲ့။

'သမီး ဆရာ့ကို ဘယ်လိုအကြောင်းကြားရမလဲ။ ဆရာဒီပြန်လာဦးမှာလား'

'လာမယ်။ လာရင် မမခိုင် ပြောလိုက်မယ်လေ။ အေးသင်သွားစရာရှိတာ သွားပါ'

'ဒါဆို သမီးသွားမယ်။ တကယ်လို့ ဆရာပြန်မလာရင်ရော'

'ဟောတော် ဒီကလေးမ ဘယ်လိုဖြစ်နေလဲ ပြန်လာမှာပါဆို'

တကယ်ဆို ပန်းမြမှုန်ကိုဖြစ်ဖြစ် မမလှသက်ဝေကိုဖြစ်ဖြစ် ဆရာ့ကို အမှိုင့်မင့်ပေးတဲ့ဖုန်းအကြောင်း ကျွန်မထပ်ပြောခဲ့ရမှာ။ မနေ့ညနေက စင်ထရယ်မှာ နောက်ဆုံးအလုပ်ဝင်ရမယ့်နေ့မို့ အဝင်နောက်မကျချင်လို့ပြေးတာ။ ဆရာ့ကို မနက်ကျမှပြောလည်း ရပါတယ်လို့ စိတ်ပေါ့မိတာလဲပါပါတယ်။

မနက်ကျတော့ ကျွန်မ ရုံးကိုရောက်တဲ့အချိန်မှာ ချိန်းထားတဲ့ကာတွန်းဆရာရောက်လာလို့ လိုချင်တဲ့ပုံတွေရဖို့ ဆရာမှာထားခဲ့တဲ့အတိုင်းပြောပြနေရတယ်။ ရောက်ရောက်ချင်းက ဆရာ့ကို ပြောဖို့သတိရပေမဲ့ ဆရာက မလာသေးဘူးလေ။ ကျွန်မအပြစ်က ဆရာ

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ရမဲ့အကြောင်းကို ဆရာ့ဝိုက်ဘုတ်ပေါ်မှာ မရေးလိုက်မိတာပဲ။ ဆရာလာတဲ့အချိန်မှာ ကျွန်မက မနေ့က လက်စမသပ်ခဲ့ရတဲ့ ပဂ္ဂိုဝယ်ကို ဆရာ့ကို အချောထုတ်ပေးဖို့ အသဲအသန် လုပ်နေတဲ့အချိန်ပေါ့။ လုံးဝကို သတိမရဘူး။ ဆရာ့ကို ပြောဖို့ သတိရတဲ့အချိန်မှာ ကြည့်လိုက်တော့ ဆရာထွက်သွားပြီ။ ပထမတော့ အဲဒီကိုသွားပြီလို့တောင် အောက်မေ့တာ။ အမလေး တော်ပါသေးရဲ့ ဒေါ်သေးမျှင်ပြောလိုက်လို့ ဆရာသွားပြီပေါ့။

'မမခိုင် ဆရာ့ကို ပြောလိုက်လား'မေးတော့ ဒေါ်သေးမျှင်က အူကြောင်ကြောင်ပုံစံနဲ့ ဘာပြောရမှာလဲ တဲ့။ သွားပြီ။ တစ်ခါမှ ဒီလောက်ထူပူမသွားဖူးပါဘူး။ ရှိသမျှနတ်တွေ သိကြားတွေ ကျွန်မကို အကုန်ဆင်းကယ်ရင်တောင် အချိန်မမီတော့ဘူး။

'လုပ်ကြပါဦး ဆရာဒီနေ့ လုပ်ငန်းခွင်ကျန်းမာရေးက အမ်ဒီနဲ့သွားတွေ့ဖို့ အပွိုင့်မင့်ရတယ် သမီးမပြောလိုက်ရဘူး' အသံကို အော်ပစ်လိုက်မိတယ်ထင်ပေမယ့် တကယ်တော့ အသံက တိမ်တိမ်လေးပဲထွက်တော့တယ်။

အဲဒီအချိန်က ဆယ့်တစ်နာရီတောင်ခွဲနေပြီ။

ဆရာ့လက်ကိုင်ဖုန်းကိုဆက်ဖို့ ကျွန်မ တယ်လီဖုန်းဆီ အပြေးအလွှားသွား ကောက်ကိုင်မိတယ်။ ဒါပေမဲ့ တယ်လီဖုန်းနံပါတ်ဂဏန်းတွေကို မနှိပ်ရဲဘူးဖြစ်နေတယ်။ ဒါနဲ့ပဲ ပြန်ချလိုက်မိတယ်။

ဒေါ်သေးမျှင်ကို အားကိုးတကြီးလှည့်ကြည့်မိတယ်။

'မမခိုင် သမီးမဆက်ရဲဘူး မမခိုင်ဆက်ပေးပါ'

'ဘာထူးမှာလဲ အခုချိန်ကျမှတော့ ဘယ်သူပဲ ဆက်ဆက်' တဲ့။ ဒါပေမဲ့ ကျွန်မမှ မဆက်ရဲတာ။ သတ္တိကို တော်တော်နဲ့မွေးလို့မရဘူး။ ကျွန်မက တုန်ချိချိဖြစ်နေ။ ဘေးက ဒေါ်သေးမျှင်က တွန့်ဆုတ်ဆုတ် လုပ်နေတော့ မမဒေါက်တာလှသက်ဝေက ကျွန်မ လက်ထဲ





က တယ်လီဖုန်းကို ဆတ်ခနဲဆွဲ ယူလိုက်တယ်။ သူပဲ ဆက်ပေးလိုက်တယ်။

'ဆရာလား။ ဆရာရေ အပြစ်ကတော့ တော်တော်ဆိုးတယ်ဆရာ။ ဆရာစိုးလွင်က ဆရာနဲ့ဒီနေ့မနက်ဆယ်နာရီမှာတွေ့ဖို့ ချိန်းထားသတဲ့။ အဲဒါ ကျွန်မတို့ဘက်က ဖုန်းလက်ခံထားပြီးတော့ ဆရာ့ကို အသိပေးဖို့မေ့နေ'

ဖုန်းဆက်နေတဲ့ မမလှသက်ဝေရဲ့အသံက အပိုအလို မရှိပါဘူး။

'ဟုတ်တယ်။ မနေ့ကညနေကမှ သူတို့ဆီက ဖုန်းဆက်လာတာ။ အခုမှသတိရကြတော့ မမီတော့ဘူးပေါ့'

သူလည်းဖုန်းချလိုက်ရော။ ကျွန်မပမှာ အပြစ်ဒဏ်ကျဖို့ စောင့်နေတဲ့ တရားခံတစ်ယောက်ဘဝကို ချက်ချင်းရောက်သွားတယ်။ စက္ကန့်တိုင်း မိနစ်တိုင်းဟာ ကျွန်မအတွက် ရင်မောလွန်းရလို့ သေတော့မယ်။ ပန်းပြမှုန်က ကျွန်မပခုံးကို လာဖက်တယ်။

'အေသင်။ သိပ်လည်း မစိုးရိမ်ပါနဲ့ဟာ။ ဆရာ့အရိပ်အခြေကြည့်ပြီး တောင်းပန်လိုက်နော် သိလား'

ကျွန်မလေ တတ်နိုင်ရင် မြေပြင်ကြီး ပတ်ကြားအက်ပြီး မြေကြီးထဲမှာ နစ်ဝင်ပြုပ်သွားချင်တယ်။ ဒီအချိန်မှာများ ငလျင် လှုပ်လိုက်လို့ကတော့ အေသင်တို့အတွက် ကံကောင်းတာလို့ပဲ ယူဆလိုက်မယ်။ ဒါပေမဲ့ ဒီလိုမျိုးနေ့ကျတော့ ငလျင်ပလှုပ်၊ မီးလည်း မလောင်။

အဲဒီလိုနဲ့ ဆယ့်နှစ်နာရီထိုးဖို့ သုံးမိနစ်လောက်အလိုမှာ ဆရာပြန်ရောက်လာတော့တာပါပဲ။ ကျွန်းတံခါး ကျွီခနဲပွင့်သွားတယ်။

သူ့ကို တန်းစီပြီး ရပ်ကြည့် ကြိုဆိုနေကြတဲ့လူတွေက ကျောက်ရုပ်တွေလိုပဲ။ မမလှသက်ဝေတစ်ယောက်ပဲ ဆရာ့ကို နည်း



www.burmeseclassic.com

နည်းပြုံးပြီး နှုတ်ဆက်တယ်။ ဆရာက တစ်ယောက်ချင်းကို လမ်းလျှောက်ဝင်လာရင်း စူးစိုက်ကြည့်တယ်။

'အခု ဘာဖြစ်နေကြတာလဲ'

ခပ်တည်တည်နဲ့ သူက ပြန်မေးတော့မှ ဒေါ်သေးမျှင်လည်း ပြုံးလာတယ်။

'ကျွန်မတို့ ဆရာ့ကို ဘာလုပ်ရမှန်းမသိလို့'

'ဘာပြောရမှာလဲ။ ကျွန်တော့်အသုဘသာ လိုက်ပို့ကြပေတော့ ကျွန်တော်တော့သေပြီ'

ဟင်။ သူ ရယ်စရာပြောတာလား။ ဒေါသတကြီးပြောတာလား။ ကျွန်မ မသိဘူး။ ဘယ်သူမှ မရယ်ကြတာထောက်တော့ ဒါ ဟာသ မဟုတ်ဘူးပေါ့။

'ဒါဘယ်လောက်အရေးကြီးသလဲဆိုတာ ကျွန်တော် ရှင်းပြနေစရာ မလိုပါဘူးနော်'

'ဟုတ်ကဲ့ ကျွန်မတို့ သိပါတယ်'

ဒေါ်သေးမျှင်က စိတ်မကောင်းတဲ့လေသံနဲ့ ပြောတယ်။ မမလှသက်ဝေကတော့ ဆရာ့ကို တောင်းပန်တယ်။

'ဆရာစိုးလွင်ကိုတော့ လူကိုယ်တိုင်တောင်းပန်ရတော့မယ်။ အဲဒီအတွက် ကျွန်မတို့ စိတ်မကောင်းပါဘူးဆရာ'

'ကျွန်တော် တယ်လီဖုန်းနဲ့တောင်းပန်ဖို့ သိသိချင်း လှမ်းဆက် သေးတယ်။ ဒါပေမဲ့ သူမရှိဘူး။ အခု ကျွန်တော် စာတစ်စောင် ရေးလိုက်မယ်။ အဲဒီစာကို တစ်ယောက်ယောက် သွားပို့ပေးမှဖြစ်မယ်'

သူ့အခန်းဆီကို လှည့်ထွက်မယ်လုပ်ပြီးမှ ပြန်လှည့်ကြည့်တယ်။

'ပြောစမ်းပါဦး တယ်လီဖုန်းလက်ခံထားတဲ့ ကျေးဇူးရှင်





ဘယ်သူလဲ'

အားလုံးက ကျွန်မကိုလှမ်းကြည့်လိုက်တယ်။ ကျွန်မ အားတင်းပြီး တည်ငြိမ်တဲ့အသံနဲ့ ပြောလိုက်ရတယ်။

'သမီးပါ'

'ညည်းပဲလား'

ညည်းပဲလားဆိုတဲ့စကားသံကြောင့် ကျွန်မ အရမ်းဝမ်းနည်းပါတယ်။

'ရုံးကိစ္စဆိုတာ မှားသွားရင် ပြန်ဖျက်လို့မရဘူးအေသင်။ ရုံးလုပ်ငန်းဆိုတာ မိဘအိမ်မှာလို စိတ်ခံစားမှုနဲ့ အလာလာကို လုပ်နေတာ မဟုတ်ဘူး။ တန်ဖိုးတွေနဲ့ အလုပ်လုပ်နေတာ။ ပေါ့ပေါ့ဆဆ လုပ်လို့ မရဘူး။ ကိုယ်တစ်ယောက်ပေါ့ဆရုံနဲ့ လုပ်ငန်းကြီးတစ်ခုလုံးရဲ့ ဂုဏ်သရေထိနိုက်သွားတာ။ အခုညည်းပေါ့ဆလို့ ငါ အရှက်ကွဲရပြီ'

ဟုတ်ပါတယ်။ သမီး မေ့သွားလို့ပါ။

'ညည်း ငါ့ကို အကြောင်းမကြားရင်တောင် လူကြီးတစ်ယောက်ယောက်ကို အသိပေးခဲ့ဖို့ကောင်းတယ်'

'ဟင် သမီး ဒေါ် ဟို မမခိုင်ကို ပြောခဲ့ပါတယ်'

'အေသင် သူများကို အပြစ်မပုံချနဲ့လေ။ မမခိုင် ဘာမှမသိဘူးလေ'

'အို မမခိုင်။ သမီးပြောတယ်လေ။ သမီးမနေ့က စင်ထရယ်ကို စောစောသွားရမှာမို့ ငါးနာရီမှာ ပြန်မယ်လုပ်တော့ မမခိုင်က ဆရာ့ကို ပြောပေးမယ်ဆို'

ဒေါ်သေးမျှင်က မျက်မှောင်ကြုတ်ပြီး ခါးခါးသီးသီးငြင်းတယ်။

'အလို ဒီကလေးမ သူ့ခိုးသေဖော်ညှိနေပြန်ပြီ။ မမခိုင်ကို

www.burmeseclassic.com



ခပြာခဲ့ရင် ပန်းမြမှုန်တို့ ကြားမှာပေါ့။ ကြားကြလား'

ဘယ်လိုလုပ် ကြားမလဲ။ မှုန်နဲ့မမအေးက အဲဒီအချိန်က ဖလင်ကာလာခွဲအတွက် မြို့ထဲကို သွားနေကြတာဥစ္စာ။

'တကယ်ဆို ညည်းက အစမ်းခန့်ပဲရှိသေးတာ။ ကြိုးစားနေရမှာပေါ့။ ညည်းကို ဒီမှာ အသုံးတည့်နေအောင် ညည်းလုပ်ရမှာပေါ့။ ညည်းကြောင့် ဒုက္ခတွေရောက်နေရတယ်ဆိုရင် ညည်းကို ငါတို့က ဘယ်လို ဆက်သုံးရဲ ပါတော့မလဲ။ ဘယ်လိုတာဝန်တွေပေးရဲပါတော့မလဲ။ ညည်းအပြစ်ကို ညည်းသိရဲ့လား'

ကျွန်မ ခေါင်းပဲညိတ်လိုက်ပါတယ်။ ပါးစပ်က မလေးစားလို့ မဟုတ်ပါဘူး။ ပါးစပ်ကပြောပေမယ့် အသံကထွက်ကို ထွက်လို့မရလို့။

မေမေ သမီးကိုခွင့်လွှတ်ပါ။ သမီး မှားသွားလို့ပါ။ ကိုယ့်တာဝန်ကို ကိုယ်ပဲ ယူရတယ်။ သူများကိုအားကိုးတာ စိတ်မချရဘူးဆိုတာ သမီး ခုမှသိသွားလို့ပါ။ ခေါင်း ငုံ့ထားရင်းကနေ မျက်ရည်တွေ တားမရဆီးမရ လိမ့်ဆင်းကျလာတော့ ပိုပြီးငုံ့လိုက်ရတယ်။ ကျွန်မ မျက်ရည်တွေကို သူတို့မြင်မှာစိုးလို့။

'သမီး သမီးတောင်းပန်ပါတယ်။ သမီးကြောင့်'

ဆရာ သက်ပြင်းချပြီး ခေါင်းယမ်းလိုက်တယ်။ နောက်တော့ အခန်းထဲကို ဝင်သွားတယ်။

ကျွန်မလည်း ဘာလုပ်ရမှန်းမသိတော့တာနဲ့။ စားပွဲမှာ ပြန်ထိုင်လိုက်ရတယ်။ မထိုင်လို့မဖြစ်တော့ဘူး။ ဒူးတွေက တဆတ်ဆတ်တုန်နေပြီ။ ညွတ် နေပြီ။ မထိုင်ရင် ခွေကျသွားတော့မှာ။

မှုန်ကိုလည်း မကြည့်ရဲ။ ဒေါ်သေးမျှင်ကိုလည်း မကြည့်ရဲ။ စားပွဲပေါ်မှာရှိနေတဲ့ စာရွက်ထပ်ကိုပဲ လှန်လှောကြည့်နေမိတယ်။ ဒါပေမဲ့ မျက်လုံးထဲမှာ ဝါးပြီး ဘာမှ မမြင်ရပါဘူး။ ဒီနေ့ကျမှ တယ်လီဖုန်း





တွေကလည်း လာလိုက်တာ။ ကျွန်မ ထကိုင်မယ်လုပ်တိုင်း မှုန်က လက်ကာပြပြီး သူပဲ ထထကိုင် ဖြေပေးနေတယ်။ အော် မှုန်ရယ်။ ကျေးဇူးတင်လိုက်တာ။ ကျွန်မ သောကကို သူတတ်နိုင်သလောက် ပေါ့အောင် လုပ်ပေးနေတာ။

ထမင်းစားချိန်ရောက်တော့ ဆရာ မထွက်လာသေးလို့ အားလုံးက စားရမလို မစားရမလို။ ခါတိုင်းလို ဆရာရေ စားကြစို့လားလို့ ခေါ်ပြေပေးမယ့် မမလှသက်ဝေလည်း မျက်နှာပျက်လို့။ သူ့ စားပွဲမှာပဲ ကွန်ပျူတာရှေ့ကနေ မျက်နှာမခွာတော့ဘူး။

နေ့လည် ၁နာရီထိုးတော့မှ သူ့အခန်းထဲက စာရွက်နှစ်ရွက်ကိုင်ပြီး ထွက်လာတယ်။ ခါတိုင်းဆိုရင် တရိုက်စရာ ပြင်စရာကို ကျွန်မကိုပဲ ပေးတာ။ အခုတော့ ကျွန်မကို တစ်ချက်ကြည့်ပြီးတော့မှ ဒေါ်သေးမျှင် ဆီကို သွားပေးတယ်။

'ကဲ မခိုင်ရေ။ အဲဒါလေး နှစ်ခုကိုကြည့်လုပ်လိုက်ပါဦး။ တစ်ခုက ခင်ဗျားအနေနဲ့ စာထုတ်လိုက်။ တစ်ခုကိုတော့ ကိုယ်တိုင် လိုက်ပြီး အလုံရုံးထိအောင် သွားပေးလိုက်ပါ'

'ဟုတ်ကဲ့ဆရာ။ စိတ်ချပါ'

ဒေါ်သေးမျှင်ရဲ့မျက်နှာက ချိုမြနေတာပဲ။

'ထမင်းစားကြလေ'

အားလုံးကို ခေါ်ပြီး ဆရာက ပြောတယ်။

'ကျွန်တော်တော့ အိမ်ခဏပြန်လိုက်ဦးမယ်။ ညည်းစိစိကြီး ဖြစ်နေလို့။ အရေးကိစ္စရှိရင် ဟန်းဖုန်းဆက်လိုက်နော်'

အဲဒီနောက် ဆရာထွက်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



✉သို့-ခက်ksn@mail4U.com
မှ-ဇီဇဝါ<green@mptmail.net.mm
အကြောင်းအရာ -အလုပ်သစ်

ဆရာမ
သမီးအလုပ်သစ်ရပြီ။ ဒီနေ့ပထမဆုံးအလုပ်စဆင်းရတယ်။
အခုအလုပ်ကနေ ဆရာမဆီစာရေးနေတာပါ။
ဆရာမအိမ်ကို မနေ့က ရောက်သေးတယ်။ ဆရာမ ပြန်မရောက်သေးဘူး။
ချစ်ခင်စွာ
ဇီဇဝါ

..........................................................................................

✉သို့-ခက်ksn@mail4U.com
မှ-အောင်သင်athin@cartooners.com
အကြောင်းအရာ-အလုပ်ထွက်ခဲ့ပြီ

ဆရာမ
သမီးအလုပ်ထွက်ခဲ့ပြီ။
ညနေဆရာမဆီကို လာခဲ့ချင်တယ်။ သမီးလာခဲ့မယ်နော်။ တကယ်လို့ ဆရာမခွင့်ပေးရင် သမီး ဆရာမအိမ်မှာ ညအိပ်ပါရစေ။
လေးစားလျက်
အောင်သင်



✉သို့-ယုယ<green@mptmail.net.mm
မှ-အောင်သင် athin@cartooners.com
အကြောင်းအရာ-စာပေးပေးပါ။
(တွဲလျက် စာပါသည်။)

ယုယ
ငါ ဒီည မမခက်တို့အိမ်ကို လိုက်အိပ်မှာမို့ မေမေ့ကို စာလေး ပေးချင်တယ်။ နင်အိမ်ပြန်ရင်ပေးပေးပါနော်။ ငါအခု မေမေ့အတွက် စာကို နင့်ဆီကို တွဲပြီး ပို့ပေးလိုက်တယ်။ နင် ပုံနှိပ်ထုတ်ယူပြီး မေမေ့ကို ပေးပေးပါ။

စိတ်မှန်သော
အောင်သင်

..........................................................................................

မေမေ

သမီး ဒီညဆရာမခက်အိမ်မှာ သွားအိပ်မယ်နော်။ မနက် အဲဒီကနေ ရုံးတက်မယ်။ သမီးအတွက်စိတ်မပူပါနဲ့။

ဆရာမခက်ရဲ့လိပ်စာကို ယုယ သိတယ်။

ချစ်ခင်ရှိသေစွာ

သမီး
အောင်သင်မိုး

..........................................................................................

www.burmeseclassic.com

www.burmeseclassic.com



✉သို့-ဉာဏ်သာhnthar@eagle.com.mm
မှ-အောင်သင် athin<hami@mptmail.net.mm
အကြောင်းအရာ–နောက်ဆုံးစာ
ဉာဏ်သာ
ဒီစာဟာ ဒီလိပ်စာနဲ့ရေးတဲ့ နောက်ဆုံးစာဖြစ်လိမ့်မယ်။
နက်ဖြန်ကစပြီး ဒီလိပ်စာနဲ့ ငါ့ဆီ နင်စာရေးလို့မရတော့ဘူး။ ဘာ
ကြောင့်လဲဆိုတော့ ငါအလုပ်ထွက်လိုက်ရလို့။
အိမ်ကို မသွားနဲ့ဦး။ ငါဒီနေ့ အိမ်မှာ မအိပ်ဘူး။ နောက်ပြီး မေမေ
လဲ မသိသေးဘူး။ မေမေ့ကို မပြောရက်လို့။
တစ်ခုတော့ ငါ့ကို ကတိပေးပါ။ ဆရာ့ကို နင် ဘာမှ သွားမမေးပါ
နဲ့။ အကြုပ်ကိုင်တာတွေဘာတွေ ဘာမှမလုပ်ပါနဲ့။ အဲဒါ ငါ့သိက္ခာ
အတွက်ပါ။ နင် ကတိပေးပါနော်။
ရိုးသားသော
အောင်သင်

...........................................................................................

✉သို့–အောင်သင် athin@cartooners.com
မှ–ယုယ<green@mptmail.net.mm
ပြန်စာ–စာပေးပေးပါ။

အောင်သင်
ဆရာမအိမ်ထိ ငါလိုက်ပို့ပေးမယ်လို့ပြောဖို့ နင့်ရုံးကို ငါဖုန်းဆက်
တယ်။ နင်ပြန်သွားပြီလို့ပြောတယ်၊ နင့်ဘော့စ်က နင့်ကို ဆူတယ်လို့
နင့်သူငယ်ချင်းကပြောတယ်။ ငါ စိတ်ပူတယ်။
ယုယ





လ=လွဲချော်သွားတဲ့နာရီတွေ

လေသိပ်တိုက်တာပဲ။ မမခက်တို့အိမ်နားက ဘုန်းကြီး
ကျောင်းကနေ ပန်းနံ့တွေမွှေးနေတယ်။

ဝရံတာမီးနဲ့ မှတ်စုရေးရတာ သိပ်တော့ မကောင်းဘူး။ မှုန်
ဝါးဝါးလေးဖြစ်နေတယ်။ မီးအားက သိပ်မကောင်းဘူးလေ။ ဒါပေမဲ့
အထဲမှာ မမခက် စာတွေရေးနေတာမို့ အနှောင့်အယှက်ဖြစ်မှာစိုးလို့
အပြင်မှာပဲ ထွက်ရေးနေမိတာပါ။

မမခက်က သိပ်ကြိုးစားတာပဲ။

ဒီနေ့က ကျွန်မအတွက် ကံဆိုးလို့ဝမ်းနည်းရတဲ့နေ့ ဖြစ်ပေမဲ့
မမခက်အတွက်တော့ ကံကောင်းပြီး ဝမ်းသာရတဲ့နေ့ပါ။

မမခက် ဘန်ကောက်မှာတက္ကသိုလ်သွားတက်ဖို့ ဝင်ခွင့်ရပြီ
တဲ့။ စကောလားရှစ်ပညာသင်ဆုလည်း ရတယ်လို့ ပြောတယ်။

'ညီမတို့ကို ပမ မုန့်ကျွေးမယ်နော်' တဲ့။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ပဲ ဇီဇဝါကို ယုယတို့ဘော့စ်က
အလုပ်ခန့်လိုက်တယ်လို့ သိလိုက်ရတယ်။

သူငယ်ချင်းနှစ်ယောက်ရှိလေသည်။ တစ်ယောက်က အလုပ်
ပြုတ်သွားချိန်တွင် တခြားတစ်ယောက်က အလုပ်သစ်ခန့်ခံရလေ
သည်။

အော် လူတစ်ယောက်ကျဆုံးတဲ့အချိန်မှာ တခြားလူ တစ်
ယောက်က အောင်မြင်တာ ဒါ သဘာဝပါပဲ။

ယုယ ပြန်သွားတာကို စောင့်ကြည့်ရင်း ကျွန်မ ဝရံတာမှာ
ထိုင်နေခဲ့မိတယ်။

'နင့်အတွက် ငါ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယုယ စိတ်ပူတတ်တာ ကျွန်မသိပါတယ်။ မမခက်အခန်း အထိသူလိုက်ပို့ချင်တယ်လို့ ကျွန်မဆီ အီးမေးလ် လှမ်းပို့ခဲ့သတဲ့။ ဒါပေမဲ့ ကျွန်မက သူ့ထက်မြန်တယ်လေ။ အလုပ်မှာ ကျွန်မ မရှိတော့ဘူး။ ဒီတော့ ညနေမှာ မမခက်ဆီကို သူလိုက်လာတယ်။ ကျွန်မ တကယ် မမခက်အိပ် ရောက်မရောက် လာပြီးကြည့်တာပေါ့။

သူရောက်လာတဲ့အချိန်က ကျွန်မတို့ ထမင်းစားကြတော့ မလို့ ပန်းကန်တွေဆေးနေတုန်း။ အပြင်က ခေါင်းလောင်းကြိုးဆွဲသံကို ကြားတော့ ကျွန်မ ချက်ချင်းသိလိုက်တယ်။ ဒါ ယုယပဲလို့။ ကျွန်မ ဝရံတာကို အပြေးထွက်ကြည့်လိုက်တယ်။ အောက်ငုံ့ကြည့်လိုက်တော့ ယုယ။ မမခက်ကို ပြောတော့ မမခက်က သူကိုယ်တိုင် သော့ချပေး လိုက်တယ်။

'ဆရာမ ယုယသိလို့မဖြစ်ဘူး။ ယုယသိရင် မေမေ့ကို သွား ပြောမှာ'

'မဟုတ်သေးဘူးလေ။ ယုယကိုတော့ အသိပေးမှ ဖြစ်မှာပေါ့'

ကျွန်မတို့နှစ်ယောက် သဘောတူညီချက် မရသေးခင်မှာပဲ ယုယက အခန်းထဲကို ရောက်လာပါတယ်။

'အေသင် နင့်ကို ဆူတယ်ဆို ဘာဖြစ်ကြတာလဲ'

ယုယက ရောက်ရောက်ချင်း ကျွန်မကို အလောတကြီးမေး တယ်။ မမခက်က ကျွန်မကို လှမ်းကြည့်တယ်။ ကျွန်မ အသံမထွက် ဘဲ မမခက်ကို တောင်းပန်လိုက်ရတယ်။ ပလိစ်စ်လို့ ပါးစပ်လှုပ်ရုံ လေးပေါ့

အဲဒီတော့မှ မမခက်က ခေါင်းမသိမသာညိတ်ပြတယ်။

ယုယကို မပြောပါဘူး။

'အေးဟာ ဆူတယ်။ ဆူတော့ ငါလည်း စိတ်ညစ်တာပေါ့'



'ဘာလို့ ဆူတာလဲ'

'သူ့ဆီဖုန်းဆက်ပြီး ရက်ချိန်းပေးတာကို သတိပေးရမဲ့အချိန် မှာမပေးမိလို့ တစ်ဘက်က အစိုးရဌာနလေ။ အကြီးအကျယ်တောင်း ပန်လိုက်ရတယ်'

ယုယ စိတ်တိုသွားတယ်။ ကျွန်မကိုလဲ ပေါ့တီးပေါ့ဆနေရ ပါမလားလို့ ဆူလိုက်တာ။ သူဆူတော့မှ ကျွန်မငိုချင်လာလို့ ငိုချပစ် လိုက်တယ်။

'ငါမေ့သွားလို့ပေါ့ နင်က ငါ့ကိုချည်းပဲပြောမနေပါနဲ့ လူဆို တာ တစ်ခါတလေတော့မေ့တတ်တာပဲ'

'ဟာ အေသင် ဘယ်လိုဖြစ်တာလဲ ဒါ ငိုစရာလား။ နင်က လည်း ကလေးကျနေတာပဲ'

မမခက်က ကျွန်မနဲ့ယုယကို အနားကနေ ပြုံးကြည့်နေ တယ်။

'ဒါပေမဲ့ နင်က ဘော့စ်ရဲ့အထူးအခွင့်အရေးပေးခံရတဲ့သူပဲ။ ဆူရုံအပြင် ဘာမှ ဖြစ်မှာမဟုတ်ပါဘူး။ ငါ့လိုကောင်သာ အဲဒီလို မှားကြည့်ပါလား အခုလောက်ဆိုပြုတ်နေပြီ'

ကျွန်မ ယုယ စကားကြောင့် ရင်ထဲမှာနာကျင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)
အင်္ဂလိပ်မှ မြန်မာဘာသာသို့ စကားပြန်တစ်ဦး
ဘွဲ့ရပြီးသူ၊ အင်္ဂလိပ်အရေးအပြောကျွမ်းကျင်သူ
အသက် ၂၅နှစ်မှ ၃၀အတွင်းဖြစ်ရမည်။
အမှတ် ၃၄၀ ရွှေကြာငုံလမ်း။ မရမ်းကုန်း။

အသက်လဲမမီ။ အရည်အချင်းလဲမမီ။ ပယ်။

အတွင်းရေးမှူးအလိုရှိသည်။
အသက်၂၀မှ ၂၅အတွင်း။ဘွဲ့ရပြီးသူဖြစ်ရမည်။
လုပ်သက် အနည်းဆုံး၁နှစ်ရှိရမည်။
အမှတ်၁၁ ဇရာဝတီလမ်း စမ်းချောင်းမြို့နယ်။

အသက်လဲမမီ။ ဘွဲ့လဲမရသေး။ ပယ်။

နန္ဒဝန်တိတ်နှင့်ကွတ်ကီအရောင်းဆိုင်
ကျွမ်းကျင်မုန့်ဖုတ်သမားအလိုရှိသည်။
မုန့်လုပ်ငန်းတွင် လုပ်သက်အနည်းဆုံးသုံးနှစ်ရှိရမည်။
တစ်ကိုယ်ရေသန့်ရှင်း စနစ်ကျသူကို ဦးစားပေးမည်။
အမှတ်....အင်းယားလမ်း၊ ရန်ကုန်မြို့။

ကိတ်မုန့်မပြောနဲ့ အာလူးတောင်မီးမဖုတ်ဖူးဘူး။ ပယ်စမ်း။ ဘုရားရေ။ ငါ့အတွက် အလုပ်က ရှားလှချည်လား။



ကျွန်မ အလုပ်ထွက်လိုက်ရတာကို ဝမ်းမနည်းပါဘူး။ လုံးဝဝမ်းမနဲဘူး။

ဒီအလုပ်ကိုဆက်လုပ်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုပြန်မေးမိနေတာကြာပြီပဲ။ ဘာလို့လဲဆိုတော့ ဆရာကကျွန်မကို အရည်အချင်းဝမ်းသပ်ကြည့်ဖို့ ခန့်လိုက်တာမှမဟုတ်ဘဲ။ မမခက်နဲ့ ဆက်စပ် ပတ်သက်နေတာရိပ်မိလို့ ခန့်လိုက်တာ။ ကျွန်မက ကိုယ့်အရည်အချင်းနဲ့ ကိုယ်ရတဲ့အလုပ်မျိုးကိုပဲ ဂုဏ်ယူချင်တယ်။ ဒါကြောင့် ထွက်ရတာဝမ်းမနဲဘူး။

ဒါပေမဲ့ ဒီလိုအခြေအနေမျိုးနဲ့တော့ မထွက်ချင်ဘူး။

ဒေါ်သေးမျှင်ကိုရော ဒေါ်ညိုကိုရော မျက်နှာချပ်ပင့်ပင့်လေးနဲ့ ကျွန်မ အလုပ်ထွက်တော့မယ်လို့ ပြောပြီးထွက်ချင်တာ။ အခုလို ကျွန်မအပြစ်ကျူးလွန်မိလို့ ထုတ်ခံရတာမျိုး မဟုတ်ဘူးလေ။

ဒါပေမဲ့ ကျွန်မက မှားခဲ့ပါပြီကိုး။

ကျွန်မ မကျေနပ်တာက ဒေါ်သေးမျှင်။ ဒေါ်သေးမျှင်က ဘာဖြစ်လို့ တယ်လီဖုန်းသတင်းကို သူ့မသိလိုက်ရပါဘူးလို့ ခေါင်းရှောင်တာလဲ။

'ညီမရေ အပြောတစ်မျိုး စိတ်ထားတစ်မျိုးနဲ့ လူတွေကို ညီမအများကြီးဆက်ကြုံရဦးမှာ။ ကြိုတင်ပြင်ဆင်ထားရမှာ။ ဒီလို လူမျိုးတွေအများကြီးရှိတယ်။ ဒါ ညီမအတွက် သင်ခန်းစာပဲ'

သင်ခန်းစာကလဲ ယူရတာခဏခဏပါပဲ မမခက်ရယ်။

ဒီတစ်ခါသင်ခန်းစာကတော့ တော်တော်တန်ဖိုးကြီးကြီးပေးလိုက်ရတယ်။

မမခက်ရဲ့သတင်းစာတွေထဲက အလုပ်ခေါ်စာတွေကိုကျွန်မသဲကြီးမဲကြီး လိုက်ရှာပေမဲ့ အလုပ်က မတွေ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



✉သို့–အောင်@cartooners.com
မှ–ပန်းမြမှုန်@cartooners.com
အကြောင်းအရာ–နှင်ဘာလုပ်နေလဲ
(တွဲလျက် စာပါသည်)
အောင်

နှင်ဒီနေ့ ဘာလို့မလာတာလဲ။ ငါတို့ နှင့်ကို မျှော်နေကြတာ။ ၁၁နာရီ ထိုးတဲ့အထိပဲ။ ထမင်းစားချိန်မှာ ဆရာက နှင့်ကိုမေးနေတယ်။

'ဟိုကောင်မလေးဘာဖြစ်လို့မလာတာလဲ ခွင့်တိုင်လား' တဲ့။ ဒီနေ့ နှင်အလုပ်ဝင်တာ နှစ်လပြည့်တဲ့နေ့မို့ နှင် ပြန်လာမှာမဟုတ်တော့ဘူးလို့ ဒေါ်သေးမျှင်က ဆရာ့ကို ချွန်တွန်း လုပ်တယ်။

'ဘာလို့မလာရမှာလဲ။ မနိုင်ကို ကျွန်တော်စာထုတ်နိုင်းထားတယ်လေ။ အဲဒါ သူ့ကိုမပြလိုက်ဖူးလား'

လို့ ဆရာကမေးတယ်။ ဒေါ်သေးမျှင်က

'ဒီနေ့မှ ပေးမလို့တဲ့'

'ဘာစာလဲဆရာ' လို့ ငါတို့က ဝိုင်းမေးတော့ ဆရာက

'သတိပေးတဲ့စာတဲ့။ နှင့်ကို အလုပ်မပေါ့ဆဖို့ သတိပေးတာ' တဲ့။ (စာကို အတက်ချ်ဒ်ဖိုင်လ်နဲ့ ထည့်ပေးလိုက်တယ်။ ဖတ်ကြည့်)

အောင် နှင့်ကို အစမ်းခန့်ခန့်တယ်ဆိုတာ နာမည်သာ ရှိတာပါ။ တကယ်တော့ အတည်ခန့်လိုက်တာပါ။ ငါတို့ (မမဝေ၊ ကိုချစ်ဦး၊ မသန်းသန်းထွေး) နှင့်အတွက် စိတ်ပူနေကြတယ်။ (ဒေါ်သေးမျှင်ကတော့ နှင်မရှိလို့ တက်ကြွနေလိုက်တာ။ သူ့အသံချည်းပဲ) နှင်က သူ့ဝမ်းသာအောင် တကယ်ပဲ ပြန်မလာတော့ဘူးလား။ နှင် ဆရာ့မျက်နှာကိုပဲ ကြည့်ရမှာလေ။ ဘယ်သူ့မျက်နှာမှ ကြည့်စရာ မလိုဘူး(ဒေါ်သေးမျှင်+ဒေါ်ညို)



ငါတို့ နှင့်ဆီကို တယ်လီဖုန်း ဆက်သေးတယ်။ နှင့်အမေ လာကိုင်တယ်။ နှင့်အမေကို နှင်ဘာမှမပြောဘူးလား။ နှင့်အမေက နှင်ရုံးသွားတယ်လို့ ပြောလိုက်တော့ ငါတို့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဒီစာဖတ် ရရချင်းပြန်လာခဲ့နော်။
ချစ်တဲ့
မှုန်

.................................................................................................

**HIV/AIDS MEDIA INITIATIVE ASSOCIATION**
**No....Kabaraye Pagoda Road, Bahan, Yangon**
မအေးသင်မိုးအား သတိပေးခြင်း။

ဌာနဇာရုံးအကူ(အစမ်းခန့်ဝန်ထမ်း) မအေးသင်မိုးသည် ယနေ့နံနက်၁၀နာရီအချိန်တွင် ဒေါက်တာဟန်သာထင်လင်း တွေ့ဆုံရမည်ဖြစ်သော ချိန်းဆိုမှုတစ်ခုကို လက်ခံပြီးချိန်တွင် ကာယကံရှင်အားအသိပေးရန် ပျက်ကွက်ခဲ့သည်။ ယမန်နေ့ ညနေ၄နာရီ၁၅မိနစ်က လက်ခံသော ထိုတယ်လီဖုန်းသတင်း ကို ယနေ့နံနက်၁၁နာရီခွဲသည်အထိ အသိပေးမှုမရှိဘဲ ပေါ့ လျော့ခဲ့ခြင်းကြောင့် ဌာနအတွင်း မလိုလားအပ်သော ထိခိုက်မှု များဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် မအေးသင်မိုးအား နောင်တွင် ယခုကဲ့သို့ မဖြစ်စေရန် တင်းကျပ်စွာ သတိပေးလိုက်သည်။
တင်လေးခိုင်
ကြီးကြပ်ရေးမှူး
လူ့အရင်းအမြစ်ဌာနခွဲ
မီဒီယာအင်နီရှေးတစ်ဗ်အဆိုဆီယေးရှင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်သွားရမလား။

လောလောဆယ်တော့ မမခက်အိပ်ရာပေါ်မှာ အလျား မှောက်ပြီး သတင်းစာတွေတစ်ထပ်ကြီးနဲ့ နှပ်နေပြီတယ်လေ။

ခက်အိပ်ရာက သန့်ရှင်းပြီး သပ်ရပ်နေတာပဲ။ အဝါနုရောင် ပေါ်မှာအညိုရောင်ပန်းပွင့်ကြီးတွေနဲ့ အိပ်ရာခင်း။ မနေ့ညတုန်းက ကျွန်မ အဲဒီခုတင်ပေါ်မှာ အိပ်ခဲ့ရတယ်။ လတ်လတ်ဆတ်ဆတ် မွှေးမွှေးကြိုင် ကြိုင်။ အိပ်မက်ကောင်းကောင်းလေးတောင် မက်လိုက်သေးတယ်။

'ဒီအလုပ်က အေသင့်အတွက် လမ်းချိုးတစ်ခုပဲ။ အေသင် ပညာတွေတတ်ဖို့ ပိုနီးစပ်တဲ့လမ်းလေ။ အဲဒီလမ်းကို ညီမဆက် လျှောက်ရမှာပေါ့'

'မဟုတ်ဘူးလေ။ သမီးကို ဆရာအလုပ်ခန့်လိုက်တာကိုက မှုမမှန်တာ'

'မှုမမှန်ဘူးဆိုတာက ညီမရဲ့တစ်ဘက်သပ်အတွေးပဲ။ အမှန် က ဟန်သာက မမခက်နဲ့ညီမ မပတ်သက်လဲ ညီမကို ခန့်မယ် ဆိုတဲ့ စိတ် ရှိချင်ရှိနေမှာပေါ့'

ကျွန်မ မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်မိတယ်။

'အင် ဖြစ်နိုင်ပါ့မလား'

'တကယ်လို့ ညီမကို သူစေတနာမရှိဘူး။ မမခက်နဲ့နီးစပ် ဖို့တစ်ခုပဲ သူရည်ရွယ်တာဆိုရင် ညီမကို စကောလားရှစ်နဲ့ပညာသင်ဖို့ အားပေးအားမြှောက်လုပ်ပါ့မလား'

ကျွန်မ မမခက်ကို ဖျတ်ခနဲမော့ကြည့်လိုက်မိတယ်။

မမခက်က ဆရာ့ဘက်က လိုက်ပြောနေတယ်။ အံ့သြစရာ။

'အလုပ်ထုတ်တာမဟုတ်ဘူး။ သတိပေးစာထုတ်တယ်ဆို တာလည်း အခိုင်အမာ သိပြီးပြီပဲ။ ပြန်သွားလိုက်ပါ။ အထွေအထူး





တောင်းပန်စရာတောင် လိုမှာမဟုတ်ဘူး။ အမှန်အတိုင်းပြောလိုက် ပေါ့။ ဆရာက ကျွန်မကိုအလုပ်ဖြုတ်မယ်ထင်လို့ ကျွန်မ မလာရဲတော့ လို့။ ဘာညာ ဘာညာပေါ့ ပြောရင်းကနေ အရှိန်ရသွားမှာပါကွယ်'

ကျွန်မ ဒီအလုပ်ကို သိပ်တွယ်တာပါတယ်။ ဒါပေမဲ့ ကျွန်မ ရဲ့ မာနက တင်းခံနေတယ်။ ကျွန်မ မတောင်းပန်ချင်ဘူး။ မဟုတ် ဘူးလေ။ တောင်းပန်ချင်တာက ကိုယ်မှားသွားလို့ လူကြီးကို တောင်း ပန်ချင်တယ်။ ဒါပေမဲ့ အလုပ်ပြန်ခန့်ဖို့တော့ မတောင်းပန်ချင်ဘူး။ ကျွန်မ ဒီအလုပ်ကို ဘယ်လောက်ပဲ တွယ်တာတာ။ ကျွန်မနာကျင်နေမိတယ်။

အို စိတ်သစ်လူသစ်ဖြစ်အောင် မနက်ဖြန်ကျရင် ကျောင်းကို လည်း သွားမယ်။ မေမေ့ဆီလည်း ခဏဝင်လိုက်မယ်။ အိမ်ကိုတော့ ပြန်လို့ မဖြစ်သေးပါဘူး။ ကျွန်မ အလုပ်မဆင်းတာကို မေမေသိသွား ရင် စိတ်မကောင်းဖြစ်မိလိမ့်မယ်။ ကျွန်မအလုပ်ရမှ မေမေ့ဆီကို ပြန်မယ်။



www.burmeseclassic.com

www.burmeseclassic.com

## လ=လွှမ်းမိုးနိုင်တဲ့သူ

ဥက္ကာသာ ဥက္ကာသာ။

ဥက္ကာသာလို့ စိတ်ထဲက တိတ်တိတ်ရေရွတ်လိုက်တဲ့အခါ လက်ဖဝါးတွေ နွေးသွားသလိုလို။ သွေးတွေပဲ စီးသွားသလိုလို။

ကျွန်မလေ ဥက္ကာသာ့ကို အခုလို ချစ်သွားလိမ့်မယ်လို့ ထင်မထားခဲ့မိပါဘူး။ ဥက္ကာသာ့အပေါ် မကောင်းမြင်တဲ့သူတွေကို ကျွန်မ စိန်ခေါ်ပစ်လိုက်ချင်တယ်။

ဥက္ကာသာ ကျွန်မတို့ကျောင်းကို လိုက်လာတာ ဒါ ပထမဦးဆုံးအကြိမ်ပါပဲ။ ဥက္ကာသာက မှာ့ခ်တူးအဖြူရောင်ကို မောင်းလာတယ်။ ဘုန်းကြီးကျောင်းဝိုင်းအစပ်က ခရေပင်ကြီးအောက်မှာ ကားအဖြူရောင်ကြီးလာရပ်တော့ ကျွန်မ ကြောင်ပြီးကြည့်နေမိတယ်။ အဲဒါ ဥက္ကာသာ့ကားပဲ။ ဒါပေမဲ့ ဥက္ကာသာ့ကို ကျွန်မ ဒီဘုန်းကြီး ကျောင်းမှာ အင်္ဂလိပ်စာတက်တယ်လို့ တစ်ခါမှတောင် မပြောမိပါဘူး။ ဘယ်လိုဖြစ်ပြီး သူ ရောက်လာတာလဲ။

ကားထဲကနေ သူ ဆင်းလာတယ်။

သူ့ ဘောင်းဘီခါးပတ်မှာ ချိတ်ထားတဲ့ သော့ကွင်းလေးက ကျွန်မ လခထုတ်တဲ့နေ့တုန်းက ဝယ်ပေးလိုက်တဲ့ ကွင်းလေးပါ။ သူ့ကို အခုလို မြင်လိုက်ရတော့မှ သူ့ကို ကျွန်မ ဘယ်လောက်တောင် မျှော်လင့်လွမ်းဆွတ်နေပါတယ်ဆိုတာ သိသွားရတော့တယ်။

ကျွန်မကလေ သူ့ကို မတွေ့ရတော့ဘူးလို့ ထင်နေတာ။ အီးမေးလ်လဲ ကျွန်မ ပဖွင့်ဖြစ်ဘူးလေ။

'ဥက္ကာသာ'

ကျွန်မ ဝမ်းလဲနည်း ဝမ်းလဲသာပြီး ဘယ်လိုက ဘယ်လို





သူ့ဆီကို အပြေးသွားမိလဲ မသိပါဘူး။ အမှန်ကတော့ ကျွန်မက ပြေးပသွားဘဲ ဥက္ကာသာ့အလာကိုပဲ စောင့်ရမှာနော်။ ဒါပေမဲ့လေ။ ကျွန်မ အဲဒါတွေကို သတိမရတော့ပါဘူး။ သူတစ်ယောက်လုံးက ကျွန်မဆီကို ရောက်လာခဲ့ပြီပဲနော်။

ဥက္ကာသာကလဲ ကျွန်မဆီကို ခပ်သွက်သွက်ပြေးလျှောက်လာတယ်။

'အေသင် ကျောင်းမှ တက်ပါ့မလားလို့ စိတ်ပူလိုက်ရတာ'

'ဥက္ကာသာ ဒီမှာ တို့ကျောင်းတက်တယ်ဆိုတာ ဘယ်လိုလုပ်သိလဲဟင်'

'ကိုကိုက ပြောတာ'

'ဟင်'

'တို့က ကိုကို့ကို အေသင့်ကို ဘယ်မှာတွေ့နိုင်ပလဲလို့ မေးကြည့်တာပေါ့။ စင်ထရယ်မှာလဲ မလုပ်တော့ဘူး။ မီဒီယာမှာလဲ မလုပ်တော့ဘူးဆိုတော့ အဲဒီလိုမှ မမေးရင် ဘယ်လိုလုပ်တွေ့ရတော့မလဲ'

'အဲဒီတော့ တို့အလုပ်ထွက်တာနဲ့ ပတ်သက်ပြီးဆရာ့ကို ပြောခဲ့သေးလားဟင်'

'ပြောခဲ့တယ်'

'ဘာပြောခဲ့လဲ'

'ကိုကို အေသင့်ကို အလုပ်ပြန်ခန့်ရင်ခန့် မခန့်ရင် ဥက္ကာသာ ယူကေကို ကျောင်းသွားမတက်တော့ဘူးလို့'

'ဟင် ဘာလို့ အဲဒီလို ပြောခဲ့တာလဲ'

ကျွန်မတစ်ကိုယ်လုံး ထူပူပြီး အမ်းအမ်းကြီးဖြစ်သွားတယ်။

'အဲလို မပြောပါနဲ့လို့ ပြောထားရဲ့သားနဲ့ ဥက္ကာသာမကောင်းဘူး။ တို့ကို အရှက်ခွဲတယ်'

ကျွန်မလေ ပြောရင်းပြောရင်းကနေ ဒေါသနဲ့ ထူပူတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး မျက်ရည်တွေတွေ ကျလာမိတော့တယ်။

ဉာဏ်သာ့ကိုလည်း လက်ထဲက ဘောလ်ပင်တွေ တအုပ်တွေနဲ့ ပစ်ပေါက်ပြီး ရန်တွေ့မိတယ်။

ကျွန်မပေါက်လိုက်တဲ့တအုပ်က သူ့ရင်ဘတ်ကို မှန်သွားပါတယ်။

'အေသင် စိတ်မဆိုးနဲ့လေ'

'ဆိုးတယ် တအားဆိုးတယ်'

ဉာဏ်သာက ကျွန်မပစ်ပေါက်နေတဲ့ ပစ္စည်းတွေကို ဖမ်းဆုပ်ပြီးတော့ ကျွန်မဆီကို တိုးကပ်လာပါယ်။

'တော်တော့ မပေါက်နဲ့တော့'

ကျွန်မလက်ကို ဆွဲဖမ်းထိန်းလိုက်တော့ ကျွန်မတစ်ကိုယ်လုံး တုန်ခါသွားတော့တယ်။

'အေသင်။ ကိုကိုက အေသင့်ကို အလုပ်မထုတ်ဘူးတဲ့'

'ဟင့်အင်း မပြောနဲ့ တို့က အကြပ်ကိုင်လို့အလုပ်ပြန်ခန့်တာကို မလိုချင်ဘူး'

'အေသင် နားထောင်ဦး ကိုကိုက အေသင့်ကို အလုပ်ထုတ်ပစ်ဖို့ အစီအစဉ်ကို မရှိဘူးတဲ့။ အေသင် မသိဘူးလား။ ဘာတွေ ဖွတ်နာနေတာလဲ'

'နာတာပေါ့'

ကျွန်မက ကျွန်မအလုပ်ပြုတ်ရတာ ဆိုးရွားလှပြီလို့ ထင်နေခဲ့တာ။ ဘယ်ဟုတ်ပလဲ။

'အေသင်'

အဲဒီအသံကို ကြားလိုက်ရတော့မှပဲ သွားပြီလို့ သိလိုက်ရတော့တယ်။

အဲဒါ ယုယ အသံလေ။





ကျွန်မနဲ့ ဉာဏ်သာနဲ့ ပူးပူးကပ်ကပ် ဆွဲလားရုန်းလားဖြစ်နေတာကို ယုယက ဘယ်ကနေမြင်သွားလဲ မသိဘူး။ ကျွန်မတို့ဆီကို ဒေါသတကြီးရောက်လာတော့တာပဲ။ သူ့မျက်နှာက နဂိုကမှ ခပ်ညိုညို အသားဟာ ဒေါသနဲ့မကျေနပ်တာပေါင်းပြီး မှောင်မဲနေတာပဲ။

'အေသင် နင်ဘယ်လိုဖြစ်နေလဲ။ ဒါ ဘုန်းကြီးကျောင်းလေ။ ကာရာအိုကေခန်းမှတ်နေလား။ အိမ်ရွှေလေးဘာလေးထိန်းဦးမှပေါ့'

ယုယရဲ့ စကားက ရိုင်းပျစော်ကားလွန်းလို့ ကျွန်မကြောင်အသွားပါတယ်။ ကြည့်စမ်း ကျွန်မကို သူ ဘာဖြစ်လို့ မညှာတာရတာလဲ။ ပက်ပက်စက်စက် ပြောရက်လိုက်တာ။

ကျွန်မက ဝမ်းနည်းတယ်။ ဉာဏ်သာကတော့ ဒေါသထွက်တာပေါ့။

'မင်းက ဘယ်ကကောင်လဲ။ ဘာဆိုင်လို့ စော်ကားယော်ကားပြောချင်ရတာလဲ'

ဉာဏ်သာက ယုယကို ပိုက်ကြည့်ကြည့်ရင်း စိန်ခေါ်တယ်။ အို ဘုရားရေ။ ဒီကောင်လေးတွေရန်ဖြစ်ရင်တော့ ကျွန်မ အရှက်ကွဲရတော့မှာပဲ။

'ငါက ဒီကျောင်းကကျောင်းသားပေါ့ကွ။ တို့ဆီလာပြီး တို့ကျောင်းသူကိုစော်ကားတာက မင်း။ မင်း ဘယ်လောက်မိုက်လဲ။ သတ္တိရှိရင် တစ်ယောက်ချင်းချမယ်'

'ယုယ တော်ပြီ အေးအေးဆေးဆေးပြောပါ ယုယရယ်'

'မအေးဆေးနိုင်ဘူး။ ဘုန်းကြီးကျောင်းကိုလာပြီး ဆွဲလားရမ်းလားလုပ်တာ။ အဲဒါ ဘုန်းကြီးကိုလည်း စော်ကားတာ။ ငါတို့ကိုလည်း စော်ကားတာ။ ယောကောင် မင်း အခုချက်ချင်းထွက်သွား'

ဉာဏ်သာ့မျက်နှာပြူပြူဝါဝါဟာ ချက်ချင်းကို ရဲတွတ်သွားတာပဲ။ ကျွန်မလေ သူ့ကို အားနာလိုက်တာ မပြောပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ တော်တော်နဲ့စကားမပြောနိုင်ဘူး။ ဆွံ့အပြီး ကြောင်နေတာ။ တော်တော်လေးကြာမှ ကျွန်မကို လှည့်ကြည့်တယ်။

'အေသင် တို့နဲ့လိုက်ခဲ့။ အေးအေးဆေးဆေး တစ်နေရာမှာ သွားစကားပြောရအောင်'

ဉာဏ်သာက ကားဆီကိုလျှောက်သွားဖို့ ဟန်ပြင်ရင်း ကျွန်မကို ခေါ်တယ်။

ကျွန်မ လိုက်သွားဖို့ ဖြစ်နိုင်ပါ့မလား။ ကျောင်းသူကျောင်းသားတွေအများကြီးက ကျွန်မတို့ကို လှမ်းကြည့်နေကြတာ။ ဒါပေမဲ့ လိုက်မသွားရင်လဲ ဉာဏ်သာ အရှက်ရမယ်။ ကျွန်မ ဘာလုပ်ရပါ့မလဲလို့ ဝေခွဲစားနေမိတယ်။ လိုက်သွားခဲ့ရင် ယုယက ကျွန်မကို စိတ်ဆိုးမယ်။ သူ့ စိတ်ဆိုးဟန်ဆိုးနဲ့ ဘာလုပ်မလဲဆိုတာ ကျွန်မ မခန့်မှန်းနိုင်ဘူး။

အို သူစိတ်ဆိုးလဲ ကျွန်မ မတတ်နိုင်ဘူးလေ။ ကျွန်မတကယ် ဂရုစိုက်ရမှာက ဉာဏ်သာပဲမဟုတ်လား။ ယုယက အိမ်ရှင် ဉာဏ်သာက ဧည့်သည်လေ။

'အေသင် လာလေ'

ကျွန်မ စိတ်ကို ဆုံးဖြတ်လိုက်တယ်။

ကျွန်မ ဉာဏ်သာ့နောက်ကနေ ခြေတစ်လှမ်းချင်းလှမ်းပြီး လိုက်သွားမိတယ်။

ယုယကို လှည့်မကြည့်ဘဲနဲ့ပေါ့။ စိတ်ထဲကတော့ ယုယ ဘာလုပ်လိုက်မလဲ တထိတ်ထိတ်နဲ့။

ယုယအသက်ရှူသံပြင်းပြင်းကို ကျွန်မကြားရတယ်။ ဒါပေမဲ့ ဘာမှ မပြောဘူး။ ကျွန်မသိတယ်။ မီးတောက်မတတ်မျက်လုံးတွေနဲ့ ကျွန်မကို စိုက်ကြည့်နေခဲ့ပါလိမ့်မယ်။ သူ့မျက်လုံးရဲ့ အပူငွေ့တွေက ကျွန်မကိုတောင် မီးဟပ်လိုက်သလိုပဲ။ သူ့အနားကနေ ဖြတ်လာရ



တာ ပူနွေးနေသလိုလို။

ဉာဏ်သာ့ကားပေါ်ကို ကျွန်မတက်လိုက်တော့ အားလုံးက ကျွန်မကိုပဲ ဝိုင်းကြည့်နေကြတယ်လို့ ကျွန်မ ခံစားလိုက်ရပါတယ်။ မကြည့်နဲ့ ပြန်မကြည့်နဲ့။ ကျွန်မက ဉာဏ်သာ့ကို ချစ်တယ်လေ။ ဉာဏ်သာ့မျက်နှာတစ်ခုတည်းကိုပဲ ကျွန်မ ကြည့်ရမှာပေါ့။

ဘာပဲဖြစ်ဖြစ် ဉာဏ်သာစက်နှိုးပြီး ကားမောင်းထွက်လိုက်တဲ့ အချိန်မှာ ကျွန်မကိုလှမ်းကြည့်နေတယ်လို့ခံစားရတဲ့ အစုံပေါင်းများစွာသော မျက်လုံးတွေရဲ့ဒဏ်ကနေ လွတ်လာလို့ စိတ်ပေါ့ပါးသွားပြီး မျှင်းမျှင်းလေး ရှူရှိုက်ထားမိတဲ့အသက်ကို အားရပါးရ ရှူလိုက်မိပါတယ်။

'အေသင် အဲဒီကောင်က ဟိုတစ်ခါအေသင်နဲ့ အင်တာနက်ကဖေးမှာပါလာတဲ့ကောင်မဟုတ်လား'

ဉာဏ်သာက ၊ ခပ်မာမာမေးတယ်။

ကျွန်မ မဖြေနိုင်လို့ ခေါင်းပဲညိတ်လိုက်တယ်။

'ဒီကောင်က အေသင့်ကို ပိုင်စိုးပိုင်နင်းနဲ့နော်'

ကျွန်မ ယုယရဲ့မျက်လုံးတွေကို ပြန်မြင်ယောင်မိလို့ ပခုံးကျုံ့သွားမိပါတယ်။

'အဲဒီလိုတော့ မဟုတ်ပါဘူးဉာဏ်သာရယ်'

ဒါပေမဲ့ ဒါ့အပြင်လဲ ဘာထပ်ပြောရမှန်းမသိတော့ဘူး။

ခဏနေတော့ ဉာဏ်သာက ဟစ်ပေါ့ပ်သီချင်းတစ်ပုဒ်ကို ဖွင့်လိုက်တယ်။

'တုံးအတဲ့ငနဲကြီးမှာ နှလုံးသားကကွဲ'တဲ့။

'အေသင် မနက်ဖြန်ကျရင် ကိုကိုတို့ရုံးကို ပြန်သွားလိုက်နော်'

'မသွားပါဘူး။ ဉာဏ်သာ ဉာဏ်နီဉာဏ်နက်တွေမသုံးနဲ့နော်။

www.burmeseclassic.com

www.burmeseclassic.com

မသွားဘူးဆို မသွားဘူး။ လုံးဝကို မသွားဘူး'

'ဘာဖြစ်လို့လဲ။ ကိုကိုက အလုပ်မပြုတ်ပါဘူးလို့ ပြောနေတာကို။ တို့လိုက်ပို့ပယ်လေဟာ'

'ဟင့်အင်း'

'ရုံးကိုမသွားချင်ရင် အိမ်ကိုသွားမလား။ အခု အိပ်လိုက်ခဲ့'

'နိုး'

'ဒါပေမဲ့ အေသင့်ကို အလုပ်ပထွက်စေချင်ဘူး'

'တို့ကလဲ ပထွက်ချင်ပါဘူး ဉာဏ်သာ'

ဒီတစ်ခါတော့ ကျွန်မအမှန်အတိုင်းပြောလိုက်မိတယ်။

'မထွက်ချင်ရင်သွားလိုက်ပါ အေသင်ရယ်။ တာကယ် တို့လိုက်ပို့ပေးပယ်နော်။ အေသင်က လိမ္မာပါတယ် ဟာနဲ့ဆိုတာ မထားကောင်းဘူးတဲ့ ကဲ အခုဘယ်ကိုသွားမလဲ။'

'ပပခက်ဆီကို'

'ဟင် အိပ်မပြန်ဘူးလား'

'ပပြန်သေးဘူး။ မေမေက တို့ အလုပ်ပြုတ်တာ ပသိသေးဘူးလေ။ နေ့တိုင်း အလုပ်မသွားရင် မေပေသိသွားမှာပေါ့'

'ယောဗျာ။ အလုပ်ပြန်ဝင်ပေါ့'

'ဉာဏ်သာမသိပါဘူး'

'တို့သိပါတယ်'





ဝ=ဝေဒနာဆိုတာ ဘယ်တော့မှကွယ်ပျောက်မသွားဘူး။

အပြန်မှာ ဉာဏ်သာက ကျွန်မကို ခက်အိပ်အထိ ပို့ပေးတယ်။ ခက်က ကျွန်မကို သော့တစ်စုံပေးထားတယ်လေ။ ဉာဏ်သာက ကျွန်မကို ပို့ပေးပြီးတော့ ခက်အခန်းအထိ လိုက်လာတယ်။ ကျွန်မ ဘယ်လိုနေရာမျိုးမှာ တိတ်တိတ်လေးပုန်းနေတယ်ဆိုတာ သူသိချင်လို့တဲ့။

ကျွန်ပလည်း ခေါ်သွားလိုက်ပါတယ်။ အခန်းမှာ ခက်မှ ပရှိဘဲ။

ဉာဏ်သာက ခက်အခန်းကို ဟိုဟိုသည်သည် လျှောက်ကြည့်တယ်။ ပြီးတော့ ကျဉ်းကျဉ်းလေးနော် တဲ့။ အို သူတို့အိမ်လိုတော့ ဘယ်ကျယ်ပါ့မလဲ။

ကော်ဖီသောက်ချင်တယ်ဆိုလို့ ကျွန်မ သူ့ကို ကော်ဖီ ဖျော်တိုက်လိုက်တယ်။ ခက်က ကော်ဖီမစ်မသောက်ဘူး။ ဗဟာ ကော်ဖီမှုန့်ကို နှပ်ပြီးဖျော်တဲ့ ကော်ဖီကိုပဲသောက်တာမို့ နှပ်ပေးရတာပေါ့။

ကော်ဖီဖျော်ပြီးတော့ ဝရံတာမှာထွက်ပြီး ကျွန်မတို့ နှစ်ယောက် ကော်ဖီသောက်ကြတယ်။ ပန်းနံ့မွှေးမွှေးလေးကို ဉာဏ်သာ့ကို မွှေးစေချင်လို့ ပါ။ ဒါပေမဲ့ ဉာဏ်သာက ဝရံတာမှာ ခဏပဲနေတယ်။ လူတွေက လှမ်းလှမ်း ကြည့်တာကို သူမကြိုက်ဘူး။ ကျွန်မတို့ အထဲပြန်ဝင်လာရတယ်။

ကျွန်မတို့နှစ်ယောက် ခက်ရဲ့ တအုပ်စင်ကို စပ်စုကြတယ်။ ဉာဏ်သာက စတာပါ။ အခန်းကျဉ်းကျဉ်းလေးမှာ တအုပ်စင်တွေက အမြင့်ကြီး တွေမို့ သူအံ့ဩလို့လေ။ ဒါနဲ့ ကျွန်မတို့နှစ်ယောက် တအုပ်တွေကြည့်ကြတယ်။ ဉာဏ်သာနဲ့ ကျွန်ပနဲ့ ကပ်ကပ်လေးရပ်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတစ်မျိုးကြီးပဲ။ ကြောက်တော့မကြောက်ပါဘူး။ ဒါပေမဲ့ စိတ်ကျဉ်းကျပ်သလိုလို။

ခက်ရဲ့စာအုပ်စင်မှာ အင်္ဂလိပ်စာအုပ်တွေရော မြန်မာ စာအုပ်တွေရော အများကြီး။ ဝတ္ထုတော့ သိပ်မတွေ့ဘူး။

'မိန်းမတွေအကြောင်းစာအုပ်တွေဟ။ အမျိုးသမီး အခွင့် အရေးတဲ့။ ဒါက အကြမ်းဖက်မှုကို ခုခံသောမိန်းမများ တဲ့။ ဟား အတွင်းခန်းသို့ စိန်ခေါ်မှုများ တဲ့။

'ဉာဏ်သာ သူ့နေရာနဲ့သူ ပြန်ထားနော်'

ကျွန်မ ပြောလိုက်သေးတယ်။

'အေးပါ' တဲ့။

ကျွန်မတို့ နေရာတကျပြန်ထားတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ညနေ ခက်ပြန်လာတဲ့အခါကျတော့ ကျွန်မကို ခက်က ထမင်းစားရင်းမေးတော့တာပါပဲ။

'အေသင် ဒီအခန်းကို ဘယ်သူလာသွားသေးလဲ'

ကျွန်မရင်ထဲမှာ ဒိန်းခနဲခုန်သွားတယ်'

ကျွန်မ မညာတတ်ပါဘူး။

'ဟို သမီးကို ရုံးကအပြန်မှာ ဉာဏ်သာလိုက်ပို့တာလေ။ အဲဒါ ဉာဏ်သာ ခဏဝင်လာပါတယ်'

ခက်မျက်လုံးတွေ ရူးခနဲလက်သွားတယ်။

'ဉာဏ်သာ။ မင်း ဉာဏ်သာ့ကို ဒီအခန်းကို ခေါ်လာတယ်'

ခက်ရဲ့ အေးစက်စက်ဟကျောကျောအသံကြောင့် ကျွန်မ လန့်သွားတယ်။ ဟုတ်ကဲ့လို့ ဖြေလိုက်ပေမယ့် အသံက မထွက်တော့ဘူး။ တိမ်တိမ်လေးနဲ့အစ်သွားတယ်။

'သူတစ်ယောက်တည်းလား'





ခက်က ကျွန်မကို ရူးရူးစိုက်စိုက်ကြည့်နေလို့ ကျွန်မ မနေတတ်ဘူး။

'ဟုတ်ကဲ့'

'အေသင့်ကို မပ နှစ်ချက် ပြောပယ်။ တစ် အေသင်က မိန်းကလေး။ ယောကျ်ားလေးတစ်ယောက်ကို ကိုယ်တစ်ယောက်တည်းရှိတဲ့အခန်းထဲကို ဘယ်တော့မှ မခေါ်နဲ့။ တစ်ယောက်တည်းလည်း မခေါ်နဲ့။ အဖော်ယောကျ်ားလေးပါလာရင်လည်း မခေါ်နဲ့။ တကယ်တန်းဖြစ်ကြတဲ့အခါ မိန်းမတွေက အကြောင်းကြောင်းနဲ့ ခံလိုက်ရတာချည်းပဲ။ သူတို့မြူဆွယ်တာကို စိတ်ပါလို့ပဲဖြစ်ဖြစ် စိတ်မပါပေမယ့် အကြပ်းပတမ်းလုပ်ခံရလို့ဖြစ်ဖြစ်'

ကျွန်မ မျက်နှာတွေပူလိုက်တာ။

'ဉာဏ်သာက အဲဒီလိုယောကျ်ားလေးမဟုတ်ပါဘူး'

'အေသင် ယောကျ်ားတွေမှန်သမျှက အဲဒီဘက်မှာ ပိုတင်ရှယ်လ်ရှိတဲ့သူတွေချည်းပဲ ဒီတစ်ခါ သူထိန်းမယ်။ နောက်တစ်ခါ သူထိန်းမယ်။ တတိယတစ်ခါမှာ ထိန်းချင်မှထိန်းမယ်'

ကျွန်မသောက်လိုက်တဲ့ဘူးသီးဟင်းရည်က လည်ချောင်းထဲမှာ နင်ဆို့ သွားတယ်။ ခက်လည်း စားလက်စထမင်းလုပ်ကို ပြန်ချထားတယ်။

'ထိန်းချုပ်တဲ့ကိစ္စမှာ သူတို့ကိုပုံချမထားနဲ့ ကိုယ့်ဘက်က လုံအောင် ကိုယ်တတ်နိုင်သမျှထိန်းပါ'

မေမေလည်း ဒီစကားမျိုးတွေ ခဏခဏ ပြောတတ်ပါတယ်။ ဒါပေမဲ့ မေမေပြောတာက ခံရသက်သာတယ်။ ခက်ပြောပုံက ခံရ မသက်သာဘူး။ တစ်မျိုးကြီးပါပဲ။

'အိုကေ။ ဒုတိယတစ်ချက်ပြောပယ်။ မမက အေသင့်ကို ယုံကြည်စိတ်ချလို့ အခန်းသော့တူတစ်စုံပေးထားခဲ့တာ၊ အဲဒီ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



မှုကို အေသင်က အလွဲသုံးစားလုပ်တယ်။ အေသင်က မမခွင့်ပြုချက်မရဘဲ အေသင့်အဖော် ယောကျ်ားတစ်ယောက်ကို အိပ်ယာပေါ် ခေါ်တင်တယ်'

ဘုရား ဘုရား။ ပမခက် ဘယ်လိုရှုပ်ထွေးလိုက်ပါလိမ့်။ ကျွန်မလုပ်ပိတာ အဲလောက်အပြစ်ကြီးနေသလား။ ယောကျ်ားတစ်ယောက်ကို အိပ်ယာပေါ်ခေါ်တင်တယ်တဲ့။ သေသာ သေလိုက်ချင်တော့တာပဲ။

'ဆရာပ သမီးတို့မှာ ဘာအကြံအစည်မှမရှိဘူး။ ရိုးရိုး သားသား'

ကျွန်ပအသံတွေ တုန်သွားတယ်။ မမခက်က ခေါင်းယမ်းတယ်။

'ဟုတ်ပြီလေ။ ပိန်းကလေးနဲ့ယောကျ်ားလေး အကြံအစည်မရှိလည်း လူကွယ်ရာမှာ အတူမနီးဝပ်သင့်ဘူး။ ညီပတို့ လဘက်ရည်ဆိုင်မှာတွေ့လို့ရတယ်။ အအေးဆိုင်မှာတွေ့လို့ရတယ်။ ဒီလို နှစ်ယောက်တည်းတော့ ပတွေ့သင့်ဘူး'

ကျွန်မကို တစ်ခါမှ ဒီလို အရှုပ်ထွေးမခံရဖူးပါဘူး။ ကျွန်မ မျက်ရည် တွေရစ်ဝဲလျှံတက်လာတယ်။ တဖြည်းဖြည်းနဲ့ မျက်ရည်က ပိုပိုများလာတယ်။ ကျွန်မ မျက်တောင်ပုတ်ခပ်ပုတ်ခပ်လုပ်ပေမယ့် မရဘူး။ မျက်လုံးထဲကနေ လျှံကျစီးလာတော့တယ်။

ကျွန်မမျက်ရည်တွေကို ပပခက် ပမြင်အောင်လို့ ခေါင်းငုံ့ထားလိုက်တယ်။

ကျွန်မတို့နှစ်ယောက်ရဲ့ ထမင်းစားပွဲဝိုင်းလေးက ချက်ချင်းပဲ တိတ်ဆိတ်သွားတော့တယ်။ ဘယ်သူမှ ဟင်းချိုပန်းကန်ကို ဆက်မစားဘူး။ မီးဖိုခန်းက ခန်းဆီးက လေတိုက်လို့ တဖျတ်ဖျတ် လွင့်နေတဲ့အသံရယ်။ ရေချိုးခန်းရေကန်အထက်က ရေပိုက်ခေါင်း သိပ်မလုံလို့ ရေတစ်စက်တစ်စက် ကျနေတဲ့အသံရယ်ပဲ ကြားနေရတယ်။





နေရတာ စိတ်ကျဉ်းကျပ်တာနဲ့ ထပြီး ပန်းကန်ဆေးတော့မယ် ပြင်တုန်းမှာ ခက်က စကားပြောတယ်။

'ညီမကို ပမက ကိုယ့်ညီမအရင်းလိုပဲ အတူတူစေတနာထားတယ်။ ဒါကြောင့်လည်း ဒီလိုပြောနေရတာ။ မမှားစေချင်ဘူးလေ။ မှားပြီးရင်အဲဒီ အမှားက ဘဝတစ်ခုလုံးမှာ အရိပ်မဲကြီးအဖြစ် လိုက်ပါနေတော့မှာ။ တခြားပကြည့်နဲ့ မပကိုပဲကြည့်'

ခက်က မီးဖိုပေါ်က ရေနွေးကရားကို လှမ်းငေးနေတယ်။ ရေနွေးတွေက ပွက်ပွက်ဆူနေပြီ။ ကရားအဖုံးတောင် ဂလပ် ဂလပ် နဲ့ ကြွတက်တက်လာတယ်။ ဒါပေမဲ့ ခက်က မမြင်သလိုပဲ။

'ဆရာမ သပီး ရေနွေးကြမ်းထည့်လိုက်မယ်နော်'

ခက်က ယောင်တောင်ပေါင်တောင်ပုံစံမျိုးနဲ့ ခေါင်းညိတ်တယ်။

ကျွန်မ ရေနွေးအိုးထဲကနေ ဓါတ်ဘူးထဲထည့်နေတဲ့အချိန်မှာ ပမခက်က တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေတယ်။ ပပခက် ရဲ့မျက်နှာက နွမ်းနေလိုက်တာ။ ကျွန်မလေ စောစောကဒေါသတွေ အရှက်တွေ လွင့်စင်သွားပြီး ပမခက်ကို သနားလာမိတယ်။

'မှားသွားတဲ့အခါကျတော့ အရှက်အကွဲ ပူပြင်းလောင်မြိုက်ရတာ ကြောက်စရာကောင်းလောက်အောင်ပါပဲ အေသင်။ ဒါမျိုးအပြစ်ကို ညီမကို မကြုံစေချင်ဘူး။ ရှုံးသွားလောက်တဲ့ ဝေဒနာတွေပါ'

မမခက်က ကျွန်မကို ပြောပြီးတော့ မျက်ရည်တွေကျလာတယ်။ အို ဆရာပရယ်။ ပငိုပါနဲ့။

မမခက်ရဲ့မျက်ရည်တွေကို အသာသုတ်ပေးရင်း ကျွန်မပါ ရောငိုလိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၀=ဝေးဝေးလွင့်ချင်တယ်။

ဒီကနေ့ ဉာဏ်သာနဲ့အတူ မီဒီယာအင်နီရှေးတစ်ဗ်ကိုသွားဖို့ ချိန်းထားတာမို့ ဉာဏ်သာ အစောကြီး ခေါင်းလောင်းကြိုးလာဆွဲတယ်။ ခေါင်းလောင်းသံကြားတာနဲ့ ကျွန်မမှာ ကမန်းကတန်း ပြေးထွက်ကြည့်ရတယ်။ သူ့ကို မြင်တော့ အောက်ဆင်းခဲ့မယ်။ တက်မလာနဲ့ ဆိုတဲ့ လက်ဟန်ခြေဟန်ပြရတယ်။ သူက နားလည်သွားပြီး အောက်မှာပဲ ရပ်နေတယ်။

ပပခက်က ကျွန်မဆီက သော့ပြန်သိပ်းထားလိုက်ပြီ။ ဒီနေ့ ညနေ ကျွန်မစောပြီးရောက်ခဲ့ရင်လဲ လှေကားထိပ်မှာ ထိုင်နေရုံကလွဲလို့ တခြားမရှိ။

'မမခက် သပီး သွားတော့မယ်။ ဆရာ့ဆီသွားပလို့'

'အေး အေး ပြေပြေပြစ်ပြစ်ပြောနော်'

ဆရာ့ဆီကို ကျွန်မ တောင်းပန်ဖို့ သွားတော့မယ်ဆိုတာ ပမခက် သိတယ်။ ကျွန်မက ပြေပြေပြစ်ပြစ်ပြောဖို့ စဉ်းစားထားပြီးမှ သွားခဲ့တာပါ။ ဒါပေမဲ့ ရုံးရောက်တဲ့အခါကျတော့ ပြေပြေပြစ်ပြစ်ပြောလို့ မရတော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ရဲ့မတော်ရသေးတဲ့ ဇနီးလောင်း ဒေါ်ညိုက ရောက်နှင့်နေလို့ပါပဲ။

ရုံးထဲအဝင် အောက်ဘက်ကားရပ်စခန်းမှာကတည်းက ဒေါ်ညိုရဲ့ကားကို တွေ့တော့ ကျွန်မ ထင့်ခနဲဖြစ်သွားတာ။

ဟင် အစောကြီးရှိသေးတယ်။ ဒီမိန်းမက ရောက်နေပြီ။

ဉာဏ်သာကလဲ ဒေါ်ညို့ကားကိုတွေ့တော့ လေချွန်လိုက်တယ်။





ဒါပေမဲ့ ဆရာ့ကားကို ကျွန်မ မမြင်ဘူး။

'သေချာပြီ။ ဒါဆို ကိုကို့ကားမပါဘူး။ ဒေါ်ညိုလာခေါ်ပေးတာဖြစ်မယ်။ ညတုန်းက ကိုကို့ကား လမ်းမှာစက်ရပ်သွားတယ် ဆိုလား ဘာလား'

တကယ်တော့ ဆရာမရှိနေဘူး။ ဒေါ်ညိုနဲ့ဒေါ်သေးမျှင်ပဲရှိနေတာ။

ကျွန်မကိုမြင်လိုက်တော့ မှုန်တို့က ဝမ်းသာအားရပြေးထွက်လာပြီးတော့မှ အိုးတိုးအပ်းတမ်းဖြစ်သွားတဲ့ပုံစံနဲ့ အရှိန်သတ်လိုက်ကြတယ်။ ကျွန်မကို ကြည့်တဲ့ မျက်လုံးတွေမှာ သနားသလိုလို ဘာလိုလို ဘာအရိပ်အယောင်လဲမသိ။

'ဟယ် အေသင် လှလို့ချောလို့ပါလား။ လာလာ ဘာအကြောင်းထူးရှိလဲ'

ဒေါ်သေးမျှင်ရဲ့နှုတ်ခွန်းဆက်စကားက အခြေအနေ မကောင်းဘူး။ တစ်ခုခုတော့ အကြီးအကျယ်မှားနေပြီ။ ကျွန်မ သိတယ်။

'ကိုကိုရော'

ဉာဏ်သာက ဒေါ်သေးမျှင်ကို မေးတယ်။

ကျွန်မနဲ့ဉာဏ်သာနဲ့ ဆရာ့အခန်းနားမှာ ပတ်တတ်ရပ်ရင်း ဆရာ့ကို ရှာတဲ့အကြည့်နဲ့ကြည့်နေတုန်းမှာ ဒေါ်ညိုက ရောက်လာတယ်။ အနီရဲရဲတောက်တောက်အထက်အောက် ဆင်တူနဲ့။ မျက်စိကို စူးနေတာပဲ။

'မင်းအစ်ကို ညှော်ခံပွဲတစ်ခုကိုသွားတယ်'

ဒေါ်ညိုက ဉာဏ်သာ့ကို ဖြေရင်း ကျွန်မကိုခြေဆုံးခေါင်းဆုံး ကြည့်တယ်လေ။

'အို ဘယ်သူများလဲလို့ ကလေးမပါလား။ မင်းနာမည် ဘယ်သူ'



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။ ရုပ်ကိုက အထက်ဆီးက အပြုံးမျိုးနဲ့။

ကျွန်မ မကြားချင်ယောင်ဆောင်ပြီး မှုန့်ဆီကို လျှောက်သွားလိုက်တယ်။

'မှုန် ဘယ်လိုလဲ အခြေအနေတွေ ဘာထူးခြားလဲ'

'အား မကောင်းဘူး အေသင်။ မကောင်းဘူး'

ဘာမကောင်းတာလဲ လို့ မေးပယ်လုပ်တုန်းမှာ မမေးလိုက်ရဘဲနဲ့ သိသွားပါတယ်။ အဲဒါကတော့ ကျွန်မတို့နောက်ကနေ မိန်းကလေးနှစ်ယောက် တွန့်တွန့်ဆုတ်ဆုတ်ဟန်နဲ့ ဝင်လာရင်း ပြောလိုက်တဲ့ စကားကြောင့်ပါပဲ။

'အင်တာဗျူးဖြေဖို့လာတာပါရှင်' တဲ့။

ကျွန်မရင်ထဲမှာ မီးစတစ်ခုနဲ့ထိုးခံလိုက်ရသလိုပဲ။ ပူလောင်သွားတယ်။

တကယ်တော့ ကျွန်မ မလာတော့ဘူးလို့ပါ။ ဒါပေမဲ့ ဉာဏ်သာရော မပခက်ရောက တိုက်တွန်းနေတာကြောင့် နောက်ပြီး ဆရာက ကျွန်မကို ဆက်ခန့်မယ်ဆိုတာ အထင်အရှားသေချာနေတာကြောင့် မလာရင် လူကြီးကို စော်ကားရာကျမှာစိုးတာနဲ့ လာခဲ့တာပါ။ အခုလို ကျွန်မနေရာမှာ အစားထိုးဖို့ အင်တာဗျူးခေါ်ထားတယ်ဆိုတာ သိခဲ့ရင် ကျွန်မ ဘယ်လာပါ့မလဲ။

'အေး အေး ဟောဟို အခန်းရှေ့က ခုံတွေမှာ ထိုင်စောင့်ပါ။ ကိုးနာရီခွဲရင် ဆရာရောက်လာလိမ့်မယ်'

ကျွန်မနဲ့ ဉာဏ်သာနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြတယ်။

ကျွန်မက ပြန်ထွက်ချင်နေပြီ။ ဒါနဲ့ ပါးစပ်လှုပ်ရုံ သွားစို့လို့ ပြောလိုက်တယ်။ သူက ပြုံးပြီးခေါင်းယမ်းပါတယ်။

ထုံးစံအတိုင်း နိုး တဲ့။





ကျွန်မ ဘယ့်နှယ်လုပ်မလဲ သူ့ကို စောင့်ရတော့မှာပေါ့။

'ဉာဏ်သာ ဝိရိယကောင်းလှချည်လား ဒီလာတာ ဘာကိစ္စလဲ။'

ဒေါ်ညိုက မေးတယ်။ ဉာဏ်သာက ကိုကိုနဲ့တွေ့ဖို့ပေါ့ လို့ ဖြေပါတယ်။

ဉာဏ်သာက ဆရာ့အခန်းထဲကို ဇွတ်ဆို ဝင်သွားမယ်လုပ်တော့ ဒေါ်သေးမျှင်က တားတယ်။

'မောင်လေး ဆရာက သူမရှိတုန်း သူ့အခန်းထဲကို ဘယ်သူမှဝင်တာ မကြိုက်ဘူးလေ။ မဝင်နဲ့'

ဟုတ်တယ်။ အဲဒါတော့ အမှန်ပဲ။ ဒါပေမဲ့ ဆရာ့ညီကတော့ ချွင်းချက်ဖြစ်သင့်တာပေါ့နော်။

ဉာဏ်သာက အောင့်သက်သက်ဖြစ်သွားပုံပဲ။

'ဒါပေမဲ့ ကျွန်တော်ကတော့ ဝင်မှာပဲ'

ဟော်တော် ဘယ့်နှယ်လုပ်ရပါ့။ ကျွန်မ ဉာဏ်သာ့ကို တားဖို့ ပြင်လိုက်တဲ့အချိန်မှာပဲ ရုံးရှေ့မျက်နှာစာ ဝင်ပေါက်ဆီမှာ အရိပ်တစ်ရိပ် မြင်လိုက်ရတယ်။ ဆရာနဲ့တူတယ်လို့ ကျွန်မ လှည့်အကြည့်မှာ ကျွန်မမြင်လိုက်ရတဲ့မျက်နှာက ဒီမှာတွေ့လိမ့်မယ်လို့ ဘယ်လိုမှ ထင်မထားတဲ့ မျက်နှာတစ်ခု။

ဟင်။

ဉာဏ်သာ့ရဲ့ အိစီကလီ နဒီပေါ့။

အနက်ရောင်ပါးပါးလှပ်လှပ်အစကို အလွှာအထပ်တွေနဲ့ ချုပ်ဝတ်ထားတဲ့ ပုံစံဆန်းဆန်း ဝတ်စုံနဲ့။ သူ့နှုတ်ခမ်းဆိုးဆေးက ပန်းသွေးရောင်စိုလက် ကြွရွလို့။

'ဟယ် ဉာဏ်သာ။ ကြည့်စမ်း တွေ့မယ်မထင်ဘူး'

ချီချီနဲ့နဲ့အိအိ အသံနဲ့ ဉာဏ်သာ့ကို လှမ်းခေါ်တော့ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

သာ လှည့်ကြည့်တယ်။

'အော နဒီပါလား။ ကိုကို့ဆီလား'

'အေး ဒါပေမဲ့ ဘာအတွက်လို့ ထင်လဲဟင်'

တွေ့လား ။ အသံကိုက အီသံ။

'ဘယ်သိမလဲကွာ'

'အင်တာဗျူးလာဖြေတာ'

'ဟာ မနောက်ပါနဲ့'

'အို ဒါနောက်စရာမှ မဟုတ်ဘဲ'

သူတို့နှစ်ယောက်ကို ပြုံးကြည့်နေတဲ့ ဒေါ်ညိုရဲ့မျက်လုံးတွေကို ကျွန်မ သတိထားမိတယ်။ တစ်ခုခု ကြံစည်ထားသလိုမျက်လုံးမျိုးလေ။

ဒါကြောင့် ကျွန်မ ထင်တော့ထင်သား။ တစ်ခုခုတော့မှားနေပြီလို့။

'နင်က ဘာကိစ္စအင်တာဗျူးဖြေရမှာလဲ။ အပိုတွေ။ ဘယ်တုန်းကမှ အလုပ်လုပ်ဖို့ စိတ်မကူးတာကြီးကို'

နဒီက ဉာဏ်သာ့ဆီကို ခပ်ကြောကြောလေး လျှောက်သွားတယ်။

ပြီးတော့ ဉာဏ်သာ့လက်မောင်းကို သူ့လက်ဖျားနဲ့ အသာ ရိုက် လိုက်တယ်လေ။

'ဉာဏ်သာဘာသိလို့လဲ ခေတ်တွေက ပြောင်းကုန်ပြီဟ။ စကောလားရှစ်ရဖို့ တို့ ဗီဇမှာ လုပ်ငန်းအတွေ့အကြုံလေးတွေ ထည့်ဖို့လိုတယ်။ အခုတို့လျှောက်မှာက ဆေးတက္ကသိုလ်ဆိုတော့ ဒီအလုပ်လိုတယ် ဉာဏ်သာရဲ့။ တို့ ဒီအလုပ်ကို ရမှဖြစ်မယ်လေ'

ကျွန်မလေ လူတစ်ယောက်ကို ခါးခါးသီးသီးမုန်းတီးတတ်မိလိမ့်မယ်လို့ တစ်ခါမှ တွေးမကြည့်ခဲ့ဖူးဘူး။



မုန်းလိုက်တာ။ ဒီမိန်းမကို ကျွန်မ မုန်းလိုက်တာ။ သူတို့မှာ ဒီအလုပ်က ဘာမှ အရေးပါတာမဟုတ်ဘူး။ ကျွန်မအတွက်တော့ ဒီအလုပ်က သေရေးရှင်ရေးဆိုလဲ ဟုတ်တယ်။ ထမင်းအိုးကလေးဆိုလဲ ဟုတ်တယ်။ အနာဂတ်တစ်ခုလုံးရဲ့မျှော်လင့်ချက်အလင်း ရောင်ဆိုလဲ ဟုတ်တယ်။

အခုတော့ နဒီက ကျွန်မနေရာမှာ ဝင်လုပ်ဖို့ လျှောက်ထားသတဲ့။ ကျွန်မ လည်ချောင်းထဲက ခါးသက်သက်ကြီးခံစားလိုက်ရတာ တော်တော်ဆိုးပါတယ်။

လုပ်ကြံပြီးရယ်တဲ့ ရယ်သံလွင်လွင်ကလေးကို ကျွန်မ ဆက်ပြီးနားမထောင်ချင်တော့ဘူး။ အခန်းလယ်မှာ ရပ်နေရတာလဲ မူးမူးနောက်နောက်ဖြစ်လာတယ်။ ခြေဖျားတွေကလဲ အေးစက်တုန်ရီလာတယ်။ ကျွန်မ ဘာဖြစ်မှန်းမသိဘူး။

ကျွန်မ ဉာဏ်သာ့ကိုတောင် ဘာစကားမှမပြောနိုင်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့မိတော့တယ်။ ခပ်သာသာလေး ထွက်လာခဲ့ဖို့ကောင်းတာပေါ့လို့ နောင်တရမိပေမဲ့ ကျွန်မ ဟန်မဆောင်နိုင်တော့ပါဘူး။ ဒီလူတွေရဲ့မျက်နှာကိုလည်း ကျွန်မ ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်ဘူး။ သေချာပါတယ်။ ဘာဂရုစိုက်စရာလိုလဲ။

'အေးသင် နေဦးလေ'

ဉာဏ်သာ့အသံ။

ကျွန်မတံခါးဖွင့်ပြီးထွက်လာတော့ နောက်ဘက်မှာ ရယ်သံတွေ ကြားလိုက်ရတယ်။

ကျွန်မ ခြံဝန်းတံခါးအပြင်ကို ခြေလှမ်းကျဲကျဲ ခပ်သွက်သွက် လျှောက်လာနေတုန်း နောက်ဘက်က ကားစက်နိုးသံကြားရတယ်။ ကျွန်မ လှည့်မကြည့်ဘူး။ လမ်းပေါ်ကို လျှောက်လာခဲ့တယ်။ ကား တစ်စီးက ကျွန်မရှေ့ကပ်ကပ်လေးကနေ အရှိန်ပြင်းပြင်း ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



မောင်းသွားတော့မှ ကျွန်မ လန့်သွားတယ်။ ကျွန်မ လမ်းမပေါ် ရောက်နေပါလား။

ကျွန်မနောက်မှာ စက်သံညက်ညက်နဲ့ ကားတစ်စီးဘီးလိမ့်လာတယ်။ ဉာဏ်သာပေါ့။ သူက ကားတံခါးဖွင့်ပေးတယ်။

'လာ အေသင်'

ကျွန်မ သူ့ကားပေါ် မတက်ချင်ပါဘူး။ ဘုရားစူးမိုးကြိုးပစ် မတက်ချင်ဘူး။ ဒါပေမဲ့ ကျွန်မ ဒီနားမှာ ခြေလျှင်အကြာကြီး လျှောက်သွားမနေချင်ဘူးလေ။ ဒါနဲ့ပဲ သူ့ကားထဲ ဝင်ထိုင်လိုက်ရပါတယ်။

ဉာဏ်သာက ကျွန်မ စိတ်ပျက်နေမှန်းသိလို့ အေးအေးဆေးဆေးစကားပြောရအောင် ဆိုပြီး ကန်တော်ကြီးထဲကို ခေါ်သွားပါတယ်။

သောကနဲ့ဒုက္ခဆိုတာ ဘယ်တော့မဆို အဖော်အပေါင်းနဲ့လာတယ်တဲ့။ ဟုတ်ပါ့။ ကျွန်မဆီကို အမှန်းနဲ့သောက ရောက်လာပြီးတဲ့နောက် ဒုက္ခပါရောက်လာတော့တယ်။

ဉာဏ်သာက ကားကို ကန်တော်ကြီးထဲထိ မောင်းဝင်ပြီး အရိပ်ကောင်းကောင်းသစ်ပင်တွေရှိတဲ့ လမ်းကွေ့လေးတစ်ခုမှာ ရပ်ပါတယ်။

ကျွန်မက သစ်ပင်အောက်တစ်နေရာရာကို သွားပြီးထိုင်ချင်တယ်။ ဉာဏ်သာက ကားထဲမှာပဲထိုင်နေဖို့ ပြောတယ်။

'မထိုင်ဘူး။ တို့ သစ်ပင်အောက်မှာသွားထိုင်ချင်တယ်'

'မဟုတ်ဘူး။ သစ်ပင်အောက် မြက်ခင်းပေါ်က ရေဖျန်းထားတာမို့ စိုနေတတ်တယ် အေသင်ရဲ့'

'မစိုတဲ့နေရာထိုင်မှာပေါ့'

'မစိုတဲ့နေရာမရှိဘူး။ တစ်ချိန်မဟုတ်တစ်ချိန်မှာ ရေပန်းက ရောက်လာပြီးစိုတာပဲ။ ဒီမှာပဲထိုင်ရအောင်ပါ'





'ဟင် ဉာဏ်သာက ကန်တော်ကြီးကို ကျွမ်းတယ်ပေါ့။ ခဏခဏလာတယ်ပေါ့'

ဉာဏ်သာက ဘာမှမပြောဘူး။

'ရည်းစားတွေနဲ့လာတာလား။ ဘယ်တုန်းကနောက်ဆုံးလာထားလဲ'

မေးပြီးရင်း ကျွန်မရင်ထဲမှာတကယ်ကို ပူလောင်လာခဲ့တယ်။

'မနေ့ကပဲ'

'ဟင်'

ကျွန်မ ဉာဏ်သာ့ကို မော့ကြည့်မိတယ်။ ဉာဏ်သာက ပြုံးစေ့စေ့နဲ့ ကျွန်မကိုစိုက်ကြည့်နေတယ်လေ။ အို ဝမ်းနည်းစိတ်နဲ့ အားငယ်စိတ်နဲ့ နှစ်ခုပေါင်းပြီး ကျွန်မ ညွှတ်ခွေကျသွားတော့တာပါပဲ။

မျက်ရည်ကချက်ချင်းဝဲတက်ပြီး ထိန်းမနိုင်သိမ်းမရ ကျတော့တယ်။ ကျွန်မ ကားတံခါးဖွင့်ပြီး မြန်မြန်ဆင်းပြေးလိုက်တော့တယ်။

'ဟာ အေသင်ကလဲ နောက်တာကို'

သူက နောက်ရက်သတဲ့လား။ ကျွန်မ ဒီနေ့ပနက် အရှုံးကြီးရှုံးလိုက်ခဲ့ရပြီးချိန်မှာ သူက နောက်ရက်သေးသတဲ့လား။ ကျွန်မ မိုပြီးနာကျင်ခါးသက်သွားတာမို့ ရှေ့နားကသစ်ပင်ရိပ်ဆီကို အပြေးလာခဲ့တယ်။

အဲဒီမှာ သစ်ပင်အောက်မှာဝိုင်းထိုင်နေတဲ့ အုပ်စုတစ်စုနဲ့ တည့်တည့် မျက်နှာချင်းဆိုင်မိတာပဲ။

လူဆယ်ယောက်လောက်ရှိမယ်။ လူငယ်တွေပဲ ကျွန်မတို့ထက် ကြီးတဲ့လူတွေ ပါတယ်။ ရွယ်တူတွေလဲပါတယ်။ သူတို့အားလုံးက စာအုပ်တွေနဲ့ ဘောလ်ပင်တွေနဲ့ တစ်ခုခုကို ရေးမှတ်နေကြတယ်။ အော် စာသင်နေတာပဲလို့ မျက်ခနဲ အသိဝင်သွားတယ်

'အသင်'



www.burmeseclassic.com

www.burmeseclassic.com



အမောတကောပြေးလိုက်လာတဲ့ ဉာဏ်သာ့ကို ကျွန်မ လှည့်မကြည့်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့တည့်တည့် ကျွန်မကို မျက်နှာချင်းဆိုင် လှမ်းကြည့်နေတာက ယုယ ဖြစ်နေလို့ပါပဲ။

ယုယ

ယုယမျက်လုံးတွေက ခပ်ဝေးဝေးကနေတောင် စိမ်းမှောင်နေတာ။ အနီးကပ်ဆိုရင်တော့ ကျွန်မ ကြည့်ရဲမှာတောင်မဟုတ်ဘူး။

ယုယကို မြင်လိုက်ပြီးတဲ့နောက် ကျွန်မမျက်နှာက ဘာဖြစ်လို့ ချက်ချင်းပျက်ရှိန်းသွားရတာလဲမသိဘူး။

ကျွန်မ ချက်ချင်းတုန့်ခနဲ ရပ်ပစ်လိုက်ပြီးတော့ ယုယဆီကနေ မျက်နှာလွှဲပစ်လိုက်တယ်။ ပြီးတော့ ဉာဏ်သာ့ဆီ ပြန်လှည့်ပြေးပါတယ်လေ။ ယုယ ထိုင်ရာကနေ ဝုန်းခနဲထရပ်လိုက်တာ မြင်မိလို့ပေါ့။ မပြောနိုင်ဘူး။ ယုယက သိပ် ဟန်ဆောင်ထိန်းသိမ်းတာ မဟုတ်ဘူး။ တော်ကြာ။ ကျွန်မနဲ့ ဉာဏ်သာကို အထင်လွဲပြီး ဆူလား ပူလားလုပ်ရင် ကျွန်မတို့ ထပ်ရန်ဖြစ်ရဦးမယ်။

ကျွန်မ ဉာဏ်သာ့ကိုပြောပြပြီး မပခက်အိပ်ကို ပြန်ရအောင်လို့ ပြောလိုက်ပါတယ်။





သ=သူစိမ်းမျက်လုံးတွေနဲ့ သူငယ်ချင်း

မပခက်တိုက်ခန်းပေါ်ကိုတက်လာတဲ့ ကျွန်မခြေလှမ်းတွေဟာ ဘယ်လိုမှမသွက်လက်နိုင်ပါဘူး။ ဒါပေမဲ့ တိုက်ခန်းတံခါးဖွင့်လိုက်လို့ တံခါးအဝင်မှာ ချွတ်ထားတဲ့ယောကျ်ားစီး ရှာဘာကွင်းထိုးဖိနပ်ကိုလည်း မြင်လိုက်ရော ကျွန်မရဲ့လေးလံနေတဲ့ ခြေလှမ်းက ယိုင်ထိုးသွားတော့တယ်။

ထင်တဲ့အတိုင်းပါပဲ။

ဧည့်ခန်းမှာထိုင်ပြီး မပခက်နဲ့စကားပြောနေတာက ယုယပေါ့။

အပြင်မှာနေရောင်က လုံးဝကွယ်ပျောက်သွားပြီမို့ အခန်းထဲမှာ မီးရောင်ဖွင့်ထားရပြီ။

ကျွန်မဝင်လာပေမဲ့ နှစ်ယောက်လုံးက ခရီးဦးကြိုလဲ မပြုအသိအမှတ်ပြုတဲ့မျက်လုံးနဲ့လဲ မကြည့်။ ကျွန်မကို လှမ်းကြည့်တဲ့မျက်လုံးနှစ်စုံက ခပ်စိမ်းစိမ်းဖြစ်နေတယ်။ ကျွန်မ သိတာပေါ့။

မပခက်ကို ယုယက ကျွန်မအကြောင်း ပြောထားပြီးပြီ။ မမခက်ကလဲ ကျွန်မအလုပ်ပြုတ်ထားတဲ့အကြောင်း ပြောပြီးသွားပါပြီ။ ကျွန်မ သိပါတယ်။

ဒါကြောင့်သာ အဲဒီမျက်လုံးနဲ့ကြည့်တာပေါ့။

ကျွန်မ မခံနိုင်ဘူး။ ကျွန်မကို အဲဒီမျက်လုံးမျိုးနဲ့မကြည့်ပါနဲ့။

ကျွန်မ ကျောပိုးအိတ်ကို စားပွဲပေါ် ဘုတ်ခနဲပစ်ချလိုက်ပြီးတော့ ဘယ်လိုနှုတ်ဆက်ရမှန်းမသိတာနဲ့ သူတို့ဆီ လျှောက်သွားလိုက်ပါတယ်။

'ကျွန်တော် ပြန်ဦးမယ်ဆရာမ'

'ဟော အေး နေဦးလေ အခုမှ အေသင်ရောက်လာတာဥစ္စာ'



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ယုယက ကျွန်မကိုလည်း တည့်တည့်မကြည့်ဘဲနဲ့ ထိုင်ရာကနေ မျက်ခနဲထရပ်လိုက်ပါတယ်။ အခန်းဝကို ထွက်တော့ ကျွန်မနဲ့တည့်တည့် မျက်နှာချင်းဆိုင်မိသေးတယ်။ သူ့မျက်လုံးတွေက ခါးခါးသက်သက် နာနာကျင်ကျင်။ ကျွန်မ သိပါတယ်။ ယုယ ကျွန်မကြောင့် နာကျင်နေတယ်။

ကျွန်မ သူ့ကို အော်ပြောလိုက်ချင်တယ်။

'ငါလဲ နင့်ကြောင့်နာကျင်နေရတာပါပဲ'လို့။

ဒါပေမဲ့ မပြောဖြစ်ဘူး။

နာရတာတွေ များလွန်းလို့ နာတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောချင်တော့ဘူး။

ကျွန်မဘေးကနေပြတ်သွားတဲ့ ယုယဆီက ဘာစကားမှ မကြားရရင် ကျွန်မ ဒီလောက် နာကျင်ရမှာမဟုတ်ဘူး။ ခုတော့ သူက ကျွန်မကို စကားပြောလာတယ်။ ကြိုးကြိုးစားစားပြောလိုက်ရတဲ့ စကားလုံးတွေပါ။ ကျွန်မ သိတယ်။

'အသေင် အဆင်ပြေလား။ နင့်ဘောစ့်နဲ့ တွေ့ခဲ့လား'

အဲဒီမေးခွန်းက ပနက်တုန်းက ကျွန်မ ရှုံးနိမ့်ခဲ့ရတဲ့ အဖြစ်အပျက်ကို ချက်ချင်းသတိရသွားစေတယ်။

ကျွန်မ ခေါင်းပဲညိတ်ပြလိုက်တယ်။ အဆင်မပြေဘူးလို့ သူ့ကို မပြောချင်ဘူး။ သူသိရင် မေမေသိမှာ။ အဆင်ပြေတယ်လို့လဲ အပိ အပြင်ညာနိုင်မှာပဟုတ်ဘူးလေ။

'ငါသွားပယ်။ နင့်အိမ်ကို ဘာမှာဦးမလဲ'

ကျွန်မ ဘာမှပဖြေနိုင်ဘဲ ခေါင်းပဲရမ်းလိုက်တယ်။

ယုယက တံခါးဝဆီလျှောက်သွားတယ်။ အောက်မှာ ဉာဏ်သာရဲ့ကား ပြန်ထွက်သွားပါစေ လို့ ကျွန်မ ဆုတောင်းမိတယ်။ မဟုတ်





ရင် သူတို့နှစ်ယောက် ရန်ဖြစ်ချင်ဖြစ်နေမှာ။

ယုယ လှေကားက ဆင်းသွားတော့ ကျွန်မ စိတ်ပူတာနဲ့ အောက်ဘက်ကို ကြည့်ဖို့ ဝရံတာဆီ ထွက်လာခဲ့တယ်။ တော်ပါသေးရဲ့။ အောက်မှာ ဉာဏ်သာ့ကား မရှိတော့ဘူး။ ခဏကြာတော့ သံပန်းတံခါးကို တွန်းဖွင့်ပြီး ယုယထွက်လာတာကို မြင်ရတယ်။ ယုယ လမ်းပေါ်ရောက်သွားပြီ။ ကျွန်မ အပေါ်တည့်တည့်ကနေ ကြည့်နေပိတုန်း ယုယက အပေါ်ကို မော့ကြည့်တယ်။ အမှတ်မထင် ကြည့်တာဖြစ်မှာပါ။ ကျွန်မကို မြင်သွားတယ်။ သူ လက်လှမ်းပြတယ်။ ကျွန်မ သူ့ကို လက်ပြန်မပြဖြစ်ဘူး။

အပြင်ဘက်မှာ နေရောင်လုံးဝပရှိတော့ဘူး။ ကောင်းကင်ကတော့ အနီရောင်နဲ့နဲ့ကျန်နေသေးတယ်။ ဟိုး သစ်ပင်ထိပ် များရှိရာကို ငှက်ပဲပဲတွေ ပျက်လောရိုက်လို့ ပျံသန်းလာနေကြတယ်။ ငှက်တွေက ပျံနိုင်တယ်။ ကျွန်မတို့က မပျံနိုင်ဘူး။

ပဟုတ်ဘူး။ ကျွန်မ ပျံသန်းကြည့်ဖူးလို့လား။

ခက်ကာတော့ ငယ်ငယ်တုန်းက သူတစ်ချိန်ချိန်မှာ ငှက်တွေလို ပျံသန်းနိုင်ရပယ်လို့ ယုံကြည်ခဲ့ဖူးသတဲ့။

ကျွန်မတော့ တစ်ခါမှ ဝပ်းပကြည့်ဖူးဘူး။

'ဘာဖြစ်လို့ ခြောက်ထပ်မှာနေတာလဲဟာင်'

ဇီဇဝါအသံ။ ဇီဇဝါ။

'ငှက်တွေလို ပျံနိုင်အောင်ကျင့်ဖို့လေ။ ခြောက်ထပ်ဆိုတော့ ပိုလွယ်တာပေ့ါ။ ပြင့်လေကောင်းလေပဟုတ်လား'

ပပခက်ရဲ့ရယ်မောသံ။

ကျွန်မ ဆုပ်ကိုင်လိုက်မိတဲ့ ဝရံတာလက်ရန်းက နွေးနေတယ်။ တစ်နေ့လုံးရဲ့အပူရှိန်ကို သူက စုပ်ယူထားတာကိုး။ ဒါဒီနွေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးမှု....ဝရံတာကို အားပြုဆုပ်ကိုင်ထားရင်း အောက်ကို ငုံ့ကြည့်လိုက်တယ်။ အို မူးတောင်မူးတယ်။ အမြင့်ကြီးပါလား။ ဟိုး အောက်က လမ်းပေါ်မှာ ခွေးနှစ်ကောင်အစာစားရင်း မာန်ဖီနေကြတယ်။

ကျွန်မကိုယ့်ကိုယ်ကို ဘာလုပ်မိမှန်းမသိခင်မှာပဲ ခက်ရဲ့ အလန့်တကြားအော်သံကို ကြားလိုက်ရတာ။

'အေသင် အေသင် အဲလို မလုပ်နဲ့လေ'

ကျွန်မ ဝရံတာလက်ရန်းပေါ်ကို ကုတ်တွယ်တက်နေခဲ့ပြီ တယ်ဆိုတာ ပမခက်လာဆွဲဖက်တော့မှ သတိထားလိုက်မိတာ။ ခက်ကိုယ်လုံးနဲ့ ကျွန်မ ကိုယ်လုံးပူးကပ်သွားပြီး ခက်က ကျွန်မကို ဆွဲဖက်ချုပ်လိုက်တယ်။ ကျွန်မတို့နှစ်ယောက်လုံး ဝရံတာကြမ်းပြင် ကွန်ကရစ်ပေါ်ကို ဒလိမ့်ကောက်ကွေး ကျသွားတယ်။ ကျွန်မ တစ်ကိုယ်လုံးက ထုံထိုင်းရီဝေနေတာပဲ။ ခက်ရဲ့မျက်ရည်နဲ့ ကျွန်မ မျက်ရည်တွေ ရောကုန်တယ်။ ခက်ရဲ့ပါးပြင်က ကျွန်မပါးပြင်ထက်တောင် အေးစက်နေသလိုပဲ။

'သမီး ငှက်တစ်ကောင်လို ပျံကြည့်ချင်လို့ပါ'

ခက်သာ ပြေးပဖက်လိုက်ဘူးဆိုရင် အခုလောက်ဆို ကျွန်မ ဟိုးကောင်းကင်ပြင်မှာ အစက်အပြောက်လေးဖြစ်သွားတဲ့အထိ ပျံသန်းထွက်ပြေးနိုင်နေပြီ။ ဒါမှမဟုတ် မပျံနိုင်ရင် ဟောဟိုမြေပြင်ပေါ်မှာ ပန်းအိုးလေးကျကွဲသွားသလို

'အေသင် မကြံစည်ကောင်းတာတွေ။ ညီမ မလုပ်ရဘူး။ မမကိုကတိပေးပါ ဘယ်တော့မှ မလုပ်ပါဘူးလို့ နော် အေသင်'

ခက်က တတွတ်တွတ် ပြောနေတယ်။

'သမီး ငှက်တစ်ကောင်လို ပျံသွားချင်လို့ပါပပရယ်'

'ညီမလေးရေ အဲလိုမပြောရဘူး မပြောပါနဲ့'





'သမီး ဆရာနဲ့မတွေ့ခဲ့ဘူး။ ဆရာယူမဲ့ပိန်းမနဲ့ပဲ တွေ့ခဲ့ရတယ် ဆရာမ'

ခက်က ကျွန်မကို ပါးချင်းအပ်လိုက်တော့ ကျွန်မ ပါးပေါ်က မျက်ရည်တွေနဲ့ သူ့ပါးပေါ်က မျက်ရည်တွေ ရောကုန်တယ်။

'သမီးနေရာမှာ အစားထိုးဖို့ ဒီနေ့ အင်တာဗျူးခေါ်တယ်။ လာပြေတဲ့ကောင်မလေးတွေ အများကြီးပဲ။ အဲဒီထဲမှာ ဥာဏ်သာနဲ့ဖြစ်နေတဲ့ကောင်မလေးလဲ ပါတယ်။ သူရှာပါ။ သူက အရမ်းချမ်းသာတယ်'

'ရှူး တော်ပြီ'

ပပခက်က ကျွန်မ နှုတ်ခမ်းကို လက်ဖျားလေးနဲ့ အသာထိပိတ်ပေးတယ်။

'လာ ခုတင်ပေါ်မှာ ခဏလေး လှဲလိုက်ဦး'

ကျွန်မကို ခုတင်ပေါ်မှာ ထွတ်လှဲသိပ်ရင်း သူလည်း ခုတင်ပေါ် လှဲချပစ်လိုက်တယ်။

'ဆရာမ ဆရာ မိန်းမယူတော့မယ်'

'မမသိပါတယ် အေသင်ရယ်'

အဲဒီနောက်တော့ ကျွန်မက ခက်ကိုဖက်ပြီးငိုမိတာလား။ မမခက်က ကျွန်မကို ဖက်ပြီးငိုလိုက်တာလား။ မသိတော့ဘူး။

နှစ်ယောက်သား အားရပါးရဖက်ပြီး ငိုချပစ်လိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သ=သက်တံပေါ်မှာ

မေမေကတော့ အနီးအနားက ကလေးတွေကို တသင်ပေးတဲ့ ဆရာမအလုပ်ဟာ ကျွန်မနဲ့အသင့်တော်ဆုံးပါလို့ အားပေးပါတယ်။ ကျွန်မ တသင်ရတာကို သဘောကျတယ်။ ကလေးတွေကို တသင်ရင်းကနေ ကိုယ်တိုင်လည်း လေ့လာသင်ယူမိသွားတာတွေ ရှိတာကိုး။ နောက်ပြီး တသင်ရင်းကနေ သူတို့ကို အကဲခတ်ရတာ စိတ်ဝင်စားစရာကောင်းတယ်။ ဘယ်ကလေးကတော့ အသက်ကြီးရင် တော်ပယ်။ ထူးချွန်ပယ်။ ဘယ်ကလေးကတော့ စီးပွားရေးအောင်မြင်လိပ့်မယ်။ ဒါမျိုးပေါ့။

ဒါပေမဲ့အမှန်အတိုင်းပြောရရင် ပမခက်က ဘယ်လောက်ပဲ ကျွန်မကို ထူးချွန်တဲ့ဆရာမ ဖြစ်စေချင်တယ်ပြောပြော ကျွန်မက အင်ဂျီအိုတစ်ခုခုမှာ အလုပ်လုပ်ရတာကို ပျော်မယ်လို့ ထင်နေပီပြန်ရော။

HIV/AIDS Media Initiative မှာ လုပ်ခဲ့ရတဲ့ အတွေ့အကြုံက ကျွန်မကို ထူးဆန်းတဲ့ဝပ်စုစိတ်တစ်မျိုး သွင်းပေးလိုက်တယ်။ ခိုင်နီဆောတွေအပြင် ကမ္ဘာကြီးရဲ့ နေရာအမျိုးမျိုးက အလှူရှင်တွေရဲ့ ရံပုံငွေတွေစုပြီး ဆင်းရဲတဲ့နိုင်ငံတွေမှာ ဖွံ့ဖြိုး တိုးတက်ဖို့ လုပ်ငန်းတွေ လုပ်နေကြတာလည်း အံ့သြစရာကြီး မဟုတ်လား။ ဒါကြောင့် အန်ဂျီအိုတစ်ခုခုက အလုပ်ခေါ်စာတွေ့ရင် လျှောက်မယ်လို့ ဆုံးဖြတ်ထားခဲ့တယ်။

ကျွန်မတို့အိမ်ရှေ့မှာ ပီးခိုးရောင်ကားလေး ညင်ညင်သာသာ လာရပ်တာကို မြင်လိုက်တဲ့အချိန်မှာ ကျွန်မက ကလေးတွေကို တသင်နေခဲ့တယ်။ ခြေတံရှည်အိပ်ရဲ့ နံရံအကာပပါတဲ့ အောက်ထပ်မှာဆိုတော့





ကျွန်မ ပုန်းချိန်ရှောင်ချိန်မရလိုက်ပါဘူး။ သွားပြီလို့ တွက်လိုက်တယ်။

ဆရာ ကားပေါ်က ဆင်းလာတဲ့ပုံစံက တော်တော်ခမ်းနားတယ်။ ပုဆိုးအစိမ်းရင့်နဲ့အနက်ကွက် စိပ်စိပ်ဝတ်ထားတဲ့ အနက်ရောင် ရာဘာဖိနပ်သဲကြိုးနဲ့ခြေထောက် မြေကြီးပေါ်ချလိုက်တဲ့ အချိန်မှာ ကျွန်မရပ်နေတဲ့ ကြမ်းပြင်မြေကြီးက သိမ့်ခနဲတုန်ခါသွားသလို ခံစားလိုက်ရတယ်။ ရင်ထဲမှာလည်း လှိုက်ဟာသွားတယ်။ ထင်တော့ ထင်ပထားခဲ့ပါဘူး။ ဆရာကိုယ်တိုင် ကျွန်မအိမ်ကို လိုက်လာလိပ့်မယ်လို တာ တွေးပကြည့်ခဲ့ပိဘူး။ ဒါပေမဲ့ အခုလို ဆရာ့ကိုမြင်လိုက်ရပြီဆိုတော့ ဝပ်းမသာနိုင်ဘဲ ရင်ထဲမှာဆို့နင့်သွားတယ်။

လိုက်လာရတဲ့ ခေါင်းစဉ်ကို ဆရာ ဘယ်လိုမေးပလဲဆိုတာ ကြိုတွက်လိုက်ပိလို့ပါ။

ဆရာ ကျွန်မအိပ်ထိ ဘာဖြစ်လို့လိုက်လာတာလဲဆိုတာက တော့ သိပ်ခက်ခက်ခဲခဲ အဖြေရှာတွေးနေစရာပလိုပါဘူး။ ပပခက်ရဲ့ လျှို့ဝှက်ချက်ကို သူ့ပ ပသိရသေးဘဲ။ ကျွန်မကို အဝ်အောက် ပေး ကြည့်ပလို့ပေါ့။ ဒါပေမဲ့ အဲဒီခေါင်းစဉ်က လူကြားလို့ကောင်းမှာ ပ ဟုတ်ဘူး။ ဒီတော့ ဆရာက ကြားလို့ကောင်းတဲ့ ခေါင်းစဉ်တစ်ခုပေး ရလိမ့်မယ်။

ဆရာ့လက်ထဲမှာ အညိုရောင်စက္ကူနဲ့ထုပ်ထားတဲ့ အထုပ် တစ်ထုပ်ကိုင်ထားတယ်။ တအုပ်ထုပ်လို့ ထင်တာပဲ။

'ချာတိတ်'

ဆရာက ကျွန်မတို့အိမ်ရှေ့က သဲအိတ်တွေပေါ်မှာ ကိုးယိုး ကားရားလပ်းလျှောက်လာတယ်။ မြူဝင်းတဲ့ခြေဖမိုးပေါ်မှာ အနက် ရောင်သဲကြိုးက ထင်းနေတာပဲ။ ကျွန်မကို ကလေးအုပ်စုထဲမှာထင်း ထင်းကြီးမြင်သွားတော့ ဆရာက ပြုံးပြတယ်။

ဆရာ့အပြုံးကြောင့် ကျွန်မစိတ်ထဲမှာ ကြိုတင်ပြီးတင်းဆည်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အာခံစိတ်တွေတောင် လျော့သွားပါတယ်။

'ဟား ဆရာမကြီးလားဟော့'

ကျွန်မ ပြုံးလိုက်ရတာ ပေါ့ပေါ့ပါးပါးပဲ။ သိပ်အားစိုက်စရာ ပလိုခဲ့ဘူး။ ကျွန်မ ဆရာ့ဆီကို တစ်လှမ်းနှစ်လှမ်း လှမ်းသွားပြီး ကြို ဆိုလိုက်ပါတယ်။

'ဆရာ ဘယ်ကနေလှည့်လာတာလဲ ဆရာ'

'အေး ဒီနားမှာ ငါတို့ကိုယ်ပိုင် ဆေးရုံလေးတစ်ခုဆောက် နေတဲ့ဆီကနေ လာတာ'

'ဆရာ ရေသောက်မလား'

သူ့နဖူးမှာ ချွေးစို့နေတာတွေ့လို့ မေးလိုက်မိပြီးမှ အင် ဆရာ က ရေခဲသေတ္တာထဲကရေမဟုတ်တဲ့ သဲအိုးထဲကရေကို သောက်ပါ့ မလားလို့ တွေးလိုက်မိတယ်။

'အဲ ရေသန့်ဗူးသေးမဟုတ်ဘူးဆရာ။ ဘူးကြီးထဲကရေ'

'အေး နဲနဲပေးပါ'

ကျွန်မ ဒါလီ့ကို ရေတစ်ခွက် ဖန်ခွက်နဲ့ခပ်ခဲ့ဖို့ ဖန်ခွက်ကိုလဲ ဆပ်ပြာနဲ့အသေချာဆေးပြီးမှ ခပ်ခဲ့ဖို့ တိုးတိုးတိတ်တိတ် မှာလိုက် တယ်။ ကလေးတွေကို အင်္ဂလိပ်စာလေ့ကျင့်ခန်းတွေ လုပ်ခိုင်းထားရင်း က ဆရာ့ကို ဘယ်လိုဧည့်ခံရပါ့မလဲလို့ တွေးပြီး မနေတတ်မထိုင်တတ် တင်းတင်းကြပ်ကြပ်ကြီးဖြစ်နေပါတယ်။ ဒါပေမဲ့ လေ ဆရာက လူကြီးပဲ။ သူကပဲ စကားတွေကို စပါတယ်။

'ညည်းဟိုတစ်နေ့က ရုံးလာတော့ ငါနဲ့ မတွေ့ဘဲနဲ့ ဘာဖြစ် လို့ပြန်သွားတာလဲ။ ငါ့ကို ဘာဖြစ်လို့မစောင့်တာလဲ'

ကျွန်မ မဖြေတတ်ဘူး။ စိတ်ထဲမှာတော့ အဖြေရှိတာပေါ့။ ဆရာကြားလို့ အဆင်ပြေအောင် မဖြေတတ်ပါဘူး။

'သမီးက ဆရာ့ဆီလာတာ ဆရာမရှိတော့ ပြန်လာလိုက်တာ



ပေါ့'

'ငါကိုးနာရီခွဲရင် ပြန်လာမယ်ဆိုတာ ပဒိုင်တို့က မပြောဘူး လား'

'သမီးကို ဦးတည်ပြီးတော့ မပြောဘူး။ အင်တာဗျူးဖြေမဲ့ လူတွေကိုပဲ ပြောတာ'

'ညည်းတို့က မကပ်ရမဲ့နေရာတွေမှာ ကပ်နေတာကိုး။ တကယ်ဆို ငါ့ကို ခဏစောင့်လိုက်ရောပေါ့။ ငါနဲ့တွေ့မှပြီးမဲ့ကိစ္စဆို ရင် ငါ့ကို စောင့်ကိုစောင့်ရမှာ'

ကျွန်မ ဘာကြောင့်မစောင့်ချင်သလဲဆိုတာ ဆရာ့ကို မပြော ချင်ပါဘူး။ ဒါပေမဲ့ ကျွန်မလာတာ အလုပ်ပြန်လိုချင်လို့လာတာ မဟုတ်ဘူးဆိုတာတော့ ပြောလိုက်မှဖြစ်မယ်နော်။

အင်း ဒါပေမဲ့ အဲဒါဆိုရင် ညာရာများကျမလား။ တကယ် အမှန်က ဆရာ့ကိုလည်း တောင်းပန်ရင်း အလုပ်လည်းပြန်ဝင်ဖို့ သွား ခဲ့တာ။ အို ဘာပဲဖြစ်ဖြစ် ကျွန်မ အလုပ်ပြန်လိုချင်လို့ပဟုတ်ဘူးလို့ ပြောချင်တယ်။

'သမီး ဆရာ့ကို တောင်းပန်ဖို့လာတာပါ။ ဟို အလုပ်ပြန် တောင်းဖို့လာတာပဟုတ်ဘူး'

'ငါ့ကို တောင်းပန်ပုံ့သူက ငါလာအောင်တော့ စောင့်သင့် တာပေါ့'

အဲ။ အဲဒါလဲ ဟုတ်တာပဲ။ ကျွန်မ ပစောင့်ချင်ခဲ့တာက အောက်ကျနောက်ကျနိုင်နေသလို ခံစားရလို့ပါ။

ဒါလီက ဆရာ့အတွက် ရေတစ်ခွက်ခပ်လာပေးတယ်။ မဆိုး ပါဘူး။ အောက်က ကော်ပီပန်းကန်ပြားခံပြီး လာပေးတာ။ ရိုရိုသေသေ လေးပေါ့။

ဆရာက ရေဖန်ခွက်ကိုယူပြီး အကုန်သောက်ချပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။

'ကဲ အခုတောင်းပန်မဲ့သူက မတောင့်ဘဲပြန်လို့ တောင်းပန်ခံရမဲ့သူက အိမ်ထိလိုက်လာတာဗျား'

ဆရာက ပြုံးပြုံးရယ်ရယ်နဲ့ပြောတော့ ကျွန်မ ရယ်လိုက်မိတယ်။

'သမီးကို ခွင့်လွှတ်ပါဆရာ သမီးက တော်တော်နမော်နမဲ့နိုင်ပြီး တော်တော်လဲ ညံ့ပါတယ်။ သမီးလိုလူတွေများရင် ဆရာတော့ သိက္ခာတွေကျလို့ကို ဆုံးမှာပဟုတ်တော့ဘူး'

ပြောရင်းပြောရင်း တကယ် စိတ်အားငယ်ဝမ်းနည်းပြီး အသံတွေ တုန်လာတယ်။

ဆရာက ကျွန်မဆံပင်ကို လက်နဲ့ချစ်ဝနိုးပွပြီး ပြန်သပ်ပေးပါတယ်။

'လူဆိုတာ အားလုံးပြည့်စုံတယ်လို့တော့ ဘယ်ရှိပလဲ ချာတိတ်ရယ်။ တဖြည်းဖြည်းနဲ့ ပြည့်ဝအောင် ဖြည့်ယူရတာတွေချည်းပဲ။ ကြိုးစားချင်စိတ်နဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်စိတ်ရှိရင် ကျန်တာက မခက်ခဲလှပါဘူး'

ဆရာနဲ့ကျွန်မနဲ့ပြောနေတဲ့စကားတွေကို ဘေးက စာသင်နေတဲ့ ချာတိတ်အုပ်စုက ဟိုကြည့်ဒီကြည့်နဲ့ နားထောင်နေတယ်။

ကျွန်မတို့က စကားတိတ်သွားပြန်တော့ ကလေးတွေတိုးတိုးတိုးတိုး ငြင်းခုန်သံက ကျယ်ကျယ်လာတယ်။

'အင်း နောက်ပြီး ညည်းကလဲ သိပ်အညံ့ကြီးထဲတော့ မပါပါဘူးလေ'

'ကျေးဇူးတင်ပါတယ်ဆရာ'

'အခု ညည်းက ပီဒီယာအင်နီရှေးတစ်ဗ်ကို ပြန်လာချင်စိတ်





ရှိနေသေးလား။ ငါ မေးရတော့မယ်'

ကျွန်မ ခပ်တွေတွေဖြစ်သွားပါတယ်။ လာချင်တယ် မလာချင်ဘူးအဖြေကို ချက်ချင်းမပြောနိုင်သေးဘဲ ဖြစ်နေတယ်။ အဲဒါ မကောင်းဘူး။ ကျွန်မအပေါ် သုံးသပ်တဲ့ရလဒ် မကောင်းနိုင်ဘူး။ တွေဝေသူ၊ မပြတ်သားသူ၊ ကိုယ့်ဟာကိုယ် ဘာလိုချင်လို့ လိုချင်မှန်း မသိသူ အို ရလဒ်က မကောင်းပါဘူး။

'ဟိုနေ့က အင်တာဗျူးခေါ်တဲ့အထဲက ဆရာ အလုပ်ခန့်မို့ တွေ့လား တွေ့တယ်မဟုတ်လား'

'အေသင် အဲဒါ ညည်းနဲ့တိုက်ရိုက်မပတ်သက်တာကို မေးနေတာ။ အခု ညည်းဖြေရမှာက ညည်းနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်'

ကျွန်မ ဆရာ မကြားအောင် သက်ပြင်းရှိုက်လိုက်မိပါတယ်။ တကယ်တော့ ကျွန်မ လုပ်ချင်တယ်။ မထွက်ချင်ဘူး။

'တစ်ခုတော့ရှိတယ်။ စိတ်ကောက်ပြီးထွက်သွားတဲ့ ဝန်ထမ်းကို အလုပ်ရှင်က အိမ်ထိလိုက်ပြီး ဆက်လုပ်ချင်လား လာမေးတယ်ဆိုတာတော့ ညည်း ဘယ်သူ့ကိုမှ မပြောနဲ့ပေါ့'

'အို'

ကျွန်မ စိတ်ရှုပ်နေတဲ့ကြားကပဲ ရယ်ချင်သွားလို့ ရယ်လိုက်မိတယ်။ ဟုတ်ပါရဲ့နော်။ အဲဒီလိုကြီး ဖြစ်နေပြီပေါ့။

'ဟင် ဘယ်ရပလဲ နှုတ်ပိတ်ခပေးမှပေါ့။ မပေးရင် ဂျာနယ်ထဲကနေ ဖွင့်ချပစ်လိုက်မှာ'

ကျွန်မတို့နှစ်ယောက် ရယ်မောလိုက်ကြတော့ နှစ်ယောက်ကြားမှာ ရှိနေခဲ့နိုင်တဲ့ အခုအထိ အတေးအမှတ်တွေ မကျေနပ်ချက်တွေ အားလုံး ပြေလျော့သွားသလို ပေါ့ပါးသွားပါတယ်။

'သမီး ဆုံးဖြတ်ပြီးပါပြီဆရာ သမီး မလာတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကိုပဲ စာဆက်သင်ပေးလိုက်ပါတော့မယ်'

ကျွန်မ ကြိုတင်တွေးထားတာမဟုတ်တဲ့ ဆုံးဖြတ်ချက်ကို ဖြုန်းဆို ပြောချပစ်လိုက်မိပြီးတဲ့နောက် ရင်ထဲမှာ ဟာခနဲဖြစ်သွားတယ်။

'အော်'

ဆရာ မျှော်လင့်မထားတဲ့အဖြေပဲ လို့ ဆရာ့မျက်နှာကို ကြည့်လိုက်တာနဲ့ သိပါတယ်။

ခွင့်လွှတ်ပါဆရာ။ ဒေါ်သေးမျှင်နဲ့ဒေါ်ညိုကို ကျွန်မအပေါ် အရင်းအတိုင်းပြင်နိုင်ကြလိမ့်မယ်လို့ မထင်ဘူး။

'အေသင် တစ်ရက်နှစ်ရက်လောက် စဉ်းစားဦးမလား'

ဆရာက ခပ်ဆိုင်းဆိုင်း မေးတယ်။ ကျွန်မ ဆရာ့ကို မော့်ကြည့်လိုက်မိတယ်။ ဆရာက စဉ်းစားစေချင်သေးတယ်ထင်ပါရဲ့။ ကျွန်မ ခေါင်းခါယမ်းလိုက်မိတယ်။

'မစဉ်းစားတော့ပါဘူးဆရာ'

မလိုပါဘူး။ ကျွန်မ ကိုယ့်ဟာကိုယ်သေချာပါတယ်။

'ညည်းအင်္ဂလိပ်စာပေဂျာနဲ့ ဘွဲ့ရပြီးရင် ဘွဲ့လွန်တွေဘာတွေ တက်ဖို့ စိတ်ကူးထားလား။ အဲဒီလို စိတ်ကူးရင်တော့ အလုပ် အတွေ့ အကြုံက အရေးကြီးတယ်'

'သပီး မသိသေးပါဘူးဆရာ'

ကျွန်မ ဒါလိတို့ ကိုးတန်းကျောင်းသားကျောင်းသူအုပ်စုကို ငေးကြည့်ရင်း ဆရာ့ကို ပြုံးပြလိုက်တယ်။

'လောလောဆယ်တော့ ပီသားစု တားဝတ်နေရေးအတွက် သမီး ရုန်းကန်နေရဦးမှာပါ'

ဆရာက သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွ ချပါတယ်။ အဲဒီနောက်တော့ သူ့လက်ထဲက စက္ကူအိတ်ကို ကျွန်မကို ပေးတယ်။



'ဒါက ညည်းအတွက် အင်္ဂလိပ်စာလေ့လာဖို့ စာအုပ်တွေ'

ကျွန်မ လက်ခံယူလိုက်တော့ ဆရာ့လက်ဖျားနဲ့ ကျွန်မလက်နဲ့ ထိမိသွားတယ်။ နူးညံ့တဲ့ လက်ဖျားတွေက ကြင်နာတတ်သူ တစ်ယောက်ရဲ့လက်တွေပဟုတ်ဘူးလားမမခက်ရယ်။ ဉာဏ်သာ့ လက်ဖျားတွေ လို ကျွန်မအတွက် ဆန်းပြားတဲ့ခံစားချက်ကို မပေးပေမဲ့ ဆရာ့ဆီက ကျွန်မ ခွန်အားတချို့ ရလိုက်သလိုပါပဲ။

'စာအုပ်နှစ်ခုမှာက စီဒီချပ်လေးတွေပါ ပါတယ်'

စီဒီကို ကျွန်မ ဘာမှ သုံးလို့ ရဦးမှာ မဟုတ်ဘူး။ ကျွန်မတို့အိမ်မှာ ကွန်ပျူတာမဝယ်နိုင်သေးဘူးလေ။ အင်းလေ နောက်တော့ ဖြစ်လာမှာပေါ့နော်။

စီဒီကို စပ်စုကြည့်ဖို့ စာအုပ်ကို ဆွဲဖွင့်လိုက်တဲ့အခါ စာအိတ်တစ်အိတ်ကို တွေ့ပါတယ်။ စာအိတ်။ ငွေထည့်ထားတဲ့စာအိတ်ပဲ။ ကျွန်မ မျက်နှာရွှေးပူသွားပြီး ဆရာ့ကို ဆတ်ခနဲမော့ကြည့်လိုက်တော့ ဆရာက ခပ်မျော့မျော့ပြုံးပြီး ကျွန်မကို ကြည့်နေတယ်။

'ညည်း သုံးချင်တာသုံးဖို့ ငွေ'

'ဟင့်အင်း'

ရင်ထဲမှာ ပူပြင်းသွားတာနဲ့ လက်ထဲက စာအိတ်ကို စက္ကူအိတ်ထဲ လွှတ်ချပစ်လိုက်မိတယ်။

'မလိုပါဘူးဆရာ သမီးကို ဆရာက လုပ်ငန်းအတွေ့အကြုံတွေ အများကြီးသင်ပေးခဲ့ပါပြီ။ တကယ်တော့ သမီးကသာ ဆရာ့ကို ကန်တော့ရမှာပါ'

'အေသင် ခေါင်းမမာပါနဲ့ ဒါက အလုပ်သဘောအရပေးတာ မဟုတ်ဘူး။ အေသင့်ကို ညီမလေးလိုသဘောထားပြီး မုန့်ဖိုးပေးတာ။ ဉာဏ်သာ့ကိုလဲ ငါ ဒီလိုပဲ မုန့်ဖိုးပေးနေကျပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီပိုက်ဆံကိုလိုချင်တာမှ အသဲအသန်ပါပဲ။ ဒီနေ့ည ကျွန်ပတို့ ဆန်အိတ်ဝယ်ရတော့မယ်။ မနက်ဖြန်မှာဒါလီတို့ အိအိတို့ အတွက် ကျောင်းအပ်ဖို့ ပိုက်ဆံတွေ ကုန်ရတော့မယ်။ လိုချင်တာပေါ့။ ဒါပေမဲ့ ပယူသင့်ဘူး။

'မပေးပါနဲ့ဆရာ။ ဆရာပြန်ယူသွားပါ။ သမီးကို အေသင်မိုး အဖြစ် တကယ်သိတယ်ဆိုရင် ဆရာ ဒီပိုက်ဆံကို မပေးပါနဲ့။ သမီး တောင်းပန်ပါတယ်'

ကျွန်ပ စာအိတ်ကို ဆရာ့ဆီ ရိုရိုသေသေကပ်းပေးလိုက် တော့ ဆရာက စိတ်ညစ်သွားတယ်။ နောက်တော့ ယူလိုက်ပါတယ်။

'လိုတဲ့အကူအညီရှိရင် တောင်းပေါ့ အေသင်။ ငါ့အနေနဲ့ရော ဉာဏ်သော့အစ်ကိုအနေနဲ့ရော ညည်းအစ်ကိုအနေနဲ့ရော ဘာကို မဆို တိုင်ပင်ပါ။ ကြားလား'

'ဟုတ်ကဲ့'

ဆရာထိုင်ရာကနေ ထရပ်လိုက်တဲ့အချိန်မှာပဲ ကော်ဖီပန်း ကန်လေးကိုင်ပြီး ပီးဖိုဆောင်ဆီကနေ မေမေ ဆင်းလာတယ်။

'အို ပြန်တော့မလို့လား ဒီမှာ ကော်ဖီလေးသောက်ပါဦး'

'အော အေသင်ရဲ့ မေမေလား'

'ဟုတ်ကဲ့ဆရာ'

'မသောက်တော့ပါဘူးခင်ဗျ။ အချိန်မရလို့ပါ။ အစ်မရဲ့ မန်ကျည်းရွက်သနပ်ကတော့ သိပ်စားလို့ကောင်းတာပါပဲ ခင်ဗျာ'

မေမေက ရိုးသားလွန်းတဲ့သူဆိုတော့ လောကဝတ်စကား ကို ရွှန်းရွှန်းဝေအောင် မပြောတတ်ဘူး။

'အို ဟုတ်လား ကျေးဇူးတင်ပါတယ်' လို့ပဲ ပြောတတ်တယ်။

ဆရာက ပြန်ထွက်ဖို့ဟန်ပြင်ရင်း ကျွန်မကို အဓိပ္ပါယ်ပါပါ





မျက်လုံးနဲ့ ပြုံးကြည့်တယ်။

'အော် စောစောက ညည်းသိချင်တဲ့ကိစ္စကို ငါပြောမယ်။ တစ်နေ့က အင်တာဗျူးလာတဲ့ ကလေးမတွေထဲက တစ်ယောက်မှ အရည်အချင်းပမီလို့ ငါ တစ်ယောက်မှ မခန့်လိုက်ဘူး'

'အို'

ဒါ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြေပါပဲ။

ကျွန်ပ ကြောင်ငေးသွားတာကို ဆရာက သဘောကျပြီးပြုံး ကြည့်နေတယ်။ ပြီးတော့ ကျွန်ပ ခေါင်းကို စောစောကလိုပဲ ဆံပင်ဖွ သွားတယ်လေ။

ဆရာ ကားဆီကို လျှောက်သွားတဲ့အချိန်မှာ ကျွန်မက နောက်ကနေ ကပ်ပြီး လိုက်သွားပါတယ်။

'အရည်အချင်းပမီဘူး ဟုတ်လားဆရာ'

'အေး'

ကျွန်ပ နားပလည်နိုင်ဘူး။ နဒီဆိုရင်

'ဉာဏ်သော့သူငယ်ချင်း တစ်ယောက်ကတော့ အင်္ဂလိပ်စာ တော်တော် တော်ပါတယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံကိုယ့်အသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ဖို့ တာဝန်သိစိတ်ကတော့ သုညပဲ'

ကျွန်မ ဆရာ့ကိုငေးကြည့်နေပိတယ်။

'အေသင် အင်္ဂလိပ်စာပဲဖြစ်ဖြစ် ဆေးပညာပဲဖြစ်ဖြစ် နိုင်ငံ ရေးရှုည်မွဲ့ဖြိုးတိုးတက်မှုဘာသာပဲဖြစ်ဖြစ် ဦးနှောက်နဲ့သင်ယူလို့ ရ တယ်။ ကိုယ့်နိုင်ငံအပေါ် စိတ်စေတနာထားပြီး တာဝန်သိမှုကိုတော့ နှလုံးသားနဲ့သင်ယူမှရတယ်။ အဲဒီဘာသာရပ်က အခက်ခဲဆုံးပဲ'

ကျွန်ပ ဆရာ့ဆီက အဲဒီစကားမျိုးကြားရလိမ့်မယ်လို့တစ်ခါ မှ မျှော်လင့်မထားခဲ့ပါဘူး။ ဒါက ပပခက် ပြောနေကျစကားမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

'ကဲ ငါသွားမယ် ရည်မှန်းချက်ကြီးကြီးထား။ အိပ်မက်ကြီးကြီးမက် နော် ချာတိတ်'

ကျွန်မလေ ဆရာ့ဆီက အဲဒီစကားကို ကြားရတာ ဝမ်းလဲနည်း ကြည်လဲ ကြည်နူးမိတယ်။ လှိုက်ခနဲ နှလုံးဆီက တစ်ချက်ခုန်ပြီး မျက်ရည်က ချက်ချင်းဝဲတက်လာတော့တယ်။

'ဟုတ်ကဲ့'

ဆရာ ကားတံခါးကို ဖွင့်လိုက်တဲ့အချိန်မှာ တိုက်တိုက် ဆိုင်ဆိုင် အိမ်ရှေ့လမ်းမှာ ယုယ ဖြတ်သွားတယ်။ ယုယက ကျွန်မတို့ဘက်ကို မကြည့်ဘူး။ မျက်လုံးအကြည့်ကို ဟာပင်ရှောင်ကွင်းထားတာ သိသာပါတယ်။ ကျွန်မ စိတ်မကောင်းဘူး။

'ဆရာ'

ဆရာက ကားစက်နှိုးရင်းက ကားမှန်ကိုချပြီး ခပ်ပြုံးပြုံး မေးဆတ်ပြတယ်။

'ဆရာ သမီးကို အပြတ်မေးနေကျမေးခွန်းတစ်ခု ကျန်နေသေးတယ် ဘာဖြစ်လို့မမေးတော့တာလဲ'

ဆရာက မျက်မှောင်ကြုတ်ပြီး ပြုံးနေတယ်။

'ဘာများပါလိမ့်'

'ပမခက်အကြောင်း'

ကျွန်မတို့စကားကို ယုယ ကြားမှာပါ။ ကျွန်မ လောင်းရဲပါတယ်။

'ငါ ညည်းကို ကတိပေးထားတယ်လေ။ နောက်တစ်ခါ ငါတို့ကြားထဲ ဒုက္ခမရောက်စေရတော့ပါဘူး လို့။ ဒါကြောင့် ငါ မမေးတော့တာပါ။ ညည်းအဖြေရခက်မှာမဟုတ်လား'



'ဆရာ မမေးဘဲ နေနိုင်တယ်ပေါ့'

ဆရာက အသံထွက်ပြီး ခြောက်ကပ်ကပ် ရယ်ပါတယ်။

'အဲလိုနေနိုင်အောင် ငါက အစိုးရွံ့ရှာန်လာခဲ့ရတယ်ဟ။ အေသင့်ကို စိမ်းအကြောင်း လွှတ်ခနဲ မေးပြစ်ရင် ငါ့တစ်သက်မှာ အတမ်းတဆုံးကလေးတစ်ယောက်ကို ဘယ်တော့မှ ပြန်မတွေ့ရပါစေနဲ့။ မမေးဖြစ်ရင်တော့ မကြာခင်မှာ ပြန်တွေ့ပါရစေ လို့'

'အို'

ကျွန်မ ဆရာ့ကို သနားသွားမိတယ်။

ရယ်စရာမကောင်းဘူးလား။ နောက် ဆယ်ရက်လောက်မှာ ချမ်းသာတဲ့မိန်းမတစ်ယောက်နဲ့လက်ထပ်တော့မဲ့ နိုင်ငံခြားပြန် ဂုဏ်သရေရှိလုပ်ငန်းရှင်တစ်ယောက်ကို အခုပဲ အလုပ်ပြုတ်လာတဲ့ နောက်နေ့ ခရီးဝရိတ်တောင် ပသေချာတဲ့ ပိန်းကလေးတစ်ယောက်က သနားသတဲ့။ ဘယ်လောက်များ ကမောက်ကမ နိုင်လိုက်တဲ့ လောကကြီးလဲနော်။

ဆရာ့ကားလေး ထွက်သွားတော့ ကျွန်မ လက်ပြပြီး အိပ်ထဲပြန်ဝင်ရင်း ဟိုဘက်အိမ်ဆီကို မျက်လုံးဝေ့ကြည့်လိုက်တယ်။

ယုယက အိမ်ခြံဝန်းစည်းရိုးတိုင်တွေနောက်ကနေ ကျွန်မကို လှမ်းကြည့်နေရာက ဗြုန်းခနဲ မျက်နှာလွှဲပစ်လိုက်တယ်လေ။

ယုယ ကျွန်မကို စိတ်ကောက်နေတုန်းပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



✉ သို့–အေသင် athin@cartooners.com
မှ–ခက် ksn@mail4U.com
အကြောင်းအရာ–သူလာသွားတယ်။

အေသင်
အေသင်က ဥာဏ်သာကို မမအိမ်ခေါ်လာခဲ့တဲ့အကျိုးဆက်တော့ ပေါ်လာပြီ။ မမ အခုတော်တော် စိတ်ညစ်သွားရတယ်။
အေသင့်ကို မမစိတ်ဆိုးလို့ ပြောတာမဟုတ်ဘူးနော်။ ဒါပေမဲ့ မမအိမ်ကို သူ လိုက်လာတယ်။ သူညီကပြောလိုက်တာပေါ့။ မမ အိမ်ပြောင်းမယ်လို့တောင် စိတ်ကူးမိတယ်။ အေသင်နဲ့များ တွေ့မယ်ဆိုရင် မမကို မနှောင့်ယှက်ပါနဲ့လို့ ပြောလိုက်စမ်းပါကွယ်။
နောက်ပြီး မမ ဘန်ကောက်မှာကျောင်းသွားတက်မဲ့အကြောင်း ညီမ သူ့ကို ပြောလိုက်မိသလား။
ချစ်တဲ့
ခက်

..............................................................................................................

✉ သို့–ဥာဏ်သာ eagle@myanmar.com.mm
မှ–အေသင်@cartooners.com
အကြောင်းအရာ–ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်။

ဥာဏ်သာ
နင့်ကို ငါ အရမ်းစိတ်ဆိုးတယ်။ နင်ဘာဖြစ်လို့ မမခက်နေတဲ့အိမ်လိပ်စာကို ဆရာ့ကို ပြောလိုက်ရတာလဲ။ နင့်ကို ငါသေသေချာချာ



မပြောဘူးလား လို့မှာထားပေးပါလို့။ နင်ဟာလေ တော်တော်မယုံကြည်ရတဲ့လူ အမျိုးအစားပါလား။ နင့်ကြောင့် ငါမမခက်ကို ဘယ်လောက် မျက်နှာပူရလဲ။ တော်ပြီ နင့်ကို ငါ သူငယ်ချင်းအဖြစ်ကနေ ရပ်စဲလိုက်ပြီ။ တို့သူငယ်ချင်းစာရင်းမှာ ဥာဏ်သာဆိုတာ မပါတော့ဘူး။
နင့်ကို မုန်းတယ်။
အေသင်

..............................................................................................................

✉ သို့–အေသင်@cartooners.com
မှ–ဥာဏ်သာ cagle@myanmar.com.mm
ပြန်စာ–ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်

ချစ်သော အေသင်
တောင်းပန်ပါတယ်ဟာ။
ဒီတစ်ခါလေးပဲ နင့်အပေါ် ကတိဖျက်ဖူးပါတယ်။ အိမ်မှာ ကိုကို တစ်ယောက် သောင်းကျန်းနေလွန်းလို့ လုပ်ရတာပါ။ အေသင် မသိဘူးနော်။ ကိုကိုဘယ်လောက် ကြုံးဝါးနေတယ်ဆိုတာ။ မေမေ့ကိုလည်း ခြိမ်းခြောက်နေတာ။ သူကောင်မလေး ယောကျ်ားမယူတဲ့နိုင်ပဲ ... ယူသွားပြီလို့ ပြောထားခဲ့လို့တဲ့။ အခုငါလည်း လိပ်စာပေးလိုက်ရော သူ ငြိမ်သွားရော။
ငါ့ကို စိတ်မဆိုးပါနဲ့နော်။
မုန်းလည်းမမုန်းလိုက်ပါနဲ့ Pleaseeee!
စစ်မှန်သော
ဥာဏ်သာ

www.burmeseclassic.com

www.burmeseclassic.com



✉ သို့-ခက် ksn@mail4U.com.mm
မှ-အေသင်@cartooners.com
ပြန်စာ-သူလာသွားတယ်

ဆရာမ
သမီးကြောင့် ဆရာမ စိတ်အနှောင့်အယှက်ဖြစ်သွားရပြန်ပြီနော်။ သမီးကိုခွင့်လွှတ်ပါ။ ဉာဏ်သာ့ကို သမီးပြောထားပါတယ်။ လျှို့ဝှက်ထားပေးပါ လို့။ သမီးစကားကို သူနားမထောင်ဘူး။
ဆရာမကို သမီး အရမ်းကို အားနာတာပဲ။ သမီးကို ပေးချင်တဲ့ အပြစ်ပေးပါ သမီး နာခံပါ့မယ်။ သမီးကိုတော့ မမုန်းပါနဲ့ဆရာမရယ်။ အိမ်ပြောင်းတယ်ဆိုရင် သမီးတို့ကို လိပ်စာမပေးတော့ဘူးလားဟင်။
ဆရာမကို သမီးလွမ်းနေမှာ။
ဆရာမနဲ့ မတွေ့ရရင် သမီးတော့သေမှာပဲ။
ချစ်ခင်လေးစားစွာ
အေသင်

ပီအက်စ်
ဟုတ်ကဲ့ဆရာမ သမီးက ဆရာမ စကောလားရှစ်ရလို့ ဘန်ကောက်မှာ ဘွဲ့လွန်တက္ကသိုလ်သွားတက်မဲ့အကြောင်း ဉာဏ်သာ့ကို ကြွားလိုက်မိတယ်။
အဲဒါလည်းသမီး အမှားပါပဲ။
သမီးကို ခွင့်လွှတ်ပါ နော်။

.................................................................





✉ သို့-အေသင်@cartooners.com
မှ-ခက်ksn@mail4U.com.mm
ပြန်စာ-သူလာသွားတယ်

အေသင်
ညီမကို မမက ဘာဖြစ်လို့မုန်းရမှာလဲ။ မမဘယ်သူ့ကိုမှ မမုန်းပါဘူး။ ပြီးခဲ့တာတွေကို မမ ဘယ်တော့မှ ပြန်မစဉ်းစားဘူး။ ရှေ့ကိုပဲသွားတယ်။
ဒါပေမဲ့ ပြန်လည်းမကြည့်ချင်ဘူး။ တွေးလည်းမတွေးချင်ဘူး။ မမအပေါ်ထားတဲ့ အေသင့်မေတ္တာကို ခန့်မှန်းမိပါတယ်။ အဲဒီမေတ္တာ အတွက် ညီမကို မမ ကျေးဇူးတင်ပါတယ်။
ဒါပေမဲ့ လောကကြီးမှာ ဆိတ်ကွယ်ရာဆိုတာ မရှိပါဘူး ညီမရယ်။ မမ ဘယ်အရာကိုမှ ဖုံးကွယ်ဖို့ မကြိုးစားပါဘူး။ သူ့အကန့်နဲ့သူ ထားပစ်ခဲ့တဲ့သဘောပါ။ ဖွင့်ကြည့်ဖို့လိုတဲ့အကန့်ကို ဖွင့်ကြည့်မယ်။ မလိုရင် ပိတ်ထားမယ်။ ဒဏ်ရာတွေနဲ့သွေးချင်းချင်းနီနေတဲ့အကန့်ကိုတော့ ဘယ်တော့မှ ပြန်ဖွင့်မကြည့်ချင်ဘူး။

ချစ်တဲ့
ခက်

.................................................................



www.burmeseclassic.com

www.burmeseclassic.com



✉သို့-ခက် ksn@mail4U.com.mm
မှ-အေသင် athin@cartooners.com
ပြန်စာ-သူလာသွားတယ်

ဆရာမ
ဉာဏ်သာတို့အမေက ဉာဏ်သာ့အစ်ကိုကို သူ့ကောင်မလေး ယောကျ်ားယူသွားတယ်လို့ ပြောထားတာတဲ့။ ဒီအကြောင်းတွေကို ဆရာမ မသိချင်ဘူးဆိုတာတော့ သမီး သိပါတယ်။ ဒါပေမဲ့ သမီး မသိဘူးလေ။ အဲဒါကို သိလိုက်ရလို့ အပြောင်းအလဲတစ်ခုခု ဖြစ်သွားချင်လည်း ဖြစ်သွားမှာပေါ့။
ဆရာမပိတ်ထားတဲ့ သွေးချင်းချင်းနီနေတဲ့အကန့်ရဲ့ တံခါးကို သမီး အတင်းတွန်းဖွင့်တာမဟုတ်ပါဘူးနော်။
ဆရာမ စိတ်ရွှင်လန်းချမ်းမြေ့ပါစေ။
ချစ်ခင်လေးစားလျက်
အေသင်

............................................................

✉ သို့-အေသင်athin@cartooners.com
မှ-ဉာဏ်သာ nthar@eagle.com.mm
အကြောင်းအရာ-တောင်းပန်ပါတယ်။
အေသင်
တို့ တောင်းပန်တယ်နော်။ တို့ကို ခွင့်လွှတ်ပါ။ အကြာကြီးစိတ်မဆိုးနဲ့ဟာ။နော်။
ကိုကိုတို့ ရုံးမှာ ထူးခြားနေတာတစ်ခုရှိတယ်။ အဲဒါ ငါကြံစည်တာ။ နင်သိချင်ရင် ပန်းမြမှုန်ကိုမေး။





စစ်မှန်သော
ဉာဏ်သာ

............................................................

✉ သို့-ပန်းမြမှုန်<hami@mptmail.net.mm
မှ-အေသင်@cartooners.com
အကြောင်းအရာ-အရင်အတိုင်းပဲလား
မှုန်
နင်တို့ကို ငါ ခဏခဏသတိရတယ်။ အရင်အတိုင်းပဲလား။ ငါအခု အင်တာနက်ကဖေးတစ်ခုကို ရောက်နေလို့ စာလှမ်းရေးလိုက်တာပါ။ အရေးမကြီးပါဘူး။ မအားရင် စာမပြန်ပါနဲ့။ ငါအခု ကလေးတွေကိုပဲ စာသင်နေတယ်လေ။ မဆိုးပါဘူး။ တစ်လကို စုစုပေါင်းသုံးသောင်းလောက်တော့ရပါတယ်။
ချစ်တဲ့
အေသင်

............................................................

✉ သို့-အေသင်@cartooners.com
မှ-ပန်းမြမှုန်<hami@mptmail.nct.mm
ပြန်စာ-အရင်အတိုင်းပဲလား
အေသင်
သတင်းကောင်း၊ ငါလဲ နင့်ဆီကို စာရေးတော့မဲ့ဆဲဆဲဟာ။ ဒေါ်သေးမျှင် အလုပ်ထွက်သွားပြီ၊ ဘာကြောင့်လဲတော့ ငါ မသိဘူး။ ဆရာဆူလိုက်တာတော့ သိတယ်။ အခုတလော ဆရာ သိစိတ် တိုနေတယ်။အရင်တုန်းက သည်းညည်းခံခဲ့တဲ့အသေးအဖွဲလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို အခု တအား စိတ်ဆိုးနေတာပဲ။
အပြောင်းအလဲကတော့ အဲဒါပဲ။ ကျန်တာတွေအားလုံး အရင်အတိုင်းပဲ။ ငါတို့အားလုံးက နင့်ကိုလွမ်းနေကြတာပေါ့။
ချစ်သော
မှုန်

..................................................................................................

✉ သို့-အေသင်athin@cartooners.com
မှ-ဉာဏ်သာ nthar@eagle.com.mm
အကြောင်းအရာ-အေသင့်အတွက်
ချစ်သောအေသင်
တို့ကို ဘာဖြစ်လို့ စာမပြန်တာလဲ။
နေလည်တုန်းကအေသင်တို့အိမ်ဘက်ကို တို့ရောက်သေးတယ်။ အေသင်မရှိဘူး။ ဘယ်တွေ လျှောက်သွားနေတာလဲ။
တို့မှာတော့ အေသင့်အတွက် ကြိုးပမ်းလိုက်ရတာ။ အေသင်တို့ရုံးက ဒေါ်သေးမျှင်ရဲ့ အကောက်ကြံမှုတွေကို ဖော်ထုတ်ဖို့လေ။ နယ်ပွဲတစ်ပွဲတောင် ဖျက်ပစ်လိုက်တယ်။ အဲဒါ အေသင့်အတွက်လေ။ အေသင် အလုပ်ထွက်လိုက်ရသလို သူ့ကိုလည်း အလုပ်ထွက်လိုက်ရစေချင်လို့။
အခုသူအလုပ်ထွက်သွားရပြီ။ သိလားအေသင်။ အေသင့်အမှုနဲ့တော့ ဘာမှမဆိုင်ပါဘူး။ တို့ရှာတာက အေသင်လက်ခံထားလိုက်တဲ့ ကိုကို့အပ္ပိုင့်မင့်ကိစ္စကို ဒေါ်သေးမျှင်ကို ပြောခဲ့သေးတယ် ဆိုတဲ့ သက်သေကိုရှာတာ။ မတွေ့ဘူးအေသင်ရဲ့။ ဘာကို သွားတွေ့လဲဆိုတော့ အလုပ်လျှောက်တဲ့ကောင်မလေးတွေဆီကနေ ငွေ တောင်းထားတာ။ အဲဒါတွေ သွားတွေ့တယ်။ ဒါနဲ့ တို့က ကိုကို့ကို



သက်သေခံအထောက်အထားတွေ သွားပြလိုက်တာပေါ့။
သိတယ်မဟုတ်လား။ ကျန်တာကတော့ လွယ်သွားပြီလေ။
တို့က ကိုကို့ကို ပြောပစ်ခဲ့တယ်။
အေသင့်တုန်းကလည်း အေသင့်ကိုချည်း သူအပြစ်ပုံချခဲ့တာလို့။
အေသင်ဟာ ဘယ်တုန်းကမှ မလိမ်ခဲ့ဖူးဘူးလို့။
ကိုကိုက သူ့ရုံးနာမည်ဆက်ပျက်မဲ့ကိစ္စကနေ လွတ်သွားအောင် ကူညီပေးလို့ တို့ကို ကျေးဇူးတင်နေတယ်။
ပြီးတော့ ပြောလိုက်သေးတယ်။ အေသင် မညာတတ်ဘူးဆိုတာ ကိုကို သိပါတယ်တဲ့။
မမှုန်းပါနဲ့အေသင်ရယ်။ ဉာဏ်သာက အေသင့်အတွက် အနာဂတ်မှာ တစ်နည်းနည်းနဲ့တော့ အသုံးတည့်မှာပါ။ နော်။
စစ်မှန်သော
ဉာဏ်သာ

ပီအက်စ်
အရေးကြီးတာတစ်ခုပြောဖို့ ကျန်သွားတယ်။
ကိုကိုလေ။ အခုမေမေနဲ့ အကြီးအကျယ်ကွိုင်တက်နေတယ်။ မိန်းမယူမယ် ကတိပေးပြီးခါမှ ဖိတ်စာတွေတောင် မှာပြီးခါမှ မယူတော့ဘူးလုပ်နေလို့။
သူတို့ဖိတ်စာက ဈေးသိပ်ကြီးတာပဲ။ တစ်စောင်ကို ငွေ၅၀၀၀ကျပ်တဲ့ဟာ။ ငါပြင့် နှမြောလိုက်တာ။ ဖိတ်စာ၁၀၀မို့ ငွေ ငါးသိန်းတောင်နော်။ ပလုံ။

www.burmeseclassic.com

www.burmeseclassic.com

အ=အချိန်တွေကို နမြောမိတယ်။

ဥက္ကာသာဟာ ကျွန်မအတွက် တစ်နည်းနည်းနဲ့ အသုံးတည့်ပါတယ်။

ညကဆို ဥက္ကာသာ့ကြောင့် ကျွန်မတို့အားလုံး စိတ်သက်သာရာရကြတာ။

ညက တစ်ညလုံး မအိပ်လိုက်ရပါဘူး။

ယုယတို့အမေ ပူးလဲလို့လေ။

သူတို့အိမ်က ဆူဆူညံညံအသံတွေ ကြားရတဲ့အချိန်က ညဥ့်တော်တော်နက်နေပြီ။ အော်သံဟစ်သံ ငိုသံတွေနဲ့ပေါ့။ ပထမတော့ ကျွန်မက ခါတိုင်းလိုပဲ ရန်ဖြစ်ပြန်ပြီလို့ ထင်တာပေါ့။ ဒါပေမဲ့ ဦးပိုက်ထွေး အရက်မူးပြီး မဆဲတာ မအော်တာကြာပြီ။ ဦးပိုက်ထွေးကြည့်ရတာ တော်တော် အိန္ဒြေရနေတာပါလို့တော့ တွေး မိတယ်။

နောက်တော့မှ ကျွန်မတို့ခြံဝန်းတံခါးကို တဂျောင်းဂျောင်း လာဆွဲသံကြားရတယ်။ ကျွန်မ ဆရာပေးထားခဲ့တဲ့ အင်္ဂလိပ်စာအုပ်တွေကို ဖတ်နေတုန်းရှိသေးတယ်။

ကျွန်မ အိမ်ရှေ့ပြတင်းပေါက်ကနေ အပြေးအလွှားလှမ်းကြည့်လိုက်တော့ ဖန်သီးမီးရောင် ခပ်မှိန်မှိန်အောက်မှာ ယုယကို မြင်ရတယ်။

'အေသင် အန်တီစမ်းရှိလား။ ငါတို့အမေ ပူးလဲသွားလို့ လာကြည့်ပေးပါဦးလို့။ လေဖြတ်တာလားမသိဘူး'

'အေးအေး'

ကျွန်မ အိပ်ခန်းထဲ အပြေးပြန်ဝင်ပြီး မေမေ့ကို နိုးရတယ်။

နောက်ပြီး ကျွန်မတို့မောင်နှမတွေနဲ့ မေမေ သူတို့အိမ်လိုက်





သွားကြတယ်။

ယုယတို့အိမ်ထဲကို ကျွန်မ သေသေချာချာတစ်ခါမှ မဝင်ဖူးပါဘူး။ သူတို့အိမ်က ကျွန်မတို့အိမ်ထက် ပိုပြီးကျဉ်းတယ်။ ဒါပေမဲ့ သိပ်ရှုပ်ပွမနေဘူး။ ဦးပိုက်ထွေးက ခုတင်ပေါ်မှာ ဒေါင့်ဖြတ်အတိုင်း လှဲအိပ်နေတယ်။ ယုယအမေက တရှုတ်ရှုတ်ငိုလို့။ ဘေးမှာတော့ ယုယညီမလေးက မျက်နှာငယ်လေးနဲ့ သူ့အမေကိုကြည့်လိုက် သူ့အဖေကိုကြည့်လိုက်ပေါ့။ မေမေက လူနာကို ကိုင်ကြည့်ရင်း လူနာရှင်တွေကို ပြန်ချော့နေရတယ်။

'ကျွန်မတို့လဲ တတ်တော့မတတ်ဘူးပေါ့။ ဒါပေမဲ့ ဒါကတော့ လေဖြတ်ချင်တာနဲ့ တူတာပဲ။ ဆေးရုံတင်ကြမှဖြစ်မယ် နောက်မကျခင်'

ဆေးရုံတင်တာက ဟုတ်ပါရဲ့။ ကျွန်မတို့နီးနီးနားနားမှာ ကားငှားလို့ရပါ့မလား။ ဘယ်ဆေးရုံကို တင်မလဲ။ ပြနေကျဆရာဝန်ရှိလား။

ဟိုမှာ လူနာက သတိလစ်နေပြီ။ ဆေးရုံကို တင်ကို တင်မှဖြစ်မှာ။

'အရေးပေါ်ကျန်းမာရေးကိစ္စဆိုရင် ငါတို့ ဒဂုန်က ဘယ်မြေးလို့ ပြေးရမှန်းမသိဘူး သိပ်ဝေးတာပဲ'

မမဟေမာက ပူပူပင်ပင် ပြောတယ်။

ယုယကတော့ ဆေးရုံကြီးပဲ ပြချင်တယ်လို့ ပြောတယ်။ ကျွန်မကတော့ ဆေးရုံကြီးကို မကြိုက်ဘူး။

'ကဲ ဘယ်ဆေးရုံတင်တင် အဓိကက ကားရှိမှဖြစ်မှာ'

မေမေကပြောတော့ ယုယက လမ်းဒေါင့်က အငှားကား ဆွဲတဲ့အိမ်ဆီကို ပြေးမယ်ဆိုပြီး ပြေးတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဟ နေအုံး။ အဲဒီကားက ညကျရင် တောင်ဥက္ကလာမှာ ထား ခဲ့ရတာတဲ့ ' ကိုဖေယျာကလှမ်းအော်တော့ ယုယ ခြံဝင်းအပြင်မှာ တုန့် ရပ်သွားတယ်။

'ဟာ ခုက္ခပဲ ငါ ဘာလုပ်ရမလဲ'

တစ်ခါမှ ဒီလောက် ပူပင်သောကရောက်တဲ့ယုယကို ပမြင် ဖူးပါဘူး။

ကျွန်မလေ ကားပိုင်တဲ့သူငယ်ချင်းတောင် မရှိကောင်းလား လို့ ကိုယ့်ဘဝကိုယ် အားငယ်လိုက်တာ ပပြောပါနဲ့တော့။ အော် ယုယ ခမျာ အမေဆိုတော့ ပူမှာပေါ့။

ဦးပိုက်ထွေးကြီး သတိလစ်နေတာကြည့်ပြီးတော့လည်း ကျွန်မ စိတ်မကောင်းဘူး။

သူက အခုတလော သိပ်မဆဲတော့ဘူး။ ဘော်ဒီရုံကိုအသွား မှာလည်း အရက်မသောက်တော့ဘူး။ ညညမှာတော့ ဆိုက်ကားကြီး ကျိုဆိုပြီး ရပ်ရပ်လာတာ ကြားရသေးတယ်။ ဒါပေမဲ့ သူဆဲတဲ့အထဲမှာ ယုယ နာပည်မပါတော့သလိုပဲ။

ယုယက သူ့အမေအပေါ်စိတ်တိုတာတွေကို မှိုချလိုက်တယ် တဲ့။ မမခက်ပြောသလို အရင်ကထက်ပိုပြီး ဂရုစိုက် လေးစားပြလိုက်တာ ပေါ့။ ညအိပ်ရာဝင်တောင်မှ အမေနဲ့အပေကို ကန်တော့ပြီးမှသူအိပ်တယ် ပြောတယ်။

'ပထမတော့ သူ့ကို တစ်ခါမှ မကန်တော့ဖူးဘဲနဲ့ ထူးထူး ဆန်းဆန်းအိပ်ရာဝင်ကန်တော့တော့ အမေ အံ့တွေသြလို့။ နောက်တော့ အမေ ကျေနပ်သွားတယ်ထင်တာပဲ' လို့ ယုယက ပြောဖူးပါတယ်။

'အမေက ဒေါသဖြစ်လို့ဆဲတာကိုးဟ။ ဒေါသဖြစ်စရာနည်း သွားရင် ဆဲတာလည်း နည်းမှာပေါ့။ အနည်းဆုံးဟာ အမေစိတ်တိုင်း



မကျတဲ့လူတွေထဲမှာ ငါပပါတော့ ငါ့အတွက် ဒေါသထွက်ရတဲ့အကြိမ် တော့ နည်းသွားမှာပေါ့။ မဟုတ်ဘူးလား'

မမခက် ပျောင်းဖျလို့ အမေ့အပေါ်မှာ နားလည်သိတတ်လာ တဲ့အချိန်ကျမှ အခုလို ဖြစ်ရတော့ ယုယ ဆွေးမှာပေါ့။

ကျွန်မအထင်တော့ ဦးပိုက်ထွေးကြီးက သူ့သားယုယအပေါ် နည်းနည်းတော့ အထင်ကြီးလာမှာပါ။ သူ့မိသားစုဝန်းကျင်မှာ သူလေး စားလောက် တဲ့လူ ရှိမှမရှိခဲ့တာ။ အခု ယုယရဲ့အဆင့်က သိပ်မနိမ့်လှ ဘူးဆိုတာ သူသိရောပေါ့နော်။

အို သူတို့မိသားစု စိတ်ချမ်းသာစေချင်ပါတယ်။

ကားအဆင်ပြေမဲ့သူတွေကို စဉ်းစားကြည့်တော့ ပထမဆုံး မမခက်။ ဒါပေမဲ့ မမခက်က ကားကို တစ်ခါတစ်ခါမှ ယူမောင်းတာ။ ညကျတော့ သူ့ ကျောင်းအုပ်အိမ်မှာပဲ ပြန်ပို့ရတာ။ မဖြစ်သေးဘူး။

ဆရာဆိုရင်ကော။ လိုတဲ့အကူအညီတောင်းပါ တဲ့။ မနေ့ တစ်နေ့ကပဲ ပြောသွားတာ။ ဟင့်အင်း ကျွန်မ မပြောရဲဘူး။

ဉာဏ်သာ။ အို ဉာဏ်သာရှိတာပဲ။

ဉာဏ်သာဆိုရင် ကျွန်မတို့ကို ကူမယ်ထင်တယ်။ ဒါပေမဲ့ ဉာဏ်သာတို့က အင်းယားမြိုင်လမ်းမှာ အိမ်လေး။ သူကူညီချင်တယ် ဆိုရင်တောင် အဝေးကြီး။ အို နေဦး သူ့သူငယ်ချင်းတစ်ယောက် မြောက်ဥက္ကလာရတနာကျွန်းအိမ်ယာမှာ နေတယ်လေ။ အဲဒီသူငယ် ချင်းကို သူ အကူအညီတောင်းပေးလို့ရတာပေါ့။ ညတစ်နာရီကြီးမှာ လား။ အို မတတ်နိုင်ဘူး။ သူတို့က မြန်မာနိုင်ငံဟစ်ပေါ့အဖွဲ့ အဖွဲ့ဝင် တွေပဲ။ သူတို့က တစ်ယောက်အတွက်ဆို တခြားတစ်ယောက်က ကူညီပေးနေကျတဲ့။ စည်းလဲ စည်းလုံးတယ်တဲ့။

'နေဦး ယုယ တယ်လီဖုန်းအိမ်က အန်တီကြီးနဲ့ ခင်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေး'

ကျွန်မ ဘာပပြောညာပပြောနဲ့ သူ့ကို လာ ဆိုပြီး အန်တီစိန် အိမ်ကို ပြေးတော့တာပေါ့။ ဟိုရောက်တော့မှ နိုးပြီး မှန်းဆက်ဖို့ ခွင့်တောင်း။ ပြီးတော့ ဉာဏ်သာ့ဆီဆက်ရတယ်။ တော်ပါသေးရဲ့။ ဉာဏ်သာ အိမ်မှာရှိနေပေလို့။ နယ်များထွက်နေရင် ပြီးပါလေရော။ ဉာဏ်သာက လျှောလျှောရှုရှုပါပဲ။ သူငယ်ချင်းကားကို အမြန်လာခိုင်းလိုက်တယ်။ ပြီးတော့ သူက ဆေးရုံမှာ အဆင်သင့် လာစောင့်နေတယ်။

သူငယ်ချင်းဆိုတာက ဉာဏ်သာနဲ့အတူ တစ်ပွဲ့တည်းသားပေါ့။ တီးတိုးလေ။ အို ဘာပြောကောင်းမလဲ။ ကျွန်မရဲ့ညီမလေးတွေ ဒါလီနဲ့ အိအိရော ယုယရဲ့ညီမလေး မိထက်ရော တီးတိုးကို လူအတိုင်း ပြင်တွေ့ရလို့ စိတ်လှုပ်ရှားတက်ကြွနေကြတော့တယ်။ ကိုဇေယျာနဲ့ ယုယက လူနာကို မွေ့ချီကြတုန်း သူတို့က တီးတိုးကို ကွက်ကြည့် ကွက်ကြည့်နဲ့။ ကျွန်မမှာ အားနာလိုက်တာလေ။

ကျွန်မမှာ သောကရောက်နေတဲ့လူနာရှင်တွေကိုလဲ အားနာ၊ မျောက်ပွဲကြည့်သလို ပေါ်တင်ကြည့်ခံနေရတဲ့ တီးတိုးကိုလဲ အားနာ။

ဆေးရုံက အထူးကုပုဂ္ဂလိကဆေးခန်းကြီးပေါ့။ ကျွန်မတို့မှာ ပါလာတဲ့ပိုက်ဆံက မိသားစုနှစ်စုပေါင်းလိုက်ရင် ငါးသောင်းကျော်ကျော်ရတယ်။ ဆေးရုံမှာ စပေါ်တင်ရမှာက သုံးသောင်းတဲ့။ ဆေးဝယ်တာတို့ ဘာတို့ အဲဒီထဲကနေ နှိမ်သွားမှာတဲ့။ ချက်ချင်းပဲ ထိုးလိုက်တဲ့ သွင်းလိုက်တဲ့ဆေးတွေကလဲ ပနည်းပါဘူး။ ဉာဏ်သာက ပြောတာတော့ ဒီနေ့ညအတွက်တင် သုံးသောင်းနီးပါးကုန်နိုင်တယ်တဲ့။ အေးလေ သူ့အစ်ကိုက ဆရာဝန်ဆိုတော့ ဆေးခန်းကိစ္စတို့ ဆေးတန်ဖိုးတို့ ဆရာဝန်ကြေးတို့ကို သူက ပိုသိမှာပေါ့။ ပနက်ဖြန်ထပ်ပေးရမဲ့ငွေကို ယုယ ဘယ်လိုရှာပါ့ပလဲ။

ကိစ္စမရှိပါဘူးလေ။ နောက်နေ့ကျတော့ တစ်ခုခုစီစဉ်တာ



ပေါ့။ အခုလောလောဆယ်တော့ လူနာကို တတ်ကျွမ်းတဲ့သမားတော်ကြီးတွေနဲ့ တင်လိုက်ရပြီ။ စိတ်ချသွားပြီ။

ဉာဏ်သာကလဲ ယုယကို အရင်တုန်းက မကြည်လင်တာတွေဘာတွေ မေ့ထားပြီး ကျွန်မ စိတ်ချမ်းသာအောင် အကုန်လုပ်ပေးတယ်။ ယုယကလဲ ဉာဏ်သာ့ကို ဆွဲထိုးချင်တဲ့စိတ်တွေဘာတွေ ပျောက်နေရောပေါ့။ ဉာဏ်သာက ဦးပိုက်တွေးကို ကြည့်ပေးတဲ့ အထူးကုသမားတော်ကို ကျွန်မတို့နဲ့ ပိတ်ဆက်ပေးလိုက်သေးတာကိုး။

'သူက ယုယတဲ့ဆရာ ကျွန်တော့်သူငယ်ချင်းပါ။ လူနာရဲ့သားပေါ့။ သူကတော့ အေသင်။ ကိုကို့တာပည့်လဲဟုတ်တယ်။ ကျွန်တော့်သူငယ်ချင်းလဲဟုတ်တယ်'

ဉာဏ်သာတို့အဖွဲ့ကို ကျွန်မ အမှတ်တွေ အများကြီးပေးလိုက် ပြီ။ အထူးသဖြင့် ဉာဏ်သာ့ကိုပေါ့။ သူ့မှာ အဆင့်အတန်းခွဲခြားတဲ့စိတ်လုံးဝပရှိဘူး။ သူများကို ကူညီပေးဖို့ လုံးဝ ဝန်မလေးဘူး။ ညသန်းခေါင်အိပ်ရာကထပြီး အရေးပေါ်ကူညီရလို့လဲ တစ်ချက်မှ မျက်နှာမပျက်စေရဘူး။

'ကျေးဇူးတင်လိုက်တာ ဉာဏ်သာရယ်'

ကျွန်မရော ယုယရော ဉာဏ်သာနဲ့ တီးတိုးကို အထပ်ထပ် ကျေးဇူးတွေတင်မိကြပါတယ်။

'ကျေးဇူးပတင်ပါနဲ့ဟာ ဒါလောက်ကတော့ ဘယ်သူမဆို လုပ်ပေးမှာချည်းပါပဲ'

လူနာကို စောင့်ဖို့ ကျန်ခဲ့ရမဲ့တစ်ယောက်ကို သူတို့ ရွေးနေတဲ့ အချိန်မှာ မနက် လေးနာရီထိုးပြီးနေပြီ။ ယုယက သူစောင့်ချင်နေတယ်။ သူ့အမေက ယုယက ရုံးသွားရမဲ့သူဆိုပြီး သူပဲ စောင့်ပေးချင်တယ်။

သူတို့တွေအလုပ်ရှုပ်နေတုန်း ဉာဏ်သာက ကျွန်မကို တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com

လေး စကားလာပြောတယ်။

'အေသင် တို့ကို အလကားနေရင်း စိတ်ဆိုးမနေနဲ့။ တို့က မကြာခင်မှာ ကျောင်းသွားတက်ရတော့မှာ။ သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင်နေရတဲ့အချိန်လေးက တိုတိုလေးရယ်။ ပြီးမှ အဲဒီ အချိန်တွေကို ပြန်လိုချင်လို့မရဘူး။'

'အမယ် ဒဿနတွေဘာတွေထုတ်လို့ပါလား။ ဘယ်အချိန်တုန်းကတည်းက ပညာရှင်ဖြစ်သွားပါလိမ့်'

သူ့ကို အထင်မကြီးဘူးဆိုတာ ပြနေကျ ပြောနေကျမို့ နောက်ပြောင်လိုက်မိပေမဲ့ သူပြောတဲ့စကားကြောင့် ကျွန်မနှလုံးသားကို ဆွဲထုတ်လိုက်ခံရသလိုပဲ နာကျင်ပြီးမှ လိုက်ဟာသွားပါတယ်။

ဟုတ်တယ်။ သူပြောတာ မှန်ပါတယ်။

ကျွန်မတို့တွေ့ရတဲ့အချိန်က နဲနဲလေး။ ဥက္ကာသာနဲ့ရော မမခက်နဲ့ရော ဝေးရတော့မှာပါ။ မမခက်ကတော့ တစ်နှစ်ကြာမှာ တဲ့။ ဥက္ကာသာကရော ဘယ်လောက်ကြာမှာလဲ။

'တို့ အဝေးကိုရောက်နေတော့မှ အော် ငါ ဥက္ကာသာ့ကို နှိုးထက်ပိုပြီး လိုက်လျောခဲ့မိရင် ကောင်းမှာပဲ ဆိုပြီးနောင်တတွေ ရမနေနဲ့ ဒါပဲ'

ကျွန်မ လှုပ်းချင်ချင် နှလုံးသားလေးက ချက်ချင်းပူရှိန်းသွားတယ်။

'ဘာ ဘာကို လိုက်လျောရမှာလဲ ဥက္ကာသာနော်'

'ဟာ အေသင်ကလဲ တို့ကအအေးသွားသောက်ရအောင်ဆို မသောက်ဘူးငြင်း၊ တို့က အိုင်စီတီပါ့ခ်သွားရအောင်ဆို ချိန်းပြီးမှ အူကြောင်ကြောင်နဲ့တစ်ယောက်တည်းသွား၊ အသေးအဖွဲ့မှုခင်းလေးတွေကို အကြီးကြီးဖြစ်အောင်ချဲ့ပြီး အတွေ့မခံ အဲဒါတွေ ပြောတာလေ'





ကျွန်မတို့အနားကို ယုယရောက်လာတာနဲ့ ဥက္ကာသာ့ကို ကြည့်လိုက်ပိတဲ့ မျက်စောင်းကို တစ်ဝက်တပျက်နဲ့ ပြန်သိမ်းလိုက်ရတယ်။ ဟုတ်တယ်လေ၊ ယုယက ကျွန်မနဲ့ဥက္ကာသာကို နဂိုတည်းက အမြင်မကြည်လင်ဘူး။

'ဥက္ကာသာနဲ့ တီးတိုး ကျေးရူးတင်လိုက်တာကွာ'

ယုယက နှစ်ယောက်လုံးကိုပေါင်းပြီး ကျေးရူးတင်စကားပြောတော့ ဥက္ကာသာက ရပါတယ် ဆိုတဲ့စကားကို သူတို့ ပြောနေကျပုံစံအတိုင်း ခေါင်းငေါင်းပြီး ပေးဆတ်ပြုံးရင်း ပြောတယ်။

ဥက္ကာသာက ကျွန်မတို့ကို လိုက်ပို့ပေးချင်နေသေးတယ်။ တီးတိုးက ပယ်ချပစ်တယ်။

'ဘာလုပ်ပလဲ ငါ့ကားနဲ့ ကြုံနေတာကို'

ဥက္ကာသာက ခေါင်းကုတ်ပြီး ပြုံးစပ်စပ်နဲ့ ကျန်ခဲ့တယ်။ ကျွန်မတို့ ထွက်လာတဲ့အချိန်အထိ ဥက္ကာသာ့ကား ဆေးရုံဝင်းထဲကနေ မထွက်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



၁၂-၈-၂၀၀၄ အေသင်မိုးလက်ခံရရှိသောပစ္စည်းများ။

၁။ ဉာဏ်သာ့ထံမှ အမှတ်တရပစ္စည်းများ
အမွေးပွအရုပ်ပေါင်း ၃၅ ရုပ်။
ဝန်ပြီခွေးရုပ် ၁-
အဝါရောင် တွိတီ ငှက်ရုပ် ၅
ဟဲလိုကစ်တီကြောင်ရုပ် ၄-
အိုင်လပ်ဗ်ယူ ဝက်ဝံရုပ် ၁၁
အိုင်လပ်ဗ်ယူ ကြောင်ရုပ် ၉-
ဘာဘီဗိုလ်မရုပ် အကြီး ၃- အသေး၂
တတိုလေးတစ်စောင်။

မောင်

အရမ်းကို လွမ်းနေမှာ။

အခုကတည်းက လွမ်းနေပြီ။

ချစ်သော

ဉာဏ်သာ





၂။ မမခက်က ထိန်းသိမ်းပေးရန်အပ်ခဲ့သော ပစ္စည်းများ
စာအုပ် ၁၁၃၂အုပ် (မြန်မာ ၂၃၈+အင်္ဂလိပ်၈၉၄ )
စာအုပ်စင် ၄ ခု-
အဝတ်သေတ္တာ ၁လုံး-
အတိုအထွာပစ္စည်းထည့်သေတ္တာ ၁လုံး-
ပစ္စည်းထိန်းသိမ်းခ(=တစ်နှစ်စာအိမ်လခ) တစ်သိန်းခွဲ။
စာတစ်စောင်။

ဦးမ အောင်

မမထားခဲ့တဲ့စာအုပ်ပေါင်း ၁၁၃၂ အုပ်ရှိတယ်။ ဦးမ တစ်နေ့တစ်အုပ် ပတ်ရင်တောင် ၃၆၅ အုပ်ပဲ ပြီးမယ်။ ဦးမ ဒါတွေကို တစ်နေ့တစ်အုပ် ပြီးမှာ မဟုတ်ဘူး။ ဒါကြောင့် အမျိုးအစားတွေ ခွဲပေးထားခဲ့တယ်။ အပြာရောင်အိတ်ထဲက ၁၀၆ အုပ်က ဦးမ အတွက် ပထမဦးစားပေးစာအုပ်တွေ။ အဲဒါတွေကို အရင်ပြီးအောင် ပတ်။ အဝါရောင်အိတ် ၂အိတ်ထဲက စာအုပ်တွေက ဒုတိယဦးစားပေး။ အစိမ်းရောင် အိတ်တွေထဲကတော့ တတိယဦးစားပေးပေါ့။

နေ့တိုင်း စာပတ်ပါ။

ကိုယ်လေ့လာသမျှကို အငယ်တွေကို ပြန်ဝေပေးပါ။

အပတ်စဉ် ကိုယ့်ပတ်ဝန်းကျင်အတွက် ကောင်းမှုတစ်ခုခု လုပ်ပေးပါ။

ချစ်တဲ့

ခက်



www.burmeseclassic.com

www.burmeseclassic.com

ISSUED BY
BANGKOK AIRWAYS
ဘန်ကောက်လေကြောင်း
NAME OF PASSENGER (NOT TRANSFERABLE)
KHET SEIN NWE MS
ခက်စိမ်းနွယ် မခိုင်

| TIME | STATUS | CARRIER | FLIGHT | CLASS | DATE |
|---|---|---|---|---|---|
| 1250 | YANGON-BANGKOK OK M | PG | 0702 | M | 15 SEP, 04 |
| 1135 | BANGKOK-YANGON OK M | PG | 0701 | M | 14 SEP, 05 |





အ=အခွင့်အရေးတစ်ခုတော့ ပေးချင်သေးတယ်။

ခက်စိမ်းမယ့်လေယာဉ်က ပီဂျီ ၇၀၂တဲ့။ နိုင်ငံခြားသွားတဲ့ လေယာဉ်လက်မှတ်ကို လွှန်ခဲ့တဲ့ တစ်ပတ်က ခက်ပြတော့မှ ပထမဆုံး အကြိမ် ကိုင်ကြည့်ဖူးတယ်။ အို သွားချင်လိုက်တာနော်။ ကျွန်မပြင့် နိုင်ငံခြားမပြောနဲ့ မန္တလေးတောင် လေယာဉ်နဲ့မသွားဖူးဘူး။

အင်းလေ အဲဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ခက်သွားမယ့်လေကြောင်းလိုင်းနဲ့ နေ့စွဲကို ကျွန်မ ဉာဏ်သာကို ပြောပြလိုက်တဲ့အပြစ်ပဲ။

ကျွန်မ ဘာဖြစ်လို့ ပြောလိုက်မိလဲဆိုတာ ကိုယ့်ကိုယ်ကို အသေအချာတော့မသိဘူး။ ဒါပေမဲ့ မျှော်လင့်ချက်ရေးရေးလေး တစ်ခုတော့ အာရုံထဲမှာ ရှိနေတယ်လေ။ ဖြစ်နိုင်ချေတစ်ခုပေါ့။

မပခက်နဲ့ ဆရာ့ကို ကျွန်မ တွေ့စေချင်နေတယ်။ ဆရာ့ကို အခွင့်အရေးတစ်ခုတော့ ထပ်ပေးဖို့ကောင်းမယ်လို့ ကျွန်မထင်တယ်လေ။ မမခက်က စိမ်းကားပြတ်တောက်လွန်းပါတယ်။

'ဉာဏ်သာ မပခက်က စက်တင်ဘာ၁၅ရက်နေ့ ထွက်မှာ ပီဂျီ ၇၀၂နဲ့ သွားမှာတဲ့'

ဉာဏ်သာ့ကို ပြောတော့ ဉာဏ်သာက 'အင် ဟုတ်လား'လို့ ပေးတယ်။ ပထပတော့ ကျွန်မ ဉာဏ်သာ့ကို ပသိလိုက်မသိဖာသာပဲ ပြောလိုက်တာပါ။ ဉာဏ်သာက ချက်ချင်းပဲ သူ့အစ်ကိုကို သတိရသွားတာ။

'တို့ကို ဘယ်နေ့လက်မှတ်ဝယ်ပေးထားလဲ ပသိဘူး။ ကိုကို လုပ်နေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဥက္ကာသာ့မျက်လုံးတွေ တောက်ပသွားတယ်။ သိတယ်မဟုတ်လား။ အားတက်သွားတဲ့ကလေးတစ်ယောက်ရဲ့ မျက်လုံးမျိုးလေ။ ဥက္ကာနီဥက္ကာနက် အကုန်ထုတ်သုံးတော့မဲ့ ညစ်ကျယ်ကျယ် မျက်နှာထားမျိုးပေါ့။

ပြီးတော့ လက်ဖျောက်တစ်ချက် တီးလိုက်သေးတယ်။

'ဟုတ်ပြီ အကြံရပြီ' တဲ့။

ဘာအကြံလဲ လို့ ကျွန်မ မမေးပါဘူး။ မေးစရာမလိုဘူးလေ။ အဲဒီအကြံက ကျွန်မ ဖြစ်စေချင်နေခဲ့တဲ့ စိတ်ကူးပဲ ဖြစ်မှာပါ။ သေချာတယ်။

သေချာတယ်။ ဆရာနဲ့ခက်နဲ့ တွေ့ကြရအောင် ဥက္ကာသာ စီစဉ်တော့မယ်။ ကြည့်နေ။

ဥက္ကာသာ့ကို သူ့အစ်ကိုကဖြစ်ဖြစ် သူ့အဖေကဖြစ်ဖြစ် လိုက်ပို့မှာပဲ။

'ဥက္ကာသာ'

သူက သူ့ထုံးစံအတိုင်းခေါင်းစောင်းငဲ့ပြီး မေးတစ်ချက် ဆတ်ပြတယ်။ 'ထားစမ်းပါ သိပါတယ်' ဆိုတဲ့ ဟန်လေ။

'မဟုတ်ဘူး ဥက္ကာသာရဲ့'

'ဟုတ်ပါတယ် အေသင်ရဲ့ တို့ အကြံအဖန်လုပ်ပါ့မယ်။ ပပစိမ်းသွားပဲ့ လေယာဉ်နဲ့ရအောင် တို့ ကြံဖန်ပါ့မယ်။ ဒါမှ ကိုကိုနဲ့ ပပစိမ်းနဲ့'

'ဒါပေမဲ့ လေယာဉ်ကွင်းမှာ ဥက္ကာသာတို့ မေမေက လိုက်ပို့မှာပဲ'

'ကျွတ်'

ဥက္ကာသာက နင် ငယ်ပါသေးတယ် ဆိုတဲ့ အကြည့်နဲ့ စုတ်





တစ်ချက် သပ်တယ်။

'တို့တာဝန် ထားလိုက်စမ်းပါ အေသင်ရာ။ အေသင့် တာဝန်က အေသင့်ဆရာပ စိတ်ပြောင်းပြီး ထွက်ခါနီးမှ လေယာဉ်ရက်ရွှေ့တာတို့ ပြောင်းတာတို့ ဖြစ်ခဲ့ရင် တို့ကို ချက်ချင်းပြော'

'အေး အေး အေးပါ'

ကျွန်မတို့နှစ်ယောက် ဥက္ကာနီဥက္ကာနက်တွေထုတ်ပြီး ပကောင်းကြံနေကြရလို့ ခွဲခွာခါနီး လွမ်းချိန်တောင် မရသလိုပဲ။

အဲ ဒါပေမဲ့ ကျွန်မ မပခက်ပြတဲ့ လေယာဉ်လက်မှတ်ကို ပြန်စဉ်းစားကြည့်တယ်။ မပခက်က လေယာဉ်လက်မှတ်ကို ဘာဖြစ်လို့ ကျွန်မကို ပြခဲ့တာလဲ။ သူ့လိုပဲ နိုင်ငံခြားကို သွားပြီး ကျောင်းတက်ချင်စိတ်ပေါ်လာအောင် အားကျစေချင်လို့လား။

ဒါမှမဟုတ် အင်း အဲဒီဒါမှမဟုတ်က တွေးကြည့်ဖို့ အားနာစရာကောင်းတယ်။ ကျွန်မက ဆရာနဲ့ မပခက်ကို တွေ့ခွင့်ရအောင် အမြဲတမ်း အကြံအဖန်လုပ်ပေးနေတာမို့ အခုတစ်ခါလဲ အကြံအဖန်လုပ်လို့ရအောင် လမ်းကြောင်းဖွင့်ပေးလိုက်တဲ့သဘောလား။

ဒါဆိုရင်

ဒါဆိုရင် ပမခက်အနေနဲ့ တခြားနိုင်ငံကိုသွားခါနီးမှာ ဆရာနဲ့ တွေ့ချင်စိတ်ရှိနေသလား။

တွေးကြည့်လိုက်တော့ ကျွန်မ တစ်ကိုယ်လုံးနွေးသွားတယ်။ ကျွန်မလေ မပခက်နဲ့ဆရာ့ကို ချစ်ချစ်ခင်ခင်ပဲ ဖြစ်စေချင်တယ်။ မာနတွေ၊ နောင်တတွေ၊ ရန်ငြိုးတွေ နာကျင်မှုတွေနဲ့ ဘဝတစ်သက်လုံး မကြေကွဲစေချင်ဘူးလေ။

အခုတော့ မပခက်က ခါးသီးပုန်းတီးမှုတွေ မကုန်နိုင်တော့ လောက်အောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဉာဏ်သာ့ကို ကြည့်နေရင်းနဲ့ ဟာ သွားပြီ လို့ လွှတ်ဆို ပါးစပ်က အော်လိုက်မိတယ်။

‘ဘာလဲ ဘာလဲ’

‘တကယ်လို့ မမခက်က ငါ့စိတ်ကိုစမ်းချင်လို့ လေယာဉ်လက်မှတ်ကို တပင်ပြုတာဆိုရင်ကော’

‘အဲဒါရော ဘာဖြစ်လဲ။ နင်တော့ နဲနဲ သိက္ခာကျတာပေါ့။ ဒါပေမဲ့ သိပ်အဆိုးကြီးတော့မကျပါဘူး။ နင်က ကိုကို့ဘက်ကနေ လုပ်ပေးနေကျပဲ’

‘အင်း မမခက်က သူ့စိတ်ထဲမှာ လောင်းကြေးထပ်ချင်ထပ်ထားလိမ့်မယ်။ ဒီကောင်မလေး သွားပြောမှာပဲဆိုတာမျိုးလေ။ အဲဒါဆိုရင်’

‘အဲဒါကော ဘာဖြစ်သေးလဲဟာ’

‘နောက်တစ်မျိုးဖြစ်နိုင်သေးတယ် ဉာဏ်သာ။ အဲဒါကတော့ ဟုတ်နေခဲ့ရင် တော်တော်မကောင်းဘူး။ မကောင်းတာက ဆရာ့အတွက်ပါ’

ကျွန်မ ဉာဏ်သာ့ကို ပြောရမှာ အားနာသွားတယ်။ ဒါပေမဲ့လဲ ပြောတော့ ပြောရမှာပဲလေ။

‘အဲဒီလေယာဉ်လက်မှတ်က အတု၊ တကယ် မမခက်သွားမှာက အဲဒီလေယာဉ်လက်မှတ်နဲ့ မဟုတ်ဘူးဆိုရင်ကော’

‘ဟင် လေယာဉ်လက်မှတ်အတု တို့ဖြင့် မကြားဘူးပါဘူး။ သူက ဘာဖြစ်လို့အတုလုပ်ပလဲ’

‘ကျွတ် ငါ့ကိုရော ဆရာ့ကိုရော ချွတ်ချင်လို့ပေါ့ဟာ။ မမခက်သွားမယ့်နေ့မှတ်လို့ ဆရာကလာစောင့်နေ မမခက်က အဲဒီအချိန်မှာ ဘန်ကောက်ကိုတောင် ရောက်ပြီးနေပြီဆိုတာမျိုး’





‘နိုး အဲဒါ လုံးဝမဖြစ်နိုင်ဘူး။ အေသင့်ဆရာမက ကိုကို့ကို ဘယ်လောက်ပဲ ခါးခါးတူးတူးမုန်းနေပါစေ။ လေယာဉ်လက်မှတ်လိမ်ပြီး အမှားသတင်းမပေးပါဘူး။ နောက်ပြီး လူတစ်ယောက်ကို ဒုက္ခပေးလောက်အောင် အဲဒီလောက်ထိ ခက်ခက်ခဲခဲ ကြိုးစားပုံသူမဟုတ်ဘူး’

အင် ဟုတ်သားပဲနော်။ ကျွန်မကလဲ ကြောင်ကိုကြောင်ပါတယ်လေ။ စိတ်ကူးယဉ်ပြီး လျှောက်တွေးကြည့်နေတော့တာကိုး။

အင်းလေ ဘာရည်ရွယ်ချက်နဲ့ပဲပြုပြု မမခက်နဲ့ဉာဏ်သာ လေယာဉ်တူမှ ဆရာနဲ့ သွားရင်းလာရင်း ဆုံဖြစ်ကြမှာ။

‘ဒါမှမဟုတ်လဲ လေယာဉ်ပေါ်တက်ခါနီး အေသင့်အပြုံးလေးကို မြင်သွားချင်တဲ့ တို့အတွက် ဆန္ဒပြည့်သွားအောင်’

‘အို တော်စမ်းပါ။ ပလီပလာစကားတွေ’

ဟုတ်တယ်။ ကျွန်မ ပျက်နှာတွေနွေးသွားတာပေါ့။

အင်း ဉာဏ်သာနဲ့ သုံးနှစ်တောင်ပေးရမှာ။ ဝဲဦးစားကြည့်လိုက်တော့ လွှမ်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အ=အဲဒီလိုအခါမျိုးမှာ ဘဝကို ဘယ်လိုတွယ်တာရမလဲ။

ကျွန်မနဲ့ဉာဏ်သာ ရင်ခုန်စွာစောင့်မျှော်နေရတဲ့နေ့ဟာ ကျွန်မဆီကို ညို့မှိုင်းပိတ်ဆီးတဲ့မိုးစက်တွေနဲ့အတူ ရောက်လာပါတော့တယ်။

မမခက်လေယာဉ်မပြောင်းဘူးဆိုတာကို လွန်ခဲ့တဲ့နှစ်ရက်က အတိအကျသိလို့ ဉာဏ်သာ့ဆီကို ဖုန်းဆက်ပြီး ဝမ်းသာအားရ အသိပေးလိုက်သေးတယ်။

ကျွန်မတို့နှစ်ယောက် အအေးဆိုင်မှာ အတူတူထိုင်သောက်ကြရင်းက နည်းဗျူဟာတွေ တိုင်ပင်ကြပါတယ်။

မမခက်က ဝီရိယကောင်းတဲ့သူမို့ လေယာဉ်ထွက်ခွာချိန်ထက်နှစ်နာရီစောပြီး ဝင်ရပယ်ဆိုတာကို အလေးထားလိမ့်မယ်။ ဒါကြောင့် စောစောလာခဲ့ပါ ပပခက်က စောပြီး ဝင်သွားရင် တို့တာတွေအားကြိုးမာန်တက်လုပ်လာသမျှ အလကား ဖြစ်သွားမယ်လို့။

တကယ့်နေ့ကျတော့ ကျွန်မတို့က နောက်ကျပြီးရောက်သွားတယ်။ မမခက်ကြောင့် မဟုတ်ဘူး။ ယုယကြောင့်။ ယုယက သူလဲလေယာဉ်ကွင်းကို လိုက်ပို့ချင်တယ်ဆိုလို့။ ဆေးရုံမှာသူက ညလူနာစောင့်လေ။ မနက်ထွက်ရပယ်။ အိမ်ကို မနက်ရောက်ပယ်။ ကျွန်ပတို့နဲ့အတူ ဘတ်စ်ကားစီးပြီး ပပခက်အိမ်ကို သွားကြမယ်။

ဒါပေမဲ့ လူနာစောင့်က ကိုးနာရီခွဲတဲ့အထိ အိမ်ကို ပြန်မလာဘူး။ ဒီတော့ ကျွန်မနဲ့ ဇီဇဝါမှာ နာရီပဲ တစ်ချိန်လုံးကြည့်နေရတာပေါ့။ သူ့ကိုစောင့်ရင်းစောင့်ရင်းက ဘတ်စ်ကားနဲ့သွားလို့မီတဲ့အချိန်က ကျော်ကျော်လာ။ အငှားကားနဲ့မှ မမခက်ဆီကို မီတော့မယ် ဆိုတဲ့အချိန်ရောက်လာ။ နောက်ဆုံး သူပလာရင်လဲ တို့ဟာတို့ သွားတော့





ပယ်လို့ ဆုံးဖြတ်ပြီး အငှားကားငှားဖို့ လပ်းမဘက်အထွက်ကျမှ ယုယ
မောကြီးပန်းကြီးနဲ့ ရောက်လာတာ။ အမေ့အခြေအနေ ပြန်ဆိုးနေလို့
တဲ့။ အင်း ထင်တော့ ထင်သားပါပဲ။
သုံးယောက်သား အငှားကားကို ဈေးသိပ်မဆစ်နိုင်ဘဲ မျက်
စိမှိတ်ငှားလိုက်ပြီး ထွက်လာရတာပေါ့။
ဉာဏ်သာ့ကို သုံးနှစ်တောင်ခွဲခွာရမှာဆိုတဲ့ ဝမ်းနည်းလွမ်း
ဆွတ်တဲ့ အတွေးလဲ ဘယ်ချောင်သွားကပ်နေလဲမသိ။ စိတ်ပူရ မောရ
တာနဲ့ မပခက်ကို ပသွားခင် ဘာတွေပေးမယ်ဆိုတာလဲ အားလုံးမေ့။
မပခက်ဆီရောက်တော့ မမခက်က အောက်ဆင်းပြီးကို မျှော်
နေပြီ။
'ကလေးတွေ နောက်ကျလိုက်ကြတာ။ အခုကြည့်ဝမ်း နာကို
-ဝက်မကတော့ဘူး လွန်နေပြီ။ အပြည်ပြည်ဆိုင်ရာလေယာဉ်က
ချက်ကြီးအင် နှစ်နာရီကြိုရပါတယ်လို့ပြောထားရက်နဲ့'
ကျွန်မတို့ ဒရောသောပါး အငှားကားပေါ်တက်ကြတယ်။
ကားဆရာကလဲ မိုးထဲလေထဲ မောင်းလိုက်တာ ကျွန်မမှာ ရင်တထိတ်
ထိတ်နဲ့ပေါ့။ ကားဘီးလေးဘီးလုံး ကတ္တရာလမ်းနဲ့မထိမိတဲ့ အကြိမ်
တွေ အများကြီးလို့ထင်တယ်။
ကျွန်မတို့ လေယာဉ်ကွင်းရောက်တော့ ဆယ့်နှစ်နာရီထိုးပြီး
နေပြီ။
ခန်းပထဲကို ကျွန်မတို့ဝင်ဖို့ ယုယ အလုပ်ရှုပ်နေတဲ့အချိန်မှာ
အထဲကနေ အရိပ်တစ်ခု ကျွန်မဆီကို လှစ်ခနဲရောက်လာတယ်။ ဘယ်
သူရှိရမလဲ ဉာဏ်သာပေါ့။ အို ဉာဏ်သာတောင် ရောက်နေပြီ
'အေသင် နောက်ကျလိုက်တာ'
ဉာဏ်သာ့ကို မြင်တော့ မမခက်က ကျွန်မဘက်ကို ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်တယ်။ သူ့အကြည့်ကို ကျွန်မ သိပါတယ်။ ထင်တဲ့အတိုင်းပဲ ဆိုတဲ့အဓိပ္ပါယ်နဲ့ ချစ်စနိုးကြည့်တဲ့ မေမေ့အကြည့်ပျိုးပါ။

'ဆရာမ ပေးပေး သား သယ်မယ်'

မမခက် မလိုက်တဲ့လက်ဆွဲအိတ်ကြီးကို ဉာဏ်သာက ဆွဲယူလိုက်တယ်။ မမခက်ကတော့ ဘီးနဲ့တွန်းလို့ရတဲ့ လက်ဂေ့ဂျ် အိတ်ကြီးကို တွန်းယူလာပါတယ်။ ဉာဏ်သာက ရှေ့ကနေ ဝင်နှင့်မလို့နဲ့ မဝင်ဘဲ ကျွန်မကို စောင့်နေတယ်။ ဇီဇဝါကို ဉာဏ်သာနဲ့ မိတ်ဆက်ပေးဖို့ ကျွန်မလှည့်ကြည့်တော့ အနားမှာ ဇီဇဝါမရှိတော့ဘူး။ ယုယ မှတ်ပုံတင်ကျော်လွှာလုပ်တဲ့နေရာမှာ သွားရပ်နေတယ်။

ကျွန်မ ဉာဏ်သာ့ကို မျက်လုံးနဲ့ပဲ မေးခွန်းတစ်ခုမေးလိုက်တယ်။ ဉာဏ်သာက မသိမသာခေါင်းညိတ်ပြတယ်။ ကျွန်မရင်ထဲမှာ လှုပ်ခနဲခုန်သွားပါတယ်။ မမခက်ကို ကြည့်လိုက်တော့ အခန်းထဲကို ဝင်သွားပြီ။ ဉာဏ်သာက ချက်ချင်းလိုက်မဝင်ဘဲ ကျွန်မနဲ့အတူ ရပ်နေတယ်။

ဉာဏ်သာက ခါတိုင်းလိုပဲ ဘောင်းဘီအပွကြီးနဲ့ တီရှပ်နဲ့ လည်ပင်းမှာ ဆွဲကြိုးတောင်ပါလိုက်သေးတယ်။ ဦးထုပ်တော့မတွေ့ဘူး။ ဉာဏ်သာ့မျက်နှာမှာ တစ်ခုခုထူးခြားနေတယ်လို့ ကျွန်မထင်လိုက်တယ်။ မသက်မသာဖြစ်နေတယ်။ အဲဒါဟာ ခွဲခွာခါနီး လွမ်းနေတဲ့မျက်နှာမဟုတ်ပါဘူး။

'ဉာဏ်သာ နင် ဘာဖြစ်နေလဲ'

'အေသင် တို့ကို အထင်လွဲမှာစိုးနေတယ်'

အလေးအနက်မျက်နှာနဲ့ ကျွန်မကို စိုက်ကြည့်ရင်းသူက ပြောတော့ ကျွန်မစိတ်ထဲ ထင့်ခနဲဖြစ်သွားပါတယ်။

'ဘာလဲ ဘာအထင်လွဲမှာလဲ'



အဲဒီအချိန်မှာပဲ ယုယနဲ့ဇီဇဝါ အပြေးအလွှားရောက်လာတယ်။

'ရပြီ ရပြီ သွားစို့'

ကျွန်မတို့လေးယောက် အခန်းထဲကို အလောတကြီး ဝင်လိုက် ရပါတယ်။ လေဆိပ်ငြိမ်ခန်းထဲကို ရောက်ရောက်ချင်း ကျွန်မမြင်လိုက်ရတဲ့ မြင်ကွင်းက အနီရောင်အိတ်ကြီးကို အလယ်မှာထားပြီး မျက်နှာချင်းဆိုင်ရပ်နေတဲ့ မမခက်နဲ့ ဆရာ။

မမခက် စိတ်ဆိုးနေသလား။

မမခက်မျက်နှာက ပြုံးမနေဘူး။ ဒါပေမဲ့ စိတ်ဆိုးဒေါသထွက်နေတဲ့ဟန်လည်း မရှိပါဘူး။ မတုန်မလှုပ်ဟောင်အင်း အဲ့ပုံလဲ မဟုတ်ဘူး။ စိတ်လှုပ်ရှားနေတယ်ထင်တယ်၊ အိတ်ရဲ့လက်ကိုင်ရိုးတံကို ဆွဲထုတ်လိုက် ခလုပ်လေးပိန့်ပြီး ပြန်သွင်းလိုက် ပြန်ဆွဲထုတ်လိုက် လုပ်နေတာ။ မမခက်က ခေါင်းငုံ့မထားဘူး၊ ဒါပေမဲ့ ဆရာ့ကိုလည်း ကြည့်မနေဘူး။ တစ်နေရာရာ သူနဲ့မဆိုင်တဲ့ နေရာဆီကို လှမ်းကြည့် ငေးနေတယ်။ သူ့အာရုံက သူငေးနေတဲ့နေရာမှာ မရှိဘူး။

မမခက်ငေးနေတဲ့နေရာကို ကျွန်မ လှမ်းကြည့် [illegible] ကျွန်မမျက်လုံးတွေ ပြာဝေသွားတော့တယ်။

ဉာဏ်သာ့ကောင်မလေး။ ဆရာက အလုပ်မခန့်ပါဘူးဆိုတဲ့ ကောင်မလေး။ သူ့နာမည် ဘယ်သူပါလိမ့်။ ကျွန်မ သူ့နာမည်ကို ခေါင်းထဲကနေ အပြီးအပိုင်ထုတ်ထားပစ်ခဲ့တာ။

သူက ကျောပိုးအိတ်ပန်းရောင်ကို လွယ်ထားတယ်။ ပန်း[illegible] သေးသေး ရောင်စုံဒီဇိုင်းနဲ့ ဝကတ်ကျပ်ကျပ်လေးကို ဝတ်ထား[illegible] သူ့ကြည့်ရတာ ခရီးသွားမဲ့ပုံပဲ။ ဘုရားရေ သူ ဘယ်ကိုသွား[illegible]မှာလဲ

'အေသင်'

www.burmeseclassic.com



ကျွန်မကို ယုယက တစ်ခုခုလှမ်းပြောတယ်။ ကျွန်မ မကြားပါဘူး။

'အေသင်'

ကျွန်မအနားကို ရောက်လာတဲ့ ဉာဏ်သာ့အသံ။ ဉာဏ်သာ ကျွန်မကို ဘာတွေလာပြောတာလဲ ကျွန်မ မသိပါဘူး။ ကျွန်မ အဲဒီကောင်မလေးကိုပဲ ကြောင်ပြီးငေးကြည့်နေမိတယ်။

သူကလဲ ကျွန်မကို လှမ်းကြည့်နေတယ်။ သူ့ဘေးမှာ သူ့ကို စကားတတွတ်တွတ်ပြောနေတဲ့အဒေါ်ကြီးကို သူက ခေါင်းပဲညိတ်ညိတ်ပြနေပေမဲ့ သူ့အာရုံက အဲဒီစကားတွေဆီမှာမရှိဘူး။

ဒါ တိုက်ဆိုင်တာ မဖြစ်နိုင်ပါဘူး။ လုံးဝမဖြစ်နိုင်ဘူး။

ဆရာနဲ့မမခက်တွေ့ဖြစ်သွားအောင် ကျွန်မတို့ကြံစည်ခဲ့ကြသလိုပဲ အဲဒီကောင်မလေးနဲ့ ကျွန်မ အခုလို တွေ့ပီသွားတာလဲ အကြံအစည်တစ်ခုခုကြောင့်ပါပဲ။ ဘယ်သူ့အကြံအစည်လဲ။

ကျွန်မ ဉာဏ်သာ့ကို ဖြန်းဆို လှည့်ကြည့်လိုက်မိတယ်။

'အေသင် နဒီနဲ့အတူသွားဖြစ်အောင် တို့ ဝိစဉ်တာမဟုတ်ပါဘူး။ နဒီက အမေ့ာ်လိုချင်တယ်ဆိုလို့ တို့အိပ်က စီစဉ်လိုက်တာ။ တို့ကို အထင်မလွဲနဲ့နော် အေသင်'

သူက ယုယတို့ဇီဝါတို့ကြားမှာကို မစိုးရိပ်ဘဲ အသံကိုလည်း တိုးမနေတော့ဘဲ အလောတကြီးပြောချပစ်လိုက်တယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မ သိသွားတာက အဲဒီကောင်မလေးနဲ့ သူနဲ့ လေယာဉ်တစ်စီးတည်း ခရီးအတူသွားကြတော့မယ်။ နောက်ပြီး ကျွန်မ မေးမကြည့်လို့သာကိုး။ တက္ကသိုလ်တောင် တစ်ခုတည်းဖြစ်နေမယ်ထင်ပါတယ်။ ကျွန်မရဲ့ ဘယ်ဘက်ရင်ဘတ်ကရူးရူးရှရှအောင့်ပြီး နာလာလိုက်တာ လက်နဲ့ မသိမသာဖိထားလိုက်ရတယ်။





'ယုယ နင့်ကို ပမသိဂ်ါက စကောလားရှစ်လျှောက်ပေးမယ်ဆိုရင် နင်လဲ သွားရမှာပဲပေါ့နော်'

ဇီဝါရဲ့ ခပ်တိုးတိုးအသံ။

ယုယပြန်ပြောသံ မကြားရပါဘူး။

ယုယကို အကဲခတ်ဖို့ လှည့်ကြည့်လိုက်တဲ့အခါ ကျွန်မရင်ထဲမှာ ဒိတ်ခနဲ မလုံမလဲ ခုန်သွားတယ်။ ယုယက ကျွန်မကို ငေးကြည့်နေတာမို့ ကျွန်မဖြစ်ပုံတွေကို အကုန်သိသွားပြီ။ ယုယနဲ့ ကျွန်မ ခဏလေးပဲ မျက်လုံးချင်းဆုံ လိုက်တာ။ ကျွန်မ ချက်ချင်း မျက်လုံးလွှဲပစ်လိုက်လို့ပါ။ ဒါပေမဲ့ ယုယရဲ့မျက်လုံးတွေက ကျွန်မ ရင်ထဲမှာ ထင်ထင်ရှားရှားပုံရိပ်တွေအဖြစ် ကျန်နေခဲ့တယ်။ အဲဒါ ဘာအဓိပ္ပါယ်နဲ့မျက်လုံးတွေပါလိမ့်။

သနားကရုဏာလား။ မဟုတ်ဘူး။ အဲဒါထက်ပိုတဲ့လေးလံမှုတစ်ခုပါပါတယ်။ ဘာလဲ။

'အေသင် အေသင် တို့ကိုအထင်မလွဲပါနဲ့။ တို့ ဘယ်လိုမှ တားဖို့ မတတ်နိုင်လိုက်လို့ ဖြစ်သွားတာ'

အဲဒီနောက် ဉာဏ်သာ့အဖွဲ့ကောင်လေးနှစ်ယောက် ဉာဏ်သာ့ကို ပခုံးလာဖက်တယ်။

'ယုယ မင်း အဖေ သက်သာလား'

'အော် အေး မနေ့ကအထိ သက်သာနေတာကွ။ ဒီကနေ့ ဘာဖြစ်လဲမသိဘူး။ နဲနဲပြန်ဆိုးလာတယ်လို့ ဆရာဝန်တွေက ပြောတယ်'

'ဟုတ်လား။ ညနေကျရင် ငါတို့ လာခဲ့မယ်ကွာ'

'ဟာ အေး ကျေးဇူးပါပဲသူငယ်ချင်းရာ'

တီတိုးက ကျွန်မကိုပြုံးပြပြီးတော့ ဉာဏ်သာ့ကို ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဉာဏ်သာက နေဦးကွ ဒီမှာ ပြေရှင်းလို့မပြီးသေးဘူး ပြောရင်း ပြောရင်း ကန့်လန့်ကန့်လန့်ပါသွားတယ်။ ဉာဏ်သာပါသွားတဲ့နေရာကို ကျွန်မလိုက်ကြည့်နေတဲ့အချိန်မှာ မျက်လုံးဒေါင့်ကနေ ဟိုကောင်မလေး အဲဒီနေရာကို လိုက်သွားနေတာ မြင်နေရတယ်။

ကျွန်မ ချက်ချင်းပဲ မျက်စိလွှဲပစ်လိုက်ပါတယ်။

အခုအချိန်မှာ ကျွန်မ ခံစားလိုက်ရတာက အာကာသထဲကို လွင့်ထွက်ကျသွားသလိုမျိုး လစ်ဟာတဲ့အခြေအနေတစ်ခု။

ကျွန်မ လွင့်သွားပြီ။

ကျွန်မ လွင့်ကျသွားပါပြီ။

'အေသင် လာ။ တို့ ဆရာမကို သွားနှုတ်ဆက်ကြရအောင် ဆရာမ အထဲဝင်တော့မယ်'

ယုယက ပြောတော့မှ ကျွန်မ မမခက်တို့ဆီကို လိုက်သွားရပါတယ်။ ကျွန်မတို့ရောက်လာတော့လဲ ဆရာက ဘေးကိုဖယ်မပေးပါဘူး။ သူ့နေရာမှာပဲ ပတ်တတ်ရပ်နေတုန်း။ ကျွန်မကို ပြုံးကြည့်နေတဲ့ ဆရာ့မျက်လုံးတွေမှာ ဟိုတုန်းကလို နာကျင်နင့်သည်းတဲ့ ဒဏ်ရာတွေ ရှိနေတုန်းလား။ ကျွန်မ မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ဘာကိုမှ စိတ်မဝင်စားနိုင် ဘာကိုမှ အကဲခတ်ချင်စိတ်မရှိတော့လို့ပါ။

တကယ်တော့ ကျွန်မဟာ တစ်ယောက်တည်းပါလား လို့ အခုမှ တွေးမိသွားတာပါ။

'ကလေးတွေ တများများဖတ်ကြနော်'

မမခက်က အဲဒီတစ်ခွန်းပဲ မှာပါတယ်။

'ဆရာမ အေသင့်ဆီမှာထားခဲ့တဲ့စာအုပ်တွေ ကျွန်တော်တို့ ယူဖတ်လို့ရလားဟင်'

'အို ရတာပေါ့ ယုယရယ်။ စည်းကမ်းရှိရှိဖတ်။ စည်းကမ်း





ရှိရှိပြန်အပ် ဟုတ်လား။ တခြားဖတ်ချင်တဲ့စာအုပ်ရှိရင် ဆရာမကို စာရေးမှာ ဆရာမ ပို့ပေးမယ်'

အဲဒီနောက် မမခက်က သူ့ကျောပိုးအိတ်လေးကို နေရာပြင်လွယ်လိုက်တယ်။ ပြီးတော့ ကျွန်မကို လှည့်ကြည့်တယ်။ ပြီးတော့ ကျွန်မဆံပင်တွေကို သပ်ဖယ်ပေးရင်း ပြုံးပါတယ်။

'အေသင် သတ္တိရှိပါနော်'

ကျွန်မလေ မျက်ရည်က ချက်ချင်းကို ဝဲပြီး မျက်လုံးထဲမှာ ပြည့်လျှံလာလို့ မမခက်ရဲ့မျက်နှာဟာ မြင်ကွင်းမှာ ဝါးသွားတဲ့အထိပါပဲ။

ဟုတ်ကဲ့ လို့ အသံတိမ်တိမ်နဲ့ ကတိပေးပြီးတဲ့နောက်ကျမှ မမခက် ငါ့ကို ဘာဖြစ်လို့ သတ္တိရှိနိုင်းတာလဲ လို့ အစိပ္ပါယ်ဝဉ်းစားပိသွားတယ်။ ဉာဏ်သာနဲ့နဒီကြောင့်လား၊ ဒါမှမဟုတ် အလုပ်ပြန်မရသေးလို့လား။ ဒါမှမဟုတ် သာမန်ပိန်းမတစ်ယောက်လို မပျော့ညံ့စေချင်လို့လား။

မမခက်ဟာ ကျွန်မကို အားလုံးထဲမှာ အစိုးရိပ်ဆုံး စေတနာအထားဆုံးလို့ ကျွန်မ တွေးမိသွားတယ်။ အဲဒီအချိန်မှာပဲ ကျွန်မ ငါ် ယောက်တည်းမဟုတ်တော့ဘူးလို့ ခံစားလိုက်ရပါတယ်။ မမခက်နဲ့ ကျွန်မ မိုင်တွေအများကြီးဝေးနေမယ်။ ဒါပေမဲ့ မဝေးပါဘူး။ ကျွန်မ ပြုံးလိုက်တယ်။

'သမီးမှာ သတ္တိရှိပါတယ်ဆရာမ။ စိတ်ချပါ'

မမခက်အပြုံးဟာ သိပ်တောက်ပတာပဲ။ အနာဂတ်တစ်ခုလုံးကို ပိုင်ထားတဲ့လူတစ်ယောက်ရဲ့ အပြုံးလား လို့ ကျွန်မ တွေးမိတယ်။ ကျွန်မလဲ အဲဒီလို တောက်ပတဲ့အပြုံးမျိုး ပြုံးနိုင်ချင်လိုက်တယ်။

'ကဲ အားလုံးပဲ သွားမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအားလုံးထဲမှာ ကျွန်မပါတယ်။ ယုယနဲ့ဇီဇဝါပါတယ်။ ဆရာကိုဟန်သာလဲ ပါမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မမခက် ငေးငေး ကြည့်လိုက်တဲ့ မျက်လုံးဟာ ဆရာ့ဆီမှာ နောက်ဆုံးခပ်ကြာကြာ နား သွားလို့။

'ကျန်းမာရေးဂရုစိုက်ပါ စိမ်း'

မမခက်က ခေါင်းတစ်ချက်ညိတ်ပြီး အိတ်တွေတွန်းလို့ အထဲ ကို တန်းဝင်သွားတော့တယ်။ ကျွန်မတို့ကို ပြန်တောင်လှည့်မကြည့် တော့ပါဘူး။

'အေသင် ဘို့အတွက် အမှတ်တရလက်ဆောင်တစ်ခုခု ပေး လိုက်ပါလားဟင်'

ကျွန်မအနားကို ဘယ်တုန်းက ပြန်ရောက်လာမှန်းမသိတဲ့ ဉာဏ်သာကပြောတော့ ကျွန်မ စိတ်ရှုပ်ရှုပ်နဲ့ ရယ်ပစ်လိုက်တယ်။

'ငါ့မှာ နင့်ကို ပေးစရာဘာမှမရှိဘူး'

'အခု နင့်မှာပါတာပဲပေး'

'ဘာ'

'ဉာဏ်သာ ရွတ်မလုပ်နဲ့'

ဆရာက ပြောပြီး ဉာဏ်သာ့ပခုံးကို ပုတ်တယ်။

'ကိုကိုကလဲ ရွတ်လုပ်တာမဟုတ်ပါဘူး။ ဉာဏ်သာက တောင်းတောင်းပန်ပန်တောင်းတာပါ။ တစ်ခုခု လုပ်ပါဟာ မြန်မြန်'

ကျွန်မ ဘာပေးရပါ့မလဲလို့ ဝဲ့းတားကြည့်တယ်။ ကျွန်မမှာ ဘာပါပါလိမ့်။ ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိတယ်လေ။ နားဆွဲလေး၊ ခေါင်း စည်းကြိုးလေး၊ ကျောပိုးအိတ်က ချိတ်ကွင်းလေး။ သူ ဘာလိုချင်မှန်း လည်းမသိ။

'ခက်တာပဲဟာ'





'ဉာဏ်သာ အထဲဝင်ဖို့လုပ်တော့'

'အေသင် ပလီးစ်စ်စ်စ်'

ကျွန်မလည်း သိပ်စဉ်းစားမနေတော့ဘဲ နားမှာဆွဲထားတဲ့ ဖန်စီနားဆွဲလေးတစ်ဘက်ကို ဖြုတ်ပြီးပေးလိုက်တယ်။

'ရော့ အဲဒါ ယူသွား'

'ဟား ဂွတ်ဒ်'

ကျွန်မ နားဆွဲလေးက ဒေါက်မြင့်ဖိနပ်ပုံ၊ ဖန်လား ကျောက် လားမသိ။ ခရမ်းနုရောင်သေးသေးလေးပါ။ ဝင်ဒရဲလားဖိနပ်လို့ ကျွန်မ နာမည်ပေးထားတယ်။ ကျွန်မညာဘက်က နားဆွဲကို ဖြုတ်ပေးလိုက် တာမို့ ကျွန်မမှာ ဘယ်ဘက်နားဆွဲတစ်ဘက်ပဲ ကျန်တော့တယ်။

'ဒီနားဆွဲလေးကို တို့အလွမ်းပြေသိမ်းထားပြီး ခဏခဏ ထုတ်ကြည့်နေမယ်နော်'

ဟင်။ စကားပြောတာကလည်း ကျယ်လိုက်တာ။ သူများ တွေ ကြားကုန်တော့မှာပဲ။ ကျွန်မ အယောင်ယောင်အမှားမှားနဲ့ ခေါင်း ပဲ ညိတ်ပစ်လိုက်မိတယ်။ သူက နားဆွဲလေးကို သူ့နှာခေါင်းမှာ အ ပေါက်မရှိဘဲနဲ့ တပ်တော့မလိုလို ကပ်ကြည့်နေတယ်။ ပြီးတော့မှ ဘောင်းဘီအိတ်ထဲကို ထည့်လိုက်ပါတယ်။

'ဟိုရောက်ရင် တို့ ဒီနားဆွဲလေးကိုဆွဲမယ်'

အို ဟုတ်ပါ့ရဲ့ သူ့မှာ နားပေါက်တစ်ဘက်နဲ့ နားကွင်း တစ်ဘက်ရှိနေတာကို။

'လူရယ်စရာ ဖြစ်ချင်ဖြစ် တို့ဂရုမစိုက်ဘူး'

အဲဒီစကားကိုပြောလိုက်တဲ့ဉာဏ်သာ့အနားကို နဒီရောက် လာတော့ ကျွန်မ ခါးခါးသီးသီး ပြုံးလိုက်မိတယ်။

'ဉာဏ်သာ ဝင်ကြမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အေသင် တရေးပါနော်'

ကျွန်မ ခေါင်းပညိတ်ချင်ဘူး။ ဒါကြောင့် ပြုံးပဲ ပြုံးနေလိုက်တယ်။

'အေသင် အီးပေးလ် တစ်ပတ်တစ်ခါတော့ကြည့်ပါနော်'

အဲဒါကိုလည်း ကျွန်မ ကတိမပေးလိုက်ပါဘူး။ ပြုံးရုံပဲပြုံးပြလိုက်ပါတယ်။

နဒီက ကျွန်မကို ခပ်စိုက်စိုက်တစ်ချက်ကြည့်တယ်။ မရယ်ပပြုံး။ ကျွန်မကလဲ နဒီကို တစ်ချက်ပြန်ကြည့်ပေးလိုက်တယ်။ မရယ်မပြုံးပေါ့။ ဒါပေမဲ့ ကျွန်မတို့အချင်းချင်းတော့ ဘာအဓိပ္ပါယ်တွေလဲဆိုတာ သိလိုက်ကြပါတယ်။

အဲဒီနောက်တော့ နဒီနဲ့အတူ ဥာဏ်သာ ဝင်လိုက်သွားပါတယ်။

ကျွန်မ အကြာကြီးရပ်နေခဲ့တယ်။

ဘယ်လောက်ကြာလဲဆိုတော့ ယုယနဲ့ဇီဇဝါလာခေါ်တဲ့အထိပေါ့။

'အေသင် သွားစို့'

'ငါနေခဲ့ဦးမယ်'

'ဘာ'

ယုယ ကျွန်မကို နားမလည်သလိုကြည့်တယ်။ ဟုတ်တယ်။ ကျွန်မလဲ ကိုယ့်ဟာကိုယ် နားမလည်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဘယ်သူနဲ့မှ စကားမပြောချင်ဘူးလေ။ တစ်ယောက်တည်းနေချင်တယ်။

'နင်နေချင်သေးရင် ငါတို့ပါ နေမှာပေါ့။ ဘာလဲ မှန်တံခါးနောက်ကနေ ကြည့်ချင်တာလား'

ယုယက လှုပ်ခတ်တဲ့အသံနဲ့ မေးတယ်။



BURMESE CLASSIC .com



'နင်တို့သွားနှင့် ငါ တစ်ယောက်တည်းကျန်ခဲ့မယ်'

ကျွန်မ ပေကပ်ကပ်နဲ့ပြောလိုက်တယ်။

'ဟာ နင်ကလဲ။ ဘာနဲ့ပြန်မှာလဲ နင်တစ်ယောက်တည်း ဘယ်လိုလုပ်ပြန်မှာလဲ'

ဆရာက ကျွန်မတို့အလုပ်ရှုပ်နေရာကို ရောက်လာတယ်။

'အေသင် ညည်းတို့ ငါ့ကားနဲ့လိုက်ခဲ့လေ။ ဘယ်ပြန်မှာလဲ။ ငါလိုက်ပို့ပေးမယ်'

'ရတယ်ဆရာ ကျွန်မ ခဏနေခဲ့ဦးမယ်'

'အပေါ်ထပ်တားသောက်ခန်းကို သွားထိုင်ချင်လား။ ဒါဖြင့်လာ'

'မဟုတ်ဘူးဆရာ။ သမီးတစ်ယောက်တည်း ကျန်ခဲ့ချင်တာ'

ဆရာက ကျွန်မကို ငေးစိုက်ပြီးကြည့်တယ်။ ကျွန်မလဲ ခေါင်းမာမာနဲ့ ပြန်ကြည့်ပစ်လိုက်တယ်။ မမခက်က သတ္တိရှိပါတဲ့။

ဟုတ်တယ်။ ကျွန်မ သတ္တိရှိမှဖြစ်မယ်။

'ဘယ်သူနဲ့ပြန်မလဲ'

'သမီး အဖော်မလိုပါဘူး'

သူ တစ်ချက်သက်ပြင်းချတယ်။

'ကဲ ဒါဖြင့်လည်း သွားမယ်'

'ဟုတ်'

ဆရာကပဲ ယုယတို့ကို ခေါ်သွားတယ်။ ယုယက ငှတ် ကျန်ခဲ့ချင်နေတယ်။ ဒါပေမဲ့ ဆရာက ယုယကို ပခုံးဖက် ခေါ်သွားတယ်။ ဇီဇဝါကလဲ ကျွန်မကို လှည့်ကြည့်လှည့်ကြည့်နဲ့ ပါသွားတယ်။ ကျွန်မ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မကိုယ်တိုင်မသိပေမဲ့ ဆရာက သိနေသလိုပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတာ့စ်ယောက်တည်း တခြားလူစိမ်းတွေအလယ်မှာ မတ်တတ်ရပ်ပြီး ကျန်ရစ်ခဲ့တယ်။ ကျွန်မ ညာဘက်နားကို စမ်းကြည့်မိတယ်။ နားဆွဲမရှိတော့တဲ့နေရာက အပေါက်လေးကိုပေါ့။ အပေါက်ရှိနေမှန်းသိသူကရှိလေးပါ။

အဲဒီနောက်မှာတော့ ကျွန်မ အပေါ်ထပ်က စားသောက်ဆိုင်ကို တက်သွားလိုက်တယ်။ ကော်ဖီတစ်ခွက်မှာလိုက်ပါတယ်။ အချိန်အကြာကြီးဆွဲသောက်ဖို့ပါ။

မှန်နံရံကြီးရဲ့ကပ်လျက်စားပွဲက မိသားစုတစ်စု ထိုင်နေတယ်။ ဒါပေမဲ့ အဲဒီမှာ ခုံတစ်ခုံလွတ်နေလို့ ကျွန်မခွင့်တောင်းပြီးထိုင်လိုက်ပါတယ်။

တော်ပါသေးရဲ့ ကျွန်မ ကျောပိုးအိတ်ထဲမှာ တကြည့်တိုက်က ငှားလာတဲ့တာအုပ်နှစ်အုပ်ပါနေလို့။ လေတံခွန်(Kite) ဆိုတဲ့တာအုပ်ရယ်၊ အချစ်ကဗျာများဆိုတဲ့ တာအုပ်ရယ်။ ကျွန်မ ဘာဖြစ်လို့များ အချစ်ကဗျာတာအုပ်ကို ငှားလာခဲ့ မိပါလိမ့်နော်။ ကျွန်မ လေတံခွန်တာအုပ်ကို ထုတ်ယူလိုက်ပါတယ်။

ကော်ဖီကို မျှင်းမျှင်းလေးသောက်ရင်း တာအုပ်ကို ဖတ်ရင်း ကျွန်မ လေယာဉ်ပျံချိန်ကို စောင့်ကြည့်နေမိတယ်။

Wrightsညီအစ်ကိုဟာ လေယာဉ်ပျံကိုတီထွင်ဖို့အတွက် လေတံခွန်တွေနဲ့ စမ်းသပ်လေ့လာခဲ့တာဆိုပါလား။

တမျက်နှာဆယ်ခုလောက်ပြီးအောင်ကြာတော့ ကျွန်မဘေးက မိသားစု လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ သူတို့ မှန်နံရံဆီကို သွားကြတယ်။ အဲဒီတော့မှ ကျွန်မလှမ်းကြည့်တော့ ကားကြီးတွေ လေယာဉ်ဆီ သွားနေတာကို မြင်ရတယ်။ လေယာဉ်က ဘယ်နားမှာလဲ။ အော်တွေ့ပြီ။ အပြာရောင်နဲ့ အုန်းပင်ပုံတွေလား ဘာလား အရောင်စုံနေတဲ့



ဒီဇိုင်းနဲ့လေယာဉ်။ အဲဒါ သူတို့သွားရမယ့် လေယာဉ်ဖြစ်မယ်။ ကားကြီးနှစ်စင်း အဲဒီနားမှာ ရှေ့ဆင့်နောက်ဆင့် ရပ်သွားတော့ ဆင်းလာတဲ့ လူအုပ်ကို သတိထားကြည့်လိုက်တယ်။

မမခက်။

မမခက်ကို ထင်းခနဲမြင်ရတယ်။ မမခက်လမ်းလျှောက်ပုံက ဘယ်သူ့ကိုမှ အလေးမထားမိဘဲ ကိုယ့်အာရုံနဲ့ကိုယ် ရှုးရှုးဝိုက်ဝိုက်ရှိနေတဲ့ဟန်ပါ။ မမခက်လေယာဉ်လှေခါးပေါ်ကို ခပ်မတ်မတ်တက်သွားတယ်။

မမခက်ရေ တာ့တာ လို့ ကျွန်မ အသံမထွက်ဘဲတိုးတိုးလေးနှုတ်ဆက်လိုက်တယ်။

ရှေ့မှာ လှေခါးပေါင်းများစွာဟာ မမခက်အတွက် အဆင်သင့် ရှိနေမှာပါ။

ဟောဟိုမှာ ဉာဏ်သာမဟုတ်လား။ ကျောပိုးအိတ်ကို ရမ်းပြီး လျှောက်သွားနေတာ။ သူ့ခြေလှမ်းတွေ သွက်လက်နေလား။ နေးကွေးနေသလား။ ပုံမှန်ပဲနဲ့တူပါရဲ့။ သူ့ဘေးနားမှာ ကပ်ကပ်လေး လိုက်သွားတာက နဒီပေါ့။

ကျွန်မ မနာကျင်တော့ပါဘူး။

တစ်နေ့ကျရင် ကျွန်မလဲ သူတို့လိုပဲ အဲဒီလှေခါးကို တက်ရမှာ။ အဲဒီလေယာဉ်မျိုးနဲ့ ဘာ့ကသိုလ်တစ်ခုခုကို တက်ဖို့ ပျံသန်းသွားရမှာ။ အဲဒီအခါ ကျွန်မဘေးနားမှာ ဘယ်သူမှပါဝရာမလိုဘူး။ မမခက်လိုပဲ ခြေလှမ်းတည်တည်ငြိမ်ငြိမ်နဲ့ တက်သွားမှာပေါ့။

ဉာဏ်သာ အောက်ဆုံးလှေခါးထစ်ကို တက်ရင်း ခဏရပ်သွားတယ်။ ပြီးတော့ ဒီဘက်အဆောက်အဦရှိရာကို လှမ်းကြည့်တယ်။ ပြီးတော့ လက်ပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးလွန်းတာမို့ သူ့မျက်လုံးတွေကိုတော့ ကျွန်မ သဲသဲကွဲကွဲ မမြင်နိုင်ပါဘူး။ ဒါပေမဲ့ ကျွန်မရှိရာ အပေါ်ထပ်ကို လှမ်းကြည့်နေသလိုပဲ။ ကျွန်မ ဒီမှာရှိနေမယ်လို့ သူလဲ မသိဘဲနဲ့။

ညာဘက်နားရဲ့ အောက်ခြေက ဟာလာဟင်းလင်း ကျန်ရစ်တဲ့ အပေါက်ရာလေးကိုလက်နဲ့စမ်းရင်း ကျွန်မ မျက်နှာလွှဲလိုက်တယ်။ တအုပ်ကိုပဲ ငုံ့ကြည့်နေလိုက်တယ်။ တမျက်နှာပေါ်မှာ စက္ကူလေတံခွန်နဲ့ အတူ အတောင်ပံမျိုးစုံ ခဲခြစ်ပန်းချီနဲ့ရေးထားတာကို မြင်နေရတယ်။ ငှက်မွေးလေးတစ်ခု၊ သစ်စေ့လေးရဲ့အတောင်ပံလေးနှစ်ခု၊ လေယာဉ် အတောင်ပံတစ်ခု။

ကျွန်မမှာလဲ အတောင်ပံတွေပါတာပဲ။ မမြင်နိုင်တဲ့တောင်ပံ တွေပေါ့။

မနက်ဖြန်မှာ ကျွန်မ ပျံသန်းနိုင်လိမ့်မယ်။

ပြီး

www.burmeseclassic.com